www.burmeseclassic.com

# မိုးနိုလွင်

## ကိုယ့်နှလုံးသားကိုမုန်းသူများ

BURMESE CLASSIC .com



design hon soe

www.burmeseclassic.com

www.burmeseclassic.com

အင်ပါယာ စာပေ

EMPIRE PUBLISHING CENTER

# အင်ပါယာ
စာပေ

■ တိုက် ၂၁၊ အခန်း ၁၁
စီပွားကူးသန်းဝန်ထမ်းအိမ်ယာ
ဦးဝိစာရလမ်း၊ မြောက်ဒဂုံ။
ဖုန်း - ၃၂၆၂၃၃
P.O. Box -234

■ တိုက် ၉၊ တတိယထပ် (ဝဲ)
ယုဇနလမ်း၊ စစ်တောင်းရိပ်မွန်
ယုဇနဥယျာဉ်မြို့တော်။
ဖုန်း - ၅၉၃၂၆၅
E-mail: empire<mtk@mptmail.ne


ထုတ်ဝေသူ
ဦးနိုင်မျိုးထွန်း (အင်ပါယာစာပေ)
တိုက် ၂၁၊ အခန်း ၁၁
စီပွားကူးသန်းဝန်ထမ်းအိမ်ယာ
ဦးဝိစာရလမ်း၊ မြောက်ဒဂုံ။

ပုံနှိပ်သူ
ဦးမောင်မောင်လွင် (ကဝိရတနာအော့(ဖ်)ဆက်)
၂၀၄၊ လမ်း ၃၀၊ ရန်ကုန်။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com




စာမူခွင့်ပြုချက် - ၇၈/၂၀၀၃ (၁)
မျက်နှာဖုံးခွင့်ပြုချက် - ၆၈၈/၂၀၀၃ (၆)
ထုတ်ဝေခြင်း - ပထမအကြိမ်၊ ၂၀၀၃၊
အုပ်ရေ ၊ တန်ဘိုး - ၅၀၀ ၊ ၁၀၀ ကျပ်


## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

စည်းကမ်းလိုက်နာ ဘေးကင်းကွာ
စည်းကမ်းရှိမှ တိုးတက်မည်။
စည်းကမ်းကိုက်ညီ ဘေးကင်းသည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသောတာဝန်ဖြစ်သည်။

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

www.burmeseclassic.com

www.burmeseclassic.com

**နိုင်ငံရေးဦးတည်ချက် (၄) ရပ်**

- နိုင်ငံတည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

**စီးပွားရေးဦးတည်ချက် (၄) ရပ်**

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစံနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

**လူမှုရေးဦးတည်ချက် (၄) ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။

BURMESE CLASSIC .com

# ကိုယ့်နှလုံးသားကိုမုန်းသူများ

## မိုးနိုလွင်

www.burmeseclassic.com

www.burmeseclassic.com

- အစတုန်းကတော့ ...
- သူတို့လေးယောက်စလုံးရဲ့ နှလုံးသားမှာ ...
- ချစ်ခြင်းတရားတွေ အပြည့်နဲ့ပေါ့ ...

BURMESE CLASSIC .com

## ရှင်နှောင်း

အဖြစ်အပျက်တစ်ခုလုံးသည် ကျွန်မ၏ မှားယွင်းမှုကြောင့် သက်သက်သာ စတင်ခဲ့သည်ဟု လူအများက ပြောကြသည်။ ...ဤသို့ဆိုလျှင် ထိုမှားယွင်းမှုအတွက် အပြစ်ဒဏ်ကို ကျွန်မ ကျေနပ်စွာ တစ်ယောက်တည်း ရင်ဆိုင်ခံယူပါရစေ။ ဘာကြောင့်များ အခြားသော လူသားသုံးဦး၏နှလုံးသားများကိုပါ လောကကြီးက အပြစ်ဒဏ် ချမှတ်ခဲ့ရပါသလဲ ...။ နောက်ဆုံးတော့ ကျွန်မတို့အားလုံး ရှုံးနိမ့်ကုန်ကြပြီ ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

## ဂျေဝ

'အချစ်' ဆိုသော စကားလုံးလှလှလေးတစ်ခုကို အသုံးပြုပြီး မိန်းမနှစ်ယောက်က ကျွန်ုပ်ကော့်ရဲ့ ဖြစ်တည်မှုကို လုံးဝဥဿုံ ပျက်စီးသွားအောင် ဖျက်ဆီးချေမှုန်းခဲ့ပါသည်။ တစ်ယောက်က ကျွန်တော့်ဘဝကို သတ်သွားခြင်းဖြစ်ပြီး နောက်တစ်ယောက်ကတော့ ကျွန်တော့်နှလုံးသားကို … သတ်သွားခြင်း ဖြစ်လေသည်။ အချစ်ဆိုတာ ထိုမှုလောက် ကြောက်စရာကောင်းမှန်း ကျွန်တော် ဘယ်တုန်းကမှ မသိခဲ့ပါ …။

## ဉသြ

ယောကျ်ားတစ်ယောက်ကို ချစ်မြတ်နိုးရသည့်ကိစ္စ ဆိုသည်မှာ စစ်ပွဲတစ်ခုကို မနိုင် …နိုင်အောင် တိုက်ယူရခြင်းနှင့် တူညီသည်ဟု ကျွန်မ ယူဆထားသည်။ … အဲဒီယောကျ်ားဆီက လက်နက်ချ အရှုံးပေးမှုကို ရအောင် လုပ်ချင်လုပ်၊ ဒါမှမဟုတ်ရင် အဲဒီယောကျ်ား၏ နှလုံးသားမရှိသော အသက်မဲ့ခန္ဓာကိုယ်တစ်ခုကို ရအောင် လုပ်ချင်လုပ် …ဒါပဲ ဖြစ်သည်။ အဓိက,ကတော့ ကျွန်မတို့ ချစ်မြတ်နိုးသော ယောကျ်ားတစ်ဦးထံက တစ်ခုခုကို ကျွန်မတို့… ပြန်လည်ရရှိမှ ဖြစ်မည် …။

www.burmeseclassic.com

www.burmeseclassic.com

## မွန်မြတ်

မိန်းမများ၏ဘဝမှာ ယောက်ျားတစ်ယောက်၏အချစ်ကို အမြဲတမ်း အလိုရှိနေသည်မဟုတ်ပေ။ အထူးသဖြင့် ကိုယ်မှန်သည်ထင်ရာကို ဇွတ်တိုးလုပ်တတ်သည့် အတ္တကို ရှေ့တန်းတင်တတ်သော မိန်းမများ၏ဘဝမှာ ပို၍ပင် မလိုအပ်တာ သေချာသည်။ ယောက်ျားတစ်ယောက်ရဲ့အချစ်ကို အရေးတကြီး လိုအပ်လာသောအချိန်မှာ မိန်းမများထံတွင် တစ်ချိန်သာရှိသည်။ လောကကြီးထံမှ သူတို့ရှုံးနိမ့်သွားခဲ့သမျှ အစားထိုးလိုချင်လာသည့်အရာမှာ ယောက်ျားတစ်ဦးဆီက ချစ်ခင်မြတ်နိုးမှုသာ ဖြစ်လေသည်။ ထို့ကြောင့် …ကျွန်တော်သည် သူမ၊ ရှုံးနိမ့်သည်အထိ စိတ်ရှည်လက်ရှည် စောင့်ဆိုင်းသူတစ်ဦး ဖြစ်လာခဲ့သည်။

# အမုန်းရော နှိဒါန်း

www.burmeseclassic.com

www.burmeseclassic.com

''အချစ်ဆိုတာ ...ငါးမျှားချိတ်မှာ တပ်ထားတဲ့ ငါးစာနဲ့ တူတယ်။ မသေခင်မှာ နောက်ဆုံး ... စားသွားရတဲ့ ... အစာတစ်ခုပေါ့''

# တစ်

အဖြူရောင် ဂျူတီကုတ်လေးကို သေသေချာချာတောင် ခေါက်သိမ်းမနေနိုင်ဘဲ လက်ထဲမှာ လုံးထွေးကိုင်ရင်း ခြင်းတောင်းထဲသို့ ထမင်းဘူး၊ ရေပုလင်းတွေ ပြန်စုထည့်နေရသည်။

ညတာဝန်ကျခဲ့တဲ့ တစ်ညလုံး အိပ်စက်ခြင်း ကင်းမဲ့ခဲ့တဲ့ မျက်ဝန်းတွေက ကျိန်းစပ်မှေးအိပ်ချင်နေပြီ။ အိပ်ငိုက်လို့ကလည်း မဖြစ် သေး။ သူမ, တာဝန်ကျရာ ရန်ကုန်ဆေးရုံကြီးကနေ သူမ,ရဲ့ နေအိမ် အထိ ကားကို ကိုယ်တိုင်မောင်းပြီး ပြန်ရဦးမှာလေ ...။

မိန်းမသားတန်မဲ့နှင့် သူမရဲ့ဘဝသည် သူမ, ရဲ့ ခြေထောက်အပေါ်သာ အမြဲရပ်တည် အားကိုးနေရတဲ့ ... ဘဝ။

သူမ, အတွက် ဆေးရုံကို အကြိုအပို့လုပ်ပေးမည့် ဒရိုင်ဗာ အိမ်မှာ သတ်သတ်မရှိ။ သူမ,ကားကို သူမ,ကိုယ်တိုင် မောင်းရသည်။ ဘယ်လိုအချိန်မျိုးမှာမဆို သူမ,ရဲ့ကိစ္စများအတွက် သူမ တစ်ဦးတည်းသာ လှုပ်ရှားသွားလာရပါသည်။

ရင်ထဲကနေ တစစ်စစ် နာကျင်ကိုက်ခဲမှုနှင့်အတူ သူမ, တစ်ခုခုကို သတိရ တမ်းတ, မိသွားပြန်သည်။ ခေါင်းကို ဆတ်ခနဲခါပြီး အတွေးစ, ကို မောင်းထုတ်လိုက်မိပြန်သည်။

ယခုမှ နေ့တာဝန် စ, ဝင်လာသော သူငယ်ချင်းဖြစ်သူ 'ရှိုလာ' က ဆေးပုလင်းတစ်လုံးထဲက ဆေးကို ဆေးထိုးပိုက်နှင့် စုပ်

www.burmeseclassic.com

www.burmeseclassic.com



ထုတ်နေရင်းက သူမ, ပစ္စည်းသိမ်းနေရာဘက်သို့ အကဲခတ်သလို လှမ်းငုံ့ကြည့်သည်။

"နှောင်း . . . ရှင် . . . ညက မအိပ်လိုက်ရဘူးထင်တယ်၊ မျက်နှာလေးကို . . . ချောင်နေတာပဲ"

ကရုဏာသံပါသော မေးခွန်းမို့ သူမ, အားနာနာနဲ့ ပြန်တော့ ပြုံးပြလိုက်မိသေးသည်။

ပြီးတော့ ရှီလာဆိုတာက သူမ, ရဲ့ ငယ်ပေါင်းကြီးဖော် အချစ်ဆုံး . . . သူငယ်ချင်း။ သူမရဲ့အကြောင်းကို အစ, မှအဆုံး နားလည်သိရှိထားသည်။ ယခုအချိန်မှာလည်း အိပ်ရေးပျက်တာထက်ပို၍ သူမ, စိတ်တွေ ပိုပန်းနွမ်းလျနေတာကို ရှီလာတစ်ယောက် ရိပ်မိနေခဲ့ပါပြီ။

"ညတုန်းက အေပလပ်စတစ် ( Aplastic ) လူနာလေးက တော်တော်အမော ဖောက်တယ် . . . ရှီရယ်၊ ဘလပ်ဒ်ဆက် (Blood set) ကလည်း ခဏခဏ ကလော့တ်( clot ) တယ်၊ ပြီးတော့လည်း မရပါဘူးကွာ၊ လူနာက အိပ်ခ်စ် (Ex ...) သွားတယ်"

"ဩော် . . ."

ရှီလာက ဆေးထိုးအပ်နှင့် ဆေးပုလင်းလေးကို ကိုင်ရင်း ကြင်နာယုယ, စွာ သူမ, အနား လာရပ်သည်။ အေးစက်ခြောက်သွေ့နေသော သူမ, လက်ချောင်းလေးတွေကို လက်ထစ်ဖက်နှင့် လာရောက်ဆုပ်ကိုင်နေသည်။

"သိပ်ပင်ပန်းနေရင် ခွင့်လေးဘာလေး ယူလိုက်ပါလား . . . နှောင်း၊ ရှင် အခုတလောမှာကို . . . တော်တော်ကျသွားတယ်၊ ဝပ်ထဲမှာ ကိုယ်တို့ ကြည့်လုပ်ထားမှာပေါ့ . . . ၊ ပြီးတော့ . . ."

"မယူပါဘူး ရှီရယ်၊ ဒီလောက်တော့ ကိုယ် ခံနိုင်ရည် ရှိပါတယ်"

ရှီလာရဲ့မျက်ဝန်းတွေ အံ့ဩစိုးရိမ်ဟန်အပြည့်နဲ့ သူမ, မျက်နှာကို ငေးစိုက်ကြည့်နေခဲ့သည်။ သူမ, အားယူပြီး ပြုံးဖို့ ကြိုးစားသော်လည်း သူမ, အပြုံးတွေ မပီပြင်နိုင်မှန်း သူမကိုယ်သူမ သိနေသည်။ အလုပ်သင်ဆရာဝန်များ အခန်းထဲက ဆရာဝန်များ အိပ်စက်ရန်ထားသော ခုတင်စောင်းလေး မှာ ခပ်လျှော့လျှော့ မှီထိုင်ချမိတော့ ရှီလာကပါ သူမရဲ့ဘေးမှာ ခပ်ဖြည်းဖြည်း လာကပ်ထိုင်ချလိုက်သည်။

သူမ,ရဲ့ ပုခုံးလေးကို ပွေ့ဖက်ရင်း ရှီလာ တိုးတိုးမေးသည်။

"ရှင် . . . ကိုယ့်ကားကိုယ် မောင်းပြန်ရဦးမှာပဲလား နှောင်း"

"အင်း . . ."

သူမ, ရဲ့ ခပ်လေးလေးဖြေသံအဆုံးမှာ ရှီလာ သက်ပြင်းချသည်။

"အိမ်ကို လာကြိုခိုင်းပါလား . . . နှောင်း၊ နိုက်ဂျူတီက အတွက် ကားမောင်းရတာ အန္တရာယ်များပါတယ်ကွယ်"

သူမ . . . ခြောက်ကပ်အက်ကွဲစွာ ရယ်မောလိုက်မိသည်။

"ကိုယ် . . . နိုက်ဂျူတီကအတွက် . . . ဘယ်တုန်းကမှ အိမ်ကို လာမကြိုခိုင်းခဲ့တာ . . ရှီရယ်၊ အခုမှတော့ . . အခုမှတော့ အိမ်ကို ဆပ်ပြောမနေချင်တော့ပါဘူး၊ ရှိပါစေတော့ . . ."

အဲဒီနောက်တော့ သူမတို့နှစ်ယောက်စလုံး တိတ်ဆိတ်ငြိမ်သက်သွားပါသည်။ နောက်ဆုံးမှာ သူမတို့နှစ်ယောက်စလုံး အဲဒီစကားကို ပဲ ပြောရတော့မည်ဆိုတာ သိရှိသွားပါသည်။

ရှီလာသည် လက်ထဲက ဆေးပုလင်းအလွတ်လေးကို အကြောင်းမဲ့ လှည့်ကစား ငေးကြည့်နေရင်း ခပ်တိုးတိုးလေး ထုတ်မေး



www.burmeseclassic.com

www.burmeseclassic.com



ထိုက်ပါသည်။

"နှောင်း . . . ရှင့်ဆီ သူ တကယ်ပဲ မလာတော့ဘူးနော်"

အဲဒီမေးခွန်းကို ဘာကြောင့်များ သူမ, မတုန်မလှုပ် အေးစက်သော လေသံနဲ့ ဖြေဆိုနိုင်နေခဲ့ပါလိမ့်။

"ကိုယ် . . . သူနဲ့ မတွေ့ရတာ ကိုးဆယ့်ရှစ်ရက် ရှိသွားပြီ"

"ရှင်တို့ . . . နှစ်ယောက် . . ."

"ကျွန်မတို့နှစ်ယောက် ဒီလိုနဲ့ပဲ တဖြည်းဖြည်း ဝေးကွာသွားရတော့မှာပါ . . . ရှီ ရှင် . . . စိတ်မပူပါနဲ့တော့၊ ကျွန်မ . . . အဲဒီလိုဇာတ်သိမ်းကို ရင်ဆိုင်ဖို့ အသင့်ဖြစ်နေပါပြီ"

"အို . . . မဟုတ်တာ . . . နှောင်းရာ"

"ဟုတ်တယ်၊ သိပ်ဟုတ်တာပေါ့ . . . ရှီရယ်၊ ဘာဖြစ်လို့လဲ . . . ဆိုတော့ . . ."

သူမ၏စကားလုံးတွေ တုန်ယင်ထစ်ငေါ့သွားစဉ်မှာ ရှီလာက အံ့အားသင့်စွာ သူမရဲ့မျက်နှာကို အလန့်တကြား မော့ကြည့်သည်။

သူမရဲ့မျက်ဝန်းထဲက ကြောက်မက်ဖွယ်ရာ စူးရှနာကျင်မှုကို ရှီလာ တွေ့ရှိသွားပြီး နှုတ်ခမ်းတွေ ပွင့်ဟသွားကြသည်။ သူမ, ဘယ်အရာကို နာကြည်းရမှန်း မသိတဲ့ ခြောက်ကပ်ကပ် ရယ်မောရင်း ဖြေလိုက်ရလေသည်။

"ဘာဖြစ်လို့လဲဆိုတော့ . . . မနေ့ညက ဆေးရုံကို စုငဲ ဖုန်းဆက်တယ် ရှီ၊ ကိုယ့်အိမ်ကို ဆက်ပြီးမှ ဆေးရုံမှာ နိုက်ဂျူတီဆိုလို့ လှမ်းဆက်လိုက်တာ . . . တဲ့၊ သူက . . . ကိုယ့်အတွက် တကယ်နာကြည်း စိတ်မကောင်းဖြစ်လို့လှမ်းပြောတာပါ၊ သူ့အိမ်မှာ . . . သူ့အိမ်မှာ . . . ရဝေ . . . ဖိတ်စာလာပေးသွားပြီ . . . တဲ့"



ရှီလာရဲ့လက်ထဲက ဆေးပုလင်းအလွတ်ကလေး ဆေးရုံကြမ်းပြင်ကျောက်ပြားပေါ် ခွမ်းခနဲ အစိတ်စိတ်အမွှာမွှာ ကျကွဲသွားလေသည်။

ရှီလာက "အို . . ." ဟု အာမေဍိတ်သံပြုရင်း ဆတ်ခနဲဆ, ရပ်သည်။ ထိတ်လန့်တကြားနဲ့ လှုပ်လှုပ်ရှားရှား ဖြစ်သွားသောရှီလာ့ကို သူမ ငေးငိုင်စွာ စိုက်ကြည့်ပြီး ပြုံးနေဖို့ ကြိုးစားလိုက်သည်။

"နှောင်း . . . မင်း . . . မင်း . . . ဘာဖြစ်လို့ ပြုံးနေနိုင်သေးတာလဲ . . .၊ မင်း မငိုဘူးလား . . . ဟင်"

"သူနဲ့ပတ်သက်လို့ ကိုယ့်မျက်ရည်တွေ ခန်းခြောက်ကုန်တာကြာပါပြီ"

"ရဝေ . . . အရမ်း ရက်စက်တယ်နော်၊ သူ . . . သူ . . . တကယ်ပဲ ဥဩကို လက်ထပ်လိုက်ပြီပေါ့၊ သူ . . . ဘာဖြစ်လို့များ . . . ဒီလောက် . . ."

"တော်ပါတော့ ရှီရယ်၊ ဒီအဖြေကို ကိုယ်တို့ တစ်နေ့မဟုတ်တစ်နေ့ တွေ့လာရမှာပဲ မဟုတ်လား"

"မင်း . . . မင်း . . . သိပ်ပြတ်သားနိုင်တာပဲနော် . . နှောင်း၊ ရှင် . . . တကယ်ကို မာကျောပြတ်သားနိုင်ပါလား နှောင်းရယ်၊ ရှင် . . . ရှင် . . . ငိုလိမ့်မယ်လို့ ကျွန်မ ထင်ထားခဲ့တာ"

"ကျွန်မ . . . ဒီ့ထက်ပိုပြီး မာကျောပြတ်သားအောင် ကြိုးစားရဦးမယ် . . . ရှီလာ၊ သူနဲ့ဝေးပြီဆိုတဲ့အဖြစ်ကို ကျွန်မ . . . ဘဝတစ်လျှောက်လုံး ဆက်ပြီးရင်ဆိုင်နေရဦးမှာပဲလေ၊ ကျွန်မ . . . အသည်းမာမှ ရမှာပေါ့ကွယ်၊ သူက . . . ထားခဲ့ပြီကိုး"

သူမ, ပြန်ရန် ထိုင်ရာမှ ထသည်။ ရှီလာက ကမန်းကတန်း

www.burmeseclassic.com

သူမလက်ကို လှမ်းဆွဲသည်။

"ရှင် . . . တစ်ယောက်တည်း ဖြစ်ပါ့မလား . . . နှောင်း၊ ကိုယ် လိုက်ပို့မယ်"

သူမ, ပြုံး၍ ခေါင်းကို ခပ်သွက်သွက်ခါပြလိုက်သည်။

"ကိုယ် ဘာမှ မဖြစ်ပါဘူး . . . ရှီ၊ ကျေးဇူးပါပဲ၊ ရှင်က . . . ဂျူတီနဲ့ နေခဲ့ပါ"

"ဟုတ်ရဲ့လား . . . နှောင်းရယ်"

သူမ, ကြေကွဲစွာ ရယ်ဟ, ဟ လုပ်လိုက်မိပြန်သည်။

"ရှင်နှောင်း . . . ဆိုတဲ့ မိန်းမတစ်ယောက်အကြောင်းကို ရှင် ကောင်းကောင်းသိပါတယ် ရှီရယ်၊ ကိုယ့်ရဲ့ရန်သူတွေ သနားအောင် မျက်ရည်ကျပြမယ့် လူစားမျိုးတွေထဲမှာ ကျွန်မ . . . ဘယ်တော့မှ မပါနိုင်ဘူးဆိုတာ၊ အဲဒီရန်သူဟာ ကိုယ်သိပ်ချစ်နေတဲ့ ယောကျ်ား တစ်ယောက် ဖြစ်ချင်ဖြစ်ပစေလေ"

ရှီလာသည် သူမ, ကို အံ့အားသင့် မျက်ဝန်းများနှင့် ငေးမော ၍သာ ကြည့်နေပြီး ဘာမှ ပြန်မပြောနိုင်တော့ပါ။

"ကိုယ်သွားတော့မယ် . . . ရှီ၊ စိတ်ချစမ်းပါ"

သူမ, လက်ကို အသာမြှောက်ပြပြီး နှုတ်ဆက်၍ ထွက်လာခဲ့ လိုက်သည်။ ရှီလာရဲ့ အကဲခတ်ဂရုစိုက်ကြည့်နေတဲ့ မျက်ဝန်းတွေ အောက်မှာ ရုတ်တရက် သူမ, ငိုချပစ်ချင်လာသည်။

အို . . . ကျွန်မ ငိုလို့ မဖြစ်သေးပါ။ ကျွန်မ . . . သူ့အတွက် မငိုကြွေးနိုင်ပါဘူး . . .။

## ၂

ဆေးရုံကြီးရဲ့ ပင်မဝင်ပေါက်ကနေ အပြင်သို့ သူမ လှမ်းထွက် လာတော့ မိုးစက်မိုးမှုံလေးတွေက သူမ,ခေါင်းပေါ် ကျဆင်းလာသည်။

အေးစက်စက်ရေငွေ့ပါတဲ့ လေအဝှေ့ကို သူမ ရင်ဆိုင်ဖြတ် ကျော်လာရင်း သူမ, ကားရပ်ထားရာ နေရာဆီသို့ တစ်လှမ်းချင်း လျှောက်လာလိုက်သည်။

လက်မှာ ချိတ်ထားတဲ့ ဂျူတီကုတ်အဖြူရောင်လေးကို ရင်ခွင် ထဲ ခပ်တင်းတင်း ပွေ့ထားလိုက်ပြီးမှ အရင်က ဒီလိုမျိုး နိုက်ဂျူတီက အဆွက် မနက်ခင်းတိုင်းမှာ 'မောင်' သူမ,ကို လာကြိုတတ်တာ တမ်းတမ်းတတ သတိရနေမိပြန်သည်။

အို . . . ယခုအချိန်မှာ သူ့ကို . . . မောင် . . . လို့ သူမ, ခေါ် သင့်သေးရဲ့လား။ နောက်ထပ်ရက်ပေါင်း နှစ်ဆယ့်လေးရက်တိတိ အလိုမှာ သူမ, မဟုတ်တဲ့ တခြားမိန်းမတစ်ယောက်နဲ့ လက်ထပ်တော့ မယ့် မောင့်ကိုလေ . . .။

ဘာပဲဖြစ်ဖြစ် မောင်ဟာ သူမ, ဘဝတစ်သက်တာမှာ ဘယ်သူ့ကိုမှ မပေးခဲ့ဖူးတဲ့ အချစ်မျိုးနဲ့ ချစ်ခဲ့ရသူပါ။

ဒီလိုမျိုး မနက်ခင်းတွေ . . .၊ သူမ ဂျူတီအော့ဖ် (၁၆) ရှိသည့် အချိန်တိုင်းမှာ မောင် . . . သူမ, ကို လာကြိုပေးတတ်သည် ။ သူမ,လက်ထဲက ဂျူတီကုတ်နှင့် ခြင်းတောင်းကို ဆွဲယူပြီး ကား

www.burmeseclassic.com



ပေါ်ရောက်တဲ့အထိ မောင် သယ်လာပေးမည်။

မောင့်ရဲ့ ( CAMRY )ကားရှေ့တံခါးကို မောင်က သူမအတွက် ကြိုတင်ဖွင့်ပေးနှင့်ကာ . . . အဲဒီယာဉ်မောင်းသူ ဘေးထိုင်ခုံကို သူမ ထိုင်ရန် အဆင်သင့် နောက်မှီကို လှန်ချထားပေးပါဦးမည်။

ညတုန်းက ဆေးရုံပေါ်မှ အိပ်ရေးပျက်လာတာမို့ မောင်က သူမကို အဲဒီကားရှေ့ခန်းမှာ အိပ်စက်ပြီး လိုက်လာစေလိုသည်။

သူမ,က ကားမောင်းနေတဲ့ မောင့်မျက်နှာကို အိပ်ငိုက်ဖို့ ဝေးစွ မျက်တောင်မခတ်ဘဲ ငေးမောလိုက်လာခဲ့သည့် နေ့များဆိုလျှင် မောင်က သူမကို ပြုံးစစနှင့် လှည့်ကြည့်ကာ ပြောတတ်သည်။

"ဘာတွေများ . . . မောင့်မျက်နှာကို ဒီလောက်ငေးနေရတာလဲ . . . ချစ်နှောင်းရဲ့၊ အိပ်ပြီး လိုက်လာလေကွာ၊ ရောက်ရင် နှိုးမယ်"

မောင့်အသံလေးက ညြသြချိုချိုကလေး . . .။ တစ်စုံတစ်ခုကို မကျေနပ်လို့ အဲဒီလို ခပ်စူစူဆောင့်ဆောင့် ပြောလိုက်လျှင် အသံလေးက ပိုသြ၊ ပိုချိုသွားတတ်သေးတာ . . .။

"မောင့်အသံက ငှက်ကလေးတစ်ကောင်ရဲ့ အသံနဲ့ . . . မောင်ရဲ့ . . ." ဟု ပြောလျှင် မောင် မကြိုက်ချင်။

"ငှက်က ဘယ်လိုလုပ် စကားပြောတတ်မလဲကွာ . . ."

ဟု ငြင်လှန်ငြင်းခုံ ရန်ဖြစ်တတ်ပြန်သည်။

အို . . . အဲဒီလို မောင်ရဲ့အသံမျိုးလေးကိုတောင် သူမ မကြားရတော့တာ ကိုးဆယ့်ရှစ်ရက် ရှိသွားပြီ။

ရင်ထဲက တင်းကျပ်ဆို့နင့်လာမှုများကို ဖျောက်ဖျက်လိုက်စဉ်မှာ မျက်ရည်က အလိုလို ဝဲတက်လာသည်။ ကားရပ်, ကွက်လပ်ထဲမှာ အထီးကျန်စွာ ရပ်တန့်ထားသော သူမ, ရဲ့ လီမိတက်အဖြူရောင်



ကားတံခါးပေါက်ထဲသို့ သော့တံကိုဖွင့်ပြီး လှည့်နေချိန်အထိ သူမ, မောင့်ကို သတိရနေဆဲပါ။

အခုအချိန်မှာ မောင် . . . ဘာလုပ်နေမလဲဟင်။ မင်္ဂလာဆည့်ခံပွဲမှာ ဟိုတယ်ကကျွေးမယ့် အစားအသောက်ဈေးနှုန်းစာရင်းတစ်ခုကို သူ စစ်ဆေးဖတ်ရှုနေမှာပေါ့။

ကျွန်မကတော့ တစ်ယောက်တည်း ပျင်းရိငြီးငွေ့စွာ အိမ်ကို ကားမောင်းပြန်ရပါတော့မယ်။

"ရှင်နှောင်း . . ."

သူမ, နောက်ဘက်ကနေ ရုတ်တရက် လှမ်းခေါ်လိုက်တဲ့ အသံကြောင့် ကားတံခါးပေါက်ကို တုန်တုန်ရီရီနဲ့ ဖွင့်ဖို့ကြိုးစားနေတဲ့ သူမ, လက်ထဲက ကားသော့ဟာ မြေပြင်ပေါ်ကို ချွင်ခနဲ လွတ်ကျသွားတယ်။

ထိတ်လန့်တုန်လှုပ်လွန်းတဲ့ ရင်အစုံနဲ့ သူမ ချာခနဲ လှည့်ကြည့်မိပါတယ်။ အဲဒီအသံပိုင်ရှင်ဟာ အခုတော့ သူမ, ရှေ့တည့်တည့် မှာ ခြေစုံရပ်တန့်လို့။ အို . . . အဲဒါ အိပ်မက်များလား . . .။

ကျွန်မ သူ့ကို မျှော်လင့်စောင့်စားခဲ့ရတာ ကိုးဆယ့်ရှစ်ရက်။

"ဝေ . . . ဝေ . . . ဘာလာလုပ်တာလဲ . . . ဟင်"

အဆီအငေါ်မတည့်တဲ့ သူမ, ရဲ့ တုန်ရီလှိုက်ခါသော အသံတွေ ခုန်ပေါက်ထွက်ကျလာသည်။ သူ့ကို . . . ကျွန်မ ဘာစကားပြောရမှာတဲ့လဲ။ "မောင် . . ." လို့တော့ သူမ, မခေါ်သင့်တော့တာ သေချာပါသည်။

ငါ . . . ညံ့တာ။ စောစောကတည်းက အဲဒီဆေးရုံရှေ့က ပါထားတဲ့ ကားတွေထဲမှာ သူ့ရဲ့ ဘော်ငွေရောင် ဂျမ်မရီကားကြီးကို

www.burmeseclassic.com

www.burmeseclassic.com



မြင်ဖို့သင့်တာ၊ ငါ . . . ဘာလို့ မမြင်ခဲ့ပါလိမ့်။

တစ်နေ့နေ့ တစ်ချိန်ချိန်မှာတော့ သူဟာ နင့်ရှေ့မှောက် ရောက်လာလိမ့်မယ်ဆိုတာ နင် သိသင့်တာပေါ့ . . . မိရှင်နှောင်း။

"ဝေ . . ."

ဆို့နင့်ကြေကွဲစွာ ရေရွတ်နေမိပြီး အောက်နှုတ်ခမ်းလေးကို သူမ သွားနဲ့ ဖိကိုက်လိုက်မိပြန်သည်။

ဆံစမှာ မိုးစက်လေးတွေသီးပြီး စိုထိုင်းနေတဲ့ မျက်နှာနဲ့ သူ ခပ်ယဲ့ယဲ့လေး ပြုံးပြသည်။ သူ့မျက်လုံးတွေ . . .။ မမြင်ရက်စရာ ကောင်းလောက်အောင် ကြေမွနာကျင်နေတာ အတိုင်းသား။

ဘာစကားမှ ပြန်မပြောဘဲ သူ ခေါင်းငုံ့သွားပါသည်။ သူ့ ကိုယ်ပေါ်မှာ မိုးပြာရောင် ဂျာကင်အကျႌလေး . . .။ ခေါင်းစွပ် ကက် ဦးထုပ်က နောက်လှန်ချလို့။ ဘုရား . . . ဘုရား . . .။ အဲဒီဂျာကင် လေးကို တစ်ခါက သူမ,ကိုယ်တိုင် ယူဝတ်ခဲ့ဖူးတာ အတိအကျ သတိရ နေမိပြန်သည်။

ရဝေက လွှတ်ကျသွားသော သူမ,ရဲ့ ကားခေ ဘွဲကို မြေကြီးပေါ်မှ ပြန်ကောက်ယူသည်။ ပြီးတော့ . . . သူမဆီသို့ တုန်ရီ စွာ လှမ်းပေးနေသည်။

အို . . . အဲဒီကားသော့တွဲကလေးကတောင် သူ တစ်ခါက လက်ဆောင်ပေးဖူးတဲ့ သဲနာရီသော့တွဲ ကီးချိန်းလေးပဲ ဖြစ်နေသေးမှန်း သူ မြင်တွေ့သွားပါပြီ။

သူ ပြုံးနေသော်လည်း . . . သူ့အပြုံးတွေ တဖြည်းဖြည်း မှဲ့ကျလာပါသည်။

"နှောင်း . . . ကိုယ့်ကို ဘာလို့ အခုမှ ပေါ်လာတာလဲ . . .



သို့ ရန်မတွေ့တော့ဘူးလား . . . ဟင်"

သူမ, တစ်ခါတုန်းက မေ့မေ့မောမော ငေးစိုက်ကြည့်ခဲ့ဖူး သော သူ့ရဲ့မျက်လုံးညိုတွေအောက်မှအကြည့်ကို လွှဲပစ်လိုက်မိသည်။

"မေးဖို့ . . . လိုသေးလို့လား . . . ဝေ . . ."

သူမ, အဖြေကြောင့် သူ ခပ်တိုးတိုးတစ်ချက် ရယ်သည်။

"ဟုတ်ပါတယ်လေ၊ နှောင်းက . . . ဘယ်တော့မှ . . . ကိုယ့် ကို အဲဒီလို မေးမှာမဟုတ်ပါဘူး၊ နှောင်းက သိပ်ကို ပြတ်သားနိုင်တဲ့ မိန်းမပဲ"

ဘယ်တော့မှ သူ့ကို ခနဲ့ပြုံးမပြုံးဘူးဟု သူမ, စိတ်တင်းထား သော်လည်း မအောင်မြင်ပါ။ သူမ, နှုတ်ခမ်းထောင့် တစ်ဖက်တည်း ဆွဲ့ညွတ် ပြုံးလိုက်မိပြန်သည်။

"ကျွန်မ . . . ဒီထက်ပိုပြီး ပြတ်သားတယ်ဆိုတာ ဝေ . . . သိရစေမယ်၊ ကဲ . . . အခု ကျွန်မမေးမယ်၊ ဝေ . . . ကျွန်မဆီကို အခု . . . ဘာလာလုပ်တာလဲ"

သူ . . . ခေါင်းငုံ့သွားသည်။ ယောကျ်ားတစ်ယောက်ရဲ့ နှုတ်ခမ်းတွေဟာ ဒီလောက်ထိ နီမြန်းထူထဲနေဖို့ မလိုပါဘူး . . . ဟု သူမ ကဲ့ရဲ့ခဲ့ဖူးသော သူ့နှုတ်ခမ်းတွေသည် အံ့သြစရာကောင်းစွာ တဆတ်ဆတ် တုန်ယင်လာကြသည်။

သို့သော် သူ့နှုတ်ခမ်းဖျားက ဘာစကားသံမှ ထွက်ပေါ် မလာပါ။ သူက ဂျာကင်အကျႌရဲ့ အတွင်းအိတ်ကပ်ထဲက အရာတစ်ခု ကို ခပ်ဖြည်းဖြည်း ဆွဲထုတ်လိုက်ပါသည်။

သူမမျက်လုံးတွေ ပြာဝေသွားပြီး မိုက်ခနဲ ဖြစ်သွားသည်။

"နှောင်း . . . နှောင်းကို . . . ကျွန်တော် အဲဒါလာပေးတာ"

www.burmeseclassic.com

www.burmeseclassic.com



ပန်းနုရောင် ဖိတ်စာ . . .။ ဩော် . . . ဝေလည်း ရက်စက်တတ်ပြီပဲ။ သူမ ဘယ်လိုမှ မျှော်လင့်မထားတဲ့ အဖြစ်အပျက်ပါ။

အဲဒီပန်းနုရောင်ဖျော့ဖျော့ မင်္ဂလာဆောင်ခဲ့ပွဲဖိတ်စာ စာအိတ်ကလေးဟာ သူမ ရဲ့ မျက်လုံးများအောက်မှာ မီးခိုးပြာများအဖြစ် လောင်ကျွမ်း ပျောက်ပျက်သွားရင် သိပ်ကောင်းမှာပဲ။

အဲဒီဖိတ်စာလေးကို သူမဆီ တန်းတန်းမတ်မတ် လာပေးဖို့ သူ့ဆီမှာ ဘယ်တုန်းက သတ္တိတွေ ရရှိသွားပါလိမ့် . . .။

သူမ စူးရှစွာ သူ့ကို ကြည့်ပစ်လိုက်သည်။

"အဲဒါ . . . ကျွန်မကို စိန်ခေါ်တာလား . . . ဝေ"

"မဟုတ်ဘူး . . ."

ထစ်ငေါ့တုန်လှုပ်စွာ သူပြောရင်း ခေါင်းကိုချပါသည်။

"မဟုတ်ပါဘူး နှောင်း၊ အဲဒါ . . . ကျွန်တော် စိန်ခေါ်တာ မဟုတ်ပါဘူး၊ ကျွန်တော် . . . နှောင်းကို စိန်မခေါ်ရဲပါဘူး၊ နှောင်းမှာ ဒီမင်္ဂလာပွဲကို တက်ရဲတဲ့ သတ္တိနဲ့ မာနရှိတယ်ဆိုတာ ကျွန်တော် သိပါတယ်၊ ဒါပေမဲ့ . . . တစ်ဆိတ် ကျွန်တော့်ကို သနားပါ . . . နှောင်း ဒီမင်္ဂလာပွဲကို နှောင်း မလာပါနဲ့"

"ဒါဖြင့် . . . ဘာဖြစ်လို့ . . ."

"အဲဒီဖိတ်စာကို နှောင်းလက်မခံချင်ဘူးဆိုလည်း ရပါတယ် ကျွန်တော့်ကို ပြန်ပေးလိုက်ပါ၊ ဖွင့်မဖတ်ချင်ဘူးဆိုလည်း ရပါတယ် နှောင်း . . . သဘောပါ၊ ဒါမှမဟုတ် . . . အဲဒီဖိတ်စာကို နှောင်း ဆွဲဆုတ်ပစ်ချင်သလား၊ ဆွဲဆုတ်လိုက်ပါ၊ ပြီးတော့ . . . ကျွန်တော့်ကို လက်ညှိုးငေါက်ငေါက်ထိုးပြီး ရန်တွေ့ချင်သေးသလား၊ ကျွန်တော် ခံပါ့မယ်၊ နှောင်း . . . ဘာလုပ်လုပ် ကျွန်တော် အခု ခွင့်ပြုပါတယ်



နှောင်း . . . ကြိုက်တာ လုပ်ပါ"

သူမ . . . အဲဒီနေရာမှာ ခြောက်သွေ့သေဆုံးစွာ ရပ်တန့်နေပါသည်။ သူမ ဘာလုပ်ရမည်လဲ . . .။ သူ့ရင်ဘတ်က အင်္ကျီစ ကို ဆွဲစုဆုပ်ကိုင်ပြီး . . . "မောင် . . . မောင် . . . ကျွန်မကို ထားမသွားပါနဲ့၊ မောင် . . . သူ့ကို လက်မထပ်ပါနဲ့"လို့ အရူးတစ်ယောက်လို ရှိက်ငင်ငိုကြွေး တောင်းပန်ရမည်လား . . .။

ဒါမှမဟုတ် သူ့မျက်နှာကို စိတ်ရှိလက်ရှိ ရိုက်နှက်ကုတ်ခြစ်ပြီး "နင် . . . ငါ့ရှေ့က ထွက်သွားစမ်း . . . ရဝေ" လို့ အော်ဟစ်မောင်းထုတ်လိုက်ရမည်လား . . .။ သူမ . . . နှုတ်ခမ်းတွေကို တင်းတျပ်စေ့ပိစွာ ဖိကိုက်ထားမိတာတော့ သေချာသည်။

အသက်နှစ်ဆယ့်ငါးနှစ်အရွယ် ဆရာဝန်မ တစ်ယောက်၊ ပြီးတော့ သူ့ကိုလည်း အသည်းနင့်စွာ ချစ်မြတ်နိုးနေဆဲ မိန်းမတစ်ယောက်ဆီက မောင် . . . ဘာကိုများ မျှော်လင့်နေပါသေးသလဲ။

သူမ မောင့်လက်ထဲက ဖိတ်စာကို တည်ငြိမ်စွာ လှမ်းဆွဲယူလိုက်သည်။ ပြီးတော့ သူ့ရှေ့မှာပင် တုန်ရီလှိုက်ခါမှု အလျဉ်းမရှိသော လက်ချောင်းတွေနဲ့ ဖိတ်စာကို ဖွင့်ဖတ်ဖြစ်လိုက်သည်။

**ဒေါက်တာ ရဝေ** ( M.B., B.S. )

**နှင့်**

**မဥဩ** ( MBA , UCLA )

**တို့၏**

. . . . . . . . . . . . . . . . . . .

ဖိတ်စာထဲက စာသားတွေ ဝေဝါးတွန့်ခေါက်ပြီး သူမ အမြင်တွေ မှုန်ရီလာသည်အထိ အဲဒီရေမွှေးနံ့သင်းပျံ့သော ဖိတ်စာလေးကို

www.burmeseclassic.com

www.burmeseclassic.com



သဆဲထဲမှာ တိုင်လျက် ငေးငိုင်နေခဲ့တုန်း . . .။

အဲဒီဖိတ်စာထဲက ဂုဏ်ဒြပ်အမျိုးမျိုး၊ ခမ်းနားကြီးကျယ်မှု အမျိုးမျိုး၊ မျိုးရိုးစဉ်ဆက် နာမည်တွေသည် သူမ့ နှလုံးသားကို ထိခိုက်အောင် မလုပ်နိုင်စွမ်းတော့ . . .။ အံ့ဩစရာ ကောင်းလှသည်။

အဲဒီဖိတ်စာထဲက သတို့သားအမည်ဟာ သူမရဲ့ အချစ်ဆုံးသူနာမည်တဲ့ . . .။ ပြီးတော့ . . . သူမ့ကိုလည်း 'ချစ်တယ် . . .' လို့ တဖွဖွပြောခဲ့တဲ့ ယောကျ်ားတစ်ယောက်ပဲ မဟုတ်ဘူးလား . . .။

ဖိတ်စာလေးကို လက်ထဲမှာကိုင်၍ ဖတ်ရင်း သူမ . . . ပြုံးနေမိသည် ထင်ပါသည်။

"ကျေးဇူးတင်ပါတယ် . . . နှောင်း . . ."

အံ့အားသင့်စွာ သူ့မျက်လုံးတွေကို သူမ မော့ကြည့်မိတော့ သူမ ထိတ်လန့်သွားပါသည်။ စူးရှနာကြည်းစွာ သူမ့ကို စိုက်ငေးကြည့်နေသော သူ့မျက်လုံးတွေ . . .။ ခပ်မဲ့မဲ့ အပြုံးတစ်ခုကိုလည်း သူ့မျက်နှာပေါ်မှာ သူမ တွေ့ရပါသည်။ သူ . . အေးစက်စွာ ပြောသည်။

"ကျေးဇူးတင်ပါတယ်၊ ဒီဖိတ်စာကို နှောင်းဖတ်နေတဲ့အချိန်မှာ နှောင်း ပြုံးနေနိုင်ခဲ့လို့လေ . . ."

သူမ နားမလည်စွာ ကြောင်အနေတုန်း သူ ခပ်အက်အက် တစ်ချက် ရယ်မောလိုက်သေးသည်။

"အဲဟိုက . . . ရပ်ထားတဲ့ ကျွန်တော့်ကားထဲမှာ ဥဩထိုင်နေတယ် . . . နှောင်း"

"အို . . ."

သူမ တုန်လှုပ်စွာ ကားဆီကို ဖျတ်ခနဲ လှမ်းကြည့်မိသော်လည်း ကားမှန်များ စေ့ပိတ်ပြီး ရောင်ပြန်ထနေ၍ ကားထဲကို မမြင်ရပါ။ သူမ . . . ရင့်မျက်နှာကို ခပ်မာမာ ကြည့်မိလိုက်သည်။



"တကယ်တော့ နှောင်းဆီကို ကျွန်တော် ဖိတ်စာ လာမပေးချင်ပါဘူး နှောင်း . . .၊ အဲဒီလို ရိုင်းစိုင်းရင့်သီးတဲ့အလုပ်ကို ကျွန်တော် ဘယ်တော့မှ မလုပ်ခဲ့ဘူးဆိုတာ နှောင်း သိပါတယ်၊ ဒါပေမဲ့ . . . ဥဩက နှောင်းဆီကို ကိုယ် ဖိတ်စာ သွားပေးကိုပေးရမယ် . . . တဲ့၊ ကိုယ်တို့နှစ်ယောက်က အခုအချိန်မှာ ရိုးသားရှင်းလင်းစွာ လမ်းခွဲပြီးကြပြီဆိုရင် ကိုယ်က . . . နှောင်းဆီကို ဖိတ်စာ သွားပေးကို ပေးရမယ်တဲ့၊ ပြီးတော့လည်း . . ."

"ပြီးတော့လည်း . . . အဲဒီမိန်းမရှေ့မှာပဲ ကျွန်မကို ဝေကဒီဖိတ်စာ ပေးရမယ် . . . ဆိုပါတော့၊ ကျွန်မတို့နှစ်ယောက်ကို အခု သူက ကားထဲကနေ လှမ်းကြည့်နေမှာပေါ့လေ . . ."

"ဟုတ်တယ်"

သူ . . ကျွန်မရှေ့မှာ တုန်တုန်ရီရီဖြစ်ကာ ခေါင်းကိုငုံ့ပါသည်။

"ဒါကြောင့် . . . နှောင်း . . . အခုအချိန်မှာ ပြုံးနေနိုင်တဲ့အတွက် ကျေးဇူးတင်ပါတယ်လို့ ကျွန်တော်ပြောတာပါ၊ ကျွန်တော်ရော . . . ဥဩကပါ . . . ဒီဖိတ်စာကို နှောင်းဖတ်ရတဲ့အချိန် ငိုကြွေးလိမ့်မယ်လို့ ထင်ခဲ့ဖူးတယ်၊ အဲဒါ . . . ကျွန်တော် သက်သက် . . . ကိုယ့်ကိုယ်ကိုယ် အထင်ကြီးတာ ထင်ပါရဲ့နော်"

အို . . .။ သူမရဲ့ ရင်ထဲမှာ စူးရှခါးသက်စွာ နာကျင်သွားတာကိုတော့ သူသိနိုင်မှာ မဟုတ်ပါဘူး။ အဲဒီနာကျင်မှုကို သူသိအောင် ကျွန်မ ပြောမပြခဲ့တာလည်း ကျွန်မရဲ့ မှားယွင်းမှုပဲလားမသိ။

ကျွန်မ ငိုလိမ့်မယ် . . . လို့ သူတို့က ထင်ထားသတဲ့။ ဟုတ်တာပေါ့။ ချစ်သူက လမ်းခွဲထားခြင်းကို ခံရတဲ့ မိန်းမတစ်ယောက်က

www.burmeseclassic.com

www.burmeseclassic.com



ငိုတို ငိုကြွေးသင့်တာပေါ့။ ကျွန်မ . . . ဘာဖြစ်လို့ မငိုခဲ့ရသလဲ။

"ဝေက . . . ကျွန်မ,ကို အခု ငိုစေချင်သလားဟင် . . ."

တုန်လှုပ်သွားတဲ့ ဟန်အမူအရာနဲ့ သူ . . . နောက်ဘက်သို့ တစ်ချက် ယိုင်နဲ့သွားပါသည်။

"နှောင်း . . . အခု ငိုမယ်ဆိုရင် . . . ကျွန်တော့်ရဲ့ မင်္ဂလာပွဲကို ကျွန်တော်ကိုယ်တိုင် ဖျက်ပစ်လိုက်မှာပါ"

သူမ, မျက်ဝန်းတွေ ရုတ်တရက် ပူနွေးစွတ်စိုသွားပါသည်။ သူမ . . . အဲဒီရှေ့က မိုးပြာရောင်ဂျာကင်အင်္ကျီနဲ့ ဖြူနုနုကောင်ကလေးရဲ့ ရင်ခွင်ထဲကို ငှတ်တိုးဝင်ကာ မေးစက်ပွေ့ဖက်ချင်စိတ်တွေ ဘွားခနဲ ပေါ်လာသည်။

တော်ပါတော့ . . . မောင်။ ကျွန်မ,တို့ နောက်တစ်ခါ မမှားသင့်ဘူး ထင်ပါရဲ့။ အို . . . အဲဒီအတွေးကိုက လုံးဝဥဿုံ မှားယွင်းနေပါကလား . . .။

"ဝေ . . . ဒါဆိုရင် . . သူ့ကို ဝေလက်ထပ်ဖို့ ဆုံးဖြတ်ခဲ့တာဟာ . . ကျွန်မမျက်ရည်တွေကို မမြင်ခဲ့ရလို့ပေါ့နော်၊ ကျွန်မ . . . ဝေ့ကို ငိုယိုပြီး မတောင်းပန်ခဲ့လို့ပေါ့နော်၊ ချစ်သူအတွက် မငိုတတ်တဲ့ မိန်းမတစ်ယောက်ကို ဝေက . . . ထားပစ်ခဲ့တာပေါ့ . . . ဟုတ်လား"

"ဟင့်အင်း . . . နှောင်း"

သူ့လေသံတွေ အေးစက်စွာ တည်ငြိမ်နေပါပြီ။

"ကျွန်တော် . . . ဥဩကို လက်ထပ်လိုက်ရတာ နှောင်းရဲ့ ဆုံးဖြတ်ချက်ကြောင့်လေ၊ နှောင်းပဲ . . . ဆုံးဖြတ်ပေးခဲ့တာ၊ မောင် . . . ဥဩကိုပဲ . . . လက်ထပ်လိုက်ပါတဲ့ . . .၊ နှောင်း ပြောခဲ့တာ နှောင်း ပြောတဲ့အတိုင်း . . . ကျွန်တော် လုပ်ခဲ့တာ"



ဘုရား . . . ဘုရား . . .။ အဲဒီစကားတွေကို ကျွန်မကိုယ်တိုင် ပြောခဲ့သေးသတဲ့လား။ ဘယ်လောက်များ မိုက်မဲခဲ့တဲ့ မိန်းမတစ်ယောက်လဲ . . .။

သူမ ဆတ်ခနဲ ခေါင်းကို ခါလိုက်မိပြန်သည်။

"အခုအချိန်ကျမှတော့ ဒါတွေလာမပြောနဲ့တော့ . . . ဝေ၊ မင်း . . . ကိုယ့်ဆီက ဘာကိုလိုချင်နေတာလဲ၊ မျက်ရည်လား . . .၊ နှိုးနိမ့်မှုလား၊ မင်းနဲ့ဥဩ ကျေနပ်အောင်ကို . . . ဘာကိုထပ်ပြီး ပေးဆပ်ရမလဲ၊ ကဲ . . . ပြော . . . နောက်တစ်လအတွင်းမှာ လက်ထပ်တော့မယ့် ယောက်ျားတစ်ယောက်က သူ့ရဲ့ရည်းစားဟောင်းဆီက ဘာတွေကို ထပ်တောင်းဆိုချင်သေးတာလဲ၊ ကိုယ် ဘာလုပ်ပေးရမလဲ"

"နှောင်း . . . ဘာမှလုပ်ပေးစရာမလိုပါဘူး၊ နှောင်းဆီက ကျွန်တော် လိုချင်တာ မျက်ရည်လည်း မဟုတ်ဘူး၊ ရှုံးနိမ့်မှုလည်း မဟုတ်ဘူး၊ နှောင်းက အင်မတန် ပြတ်သားမာကျောတဲ့ မိန်းမပဲ၊ ကျွန်တော့်လိုကောင်မျိုးကို နှောင်း စွန့်လွှတ်ရတဲ့အတွက် ဘယ်တော့မှ နှောင်း မငိုဘူးဆိုတာ ကျွန်တော် သိပါတယ်၊ အထူးသဖြင့် နှောင်းဟာ . . . အခုလိုမျိုးဥဩဆိုတဲ့ ပြိုင်ဘက်တစ်ယောက်ရဲ့ ရှေ့တည့်တည့်မှာ လုံးဝမငိုဘူးဆိုတာ ကျွန်တော် သိထားတယ်"

"ဟုတ်တယ်လေ . . .၊ ကိုယ်ဘာလို့ ငိုရမှာလဲ . . . ဝေ၊ မင်းတို့နှစ်ယောက်စလုံး ဝမ်းသာအောင် ကိုယ်ငိုပြရမှာလား"

"ကျွန်တော် သိပါတယ် . . . နှောင်းရယ်၊ နှောင်းဟာ ဘယ်တော့မှ မရှုံးနိမ့်ချင်ဘူးဆိုတာ၊ တကယ်တော့ နှောင်းဟာ အနိုင်ရဖို့ပဲ လိုချင်တာ မဟုတ်လား၊ အနိုင်ရတာကို အချစ်ထက် ပိုအရေးကြီးတယ်လို့ မှတ်ယူထားတဲ့မိန်းမ မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"အခုအချိန်မှာ အချစ်ကို ကျွန်မ လိုချင်သေးတယ်ဆိုရင် ဇရာ ရဦးမှာမို့လို့လား . . . ဝေ၊ မင်း . . . ကိုယ့်ကို ပေးနိုင်ဦးမှာမို့လို့လား၊ ကိုယ်မဟုတ်တဲ့ တခြားမိန်းမတစ်ယောက်ကို လက်ထပ်တော့မယ်ဆိုတဲ့ ယောက်ျားတစ်ယောက်ဆီက အချစ် . . . ဆိုတာကို မိုက်မိုက်မိမ 'လိုချင်နေရလောက်အောင် ကျွန်မ, မရူးနှမ်းသေးဘူး . . . ဝေရဲ့ . . . သိလား၊ အချစ်ဆိုတဲ့ စကားလုံးကို ပြောခွင့်မရှိလောက်အောင် ကျွန်မတို့အားလုံး နောက်ကျသွားပါပြီ"

ခြောက်သွေ့အေးစက်သော ရယ်သံတွေနဲ့ သူ . . ကျွန်မကို လှောင်ရယ်ရယ်ပါသည်။ မိုးပေါက်ကလေးတွေ . . . သူ့ပါးပြင်ပေါ်ကို ထိမှန်လာသောအခါ ခပ်အက်အက်ရယ်မောရင်း ခေါင်းကို ဆတ်ခနဲ မော့ပစ်လိုက်တာ ဟိုးအရင်တုန်းက သူ့ရဲ့ ဟန်အမူအရာအတိုင်း။

မိုးစက်လေးတွေ သိပ်သည်းဆူညံလာစဉ် နာကျင်ရီဝေသော အကြည့်တွေနဲ့ သူ အဝေးကို ငေးကြည့်နေပါသည်။ သူ့ရဲ့ဖိတ်စာကလေး ကျွန်မလက်ထဲမှာ စိုရွှဲနစ်အိကာ ပျော့ဖတ်လာခဲ့သည်။

အဲဒီအချိန်မှာ သူ . . . ထိုစကားကို ရက်စက်စွာ ထုတ်ပြောခဲ့ပါသည်။ တကယ့်ကို ရက်စက်စွာနဲ့ပါ။

"အချစ်ဆိုတဲ့ စကားလုံးကို ခင်ဗျား မပြောချင်ပေမယ့် ကျွန်တော်ကတော့ ပြောချင်တယ် . . . နှောင်း၊ ခင်ဗျားက ခင်ဗျားရှုံးနိမ့်မှာကို အသေအလဲ ကြောက်ရွံ့နေသလောက် ကျွန်တော်ကတော့ ကျွန်တော့်ရှုံးနိမ့်မှုကို ဂုဏ်ယူဝင့်ကြွားစွာ ထုတ်ပြချင်နေတယ်၊ ကျွန်တော့်ရှုံးနိမ့်မှုကို ခင်ဗျား နားထောင်ရဲအောင် ကြိုးစားပါ"

သူမ, ခန္ဓာကိုယ်လေး ဆတ်ခနဲ တုန်ယင်သွားခဲ့ပါသည်။

"ဒီမှာ . . . နှောင်း၊ အချစ်ဆိုတဲ့ စကားလုံးကိုပြောဖို့



ဘယ်တော့မှ စောစီးတယ်ဆိုတာ မရှိဘူး၊ နောက်ကျတယ်ဆိုတာ မရှိဘူး၊ ကျွန်တော့်ဘဝတစ်လျှောက်လုံး . . . ကျွန်တော် အချစ်မြတ်နိုးဆုံးမိန်းမဟာ ခင်ဗျားပဲ . . . လို့ တစ်သက်လုံး ကျွန်တော် ပြောသွားမယ်၊ ကျွန်တော် . . . ဘယ်မိန်းမကိုပဲ လက်ထပ် လက်ထပ် ကျွန်တော် အချစ်ဆုံး တစ်ဦးတည်းသောမိန်းမဟာ ခင်ဗျားလို့ပဲ အားလုံးသိအောင် ကျွန်တော် ပြော်နေဦးမယ် . . . နားလည်လား၊ အဲဒါ . . . ကျွန်တော့်ရဲ့ အကြီးကျယ်ဆုံး ရှုံးနိမ့်မှုပဲ . . . လို့ ခင်ဗျား နားလည်ပေးစမ်းပါ . . . ဒါပါပဲ၊ ကျွန်တော် . . . သွားမယ်"

သူ . . . ကျွန်မရှေ့ကနေ ချာခနဲ လှည့်ထွက်သွားပါသည်။ မိုးဖွားလေးတွေအောက်မှာ သူ့ရဲ့နောက်ကျောပြင်သည် တဖြည်းဖြည်း ဝိုးဝါးမှေးမှိန်သွားပါသည်။

နောက်ဆုံးတော့ အဲဒီဇာတ်သိမ်းလေးကိုပဲ ကျွန်မ လက်ခံရပြန်သည်။ ကျွန်မ . . . အနားမှာ သူ မရှိတော့ပါ။ ဘယ်တော့မှ ရှိမလာနိုင်တော့ပါ။

ကျွန်မ . . . သူ့ကို ဆုံးရှုံးလိုက်ရပြီလေ။ အချစ်ဆိုတဲ့ စကားတစ်ခွန်းကိုပဲ သူ . . . ကျွန်မဆီမှာ ထားခဲ့ပြီး သူ ထွက်သွားပါပြီ။ အဲဒီလို ထွက်သွားအောင် ကျွန်မကိုယ်တိုင် ပြုလုပ်ခဲ့မိသလား . . .။

အချစ်ဆိုတာကို ကျွန်မတို့ နှစ်ယောက်စလုံး တွေ့ရှိပိုင်ဆိုင်ပြီးတော့ မှ ဘာဖြစ်လို့များ ကျွန်မတို့ သေဆုံးကုန်ကြသလဲကွယ်။

သူရော . . သူမရော . . အချစ်တွေကိုယ်စီနဲ့။ ပြီးတော့ . . .။

ပြီးတော့ အသက်မဲ့တဲ့ ခန္ဓာကိုယ်တစ်ခုစီနဲ့ပေါ့ . . . ။

www.burmeseclassic.com

www.burmeseclassic.com

# သုံး

ကားတံခါးကို ဆောင့်ဆွဲပိတ်လိုက်ပြီး ကားထဲမှာ ဝင်ထိုင်လိုက်စဉ် သူမပါးပြင်ပေါ်မှာ မိုးစက်မိုးပေါက်တွေနဲ့ရောကာ မျက်ရည်စက်တွေ စ,တင်စီးဆင်းကျနေခဲ့ပါပြီ။

ဒါကို သူသိနိုင်မည် မဟုတ်တော့ပါ။ ကားခေါင်မိုးနှင့် ကားရှေ့လေကာမှန်ပေါ် မိုးစက်တွေ အငြိုးတကြီးရွာချသံက ကားထဲမှာ ဆူညံမြည်ဟည်းနေပြန်သည်။ သို့သော် . . . အထီးကျန် ခြောက်သွေ့ခြင်းများဖြင့် သူမတစ်ယောက်တည်း ကားထဲမှာ ထိုင်နေဆဲပါ။

ကြောက်မက်ဖွယ်ရာကောင်းလောက်အောင် လောကကြီး အထီးကျန်စွာ တိတ်ဆိတ်အေးစက်နေပါသည်။ ကားရှေ့လေကာမှန်နှင့် ကားပြတင်းပေါက်တွေမှာ လာရောက်ထိမှန်နေသော မိုးစက်တွေကို သူမ အကြောင်းမဲ့ ငေးနေမိသည်။

ဘာဖြစ်လို့များ အခုလိုအချိန်မျိုးမှာ ကျွန်မ,အနား ဘယ်သူမှ မရှိကြသလဲ။ ချစ်သူက အသည်းခွဲသွားလို့ ရှူသွင်ငိုကြွေးချင်နေတဲ့ မိန်းမတစ်ယောက်အနားမှာလေ . . .။

ကျွန်မ,ကို နှစ်သိမ့်ပေးမယ့် လူတစ်ယောက်ကို ကျွန်မ တကယ်လိုအပ်နေပါပြီ။ ကျွန်မရဲ့ လုပ်ရပ်တွေကို မှန်တယ် . . . လို့ ပြောမပေးနိုင်ရင်လည်း . . မင်း . . လုပ်တာ သိပ်မှားတယ်လို့ အပြစ်တင်ဝေဖန်မယ့် လူမျိုးကိုလည်း ကျွန်မအနားမှာ ရှိစေချင်ပါတယ်။



သူတို့ . . . ကျွန်မကို ထားခဲ့ကြပြီ။

လူတွေအားလုံး . . . သူမ,အနားမှာ မရှိကြတော့ပါ။ အို . . . ဟင့်အင်း။ လောကကြီးမှာ တစ်ယောက်တည်း ကျွန်မ မွေးဖွားလာရတာပါ။

လောကကြီးမှာ တစ်ယောက်တည်း ရင်ဆိုင်ကျော်ဖြတ်ရဲဖို့ကိုလည်း ကျွန်မရဲ့ ပတ်ဝန်းကျင်က သင်ကြားပေးလိုက်ပြန်တယ်။

သွား . . . မလာကြနဲ့။

တိတ်ဆိတ်စွာ စိုထိုင်းအေးစက်နေသော ကားထဲမှာ. သူမ, အလောသုံးဆယ်နှင့် ကားကက်ဆက်ခလုတ်ကို ခပ်ဆောင့်ဆောင့် နှိပ်ဖွင့်လိုက်မိသည်။

( M2M ) အဖွဲ့ရဲ့ ( Mirror Mirror ) ဆိုတဲ့ သီချင်းစာသားတွေက နားထဲသို့ ခါးသက်စွာ ဝင်လာ၏။

"ဘာဖြစ်လို့ ဒီ ငါမြင်နေရတဲ့မိန်းမကို ငိုနေပါလိမ့်

ငါ့ရှေ့တည့်တည့်မှာ ရပ်နေတဲ့သူလေ ...

ငါ စကားမပြောခင်မှာ ဘာဖြစ်လို့ ငါ ခံစားခဲ့ပါလိမ့် ...

ငါ့ရင်ထဲက ပြောတဲ့စကားကို ငါ အရင် နားထောင်သင့်ပါတယ် ...

ငါ မိုက်မဲတာ သေချာတယ် ...

ငါ ရူးနေတာ သေချာတယ် ...

ငါ ရှုံးနေတာ သေချာတယ် ...

ငါ ဦးနှောက်မရှိတာ သေချာတယ် ...

မနေ့ကလို စကားမျိုးတွေ ပြောခဲ့တဲ့အတွက်ကြောင့်ပေါ့..."

သူမ ပါးပြင်ပေါ်သို့ မျက်ရည်တွေ ထပ်မံလိမ့်ဆင်းစီးကျလာ ချိန်မှာ ကားရဲ့ နောက်ကြည့်မှန်ထဲသို့ ဖျတ်ခနဲ လှမ်းကြည့်မိလိုက်သေး

www.burmeseclassic.com

www.burmeseclassic.com



သည်။

မှန်ထဲမှာ မြင်နေရတာ သူမ, မဟုတ်ပါ။ မိုးစက်တွေနဲ့ စိုရွှဲလို့ ဆံပင်ရှည်တွေက ပျော့အိဖွာကျဲလျက် သွေးပျက်ထိတ်လန့်နေသည့် မျက်ခွက်တစ်စုံနဲ့ မကြာခင်မှာ ရူးသွပ်တော့မည့် မိန်းမတစ်ယောက်ရဲ့ မျက်နှာ . . .။

အချစ်ကို ကိုးကွယ်ခဲ့မိလို့ လောကကြီးက ဒဏ်ခတ်ခြင်းကို လှလှပပခံယူလိုက်ရတဲ့ မိန်းမတစ်ယောက်ရဲ့ မျက်နှာ။

သီချင်းသံက သူမ,ကို လှောင်ပြောင်သရော်လို့စွာ ထပ်မံပေါ်ထွက်လာသည်။

"နံရံပေါ်က မှန်ကလေး ...၊ မှန်ကလေးရယ် ...
ကမ္ဘာလုံးထဲမှာ အချောဆုံးလှသူ ဘယ်သူလဲလို့ ...
ငါ့ကို ပြောပြစရာ မလိုပါဘူးကွယ် ...၊ တကယ်တော့ မင်း ... အမှန်
တွေ မပြောခဲ့ဖို့ သင့်ပါတယ် မှန်လေးရယ် ...၊
ငါ့ချစ်သူကို ပြန်ခေါ်ပေး၊ ငါ့ချစ်သူကို ငါ့ဆီကိုသာ
ပြန်ခေါ်ခဲ့ပေးပါကွယ် ..."

ကားကက်ဆက်ထဲက ကက်ဆက်ခွေကို ရုတ်တရက် သူမ, ဆောင့်ဆွဲထုတ်ပြီး ကားနောက်ခန်းကြမ်းပြင်ထဲ ပစ်ပေါက်ဖျက်ဆီးလိုက်သည်။

ထို့နောက် သူမ, ရယ်မောမိသည် ထင်ပါသည်။ သူမ ရယ်မောမိသော်လည်း သူမ, နှုတ်ခမ်းဖျားဆီက ဒဏ်ရာရ တိရစ္ဆာန်တစ်ကောင်၏ ညည်းတွားသံမျိုး ထွက်နေသည်။

သူမ, ပိုက်ဆံအိတ်ထဲက လက်ကိုင်ဖုန်း မည်းမည်းပြားပြားလေးကို ဆွဲထုတ်လိုက်မိသည်။



အဲဒီဖုန်းနံပါတ်ကို သူမ, ခေါ်ယူဖို့ အချိန်တော်တော်ကြာ ...ှင်းစားနေရသေးသည်။ အဲဒီနံပါတ်ကို သူမ, ဘယ်တုန်းကမှ စ,တင် ...လုတ်နှိပ်၍ မခေါ်ခဲ့ဖူးပါ။ သို့ပေမယ့် သူမ, အလွတ်ရနေသည်။

သူမ,ဆီသို့ တစ်ဖက်က လှမ်းဆက်တိုင်း အဲဒီနံပါတ်ကလေး ...ာ သူမ လက်ကိုင်ဖုန်းရဲ့ ဒစ်ဂျစ်တယ် ဖန်သားပြင်လေးမှာ အမြဲပေါ် ...ာနေကျ ဖြစ်သည်။ ထို့ကြောင့် အဲဒီနံပါတ်လေးက ခေါင်းထဲမှာ ...ရှိနေသည်။

အခုတစ်ကြိမ်မှာတော့ သူမ အရှုံးပေးလိုက်ရပါပြီ။ သူမ ... သူ့ဆီကို ဖုန်းစ,တင်၍ ဆက်မိလိုက်ပါပြီ။ ခွင့်လွှတ်ပါ ... ...မှန်ရယ်။ ကျွန်မ . . . တစ်ယောက်ယောက်နဲ့ စကားပြောနေမှ ဖြစ် ...တော့မှာမို့ပါ။

"ဟဲလို . . . အမိန့်ရှိပါ"

နူးညံ့ညင်သာစွာ ပြန်ဖြေသည့် ယောကျ်ားပီပီသသ တည် ...ငြိမ်အေးဆေးသော ထူးလိုက်သံက သူမရင်ကို စစ်ခနဲ နာကျင်သွား ...သည်။

ဖြူစင်ပြီး ရင့်ကျက်သော စိတ်ထားက သူ့ရဲ့လေသံမှာကို ...ါ နေစေခဲ့တာ။ မျက်ရည်စက်တွေ ပိုမိုစီးကျလာစဉ် သူမ, နှုတ်ခမ်းကို ...ိုက်ထားမိတော့ တစ်ဖက်က ထပ်မေးသံ ထွက်ပေါ်လာသည်။

"ဟဲလို . . ."

"ကိုမှန် . . ."

သူမရဲ့ ရှိုက်သံစွက်သော တုန်ရီသည့်လေသံက တစ်ဖက်လူ ...အံ့သြ ဘွင်းမျှ အံ့အားသင့် တွေဝေသွားစေသည်။

"နှောင်း . . . နှောင်း . . မဟုတ်လား၊ နှောင်း ဘာဖြစ်လို့လဲ၊

www.burmeseclassic.com

www.burmeseclassic.com



နှောင်း . . . အခု ဘယ်မှာလဲ၊ နှောင်းလေး . . . ငိုနေတာလား နှောင်းလေး ဘာဖြစ်သလဲ . . . ပြော"

သူမနဲ့ ပတ်သက်လာလျှင် အမြဲတစေ ဗျာယာခတ်စိုးရိမ် ပူပန်တတ်သော လူ . . .။ သူမ,ကို တကယ့်အစ်ကိုရင်းတစ်ယောက်နဲ့ မခြား စောင့်ရှောက်ကြင်နာကာ အမြဲ့စင်၊ အရိုးသားဆုံး ပေးဆပ်ခဲ့ သောလူ . . .။

အဲဒီလိုလူမျိုးကိုလည်း သူမအနားကနေ တစ်ချိန်တစ်ခါ မောင်းထုတ်ခဲ့ဖူးတာ သူမ,ရဲ့ မိုက်မဲမှုပဲ ထင်ပါရဲ့ . . .။

"ကိုမွန် . . . နှောင်း . . . ဘာမှ မဖြစ်ပါဘူး"

"ဒါပေမဲ့ . . . နှောင်း တစ်ခါမှ ကိုမွန့်ဆီ ဖုန်းစ, မဆက် ဘူးလေ၊ ကိုမွန် ဂျပန်က ပြန်လာပြီးကတည်းကပဲ မဟုတ်လား၊ နှ နှစ် ပြည့်တော့မယ်၊ အခု . . . နှောင်း ဘာဖြစ်သလဲ၊ နှောင်းလေ အသံက ငိုသံပါနေတယ်၊ ကိုမွန် . . . စိတ်ပူလာပြီ၊ နှောင်းလေး . . . အခု ဘယ်နေရာမှာ ရှိသလဲ၊ ကိုမွန် . . . အခုချက်ချင်း လိုက်ခဲ့မယ်

"ဟင့်အင်း . . ."

သူမ, နာကျင်ခက်ခဲစွာ ခေါင်းကို ဆတ်ခနဲ ခါထုတ်ရင်း ငြ ဆိုမိပြန်သည်။

"ကိုမွန် . . . မလာနဲ့၊ ကိုမွန့်ကို . . . အခု နှောင်း မတွေ့ချ သေးဘူး"

"ဒါပေမဲ့ . . . နှောင်းလေး . . . အခု . . ."

"ကိုမွန် . . . အခု . . . နှောင်းကို စကားတစ်ခုခု ပြော ပေးပါ၊ နှောင်းနဲ့ စကားပြောစမ်းပါ ကိုမွန်ရယ်၊ အဲဒါပဲ နှောင်းကို ယ ပေးပါ၊ နှောင်း . . . နှောင်းလေ . . . အခု . . . နှောင်း သိပ်ကြော



နေတယ်၊ နှောင်းအနားမှာ ဘယ်သူမှ မရှိကြတော့ . . . ဘူး"

"ဩော် . . . နှောင်းလေးရယ်"

ကိုမွန်ရဲ့ ငြီးတွားသံသည် အဆ,မတန် တုန်ရီတိုးဖွစွာ ပေါ် လာလေသည်။ သူမ,ဘက်က အခြေအနေကို ဘာမှ ဖွင့်မပြောပြရ သေးဘဲနှင့် အစ,အဆုံး နားလည်သိရှိသွားတဲ့ လေသံ . . .။

အဲဒါ . . . သူမရဲ့ ကိုမွန်ပါပဲလေ။ အဲဒီ "မွန်မြတ်" ဆိုတဲ့ ယောကျ်ားတစ်ယောက်ဟာ သူမရဲ့ဘဝကို စာအုပ်တစ်အုပ်လို အစ,မှ အဆုံး ဖတ်ရှုထားပြီးတဲ့ ယောကျ်ားတစ်ယောက်ပါ။

ဒီအချိန်မှာ သူမ ဘာမှထပ်ပြောဖို့ မလိုတော့ပါဘူးကွယ်။

သို့ပေမယ့် . . သူမရဲ့ တင်းကျပ်လောင်မြိုက်နေသော နှလုံး သားက စကားလုံးတွေကို အစီအစဉ်တကျမရှိဘဲ ပြောမိနေစေသည်။

"ကိုမွန် . . . နှောင်းကို . . . သူ . . . ထားသွားပြီ၊ ကိုမွန် ဝမ်းမသာဘူးလားဟင်"

"နှောင်းလေး . . . နှောင်းလေး ငိုနေတဲ့အချိန်မှာ ကိုမွန့်ကို ဝမ်းသာခိုင်းနေသေးသလား . . ."

"ရနှောင်း . . . မငိုပါဘူး"

"မညာပါနဲ့ နှောင်းလေးရယ်၊ ကိုမွန့်ကိုတော့ မညာသင့်ပါဘူး၊ ကိုယ်ချစ်တဲ့သူကို စွန့်လွှတ်ဆုံးရှုံးလိုက်ရတဲ့ အချိန်မှာမှ နှောင်း မငိုရင် ဘယ်အချိန်မှာ နှောင်း ငိုမှာလဲ . . .၊ ကိုမွန်နဲ့ နှောင်းအကြားမှာ . . . နှောင်းရဲ့မာနတွေ ခဏ ဘေးဖယ်ထားစမ်းပါ၊ နှောင်းရဲ့မျက်ရည် တွေအကြောင်းကို ကိုယ် ဘယ်သူမှ လျှောက်မပြောပါဘူး"

သူမ ခပ်တိုးတိုး ရယ်လိုက်မိသည်။ မျက်ရည်တွေကြားမှာပဲ ရယ်မိနေပါသေးသည်။ သူမ . . . ကိုမွန့်ဆီကို ဖုန်းဆက်လိုက်တာ

www.burmeseclassic.com

www.burmeseclassic.com



အမှန်ကန်ဆုံးလုပ်ရပ်တစ်ခုအဖြစ် ပထမဆုံးအကြိမ် လက်ခံလိုက်ရပါသည်။

"ကိုမွန် . . . နှောင်းကို မမေးတော့ဘူးလား၊ နှောင်းနဲ့သူ ဘယ်လို . . . ဘယ်လိုပုံစံမျိုးနဲ့ ကွဲကွာသွားကြပြီလဲ . . . ဆိုတာလေ"

ဖုန်းထဲမှာ ကိုမွန့်ရဲ့ လေးပင်သော သက်ပြင်းချသံတစ်ချက် ထွက်ပေါ်လာသည်။ ပြီးမှ . . .။

"သူ . . . လက်ထပ်သွားပြီပေါ့။ ဟုတ်လား . . နှောင်းလေး"

"နောက် နှစ်ဆယ့်လေးရက်တိတိ အကြာမှပါ . . ."

သူမ, တုန်လှုပ်ထိတ်လန့်စွာ ဖြေလိုက်ရင်း . . . ကိုမွန့်ကို အံ့အားသင့်တကြီး ပြန်မေးလိုက်မိသည်။

"သူ . . . လက်ထပ်တော့မယ်ဆိုတာ . . . ကိုမွန် . . . ဘယ်လို သိနေတာလဲ"

ကိုမွန့်ရဲ့ ခြောက်ကပ်ကပ် ရယ်သံတစ်ချက် . . .။

"မင်းနဲ့ သူ . . . ကွဲကွာသွားပြီလို့ မင်းပြောတယ်လေ . . . နှောင်း၊ မင်းနဲ့သူ လုံးဝဝေးကွာသွားပြီဆိုတာ . . . သူက မင်းမ[illegible]တ်တဲ့ တခြားမိန်းကလေးတစ်ယောက်နဲ့ လက်ထပ်လိုက်ပြီဆိုတဲ့ နည်းလမ်းပဲ ရှိတော့မှာပေါ့ နှောင်းလေးရယ်၊ မင်းကတော့ သူနဲ့ ဝေးကွာသွားအောင် ဘယ်တော့မှ တခြားယောကျ်ားတစ်ယောက်ကို လက်ထပ်လိမ့်မယ် မဟုတ်ဘူးဆိုတာ ကိုယ်သိနေတယ်လေ၊ မင်းတို့နှစ်ယောက် ဇာတ်လမ်းဟာ . . . ဒီလိုနည်းနဲ့ပဲ အဆုံးသတ်ရမယ်ဆိုတာ ကိုယ်ကြို သိခဲ့ပါတယ်"

"ကိုမွန် . . ."

"ဘာလဲ . . . နှောင်းလေး . . ."



"နှောင်းကို ဆူပါဦး၊ အပြစ်တင်ပါဦး၊ အစကတည်းက ကိုယ် မပြောဘူးလား . . . လို့ အော်လိုက်စမ်းပါ . . . ကိုမွန်ရယ်"

"ဒါပေမဲ့ . . . ဒီလိုဇာတ်သိမ်းမျိုး ဘယ်တော့မှ 'နှောင်း အပေါ်မှာ ကိုယ်မဖြစ်စေချင်ခဲ့ပါဘူး နှောင်းလေးရယ်"

"ဒါပေမဲ့ နှောင်း . . . အခုတော့ အရမ်းရှုံးနိမ့်သွားပြီ . . . ကိုမွန်၊ နှောင်း အရမ်း နောင်တ,ရနေခဲ့ပါပြီ၊ အခုတော့ . . . ဘယ်အရာမှ အရင်လို ပြန်မဖြစ်နိုင်တော့ဘူးနော်၊ အဲဒါ နှောင်း . . . အမှားသက်သက်ပါ။ နှောင်းရဲ့ မိုက်မဲမှုကြောင့် အားလုံးရဲ့ . . . ဘဝတွေ၊ နှလုံးသားတွေ . . . ပြောင်းလဲကုန်ကြတာ"

"ဟင့်အင်း . . . နှောင်း"

ကိုမွန်က ဖုန်းထဲမှာ အလန့်တကြား သူမ,စကားကို ငြင်းဆန်သည်။

"နှောင်း ထင်သလို . . . အားလုံးပြောင်းလဲကုန်ကြတဲ့အထဲမှာ ကိုမွန် မပါဘူး"

သူမ,ရဲ့ နှလုံးသားတွေ လှုပ်ခနဲ အေးသွားသည်။ အို . . . မပြောပါနဲ့တော့။ အဲဒီစကားကို ကျွန်မ, မကြားချင်ဘူး။

သို့ပေမယ့် ကိုမွန့်စကားကို တားမြစ်ပိတ်ပင်နိုင်သည့်ခွန်အား သူမဆီမှာ လုံးဝမရှိတော့ပါ။ ကိုမွန့် အဲဒီစကားကို တစ်လုံးချင်း ပြောပြခဲ့ပါသည်။

"ပြောင်းလဲသွားကြတဲ့အထဲမှာ ကိုယ့်နှလုံးသား မပါပါဘူး . . . နှောင်းလေးရယ်၊ နှောင်းလေးကို ချစ်မြတ်နိုးတဲ့ ထာဝရအချစ်တွေရယ်၊ နှောင်းလေး ဘယ်လောက်မှားယွင်းမှုတွေ လုပ်ခဲ့လုပ်ခဲ့ ခွင့်လွှတ်နားလည်ပေးနိုင်တဲ့ မေတ္တာတွေရယ်, ကိုယ့်နှင်ထဲမှာ သိမ်း

www.burmeseclassic.com

www.burmeseclassic.com



ဆည်းထားဆဲပဲ၊ အဲဒါ . . . ဘယ်တော့မှ ပြောင်းလဲသွားမှာ မဟုတ်ပါဘူး"

ရှက်ရွံ့နွေးထွေးသွားသော သူမပါးပြင်ပေါ် မျက်ရည်စက်တွေ လိမ့်ကျစီးဆင်းလာတာ ကိုမွန် တွေ့မြင်ရမည် မဟုတ်သည့်အတွက် သူမ, ဝမ်းသာပါသည်။ ဩော် . . . အခုအချိန်အထိ သူမ အတ္တကြီးနေဆဲပါလား . . .။

"ကိုမွန် . . ."

"ဟင် . . ."

"နှောင်း . . . အခု ဝင့်လည်တာ ထင်ပါရဲ့နော်"

"ဟာကွာ . . . မဟုတ်တာ . . . နှောင်းလေးရယ်"

"ဟုတ်ပါတယ် . . . နှောင်း . . . ဝင့်လည်တာပါ။ လွန်ခဲ့တဲ့ သုံးနှစ်လောက်က . . . နှောင်း . . . နှောင်းလည်း အဲဒီလိုမျိုး လူတစ်ယောက်ရဲ့ ရင်ခွင်ကို ရက်ရက်စက်စက် ခြေမွပြီး ထားရစ်ဖူးတယ်လေ . . ."

ကိုမွန်ရဲ့ ချိုမြတည်ကြည်သော စကားသံတွေ တိတ်ဆိတ်သွားပါပြီ။ နာကျင်စူးရှစွာ သူမရဲ့ရင်ထဲမှာလည်း တင်းကျပ်ဆို့နင့်လို့။

နှစ်ယောက်စလုံးရဲ့ စကားတွေ ပျောက်ရှတိတ်ဆိတ်သွားလိုက်တာ မိနစ်ပေါင်းများစွာ။ ကိုမွန်ရဲ့ တိတ်ဆိတ်ငြိမ်သက်မှုကြောင့် သူမ ကိုယ့်ကိုယ်ကိုယ် ထုရိုက်သေဆုံးချင်လာသည်။ ကိုမွန် . . .။ ကိုမွန် . . . ငိုနေသလားဟင် . . .။

နောက်ဆုံးတော့ တိတ်ဆိတ်အေးစက်နေသော တယ်လီဖုန်းစကားပြောခွက်ထဲသို့ သူမ သွေးရူးသွေးတမ်း ပြောပြလိုက်မိပြန်သည်။

"ကိုမွန် . . . ကိုမွန့်ကို နှောင်း တစ်ခုမေးချင်တယ်"



"မမေးနဲ့"

ရုတ်တရက် သူ . . . ဒေါသတကြီး သူမ,ကို ဖုန်းထဲမှာ အော် ပါသည်။ ပြီးတော့မှ တုန်လှုပ်လှိုက်ခါသော လေသံနဲ့ ကိုမွန် ဆ်တိုးတိုး တောင်းပန်နေသည်။

"မမေးပါနဲ့ နှောင်းရယ်၊ ကိုယ့်ကို အဲဒီမေးခွန်း အခုအချိန်မှာ မေးပါနဲ့၊ ကိုယ် . . . မဖြေပါရစေနဲ့"

"မေးပါရစေ ကိုမွန်၊ နှောင်းရဲ့ မိုက်မဲမှုတွေအတွက် အဲ့ဒီ မေးခွန်းလေးကိုတော့ နှောင်းကို မေးခွင့်ပြုသင့်ပါတယ်၊ ကိုမွန် ဖြေပေးပါ၊ နှောင်းကို သနားရင် ဖြေပါ"

တိတ်ဆိတ်ငြိမ်သက်မှုက ချောက်ချားဖွယ်ရာ ကောင်းလာသည်။ သူမ, မေးလိုက်မိသည်။

"ခုနက ကိုမွန်ပြောတယ်၊ ကိုယ်ချစ်တဲ့သူကို စွန့်လွှတ်ဆုံးရှုံးလိုက်ရတဲ့ အချိန်မျိုးမှာမှ မငိုဘူးဆိုရင် ဘယ်အချိန်မှာ ငိုရမှာလဲ . . တဲ့၊ ကိုမွန်ရော . . . နှောင်းကို . . . နှောင်းကို . . . လွန်ခဲ့တဲ့သုံးနှစ်က စွန့်လွှတ်လိုက် ရတဲ့အချိန်မှာ . . . ငို . . . ငိုခဲ့ဖူးသလား . . . ဟင်"

"ကိုယ် မငိုခဲ့ဘူး . . . နှောင်း . . ."

"ဟင် . . ."

သူ့အဖြေစကားက တိကျပြတ်သားလွန်းစွာ ချက်ချင်းထွက်ပေါ်လာ၍ သူမ အံ့အားသင့် တွေဝေသွားရလေသည်။

"ကိုယ် . . . လုံးဝ . . . မငိုခဲ့ဘူး၊ အဲဒါ . . . ဘာဖြစ်လို့လဲ သိလား၊ နှောင်း . . . သိလား"

"ဟင့်အင်း . . ."

သူမ တုန်လှုပ်စွာ ပြန်ဖြေလိုက်မိစဉ် ကိုမွန်က အေးစက်

www.burmeseclassic.com

www.burmeseclassic.com



ခြောက်သွေ့စွာ အဲဒီစကားကို ပြောပါသည်။

"ဘာဖြစ်လို့လဲဆိုတော့ နှောင်းကို ကိုယ်ဘယ်တုန်းကမှ မစွန့်လွှတ်ခဲ့လို့ပဲ၊ နှောင်းကို ကိုယ့်နှလုံးသားက ဘယ်တုန်းကမှ ထုတ်ပယ်မပစ်ဘဲ အမြဲတမ်း မျှော်လင့်နေခဲ့လို့ပဲ၊ နှောင်းကို ချစ်မြတ်နိုးခွင့် ပြန်ရဖို့၊ နှောင်းကို ပိုင်ဆိုင်ရယူဖို့ ကိုယ်အမြဲတမ်း ကြိုးစားနေမိလို့ပဲ ဘယ်တုန်းကမှ လက်မလျှော့ခဲ့လို့ပဲ . . . နှောင်း"

"ကိုမွန်ရယ် . . ."

သူမ . . တယ်လီဖုန်းကို လက်ဖဝါးလေးနဲ့ အုပ်ကာ ရှိုက်ကြီးတငင် ငိုချလိုက်ပါသည်။ ငိုပါရစေတော့ . . .။ ကျွန်မ ငိုပါရစေတော့။

အဲဒီလိုမေတ္တာမျိုးကို တစ်ချိန်တစ်ခါက ရက်ရက်စက်စက် လွှင့်ပစ်ခဲ့ဖူးတဲ့ ကျွန်မရဲ့ မိုက်မဲမှုအတွက် ငိုပါရစေတော့ ကိုမွန်ရယ်။

"ကိုမွန် . . ."

သူမ ငိုရှိုက်သံများကြားမှ တုန်ရီလိုက်မောစွာ လှမ်းခေါ်လိုက်တော့ ကိုမွန် ငြိမ်သက်နေပါသည်။

"တစ်ဆိတ်လောက် . . . ကိုမွန်၊ ကျေးဇူးပြုပြီး . . . ကျွန်မကို . . . ကျွန်မကို ခွင့်မလွှတ်ပါနဲ့လား၊ ကျွန်မကို လုံးဝခွင့်မလွှတ်ပါနဲ့ . . . ကိုမွန်ရယ်"

သူမ . . . ငိုကြွေးသံတွေကို သူ နားထောင်နေသေးသည်။

"ကျွန်မဟာ . . . ကိုမွန်မုန်းဖို့ သိပ်ကိုထိုက်တန်တဲ့ မိန်းမပါ။ နှောင်းကို မုန်းပါ . . . ကိုမွန်၊ မုန်းလိုက်စမ်းပါ"

သူ့ရဲ့ ကြေမွနာကျင်နေသော ရယ်သံခပ်အက်အက် စတင်ထွက်ပေါ်လာပါသည်။ ရယ်သံရဲ့နောက်က ပြတ်သားရှင်းလင်းစကားကို သူမ ထပ်မံကြားရသည်။ အဲဒီစကားက သိပ်ကိုအံ့ဩစရာ ကောင်းပါသည်။



"ကိုယ် မုန်းခဲ့တာ ကြာပါပြီ"

သူမ,ရဲ့ ငိုရှိုက်သံတွေ တစ်ဝက်တစ်ပျက်နှင့် ရပ်တန့်သွားတော့မှ သူက ဆက်ပြောသည်။

"ဒါပေမဲ့ . . . မင်းကို မဟုတ်ဘူး"

သူ သက်ပြင်းရှိုက်နေသည်။ သူမရဲ့ နှလုံးသားကို ခါးသွားတစ်ခုလို နစ်ဝင်ထိုးစိုက်နိုင်ခဲ့သော စကားတစ်ခွန်းအား သူ ဆက်ပြောပြသည်။

"ကိုယ် . . . သိပ်ကိုခါးသီးနာကြည်းစွာ မုန်းတီးမိခဲ့တာ . . . မင်းကို အခုထက်ထိ ချစ်မြတ်နိုးနေမိသေးတဲ့ ကိုယ့်နှလုံးသားကိုယ်မုန်းခဲ့တာ၊ သိလား . . . နှောင်း။

❦ ❦ ❦

www.burmeseclassic.com

www.burmeseclassic.com

# ပထမအခန်း

www.burmeseclassic.com

www.burmeseclassic.com

"အချစ်ဆိုတာ ... ငှက်တစ်ကောင်နဲ့တူတယ်၊
တချို့က လှောင်အိမ်ထဲမှာ ထားချင်တယ်၊
တချို့ကလည်း လှောင်အိမ်ထဲက လွှတ်ပေးချင်တယ်၊
လွှတ်ပေးလိုက်ရင်တော့ ...
လှောင်အိမ်ဆီကို ပြန်လာမယ့်ငှက်က ...ရှားတယ်"

# ၁

ညနေဘက် ခန္ဓာဗေဒ ကျူတိုရီယယ် စာသင်ချိန် စ,ခါနီးကျမှ ကျောင်းသူ ကျောင်းသားတွေ ခွဲစိတ်ခန်း (Dissecting Room) ထဲကို တဖွဲဖွဲ ဝင်လာကြသည်။

သူမ,တို့ သူငယ်ချင်းလေးယောက်အုပ်စုကတော့ ထမင်းစား နား ပြီးကတည်းက ဒီအခန်းထဲ လာဝင်ထိုင်နေကြခြင်းဖြစ်ပြီး နီးနေပြီ ဖြစ်သော ခန္ဓာဗေဒ ခေါင်းပိုင်းနဲ့လည်ပင်းပိုင်း (Head & Neck) စာမေးပွဲအတွက် အတူစာစုကျက်နေကြတာ ဖြစ်သည်။

အခန်းထဲမှာ ရှိနေသော လူဦးခေါင်းခွံအရိုးကြီးကို ရှေ့မှာ ချတာ အဲဒီဦးခေါင်းခွံရိုးကို ဖွဲ့စည်းတည်ဆောက်ထားသော အရိုး အစိတ်အပိုင်းပေါင်းကလေးတွေများစွာကို နာမည်ရွတ်တတ်၊ လက်ညှိုး နဲ့ထောက်ပြတတ်အောင် ကျက်မှတ်လေ့လာနေရသည်။

ခန္ဓာဗေဒဘာသာရပ်မှာ ဦးခေါင်းပိုင်းက အခက်ဆုံးဟု သူမ,တို့ ကြားဖူးထားသည် မဟုတ်လား။

တဖွဲဖွဲရောက်လာသည့် ကျောင်းသားတွေထဲမှာ သူမ,တို့ လေးယောက်အဖွဲ့နှင့် အရင်းနှီးဆုံး ယောကျ်ားလေး သူငယ်ချင်းနှစ်ဦး ခင်သူ ရဝေနှင့် ယုဒါတို့ ပေါ်မလာတာကို ရှိလာက နှုတ်မှနေ၍တောင် [illegible]တ်ညည်းလိုက်သည်။

"ကိုယုတို့နှစ်ကောင် ... ပေါ်ကို မလာဘူးကွာ၊ မနက်က

www.burmeseclassic.com

www.burmeseclassic.com



လက်ချာခိုန်တွေအကုန်လုံးလည်း ဆိုင်း (Sign) ခိုးထိုးပေးခဲ့ရတယ် ခုလည်း နောက်ကျနေကြပြန်ပြီ"

ရှီလာက မျက်နှာဖျက်ပျက်နှင့် ညည်းညူနေတော့ သူမ ဘေးမှာထိုင်နေသော ယမုံက လှမ်းနောက်သည်။

"ဘယ်လိုဖြစ်လို့ ဒီလောက် ဖူးမြော်နေချင်ရတာလဲ . . . ရှီ ရှင်တို့နှစ်ယောက် ဒီလောက် နေ့တိုင်းတွေ့နေရတာ . . . မရိုးသေး ဘူးလား"

ယမုံရဲ့စကားကြောင့် ယမုံ့ဘေးမှာထိုင်နေသော လတ်လတ် ရော၊ သူမပါ တခစ်ခစ် ရယ်မောမိကြသည်။

ယမုံ နောက်လည်း နောက်ချင်စရာ။

ရှီလာနဲ့ယုဒါတို့က ဆေးကျောင်းစ,မတက်ရသေးခင် ဆယ် တန်းဖြေပြီးကတည်းက ချစ်သူတွေဖြစ်ခဲ့ကြတာလေ။ ရှီလာရဲ့ ပြော စကားအရ ဆယ်တန်းစာမေးပွဲကြီးပြီးတဲ့ နောက်ဆုံးနေ့မှာပင် ယုဒါက ရှီလာ့ကို ရည်းစားစကား ပြောခဲ့တာဆိုပဲ။

တကယ်တော့ . . . သူမ,တို့သူငယ်ချင်း လေးယောက်အုပ် သည် အထက်တန်းကျောင်းမှာကတည်းက . . . အတူတူ။ စိန့်ဩဂတ် စတင်းဟုလည်းခေါ်သော အထက (၂) ကမာရွတ်မှ ဆယ်တန်း အောင်ကာ ဆေးတက္ကသိုလ် (၁) သို့ အတူတကွ ရောက်လာကြခြင်း ဖြစ်သည်။

ယုဒါကလည်း သူမ,တို့ အထက်တန်းကျောင်းမှာကတည်းက ငယ်သူငယ်ချင်း။ ဆယ်တန်းစာမေးပွဲဖြေပြီးလို့ နောက်ဆုံးနေ့မှာ သူငယ်ချင်းတွေစုပြီး ရုပ်ရှင်သွားကြည့်ကြမည်ဆိုတော့ သူမ,တို့ မိန်းကလေးအုပ်စုနှင့်အတူ ယုဒါနဲ့ သူ့သူငယ်ချင်း ယောကျ်ားလေး



တချို့ ပါလာကြသည်။

ရုပ်ရှင်ရုံထဲမှာ တန်းစီထိုင်ကြတော့ ရှီလာက မိန်းကလေး အုပ်စုရဲ့ အစွန်ဆုံး။ ယုဒါက ရှီလာဘေးမှာ ကပ်လျက်ထိုင်သည်။ အဲဒီရုပ်ရှင်ထဲမှာတင် ဘယ်သူမှမသိလိုက်ဘဲ ယုဒါက ရှီလာ့ကို . . . "ချစ်တယ်" . . . ဟု ပြောခဲ့တာတဲ့။

တတ်လည်း တတ်နိုင်တဲ့ ယုဒါ။

အဲဒီနောက်တော့ တက္ကသိုလ် စ,မတက်ရသေးခင် ကျောင်း ရက်ရှည် ပိတ်ထားသည့်ကြားမှာပဲ ရှီလာက ယုဒါကို ပြန်အဖြေပေးကာ ချစ်သူတွေဘဝ ရောက်သွားကြတာ ဖြစ်သည်။

အမှန်တော့ ယုဒါနဲ့ရှီလာက အင်မတန်မှ လိုက်ဖက်တဲ့ စုံတွဲ ကလေးမို့ သူငယ်ချင်းတွေအကုန်လုံးက ထောက်ခံအားပေးရင်းနဲ့ ဖြစ်သွားကြတာပါ။

မိဘတွေချင်းကလည်း ရင်းနှီးပြီးသား။ နှစ်ဦးစလုံးကလည်း ယုံကြည်သက်ဝင်တဲ့ ကက်သလစ်ဘာသာချင်း အတူတူ။ ရှီလာက အိန္ဒိယအနွယ်စပ်ကာ နှာတံပေါ်ပေါ်၊ မျက်လုံးမျက်ဖန်နက်နက် ကျယ်ကျယ်နှင့် အသားအရေက ညိုညက်ကာ ဆံပင်အုံထူထူကောက် ကောက်ကလေးမို့ ကပြားချောလေးချောတဲ့ မိန်းကလေးဖြစ်သည်။ ခန္ဓာကိုယ်လေးကလည်း ပိန်ကပ်ကပ် သွယ်လျလျဖြစ်နေတော့ တစ်နှစ် က ရသွားတဲ့ မယ်စကြာဝဠာပြိုင်ပွဲက မယ်အိန္ဒိယနှင့် တူသည်ဟုဆို ကာ ရှီလာကို အမြဲ သူမ,တို့က 'မယ်စကြာ' ဟု တစ်ခါတစ်ခါ နောက် ပြောင်၍ ခေါ်တတ်ကြသေးသည်။

အဲဒီ ရှီလာနဲ့ ချစ်သူဖြစ်သွားတဲ့ ယုဒါကလည်း မြန်မာသွေး တစ်ဝက်ပဲ ပါသည်။ ယုဒါရဲ့ အဖိုးက စကော့ချ်လူမျိုးတစ်ယောက်ဟု

www.burmeseclassic.com

www.burmeseclassic.com



ကြားထားဖူးတဲ့အတိုင်း ယုဒါမျက်လုံးတွေက မီးခိုးရောင်လေး ပြာလဲ့နေသည်။ ဆံပင်တွေက နီညိုရောင်လိုလို၊ ရွှေအိုရောင်လိုလို သမ်းနေတဲ့အထဲ အသားအရေက ဖွေးဆွတ်နေကာ တကယ့်အနောက်တိုင်းသားရုပ်ကလေး ပေါက်နေသည်။

အဲဒီလို ယုဒါနဲ့ ရှိုလာတို့မှ ချစ်သူတွေမဖြစ်ရင် ဘယ်သူတွေဖြစ်ရမလဲ။ သူတို့နှစ်ယောက် ဆေးကျောင်းရောက်ခါစ,က သိပ်ကိုလိုက်ဖက်တဲ့ ဘိုဆန်ဆန်စုံတွဲလေးမို့ လူတကာက ငေးကြည့်ကြသော်လည်း . . . ခုများမှာတော့ ဆေးတက္ကသိုလ် ပထမနှစ်လည်းအောင်၊ ဒုတိယနှစ်လည်း ပြီးဆုံးခါနီးနေပြီဆိုတော့ ဘယ်သူမှ အထူးတလည်စိတ်မဝင်စားကြတော့ပါ။

ကျောင်းတက်နေစဉ်မှာလည်း ယုဒါနဲ့ ရှိုလာက ခုံနံပါတ်ချင်းက နီး၊ အမြဲတမ်း ကျူတိုရီယယ်လုပ်လုပ်၊ ပရက်တီကယ်လ်လုပ်လုပ် တစ်ဖွဲ့တည်း လာလာကျနေတတ်တော့ မျက်စိနောက်စရာကောင်းလောက်အောင် သူတို့နှစ်ဦးက တွဲခုတ်ခွင့်ရနေပါသည်။ ကြာလာတော့ ဘေးကလူတွေသာ သူတို့နှစ်ယောက်ကို တတွဲတွဲမြင်နေရတာ ရိုးသွားကြသည်။

သူတို့နှစ်ယောက်က . . . လုံးဝ မရိုး။ နှစ်တွေကြာလာသည့်တိုင် သူတို့နှစ်ဦးရဲ့ အချစ်တွေက ပိုလို့တောင် ခိုင်မြဲလာသယောင်ထင်ရသည်။ စံပြနမူနာယူစရာကောင်းတဲ့ စုံတွဲလေး . . .။

ယုဒါနဲ့ ရှိုလာ။

ခုလည်း . . . ကြည့်။ သူ့မောင်တော် ယုဒါက တစ်မနက်လုံး စာသင်ချိန်တွေလစ်ကာ ခုလည်း ကျူတိုရီယယ်လ်ချိန် နောက်ကျနေတာနဲ့ ပတ်သက်ပြီး ရှိုလာ မျက်စိမျက်နှာ ပျက်နေသည်။



"ခုထိ ပေါ်မလာသေးဘူး . . . ကြည့်၊ မနက်ကတော့ သူ့မာမီကို လေဆိပ်လိုက်ပို့စရာရှိလို့ဆို . . . လစ်တာ ထားပါတော့၊ သူ့မာမီလေယာဉ်က ဆယ့်နှစ်ခွဲဆို ထွက်ပြီ၊ (Silk Air) နဲ့ ပြန်မှာပဲဥစ္စာ၊ သူ ပေါ်ကို ပေါ်လာရတော့မယ်၊ အခု . . . နှစ်နာရီတောင် ထိုးတော့မယ်"

"လာမှာပေါ့ဟယ်၊ နင်ကလည်း . . . နားညည်းလိုက်တာ၊ မှို . . . ကိုယ့်ဟာကိုယ် ဒီမှာ စာကျက်နေစမ်းပါ၊ ဆရာမက ဒီနေ့ စကားလ် (Skull) ကို မေးမှာတဲ့နော်၊ လာ . . . နင့်ချစ်ချစ်ကြီး ယုဒါကို ခဏမေ့ထား၊ ဒီအရိုးခေါင်းက ပိုအရေးကြီးတယ် . . ."

"အဲဒါ . . . ပြောတာပေါ့၊ ဆရာမက စာမေးဦးမယ်၊ ကိုယုရော . . . ရဝေရော စာလည်းကျက်လာကြမှာ မဟုတ်ဘူး၊ မေးရင်အိုးနင်းခွက်နင်းနဲ့ ငါတို့ပဲ နောက်ကနေ ထောက်, ထောက်ပေးရဦးမယ်၊ သိပ်ခက်တာပဲ . . . စောစောစီးစီး ကျောင်းလာပြီး စာလေး ဘာလေး ဖတ်မယ် စိတ်မကူးဘူး"

"ပြောလိုက်မှ . . . မိရှိုလာတို့ ပိုသဲနေပြန်ပြီ၊ ဟော . . ."

တဗျစ်ဗျစ်နဲ့ ပြောနေတဲ့ ရှိုလာ့ရဲ့စကားအဆုံးမှာ ယုဒါနဲ့ ရဝေတို့နှစ်ယောက် စာသင်ခန်းအပေါက်ဝမှာ အပြေးတစ်ပိုင်းနဲ့ ပေါ်လာကြပါသည်။

"ကဲ . . . ကဲ . . . လာပါပြီတော် . . . ရှင့်ရဲ့ ကိုကိုယုဒါ"

ပေါ်လာတော့လည်း ရှိုလာက ယုဒါကို ခပ်နွဲ့နွဲ့ မျက်စောင်းလှမ်းထိုးသည်။ ယုဒါက တဟဲဟဲရယ်ပြီး သူမ,တို့ ခုံတန်းနောက်မှာ ဝင်လာထိုင်သည်။

"စိတ်မကောက်ကြေးနော် . . . ရှိုလေး၊ မနက်က ကိုယ်

www.burmeseclassic.com

www.burmeseclassic.com



သယ်သွားရမှာယ်ဆိုတာ ပြောပြီးသား"

"စိတ်မကောက်ပါဘူး၊ နောက်ကျလို့ စိတ်ပူနေတာ၊ ဒီ… ဆရာမက စာမေးမယ် ပြောထားတာ၊ ပေါ်မလာသေးလို့ ရှင်တို့ ကျ… မလာဘူး မဟုတ်လား . . . ကိုယုနဲ့ရဝေ၊ ကျွန်မ သိတယ်၊ … . . . အခု ကျက်"

ရှီလာက ဆောင့်ဆောင့်အောင့်အောင့်နဲ့ ခုနက လူဦးခေါ်… ခွံအရိုးကို ယုဒါတို့ရှေ့ ဆောင့်ချပေးလိုက်တော့ ဘေးက လတ်လ… ခမျှာ ပျာပျာသလဲ ဝင်အော်သည်။

"ဖြည်းဖြည်းလုပ်ပါ ရှီလာရဲ့ . . . ဟဲ့ . . . ဟဲ့၊ ဒီခေါင်း… က ကျောင်းသားအယောက်နှစ်ဆယ်မှာမှ တစ်ခေါင်းတည်းရ… . . . ကျိုးပွဲ့ကုန်ပါ့မယ် . . . ဖြည်းဖြည်း"

အမြဲလိုလို ယောကျာ်းလေးတွေပီပီ စာကျက်ဖို့ ပျင်းကြ… ကြောင့် ယုဒါနဲ့ရဝေမှာလည်း အခုမှ အရိုးခေါင်းရှေ့ချတာ စာကျက်… ပြင်ကြသည်။

ဖြူဝင်းသော နဖူးပြင်မှာ ချွေးစ,လေးတွေ သီးနေသော ရ… ရဲ့ ခပ်ပြူးပြူးမျက်နှာကို သူမ, . . . လှည့်ကြည့်ရင်း ခပ်တိုးတိုး မေ… သည်။

"ဘာလို့ . . . နောက်ကျနေတာလဲ"

သူမ,တို့သူငယ်ချင်းတွေအုပ်စုထဲမှာ အမြဲပင် သူမ,က ရ… ကို တရင်းတနှီး စကားပို၍ ပြောဖြစ်လေသည်။

ရဝေက ယုဒါနဲ့ သူမတို့အုပ်စုလို ငယ်သူငယ်ချင်း… မဟုတ်ဘူးလေ။ ဆေးကျောင်းပထမနှစ်ရောက်မှ စတင်တွေ့ဆုံရ… ရဝေက နံရံကျောင်းမှ ဆယ်တန်းအောင်ပြီး . . . ဆေးကျောင်း…



…ာမည်အစ, ဗျည်းအက္ခရာနှင့် ခုံနံပါတ်တွေ စီချလိုက်တော့ သူ့သူငယ် …ချင်းတွေနဲ့ ကွဲကာ သူမတို့အုပ်စုထဲ ရောက်လာခြင်း ဖြစ်သည်။

သူမ,တို့ အုပ်စုထဲမှာမှ ရဝေအခင်ဆုံးက ယုဒါဖြစ်နေတော့ နောက်ပိုင်းမှာလည်း ရဝေနဲ့ယုဒါက တတွဲတွဲ ဖြစ်လာသည်။ ယုဒါနဲ့ အတွဲဆုံး ယောကျာ်းလေးဖြစ်လာမှတော့ သူတို့အုပ်စုနဲ့လည်း ခင်မင် …ရင်းနှီးဖြစ်သွားပါသည်။

အဲဒီအထဲမှာမှ ရဝေနဲ့ 'ရှင်နှောင်း' ဆိုတဲ့သူမက ခုံနံပါတ် …ချင်း ကပ်လျက်လိုဖြစ်နေတော့ သူမနဲ့က ပိုရင်းနှီးသွားခဲ့သည်။

ငယ်သူငယ်ချင်းမဟုတ်လို့ ယုဒါထက်စာရင် သူ့ကို အနည်း …ငယ် စိမ်းသက်စွာဆက်ဆံသည်ဟု ထင်မှာစိုး၍ သူမက ရဝေကို ပိုလို့ …တောင် တရင်းတနှီး ခင်ခင်မင်မင် ဆက်ဆံဖြစ်ခဲ့သည်။

ရဝေဆိုသည့် ကောင်ကလေးကလည်း ခင်မင်စရာကောင်း …လောက်အောင် အပြုအမူတွေက ဆန်းကြယ်သည်။

ခုလည်း . . . ကြည့်။

"ဘာလို့ နောက်ကျနေတာလဲ . . ." ဟု မေးလိုက်တာနှင့် အပြုံးအရယ် နည်းပါးစွာ ခပ်တည်တည်အမြဲနေတတ်သော သူ့ …နှုတ်ခမ်းထူထူလေးတွေက ခပ်စုစုလေး ပြုံးသွားသည်။

"ရော့ . . . အဲဒါ နှောင်းတို့စားဖို့ အိမ်မှာ မမကြီးကို သုတ် …ခိုင်းနေတာ၊ အဲဒါကြောင့် ကြာသွားတာ"

သူမ,တို့အုပ်စု အကုန်လုံးက ရဝေလှမ်းပေးသော ကြွေပြည် …သုတ်စတီးလ်ဇလုံလေးကို ဝိုင်းဆွဲပြီး အပေါ်ကပလပ်စတစ်အဖုံးလေး … ဆွဲလှန်လိုက်တော့ အားလုံး အံ့အားသင့် ဝမ်းသာသွားကြပါသည်။

"ဟယ် . . . လက်ဖက်သုတ်တွေတော့"

www.burmeseclassic.com

www.burmeseclassic.com



လတ်လတ်ရဲ့အသံက ရယ်ချင်စရာကောင်းလောက်အောင် ကျယ်လောင်ထွက်သွားပါသည်။ အဲဒီရဝေရဲ့ စတီးလ်ဇလုံဘူးလေး မှာ လက်ဖက်နဲ့အကြော်စုံတွေက အကျအန သုတ်ပြီးသား၊ နယ် သား။ ပုစွန်ခြောက်အနီရဲရဲလေးတွေနိုင်းချင်းနဲ့ ငရုတ်သီးစိမ်းတော လေးတွေတောင် ဘေးမှာပုံလို့။ ငှန်းအဲသေးလေးနှစ်ချောင်းက အသ တပ်ထားသေး။

သူမ ရင်တွေ လှုပ်ခနဲခုန်သွားတာ ပထမဆုံးအကြိမ်အဖြ သတိထားမိခဲ့ပါသည်။ ချက်ချင်းပဲ ရှိုလာ့ဆီက သတိတရ စကားဆို ထွက်လာသည်။

"ဟယ် . . . အံ့သြစရာကောင်းလိုက်တာ . . . ရဝေရယ် မနက်ကပဲ . . . အဲဒီမိရှင်နှောင်းက ဒီနေ့လက်ဖက်သုတ် စားခ လိုက်တာလို့ ထူးထူးခြားခြား ထုတ်ညည်းနေတာ၊ မစားရတာ ကြာ . . . တဲ့၊ ဆီရွှဲရွှဲလေး ဆမ်းပြီး . . . ပုစွန်ခြောက်တွေအုပ် . . . လို့ စားချင်လိုက်တာ . . . တဲ့၊ ကဲ . . . ကြည့်စမ်း၊ အခုတော့ ရှင်စားခ နေတာ ရဝေ ဘယ်လိုလုပ်ပြီး သိနေတာလဲ၊ ရှင် . . . သူ့ဆီ ဖုန်းလှ ဆက်လိုက်သလား . . . ဟုတ်လား"

"အို . . . မဆက်ပါဘူး၊ ပေါက်တတ်ကရ"

သူငယ်ချင်းတွေသာ မဟုတ်၊ သူမ, ကိုယ်တိုင်တောင် အံ့ဩ လွန်းနေတာ။ တစ်ခါတစ်ခါကျတော့ ရဝေ လုပ်ကိုင်ပေးနေတာတွေ သူမ,လို ချင်တာတွေဟာ တစ်ထပ်တည်း ကျကျနေတတ်တာ။

သူမ သတိထားမိတာ သုံးလေးကြိမ်ခန့် ရှိသွားပြီ။ တစ်ခါ လည်း သူမ အိမ်မှာဝယ်ပြီးမှ ပျောက်သွားတဲ့ "မြစ်နှစ်စင်းရဲ့ပင်လယ် ကက်ဆက်ခွေလေးကို အမှတ်တရ လာပြန်လက်ဆောင်ပေးဖူးသည်



. . . အဲဒီတုန်းက ဘယ်လောက် ဝမ်းသာအားရ ဖြစ်သွားတာ ရဝေပဲ သည်။

"ဟယ် . . . ဒီအခွေလေး . . . ပျောက်နေတာကြာပြီ၊ ဝယ် ယ် . . . ဝယ်မယ်နဲ့ ပြန်မဝယ်ဖြစ်သေးတာ၊ ရဝေက ကျွန်မ နှစ်သက် ဟာမျိုးကို ရှာလည်းတွေ့တတ်တယ် . . . နော်၊ အံ့ဩစရာကောင်း ကိုတာ"

အဲဒီတုန်းက သူမ,ကိုယ်တိုင် နှုတ်က ထုတ်ပြောမိဖူးပြီး . . . ! နောက်တစ်ခါ သူမ,ဖြီးနေကျ ဝက်မှင်ဘီး ဘရပ်ရှပ်လိုမျိုး ဘီးတစ်ခုကို လက်ဆောင်ပေးပြန်တော့ သူမအံ့ဩလွန်းကာ သူငယ်ချင်းတွေကို ကျိတ်၍ ထုတ်ကြွားမိသည်။ ရဝေ သိအောင်တော့ သူမ . . ဝမ်းသာ မိပြန်။

အံ့ဩစရာကောင်းတာက ဒီလိုဘီးမျိုးနဲ့ပဲ သူမ ဆံပင်ဖြီး တတ်တာ သူ ဘယ်လိုသိပြန်ရသလဲ။ သူမ,က ယောကျ်ားလေးတွေရှေ့ ာ ဘယ်တော့မှ ဆံပင်ကို ဘီးနဲ့ထုတ်မဖြီးဖူးပါ။ အနည်းဆုံး သူမ,ရဲ့ ချစ်သူ ကိုမွန်ရှေ့မှာပင် သူမ, ခေါင်းမဖြီးဖူးခဲ့ပါ။

ကိုမွန်တောင် သူမ, ဒီလိုဘီးနဲ့မှ ဆံပင်ကို ဖြီးတတ်တာ သိရဲ့ အား မသိ။

အခုလည်း . . . ကြည့်။

မနက်ကပဲ ကျန်တဲ့သူငယ်ချင်းသုံးယောက်ရှေ့မှာ သူမက လက်ဖက်သုတ်လေးစားချင်လိုက်တာ . . . ဟု ထုတ်ညည်းခဲ့သော။ အခုညနေကျတော့ ရဝေက သူမရှေ့ကို လက်ဖက်သုတ်ဘူးလေး ဘူးတက ယူလာပေးနေသည်။

မနက်ခင်းက တစ်မနက်လုံး ပျောက်ချက်သားကောင်းနေတဲ့

www.burmeseclassic.com

www.burmeseclassic.com



ရဝေး သူမရဲ့စိတ်လိုအင်ဆန္ဒကို တိတိကျကျကြိုသိနေခဲ့သလိုပါလား။

အံ့ဩစရာ ကောင်းလိုက်တာ။ အခုတော့ သူမ,သာမက သူငယ်ချင်းတွေအားလုံးကပါ တအံ့တဩနှင့် ထုတ်ပြောယူရတော့သည်။

"ဟယ် . . . ရဝေ့ဆီ . . . ရှင် ဖုန်း တကယ်မဆက်လိုက်ဘူးဆိုရင်တော့် . . . ဒါ . . . တော်ရုံတန်ရုံ တိုက်ဆိုင်မှုမျိုး မဟုတ်ဘူး၊ ရဝေနဲ့ ရှင် . . . စိတ်ချင်းဆက်သွယ်နေတဲ့ တယ်လီပသီလိုမျိုးများ ရှိနေပြီလား မသိဘူး"

လတ်လတ်ရဲ့ စကားကြောင့် သူမ,မျက်နှာလေးက ဘာကြောင့်မှန်း မသိ . . . နွေးခနဲ နီမြန်းသွားသလို ရဝေကလည်း ရှက်ကိုးရှက်ကန်းမျက်နှာနဲ့ ခပ်အစ်အစ် ရယ်သံထွက်၍ ရယ်သည်။

သူမ,မှာ ရင်ကလည်းခုန်နေသလို စိတ်လည်း အနှောင့်အယှက် ဖြစ်လာသည်။ အများတကာတွေထဲမှာလည်း ရဝေက သူမဗို့ ပိုမိုဂရုစိုက် တွယ်တာနေလွန်းသလိုလို။ သူမ, အနေရခက်ပါသည်။

တစ်စုံတစ်ရာ စွပ်စွဲဖို့ဆိုတာကျတော့လည်း ရဝေရဲ့ ဖြူစင်နုနယ်သော မျက်လုံးလေးတွေက အမြဲတစေ ရိုးသားရှင်းလင်းနေခဲ့ပြန်သည်။

သူမအပေါ် သူငယ်ချင်းတစ်ယောက်ထက် ပိုမိုသာလွန်သောသံယောဇဉ် တစ်စွန်းတစ်စ,မျိုး တစ်ခါမှ ထုတ်မပြဖူးခဲ့။ သူမ,ကပဲ ယောက်ျားလေးတွေရဲ့ မျက်လုံးများကို ဖတ်ရှုရာမှာ နည်းနည်းညံ့နေသလား . . .။

သို့ပေမယ့် သူမ,မှာလည်း သိပ်ကိုချစ်မြတ်နိုးရတဲ့ ချစ်သူရှိပြီးသား၊ "မွန်မြတ်" ဆိုတဲ့ယောက်ျားတစ်ယောက်နဲ့ နှလုံးသားချင်းဖလှယ်ပြီးကြပြီဆိုတာ သူငယ်ချင်းတွေ စ,နောက်ကြတာတစ်မျိုး၊ ပေါ်



ပေါ်ထင်ထင် ပြောဆိုသံတွေကြားရတာက တစ်မျိုးနဲ့ သူ သိပြီးထားပြီ မဟုတ်လား . . .။

ကိုမွန်ဆိုလျှင် သူမ, မိန်းကလေးသူငယ်ချင်းတွေ အားလုံးနဲ့ မိတ်ဆက်ပေးထားပြီးသား။ ရဝေတို့ ယောက်ျားလေးတွေနဲ့ သူမက သိပ်မရင်းနှီးခင်မှာ ကိုမွန်က ဂျပန်ထွက်သွားတာဆိုတော့ ကိုမွန့် အကြောင်းကို ယုဒါတို့၊ ရဝေတို့ သိပ်တော့ မသိကြသေးပါ။

ဒါပေမဲ့ . . . သူမ,မှာ ချစ်သူရှိပြီးသားဆို တာတော့ ဖွင့်ပြောစရာ မလိုဘဲနှင့် အားလုံးနားလည်ထားပြီးသားပင်။

အဲဒါကိုမှ ရဝေဆိုတဲ့ အဲဒီလူငယ်ကလေးရဲ့ အပြုအမူတွေ သိပ်ဆန်းကျယ်နေတာ သူမ, အံ့ဩချင်လာသည်။ ဒီကြားထဲမှ . . . ရှိလာကလည်း သတိတရ ထုတ်ပြောပြနေပြန်သည်။

"ဟဲ့ . . . နှောင်း၊ ရဝေက ရှင့်စိတ်ကို သိလည်း သိနိုင်လွန်းတယ်နော်၊ ဒါ . . . ပထမဆုံးအကြိမ်မှ မဟုတ်တာ၊ အရင်တစ်ခါတုန်းကလည်း . . ."

သူမ,က ရဝေ မသိအောင် ရှိလာရဲ့ လက်မောင်းကို ဆွဲလိမ်ပစ်ပြီး တားမြစ်ရပြန်သည်။ အဲဒီမှာ နောက်ဘက်မှာ ရဝေနဲ့ ဘေးချင်းကပ် ယှဉ်ထိုင်နေသော ယုဒါက အလိုက်ကမ်းဆိုးမသိ ထပ်ပြောပြန်လေသည်။

"ဟော့ . . . ငါကြားဖူးတာတော့ အဲဒီလိုမျိုး စိတ်ချင်းဆက်သွယ်နေတဲ့ လူနှစ်ယောက်ဟာ . . . အရင်ဘဝက ချစ်သူတွေဖြစ်ခဲ့ကြလို့ . . . တဲ့"

"အို . . ."

သူမ,က အာမေဋိတ်သံထွက်ကာ ယုဒါကို လှမ်းမျက်စောင်း

www.burmeseclassic.com

www.burmeseclassic.com



ဒိုးဒိုင်ဒေါ် ရသတတော့ အရှက်ကြီး ရှက်သွားပုံရပါသည်။

"တာကွာ . . . မင်းကွာ . . . မင်းကွာ . . ."

မျက်နှာလေးက နီရဲတက်လာပြီး ယုဒါကို လက်သီးဆုပ်နှင့် ဘ်ဆုက် အသံမြည်တဲ့အထိ လိုက်ထိုးနေတဲ့ ရဝေရဲ့ ကလေး ဆိုဇန် အမူအရာလေးက ေးကြည့်ချင်စရာကောင်းနေ၍ သူမ ရင်ေ်ငေးမိသွားသည်။

ရှိ ရဝေက တကယ်တော့လည်း ခင်ဖို့ကောင်းပါသည်။

စကားနည်းပါးပြီး အနေအေးတည်ငြိမ်လွန်းသော်လည်း သူ ဖင်တွယ်တာသော သူမတို့အုပ်စု၏ အနွံတာကို သိပ်သည်းခံ းလွန်းသူ ဖြစ်သည်။

စတင် ရင်းနှီးသိကျွမ်းခါစက သူ့မျက်နှာ နုနုဖတ်ဖတ် ကလေးနဲ့ မလိုက်အောင် တည်တံ့ကာ အပြုံးအရယ်ရှားပါးသော သူ့ပုံစံကို သူမတို့ စကားတင်းဆို၍ပင် ရှုတ်ချဖူးသည်အထိ။

ဟုတ်တော့လည်း ဟုတ်သည်။ အသားဖြူဖြူ မျက်နှာဝိုင်းဝိုင်း အဲဒီလူငယ်လေးရဲ့ မျက်နှာဟာ မျက်လုံးတွေက နက်မှောင်စူးရှသ လောက် အမြဲရီဝေမှိုင်းမှုန်နေသလို ထင်ရသည်။ နှုတ်ခမ်းထူထူ ပုံ ကျကျလေးက အမြဲတင်းစေ့ထားတတ်ကာ ဘယ်သူနဲ့မှလည်း ဖက်လဲ ဘကင်း ရယ်မောနှုတ်ဆက်တာ မတွေ့ရ။

အမြဲတမ်း တစ်စုံတစ်ရာကို အလိုမကျသလိုလို၊ မကျေနပ် သလိုလို မျက်နှာကို တင်းပုပ်ထားတတ်တာ သူ့အကျင့် . . .။ စကား ပြောလျှင်လည်း အများသူငါလို ချိုချိုသာသာ ဝေဝေဆာဆာ မပြော ဇတ်ပြန်။

ရှင်းရှင်းလင်းလင်းနဲ့ တဲ့တိုး . . . တိုတိုပြတ်ပြတ်။



ရှိလာကဆို . . . ယုဒါကိုတောင် ဝေဖန်ပုတ်ခတ်ဖူးသည်။

"ကိုယု . . . ရှင် . . အခုပေါင်းနေတဲ့ ရဝေဆိုတဲ့ကောင်က သဘောရော ကောင်းရဲ့လား၊ သူ့ကြည့်ရတာ ထောင့်မကျိုးဘူး"

တကယ်ကိုပဲ ရဝေ့ပုံစံက တွေ့ခါစမှာ လုံးဝ ထောင့်ကျိုး ည့်ပုံစံ မပေါက်ပါ။ ယမုံကလည်း ပျစ်ပျစ်နှစ်နှစ် ပြောဖူးသည်။

"အေးလေ . . . သူ့မျက်နှာက တစ်လောကလုံးကို ထမင်း ထားရတဲ့ရုပ်မျိုး ဖမ်းနေတယ်၊ ငါတော့ လုံးဝ ကြည့်မရဘူး"

အဲဒီလိုပုံစံမျိုးလေးနဲ့ စ,တင်ရင်းနှီးသိခွင့်ရခဲ့သော ရဝေတစ် ာက်ကို ပထမနှစ်အတွင်းမှာပင် အရမ်းကို စိတ်သဘောထား ြုစင်သူတစ်ဦးအဖြစ် သိလာရတော့သည်။

တဖြည်းဖြည်းနဲ့ ရဝေရဲ့ ကူညီချင်စိတ်ရှိပုံတွေ၊ စိတ်ကောင်း တွေ၊ မိန်းကလေးတွေကို ဦးစားပေးတတ်သော (Gentle Man) ်းတွေ၊ သူမတို့အုပ်စု ဘယ်လို စ, နောက် ပြောင်ပြောင် စိတ်မဆိုး ်ပုံတွေကို တွေ့လာရတော့မှ သူမနဲ့ သူငယ်ချင်းအားလုံးမှာ ရဝေ့ ငယ်ပေါင်းကြီးဖော်တွေလိုဖြစ်ကာ အရမ်းခင်မင်သွားကြ သည်။

သို့ပေမယ့် ရဝေရဲ့ အရှက်အကြောက်ကြီးတာ၊ စကားပြော ်၍ လေသံလေး တစ်ခါတစ်ရံ မာဆတ်တတ်တာကိုတော့ ုံးက သည်းခံနားလည်ပေးကြရပါသည်။

အခုလည်း . . . ကြည့်။

ယုဒါက စနောက်လိုက်တာကို အကြီးအကျယ် ရှက်နေပြီး ည်ငြင်းခုံရန်မဖြစ်တတ်ဘဲ ယုဒါကျောကုန်းကိုသာ မိထိုးနေ ာ သူမတို့မိန်းကလေးတွေ ရယ်မိကြတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



သူမ,ကတော့ ယုဒါရဲ့စကားကို ချေပချင်စိတ်နဲ့ ပြန်ငြင်းရသည်။

“ဟိတ် . . . စိတ်ချင်းဆက်သွယ်နိုင်တာ အရင်ဘဝက ချစ်သူ ဖြစ်ခဲ့လို့ မဟုတ်ဘူးနော်၊ ယုဒါ . . . အဲဒါ မောင်နှမတွေဖြစ်ခဲ့လို့ . . . ဟဲ့ . . . သိလား၊ အခုလည်း ရဝေက . . . ငါ့မောင်လေး၊ နော် . . . ရဝေနော်”

ရဝေကပါ ကျေနပ်သလိုလိုနဲ့ ဘာမှပြန်မပြောဘဲ နှုတ်ခမ်းလေးစုကာ ထုံးစံအတိုင်း ခပ်တိုးတိုးရယ်လို့သာ နေပါသည်။ တကယ်လည်း မွေးနေ့ရက်ချင်းယှဉ်လျှင် ရဝေက သူမထက် ခုနစ်လကျော်ကျော် ငယ်ရွယ်နေသေးသည်။

ယမုံက သူမ,ရဲ့ လေသံကို ကြည့်မရဟန်နှင့် . . .။

“အံမယ်လေး . . . မယ်ရှင်တို့များ . . . သူစားချင်နေတဲ့ လက်ဖက်သုတ်ယူလာတာနဲ့ ရဝေကို သူ့မောင်လေး ဆွဲတော်လိုက်ပြန်ပြီ၊ မပြောလိုက်ချင်ဘူး၊ မိန်းမ . . . ကဲတာ”

ရဝေ့ခမျာ အားလုံးက ဝိုင်းပြောနေတာနှင့်ပဲ မျက်နှာမထားတတ်တော့ပုံ ဖြစ်လာပါသည်။ စူဆောင့်ဆောင့် အော်ပါလေတော့သည်။

“ဟာဗျာ . . . ကျွန်တော် လက်ဖက်သုတ်ယူလာတာ နှောင်းတစ်ယောက်တည်း စားဖို့ ယူလာတာကျနေတာပဲ၊ အားလုံးစားဖို့ ယူလာတာဗျ၊ ခင်ဗျားတို့ကလည်း . . .”

ပြောရင်းနဲ့ပဲ ရဝေ့လေသံက ထုံးစံအတိုင်း မာဆတ်လို့လာတော့ သူမ,တို့မှာ ရယ်ရသေးသည်။ ရှီလာက မျက်လုံးလေးကို ပြူး လျှာလေးကို တစ်လစ်ထုတ်ကာ ကျေရာကျကြောင်း ဝင်ပြောပေးသည်။



“ဟဲ့ . . . မိန်းမတွေ၊ တော်ကြတော့၊ ဟိုမှာ . . . ကျွဲမြီးတိုပြီး သိပ်မဲ့စ,နဲ့၊ တော်ကြာ . . . ရဝေ စိတ်ဆိုးဆိုးနဲ့ သူ့လက်ဖက်သုတ်ဘူးကို ပြန်ယူသွားမှ ငတ်ကုန်မယ်၊ ဘယ်သူ ဘာပြောပြော . . . ငါကတော့ စားပြီ”

ပြောပြောဆိုဆို ရှီလာက လက်ဖက်သုတ်တစ်ဇွန်းကို သွက်သွက်လက်လက် ပလပ်ခနဲ ကော်စားလိုက်ပါသည်။ အားလုံးက မြန်မြန်လက်မြန် ဝိုင်းလုစားကြပြီး အသံထွက်လာကြသည်။

“အား . . . ကောင်းလိုက်တာ၊ ရဝေ့အစ်မကြီးက သုတ်တတ်သယ်နော်”

“ကောင်းဆို ကျွန်တော့်ဘေးက ထိုင်ပြောနေလို့နော်၊ ပုစွန်ခြောက်များများ ထည့်ဖို့လည်း ကျွန်တော်ပဲ ပြောထားလို့ပါတာ”

“အံမယ်လေး . . . မဏ္ဍပ်တိုင်တက်ပြနေပြန်ပြီ၊ ကျေးဇူးရှင်ပေါ့ကွယ်”

လတ်လတ်က ခပ်ရွဲ့ရွဲ့ ဆိုသည်။

ရဝေဆိုတဲ့ ကောင်လေးက အဲဒီလိုမျိုး။ စကားပြောလေးနည်းတာကလွဲရင် သူ့စေတနာနဲ့ ခင်မင်မှုကိုလည်း သူမတို့အတိုင်းသားမြင်နေရလို့သာပေါ့။

ပြီးတော့ သူမ,ရဲ့ စိတ်ထဲက လိုအင်ဆန္ဒတွေကို အလိုလို သိရှိထားသလိုလို ဖြည့်ဆည်းပေးနေတာတွေက နည်းနည်းတော့ ဆန်းဝါးသည်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီနေ့ ညနေမှာပဲ အံ့ဩစရာကောင်းသော အဖြစ်အပျက်လေးတစ်ခု စ,တင်ဖြစ်ပျက်ခဲ့တာ ဖြစ်သည်။

ဆရာသင်နေသော ခန္ဓာဗေဒသင်ခန်းစာမှာ သူမ,စိတ်ပါဝင်စားစွာ ငြိမ်သက်၍ နားထောင်နေခိုက် စာသင်ခန်းရဲ့ အပြင်ဘက်မှ လူရိပ်တစ်ခုကိုတော့ ဖျတ်ခနဲ သူမ,လှမ်းမြင်လိုက်ရသား။

အဲဒီလူရိပ်က အတန်းထဲမှ စာသင်နေသော သူမတို့ ဆေးကျောင်းသူကျောင်းသားအုပ်စု လူနှစ်ဆယ့်လောက်ကို သေသေချာချာ ငေးကြည့်သွားမှန်း သူမ, သိလိုက်သော်လည်း အဲဒါ ဘယ်သူဖြစ်မှန်း သူမ လှည့်ကြည့်ဖို့ စိတ်မကူးခဲ့ပါ။

မျက်စိလျင်သော ယမုံက . . . "ဟယ် . . ." ဟု အရင်အာမေဍိတ်သံ တိုးတိုးထွက်သည်။ ပြီးတော့ အလန့်တကြား သူမ,လက်ဖမိုးကို ဖျတ်ခနဲ လာပုတ်ရင်း ရှေ့က စာသင်နေသော ဆရာမ,မကြားသာရုံ လေသံလျှော့၍ ပြောသည်။

"ဟဲ့ . . . မယ်နှောင်း၊ ညည်းလူကြီးတော့ . . . ညည်းလူကြီး၊ ဘယ်တုန်းက ပြန်ရောက်နေတာလဲ မသိဘူး . . . ဂျပန်က၊ ဟိုမှာ . . . ရှင့်ကို ရှာနေတယ်"

ဖြုန်းခနဲ သူမ, ဝမ်းသာအားရဖြစ်စွာ စာသင်ခန်းအပြင်ဘက်ကို သူမ လှည့်ကြည့်မိပါသည်။

တကယ်ပဲ . . . အဲဒါ သူမ,ရဲ့ ကိုမွန် . . . ။ ကိုမွန် ဖြစ်နေပါသည်လေ။

ရင်ခုန်ပျော်ရွှင်သွားတဲ့စိတ်က ဘယ်လိုမှထိန်းမရဘဲ အခန်းအပြင်မှ ကွက်ကြည့်ကွက်ကြည့်နဲ့ ရှာနေသော ကိုမွန် မြင်သာအောင်



သူမ, လက်ကလေးထောင်ပြပြီး စာသင်ချိန်ပြီးအောင် ခဏစောင့်ဖို့ နှုတ်ခမ်းလှုပ်၍ အသံတိတ် ပြောလိုက်ရသေးသည်။

ကိုမွန်က သူ့ရဲ့ ကျယ်ပြန့်တောက်ပ,သော အပြုံးတွေနဲ့ "ရတယ်၊ စောင့်နေမယ်" ဟု ဖော်ရွေစွာ အမူအရာလုပ်ပြပြီး အခန်းရှေ့က ပျောက်ကွယ်သွားပါသည်။

အို . . . ကိုမွန် . . . အသားတွေ ဖြူလာတယ်။ ဒါပေမဲ့ အရင်တုန်းကလိုပဲ သူ့ပုံစံ ဘာမှမပြောင်းလဲသေးဘူး။ တည်ကြည်ခန့်ငြားစွာ သူမ,ရဲ့ ကိုမွန်ဟာ မိန်းကလေးတွေ ဝိုင်းငေးယူရလောက်အောင် ချောမောရှင်းသန့်နေတုန်း။

လှစ်ခနဲ အခုပြုံးပြသွားတဲ့ သူ့အပြုံးလေး တစ်ခုအောက်မှာတောင် သူမ . . . ရင်ခုန်နွေးထွေးနေခဲ့တုန်း။

ကိုမွန်ကို စ,စတွေ့ချင်းတုန်းက သူမ သတိထားခဲ့မိ၊ စိတ်ဝင်စားခဲ့မိတာလည်း ကိုမွန်ရဲ့ ချောမောခန့်ညားလွန်းသော ယောကျ်ားပီသသည့် ရုပ်သွင်ကိုသာပင်။

ကိုမွန်က အမြဲတမ်း အဝတ်အစားကိုလည်း သေသပ်ကျနလူကြီးလူကောင်းဆန်စွာ ဝတ်တတ်သည်။ အင်္ကျီရင်ဘတ်မှ ကြယ်သီးတစ်လုံး ဖြုတ်ထားတာ ဘယ်တော့မှ မရှိ။ ရှပ်အင်္ကျီလက်ရှည်ဝတ်လျှင်လည်း အင်္ကျီလက်ကို ဘယ်တော့မှ ခေါက်မဝတ်တတ်။ လက်ကြယ်သီး အစေ့တပ်သည်။

ကိုမွန့်ကိုယ်ပေါ်မှာ ဘယ်တော့မှ အရောင်အသွေး ဆန်းဆန်းကြယ်ကြယ်၊ အဆင်ဒီဇိုင်းရှုပ်ရှုပ် အင်္ကျီလုံချည်မျိုးတွေ မတွေ့မြင်ရပါ။ ကိုမွန် အများဆုံးဝတ်တတ်တာ အဖြူဆွတ်ဆွတ် စတာကော်လံအင်္ကျီ။ ရှပ်အင်္ကျီဆိုလျှင်လည်း အရောင် ငြိမ်ငြိမ်နုနုလေးတွေ၊

www.burmeseclassic.com

www.burmeseclassic.com



အစင်းကွက်ဖျော့ဖျော့ မှိန်မှိန်လေးတွေသာ ဝတ်တတ်သည်။

ကိုမွန်ရဲ့ ဝတ်စားဆင်ယင်မှုက . . . အေးဆေးတည်ငြိမ်သောလူကလည်း ဖုံးဖြယ်မှုရလောက်အောင် နူးညံ့သိမ်မွေ့လှပါသည်။

ကိုမွန် ကားမောင်းနေစဉ်မှာ တစ်ဖက်ကားက မှားယွင်းတော့ လမ်းပိတ်တာတို့ဖြစ်လျှင် တောက်ခေါက်သံ၊ ဆဲရေးသံ ဘယ်သောအခါမှ မကြားရ။ အရမ်းကို စိတ်ရှည်သည်းခံနိုင်ပါသည်။ သူမ,ကသာ ရယ်စရာတွေ ပြောတတ်လွန်း၍ သူမ,ရှေ့မှာ ကိုမွန် ဟက်ဟက်ပက်ပက် ရယ်မောတတ်သော်လည်း အခြားမိန်းကလေးများနှင့် စကားပြောလျှင် အင်မတန် တိုးဖွပါသည်။

ကိုမွန်ရဲ့ မျက်လုံးအကြည့်များကလည်း ဘယ်မိန်းကလေးကိုမဆို မရိုးမသား စိတ်ကစားသောအကြည့် မပါ။ အမြဲ ရိုးသားရှင်းလင်းပြီး တည်ငြိမ်ခဲ့သည်။ သူမ,နဲ့ ချစ်သူသက်တမ်း နှစ်နှစ်နီးပါး တစ်လျှောက် သူမ,လက်ကိုပင် ကိုမွန် မနမ်းမွှေးခဲ့ဖူးပါ။ သူမနဲ့ လမ်းလျှောက်သည့်အခါတိုင်း ကိုမွန်က သူမလက်ကို ခပ်ဖွဖွဆုပ်ကိုင်ထားသည်ကလွဲ၍ ဘာမှမပိုခဲ့။

သူမ,ကသာ တစ်ခါတစ်ခါ ကိုမွန့်လက်မောင်းကို အားမလိုအားမရနဲ့ လူတွေရှေ့မှာ တွယ်ချိတ်ပြလျှင် သူ့မျက်နှာနီမြန်းကာ ချွေးတွေ စို့လာတဲ့အထိ သူ ရှက်တတ်သည်။

ကိုမွန်ရဲ့ အဲ့ဒီလို မတုန်မလှုပ် အေးဆေးလွန်းတဲ့ပုံစံကို သူမ အမြင်ကတ်လာလို့ စ, နောက်ချင်လျှင် ကိုမွန့်ခါးကို သူမ,အတင်းလိုက်ဖက် ကျီစယ်ပစ်လိုက်တာပင်။ ဒါဆို ကိုမွန် ရှက်ရှက်နှင့် သူမ,ကို ဆူလိမ့်မည်။



"မဆိုးနဲ့ကလေးရာ . . . ငြိမ်ငြိမ်နေကွာ"

တကယ်ဆို သူမ,ထက် လေးနှစ်သာကြီးသော ကိုမွန်ဟာ အဲဒီလောက်လည်း လူကြီးဆန်စရာမလိုဘဲနဲ့ သူ့ ပင်ကိုစရိုက်ကကို တည်ငြိမ် ရင့်ကျက်လွန်းနေတာ။

ဒီပုံစံ ဒီစရိုက်ကိုပဲ သူမ, နှစ်ခြိုက်စွဲမက်လွန်းလို့ ချစ်သူတစ်ယောက်အဖြစ်နဲ့ရော၊ အိမ်ထောင်ဖက်တစ်ယောက်ဖြစ်လာဖို့အတွက်ပါ စိတ်တိုင်းကျ သူမ ရွေးချယ်ခဲ့ရတာလေ။

သူမ, သူငယ်ချင်းမိန်းကလေးများနဲ့ ကိုမွန်ကို မိတ်ဆက်ပေးထားဖူးတော့ ကိုမွန်နဲ့ ပတ်သက်၍ သူမ,ကို မနာလိုဝန်တိုစွာ ဒီလို ပြောကြဖူးသည်။

"နှောင်း . . . ရှင် တော်တော်အရွေးတော်တယ် . . သိလား၊ ကိုမွန်လောက် ရှင့်အပေါ်ကောင်းမယ့်သူ နောက်ထပ် ရှိနိုင်မှာ မဟုတ်ဘူး"

ထိုအခါကျလျှင်တော့ သူမ, ကျေနပ်စွာ ရယ်မောပစ်လိုက်ပါသည်။ သူမကို ကြည့်မရသည့်အခါ သူငယ်ချင်းတွေက "ကိုမွန်ဟာ . . . နင်နဲ့တောင် မတန်ဘူး . . . သိလား၊ နင့်လို စကားပြောရင် မာရေကျောရေနဲ့၊ လုပ်လိုက်ရင် အရာရာနဲ့အကြောင်းကြောင်း၊ တစ်ဇွတ်ထိုး ရုပ်ပျာမ,ကို သူ . . . ဘာကြည့်ကြိုက်သွားလဲ မသိဘူး . . . " ဟု အားမနာပ ဆိုကြပြန်သည်။

ဘာပဲဖြစ်ဖြစ် ကိုမွန့်လို ယောကျ်ားမျိုးကို သူမ ချစ်သူအဖြစ် ရရှိခဲ့ခြင်းအတွက် အမြဲဂုဏ်ယူ ကျေနပ်တတ်ခဲ့ပါသည်။

သူမ, မျက်နှာလေးက ကိုမွန့်အကြောင်းတွေးရင်း ပြုံးရိနေသောအခါ ဘေးမှရှိလာက ပခုံးချင်းတိုက်ရင်း ဆရာမ,မကြားအောင်

www.burmeseclassic.com

www.burmeseclassic.com



တိုးတိုးပြောပြန်သည်။

"အံမယ် . . . အံမယ်၊ ဖြစ်နေလိုက်တာ . . . မိန်းမ၊ ခုန ဘောင် မတွေ့တော့ဘူး . . . မျက်နှာက၊ အဲဒါ . . . ဝမ်းသာလုံး နေတာပေါ့လေ"

"ဝမ်းသာတာပေါ့ . . . ရှိရယ်၊ ငါက . . သူ့ကို အခုလို က သူပြန်လာမှ တွေ့ခွင့်ရတာလေဟယ်၊ နှစ်နှစ်မှ တစ်ခါ တွေ့ရ နှင်နဲ့ ယုဒါလို နေ့တိုင်းတွေ့ခွင့်ရနေတဲ့ ချစ်သူဘဝမျိုးမှ မဟုတ်တာ"

"လွမ်းတယ်ပေါ့"

"လွမ်းတာပေါ့ဟဲ့ . . . မေးစရာလား"

သူမနဲ့ ရှိလာတို့ ခပ်တိုးတိုးစကားတင်းဆိုနေစဉ် သူ နောက်ဘက် ခုံတန်းမှာထိုင်နေသော ရဝေ့ဆီက မေးသံကို ကြား ပြန်သည်။

"နှောင်း . . . အဲဒါ . . . နှောင်းချစ်သူလားဟင်၊ ခုန နှောင်းကို လက်ပြသွားတဲ့ အစ်ကိုကြီးလေ"

ရှိလာက ရယ်သံတိုးတိုးထွက်လာရင်း သူမ့ကို မေးငေါ့သည်။

"ဟော . . . မေးကုန်ကြပြီ၊ ပြောလိုက်လေ . . . နှောင်း နှင် . . . ကြွားချင်နေတာ ကြွားလိုက်ဦး"

သူမ၊ ရှိလာကို မျက်စောင်းလှည့်ထိုးလိုက်ရသည် နောက်က ရဝေကတော့ တကယ့်ကို စိတ်ဝင်စားသိလိုတဲ့ဟန် ထပ်မေးနေ ပြန်သည်။

"နှောင်းချစ်သူက ဂျပန်မှာဆို၊ သူပဲလား၊ အခု သူ ဂျပန်က ပြန်လာတာလား"

သူမ၊ ခေါင်းညိတ်ပြလိုက်သည်။



"ဟုတ်တယ် . . သူ ဂျပန်မှာ အလုပ်သွားလုပ်နေတာ၊ နှစ်နှစ်မှတစ်ခါ မြန်မာပြည် ပြန်လာတတ်တယ်၊ နှောင်းတို့ ( 1stM.B ) တတ်ခါစကတည်းက သူ . . . ကျောင်းကို တစ်ခါလာဖူးသေးတယ်၊ အဲဒီတုန်းက ရဝေနဲ့ နှောင်းတို့အဖွဲ့ မခင်သေးလို့ ရဝေ မတွေ့ဖူးလိုက်တာ၊ သတိမထားမိတာ ဖြစ်မယ်"

အပြင်ဘက် စာသင်ခန်းနောက်နားခပ်ကျကျမှာ ထိုင်နေသော ကိုမွန့်ဆီ လှမ်းငေးကြည့်လိုက်တဲ့ ရဝေ့မျက်လုံးတွေက ကြည်နူး အား ကျသည့် မျက်လုံးမျိုးတွေ . . .။

"နှောင်းချစ်သူက တကယ်ချောတာပဲ၊ ရှိလာတို့ ယမုံတို့ ပြောတုန်းက သူတို့ပိုပြောတယ် ထင်နေတာ၊ နှောင်းအပေါ်လည်း အရမ်း စိတ်ရှည်သည်းညည်းခံနိုင်မယ့် ပုံပဲနော်၊ အပြင်မှာ ရပ်စောင့်နေတာ . . . တွေ့လား"

"အံမယ် . . . သူက သည်းညည်းခံရအောင် နှောင်းက ဆိုးနေလို့လား"

"ဆိုးတာပေါ့၊ ဟိုမှာ . . . သူကဖြင့် ဂျပန်ကနေတောင် အဝေးကြီး ပြန်လာရတာ၊ ပြီးတော့ နှောင်းကို တွေ့ချင်လွန်းလို့ ကျောင်းထဲထိ တစ်ယောက်တည်း လိုက်လာရတယ်၊ နှောင်းက အဲဒါကို ချက်ချင်းထွက်မတွေ့ဘဲ အခန်းပေါက်ဝမှာ မတ်တပ်ရပ်စောင့်ခိုင်းထားတာ၊ နှောင်း . . . ဘယ်လောက်ဆိုးသလဲ"

"အို . . . ဆရာမမှ စာသင်မပြီးသေးဘဲ၊ နှောင်း ထ,ထွက်သွားလို့ ကောင်းမလား"

"နှစ်နှစ်မှ တစ်ခါရောက်လာမယ့် ကိုယ့်ချစ်သူနဲ့တွေ့ဖို့ပါကွာ၊ နှောင်း . . . ဆရာမ့ကို ခွင့်တောင်းပြီး ထ,ထွက်သွားလို့ ရပါတယ်၊

www.burmeseclassic.com

www.burmeseclassic.com



[illegible] ဘာပြောမှာမို့လဲ၊ နှောင်းက . . . နှောင်းချစ်သူ အခု ရောက်လာတာကို သိပ်ပြီးတက်ကြွဝမ်းသာတဲ့ပုံလည်း မပေါက် တွေ့ရအောင် ထွက်တွေ့ရ သလိုမျိုး . . ."

"ရဝေနော် . . . ဟိုမှာ . . . ကိုမွန်ကတောင် စိတ်ရှည်ရှည် ဘာမှမပြောဘဲ ရပ်စောင့်နေတာ၊ သူက . . . ကြားထဲကဝင်ပြီး အပြ ပြောနေတယ်"

"နှောင်းရဲ့ချစ်သူကတော့ နှောင်းကို ဘာပြောမှာလဲ . . . ပုံစံကို ကြည့်လိုက်တာနဲ့ နှောင်း ဘာလုပ်လုပ် ခွင့်လွှတ်နေမယ် သဘောရှိတယ်၊ သူလည်း နှောင်းမျက်နှာလေးကို အဝေးကြီးက မောမောပန်းပန်း ရောက်လာရတာ၊ ချက်ချင်း တွေ့ချင်ရှာမှာပေါ့ ထွက်တွေ့လိုက်ပါ . . . နှောင်းရာ၊ အားနာစရာကြီး"

"အားမနာပါဘူး၊ အားမနာရမယ့် ချစ်သူမို့ကို အဲဒီလိုစော နေခိုင်းတာ"

သူမက ခပ်ရွှဲ့ရွှဲ့ ရဝေ့ကို ပြန်ပြောလိုက်တော့ . . . ရဝေ ရယ်သည်။

"အဲဒါကြောင့် . . . နှောင်းကို ဆိုးတယ်ပြောတာ၊ ကိုယ့်ချ သူ . . . အထူးသဖြင့် ကိုယ့်ကိုချစ်တဲ့သူအပေါ်မှာ အနိုင်မယူရဘူး နှောင်းရဲ့ ၊ နှောင်းက အချစ်ထက် အနိုင်ရတာကို လိုချင်တဲ့သူ ဖြ နေတယ်၊ တော်ကြာ . . . နှောင်း ငိုနေရမယ်နော်၊ နှောင်းကို စိတ်ပျက်ပြီး . . . သူက ထားသွားမှ ဟုတ်ပေ့ဖြစ်နေမယ်"

"ရဝေစုတ် . . . ကိုမွန်လား . . . နှောင်းကို ထားသွားမှာ ထားရဲရင် ထားသွားကြည့်ပေါ့၊ ရှင်နှောင်းဆိုတဲ့ မိန်းမအကြောင်း သူ ကောင်းကောင်း သိတယ်၊ နှောင်းက . . . နှောင်းလိုချင်တာကို မ



ခံအောင်ယူမှာ"

သူမနဲ့ ရဝေ အချေအတင် စကားနိုင်လုနေဆဲမှာပင် ဆရာမ စာသင်ပြီးသွားပါသည်။ ပစ္စည်းတွေ သိမ်းဆည်းပြီး စာသင်ခန်းမှ ထွက်ခွာရန် ပြင်ဆဲမှာ ရှီလာက မကျေမနပ်နဲ့ပြောသည်။

"ဘာဖြစ်နေကြတာလဲ . . . ရှင်တို့နှစ်ယောက်က၊ ဆရာမ သင်နေတာ ကောင်းကောင်းကို နားမထောင်ရဘူး၊ အလကားနေ . . . စကားနိုင် လုနေကြတယ်"

လတ်လတ်ကလည်း ကိုမွန်ရောက်လာလို့ အဆမတန် ပျော်ရွှင်နေတဲ့ သူမကို ကြည့်မရဖြစ်ကာ . . .။

"အေးလေ . . . သွား . . . သွား . . . ရှင့်ချစ်ချစ်ဆီ မြန်မြန် သွား၊ နားညည်းတယ်၊ တကယ်ပဲ . . . ထွက်တွေ့မယ့်ဟာ ထွက်တွေ့ တာ မဟုတ်ဘူး"

ယုဒါကလည်း အခုမှ အံ့အားသင့်တကြီးနဲ့ . . .။

"ဟာ . . . ဟုတ်လား၊ ရှင်နှောင်းဘဲ . . . ပြန်ရောက်နေ တာလား၊ ကိုမွန်မြတ်ကြီးလေ"

ယုဒါကတော့ ရှီလာမှတစ်ဆင့် သူမနဲ့ကိုမွန်အကြောင်း အတိအကျ သိထားပြီးသူဖြစ်၍ သိပ်မအံ့ဩတော့ပါ။ ရှီလာ ညွှန် ပြသော ကိုမွန်ရှိရာသို့ လှမ်းကြည့်ပြုံးပြနေပါသည်။ ယုဒါက ရဝေ ဆက်စာရင် ကိုမွန့်ကို တစ်ခါ နှစ်ခါ တွေ့ဖူးခဲ့သည်။

အဲဒီမှာ . . . ရဝေဆီက နုညံ့ညင်သာသော စကားလေး တစ်ခွန်းကို သူမတို့ ကြားလိုက်ရလေသည်။

"နှောင်း . . . ကျွန်တော့်ကို နှောင်းချစ်သူနဲ့ မိတ်ဆက် ပေးလေ"

www.burmeseclassic.com

www.burmeseclassic.com



သူမ့စိတ်ထဲက ဘာကြောင့်မှန်းမသိဘဲ ဖျတ်ခနဲ အွန့်လိုက် ငြင်းဆန်ချင်သွားပါသည်။

"အို . . . ဘာလုပ်ဖို့လဲ"

"ဟာဗျာ . . နှောင်းချစ်သူနဲ့ နှောင်းသူငယ်ချင်းတွေ အကုန်လုံး ရင်းနှီးပြီးသားဥစ္စာ၊ ကျွန်တော်နဲ့က တစ်ခါမှ မဆုံဖူးသေး ဘူးလေ မိတ်ဆက်ပေးပေါ့၊ နှောင်းက . . ဘာလို့ ကပ်စေးနှဲနေတာလဲ၊ နှောင်း ဆိုးတာတွေ ကျွန်တော် ကိုမွန်မြတ်ကို သွားပြောမှာ စိုးလို့လား"

"အံမယ် . . . မဟုတ်ပါဘူး"

"မဟုတ်ရင် . . . မိတ်ဆက်ပေးပေါ့"

သူမ မှာလည်း ငြင်းဆန်ဖို့အကြောင်း ရှာမရ။ ဘာကြောင့် မှန်း မသိ . . . စိတ်ထဲက လေးလံလာရင်း အသက်မပါသလို အခန်း အပြင်ဘက် ထွက်လာလိုက်မိသည်။

သူမ နောက်က ရဝေ ကပ်လိုက်လာသည်။ အို . . . သူတို့ နှစ်ယောက်ကို မိတ်ဆက်ပေးရမှာလား။ မိတ်ဆက်ပေးရမှာပေါ့။ ရဝေက . . . သူမရဲ့ သူငယ်ချင်းပဲလေ။ သူငယ်ချင်းဆို မိတ် ဆက်မပေးရဲစရာ အကြောင်းမှ မရှိတာ။

သို့ပေမယ့် အဲဒီနေ့က ကိုမွန့်ရှေ့တည့်တည့်တွင် သူမ ရပ်တန့်လိုက်ချိန်အထိ ရဝေ့ကို ကိုမွန့်ဆီ ခေါ်သွားမိတာ ရင်ထဲက လှုပ်ရှားတုန်လှုပ်နေမိဆဲ။

ငါ . . . ဘာလို့ သူတို့နှစ်ယောက်ဆုံတွေ့မှာကို ကြောက်ရွံ့ နေရသလဲ . . .။

"နှောင်းလေး . . ."

ကိုမွန်က ဝမ်းသာအယ်လဲ ခေါ်ပေမယ့် သူမ့က စတင်



်တွေ့မိပြန်သည်။

"ဟိုနေ့က စက်ဘုပူကနေ ဖုန်းဆက်တုန်းကတော့ နောက် ရက်လောက်နေမှ ကိုမွန်ပြန်လာမှာဆို၊ ခုကြည့် . . . မပြောမဆို ပေါက်ချလာပြီ၊ ဒီနေ့ရောက်မယ်ဆိုတာ ကြိုပြောပါ့လား၊ ဘာမှန်းလဲ သိဘူး၊ လေဆိပ်ကို လာကြိုပါ့မယ်ဆိုမှ . . ."

ကလေးဆန်ဆန် သူမ့ရဲ့ ရန်တွေ့သံကို ကိုမွန်က သဘော ကျစွာ ရယ်မောပစ်ပါသည်။

"နှောင်းလေးရယ် . . . နှောင်းလေး . . . ကျောင်းချိန် ဖျက် ရမှာ စိုးလို့ပါ၊ ပြီးတော့ နှောင်းကို မထင်မှတ်ဘဲ ဝမ်းသာသွား စေချင်လို့ပါ၊ ကဲ . . . အခု နှောင်း ဝမ်းမသာဘူးလား၊ ကိုယ် . . . ားခနဲ နှောင်းလေးရဲ့ စာသင်ခန်းရှေ့မှာ ပေါ်လာတော့လေ"

"သွား . . . ခုမှ . . . ကဲ . . . ဘယ်လောက်ကြာမှာလဲ . . . ဒီတစ်ခေါက်"

"တစ်လ . . ."

"ဟယ် . . . တကယ်"

ဒီတစ်ခါတော့ သူမ တကယ်ဝမ်းသာသွားပါသည်။ ခုန် ဘောင် ခုန်လိုက်မိသေးသည် ထင်သည်။ ကိုမွန်က အရင် ဂျပန်ကနေ ်လာရင် ခွင့်ရက် သိပ်များများ မရပါ။ နှစ်ပတ်လောက်ပဲ မြန်မာ ည်မှာ အလွန်ဆုံးနေနိုင်တာမို့ အခုတစ်ခါ တစ်လဆိုတော့ သူမ ာနပ်သွားရပါသည်။

အဲဒီမှာ သူမနဲ့ ကိုမွန်ကို နောက်ဘက်မှ တိတ်ဆိတ်စွာ းမောနေသော ရဝေ့ကို ကိုမွန်မြင်သွားပါသည်။

"သူက . . ."

www.burmeseclassic.com

www.burmeseclassic.com



ကိုမွန်က အံ့အားသင့်စွာ သူမ,ကို တစ်လှည့်၊ ရဝေ့ကို တစ်လှည့် ကြည့်ရင်း မေးလေသည်။ ကိုမွန်နဲ့ ရဝေကြားမှာ သူမ ဖော်ရွေစွာ ပြုံးရယ်နိုင်ဖို့ ကြိုးစားရသည်။

"ရဝေ . . . ဒါ . . . ကျွန်မ ပြော, ပြောနေတဲ့ ကိုမွန်ဆိုတာ နာမည်က ကိုမွန်မြတ်"

သူမ, ကိုမွန့်ဘက်ကို ပြန်လှည့်ကာ . . .။

"ကိုမွန် . . . ဒါ . . ."

သူမ,စကားလုံးတွေက အခုကျမှ ဘာ့ကြောင့် ထစ်ငေါ့ချင်ရပြန်သလဲ။

"ဒါ . . . နှောင်းရဲ့ ယောကျ်ားလေးသူငယ်ချင်းတွေထဲက အခင်ဆုံး . . . ရဝေ . . . တဲ့"

ကိုမွန်က တောက်ပကျယ်ပြန့်သော အပြုံးတစ်ခုနဲ့ ဖော်ရွေသဘောကောင်းစွာ လက်ဆွဲနှုတ်ဆက်ဖို့ ညာလက်ကို ဆန့်တန်းပေးသည်။

ရဝေက ကိုမွန့်လက်ကို ခပ်ဖြည်းဖြည်း ဆုပ်ကိုင်သော်လည်း ရဝေ့မျက်လုံးတွေက ရီဝေဝေ . . .။ ရဝေ့အပြုံးက တစ်ခုခု လိုအပ်နေသလိုပါပဲ။ သူ့မျက်နှာအမူအရာကလည်း တစ်စုံတစ်ခုကို အမြတ်နိုး သိမ်းဆည်းလျှို့ဝှက်စွာ ကြေကွဲနေသလိုလို . . .။

သူ့အပြုံးက တစ်စုံတစ်ခုကို လက်လှမ်းမမီလိုက်လို့ နောက်ကျသွားတဲ့အခါ ရှက်ပြုံးပြုံးတဲ့ပုံစံ ပေါက်နေတယ်။ ကျွန်မ စိတ်ထင်တာများလား . . .။

ကျွန်မကိုယ်ကျွန်မ သိပ်အထင်ကြီးမိနေသလား။

ဘာပဲဖြစ်ဖြစ် သူမ,ရဲ့ ချစ်သူနဲ့ ရဝေကတော့ လက်ဆွဲ



ဆက်နေကြပါပြီ။

"တွေ့ရတာ ဝမ်းသာပါတယ် ကိုရဝေ"

ရဝေရဲ့မျက်နှာလေးက အနည်းငယ်ရှက်အမ်းအမ်းဖြင့် . .။

"ကျွန်တော့်ကို ရဝေ . . . လို့ပဲ ခေါ်ပါ ကိုမွန်မြတ်၊ ကျွန် ကက နှောင်းထက်တောင် ငယ်ပါသေးတယ်"

ကိုမွန်က သဘောတကျ ရင်းနှီးဖော်ရွေစွာ ရယ်မောနေနိုင် ယ့် ရဝေရဲ့ မျက်နှာကတော့ ပြုံးရွှင်ရယ်မောဖို့ တုံ့ဆိုင်း နှောင့်နှေး သလို ထင်ရသည်။

"ဒီလိုလည်း မဟုတ်သေးပါဘူး ကိုရဝေ၊ ကျွန်တော်က လေး အရ ကိုရဝေလို့ပဲ ခေါ်ချင်ပါတယ်၊ နှောင်းလေးရဲ့ အခင်ဆုံး ကျ်ားလေးသူငယ်ချင်းဆိုတော့ နှောင်းရဲ့ဒဏ်ကို တော်တော် ည်းညည်းခံနိုင်လို့ ထင်တယ်နော်"

သူမ . . . ရှက်ရွံ့စွာ ကိုမွန့်လက်မောင်းကို ခပ်ဖွဖွ ထုပစ် သည်။

"အံမယ် . . . သူက သည်းညည်းခံရအောင် နှောင်းက ဆိုး လား . . ."

ရဝေရဲ့မျက်နှာလေးက ခုနကထက်တော့ ပြုံးဖော်ရလာ ည်၊

"နှောင်းက . . . မဆိုးပါဘူး ကိုမွန်မြတ်"

"တွေ့လား . . . မဆိုးဘူးတဲ့"

သူမက ဝမ်းသာအားရ ပြောမိတော့ ကိုမွန်က နှစ်ခြိုက်စွာ နေလေသည်။

ရဝေက ပြုံးရွှင်စွာ ပြန်စကားပြောဖော်ရသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကိုမွန်မြတ်ရဲ့အကြောင်းကို နှောင်းက သူငယ်ချင်းတွေ ကြားမှာ ခဏ ခဏ ကြွားလွန်းလို့ ကျွန်တော်က အရမ်းတွေ့ဖူးချင် နေတာ၊ အဲဒါကြောင့် အခု မိတ်ဆက်ခိုင်းရတာ၊ ကိုမွန်မြတ်ကို တွေ့ လိုက်တော့ နှောင်းကြွားတာ မလွန်ဘူးဆိုတာ ကျွန်တော် သိလိုက် တယ်၊ ကိုမွန်မြတ်နဲ့ နှောင်းက တကယ်လိုက်ဖက်တဲ့ စုံတွဲကလေးပါပဲ"

အို . . . အဲဒါ တကယ် သူ့ရင်ထဲက စကားလား။ ရဝေ တစ်ယောက် ပျူငှါဖော်ရွေစွာ စကားပြောတတ်လာတာကတော့ ထူးခြားလွန်းနေသည်။

သူ့ရင်ထဲမှာ တကယ်ရှိတာကရော ဘာများဖြစ်မလဲ။ သူ သိဖို့ရော လိုအပ်လို့လား။ ငါ ဘာဖြစ်လို့ အခုမှ လောဘတွေ ကြီးနေ ရတာလဲ . . .။

သူမ့ခေါင်းထဲက အတွေးတွေကို ဆတ်ခနဲ မောင်းထုတ် စဉ်မှာ ကိုမွန်ကတော့ ရဝေရဲ့ချီးမွမ်းမြှောက်ပင့်စကားကို သဘော ကျစွာ ရယ်မောနေပါသည်။

"ကဲ . . . ကိုရဝေကိုတော့ ကျွန်တော်တို့နှစ်ယောက် တစ်ခုခုကျွေးဖို့ သင့်နေပါပြီ၊ ကိုရဝေ . . . အခု ကျွန်တော်တို့နဲ့ တစ်နေရာရာ လိုက်ခဲ့ပါ၊ မိတ်ဖြစ်ဆွေဖြစ် 'ကျွန်တော် ကျွေးပါရစေ'

ကိုမွန်ကတော့ ထုံးစံအတိုင်း ဘယ်သူ့ကိုမဆို ရင်းနှီး ဖော်ရွေလွန်းစွာ ဖိတ်ခေါ်ဖို့ ကြိုးစားနေပြန်ပါပြီ။ သူမ့မှာ ကြားထဲက စိတ်ကျဉ်းကျပ်စွာနဲ့ပဲ . . .။

"ကိုမွန် ကျွေးချင် နောက်မှကျွေးကွာ၊ ရဝေ . . . ရှင် . . . ကျွန်မတို့နဲ့ အခု မလိုက်နဲ့၊ ကိုမွန်က ဒီနေ့မှ ရောက်လာတာ၊ ကျွန်မ တို့နှစ်ယောက်တည်းပဲ သွားချင်တယ်၊ နော် . . . ရှင် နောက်မှ လိုက်



ား"

သူမ့စကားကြောင့် ရဝေ ခပ်ပြုံးပြုံးနှင့် ရယ်မောလိုက်ရှာ ပါသည်။ ကိုမွန်ကတော့ . . . တဟားဟားနဲ့ကို သူမအား လှောင် ရယ်ရင်း . . .။

"ဟော . . . ကြည့် . . . ပြောတော့ . . . နှောင်း မဆိုးဘူး ဆို၊ နှောင်းလေးက အခုတင် သူငယ်ချင်းကို အမိန့်ပေးနေပြီ၊ အဲဒါ . . . သူငယ်ချင်းကို နိုင်တာမဟုတ်လို့ . . . ဘာလဲ"

"ကိုမွန်နော် . . . ဒီက . . . သူနဲ့ နှစ်ယောက်တည်း သွား ချင်လို့ဟာကို . . ."

သူမရဲ့ လေသံခပ်နွဲ့နွဲ့ကြားမှာ ရဝေက ပြုံးရွှင်စွာ နှုတ်ဆက် လိုက်၍ တော်ပါသေးသည်။

"ဟုတ်ပါတယ် ကိုမွန်မြတ်၊ နှစ်ယောက်တည်းပဲ သွားကြပါ၊ ကျွန်တော်လည်း ဒီနေ့ ကျောင်းအပြန် ဝင်စရာလေးတစ်ခု ရှိနေလို့ ခွင့်ပြုပါဦး၊ နောက် တွေ့ကြဦးမှာပါ၊ ဘိုင်ဘိုင် . . ဆီးယူ ကိုမွန်မြတ်၊ နှောင်း . . . ကျွန်တော် မနှောင့်ယှက်တော့ဘူးနော်၊ သွားပြီ"

ရဝေကစပြီး လက်ပြနှုတ်ဆက် ထွက်ခွာသွားတော့ သူ့ နောက်ကျောကို သူမရော၊ ကိုမွန်ပါ ဘာကြောင့်မှန်းမသိ တိတ်ဆိတ် ငြိမ်သက်စွာ ငေးကြည့် တွေဝေနေခဲ့ကြတာ ဝန်ခံရမည်။

အဲဒီနေ့ကစ၍ ရဝေဆိုသော . . . ယောကျ်ားတစ်ယောက် အကြောင်းက သူမနဲ့ ကိုမွန်အကြားကို ရှိုးရှိုးကလေးနဲ့ စ,တင် ဝင်ရောက်လာတာ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဂျပန်က ပြန်ရောက်ရောက်လာချင်း ရွှေပုစွန်မှ သီးစုံကို သောက်ချင်နေသော ကိုမွန်ကြောင့် သူမတို့နှစ်ဦး ရွှေပုစွန်အအေးဆိုင်သို့ သွားကြပါသည်။

အအေးဆိုင်မှ စားပွဲတစ်လုံးတွင် ထိုင်ပြီးပြီးချင်း ကိုမွန့်ဆီက အဲဒီ ထူးထူးဆန်းဆန်းမေးခွန်းကို သူမ ကြားလိုက်ရ၍ အလွန်အမင်း အံ့အားသင့်သွားရသည်။

"နှောင်းလေး . . . နှောင်းလေးနဲ့ ခုနက ရဝေဆိုတဲ့ ကောင်လေးက ရိုးရိုးသားသား တကယ့်သူငယ်ချင်းတွေပဲ ဟုတ်ရဲ့လား"

"အို . . . "

ကိုမွန့်လို . . . အင်မတန် တည်ငြိမ်ရင့်ကျက်လွန်းသော ယောကျ်ားတစ်ယောက်ထံမှ အဲဒီလို မယုံသင်္ကာ ဝန်တိုသည့် လေသံမျိုးနဲ့ စကားကို ကြားလိုက်ရ၍ သူမ . . . တကယ်ကို အံ့ဩသွားတာ ဖြစ်သည်။

ကိုမွန်ဟာ သူမ သိထားရသလောက် အဲဒီလောက် သဘောထား သေးနုသူတစ်ဦး မဟုတ်ခဲ့ပါ။

အထူးသဖြင့် ရဝေ့လို မိနစ်ပိုင်းမျှသာ တွေ့ဆုံစကားပြောလိုက်ရသည့် လူငယ်လေးတစ်ဦးအပေါ် အမြင်မကြင်လင်သည့် ဒီလိုစကားမျိုး ပြောဖို့ဆိုတာ ပိုလို့တောင် အံ့ဩချင်စရာ ကောင်းနေသေးသည်။

သူမ အထိတ်တလန့်နဲ့ ကိုမွန့်ကို ပြန်ပြောလိုက်မိသည်။

"အို . . . ဘာဖြစ်လို့ ကိုမွန် အဲဒီလိုပြောလိုက်တာလဲ၊



. . .မွန့်စကားက . . . နှောင်းရဲ့သိက္ခာကို ထိခိုက်သွားတယ်ဆိုတာ . . . ကိုမွန် သတိထားမိရဲ့လား"

ကိုမွန်က တည်ငြိမ်စွာ ပြုံးနေသည်။ ကိုမွန့်အမူအရာက . . .လိုဝန်တိုသည့်ပုံစံမျိုးလည်း ဖြစ်မနေပါ။ အေးဆေးတည်ငြိမ်စွာနဲ့ . . .ယ်နဲ့မပတ်သက်သော သူစိမ်းတစ်ယောက်၏အကြောင်းကို စုံစမ်း . . .မြန်းနေသလိုမျိုး . . . .။

"ကိုယ် . . . အဲဒီလိုသဘောထားနဲ့ မေးတာမဟုတ်ပါဘူး . . .င်းလေးရဲ့၊ နှောင်းလေးကို ကိုယ် ဘယ်နှစ်ခါများ အခြားယောကျ်ား . . .ယောက်နဲ့ အထင်မှား သဝန်တိုတာ ရှိဖူးသလဲ၊ တကယ်ဆို . . .င်းလေးကို ကိုယ်က နှစ်နဲ့ချီပြီ မိုင်ထောင်ပေါင်းများစွာ ခွဲခွာထား . . .ာ၊ စိတ်မချဘူးဆိုရင်တောင် ဒါ . . . ဖြစ်သင့်တဲ့ကိစ္စ မဟုတ်လား၊ . . . နှောင်းကို ကိုယ်စိတ်မချဘူးဆိုတဲ့စကား ဘယ်တုန်းက ပြော . . . ကိုယ့်ရဲ့ချစ်သူဟာ စိတ်ချသင့်တဲ့ မိန်းကလေးတစ်ယောက်မို့လို့ . . .ယ် အဲဒီလိုမယုံသင်္ကာစကား ဘယ်တော့မှ မပြောခဲ့တာ နှောင်း . . . သိပါတယ်"

"ဒါဖြင့် . . . အခု ဘာလို့ အဲဒီလို မေးသလဲ၊ ကိုမွန့်မေးခွန်း . . . နှောင်းနဲ့ရဝေကပဲ တစ်စုံတစ်ခု ပတ်သက်နေသလိုလို . . . "

"ကိုမွန်မေးတာကို နှောင်းလေး အရင်ဖြေပါလား၊ ဘာလို့ . . .ရတယ်ဆိုတာ ကိုမွန် ပြီးတော့ ပြောပြမယ်၊ နှောင်းနဲ့ရဝေဟာ . . .ကယ်သူငယ်ချင်းပဲလား"

"ကိုမွန် ဘယ်လိုထင်လို့လဲ"

"ရဝေက နှောင်းလေးကို တစ်ခုခု . . . ဟိုလေ . . . ည်းစား . . .းပဲဖြစ်ဖြစ် ပြောဖူးသလား၊ ဒါမှမဟုတ် . . . နှောင်းလေးက

www.burmeseclassic.com

www.burmeseclassic.com



ကိုမွန်နဲ့ သူ . . . နှစ်ယောက်ထဲက ကိုမွန့်ကို ချစ်သူအဖြစ် ရွေးချယ်ခဲ့တာလား၊ အဲဒီလိုမျိုးပေါ့ကွာ . . . သူနဲ့ နှောင်းလေးဟာ သူငယ်ချင်းတွေအဖြစ်ထက် ပိုပြီးတော့များ ပတ်သက်ခဲ့ဖူးသလား . . . လို့"

သူမ . . . တခစ်ခစ် ရယ်မောလိုက်သည်။ ချစ်သူတစ်ယောက်ဆီက အဲဒီလိုဝန်တိုစကားကို ကြားရတာ တစ်ခါတစ်ခါတော့ ချိုမြိန်ပါသည်။

သူမက ပြတ်သားရှင်းလင်းစွာ ခေါင်းကို ခါယမ်းလိုက်သည်။

"ဟင့်အင်း . . . ကိုမွန်၊ ရဝေနဲ့ကျွန်မဟာ တကယ့်ကို အဖြူစင်၊ အရိုးသားဆုံး သူငယ်ချင်းတွေပါ၊ အမှန်အတိုင်းပြောရရင် သူနဲ့ နှောင်းက ဆေးကျောင်းကိုရောက်ပြီးတော့မှ စတွေ့သိကျွမ်းခဲ့တာ ကိုမွန်၊ ယုဒါတို့လို ငယ်သူငယ်ချင်းတွေတောင် မဟုတ်ဘူး၊ ရင်းနှီးခဲ့တာ ဘာမှ မကြာသေးဘူး"

"အဲဒါ တကယ်ပဲဆိုရင်တော့ သိပ်ကို အံ့သြစရာကောင်းတာပဲ"

"အို . . . ဘာဖြစ်လို့လဲ၊ ကိုမွန် အဲဒီလိုပြောနေတာတွေကိုက နှောင်းအတွက် အရမ်းအံ့သြစရာကောင်းနေတာ၊ ကိုမွန် ဘာလို့ ရဝေ့အပေါ် အထင်မှားနေတာလဲ . . . ဟင်၊ ဘာကြောင့်လဲ . . . ပြောပါဦး"

"သူ့မျက်လုံးတွေလေ . . . သူ့မျက်လုံးတွေကြောင့်ပေါ့"

"သူ့မျက်လုံးတွေကြောင့် . . . ဟုတ်လား"

"ဟုတ်တယ်၊ သူ့မျက်လုံးတွေကို နှောင်းလေး မမြင်ဘူးလား . . . ဟင်၊ သူ . . နှောင်းလေးကို ကြည့်တဲ့အကြည့်တွေ၊ နှောင်းလေးနဲ့ ကိုယ့်ကို ကြည့်တဲ့အကြည့်တွေ . . . အဲဒီအကြည့်တွေဟာ သာမန်



သူငယ်ချင်းတစ်ယောက်ရဲ့ ဖြူစင်တဲ့အကြည့်မျိုးတွေထက် ပိုပြီး ထူးခြားဆန်းကျယ်နေတယ်ဆိုတာ နှောင်းလေး မရိပ်မိခဲ့ဘူးလား"

"မဖြစ်နိုင်တာ . . .၊ အရမ်းကို အံ့သြစရာကောင်းတာပဲ ကိုမွန်၊ ဒါ . . . ဘယ်လိုမှ မဖြစ်နိုင်တာ"

"ဘာလို့ မဖြစ်နိုင်ရမှာလဲ၊ နှောင်းက မိန်းကလေးဆိုတော့ သိချင်မှ သိမယ်၊ ကိုယ်ကတော့ ယောက်ျားလေးချင်းဆိုတော့ သူ့မျက်လုံးထဲက ဖော်ပြနေတဲ့ ဘာသာစကားကို ချက်ချင်းဖတ်မိတယ်၊ သူ့မျက်လုံးတွေရဲ့အကြည့်ဟာ ကိုယ်နားလည်ဖို့ လွယ်ကူလွန်းလောက်အောင် ရှင်းလင်း ရိုးသားနေတယ်၊ သူ့ရဲ့အကြည့်က ဘယ်လိုအကြည့်လဲ . . . သိလား နှောင်း၊ နှောင်းလေးကို သူကြည့်နေတဲ့အကြည့်တွေလေ . . ."

"နှောင်း . . . ဘယ်သိပါ့မလဲ"

"သူ့လက်ထဲက ကြိုးတစ်ချောင်းနဲ့ ချည်နှောင်ထားတဲ့ စက္ကူငှက်လေးတစ်ကောင်ကို အခြားစွန်တစ်ကောင်ရဲ့ ကြိုးက လာဖြတ်လို့ ကြိုးပြတ်ပြီး အဝေးကို လွင့်သွားတဲ့ . . . စွန်လေးကို ငေးကြည့်နေတဲ့ ကလေးတစ်ယောက်ရဲ့ မျက်လုံးမျိုးနဲ့ တူတယ်၊ ဘာမှ မတတ်နိုင်လို့ ဆုံးရှုံးခံလိုက်ရတဲ့ အရာတစ်ခုကို လွမ်းမောစိတ်နဲ့ ငေးကြည့်နေရုံပဲ တတ်နိုင်တဲ့သူတစ်ယောက်ရဲ့ အကြည့်မျိုး"

"ကိုမွန်ရယ် . . . နှောင်း . . . တကယ်စိတ်ညစ်လာပြီ၊ အဲဒါ ဖြစ်နိုင်ပါ့မလား၊ အဲဒါ . . . သေချာရဲ့လား"

"သိပ်သေချာတာပေါ့၊ နှောင်းလေးနဲ့ကိုမွန် အလောင်းအစားလောင်း လုပ်လိုက်ချင်သေးတယ်၊ ရဝေဆိုတဲ့ကောင်လေးက နှောင်းကို ချစ်နေတယ်"

www.burmeseclassic.com

www.burmeseclassic.com



"အို . . ."

ဒီညနေအဖို့တော့ သူမမှာ အာမေဍိတ်သံတွေ တစ်ချ တစ်ခုသာ ထွက်နေရသည်။ အဲဒီအဖြစ်အပျက်ဟာ ဘယ်လော တောင် အံ့သြဖို့ကောင်းသလဲ။

သူမ,မှာ ချစ်သူရှိပြီးသားဆိုတာ တိတိကျကျ ရဝေ . . . သိ ထားလျက်နဲ့ . . . သူမကို ချစ်နေမယ် . . . ဆိုတာ။

တကယ့်ကို အတိအကျကြီးကို ရှင်းလင်းပြောပြနေတဲ့သူ လည်း သူမရဲ့ချစ်သူ . . . ကိုမွန်ကိုယ်တိုင်။ ဒီလိုကိစ္စမျိုးဆိုတာ နော ပြောင်စရာ ကိစ္စမဟုတ်။ ကိုမွန်နောက်ပြောင်ပြီး ပြောနေတာလည် လုံးဝ မဟုတ်ပြန်။

"ကိုမွန် . . . အဲဒါ ဘယ်လိုလုပ်ဖြစ်နိုင်မှာလဲ . . . ကိုမွန်ရ နှောင်းမှာ . . . ချစ် . . . ချစ်သူရှိတယ်ဆိုတာ ရဝေသိနေတာပဲ၊ သိနေတာ ကြာလှပြီပဲ ကိုမွန်"

"နှောင်းလေး . . . ကိုယ် . . . ဘယ်တော့မှ လူတစ်ယော ကို အကြောင်းမဲ့ မစွပ်စွဲတတ်ပါဘူး . . . ကလေးရဲ့၊ ဒါပေမဲ့ . . . ကိုယ် သေသေချာချာ တွေ့မြင်လိုက်ရတဲ့ သူ့မျက်လုံးတွေကတော သိပ်ကို ရှင်းလင်းလွန်းပါတယ်၊ နှောင်းလေး . . . မယုံရင် စော ကြည့်ပါ၊ ရဝေဟာ အရင်က နှောင်းလေးကို ချစ်တယ်ဆိုတဲ့စကား မပြောခဲ့ဘူးဆိုရင် . . . တစ်နေ့နေ့ တစ်ချိန်ချိန်မှာ သူ . . . နှောင် လေးကို အဲဒီစကား . . . ပြောကို ပြောလာလိမ့်မယ်၊ သိပ်သေချာ တယ်"

သူမ,ရဲ့ ရင်အစုံက လှိုက်ခနဲခါသွားတာ ဘာကြောင့်မှန်း မသိ။ တုန်ရီနေတဲ့ လက်ချောင်းလေးတွေက ကိုမွန့်လက်ဖဝါးက



အားကိုးတကြီး ဆုပ်ကိုင်မိသွားသည်။

"ကိုမွန် . . . ကိုမွန် ပြောနေတာ . . . သူ . . . သူ့ရဲ့ဂုဏ် သိက္ခာကို ထိပါးနေတယ်ဆိုတာ သတိထားမိရဲ့လားဟင်၊ ရဝေဟာ ချစ်သူရှိနေတဲ့ မိန်းမတစ်ယောက်ကို ချစ်တယ် . . . လို့ ဖွင့်ပြောရ လောက်အောင် မိုက်မဲလိမ့်မယ်လို့ ကိုမွန် ထင်နေသလား၊ ယောက်ျား တစ်ယောက်ရဲ့ သိက္ခာဆိုတာ တော့ သူ့မှာ ရှိဦးမှာပါ . . . ကိုမွန်ရယ်"

ကိုမွန်က သူမ,နဖူးထိပ်က ဆံမျှင်လေးတွေကို ကလေးလေး တစ်ယောက်အား စ,နောက်သလို ကုတ်ဖွရင်း ခပ်တိုးတိုး ရယ်လေ သည်။

ကိုမွန့်ရယ်သံသည် မနာလိုဝန်တိုသံ မပါ။ ခနဲ့သလို၊ ထေ့ ငေါ့သလိုလိုဟန်များ လုံးဝမပါ။ ပြက်လုံးတစ်ခုကို သဘောကျသလို ရိုးရှင်းပွင့်လင်းစွာ ရယ်သံတွေက ဖြူစင်သည်။

အဲဒီရယ်သံတွေကြားမှ ကိုမွန်ပြောလေသည်။

"အချစ်နဲ့ ဂုဏ်သိက္ခာဆိုတာ တခြားစီပဲလို့ တစ်နေ့ကျရင် နှောင်းလေး သိလာပါလိမ့်မယ်ကွယ်"

"ကိုမွန် . . . နှောင်းကို . . ရဝေနဲ့ သဝန်တိုနေတာ မဟုတ် လားဟင်၊ မဖြစ်နိုင်တာတွေပြောပြီး နှောင်းကို စိတ်မချကြောင်း ပြော တာလို့ မဟုတ်လား"

ကိုမွန့်ရဲ့ ခန့်ငြားချောမောသော မျက်နှာပေါ်မှာ အပြုံးတွေ တစ်ခဏအတွင်း လွှင့်စင်ထွက်ပြေးသွားသည်။ သူမ,၏ မျက်လုံးတွေ ထဲသို့ စူးရှစွာ စိုက်ကြည့်လိုက်သော ကိုမွန့်အကြည့်တွေ နက်ရှိုင်း လွန်းလှသည်။

ကိုမွန့်နှုတ်ခမ်းတွေ . . .။ သူမ နှစ်ခြိုက်လွန်းလှသော

www.burmeseclassic.com

www.burmeseclassic.com



နှိုမြန်းပါးလျားလွန်းလှသော ကိုမွန့်နှုတ်ခမ်းတွေ
ယင်လို့ပါလား။

"ဒီစကားတွေကို ကိုမွန်က သဝန်တိုလို့ ပြောတာမဟုတ်
စိတ်မချလို့ ပြောတာလည်း မဟုတ်ဘူး၊ ကိုမွန့် . . . ရင်ထဲ
. . . အခုဖြစ်နေတာက ကိုမွန်ကြောက်နေတယ် . . . နှောင်းလေး
နှောင်းလေးကို . . . ကိုမွန့်ရင်ထဲက ဆွဲထုတ်သွားမယ့် အန္တရာယ်
တစ်ခုကို ကြိုမြင်လိုက်ရသလို ကိုမွန် ကြောက်ရွံ့နေတာပါ"

"အို . . ."

သူမ တုန်လှုပ်ဝမ်းနည်းစွာ ကိုမွန့်ပခုံးပေါ် မှေးအိပ်လိုက်
ပါသည်။ သူမ လက်ချောင်းတွေကို ကိုမွန် တင်းကျပ်စွာ ဆုပ်ကိုင်ထား
သည်။

ကိုမွန့်ရဲ့ နှလုံးသားကို သူမ မြင်လိုက်ရသည့်ခဏမှာ
ကြည်နူးစိတ်နဲ့ သူမမျက်ရည်ကျေ စို့စွတ်လာသည်။ သူမ တစ်ခုး
ပြောမှ ရပါမည်။

တစ်ခုခုပြောမှ ဖြစ်မှာပါလေ . . .။

"ကိုမွန်ရယ် . . . အဲဒါ . . . အန္တရာယ်တစ်ခု ဘယ်လိုလု
ဖြစ်နိုင်မှာလဲ . . .၊ သူ . . . တစ်ချိန်ချိန်မှာ . . . နှောင်းကို ချစ်တယ်
လို့ ပြောခဲ့ဦးတော့ နှောင်းမှာ ကိုမွန်ရှိနေတယ်ဆိုတာ သူ သိပြီးသား
ကိုမွန့်ရင်ခွင်ထဲက နှောင်းကို သူဆွဲထုတ်လို့ မရပါဘူးလေ၊ နှောင်း
. . . ဘယ်တော့မှ ကိုမွန့်ကို ထားသွားမှာ မဟုတ်ဘူး၊ ကိုမွန် . . .
အဲဒါ အန္တရာယ်တစ်ခု မဖြစ်နိုင်ပါဘူး ကိုမွန်"

ကိုမွန်ရဲ့မျက်လုံးတွေက စားပွဲပေါ် ငုံ့၍ အကြောင်းမဲ့ ငေးစိုက်
နေသည်။ အချိန်တော်တော်ကြာ တိတ်ဆိတ်စွာ ငြိမ်သက်နေပြီး



က တစ်လုံးချင်းစကားကို ခပ်ဖြည်းဖြည်းပြောခဲ့၏။

"တားမြစ်ထားသော ဇရိယာ . . မဝင်ရ . . . လို့ ဆိုင်းဘုတ်
ထားတဲ့ နယ်မြေတစ်ခုထဲကို အဲဒီဆိုင်းဘုတ်ကို မဖတ်မိလို့ မသိ
လို့ အမှတ်တမဲ့ ဝင်လာတဲ့လူထက် . . . သိသိကြီးနဲ့ တမင်
ာ စည်းကမ်းချိုးဖောက်ပြီးဝင်လာတဲ့သူ . . . အဲဒီလူနှစ်ယောက်
ဘယ်သူက ပိုအန္တရာယ်များမယ် ထင်လဲ . . .၊ ဘယ်သူက ပိုပြီး
ာက်စရာကောင်းမယ် ထင်သလဲ . . . နှောင်း . . . ဖြေပါဦး"

ထိုမေးခွန်းကု သူမ ချက်ချင်းဖြေဖို့ သင့်ပါလျက် မဖြေမိ
၊ သူမကိုယ်တိုင်ပင် စိတ်ရှုပ်ထွေးစွာ ဆွံ့အလျက် အန္တရာယ်
ာကို မမြင်ရပါဘဲ တုန်လှုပ်ချင်လာသည်။

နှုတ်ခမ်းတွေ ခြောက်သွေ့လျက် လက်ဖျားတွေ အေးစက်
သည်။

"ကိုယ့်ကို ကတိပေးပါ . . . နှောင်းလေးရယ်၊ ရဝေနဲ့ ပတ်
ာ်ရင် . . . နှောင်းလေး . . . သတိထားပြီး နေမယ် . . . လို့
ကို ကတိပေးပါကွာ . . . နော်၊ သူဘက်က ရှေ့ကို ခြေတစ်လှမ်း
လာမယ် . . . ဆိုရင် နှောင်း က နေရာမှာတင် ရပ်နေလို့ မရဘူး၊
ာက်ကို ခြေတစ်လှမ်းဆုတ်ပါ့မယ်လို့ ကိုယ့်ကို ကတိပေးစမ်းပါ၊
ရှေ့တိုးလိုက်တဲ့အခါ နှောင်းက ရပ်နေမယ်ဆိုရင်တော့ တစ်
ချိန်မှာ နှောင်းလေးနဲ့သူ နီးကပ်သွားကြတော့မှာလေ၊ နှောင်းက
ာက်ဆုတ်ပါ့မယ်လို့ ကတိပေးပါ၊ နောက်ဆုတ်မယ် မဟုတ်
ဟင်၊ နှောင်းလေး . . ."

တစ်သက်နဲ့တစ်ကိုယ် ကိုမွန့်ဆီက အဲဒီလို တပ်မက်တွယ်
ာန် ပြည့်လျှမ်းသောစကားမျိုး မကြားခဲ့ဖူး၍ သူမ အလွန်အမင်း

www.burmeseclassic.com

www.burmeseclassic.com



ကြည်နူး တေးနှုတ်တာ ခေါင်းကို ဆတ်ခနဲ ညိတ်ပြမိခဲ့သည်။

"ကတိပေးပါတယ် ကိုမွန်ရယ်၊ မစိုးရိမ်ပါနဲ့၊ နှောင်းကလည်း အိမ်ထောက်ဆင်ခြင်တုံတရား ကင်းမဲ့တဲ့ မိန်းကလေးတစ်ယော ဖောက်ပါဘူး . . . နော် . . ."

သို့သော် . . . အချစ်ဆိုတာလည်း ဆင်ခြင်တုံတရား၏ အပြင်ဘက်တွင် သီးသန့်ဆန်စွာ တည်ရှိကြောင်း သူမတို့အားလုံး နောက်ကျပြီး သိခဲ့ကြရလေသည်။

❦ ❦ ❦

"အချစ်ဆိုတာ . . . အိပ်ဆေးနဲ့ တူတယ်၊
နေ့တိုင်း စွဲပြီးသောက်ရင် . . . တစ်နေ့ကျတော့ . . .
သူ့ကိုမသောက်ဘဲ . . . အိပ်မပျော်တော့ဘူး . . . ၊
တစ်ကြိမ်တည်းနဲ့ . . . အများကြီးသောက်မိရင်လည်း
သေနိုင်တယ် . . ."

www.burmeseclassic.com

www.burmeseclassic.com

# ၅

သူမတို့ သူငယ်ချင်းအုပ်စု ခြောက်ယောက်ထဲမှာ ယောက်ျ လေးနှစ်ယောက်က ကျောင်းကို ကားယူလာ၍ ကားနှစ်စီး ရှိသည်

ကျောင်းမှ အတန်းလစ်ပြီး တစ်နေရာရာ သွားကြတာ ဖြစ်ဖြစ်၊ လမ်းမတော်ဆေးကျောင်းက စာသင်ချိန်တွေပြီးလို့ သူမ တာဝန်ကျရာ အရှေ့ပိုင်းဆေးရုံသို့ ကူးပြောင်းရတာပဲဖြစ်ဖြစ် အဲ ယောက်ျားလေးနှစ်ယောက်မောင်းသော ကားနှစ်စီးကို သူမ မိန်းကလေးလေးယောက်က ကပ်စီးရသည်။

အဲဒီလိုကပ်စီးတဲ့အခါမျိုးမှာ ယုဒါမောင်းတဲ့ကားကို ရှိလ က လိုက်စီးရသည်ဆိုတာ သဘာဝ,ကျသည်။ သို့သော် ကျန် မိန်းကလေးသုံးယောက်ကလည်း ယုဒါကားနဲ့ပဲ လိုက်ချင်ကြ သည် ရဝေက ယုဒါ နှင့်စာလျှင် သူမတို့နဲ့ အနည်းငယ်မိမ်းနေသည် ရဝေ့ကားပေါ်လိုက်ဖို့ကို ဟိုလူ့တွန်းလွှတ်၊ ဒီလူ့တွန်းလွှတ်နဲ့ အ သွားခါနီးလျှင် သူမတို့မိန်းကလေးတွေ ကျိတ်ပြီး ရန်ဖြစ်ကြရသည်

ယုဒါကားပေါ်မှာပဲ မိန်းကလေးတွေအားလုံး လိုက်စီး မည်ဆိုလျှင်လည်း နောက်ခန်းမှာ သုံးယောက်ထိုင်ရမှာမို့ ကျပ်သည် ရဝေ့ကားပေါ်မှာလည်း ဘယ်သူမှမပါဘဲ သူ့ကို တစ်ယောက်တည် မောင်းလာခိုင်းရမှာ အားနာကြပြန်သည်။

နောက်ဆုံးတော့ သူမ,ကိုပဲ ရဝေနဲ့အခင်ဆုံးဟု သတ်မှ



ာ သူမ,ကို ရဝေ့ကားနဲ့ လိုက်စီးရန် အတင်းဆုံးဖြစ်ကြတော့သည်။

သူမတို့ အခုလို ယုဒါကားနဲ့ပဲ လိုက်ချင်ကြပြီး ရဝေ့ကား ့တော့ မလိုက်ချင်ကြဘူးဆိုတာ ရဝေသိပြီး စိတ်အားငယ်မှာမျိုး၊ ူ့ကို ခွဲခြားပြီးဆက်ဆံသည်ဟု ထင်သွားမှာမျိုးကို သူမကလည်း ဖြစ်စေချင်ပြန်။

ရဝေ့ကို အားလုံးသောသူငယ်ချင်းတွေနဲ့ တန်းတူ ခင်မင် ာယ်ဆိုတာ ပြချင်တဲ့သဘောနဲ့ သူမပဲ . . . ရဝေ့ကားရှေ့ခန်းမှာ ီးသားစွာ အတူစီးဖို့ ကျေနပ်ခဲ့ရသည်။

နောက်ကျတော့ အဲဒါကပဲ အစဉ်အလာတစ်ခုလို ဖြစ်ကာ ယုဒါနဲ့ ရှိလာတို့ မိန်းကလေးသုံးယောက်က ကားတစ်စီး၊ ရဝေနဲ့ သူမက ရဝေရဲ့ ကားနဲ့တစ်စီး . . . အမြဲလိုလို အပြင်ထွက်တိုင်း ဒီလို ပုံစံမျိုးနဲ့ပဲ ထွက်ဖြစ်ခဲ့ကြသည်။

အားလုံးထဲမှာ ရဝေနဲ့ သူမက ခင်မင်မှုတွေ ပိုမိုခိုင်မြဲလာ သည့်တိုင် သူမ အကဲခတ်စောင့်ကြည့်ရသလောက် ရဝေ့ဘက်က သူမ, ကို မရိုးမသား စိတ်ကစားသည့်အမူအရာလည်း တစ်စွန်းတစ်စမျှ မမြင်တွေ့ခဲ့ရပါ။

စကား အခွန်းတိုင်း၊ မျက်လုံး အကြည့်တိုင်းမှာ ရဝေသည် အခြားသော ယောက်ျားလေးများနည်းတူ ဖြူစင်ရိုးရှင်းလွန်းနေတာ သူမ, တွေ့ရှိနေရသည်။

ကိုမွန်ပြောခဲ့သော ထင်မြင်ချက်ကတော့ မှားယွင်းနေပြီဟု သူမ ထင်ချင်လာသည်။ ကိုမွန် အဲဒီတစ်ခေါက် ဂျပန်ကပြန်လာတုန်း သတိပေးသွားသော စကားတစ်ခွန်းကြောင့်သာ ရဝေနဲ့တွေ့ဆုံ စကားပြောရတိုင်း သူမ ရင်က လှုပ်ရှားတုန်ရီနေတတ်သည်။ အမြဲ

www.burmeseclassic.com

www.burmeseclassic.com



လိုလို ရင်ခုန်နေရသည်။

သူမ,ကသာ မယုံသင်္ကာစိတ်နဲ့ . ရဝေ့အပေါ် ကြောက်ရွံ့သလို လို၊ ရှက်အမ်းသလိုလို တွန့်ဆုတ်တတ်ပေမယ့် ရဝေကတော့ တကယ့် အဖြူရောင် လူငယ်ကလေး။ ဘယ်လိုအမူအရာမျိုးနဲ့မှ စည်းကျော် လာတာ မရှိ။

အို . . . အဲဒီလိုဆိုရင် သိပ်ကောင်းမှာပဲ။ သူနဲ့ ကျွန်မ . . . ထာဝရ သူငယ်ချင်းလေ။ ကိုမွန် နောက်တစ်ခေါက်ပြန်လာရင် ကိုမွန့် အထင်အမြင်တွေ မှားယွင်းခဲ့ကြောင်း သူမ ခပ်ကြွားကြွားလေး ပြန်ပြောနိုင်မှာပေါ့။

ရဝေ့အပေါ်မှာ အဲဒီလိုနဲ့ သူမရဲ့သံသယတွေကို ဖျောက် ဖျက်ပစ်ဖို့ ကြိုးစားမိခဲ့ပြီး အဖြူရောင်သံယောဇဉ်ဖြင့်လည်း တစ်စ ထက်တစ်စ တိုးလို့ ပိုခင်မင်လာမိတာ ဝန်ခံရမည်။

တစ်ခါတစ်ရံ သူမ,က ရဝေ့ဆီမှာ စိတ်တိုင်းမကျတာတွေ့လို့ အနိုင်ကျင့် ရန်ဖြစ်မိလျှင် ရဝေကလည်း ထုံးစံအတိုင်း မာဆတ်ဆတ် ပြန်ပြော ခဲ့လျှင်. . . သူမတို့နှစ်ယောက်ကို သူငယ်ချင်းတွေက ဒီလို ဝိုင်းဖျန်ဖြေတတ်ကြသည်။

"ဟယ် . . ဒီမောင်နှမနှစ်ယောက် . . . ဘာလို့ ရန်ဖြစ်နေ ကြတာလဲ"

"ဟဲ့ . . . အကြီးမနဲ့အငယ်ကောင်၊ ကိုက်မနေကြစမ်းနဲ့"

ရဝေနဲ့သူမတို့မှာ တစ်ခါတလေ အဲဒီလို တစ်ခွန်းမခံ စကား နိုင်လု၍ ငြင်းခုံတတ်ကြသော်လည်း ဘယ်သူမှ စိတ်ဆိုး၊ စိတ်ကောက် သည်ဟူ၍ မရှိပါ။ ဘာ့ကြောင့်လဲဆိုတော့ သူမတို့နှစ်ယောက် စလုံးသည် နေရာတော်တော်များများမှာပင် တစ်ယောက်စိတ်ကို



. . .စ်ယောက်က ကြိုသိနေသလို၊ တစ်ယောက်ရဲ့အကြိုက်နဲ့ တစ် . . .ောက်ကလည်း အံ့ဩစရာကောင်းလောက်အောင် တူနေကြပြန် . . .သည်။

ဥပမာ ဖီးလ် ( Feel ) စားသောက်ဆိုင်သို့ သူငယ်ချင်းတွေ . . .တူ သွားစားကြလျှင် ဘယ်သူ ဘာစားစား သူမနဲ့ရဝေကတော့ . . .ဘူးသီးချောင်းကြော်ကို ပြိုင်တူမှာမိလျက်သား ဖြစ်တတ်သည်။ . . .ီးတော့ ဒူးရင်းမေ့လ်ခ် ရှိတ်ကို အသေအလဲ ကြိုက်ကြတာခြင်းလည်း . . .ူသည်။

ဆယ့်သုံးလမ်းထိပ်က အာပူလျှာပူကို သွားစားမည်ဆိုပါစို့။ . . .မဆုံး သွားစားကြသည့်အခေါက်မှာ ရဝေက အဲဒီလိုမှာသည်။

"အသုတ်တစ်ပွဲ၊ အစပ်လျှော့၊ အရွက်များများ၊ ဟင်းရည်ထဲ . . .ကြော် တစ်ခုထည့်ပေး . . ."

သူမ, ကြားခါစ,က မျက်မှောင်ကျုံ့၍ မေးမိသည်။

"အဲဒါ . . . ဘယ်သူ့အတွက် မှာနေတာလဲ"

သူမ,မေးခွန်းကြောင့် ရဝေက အံ့အားသင့်တကြီးနဲ့ . . .။

"ဟ . . . ကျွန်တော့်အတွက် ကျွန်တော်မှာနေတာလေ၊ . . .တိုင်း ကိုယ့်အတွက်ကိုယ် မှာစားနေကြတာပဲ မဟုတ်လား"

သူမ အနည်းငယ် ရှက်သွားသည်။

"ဟွန်း . . . ရဝေစုတ် . . . နှောင်းကဖြင့် . . နှောင်းအတွက် . . . မှာပေးနေသလားလို့၊ ဒါဆိုလည်း ခုနက ရဝေမှာတဲ့အတိုင်း . . .င်းကို တစ်ပွဲထပ်မှာပေး"

"ဩော် . . . သိဘူးလေဗျာ . . . နှောင်းက အသုတ်စားမှာ . . . အရည် စားမှာလား . . . ဘာကြိုက်တတ်မှန်း ကျွန်တော်မှ

www.burmeseclassic.com

www.burmeseclassic.com



မသိဘဲ"

"အံ့မယ် . . . သူက . . . နှောင်း အရင်မှာစားနေကျ
အတိုင်း တစ်ထပ်တည်းတူအောင် လိုက်မှာနေပြီးတော့၊ ဘာအ
မသိချင်ယောင် ဆောင်နေတာလဲ၊ ဟိုတစ်ခါစားတုန်းက နှောင်းမှာ
ပုံစံကို ရဝေမှတ်ထားတာ ဟုတ်ဘူးလား"

"ကြံကြီးစည်ရာ . . . နှောင်းနဲ့အတူတူ ဒီဆိုင်ကို အ
ရှာစားဖူးတာပါဗျ"

"အန် . . . ဟုတ်ဘဲနဲ့"

"ဟုတ်ပါတယ် . . . ဒါ ပထမဆုံးအကြိမ်"

အဲဒီလိုမျိုး ငြင်းခုံရတာတွေက ခဏခဏ။ သူငယ်ချင်း
ကတောင် အားကနေ ဝင်ပါရတော့သည်။ "ဟယ် . . . ဒီနှစ်ယော
ငြင်းကြပြန်ပြီ၊ စားစရာရှိစား၊ မှာစရာရှိမြန်မြန်မှာတာ မဟုတ်
ဘာလဲ . . . အကြိုက်ချင်း တူကြပြန်ပြီလား၊ အဲဒါပဲ ရှင်တို့ အလ
ရှုပ်နေတယ်၊ ဘာလေးတွေမှန်း မသိဘူး" ဟု သူငယ်ချင်းတွေက စိ
မရှည်စွာ ကြားဝင်ဖြတ်မှ ရဝေနဲ့ သူမ အငြင်းအခုံ ရပ်ပစ်ကြရသည်

ကြာလာတော့ စားသောက်ဆိုင်တွေမှာ အတူတူထိုင်ဖြစ်
တိုင်း ရဝေက တစ်ခုခု ဦးအောင်မှာလျှင် သိပ်ပြီးစဉ်းစားစရာမလို
သူမ,ကပါ "အဲဒါမျိုး နောက်တစ်ပွဲ၊ နောက်တစ်ခွက် . . ." ဟု
လိုက်လျှင် အေးသည်။ ရဝေကြိုက်နှစ်သက်တာက သူမ ကြိုက်
သက်တာတွေချည်းပဲ မဟုတ်လား။

သူမနဲ့ကိုမွန်တောင် ဒီလောက်အကြိုက်ချင်း မတူညီခဲ့
စိတ်ထဲက ကျိတ်၍ သိရှိနေပြီး မကျေမနပ် ခံရခက်နေရသည်။

စားသောက်ဆိုင်ရှေ့မှာ သူမ,က ဒူးရင်းမှေ့လ်ခ်ရှိတ် (သို



ဒိမ်နို သောက်လျှင် ကိုမွန်က ဒိန်ချဉ်နို့များများသာ သောက်သည်။
ရွှေပုစွန်မှာ ကိုမွန်က သီးစုံသောက်တိုင်း သူမက ဖာလူဒါသာ မှာ
သောက်တတ်သည်။

ကိုမွန်နဲ့ ဘယ်တုန်းကမှ အကြိုက်ချင်းမညီခဲ့သလောက်
ရဝေနဲ့ကျမှ အကြိုက်တွေ လာလာတူနေတာ ဘယ်သူ့ကို အပြစ်ဖို့
ရမှန်းလည်း မသိ။

အစားအသောက်တင်ပဲလားဆိုတော့ မဟုတ်ပြန်။ ကိုမွန်က
အဖြူရောင်ကို ကြိုက်သလောက် သူမ,က အနက်ရောင်ကို မက်မက်
စက်စက် ဝတ်တတ်သည်။ ရဝေကလည်း အရောင်တွေထဲမှာ အနက်
ရောင်ကို အကြိုက်ဆုံးတဲ့ . . .။

ဒါတင်ပဲလားဆိုတော့ မဟုတ်သေး။

ဟယ်လီဘယ်ရီကို ကြိုက်တာချင်း တူသည်။ စီလင်းဒီယွန်
ကို ကြိုက်တာချင်း တူသည်။ ဂျက်ဖရီအာချာကို ကြိုက်တာချင်း
တူသည်။

( အထူးသဖြင့် . . . ကိန်းအန်အေဘယ်လ်ကိုပေါ့။ )

ဖောရက်စ်ဂမ့် ( Forrest Gump ) ရုပ်ရှင်ကို သူမ မြန်ကြည့်
ဘာ ခြောက်ကြိမ်ရှိပြီဆိုတော့ ရဝေက . . .

"နည်းသေးတယ်၊ ကျွန်တော်က ရှစ်ကြိမ်ရှိသွားပြီ" တဲ့လေ။

ပြီးတော့ သူမနဲ့ရဝေ နှစ်ယောက်စလုံး ပြိုင်တူအော်ဟစ်
သိုက်မိတာက . . .

"Lifef is like a chocolate box . . .

Yor' ll never know what yor can get from it . . ."

ဘဝဆိုတာ ချောကလက်ဘူးနဲ့ တူတယ်

www.burmeseclassic.com

www.burmeseclassic.com



ချောကလက်ဘူးထဲက ဘယ်လိုအရာမျိုးကို ရရှိမယ်ဆိုတာ ကြိုတင် မသိနိုင်သလိုပေါ့ . . . ဆိုတဲ့စာသားကို သူမနဲ့ရဝေတို့ ပြိုင်တူ ရွတ်ဆိုရင်း အားရပါးရ ရယ်မောခဲ့ကြဖူးတာ အံ့သြစရာလည်း ကောင်းသည်။ ရင်ခုန်စရာလည်း ကောင်းနေတယ်ဆိုတာ . . . သူမ တုန်လှုပ်စွာနဲ့ သိရှိနေပြန်သည်။

သူမနဲ့ရဝေတို့ တိုက်ဆိုင်မှုများစွာနဲ့ အကြိုက်ချင်းတွေ လာလာတူညီနေတတ်တာ တစ်ကြိမ်မှာတော့ အားလုံးကတောင် အံ့သြယူစရာအဖြစ် တစ်ခု ဖြစ်ခဲ့သည်။

အမြင်အာရုံစူးရှတတ်သော ယမုံက ဗုဒ္ဓဟူးနေ့တစ်နေ့မှာ သူမ့ကို ခပ်တိုးတိုး လာမေးခဲ့သည်။

"ဟဲ့ . . . မယ်နှောင်း . . . ရှင်နဲ့ ရဝေတို့ အဝတ်အစား အရောင် ဆင်တူအောင် ညှိဝတ်လာကြသလား . . . ပြောစမ်း . . ."

"အို . . . ပေါက်တတ်ကရ၊ မဟုတ်တာ . . ."

"ဘာ မဟုတ်တာလဲ၊ ကျုပ် သတိထားမိတာ သုံးရက်ရှိနေပြီ တနင်္လာနေ့ကလေ . . . ရဝေက စတစ်ကော်လံအင်္ကျီအဖြူနဲ့ ယောလုံချည်အနက်ကလေး ဝတ်လာတယ်၊ ရှင်က အဖြူပေါ်မှာ ဝတ်စကွတ် အနက်ရင်ကွဲလေး ထပ်ဝတ်လို့၊ ထဘီ အနက်ပြောင် လေးနဲ့၊ ထားပါတော့ . . . ဒါက တစ်ရက်၊ အင်္ဂါနေ့ကျတော့ . . . ရဝေက ဂျွန်လန်းဖိုဒ် ရှပ်အင်္ကျီအစိမ်းဖျော့ဖျော့လက်ရှည်နဲ့ ကချင် လုံချည် အစိမ်းနဲ့အနက်ကွက်လေး ဝတ်လာတယ်၊ ရှင်က . . . ဟို အစိမ်းပုပ်ရောင် တွင်းဆက်(Twin Set) အင်္ကျီလေးနဲ့လေ၊ လုံချည် ကလည်း အစိမ်းပေါ် အနက်ဖောက်တဲ့ အဆင်လေး၊ ဒီနေ့ကျတော့ ရော . . . ဘာပြောင်းဦးမလဲ၊ ရှင်က ကြက်သွေးရောင် ဘလောက်စ်



ကတ်ပြတ်လေးနဲ့၊ ကြက်သွေးရောင် ပါတိတ်လုံချည်နဲ့၊ ရဝေ ဝတ် ထားတာ . . . ဟိုမှာ တွေ့လား၊ နီကယ်ခ စပို့ရှပ်က ရှင့်အင်္ကျီအရောင် နဲ့ တစ်ထပ်တည်း၊ သူ့ဘောင်းဘီက အနက်ရောင် ဖြစ်နေတာပဲ ကွာတယ်၊ ကဲ . . . ဘာပြောမလဲ"

"အိုကွာ . . . ရှင်ပဲ . . . စေ့စေ့စပ်စပ်မြင်တတ်လွန်းတယ်၊ ကျွန်မဖြင့် သတိတောင်မထားမိဘူး၊ ဘာကိစ္စ ကျွန်မတို့နှစ်ယောက်က အဝတ်အစားကို အရောင်ဆင်တူဖြစ်အောင် ညှိဝတ်လာရမှာလဲ . . .၊ အဓိပ္ပာယ်မရှိတာ . . ."

"တကယ် . . . ညှိပြီးဝတ်ထားတာ မဟုတ်ဘူးလား"

"မဟုတ်ပါဘူး . . . ဆိုနေမှကွာ . . ."

"အဲဒါဆိုရင်တော့ သိပ်ကို အံ့သြစရာကောင်းတာပဲ၊ ရှင်တို့ နှစ်ယောက်က လူတွေရဲ့အမြင်မှာ ဘယ်အချိန်ကြည့်ကြည့် . . . မက်ချ် (Match) ဖြစ်အောင် လုပ်ထားသလိုပဲ၊ အမြဲ ဆင်တူနေတယ်"

"အဲဒါ . . . တိုက်ဆိုင်မှုသက်သက်ပါ"

"တိုက်ဆိုင်တာကလည်း သုံးရက်ကြီးတောင် . . ."

ယမုံကတော့ သိပ်ပြီးကျေနပ်သေးပုံမရဘဲ အဲဒီနေ့က စကား စကာသတ်လိုက်ခဲ့ပေမယ့် နောက်တစ်ရက် ကြာသပတေးနေ့ကျမှ အံ့တသြ အဲဒီဇာတ်လမ်းကို ပြန်ဆက်ရလေသည်။

ဖြစ်ပုံကလည်း သူမ့ကိုယ်တိုင်က ရဝေရဲ့ အင်္ကျီအရောင်နဲ့ ...တ်စုံများ ခပ်ဆင်ဆင်လာလာတူနေတာကို စိတ်ဓာတ်သိကအောက် ...မှာ သူမ့ရဲ့ အင်္ကျီတွေထဲက တစ်ခါမှ ကျောင်းကို မဝတ်ဖူးသေးတဲ့ ...ကျားလေးအများစုကလည်း မရွေးချယ်တတ်မယ့်) အရောင် ...ရောင် ဖျော့ဖျော့လေးကို ထဘီအဖြူဆွတ်ဆွတ် ပြောင်လေးနဲ့

www.burmeseclassic.com



ဘွဲ့ဖက်ဝတ်ဆင်လာလိုက်တာ။

ကျောင်းရောက်တော့မှ ရဝေဝတ်လာတဲ့ အဲရိုးရှပ်အင်္ကျီ... အနီးကပ်ကြည့်တော့ အဖြူပေါ် ပန်းနုရောင် ဒေါင်လိုက်ကွမ်းရိုး... သေးသေးလေးတွေပါတဲ့ ရှပ်အင်္ကျီဖြစ်နေပြီး ဘောင်းဘီကလည်း... အဖြူဆွတ်ဆွတ် ကော်ဂျူရွိုင်းအသား အာမေးနီးတံဆိပ် ဘောင်း... တစ်ထည်ဖြစ်နေခဲ့ရာ . . . ။

အားလုံးရဲ့ ဝိုင်းဝန်းနောက်ပြောင်မှုတွေ ကြားထဲမှာ သူမ... ရဝေတို့ ခေါင်းမဖော်ရဲအောင် ရှက်အမ်းပူထူခဲ့ရသည်အထိ။

ဒီကြားထဲ ယုဒါနဲ့ရှီလာက သူမနဲ့ရဝေတို့ အင်္ကျီအရော... ဒီနေ့ ဆင်တူ၊ မတူကို အလောင်းအစား လုပ်ထားသေးဆိုပဲ။

ယုဒါက နိုင်သွားသည်လေ။

"ငါ ပြောသားပဲဟ . . . ရှီရ၊ သူတို့နှစ်ယောက် ညှိဝတ်... ပါ ဆိုနေမှ"

ရှီလာကတော့ လောင်းထားတာ ရှုံးသွား၍ ငိုမဲ့မဲ့နှင့် သူမ... လာရန်တွေ့သည်။

"ရှင်ပြောတော့ ညှိဝတ်တာ မဟုတ်ဘူးဆို . . . နှောင်း... ကဖြင့် ဒါဆို . . . လေးရက်ထိတော့ ဆင်တူမဖြစ်နိုင်ပါဘူးဆို... လောင်းလိုက်တာ၊ ခုတော့ ရှုံးပြီ၊ အဟင့် . . . အဟင့် . . . အော... မြင့်မိုရ်မှာ . . . ကြေးအိုးတဲ့၊ အဲဒါ . . . ညည်းကျွေး . . . မိနှောင်..."

"အို . . . ဘာဆိုင်လို့လဲ၊ သူတို့ဟာသူတို့ လောင်းကြ... တော့ . . ."

"ညည်းက လိမ်ပြောတာကိုး၊ ဆင်တူဖြစ်အောင် ညှိ... တယ်ဆို . . . ဝတ်တယ်ပေါ့"



"မဟုတ်ပါဘူးဆိုမှ . . . မဝတ်ပါဘူး"

သူမ, ဘယ်လိုပြောပြော၊ ဘယ်လိုရှင်းရှင်း မယုံကြတော့ချေ။ ...လာတော့ ရှက်တာနဲ့ရော၊ ဒေါသလည်းဖြစ် စိတ်ရှုပ်တာနဲ့ပါ ...င်းပြီး မဲမိမဲရာ ရဝေ့ကို သူမ, အော်မိတော့သည်။

"အဲဒီရဝေကလည်း . . . ဘာမှန်းလဲ မသိဘူး၊ အဲဒီ ...ဘောင်းဘီအဖြူနဲ့ ဒီအင်္ကျီက တစ်ခါမှလည်း ဝတ်တာ မတွေ့ဖူးဘူး၊ ...ခုမှ . . . ဘာလို့ ဝတ်လာတာလဲ၊ ဒီမှာ . . . ရှုပ်ကုန်ပြီ"

"ဟောဗျာ . . . ကျွန်တော်နဲ့ . . . ဘာဆိုင်လို့လဲ၊ ဒီဝတ်စုံ ... . . . ကျွန်တော့်မွေးနေ့တုန်းက မမကြီး လက်ဆောင်ပေးထားတာ၊ ...ကျွန်တော်က အရောင်သိပ်မကြိုက်လို့ မဝတ်သေးဘဲ ထားတာ၊ မမကြီး ...က ဗျစ်တောက် ဗျစ်တောက် ပြောနေတာကြာပြီ၊ အဲဒါနဲ့ သူ ကျေနပ် ...အောင် ဒီနေ့ ထုတ်ဝတ်လာတာ . . . ."

"ရှင်ကလည်း . . . ဒီနေ့မှ ထုတ်ဝတ်ရလား၊ နောက်နေ့မှ ...ဝတ်ပါလား"

"အလို . . . ကျွန်တော့်အင်္ကျီ . . . ကျွန်တော်ကြိုက်တဲ့နေ့ ...ထုတ်ဝတ်မှာပေါ့၊ နှောင်းနဲ့ ဘာဆိုင်လို့လဲ"

"ဝတ် . . . ဝတ်၊ သေအောင် ဝတ် . . ."

"ဟ . . . အလကားနေ ဒေါသထွက်နေတယ်၊ နှောင်းက ...သည်း . . . အဲဒါ . . . ဘာပူစရာရှိလဲ၊ ကျွန်တော်နဲ့နှောင်း အင်္ကျီ ...အရောင်ဆင်တူနေတာ ဘာဖြစ်လို့လဲ၊ ဘယ်သူမှလည်း ထိခိုက်တာ ...မဟုတ်ဘဲနဲ့"

"အို . . . ရဝေ မသိပါဘူး၊ သွား . . . သွားပါ . . ."

"ခက်နေပြီ၊ အင်္ကျီဆင်မတူစေချင်ရင်လည်း နှောင်းက

www.burmeseclassic.com

www.burmeseclassic.com



ကြိုပြောပေါ့၊ မနက်ဖြန် ဘာအရောင်ဝတ်မှာလဲဆိုတာ၊ ကျွန်တော် . . . မတူအောင် ဝတ်ခဲ့မယ်လေ"

"အို . . . နှောင်းက မနက်ဖြန်ဝတ်မယ့် အဝတ်အစားကို ဒီနေ့ကတည်းက ကြိုပြီး စဉ်းစားရလောက်အောင် အားလျားနေတဲ့ မိန်းမစား မဟုတ်ဘူး၊ အလုပ်ရှုပ်ကရှုပ်နဲ့၊ မနက်ခင်း ကျောင်းသွားခါနီးကျမှ ဘီဒိုဖွင့်ပြီး မျက်စိထဲ ထင်းနေတဲ့ဟာ ကောက်ဆွဲဝတ်လာမှာ၊ ဘယ်လိုလုပ်တပ်အပ် ပြောနိုင်မလဲ၊ ရှင်ပဲပြော . . . ရဝေရှင် မနက်ဖြန် ဘာဝတ်မှာလဲ"

"ဗျာ . . . ကျွန်တော်က ယောက်ျားလေးဗျ၊ အဝတ်အစားကိစ္စ ပိုလို့တောင် မစဉ်းစားသေးတယ်၊ ကြည့်ပြောပါဦး . . . နှောင်းရဲ့ ကျွန်တော်လည်း မီးပူတိုက်ထားတဲ့ အထပ်ထဲက အပေါ်ဆုံးမှာရှိတာ လွယ်လွယ်ယူဝတ်လာတာပဲ၊ ဘယ်လိုလုပ် ကြိုသိမလဲ"

"စကား ကပ်မပြောနဲ့၊ ရဝေပဲ . . . ပြော၊ မနက်ဖြန် ဘာဝတ်မှာလဲ"

"မပြောဘူး . . . နှောင်းပြောရမှာ၊ နှောင်းက မိန်းကလေး"

"ရဝေနော် . . . နှောင်း စိတ်ဆိုးလိုက်မှာ"

"ကျွန်တော်က အခုကို စိတ်ဆိုးနေပြီ၊ နှောင်းက အလုပ်ရှုပ်စရာ မရှိ . . . လိုက်ရှုပ်နေတယ်"

"အံမယ် . . . သူက . . . ရှင် . . . ဒါ . . . သက်သက်မဲ့ လိုက်ကပ်နေတာ၊ ရှင်ကိုက ကျွန်မအဝတ်အစားအရောင်နဲ့ တူအောင် လိုက်ဝတ်ချင်နေတာ မဟုတ်လား . . . ဟင် . . ."

"အမလေး . . . ဝေးသေး၊ မတူချင်ပါဘူး၊ နှောင်းကသာ တူချင်လို့ လိုက်မေးနေတာ မဟုတ်လား"



"ရဝေစုတ် . . . ရဝေပွဲ၊ လုံးဝ မတူချင်ဘူး . . . သိလား"

"ကျွန်တော်လည်း . . . မတူချင်ပါဘူး"

နောက်ဆုံးတော့ သူငယ်ချင်းတွေအားလုံးကပဲ တဟားဟား
တစ်ရယ်မောရင်း သူမနဲ့ရဝေတို့ရဲ့ ငြင်းခုံရန်ဖြစ်ခြင်းကို ကြား
ဝင်ရောက် တားမြစ် ဖျန်ဖြေရတော့သည်။

"တော်ကြပါတော့ဟယ်၊ မိနှောင်းရယ် . . . နင့်ကို ကြေးအိုး
ကျွေးခိုင်းလိုက်တာနဲ့ ဒီလောက်ဒေါသတကြီး ရမ်ဝေ့ကို သွား
တွေ့ရသလား . . ."

"အို . . . ရန်တွေ့တာ မဟုတ်ပါဘူး၊ အဲဒီရဝေတိုက စကား
တာ ကပ်တီးကပ်ဖွဲ့နဲ့"

"ဗျာ . . . ကျွန်တော်က ဘာကပ်လို့လဲ၊ မတူအောင် ဝတ်ခဲ့
မယ် . . . လို့ ပြောပြီးပြီပဲ၊ နှောင်းသာ . . ."

"ဩော် . . . တော်ကြပါတော့ . . . ဆိုနေမှ၊ ကဲ . . . ယုံ
ယုံတယ်၊ ရှင်တို့နှစ်ယောက် ညှိဝတ်လာတာ မဟုတ်ဘူးဆိုတာ
ရှေ့မှာလာပြီး ရန်ဖြစ်ပြမနေနဲ့၊ နားညည်းတယ်"

အဲဒီလိုမျိုး ရယ်လည်း ရယ်မောရ၊ စိတ်လည်း ရှုပ်ရတဲ့ အဖြစ်
တွေက သူမနဲ့ ရဝေတို့အကြားမှာ ခဏခဏ။

မယုံကြည်စရာကောင်းလောက်အောင် စိတ်သဘောထား
လည်း တိုက်ဆိုင်လွန်းပြီး . . . တစ်ယောက်ကို တစ်ယောက်
လိုချင်၊ အလျှော့မပေးချင်တဲ့ ဉာဉ်ကလေးတွေကလည်း တူညီ
ဆိုင်နေကြတော့ရာ သူမနဲ့ရဝေရဲ့ သူငယ်ချင်းဘဝမှာ အရွန်
ရာကောင်းပါသည်။

တစ်ယောက်ရဲ့စိတ်ကို တစ်ယောက်က ဘယ်လောက်အထိ

www.burmeseclassic.com

www.burmeseclassic.com



မှန်အောင် ဖော်နိုင်သလဲဆိုရင် မွေးနေ့တွေမှာ အပြန်အလှန်ပေး... သည့် လက်ဆောင်တွေကိုတောင်မှ စက္ကူအလှနှင့် သေသေချာချာ ... ထုပ်ပိုးတာ ကွယ်ထားသည့်ကြားထဲက အထဲမှာ ဘာရှိသလဲဆိုတာ မှန်အောင် ပြောနိုင်သည့်အထိပင်။

သူမမွေးနေ့သုံးခုတိတိမှာ ရဝေက လက်ဆောင်လာပေးတိုင်း ... အဲဒီ (Wrapping Paper) လှလှလေးနဲ့ စနစ်တကျ ပတ်ထားသည့် ... လက်ဆောင်ဗူးလေးတွေကို သူမလက်ထဲ ထည့်ရင်း "Guess.. What" (ဘာလဲ . . . ဆိုတာ မှန်းစမ်း) ဟု ပဟေဠိဖွက် . . . မေးမြန်းနေကျ ...

သူမကလည်း လက်ဆောင်ထုပ်ကလေးကို လက်ထဲမှာ ... ချိန်ဆ ကိုင်တွယ်ကြည့်ရှု အနည်းငယ် ကိုင်လှုပ်ကြည့်ပြီး လက်... ဆောင်ထုပ်ကို မဖောက်ခင် အထဲကပစ္စည်းဟာ ဘာ . . . ဆိုတာ ... တိတိကျကျ မှန်အောင်ပြောနိုင်ခဲ့လေရာ . . . သူငယ်ချင်းတွေ တအံ့ တသြ ဖြစ်ယူရသည် အထိပင်။

ပထမနှစ် ဆေးကျောင်းရောက်ခါစက သူမ ကျင်းပခဲ့သည့် ... မွေးနေ့ပွဲမှာ ရဝေပေးခဲ့တာ သူမ ဖြီးနေကျ ဘီးပုံစံ . . . ဘဲဥပုံဝက်မှင် ... ဘရပ်ရှ် ဘီးကလေး . . .။ အဲဒီဘီးပုံစံအတိုင်း စက္ကူထုတ်ထား... အပေါ်ကနေ စမ်းသပ်လိုက်တာနဲ့ . . . သူမ . . . ဝမ်းသာအား... "အဲဒါ . . ဘီးကလေး" ဟု ပြောလိုက်နိုင်တာ အံ့သြစရာ မကောင်းပါ...

ဒုတိယမြောက်မွေးနေ့မှာကျတော့ ရဝေပေးတဲ့ လက်ဆောင်... ထုပ်ကို သူမက ငါးစက္ကန့်လောက်သာ ကိုင်တွယ်စမ်းသပ်ပြီး . . .

"အဲဒါ . . . ရေမွှေး၊ နာမည်ပါ ပြောလိုက်မယ် . . . ပွိုင်ဇ... ( Poison ) . . . ဟုတ်တယ် မို့လား" . . . လို့ ခန့်မှန်းလိုက်တော့... ရဝေက မအံ့သြပေမယ့် သူငယ်ချင်းတွေက အံ့သြကုန်ကြသည်...



...က လက်ဆောင်ကို ဖောက်ကြည့်တော့လည်း သူမ ပြောလိုက်... တစ်ထပ်တည်းလေ . . .။

တကယ်တော့ အံ့သြစရာမကောင်းပါ။ သူမကိုယ်တိုင် သုံးစွဲ... အဲဒီ "အဆိပ်" ဆိုတဲ့ ရေမွှေးနံ့ကို ရဝေ အစောကြီးကတည်း... သိရှိပြီးသားပဲ။ ဒီရေမွှေးပဲ ပေးမှာပေါ့။

ပြီးတော့ ရေမွှေးပုလင်းဘူးလေးတွေက ပုံစံအမျိုးမျိုးနဲ့၊ ...နဲ့တစ်ခုက သိသာလောက်အောင် ကွာခြားတာ။ သူမ သုံးစွဲနေ... ရေမွှေးပုလင်းမို့ လက်ထဲမှာ ဆ, ကြည့်လိုက်တာနဲ့ ဘာ . . . ဟု ...အပ်ပြောနိုင်အောင် အမြဲတမ်း ကိုင်တွယ်ကြည့်ပြီးသား ပစ္စည်း။ ...ဆန်းစရာ မရှိ။

ဒါကိုပဲ သူငယ်ချင်းတွေက . . .

"ဟယ် . . . ရဝေ့ ဘာလက်ဆောင် ပေးမယ်ဆိုတာ ရှင်က ...သိနေတယ်၊ အဲဒါ . . . စိတ်ချင်းဆက်သွယ်နေလို့ပေါ့" . . . ဟု ...ကျကျ စွပ်စွဲလာတော့သည်။

တတိယမြောက် မွေးနေ့ကို ရောက်သည့်အခါမှာတော့ ...ရဲ့ လက်ဆောင်ထုပ်ထဲကအရာကို သူမ, ခန့်မှန်းလိုက်ရာမှာ ...ယ်ချင်းတွေတင်မက ရဝေကပါ တအံ့တသြ ဖြစ်ခဲ့ရပါသည်။

ရဝေရဲ့ လက်ဆောင်ပက်ကင်ထုပ်အရွယ်အစားက အများ ... သိနိုင်လောက်အောင် ရိုးရှင်းသည်။ သူငယ်ချင်းတွေကတောင် ... ခန့်မှန်းနိုင်ခဲ့သည်။

"အဲဒါ . . . စီဒီအချပ်ပဲ၊ အထဲက . . . ဗီစီဒီလည်း ဖြစ်နိုင် ...ယ်"

သို့ပေမယ့် ရဝေက ပြုံးစစ, မျက်နှာပေးနဲ့ ဒီတစ်ခါတော့

www.burmeseclassic.com

www.burmeseclassic.com



သူမ. အရှုံးပေးရပြီဆိုတဲ့ မျက်နှာထားမျိုးလုပ်ကာ လာမေးသည်…

"စီဒီဆိုရင် . . . ဘာစီဒီလဲ . . .၊ အဆိုတော် ဘယ်… စီဒီလဲ . . .၊ နောင်း . . . မှန်အောင်ဖြေ၊ မှန်ရင် . . . … စားချင်တာ ကျွန်တော် လိုက်ကျွေးမယ်"

အဲဒီလို တမင်တကာ အနိုင်လိုချင်တဲ့ ရဝေဆိုတဲ့ … စုတ်လေးကို သူမ, မုန်းတာ။ သူငယ်ချင်းတွေ အားလုံးက… သူမဘက်ကနေပြီး . . . "ဟင် . . . ဘယ်အဆိုတော်ရဲ့ စီဒီ… …တော့ နောင်းက ဘယ်လို လုပ်ပြောနိုင်မလဲ၊ အဆိုတော်… အများကြီး ရှိတာ၊ ရဝေ . . . အဲဒါတော့ နင် သက်သက် ညစ်… ဟု ပြန်လှန် ငြင်းခုံကြသေးသည်။

သို့ပေမယ့် သူမ,က ခပ်အေးအေး ပြုံးလိုက်နိုင်ကာ ရ… အရှုံး မပေးစတမ်း ပြောပစ်လိုက်မိပါသည်။

"ရဝေ . . . လုပ်မနေစမ်းနဲ့၊ ရှင် . . . ပါးစပ်ဟ,လိုက်… အူ ဘယ်နှစ်ခွေဆိုတာ ကျွန်မသိရလောက်အောင် ရှင့်အကြောင်… ကျွန်မ သိနေပြီ၊ ဒါ . . . ကျွန်မကို သက်သက်ထောင်ချောက်ဆင်… ဒီမှာ သူငယ်ချင်းတို့ . . .၊ သူပေးတဲ့လက်ဆောင်က လုံး၀ … မဟုတ်ဘူး"

"ဒါဆို . . . ဗီစီဒီပေါ့"

"ဟင့်အင်း . . . ဗီစီဒီလည်း မဟုတ်ဘူး၊ ကာရာအိုကေ… ရုပ်ရှင် ဇာတ်လမ်း တစ်ခုမှမဟုတ်ဘူး"

"ဟင် . . . ဒါဆိုဘာလဲ . . ."

သူငယ်ချင်းတွေ အကုန်လုံး တအံ့တသြ သူမ,လက်ထဲ… လက်ဆောင်ထုပ် အဲဒီပြားပြားအချပ်ကလေးကို ဆတ်ခနဲ လုဆွဲယူ…



စက္ကူများကို ဖောက်ဖြဲနေစဉ် . . . သူမက ရဝေ့မျက်နှာတည်တည်ကို ကြည့်ပြီးပြောလိုက်သည်။

"အဲဒါ . . . စီဒီရွှမ်တစ်ချပ် မဟုတ်လား . . . ရဝေ"

ရဝေသည်ပင် သူမ, စကားကြောင့် ပြုံးနေရာမှ အံ့အားသင့် ဘကြီး မျက်နှာပျက်သွားပါသည်။ သူမ, ဆက်ပြောလိုက်သည့် စကားက ပိုဆိုး၀ါးသည်။

"အဲဒါ . . . ကွန်ပျူတာထဲထည့်ပြီးမှ ဖတ်ရှုလို့ရမယ့် မက်ဒီကယ်လ် ဒစ်ရှင်နယ်ရီ (ဆေးပညာအဘိဓါန်) စီဒီရွှမ်အချပ်လေး မဟုတ်လား . . .၊ ဒီမှာ ရဝေရဲ့ . . . ရှင်နောင်းတို့က မပိုင်ရင် ဘာမှ မပြောဘူး၊ ကဲ . . . ရှင် ရှုံးပြီ . . . လိုက်ကျွေးပေတော့၊ ကျွန်မတို့က မက်ဂါနိုင်းက ဟော့ပေ့ါပဲ၊ တစ်ပြားမှ မလျှော့ဘူး"

သူမ,စကားအဆုံးမှာ ရဝေ့မျက်နှာက ပြင်မရလောက်အောင် မျက်ယွင်းသွားသလောက် . . . သူငယ်ချင်းတွေ အကုန်လုံးကလည်း ဖောက်လိုက်သော လက်ဆောင်ထုပ်ထဲက ထွက်လာသည့်အရာကို ဝိုင်းငုံ့ကြည့် ကာ "ဟယ် . . ." ခနဲ၊ "ဟင် . . ." ခနဲ ဖြစ်ကုန်ကြပါသည်။

"ဟုတ်တယ်တော့ . . . စီဒီရွှမ်လေး"

"ဟယ် . . . အဲဒါ တကယ်ပဲ မက်ဒီကယ်လ် ဒစ်ရှင်နယ်ရီ ခနဲ့"

အဲဒီတုန်းက သူမ,ရဲ့ ကျေနပ်အားရနေတဲ့ မျက်ဝန်းတွေထဲ ရဝေက စူးရှနက်ရှိုင်းစွာ စိုက်ကြည့်ရင်း တုန်ရီလိုက်မောစွာ မေးခဲ့ဖူးပါသည်။

"နောင်း . . . သိနေတယ်၊ ကျွန်တော်ပေးမယ့် လက်ဆောင်

www.burmeseclassic.com

www.burmeseclassic.com



ကို . . . လက်ဆောင်ကို . . . နှောင်း . . . ဘယ်လိုလုပ်ပြီး . . . သိနေတာလဲ၊ အံ့သြစရာ ကောင်းလိုက်တာ"

သူမ, သိပ်ကို ဝမ်းသာပျော်ရွှင်နေတဲ့အမူအရာအား ထိန်းမရဘဲ ရဝေ့ကို ပြန်မြော့ပြုမိခဲ့ပါသည်။

"အံ့သြစရာ မကောင်းပါဘူး ရဝေရဲ့၊ နှောင်းက အဲဒါ ရှမ်းသန်းပြီး မှန်းပြောလိုက်တာပါ၊ အခုအချိန်မှာ နှောင်း . . . သိပ်လိုချင်မက်မောနေတဲ့ အရာတစ်ခုက အဲဒီစီဒီရွှမ်လေးပဲလေ၊ နှောင်း လိုချင်တာကိုပဲ ရဝေက ပေးလိမ့်မယ်ဆိုတာ နှောင်းက ကြိုသိနေတာကိုး . . . မဟုတ်ဘူးလား၊ ရဝေက နှောင်းလိုချင်တဲ့ . . . နှောင်း လိုအပ်မယ့် အရာမှန်သမျှကို ပေးနိုင်တာပဲ မဟုတ်လား . . ."

သူမ,စကားကို သူ . . . လုံးဝ မရယ်မောခဲ့ပါ။ ပြုံးရုံလေးပင် ပြုံးပြဖော် မရခဲ့ပါ။ သူ့မျက်နှာသည် ဘာကိုမှ ဖတ်ရှု၍ မရလောက်အောင် လေးနက် တည်ငြိမ်နေခဲ့သည်။ သူ့အကြည့်တွေသည် သူမ,မျက်နှာပေါ်ကတစ်ဆင့် အဝေးသို့ လွင့်သွားခဲ့လေသည်။

သူ့နှုတ်ခမ်းထူထူကလေးတွေ ဘာ့ကြောင့် တင်းမာသွားသလဲ သူမ နားမလည်နိုင်ခဲ့ပါ။ သူ့မျက်နှာပြင် နှုန်ကလေးအောက်မှာ လျှို့ဝှက်စွာ သိမ်းဆည်းဖုံးကွယ်ထားသောအရာသည် အင်မတန် ကြေမွနာကြည်းစရာကောင်းမှန်း သူ့မျက်လုံးတွေက ဖော်ပြနေသည်။

ဘုရား . . . ဘုရား။ သူ . . . ဘာကို နာကြည်းနေပါလိမ့်။

နောက်ဆုံးတော့ သူမ,ကို သူ လုံးဝမကြည့်ဘဲ ထိုစကားလုံးတွေကို တစ်လုံးချင်း ပြောခဲ့လေသည်။

"ဘဝ . . . ဆိုတာ . . ."

သူ့ . . . အသံတွေ မယုံနိုင်စရာ အက်ကွဲနေ၏။



"ဘဝဆိုတာ . . . ကိုယ်လိုချင်တာတွေချည်းပဲ ရတတ်တာမဟုတ်ဘူး . . . နှောင်း၊ တစ်ခါတစ်လေကျတော့ . . . ကိုယ် မလိုချင်တာတွေလည်း ရချင်ရတတ်တယ်"

အံ့သြစရာကောင်းလွန်းသည့် သူ့ရဲ့ ကြေမွနေတဲ့ လေသံကြောင့် သူမ . . . အေးစက်စွာ ငြိမ်သက် ဆွံ့အ, နေခဲ့ရပါသည်။

"အဲဒီလို . . . ကိုယ် မလိုချင်တဲ့ လက်ဆောင်တစ်ခုခုကို . . . နှောင်း တစ်နေ့ လက်ခံရတဲ့အခါ . . . အဲဒီလက်ဆောင်အပေါ်မှာ . . . နှောင်း . . . နှောင်း . . . တန်ဖိုးထားတတ်ပါစေ . . . လို့ ကျွန်တော် ဆုတောင်းပါတယ်"

အဲဒီလက်ဆောင်ဟာ ဘယ်လိုဟာမျိုးလဲ . . . လို့ သူမ မေးဖို့ မလိုအပ်ပါ။ မကြာလှခင် တစ်ခုသော မနက်ခင်းမှာပဲ အဲဒီလက်ဆောင်ကို သူမ, ရရှိခဲ့ခြင်း ဖြစ်သည်။

အဲဒီနေ့မနက်သည် ထူးခြားဆန်းကျယ်စွာ သူမ၏မေမေက သူမအား ကျောင်းသို့ ကားမောင်းပို့ပေးခဲ့သည့် မနက်ခင်းတစ်ခု ဖြစ်ပါသည်။

ယခင်နေ့တွေတုန်းကတော့ သူမ,ကို ကျောင်းပို့ပေးသော ကားမောင်းသည့် ဒရိုင်ဘာ ဦးလေးကြီး ရှိသော်လည်း ဒီနေ့မှာတော့ ဦးလေးကြီးက ခွင့်ယူထား၍ မေမေကိုယ်တိုင် မောင်းပို့ခြင်းဖြစ်သည်။

မေမေကတော့ သူမနဲ့ခြားနားစွာ ကားကို ကိုယ်တိုင်မောင်း

www.burmeseclassic.com

www.burmeseclassic.com



၍ ကုမ္ပဏီသို့ တစ်ယောက်တည်း အလုပ်သွားလုပ်နိုင်သူ ဖြစ်လေသည်။ မေမေက သမီးဖြစ်တဲ့ သူမ့ကိုတောင် အားမလိုအားမရနဲ့ ကိုယ့်ကား ကိုယ်မောင်းပြီး ကျောင်းသွားတတ်အောင် လုပ်ဖို့ ခဏခဏ တိုက်တွန်းနေတတ်သည်။

အခုလည်း . . . ကြည့်။ လူရှုပ်ရှုပ်၊ ကားရှုပ်ရှုပ် မနက်ခင်းမှာ သူမ့ကျောင်းရှိရာ လမ်းမတော်သို့ ကားမောင်းပို့ပေးရသည့်အတွက် မေမေ စိတ်တိုစ ပြုလာပြီ။

လေသံခပ်ဆတ်ဆတ်နှင့် သူမ့ကို မေးတော့သည်။

"သမီးရဲ့ 'သ' လိုင်စင်က သက်တမ်းခြောက်လ မပြည့်သေးဘူးလား"

"ပြည့်ပြီးလို့ ကျော်တောင်ကျော်နေပြီလေ . . . မေမေရဲ့"

"အဲဒါဆို . . . 'က' လိုင်စင် သွားလုပ်တော့လေ၊ ညည်း မောင်းတတ်နေတာပဲ မဟုတ်လား"

"အင်းပါ မေမေရဲ့၊ နှောင်းမှ မအားသေးတာ၊ ကျောင်းပိတ်တော့မှပဲ သွားလုပ်မလားလို့"

"အေး . . . မြန်မြန်လုပ်၊ အိမ်မှာ ကားတွေရှိနေလျက်သားနဲ့ ညည်း ကားမောင်းလို့ မရသေးတာ ခက်နေတယ်၊ ညည်း ဘယ်သွားသွား ဦးလေးသောင်းက လိုက်မောင်းပို့နေရတာက မဟုတ်သေးဘူး၊ တခြားခိုင်းစရာ ရှိတာတွေ ဦးလေးသောင်းကို ခိုင်းဖို့က ရှိသေးတယ်"

"မေမေကလည်း . . . ဒီတစ်မနက်ပဲ သမီးကို ကျောင်းလိုက်ပို့ဖူးပါတယ်၊ ပြော်ပြီ"

မေမေ ဘာမှပြန်မပြောတော့။ သူမ့ရဲ့ မေမေက အဲဒီလို။ အရာရာမှာ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်နိုင်မှ သဘောကျသည်။



ကိုယ်တိုင်လည်း မိန်းမသားတန်မဲ့ အိမ်မှုကိစ္စတွေအပြင် ဖေဖေ ကုမ္ပဏီအလုပ်တွေမှာပါ ရာထူးတစ်ခုယူလျက် ဦးစီးဦးဆောင် တာသာ ကြည့်။

ဖေဖေက မေမေ့ထက် ဆယ်နှစ်ကျော်မျှ ကြီးသော်လည်း ကီရဲ့ အဓိကဆုံးဖြတ်ချက်များနှင့် အရေးကြီးကိစ္စများကိုသာ ်ရှက်တတ်ပြီး အောက်ခြေသိမ်းကိစ္စ၊ ဝန်ထမ်းရေးရာကိစ္စတွေ ်း မေမေ့နဲ့ မျက်နှာလွှဲထားနိုင်ရလောက်အောင် မေမေက ား်ရသည်။ အရမ်းလည်း ထက်မြက်စေ့စပ်ပါသည်။

ဖေဖေက အသက်အရွယ်အရလည်း လုပ်ငန်းမှ အနား ပြီဖြစ်ရာ ကိစ္စတော်တော်များများကို မေမေနှင့် လွှဲယူလုပ်ကိုင် ်တာကြောင့် မေမေ့ကို ကုမ္ပဏီလုပ်ငန်းမှာ နေရာပေးထားခြင်း ဖြစ်သည်။

မေမေက အဲဒီလိုနေရာတကာမှာ နှံ့နှံ့စပ်စပ် ဦးစီးနိုင် ာက် သူမကို ကျောင်းသို့လိုက်ပို့ရင်း မတင်မကျတ်သော မြင်ကွင်း ကို မေမေပဲ ချက်ချင်း စ,တင်တွေ့ရှိခဲ့တော့သည်။

သူမ့တို့ရဲ့ လမ်းမတော် ဆေးကျောင်းဝင်းထဲသို့ မေမေ့ မောင်းဝင်ချလာပြီး၊ ဆင်ဝင်ပေါ်တီကိုအောက်မှာ လူရှုပ်နေ ကားရပ်နားရာကွက်လပ်ထဲသို့ပဲ ပတ်ကွေ့မောင်းကာ သူမ့ကို ရပ်ပေးခိုက် . . . မေမေ့မျက်လုံးတွေ အရမ်းကို စူးရှ မြူးကျယ် ်း သူမတွေ့မြင်လိုက်ရသည်။

မေမေစူးစိုက်ကြည့်နေရာ ကျောင်းရှေ့ဆင်ဝင်အောက်ကို ်ခနဲ လှမ်းကြည့်မိလိုက်သည်။

မေမေကြည့်နေတဲ့သူက တစ်ယောက်ပဲ ရှိပါသည်။ အဲဒီ

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းရှေ့မှာရပ်ပြီး စကားပြောနေကြတဲ့အုပ်စုထဲမှာ သူမ, သူငယ် ချင်း မိန်းကလေးသုံးယောက်ကို မေမေ အကုန်သိပြီးသား။ အဲ ရှိလာ၊ လတ်လတ်နဲ့ ယမုံတို့အပြင် ရပ်ပြီးစကားပြော ရယ်မောနေသူက . . ရဝေ။

မေမေ . . . မျက်မှောင်ကျုံ့၍ သူမဘက်သို့ လှည့်ကာ မေးသည်။

"သမီး . . . သမီးသူငယ်ချင်းတွေနဲ့ ဟိုမှာစကား ပြောနေတဲ့ ကောင်လေးကို သိလား"

သူမစိတ်ထဲက တစ်စုံတစ်ရာ နှောင့်ယှက်ကျဉ်းကျပ်မှု စတင် ခံစားလိုက်ရသည်။ မေမေ . . . ဘာဖြစ်လို့ မေးပါလိမ့်။

ဘာပဲဖြစ်ဖြစ် မေမေ့မျက်နှာက အဆမတန် ပျက်ယွင်းနေ သည်ကို ကြည့်၍ သူမ ရင်ထိတ်သွားသည်။

"သိတယ်လေ မေမေ . . ." ဟု ပြောလိုက်သော သူ စကားသံလေးသည်ပင် တုန်ရီတိုးဖွကာ တုန်လှုပ်ဟန်တွေ အပြည့် ပါနေသည်။

"သူ့နာမည် . . . ဘယ်သူလဲ"

"ရဝေ . . . တဲ့ မေမေ"

"သူ့ရဲ့အဖေက နှလုံးခွဲစိတ်အထူးကုဆရာဝန်ကြီး ဦးမိုးဝေ မဟုတ်လား"

"ဟင် . . . မေမေ ဘယ်လိုလုပ်သိလဲ"

သူမ, အံ့အားသင့်တကြီး မေမေ့မျက်နှာကို လှမ်းကြည့်လိုက် တော့ မေမေ့အမူအရာက တစ္ဆေတစ်ကောင်ကို ပက်ပင်းတွေ့လိုက် သလို ရွံ့ရှာ တုန်လှုပ်သည့် အမူအရာ . . .။



တင်းမာခက်ထန်လာသော မေမေ့မျက်နှာကိုလည်း သူမ, ကြောက်ရွံ့တကြီး ငေးကြည့်နေမိပါသည်။ မေမေ့မျက်နှာက နီမြန်း ဆူဝေကာ ဒေါသတွေကို ထိန်းချုပ်ထားရသည့်ဟန် ပေါက်နေသလို လက်ချောင်းလေးတွေကလည်း ကားစတီယာရင်ကို တင်းကျပ်စွာ ဆုပ်ကိုင်လို့ထားသည်။

မေမေ့အသက်ရှူသံပြင်းပြင်းနှင့် စ,ပြောလိုက်သော စကား က အံ့ဩစရာ ကောင်းသည်။

"ဒုက္ခပါပဲ . . . အဲဒါမှ ဒုက္ခပါပဲ၊ ဘယ်လိုဖြစ်ပြီး ဦးမိုးဝေ သားက သမီးနဲ့ တစ်တန်းတည်း လာဖြစ်နေရတာလဲ၊ ညည်းအဖေ သိရင်တော့ ဒုက္ခပါပဲ၊ ညည်းအဖေသာ . . . သိရင်တော့ မလွယ်ဘူး ရှင်နှောင်းရေ၊ အဲဒါ ပြဿနာ"

"အို . . . မေမေကလည်း . . . ရဝေနဲ့ သမီး တစ်တန်း တည်း ဖြစ်နေတာနဲ့ပဲ ဖေဖေက ဘာလို့ ပြဿနာ လုပ်ရမှာလဲ"

"သမီး မသိပါဘူး၊ မေမေမေးတာကိုပဲ သမီး ဖြေစမ်း၊ အဲဒီ ကောင်လေးနဲ့ သမီးရော ခင်နေကြပြီလား၊ သူငယ်ချင်းတွေ ဖြစ်နေ ကြပြီလား . . ."

"တစ်တန်းတည်းပါဆိုမှ သူငယ်ချင်းတွေပဲပေါ့ . . . မေမေ၊ ခုံနံပါတ်ချင်းကလည်း ကပ်နေတဲ့ဟာ၊ ခင်တာပေါ့"

"အို . . . အမလေး . . အမလေး . . ဒီမှာသမီး . . မေမေ ပြောတာ သေသေချာချာ နားထောင်စမ်း၊ ဒီကိစ္စက ပေါ့ပေါ့တန်တန် မဟုတ်ဘူး၊ သမီးဖေဖေနဲ့ အဓိကပတ်သက်နေတယ်၊ ဒီဆေးကျောင်း က ဦးမိုးဝေသားနဲ့ သမီးနဲ့ တစ်တန်းတည်း အတူလာကျနေတယ် ဆိုတာ သမီးဖေဖေ စောစောကတည်းကသိရင် . . . သမီး ဒီဆေး

www.burmeseclassic.com

www.burmeseclassic.com



တက္ကသိုလ် (၁) မှာ ကျောင်းတက်ရမှာကို မဟုတ်ဘူး၊ ဆေး (၂) ကို ပြောင်းထားမှာ သေချာတယ်၊ အခုတောင် အဲဒီဦးမိုးဝေသားနဲ့ သမီး ရင်းနှီးနေတယ်ဆိုတာကြားရင် သမီးအဖေ နှလုံးရောဂါ ပြန်ထ လောက်တယ်၊ ချက်ချင်းတောင် ကျောင်းပြောင်းပစ်မလားပဲ"

"အို . . . ဘာဆိုင်လို့လဲ၊ ဦးမိုးဝေနဲ့ ဖေဖေနဲ့က ဘာဖြစ်ခဲ့လို့လဲ"

"သမီး . . . မေမေပြောတာ ဆုံးအောင်နားထောင်စမ်း၊ သမီးကို မေမေကလည်း ကျောင်းမပြောင်းစေချင်ပါဘူး၊ အခုပဲ သာ့ဒ်အမ်ဘီ (3rd M.B ) နှစ် ကုန်တော့မယ်၊ နောက်နှစ်နှစ်ခွဲ . . . သုံးနှစ်ဆို ကျောင်းပြီးပြီပဲ မဟုတ်လား၊ သမီးသူငယ်ချင်းတွေနဲ့လည်း သမီး မခွဲချင်ဘူးဆိုတာ မေမေ သိပါတယ်"

"ဟုတ်တယ် . . မခွဲချင်ဘူး၊ သမီး . . ကျောင်း မပြောင်းဘူး"

"ကျောင်း မပြောင်းချင်ရင် မေမေပြောတာ လိုက်လုပ်၊ သမီး . . . အဲဒီ ရဝေဆိုတဲ့ သူငယ်လေးနဲ့ အပေါင်းအသင်းမလုပ်နဲ့တော့"

"အို . . . မေမေကလည်း၊ အစိပ္ပာယ် မရှိတာ"

"မေမေပြောတာ နားထောင်စမ်းပါ သမီးရယ်၊ သမီး ကျောင်း မပြောင်းရအောင် မေမေက အကြံပေးနေတာ၊ သမီးအဖေအကြောင်း ကို သမီးသိတယ် မဟုတ်လား၊ သူက မေမေ့လို သမီးကို တောင်းပန် နေမှာ မဟုတ်ဘူးနော်၊ ကျောင်းပြောင်းဆို . . . အမိန့်တစ်ချက်ပဲ ပေး မှာ၊ ဒီတော့ သမီးလုပ်ရမှာက အဲဒီကောင်လေးကို မိတ်ဆွေအဖြစ် မဆက်ဆံဖို့ပဲ၊ ရှေ့လျှောက်ကို မှန်တန်းလေးနဲ့ပဲ နေပြီး အဆက် အသွယ် ရပ်လိုက်ပါ၊ အထူးသဖြင့် သမီး . . . အဲဒီကောင်လေးကို သမီးဖေဖေမြင်သာမယ့် နေရာမျိုး၊ တွေ့သွားနိုင်တဲ့ နေရာမျိုးမှာ



ရင်းနှီးနှီး စကားပြောဆို ဆက်ဆံမနေဖို့ပဲ၊ သမီးရေ . . . မေမေ တော့ စောပေလို့ပေါ့၊ အမှတ်မထင် အဲဒီကောင်လေးကိုသာ သမီးက ကို အလည်ခေါ်မိလို့ သမီးဖေဖေ တွေ့သွားရင် တကယ် မိုးမီး ကောင်ပြီသာ မှတ်၊ အဲဒါ . . . မီး . . . မီး . . ."

"အို . . . ဦးမိုးဝေသားဆိုတာနဲ့ ဖေဖေက အဲဒီလောက် ရော လိုသလား၊ မေမေ . . . သိတဲ့ ဦးမိုးဝေဆိုတာရော သေချာ း မေမေ၊ အလကား လူမှားနေဦးမယ်၊ ရဝေ့ကို မေမေ တစ်ခါမှ မတွေ့ဖူးပဲနဲ့"

"လူမှားစရာ အကြောင်းမရှိဘူး၊ အဲဒီကောင်လေးရဲ့ မျက်နှာ သူ့အဖေနဲ့ ချွတ်စွပ်မှချွတ်စွပ်၊ နှလုံးခွဲစိတ်အထူးကု ဆရာဝန် ရော . . . ဘယ်နှစ်ယောက်များ မြန်မာပြည်မှာ ရှိလို့လဲကွယ်"

"ရဝေ့ . . . ဖေဖေက အခု မလေးရှားမှာ မေမေ၊ အလုပ် လုပ်နေတာ ဆယ်နှစ်ကျော်ပြီ"

"သိတယ်လေ၊ သူ့အဖေ . . . အဲဒီလို မြန်မာပြည်ကနေ သွားအောင် သမီးဖေဖေကိုယ်တိုင်ကပဲ လုပ်ခဲ့တာ"

"အို . . ."

ဒီတစ်ခါတော့ သူမ အကြီးအကျယ် အံ့သြရပါပြီ။ သူမ သိလိုမှ မထင်မှတ်ထားသော အဖြစ်အပျက်များ။

ရဝေ . . . ရှင်နဲ့ ကျွန်မရဲ့ ဆုံစည်းမှုဟာ အစ,ကတည်းက နေခဲ့တာ . . . တဲ့။

"မေမေ . . . ဖေဖေနဲ့ ဦးမိုးဝေက . . . ဘယ်လိုကနေ ရန်သူတွေ ဖြစ်နေကြတာလဲ . . . မေမေ၊ သမီးလည်း ဘာမှ လား၊ သမီးသိအောင်လည်း မေမေတို့ ဘာမှမပြောခဲ့ကြဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ပြောလို့ . . . ဘယ်ရမလဲ သမီးရယ်၊ ဦးမိုးဝေဆိုတဲ့ နာမည် ကို သမီးဖေဖေက စိတ်နာလွန်းလို့ အဲဒီနာမည်ကို အိမ်မှာ လေသံ မဟချင်ခဲ့တာ၊ မေမေတို့လည်း ဘယ်ပြောပြလို့ရမှာလဲ၊ ဒီမှာ သမီး . . . သမီးသိထားဖို့ မေမေ တစ်ခုပဲ ပြောချင်တယ်၊ ဦးမိုးဝေဟာ ဒီကမ္ဘာပေါ်မှာ သမီးဖေဖေ အမုန်းတီးဆုံး ရန်သူပဲ၊ အဲဒါ သမီးခေါင်း ထဲမှာ ထည့်ထား၊ မေမေ ဒါပဲ ပြောနိုင်မယ်"

"အို . . . မေမေ့အကြောင်းပြချက်က ဘာမှမခိုင်လုံတာ သမီး ဘယ်လို နားလည်ရမှာလဲ၊ လူတစ်ယောက်နဲ့တစ်ယောက် ဒီလောက်ထိ မုန်းတီး ရွံရှာနေတာ ခိုင်လုံတဲ့အကြောင်းတစ်ခုတော့ ရှိရမှာပေါ့၊ အဲဒါ . . . သမီး သိချင်တယ်၊ သမီးသိရမှ ကျေနပ်မယ်"

"မီရှင်နှောင်း"

မေမေ မျက်နှာခပ်ပျက်ပျက်နှင့် သူမ့ကို အော်ဟစ်ပါသည်။

"ညည်းဟာလေ . . . ငါ မပြောချင်ဘူး၊ ညည်း . . . ညည်း အမေတူတာ . . . သိလား၊ ဘယ်ဟာမဆို စပ်စပ်စုစု နေရာတကာ ဝင်ပါချင်တယ်၊ မသိသင့်တဲ့ဟာတွေလည်း သိချင်တယ်၊ ညည်း . . . အဲဒီလို သူများတကာရဲ့ လျှို့ဝှက်သိမ်းဆည်းထားတဲ့အရာကို ရှာဖွေ တွေ့ရှိချင်တဲ့အကျင့်က ညည်းကို တစ်နေ့ ဒုက္ခကောင်းကောင်း ရောက်စေလိမ့်မယ် . . . သိလား"

"မေမေ . . . အဲဒီအကြောင်းကို ပြောပြမှာလား၊ မပြော ဘူးလား၊ မပြောပြရင်တော့ သမီးက . . . ရဝေနဲ့ သူငယ်ချင်း ဆက် လုပ်မှာပဲ"

"မိန်းမ . . . ငါ့ကိုလာပြီး အကျပ်ကိုင်နေတယ်၊ ဒီမှာ . . . အဲဒီအကြောင်းက အရမ်းရှည်တယ်၊ ဇာတ်လမ်းက သမီးအဖေတော်



တ်ဘူး၊ သမီးအဖေရဲ့ အဖေ၊ သမီးအဖိုး တရားသူကြီး ဦးဘရှင် က်ထက်ကတည်းက စခဲ့တာ . . . မီနှောင်း၊ ရန်ငြိုးက တော်ရုံတန် မဟုတ်ဘူး၊ သမီးရဲ့အဖိုး ဦးဘရှင်နဲ့ အဲဒီကောင်လေးရဲ့အဖိုး အောင်ဝေတို့ရဲ့ ကျောင်းတော်က ရန်စနဲ့ စ, ပေါ်ပေါက်ခဲ့တာ မီးရဲ့၊ မေမေတောင် အတိအကျသိခဲ့တာ မဟုတ်ဘူး"

"ဟင့်အင်း . . . မေမေ သိသလောက်ပြောပြ"

"ရှင်နှောင်း . . . သမီးသိအောင် မေမေအတိုဆုံးနဲ့ အရှင်း ပြောပြလိုက်မယ်၊ သမီးသုံးလေးတန်းအရွယ်က သမီးအဖိုး ဘရှင် ဆေးရုံပေါ်မှာ ခွဲစိတ်ရင်းကွယ်လွန်သွားခဲ့တာ သမီး မှတ်မိ ၊ အဲဒီတုန်းက သမီးရဲ့ဖိုးဖိုးကို ခွဲစိတ်ပေးခဲ့တဲ့ဆရာဝန်ဟာ တ်တာဦးမိုးဝေပဲလေ . . . သမီး"

"အို . . ."

အခုမှ အဖြစ်အပျက်ခပ်ရေးရေးကို သူမ,စ,တင် မှတ်မိပြီး လုံးတွေ ပြာဝေမတတ် မိုက်ခနဲ ဖြစ်သွားရပါသည်။ ဩော် . . . မျိုးကို။

ဖေဖေနဲ့ ဦးမိုးဝေရဲ့ ရန်ငြိုးရန်စတွေက . . .။ အဲဒီတုန်းက မရဲ့ မျက်ရည်ကို သူမ, စတင်တွေ့ရှိဖူးခဲ့တာကြောင့် သူမ လည်း နည်း၊ ကြောက်လည်း ကြောက်ရွံ့ခဲ့ရလေသည်။

ဖေဖေသည် သူမ့အဖိုး ဦးဘရှင် ဆေးရုံပေါ်မှာ ခွဲစိတ်စဉ် ဆုံးသွားသည့်ကိစ္စနှင့်ပတ်သက်၍ အကြီးအကျယ် ဝမ်းနည်း ကြီးကာ ဒေါသလည်း မတန်တဆထွက်ခဲ့သည်ကို သူမ ပြန်မြင် ာင်လာသည်။

မျက်ရည်များကြားမှ ဖေဖေပေါက်ကွဲစွာ အော်ဟစ်ခဲ့သည့်

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သသံတွေ။

"ခွဲစိတ်မယ့် ဆရာဝန်အဖွဲ့ထဲမှာ ဒီကောင်ပါမယ်မှန်း အစ,ကတည်းက သိရင် ငါ့အဖေကို သူ့လက်ထဲ မထည့်ဘူးကွ၊ လုံ မထည့်ဘူး၊ ဒီကောင့်က ဦးအောင်ဝေသား အရင်းကြီးကွ၊ ငါ့အ ရန်သူရဲ့ သား၊ အခုတော့ကွာ . . . ဒီကောင် . . . ခွဲစိတ်ခန်းဆု ပေါ်မှာ . . . ငါ့အဖေကို သတ်ရက်တယ်၊ မကျေဘူး၊ လုံးဝ မကျေ ဒါ . . . ဘယ်နည်းနဲ့မှ မတော်တဆဖြစ်ရပ် မဟုတ်ဘူး၊ ဒီကောင်မိုး တမင်သက်သက် လုပ်တာ"

အဲဒီတုန်းက အသက်ကိုးနှစ်၊ ဆယ်နှစ်အရွယ်နဲ့ ကြားခဲ့ရသမျှ စကားလုံးတွေရဲ့ အဓိပ္ပာယ်ကို နားမလည်တတ်ခဲ့ပေ မေမေက ဖေဖေ့ကို ချော့မော့ဖျောင်းဖျ နှစ်သိမ့်စကားဆိုခဲ့တာ မှတ်မိနေသေးသည်။

"အစ်ကိုကြီး . . . စိတ်ထိန်းပါ အစ်ကိုကြီးရယ်၊ ခွဲစိ ဆရာဝန်က သူတစ်ယောက်တည်း မဟုတ်ပါဘူး၊ ပြီးတော့ အဲဒီအ မှာ အစ်ကိုကြီးရဲ့အဖေနဲ့ သူ့အခြေအနေက လူနာနဲ့ ဆရာ ဆရာဝန်တစ်ယောက်ဖြစ်ပြီး အဲဒီလို ကလဲ့စားချေတဲ့အလု ခွဲစိတ်ခန်းထဲမှာ သူ လုပ်ပါ့မလား၊ အစ်ကိုကြီး ပြန်စဉ်းစား အစ်ကိုကြီးအဖေရောဂါကလည်း နောက်ဆုံးအခြေအနေ ရော နေတာလေ၊ မခွဲရင်မှ မရတော့တဲ့ အချိန်ရောက်နေတာ မဟုတ်လ

"မဟုတ်ဘူးကွာ မဟုတ်ဘူး၊ ဒီကောင်ခွဲမယ်ဆိုတာ သိ . . . ဒီကောင် ဦးအောင်ဝေသားဆိုတာ ငါ စောစောစီးစီး သိ အဖေ့ကို လုံးဝ ခွဲစိတ်ခွင့်ပြုမှာ မဟုတ်ဘူး၊ အဖေ့ကို စက်ဘူဖြ အင်္ဂလန်ဖြစ်ဖြစ် သွားခွဲခိုင်းမယ်၊ တောက် . . . ဦးအောင်ဝေရဲ့သ



အဲဒီ မိုးဝေဆိုတဲ့ကောင်က ဘယ်လိုလုပ်ပြီး ဟာ့တ်ဆာ့ဂျင် ( Heart Surgeon ') ဖြစ်နေရတာလဲ၊ သိမယ် . . . ငါ့အကြောင်း သိမယ်၊ ငါ့ရဲ့အဖေ တရားသူကြီးဦးဘရှင်ကို အဲဒီလို လွယ်လွယ်ကူကူ မိုး ကောင်လေးတစ်ကောင် သတ်သလို သတ်ပစ်တဲ့ကောင် . . . ငါ့ အကြောင်း သိစေရမယ်"

မေမေ့ရဲ့ကားထဲမှာ မေမေရော၊ သူမ,ပါ တိတ်ဆိတ်ငြိမ်သက်စွာ ထိုင်နေမိကြသည်။

ကားတစ်စီးလုံး တိတ်ဆိတ်နေခဲ့ပေမယ့် မေမေနဲ့သူမတို့ရဲ့ နားစည်အိမ်ထဲမှာ အဲဒီတုန်းက စကားသံတွေကို ပြိုင်တူပြန်ကြား ယောင်နေမိပါသည်။ မေမေက ကားမှန်ပြတင်းအပြင်ဖက်မှ ဗန်ဒါပင်ရဲ့ သစ်ရွက်တွေ လှုပ်ရှားနေတာကို အကြောင်းမဲ့ ငေးရီနေသည်။

သူမ,ရင်ထဲမှာက ရင်ခုန်လှုပ်ရှားစွာ တင်းကျပ်ဆို့နင့်နေသည်။

ရဝေ . . . ။ရဝေရော . . . အဲဒီအကြောင်းတွေ ကြုံသိနေခဲ့သလား။ အို . . . သေချာတယ်။ သူ သိနေခဲ့တယ်။ ဒါ့ကြောင့် သူ့ ကျက်လုံးတွေဟာ အမြဲတမ်း သူမ,ကို စိုက်ကြည့်လိုက်တဲ့အခါတိုင်း မှို့ဝှက်စွာ ကြေကွဲနာကျင်သော ရီဝေဝေအကြည့်မျိုးတွေ ဖြစ်ပေါ် နေခဲ့တာ။

သူ့နှုတ်ခမ်းစုစုလေးတွေ . . . ဟန်လုပ်တင်းမာသယောင် ဖြတ်သားပြနေခဲ့တာ။ ကျွန်မတို့နှစ်ယောက်ဟာ အကြီးအကျယ် ရန် ဖြစ်ခဲ့ဖူးကြတဲ့ ဘိုးဘွားမိဘတွေရဲ့ မျိုးဆက်တွေ ဖြစ်နေခဲ့ တာကိုး။ ရဝေ . . ရှင် ဝမ်းနည်းနေသလား။ ဘာလို့ ဝမ်းနည်းရမှာလဲ။

မိနစ်ပေါင်းများစွာ တိတ်ဆိတ်နေပြီးမှ မေမေ့ရဲ့ သက်ပြင်း

www.burmeseclassic.com

www.burmeseclassic.com



ချသံသည် လေးပင်ကျယ်လောင်စွာ ပေါ်ထွက်လာခဲ့သည်။

"သမီးဖေဖေက ဒေါက်တာဦးမိုးဝေနာမည်နဲ့တပ်ပြီးတော့ ကို သက်ဆိုင်ရာဌာနအကြီးအကဲတွေအထိ တိုင်စာ ပစ်စာ ပို့ခဲ့တယ် . . . သမီး"

သူမ . . . ဖေဖေ့ရဲ့ အာဃာတအကြောင်းကို မျက်ဝါး ထင်ထင် မြင်နေရပါပြီ။ အဲဒီအဖြစ်အပျက်တွေ ဘယ်လိုအရှုပ်ဆုံး အစျုည်းတန်စွာ အဆုံးသတ်တော့မည်ကိုလည်း သူမ ကြိုတင် သိရှိသွားခဲ့ပြီ။

"မေမေတို့ကြားသလောက် ဒေါက်တာဦးမိုးဝေကို အဲဒီတုန်း က ဘုတ်အဖွဲ့ဖွဲ့ပြီး ဒီခွဲစိတ်မှုနဲ့ ပတ်သက်ပြီး ခေါ်ယူစစ်ဆေးခဲ့ တယ်လို့ ကြားခဲ့တယ်၊ သူ့ရဲ့ဆေးကုသခွင့်လိုင်စင်ပဲ သိမ်းခံရတော့ မလိုလို၊ နယ်အဝေးကို ပြောင်းရွှေ့ပြီးတော့ ရာထူးပဲ ချခံရမလို မေမေတို့ ကြားတယ်၊ အဲဒီခွဲစိတ်မှု အဖြေအတိအကျ ထွက်မလာခင် မှာပဲ . . ."

မေမေက သူမရဲ့ပခုံးတစ်ဖက်ကို အားပေးနှစ်သိမ့်သလို တင်းတင်းကျပ်ကျပ် လာရောက်ဖျစ်ညှစ်ဆုပ်ကိုင်ပေးလေသည်။

"ရှက်စိတ်ကြောင့် ထင်ပါရဲ့ကွယ်၊ ဒေါက်တာဦးမိုးဝေဟာ အလုပ်ကို ချက်ချင်းထွက်ပြီး မလေးရှားကို ထွက်သွားတယ်၊ အဲဒါ ပါပဲကွယ် . . ."

"မေမေရယ် . . . အဲဒါ . . . ဒေါက်တာဦးမိုးဝေရဲ့အပြစ် လို့ တိတိကျကျ မပြောနိုင်ဘဲနဲ့ ဖေဖေက တိုင်စာပို့ခဲ့တာ ဖေဖေ လွန်တာပေါ့၊ ပြီးတော့ သမီးက အခု ဆေးကျောင်းသူဖြစ်လာတော့ နားလည်နေပြီ မေမေ၊ ခွဲစိတ်ကုသမှုတစ်ခုဟာ အချိန်မရွေး မတော်



ဆဆိုတာ နေရာအမျိုးမျိုးကနေ ဖြစ်ပွားနိုင်တယ်လေ၊ ဆရာဝန် ကက မပေါ့ဆဘူးဆိုရင်တောင်မှ သုံးစွဲတဲ့မေ့ဆေး၊ ထုံဆေး . . . ဆေးဝါးတွေရဲ့ ဆိုက်ဒ်အဖက် ( Side Effect )၊ လူနာနဲ့ မတည့်နိုင်တဲ့ ကျိုးတွေ၊ ခွဲစိတ်ကိရိယာတွေ၊ လျှပ်စစ်ပစ္စည်းတွေရဲ့ ချို့ယွင်းမှု၊ ကျမှု၊ လူနာရဲ့ နဂိုရှိရင်းစွဲ ရောဂါအခံ၊ ပြီးတော့ ကံဆိုတာလည်း သေးတယ်၊ အန္တရာယ်တွေဟာ ဘက်ပေါင်းစုံက ပေါ်ထွက်လာ ဘယ် မေမေ၊ ဆရာဝန်တစ်ယောက်ကို နာမည်တပ်ပြီးတော့ အပြစ် တာ ဖေဖေ မတရားဘူး"

"မေမေလည်း . . . အဲဒီတုန်းက သမီး အခုပြောသလို ဖေဖေကို ရှင်းပြခဲ့ပါတယ်ကွယ်၊ ဒါပေမဲ့ . . ."

"ဒါပေမဲ့ . . . ဖေဖေကတော့ တစ်ဖက်သတ် ဆုံးဖြတ်ခဲ့တယ် လား"

"ဟုတ်တယ်လေ . . . ကံဆိုးတာက ဒေါက်တာဦးမိုးဝေဟာ အဖိုးဦးဘရှင်နဲ့ ရန်သူတွေဖြစ်ခဲ့ကြတဲ့ ဦးအောင်ဝေရဲ့သား ဖြစ် ကိုး"

သူမ ခြောက်ကပ်အက်ကွဲစွာ အသံထွက်၍ ရယ်မောပစ် တော့ မေမေက အံ့ဩသည့်မျက်နှာထားနဲ့ သူမကို လှည့်ကြည့် ည်၊

"ဒါဆိုရင် . . . ရဝေကလည်း သိပ်ကံဆိုးတဲ့ လူသားပေါ့နော် ဘာဖြစ်လို့လဲဆိုတော့ သူကလည်း ဒေါက်တာဦးမိုးဝေရဲ့သား ယောက် ဖြစ်နေပြန်တယ်လေ . . ."

www.burmeseclassic.com

www.burmeseclassic.com



"မယ်နှောင်း . . . ရှင်နဲ့ ရဝေက ဘယ်လိုလဲ"

"ဘာ . . . ဘယ်လိုလဲ"

လတ်လတ်ရဲ့ ဟိုမရောက်၊ ဒီမရောက် မေးခွန်းကို သူမ
စိတ်ရှုပ်ရှုပ်နှင့်မို့ မာဆတ်ဆတ် ပြန်မေးလိုက်မိသည်။

မနက်ကတည်းက ကျောင်းမရောက်သေးခင် မေမေ ပြော
တားမြစ်လိုက်တဲ့စကားတွေက နားထဲမှာ ပဲ့တင်ထပ် ရှုပ်ထွေးနေတုန်း
အခု အဲဒီရဝေ့နာမည်ကိုပဲ သူငယ်ချင်းတွေက ထပ်ပြောလာ
သူမ, စိတ်ရှုပ် မျိုသိပ်ထားရတာတွေ ပေါက်ကွဲချင်လာသည်။

"ဘာ . . . ဘယ်လိုရမှာလဲ၊ ရှင်နဲ့ ရဝေကို အတန်းထဲ
လူတွေ တော်တော်များများက စုံတွဲလို့ထင်ပြီး လာလာမေးကြတ
ရှင်တို့နှစ်ယောက် ကြိုက်နေကြပြီလား . . . တဲ့"

"လျှာရှည်လိုက်ကြတာ၊ အဲဒါ . . . သူတို့အပူလား"

"သူတို့အပူတော့ မဟုတ်ဘူးပေါ့၊ ဒါပေမဲ့ ကျုပ်တို့အပူ
နေတယ်၊ ကျုပ်တို့တောင်မှ ရှင်တို့ရဲ့ပြုမူပြောဆိုပုံတွေက ဘေး
ကြည့်ပြီး အဲဒီလို ထင်ချင်တယ်"

"ဘာ . . . ထင်စရာလား၊ ကျွန်မနဲ့ရဝေက အများအမြ
မှာ ဘာတွေများ မသင့်တော်တာ လုပ်ပြနေလို့လဲ၊ မရိုးသားတဲ့ အ
အမူနဲ့ ပြောဆိုဆက်ဆံခဲ့တာ ဘာတစ်ခု ရှိဖူးသလဲ"

"ဒါပေမဲ့ . . . ရှင်က ရဝေ့ကို ကျုပ်တို့အားလုံးထက် ပိုပြီး
ခင်မင်ရင်းနှီးနေတယ်ဆိုတာ အသိသာကြီးပဲ၊ ပြီးတော့ ရဝေ
မိန်းကလေးအားလုံးထဲမှာမှ ရှင့်ကိုပဲ ဂရုစိုက်တတ်တာ ကျွန်မတ



အားလုံး သိတာကြာပြီလေ၊ သူငယ်ချင်းတွေအဆင့်ထက်များ ရှင်တို့
နှစ်ယောက်ထဲက တစ်ယောက်ယောက် ပိုပြီး အဆင့်ကျော်ချင်နေ
သလား . . . လို့ မေးကြည့်တာ"

"အို . . . အဲဒါ ကျော်စရာလား၊ ကျွန်မမှာ ကိုမွန်ရှိနေတာ
လူတိုင်း သိတာပဲ"

"ဒါပေမဲ့ . . . ရှင့်အနားမှာ အခု အချိန်တိုင်းရှိနေတာ ကိုမွန်
မဟုတ်ဘူး၊ ရဝေ ဖြစ်နေတယ်"

သူမ, စိတ်တိုလာပါပြီ။

"ကဲ . . . ရှိတော့ရော ဘာဖြစ်လဲ၊ ကျွန်မနဲ့သူ သူငယ်ချင်း
အဆင့်ထက် ကျော်တော့ရော . . . ဘာဖြစ်လဲ၊ ကျွန်မရော သူရော
လွတ်လပ်တဲ့ အရွယ်ရောက်ပြီး ယောကျ်ားနဲ့မိန်းမ၊ ချစ်သူတွေ ဖြစ်
ကြရင်ရော . . . ဘာထူးဆန်းသလဲ၊ အလကား . . . အလုပ်ကို
ရှုပ်တယ်၊ တကတဲ . . ."

"ဟဲ့ . . . မိနှောင်း၊ ရှင် . . . အဲဒါ စိတ်ထဲကပါလို့ . . .
ပြောနေတာလား"

"မပါဘူး၊ သက်သက်မဲ့ . . . ရွဲ့ပြောတာ၊ နားညည်းလို့"

"မရွဲ့ပါနဲ့ဟယ်၊ ကျွန်မတို့က စိုးရိမ်လို့ ပြောနေတာ"

"ဘာကို စိုးရိမ်နေတာလဲ"

"ရဝေက ငါတို့ကြားရသလောက် ရည်းစားများတယ် . . .
ငါတို့ ကျောင်းမှာသာ . . . သူက ရည်းစားတစ်ယောက်မှ မထား
တာ အပြင်မှာတော့ ပွနေတာပဲတဲ့၊ အဲဒါ . . . တိကျတဲ့သတင်းနော်၊
ကျုပ်တို့ကိုယ်တိုင်လည်း ရဝေ့ကို ကောင်မလေးတစ်ယောက်နဲ့ အတူ
တူ အပြင်မှာ လှမ်းတွေ့တာ နှစ်ခါရှိပြီမို့လား၊ တစ်ခါနဲ့တစ်ခါ

www.burmeseclassic.com

www.burmeseclassic.com



ကလည်း လူ မတူဘူး"

"အဲဒါ ဘာဖြစ်လဲဟယ် . . . သူ ရည်းစားများတာ ကျွန်
နဲ့ ဘာဆိုင်လဲ"

"မဟုတ်ဘူးလေ၊ ကျွန်မတို့က ရှင့်ကို ကြိုသတိပေးထားတာ
တော်ကြာ ရှင့်ဘက်က ရဝေ့အပေါ် ယိုင်ချင်ချင်ဖြစ်လာမှာ စိုးလို့
ရဝေက ရှင့်ကို သူ့ . . . ရည်းစားထဲက တစ်ယောက် . . . လုပ်
လိုက်မှာ စိုးလို့၊ ရှင့်ဘက်က နာ . . . လို့ ပြောနေတာ၊ ရဝေ့
. . . အတည်တကျ မကြိုက်ဘဲ အပျော်တွဲနေတဲ့ ယောကျ်ားလေ
မျိုးကို ရှင် ညွှတ်သွားမှာစိုးလို့ ပြောပြနေတာ၊ ဒါပဲ . . ."

"ညွှတ်စရာလား . . . လတ်လတ်ရဲ့၊ ကိုမွန်နဲ့ ရဝေ့ကို ယှဉ်
ကြည့်ပြီး ရဝေ့ကို ရွေးချယ်ရလောက်အောင် ကျွန်မ . . . အရူး မဟုတ်
ဘူး၊ ပြီးတော့ ရှင်တို့စိတ်ချမ်းသာအောင် ကျွန်မ ပြောလိုက်ဦးမယ်
အခုထက်ထိလည်း ရဝေနဲ့ ကျွန်မ့က ဘာမှမဟုတ်ဘူး၊ ဟုတ်လ
မှာလည်း မဟုတ်ဘူး"

"ဒါပေမဲ့ . . ."

"ဒါပေမဲ့ . . . ဘာဖြစ်လဲ"

"ရဝေ့ဘက်က . . . ဟုတ်ချင်နေတယ်"

"လျှောက်မပြောနဲ့ . . . လတ်လတ်ရာ"

"တကယ် ပြောတာ၊ အခုနောက်ပိုင်း ရဝေ့မျက်လုံးတွေက
ရှင့်အပေါ် ကြည့်တဲ့အခါ . . . အရောင်တစ်မျိုး ပြောင်းလဲနေတယ်"

"မဟုတ်တာ"

"ဟုတ်တယ်၊ အဲဒါ . . . မကောင်းဘူး နှောင်း . . . နှော
င် . . . ရဝေနဲ့ ဆက်ဆံတဲ့အခါ အစ္စကစပြီး ပုံမှန်လေးပဲ ဆက်ဆံရှ



ကောင်းမယ်၊ အထူးသဖြင့် ခင်ခင်မင်မင် . . . ရင်းရင်းနှီးနှီးတော့
နေသင့်တော့ဘူး၊ ရှင့်ကို ကိုမွန့်လက်ထဲက သူ . . . လုယူမယ်လို့
အောင် ကျုပ်တို့ ထင်နေတာ၊ တော်တော့ . . . ဇတော်တော့၊ နောက်
ကို ရဝေ့ကားနဲ့ ရှင်တစ်ယောက်တည်း လိုက်မသွားနဲ့တော့၊ သူ့ဘက်
ကနယ်ကျွံချင်တဲ့ အရိပ်အယောင်ကို ကျုပ်တို့ မြင်နေရတယ်"

"ရော . . . ခက်နေပါပြီ"

ဒီနေ့ကျမှာပဲ ရဝေနဲ့သူမရဲ့ ဆက်ဆံရေးကို တားမြစ်ပိတ်ပင်
ကြသူတွေ အများအပြားရှိနေမှန်း သိလိုက်ရကာ လောကကြီးကို
အားတိုက်ရယ်မောပစ်ချင်လာသည်။

တကယ်ဆို သူမနဲ့ရဝေရဲ့ကြားမှာ ဘာဆိုဘာမှ မရှိခဲ့။
ဆက်ဆုပ်လက်ကိုင်ပြစရာ မရှိလောက်အောင် ပွင့်လင်းရိုးရှင်းလွန်း
ခဲ့တာ။ အဲဒါကို ဘာဖြစ်လို့ လူတွေက တားမြစ်နေရတာလဲ။ သူမ
နားမလည်နိုင်တော့ပါ။

ရှိချင်းရှိ . . . သူမနဲ့ရဝေအကြားမှာ ရှိခဲ့တာ အဖြူရောင်။
ဒါပေမဲ့ လူတွေက သူတို့ဟာသူတို့ အရောင်တွေဆိုး၊ သတ်မှတ်ချက်
တွေလုပ်၊ တားဆီးပိတ်ပင်ခြင်းတွေနဲ့ အဲဒီအဖြူရောင်ကို စွန်းထင်း
စေတော့တာ . . .။

"ဒီမှာ . . . လတ်လတ်၊ ငါနဲ့ရဝေအကြားမှာ အခုထက်ထိ
ဘာဆိုဘာမှ မရှိခဲ့တာ ငါကိုယ်ငါ အသိဆုံးပဲ၊ အဲဒီလောက် ရိုးသား
ရှင်းလင်းနေတဲ့အရာကို ဘာဖြစ်လို့ လူတွေက တားမြစ်ဖျက်ဆီးချင်ခန
ကြတာလဲ . . .၊ ငါ နားမလည်ဘူး၊ အသန့်ရှင်းဆုံး သူငယ်ချင်းဘဝနဲ့
အောင် ဆက်နေလို့ မရတော့ဘူးလား၊ အဲဒါ . . . ဘာဖြစ်တာလဲ
လူတွေ သဘောကျအောင် ငါတို့က ပြောင်းလဲနေထိုင်ပေးရမှာလား

www.burmeseclassic.com

www.burmeseclassic.com



…ဘတ္တိ ကိုယ်ဆုံးဖြတ်ချက်အတိုင်း သွားလို့ မရဘူးလား . . . ဘာကြောင့် . . . ကျွန်မတို့နှစ်ယောက်က ကိုယ်ဆုံးဖြတ်ချက်နဲ့ကိုယ် သမီးရည်းစားတွေ ဖြစ်သွားကြတယ်ပဲ . . ထားပါဦး၊ အဲဒါ . . . တရားမှုတ,တဲ့ လုပ်ရပ်တစ်ခုပဲ မဟုတ်လား . . .၊ အဲဒါကို ဘယ်သူက တားဆီးပိတ်ပင်နိုင်ခွင့် ရှိလို့လဲ၊ အနည်းဆုံး . . . ငါ့ရဲ့ချစ်သူ . . . ကိုမွန့်ဆီမှာတောင် အဲဒီအခွင့်အာဏာ မရှိဘူး၊ သူဟာ . . . ငါ့ရဲ့ ချစ်သူ သက်သက်ပဲ၊ ငါ့ကိုပိုင်ဆိုင်တဲ့သူ . . . မဟုတ်ဘူး"

"အို . . . နှောင်း"

လတ်လတ်က . . . ထိတ်လန့်တကြား သူမ,မျက်နှာကို စိုက်ကြည့်သည်။ သူမ ကျေနပ်စွာပြုံးရုံလေး ပြုံးနေလိုက်ပါသည်။

လောကကြီးကို အနည်းငယ် သရော်လိုစွာ လှောင်ပြုံး ပြုံးလိုက်မိခြင်းလည်း ဖြစ်နိုင်သည်။

"တကယ်တော့ . . . ကျွန်မနဲ့ ရဝေအကြားမှာ အရင်တုန်းက ဘာဆိုဘာမှ မရှိခဲ့ဘူး . . . လတ်လတ်ရဲ့ . . . သိလား၊ အခုမှ . . . အခုကျမှ . . . ကျွန်မတို့နှစ်ယောက်ကြားကို လူတွေက တစ်စုံတစ်ခု လာထည့်ပေးသွားတာပါကွယ်၊ အဲဒီတစ်စုံတစ်ခုဟာ . . . ဘာလဲလို့ . . . ကျွန်မလည်း အခုအချိန်ထိ မသိသေးပါဘူး"

❦ ❦ ❦

"ဘာလို့ စိုက်ကြည့်နေတာလဲ . . ."

သူမရဲ့မျက်နှာပေါ်မှာ ငေးတွေလျက် ဘာစကားမှမပြောဘဲ



…ကြည့်နေသော ရဝေ့ကို သူမ, စိတ်မရှည်စွာ မေးပစ်မိလိုက်သည်။

"လှလို့ . . ."

ကြည့်စမ်း။ အခုပြောနေတဲ့ စကားအသွားအလာက လိုတာ…ပိုပြီး အဆင့်ကျော်နေတယ် မဟုတ်လား။ သာမန်မိန်းကလေး…ယ်ချင်းတစ်ယောက်ကို လှလို့ စိုက်ကြည့်နေတယ်ဆိုတဲ့ အဓိပ္ပာယ်…မကြာခင် အဖြူရောင်သံယောဇဉ်တွေကို အရောင်ပြောင်းလဲဖို့ …စားချင်နေတဲ့ ယောက်ျားတစ်ယောက်ရဲ့ နိဒါန်းပဲလေ။

သူမ ရင်မခုန်သင့်ပါဘဲ ရင်တွေခုန်လာသည်။ သို့ပေမယ့် …ဒါ ကြည်နူးခြင်းမဟုတ်။ ကြောက်ရွံ့ခြင်းသာ ဖြစ်သည်။

"အလကား လျှောက်ပြောနေတယ် ရဝေ၊ ကျွန်မက . . . …ဘက်လည်း မလှဘဲနဲ့"

"ကျွန်တော်တွေ့ဖူးသမျှ မိန်းမတွေထဲမှာတော့ နှောင်းက …လှဆုံးပဲ"

"ဘုရားရေ . . . ရှင့်ရဲ့ရည်းစားတွေထက်တောင် ကျွန်မက …သေးသတဲ့လား"

"နှောင်းကလည်း . . . ရည်းစားဆိုတာ လှလို့ ကြိုက်ခဲ့တာမှ …ဘဲ၊ ကျွန်တော်ပျော်ချင်လို့ ကြိုက်ခဲ့တာ"

"အဲဒီစကားသာ အမှန်တရားဆိုရင် ရှင့်ရဲ့ရည်းစားတွေကို …မ သွားပြောမှာ မကြောက်ဘူးလား . . . ရဝေ"

"နှောင်းက . . . ကျွန်တော့်ရဲ့ ဘယ်ရည်းစားကို သွားပြော…လဲ . . . ဟား . . . ဟား . . . ဟား . . . ဟား"

သူ့စကားသူ သဘောကျပြီး ဟားတိုက်ရယ်…နေသော …ကို သူမ မျက်စောင်းခပ်လှဲလှဲတစ်ချက် ထိုးပစ်ရုံ…တတ်နိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဒီကနေ့ သူမတို့တာဝန်ကျရာ အရှေ့ပိုင်းဆေးရုံသို့ ရဝေ့ကားနှင့် သူမ လိုက်လာပြီး ယုဒါတို့ကားက ဓါတ်ဆီဝင်ထည့်ဦးမည်ဆိုကာ နောက်ကျနေသဖြင့် ဆေးရုံရှေ့က လဖက်ရည်ဆိုင်လေးထဲမှာ ရဝေနဲ့ သူမ နှစ်ယောက်တည်း ထိုင်ဖြစ်သည်။ အရင်လည်း ဒီလို နှစ်ယောက်တည်း ထိုင်နေကျမို့ မထူးဆန်း။

ထူးဆန်းသည်က သူမ,တို့နှစ်ယောက် ပြောဖြစ်သွားသည့် စကားတွေ။

သူ့ရဲ့ ရည်းစားတွေအကြောင်းကို သူမ, ထုတ်ပြောသော်လည်း ရှက်ရွံ့ခြင်းမျိုး လုံးဝမရှိ။

သူမကိုတောင် လှောင်ရယ်နေပြီး အနိုင်ယူနေချင်သေးသည်။ သူမက ဆက်၍ ခြိမ်းခြောက်ဖို့ ကြိုးစားလိုက်မိသည်။

“အံမယ် . . . ရဝေ့ရဲ့ အခုလက်ရှိတွဲနေတဲ့ နောက်ဆုံးရည်းစားကို သွားပြောမှာပေါ့၊ ရဝေက ရှင့်ကို အပျော်တွဲနေတာနော် . . . လို့”

“သွားပြောပေါ့၊ ကျွန်တော်က အဲဒီကောင်မလေးကို အခု ဘယ်လိုခွာချရင် ကောင်းမလဲလို့တောင် စဉ်းစားနေတာ”

“ရဝေ . . . ရှင် . . . ဘာလို့ ရည်းစားတွေ တစ်ယောက်ပြီး တစ်ယောက် ထားနေတာလဲ . . . ၊ ရှင် . . . သူတို့ထဲက တကယ် ချစ်နိုင်မယ့် တစ်ယောက်ယောက်ကို ရွေးချယ်သင့်နေပြီ”

“အို . . . ကျွန်တော်တွဲခဲ့ဖူးတဲ့ ရည်းစားတွေထဲမှာ ကျွန်တော် တကယ်ချစ်နိုင်တဲ့သူ တစ်ယောက်မှ မပါဘူး”

“ဘာဖြစ်လို့လဲ . . .”

“ကျွန်တော် တကယ်ချစ်နိုင်တဲ့မိန်းမက ကျွန်တော့်ဘဝမှာ



ဘယ်တော့မှ မရနိုင်တော့လို့ပဲ”

သူမ, အသက်ရှူသံတွေ ပြန်းခနဲ ရပ်တန့်သွားပါသည်။

အဲဒီစကားရဲ့ ဆိုလိုရင်းအဓိပ္ပာယ်ကို သူမ နားလည်သဘောပေါက်ဖို့ လိုသလား။ သူမ မသိပါ။ မေးဖို့လည်း မလိုအပ်ဘူးဟု ထင်သည်။

သို့ပေမယ့် မိုက်မဲလှစွာ . . . သူမ တုန်ရီတိုးဖွသောအသံဖြင့် မေးလိုက်မိသေးသည်။

“အဲဒါ . . . ဘယ်သူလဲ”

“နှောင်း . . . မသိချင်စမ်းပါနဲ့”

“ဘာဖြစ်လို့ . . . အဲဒီမိန်းမကို ရဝေ မရနိုင်တော့ဘူးဆိုတာ ကို မေးခွင့်ရှိသလား”

“ရှိပါတယ် . . . သူ့ကို ကျွန်တော်က ချစ်ပေမဲ့ သူက ကျွန်တော့်ကို မချစ်ဘူးလေ”

“အို . . .”

သူမ ခေါင်းငုံ့၍ လက်ဖက်ရည်စားပွဲပေါ် လက်သည်းလေးနဲ့ အကြောင်းမဲ့ ကုတ်ခြစ်နေမိပြန်သည်။ သူ့ကိုနှစ်သိမ့်ဖို့ စကားလုံးခုကိုလည်း ရှာ၍မရပါ။ ရဝေ့မျက်နှာမှာဖြင့် အဲဒီလို ဆုံးရှုံးမှုခံစားမှုကို ထုတ်ပြီးဝမ်းနည်းကြေကွဲပုံလည်း မပြပါ။ သူ့လေသံမှာ အဲဒီနာကျင်ထိခိုက်မှုများသည်ပဲ သူနဲ့နေသားတကျ ဖြစ်နေပြီး ပုံဟန်။

တုန်လှုပ်ဆွေးရီ အားငယ်ခြင်းမျိုး လုံးဝ သူမ မတွေ့ရ။ ဒါပေမယ့် ရဝေရဲ့ နှလုံးသားအကြောင်းကို သူမ နားလည်နိုင်ခြင်းက သူမရဲ့ ကျိန်စာဖြစ်နိုင်ကောင်းပါသည်။

www.burmeseclassic.com

www.burmeseclassic.com



သူမ, ခပ်တိုးတိုး ရေရွတ်လိုက်မိသည်။

"ရဝေရယ် . . . ကိုယ့်ကိုပြန်မချစ်နိုင်မယ့် . . . မိန်းမတစ်ယောက်ကို ဘာလို့ ချစ်ခဲ့ရတာလဲ"

သူမရဲ့စကားကြောင့် သူ့မျက်နှာ အဲဒီယောက်ပျက်ယွင်းသွားလိမ့်မည် မထင်ခဲ့ပါ။ တင်းမာသွားသော သူ့မျက်နှာထားကြောင့် သူမ, စကားမှားသွားမှန်း သိရှိလိုက်သော်လည်း နောက်ကျသွားပါပြီ။

ရဝေရဲ့ အေးစက်ခြောက်သွေ့သော လေသံသည် နာကြည်းမှုအပြည့်နှင့် ပြင်းထန်နေခဲ့သည်။

"ဒီမှာ နှောင်းရဲ့ . . . အချစ်ဆိုတဲ့အရာကို နှောင်း ဘာမှ နားမလည်ဘဲနဲ့ ကျွန်တော့်ကို မဝေဖန်စမ်းပါနဲ့၊ နှောင်းတို့မိန်းမတွေ သတ်မှတ်ထားတဲ့ . . . အချစ်ဆိုတာ ဘာလဲ. . . ကျွန်တော် သိ တယ်၊ နှောင်းက နှောင်းရဲ့ချစ်သူ ကိုမွန်မြတ်ကို ဘယ်လိုပုံစံနဲ့ ရွေး ချယ်ခဲ့တယ်ဆိုတာ ပြန်စမ်းစားကြည့်စမ်းပါ၊ ယောကျ်ားတစ်ယောက် အနေနဲ့ နှောင်းက ယုံကြည်အားကိုးစွာ လက်ထပ်နိုင်လောက်တဲ့ အရည်အချင်းရှိမှ ရွေးချယ်ခဲ့တာ မဟုတ်လား၊ သူ့ရဲ့ ရုပ်ရည်၊ စိတ် သဘောထား၊ အရည်အချင်း . . . အားလုံးကို နှောင်းက ပေတံတစ် နဲ့ တိုင်းကြည့်ပြီး စံမီတယ်ဆိုမှ နှောင်းက ရွေးချယ်ခဲ့တာလေ၊ အဲဒါ . . . အချစ် မဟုတ်ဘူး"

"နှောင်း . . . ကိုမွန့်ကို ချစ်သားပဲ"

"ချစ်တယ်ဆိုရင်လည်း အဲဒါ နှလုံးသားကလာတဲ့ အချ မဟုတ်ဘူး၊ ဦးနှောက်ကလာတဲ့ အချစ်ပဲ၊ နှောင်းတို့မိန်းမတွေ အချစ်ကို ဦးနှောက်နဲ့ဆုံးဖြတ်ပေမယ့် ကျွန်တော်တို့ယောကျ်ားတွေ နှလုံးသားနဲ့ ဆုံးဖြတ်ကြတယ်၊ နှောင်းတို့မိန်းမတွေလို ဘယ်သူ့ကို



သင့်တယ်၊ ဘယ်သူ့ကိုတော့ မချစ်သင့်ဘူး . . . လို့ စဉ်းစားပြီး တာမှ ကျွန်တော်တို့ယောကျ်ားတွေက ချစ်ခဲ့တာ မဟုတ်ဘူး၊ မချစ် င့်တဲ့သူကိုလည်း ကျွန်တော်တို့နှလုံးသားက ချစ်ချင် ချစ်မိမှာပဲ၊ ချစ်ဆိုတာ ရွေးချယ်မှုမဟုတ်ဘူး၊ အဲဒါ . . . နှောင်း မြဲမြဲ မှတ် ားစမ်းပါ"

"ဒါပေမဲ့ . . . ကိုယ့်ကို ပြန်မချစ်နိုင်မယ့် မိန်းမတစ်ယောက် ဆက်ချစ်နေသေးတာတော့ ရဝေ့ရဲ့ မိုက်မဲမှုသက်သက်ပဲ"

သူ ခပ်ဟဟ,ဟ, လှောင်ရယ်လေသည်။ သူ့နှုတ်ခမ်းထောင့် သည် ထုံးစံအတိုင်း မထီတရီပြုံးမဲ့ရင်း သူမ, မျက်နှာကို စူးစိုက် ည့်သည်။

ပြီးတော့ ပြောလေသည်။

"ကျွန်တော်ရဲ့မိုက်မဲမှုက နှောင်းကို ထိခိုက်နေလို့လား"

သူသည် ဘယ်တော့မဆို အဲဒီလိုရင့်သီးရိုင်းစိုင်းစွာ စကား ပြီးပြောတတ်သူ ဖြစ်၏။ သူမ ဘာဖြေရမှန်းမသိဘဲ ကြောင်အ, စဉ် သူက မချိုမချဉ် ပြုံးပြန်သည်။

"ဒါပေမဲ့ နှောင်း ကျွန်တော့်အတွက် မစိုးရိမ်စမ်းပါနဲ့၊ ချစ်သူ ယောက်ကို မှန်မှန်ကန်ကန် မရွေးချယ်နိုင်ခဲ့ပေမယ့် လက်ထပ်ဖို့ တစ်ယောက်ကိုတော့ ကျွန်တော် ရွေးချယ်ပြီးသားပါ၊ တစ်နေ့နေ့ အဲဒီမိန်းမကို ကျွန်တော် လက်ထပ်ဖြစ်ချင် လက်ထပ်ဖြစ်မှာပေါ့"

သူမ, ရုတ်တရက် အငိုက်မိစွာ အံ့အားသင့်သွားပါသည်။ ကားဟာ သူမ,ကို အရွဲ့တိုက်ပြီး ရဝေ . . . ပြောနေတာလား။ သိချင်လာပြန်သည်။

မိုက်မဲစွာနဲ့ အဲဒီမေးခွန်းကို သူမ, မေးလိုက်မိ၏။

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ . . . ဘယ်သူလဲ"

"နှောင်းက . . . ဘာလုပ်ဖို့ သိချင်နေရတာလဲ"

"အို . . . သိချင်တာပေါ့၊ ရဝေလက်ထပ်မယ့် မိန်းမတစ်ယောက်ဆိုတာ . . . ဘယ်လိုမျိုးလဲလို့ . . . သိချင်တာပေါ့"

"နှောင်းသိရတော့ရော . . ဘာလုပ်မှာလဲ၊ ဒါ . . ကျွန်တော့်ကိုယ်ရေးကိုယ်တာကိစ္စပါ၊ ကျွန်တော် . . . ဘယ်လိုမိန်းမမျိုးကို လက်ထပ် လက်ထပ်၊ နှောင်း သိဖို့ မလိုပါဘူး"

"ရှင် . . . စကားကို ကပ်မပြောနဲ့ ရဝေ၊ ရှင့်အလှည့်တုန်းကတော့ ကျွန်မရဲ့ ကိုမွန်နဲ့ မိတ်ဆက်ပေးပါလို့ အတင်းပြောတာ ကျွန်မ မိတ်ဆက်ပေးခဲ့ရတယ်၊ ကျွန်မအလှည့်ကျတော့ ရှင်က ဒီလောက်လေးတောင် ပြောမပြနိုင်ဘူးလား၊ အမှန်တကယ်ဆိုရင် ရှင် လက်ထပ်မယ့် မိန်းကလေးကို ကျွန်မနဲ့တောင် မိတ်ဆက်ပေးသင့်တယ်၊ ဘာကိစ္စ . . . ရှင် ကျွန်မအပေါ်မှာ ဒီလောက် လျှို့ဝှက်ဖုံးကွယ်နေစရာ လိုသလဲ"

"ကျွန်တော် ဘာမှ မလျှို့ဝှက်ဘူး"

"ဒါဖြင့် . . . အဲဒါ ဘယ်သူလဲ ပြော"

"သူ့နာမည်က . . . ဥသြ . . . တဲ့"

အဲဒီနာမည်တစ်ခုကို သူမ စတင်ကြားလိုက်ရတဲ့အခါ နှုတ်ခမ်းတွေ ခြောက်သွေ့လျက် ရင်ထဲက တဒိတ်ဒိတ်သွေးခုန်နှုန်းတွေ မြန်လာတာ ဘာကြောင့်မှန်း မသိ။ အို . . . အဲဒါ တကယ်ပဲပေါ့

သူ့မှာ . . . တကယ်ပဲ လက်ထပ်တော့မယ့် မိန်းကလေးတစ်ယောက် ရှိနေခဲ့တယ်ပေါ့။

"အဲဒါ . . . ရှင့်ရည်းစားတွေထဲက တစ်ယောက်လားဟင်"



ရဝေက ခပ်တိုးတိုး ရယ်သည်။

"ကျွန်တော့်ဘဝမှာ ချစ်တယ်လို့ မပြောခဲ့ရဘဲ ရည်းစားဖြစ်[illegible]တဲ့ တစ်ယောက်လို့ပြောရင် ပိုပြီးမှန်မယ်ထင်တယ်"

"ဘယ်လို . . ."

"ကျွန်တော်တို့နှစ်ယောက်ကို မိဘတွေက သဘောတူစေ့စပ်[illegible]ားတာလေ"

တစ်ခဏအတွင်းမှာပင် အဲဒီဥသြဆိုတဲ့ မိန်းမတစ်ယောက်[illegible]ပေါ် မနာလိုဝန်တိုစိတ်တွေ ပေါက်ဖွားလာတာ ထိတ်လန့်တကြား[illegible] သတိထားလိုက်မိရသည်။

"အဲဒီမိန်းကလေးကို . . . ရှင် ဘာဖြစ်လို့ မချစ်ခဲ့တာလဲ . . . ဟင်၊ သူ့ကိုပဲ ရှင် ချစ်ဖို့သင့်တယ်"

"ကျွန်တော် ပြောခဲ့ပြီးပြီပဲ နှောင်း၊ အချစ်နဲ့လက်ထပ်ခြင်းဟာ [illegible]ခြားစီပါ"

"ဒါဖြင့် . . . ရှင်က ကိုယ်လုံးဝမချစ်တဲ့ မိန်းကလေးတစ်[illegible]ယောက်ကို လက်ထပ်ဖို့ မျက်စိမှိတ်ဆုံးဖြတ်ထားတဲ့ ခပ်ညံ့ညံ့[illegible]ယောက်ျားတစ်ယောက်ပေါ့ . . . ဟုတ်လား"

"နှောင်း . . . ကျွန်တော့်ဒေါသကို လာမဆွစမ်းပါနဲ့၊ ဥသြလို [illegible]မိန်းကလေးမျိုးကို လက်ထပ်ဖို့ရွေးချယ်ခဲ့တာ ကျွန်တော် ခပ်ညံ့ညံ့ [illegible]ယောက်ျား မဟုတ်လို့ဘဲ၊ ဥသြဟာ ဘာမှ အပြစ်ဆိုစရာမရှိအောင် [illegible]ကျက်ဖက်က ပြည့်စုံတယ်၊ ဉာဏ်ပညာ ထက်မြက်သလောက် [illegible]တိုင်းက ငေးကြည့်ရလောက်အောင် လှတယ်၊ ငွေကြေးပြည့်စုံပေ[illegible]ယ့် လူမှုဆက်ဆံရေး အင်မတန်ကျွမ်းကျင်တယ်၊ အခု အင်္ဂလန်ရဲ့က [illegible]သိုလ်တစ်ခုမှာ စီးပွားရေးဘွဲ့တစ်ခု သွားတက်နေပေမယ့် ကိုယ့်

www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံကိုယ် ချစ်မြတ်နိုးစွာ ဒီမှာပဲ အလုပ်ပြန်လာလုပ်ဖို့ ရည်ရွယ်ထားတယ်၊ သူ့လိုမိန်းမ,မျိုးကို ရွေးချယ်ခဲ့တာ နှောင်းက ကိုမွန့်ကို လက်ထပ်ဖို့ရွေးချယ်ခဲ့သလိုပဲ ဘာမှထူးဆန်းတဲ့ကိစ္စ မဟုတ်ဘူး"

"ထူးဆန်းတယ်၊ ကျွန်မက ကိုမွန့်ကို ချစ်မြတ်နိုးစွာ ရွေးချယ်ပြီး လက်ထပ်ဖို့ ဆုံးဖြတ်ခဲ့တာ၊ ရှင်ကတော့ ရှင် လုံးဝ မချစ်တဲ့ မိန်းမတစ်ယောက်ကို လက်ထပ်ဖို့ ကြိုးစားနေတာ၊ အဲဒါ ထူးဆန်းတာပေါ့"

"ဒီမှာ နှောင်း . . . ကျွန်တော်ချစ်တဲ့ မိန်းမတစ်ယောက်ကို ကျွန်တော် ဘယ်တော့မှ မရနိုင်တော့ဘူး၊ အဲဒါကြောင့် အခြားတစ်ယောက်ကို ကျွန်တော် ရွေးချယ်ခဲ့တယ်၊ အဲဒါ မှားလား . . . နှောင်း . . . ပြောစမ်း"

"မှားတာပေါ့၊ ရှင်ချစ်တဲ့ မိန်းမ,တစ်ယောက်ကို ပိုင်ဆိုင်ခွင့်ရအောင် ရှင်ဘယ်တုန်းက ကြိုးစားခဲ့ဖူးသလဲ . . . ရဝေ၊ ရှင့်ရဲ့ အချစ်ဆိုတာကို အဲဒီမိန်းမတစ်ယောက်သိအောင် ဘယ်တုန်းက ရှင်ပြောပြခဲ့ဖူးသလဲ၊ အဲဒါနဲ့,များ ရှင်က အဲဒီမိန်းမကို ဘယ်တော့မှ မရနိုင်တော့ဘူးလို့ ယောကျ်ားတစ်ယောက်တန်မဲ့ ရှုံးနိမ့်တဲ့စကားကို ပြောချင်ရတာလဲ"

"ကျွန်တော်က ရှုံးနိမ့်ပြီးသားလေ . . . နှောင်း၊ ကျွန်တော်ချစ်တဲ့ မိန်းမဟာ . . ."

သူ့စကားတွေ ထစ်ငေါ့တုန်ယင်သွားတော့မှ သူ ကြောက်ရွံ့နေပြီ ဆိုတာ သူမ သိရပါသည်။ တကယ်တော့ ရဝေဟာ သတ္တိမရှိတဲ့ ယောကျ်ားတစ်ယောက်ပါ။

ထိုစဉ်ကတည်းက သူမ, သိခဲ့ဖို့ကောင်းသည်။

"ကျွန်တော်ချစ်တဲ့ အဲဒီမိန်းမဟာ ကျွန်တော့်ရဲ့အချစ်ကို မလိုအပ်ပါဘူး၊ ကျွန်တော့်အချစ်ကို သူ ဘယ်တုန်းကမှမလိုချင်ခဲ့ဘူး"

သူမ ထောင်းခနဲ ဒေါသထွက်သွားပါသည်။

အဲဒီလောက် တုံးအ, ပြီး နောက်တွန့်ကြောက်ရွံ့နေသည့် ယောကျ်ားတစ်ယောက်အပေါ် ဘာဖြစ်လို့ သူမ, စိတ်ဝင်စားနေရသလဲဆိုတာလည်း သူမကိုယ်တိုင် မသိ။ သေချာတာကတော့ သူ့မျက်နှာကို အခုအချိန်မှာ သူမ, အကောင်းဆုံး ကုတ်ဆွဲပစ်ချင်နေတာပင်။

"ရှင်ဟာ အတ္တသိပ်ကြီးတဲ့ ယောကျ်ားပဲ . . . ရဝေ၊ ပစ္စည်းတစ်ခုကို လူတစ်ယောက်က လိုချင်သလား၊ မလိုချင်ဘူးလားဆိုတာ ရှင်က အဲဒီပစ္စည်းကို ပေးအပ်ဖို့ မကြိုးစားသေးဘဲ ရှင် သိနိုင်မှာလား၊ လိုအပ်တယ် . . . မလိုအပ်ဘူးဆိုတာ အဲဒီလူက ကိုယ့်လက်ထဲရောက်လာတဲ့ ပစ္စည်းကိုမြင်ရမှ ဆုံးဖြတ်နိုင်မှာ၊ ကျွန်မ သိပါတယ် . . . ရဝေ၊ ရှင်တို့ယောကျ်ားတွေရဲ့ အချစ်ဟာလည်း ဦးနှောက်နဲ့ ဆုံးဖြတ်ကြတာပဲ၊ ရှင်တို့ဟာ မှောက်ထားတဲ့ ဖဲတစ်ချပ်ရဲ့ အဖြေကို သိပြီးမှ အဲဒီဖဲချပ်ကို လှန်ကြည့်ချင်တဲ့ လူစားမျိုးတွေပဲ၊ ဘယ်တော့မှ ကိုယ့်ဘက် စတင်ပေးဆပ်ဖို့ စိတ်မကူးခဲ့ကြဘူး၊ ရှင်တို့ယောကျ်ားတွေဟာ မိန်းမတစ်ယောက်ဆီက တစ်စုံတစ်ခုကို ပြန်ရစရာရှိမှ တစ်စုံတစ်ခုကို စတင်ပေးဆပ်ချင်တဲ့သူတွေ၊ ကိုယ့်ဘက်က ဘယ်တော့မှ အရှုံးမခံချင်တဲ့သူတွေ၊ ရှင်ဟာ အတ္တသမားပဲ ရဝေ"

သူမ,ရဲ့ ပြင်းထန်သော စွပ်စွဲချက်များကြောင့် သူ့မျက်နှာသေး နီမြန်းကာ နှုတ်ခမ်းတွေက တင်းတင်းစေ့လာသည်။

ဒေါသမျက်လုံးတွေနဲ့ သူမအား စူးရဲစွာစိုက်ကြည့်နေတာကို သူမက . . .။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ . . . ဘာပြောမလဲ . . ." ဟူသော သဘောနှင့်သူ့ကို ပြန်စိုက်ကြည့်နေလိုက်သည်။

သူ့အသံမှာဆတ်ဆတ်က ထုံးစံအတိုင်း ပေါ်ထွက်လာသည်

"ယောကျ်ားတွေက အတ္တကြီးတယ်ဆိုရင် မိန်းမတွေက လည်း လောဘသိပ်ကြီးတယ်လို့ ပြောရမယ်၊ ဘာဖြစ်လို့ ယောကျ်ားတွေဆီက ထပ်ခါတလဲလဲ ရှုံးနိမ့်မှုကို သူတို့ လိုချင်နေရတာလဲ၊ အဲဒီ ရှုံးနိမ့်မှုတွေဟာ သူတို့အတွက် ဘာမှ အသုံးမဝင်ဘူးဆိုရင်တောင် သူတို့က လိုချင်နေကြတာပဲ၊ ကိုယ့်ရဲ့အချစ်ကို အမြတ်တနိုး တန်ဖိုး မထားဘဲ ချနင်းစွန့်ပစ်ဖို့ပဲ အသုံးဝင်မယ့် မိန်းမတစ်ယောက်ဆီကို ကျွန်တော်က ဘာကိစ္စ . . . အဲဒီအချစ်ကို ထပ်ပေးဆပ်ဖို့လိုဦးမှာလဲ ပေးဆပ်ရမယ်ဆိုရင် အဲဒီကိစ္စဟာ တရားသလား၊ နှောင်း ပြောစမ်း . . ."

သူမ, စိတ်မရှည်လှစွာ ထောင်းခနဲ ဒေါသထွက်သွားပြီး ချက်ချင်း မတ်တပ်ထ,ရပ်လိုက်မိသည်။

"တော်ပြီ . . . ရဝေ၊ ရှင့်လို တစ်ယူသန်၊ ကိုယ်ယုံချင်တာကို မျက်စိမှိတ် ယုံကြည်နေမယ့် ယောကျ်ားမျိုးကို ကျွန်မ ဆက်ပြောနေ လည်း အပိုပဲ၊ ဒီမှာ . . . ရှင် မြဲမြဲမှတ်ထားဖို့က မိန်းမတစ်ယောက်က ရှင့်ရဲ့အချစ်ကို ချနင်းစွန့်ပစ်မှာလား၊ အမြတ်တနိုး သိမ်းဆည်းထားမှာလားဆိုတာ အဲဒီမိန်းမရဲ့နှလုံးသားကို မမြင်ရဘဲနဲ့ ရှင် မပြောစမ်းပါနဲ့၊ ဒါပဲ . . . ကျွန်မ သွားမယ်"

သူမ . . . ချာခနဲ စားသောက်ဆိုင်ကန့်တင်းထဲက ထ,ထွက်လာတော့ ရဝေက ဖုံ့အားသင့်စွာ ထိုင်လျက် ကျန်ရစ်ခဲ့သေးသည်။

သူမ ဆေးရုံဝင်းထဲသို့ ပြန်ဝင်လာပြီး ခြေလှမ်းကိုဆောင့်၍



လှမ်းနေစဉ်မှာ အနောက်က ပြေးလိုက်လာသော ခြေသံတဖတ်ဖတ်ကို ကြားလိုက်ရသည်။ မထင်မှတ်စွာပင် ရဝေက သူမ,လက်မောင်းကို ကြမ်းကြမ်းဆုပ်ကိုင်လိုက်၍ သူမ ဆတ်ခနဲ တုန်ယင်သွားသည်။

"နှင် . . . ငါ့လက်ကို လွှတ်စမ်း . . . ရဝေ"

"မလွှတ်ဘူး၊ နှောင်း ခုနက . . . ကျွန်တော့်ကို ဘာပြောတာလဲ ပြန်ပြော . . ."

"မပြောဘူး၊ ငါပြောခဲ့တာတွေအားလုံး နှင် . . . မေ့ပစ်လိုက်တော့၊ အခု . . . ငါ့လက်ကိုလွှတ်စမ်း . . . ရဝေ"

"ဘာလို့ လွှတ်ရမှာလဲ၊ နှောင်း သိနေတယ် . . . နှောင်း သိနေတယ် မဟုတ်လား၊ ကျွန်တော်ချစ်နေတဲ့ မိန်းမဟာ ဘယ်သူလဲ ဆိုတာ နှောင်း သိနေပါတယ်၊ နှောင်းမျက်လုံးတွေက ပြောနေတယ်၊ ကျွန်တော့်ကို မညာစမ်းပါနဲ့"

သူမရှေ့က အဲဒီလောက် အနိုင်ယူစီးပိုးတတ်သော ကောင်ကလေးကို ပျစ်ပျစ်နှစ်နှစ် ဆဲရေးပစ်ချင်လိုက်တာမှ ပါးစပ်ကို ယားနေသည်။

ဘယ်လောက် ဒေါသထွက်ဖို့ကောင်းလိုက်သလဲ။ သူမ ရှည် သည်းခံနိုင်မှု အတိုင်းအတာတွေ ကုန်ဆုံးသွားပြီ ဖြစ်သည်။ သူမ, ရှေ့မှာ မထီတရီပြုံးစစမျက်နှာပေးနဲ့ သူမဆီက တုံ့ပြန်မှုကို အငမ်းမရ တောင်းဆိုနေသော အဲဒီဂျစ်ကန်ကန် ကြွားကြွားကောင်စားကလေးကို သူမ ဒေါသတကြီး အော်ဟစ်လိုက်မိပါသည်။

တကယ်တော့ သူမရဲ့ဒေါသတွေကပဲ သူမတို့နှစ်ဦးလုံးကို . . . အသူတစ်ရာ နက်ရှိုင်းသော ချောက်ကမ်းပါးသို့ ဆွဲခေါ်

www.burmeseclassic.com

www.burmeseclassic.com



ချသွားခဲ့တာ ဖြစ်၏။

"အေး . . . ငါ သိတယ်၊ နင်ချစ်နေတဲ့မိန်းမကို ငါ သိပ်သိတာပေါ့ ရဝေရဲ့၊ အဲဒီမိန်းမဟာ နင်တို့ မျိုးရိုးစဉ်ဆက် ဘိုးဘွား လက်ထက်ကတည်းက မုန်းတီးရွံရှာခဲ့တဲ့ ရန်သူတော် မိသားစုကြီးရဲ့ နောက်ဆုံးမျိုးဆက်တစ်ဦး ဖြစ်တယ်ဆိုတာ၊ နင့်မိဘတွေ ခါးခါးသီးသီး မုန်းတီးနေကြမယ့် ရန်သူတစ်ယောက်ရဲ့ သမီးဖြစ်နေတယ်ဆိုတာ ငါ သိတယ်လေ၊ ဒါကြောင့်မို့ အဲဒီမိန်းမ,ကို နင် တကယ်ချစ်နေလျက်နဲ့ နင် သတ္တိမရှိစွာ မျိုသိပ်လျှို့ဝှက်ထားဖို့ ဆုံးဖြတ်ထားတယ် မဟုတ်လား၊ ယောကျ်ားတန်မဲ့နဲ့ ပတ်ဝန်းကျင်တစ်ခုလုံးကို အရှုံးပေးပြီး ကိုယ့်အသည်းနှလုံးကိုပဲ စတေးလိုက်မယ်လို့ နင် ဆုံးဖြတ်ပြီးပြီ မဟုတ်လား၊ ငါ့ကို ဘာမှ လာထပ်ပြောမနေစမ်းပါနဲ့ ရဝေ၊ နင် ဝန်ခံလိုက်စမ်းပါ၊ နောက်ဆုံးတော့ နင်ဟာ သတ္တိမရှိတဲ့ ယောကျ်ားဆိုတာ ဝန်ခံလိုက်စမ်းပါ"

လက်ညှိုးငေါက်ငေါက်ထိုးရင်း ရန်တွေ့ အော်ဟစ်နေသော သူမ,ရဲ့ စကားလုံးတွေကို သူက နည်းနည်းကလေးမှ နာကျင်ခံရ ခက်ပုံပင် မပြဘဲ ပြုံးရီလို့နေသေးသည်။ ကြည့်စမ်း . . . နှုတ်ခမ်း ထောင့်လေးတစ်ဖက်တည်း ကွေးညွတ်ပြီး သူမ,ကို ခပ်လျှောင်လျှောင် ပြုံးကြည့်နေပုံက စက်ဆုပ်စရာ ကောင်းလိုက်တာ။

"နှောင်း . . . စကားတွေ ထပ်မှားကုန်ပြန်ပြီ"

သူ့လေသံလေးကလည်း အင်မတန် တည်ငြိမ်အေးစက်နေလွန်းတာ သူမ မနာလိုချင်စရာတောင် ကောင်းနေသည်။

သူမ, ဆူပွက်လောင်မြိုက်စွာ အော်ဟစ်မိပြန်သည်။

"မှားတော့ . . . ဘာဖြစ်လဲ၊ လဲသေလိုက်ပါလား"



သူ ပြုံးနေသေးသည်။ တွေ့လား . . . သူ့အပြုံးက အနိုင် ထားတဲ့ အပြုံးမျိုး။ မျက်လုံးတွေက တောက်ပရွှန်းလဲ့ပြီး ဝမ်းသာ အားရဖြစ်နေပုံက သူမ, ထိုးဖောက်ပစ်ချင်စရာ ကောင်းတဲ့အထိ။

ငါ . . . သူ့ကို သတ်မိတော့မယ်။

သူ့မျက်နှာ အဝေးသို့ ငေးသွားသည်။ ပြီးတော့ မပြုံးမရယ် ဘဲ အေးစက်ခြောက်သွေ့သော စကားသံတွေက ခပ်မာမာ ပေါ်ထွက် ခဲ့သည်။

"နှောင်း . . . အမှားတွေ လုပ်ခဲ့မိတဲ့အတွက် အဲဒီအမှားရဲ့ ပြစ်ဒဏ်ကို နှောင်းခံရလိမ့်မယ်၊ ဒါပေမဲ့ အဲဒီအပြစ်ဒဏ်ကို နှောင်း စ်ယောက်တည်း ခံရရင် အကြောင်းမဟုတ်ဘူး၊ ကျွန်တော်ပါ မျှပြီး ရတော့မှာ၊ သေချာတာကတော့ နှောင်းရဲ့ မျိုသိပ်နိုင်စွမ်းမရှိမှုက န်တော်တို့နှစ်ယောက်စလုံးကို မိုက်မဲတဲ့လူသားတွေအဖြစ် တွန်းပို့ တ်ပြီဆိုတာပဲ၊ ကျွန်တော့်ဘဝမှာ ဒီစကားကို ဘယ်တုန်းကမှ ဖွင့် ပြဖို့ စိတ်ကူးမရှိခဲ့ဘူး၊ အခုတော့ နှောင်းကြောင့် ကျွန်တော် ရတော့မယ်"

သူမ ပေါက်ကွဲသွားပါသည်။ ဖွင့်ပြောပြဖို့ဟန်ပြင်နေတဲ့ သူ့ ခမ်းတွေကို ပိတ်ပင်ဖို့ သူ့မျက်နှာကို တအားလွှဲရိုက်ချလိုက်သည်။

သို့ပေမယ့် သူမ,ရဲ့လက်က လမ်းခုလတ်မှာပင် သူ့ရဲ့ ခပ် ကြမ်း တားမြစ်ချုပ်ကိုင်ခြင်းကို ခံလိုက်ရပြီး ဖတ်ခနဲ ရပ်တန့် ရသည်။ နောက်လက်တစ်ဖက်နဲ့ သူ့မျက်နှာကို ထပ်ရိုက်ဖို့ တားပြန်တော့လည်း ခုနကလိုပင် ဖမ်းဆုပ်တားမြစ်ကာ လက် က်စလုံးကို ချုပ်ကိုင်လိုက်တာ သူမ . . . ခံရသည်။

သူမ . . . နာနာကြည်းကြည်း သူ့မျက်လုံးထဲသို့ စူးရဲစွာ

www.burmeseclassic.com

www.burmeseclassic.com



စိုက်ကြည့်လိုက်စဉ်မှာ မျက်ရည်က အလိုလို ဝဲတက်လာပြန်သည်။ အဲဒီအချိန်မှာ သူက ထိုစကားကို ရက်ရက်စက်စက် ပြောထွက်ခဲ့ခြင်း ဖြစ်သည်။

"ခင်ဗျား . . . သိပ်ကြားချင်နေတဲ့စကားကို နားထောင်သွားစမ်းပါ . . . နှောင်း၊ ခင်ဗျားကို ကျွန်တော်ချစ်တယ်၊ ဘယ်အရာနဲ့မှ နှိုင်းယှဉ်တန်ဖိုးဖြတ်လို့မရတဲ့ အချစ်မျိုးနဲ့ ကျွန်တော့်နှလုံးသားထဲက ခင်ဗျားကို စွဲလမ်းစွာ ချစ်မြတ်နိုးခဲ့တယ်၊ ကဲ . . . ကျေနပ်ပြီလား၊ အခုဒီစကားကို ကြားရတော့ ခင်ဗျား ပျော်သလား၊ ဒီစကားဟာ ခင်ဗျားအတွက် ဘာများ အသုံးဝင်သလဲ၊ ကျွန်တော်တို့နှစ်ယောက်ရဲ့ ဘဝမှာ ခင်ဗျားအတွက် ဘာများ ပိုထူးခြားသွားသလဲ . . . ခင်ဗျား ပြောစမ်း၊ ကျွန်တော့်ရဲ့အချစ်က ခင်ဗျားအတွက် ဘာများ အသုံးဝင်လို့လဲ . . . နှောင်းရဲ့၊ ပြောစမ်းပါဦး"

သူမအား ဖမ်းချုပ်ထားသည့် သူ့လက်တွေထဲက အားကုန်ဆောင့်ရုန်းပစ်လိုက်ပြီးလူချင်းကွဲသွားအောင် သူ့ရင်ဘတ်ကို သူမ ဆောင့်တွန်းပစ်လိုက်သည်။ ပြီးတော့ နာကြည်းအက်ကွဲစွာ သူ့မျက်နှာကို စေ့စေ့ကြည့်ရင်း သူမ အော်ဟစ်လိုက်ပါသည်။

"ငါပြောချင်တာက နင့်ကို . . . ငါ . . . အရမ်းမုန်းတယ် . . . ဝေ၊ သိလား . . . နင့်ကို ငါ . . . အရမ်းမုန်းတယ်"

# ဒုတိယအမှုန်း

www.burmeseclassic.com

www.burmeseclassic.com

"အချစ်ဆိုတာ ...

တိုင်တန်းနှစ်သသော်နဲ့ ...တူတယ်၊

ကြီးကြီးမားမား တည်ဆောက်ခဲ့ကြတော့

နှစ်မြုပ်သွားတဲ့အခါ ...

ဘယ်လိုမှ

ပြန်ဆယ်ယူလို့ မရတော့ဘူး ..."

# တစ်

"ရှင်တို့နှစ်ယောက် ... ဘာဖြစ်နေကြတာလဲ"

"ဘာမှ မဖြစ်ဘူး"

အမြဲလိုလိုပင် လှုကဲခတ်တော်သော ယမုံက အမြင်စူးရှကာ ူမနဲ့ ရဝေတို့ စကားမပြောနိုင်၊ မဆိုနိုင် ခပ်တန်းတန်းဖြစ်နေတာကို ထမဆုံး သတိပြုမိသွားသည်။

မိန်းကလေးသူငယ်ချင်းတွေချည်းပဲ ရှိနေစဉ်မှာ ယမုံက ာက် ခါငင်ကာ ထမေးလိုက်တာကို သူမက ချက်ချင်း မဆိုင်းမတွ ဲ ဘူးကွယ်ပစ်လိုက်ရသည်။ အဲဒါကိုပဲ ယမုံက မယုံကြည်နိုင်သလို ပ်မေးသည်။

"ဘာမှသာ မဖြစ်တယ်၊ ကျုပ်တို့ သတိထားမိနေတာ ကြာ ပြီ၊ ရှင်နဲ့ရဝေတို့ စကားလည်း မပြောကြဘူး၊ ခပ်ရှောင်ရှောင် ခပ် ယ်ဖယ် လုပ်နေတာ မနှစ်က သာ့ဒ်အမ်ဘီ ( 3rd M.B ) စာမေးပွဲ ဖြေခင် တစ်လလောက်ကတည်းက၊ အခုကျောင်းပိတ်ထားပြီး ပြန် ်လို့ ဖိုင်နယ်ပါတ်ဝမ်း ( Final Part I ) မှာ တက်ရတာ နှစ်ပတ်လောက် နေပြီ၊ ရှင်တို့အချိုးက ဒီအတိုင်းပဲ၊ မနှစ်ကတော့ စာမေးပွဲနီးလို့ ကျက်ရတာနဲ့၊ ခေါင်းရှုပ်တာနဲ့ စကားမပြောဖြစ်ကြဘူးဆိုထား ောာ့၊ အခုဟာက ..."

"ဘာမှမဖြစ်ပါဘူးဆို၊ ရှင်တို့ကလည်း ..."

www.burmeseclassic.com

www.burmeseclassic.com



သူမက တငြင်းတည်း ငြင်းပစ်လိုက်သည်။ ဘေးနားမှာ နေသော လတ်လတ်ကလည်း မနေနိုင်ဘဲ ဝင်ပြောတော့သည်။

"ဘာ . . . မဖြစ်ရမှာလဲ၊ စာမေးပွဲတွင်းတုန်းက စပေါ့ ဆွက်တော့ ရှင့်ဆီဆက်ပေးပြီး ရဝေ့ဆီ ရှင်ပဲ ဆက်ပြောလိုက် ပြောတော့ ရှင် . . . ကမန်းကတန်း ငြင်းခဲ့တယ်လေ၊ ဟိုတစ်ယော ကလည်း အဲဒီလိုပဲ၊ ရှင်နဲ့ တိုက်ရိုက်စကားပြောရမှာကို သိသိသာ ရှောင်နေတာ၊ စပေါ့တွေ ရလို့ ရှင်နှောင်းကို ဆက်ပြောပေးပါဦး ဆိုလို့ရှိရင် သူကလည်း . . . ဟာ . . . ခင်ဗျားတို့ပဲ ဆက်လိုက် ကျွန်တော် မဆက်ချင်ဘူး . . . လို့ ပြောတာပဲ၊ တဲ . . . အဲဒါ . . . တစ်ခုခုဖြစ်နေတာ မဟုတ်လို့ ဘာလဲ"

ရှီလာကလည်း မျက်မှောင်လေးကျုံ့၍ လာမေးသည်။

"ရှင်တို့နှစ်ယောက် စိတ်ကောက်နေကြတာလား . . . မယ်နှောင်း"

"အို . . . စိတ်ကောက်ရအောင် ကျွန်မတို့က သမီးရည်းစ မှ မဟုတ်တာ"

"အံမယ် . . . သူငယ်ချင်းတွေလည်း တစ်ခါတလေ ရန်ဖြ မိရင် စိတ်ကောက်ကြမှာပဲပေါ့၊ အဲဒါ . . . ဘာထူးဆန်းလဲ၊ ရှင် အဲဒါကို ဘာကိစ္စ လျှို့ဝှက်နေတာလဲ၊ စိတ်ကောက် . . . ကောက် တယ်ပေါ့၊ ပြောစမ်းပါ . . . ရှင်တို့နှစ်ယောက် ဘာဖြစ်ကြတာလဲလို့"

သူမ စိတ်မရှည်လှစွာ သူငယ်ချင်းတွေကို အော်ထုတ်ပ လိုက်မိသည်။

"သွားစမ်းပါကွာ၊ အဲဒါ . . . ရှင်တို့နဲ့ မဆိုင်ပါဘူး၊ အသာ နေစမ်းပါ"



ရှီလာက အဲဒီကိစ္စကို မသိရမချင်း အတင်းကပ်မေးနေ တော့သည်။

"အို . . . အသာမနေနိုင်ပါဘူး၊ ကျုပ်တို့အဖွဲ့ထဲမှာ အရင်က ဒီလောက်ခင်မင်ရင်းနှီးခဲ့ကြတဲ့ လူနှစ်ယောက်က မခေါ်နိုင်၊ ပြောနိုင် တင်းမာနေမှတော့ ကျုပ်တို့က ဘယ်စိတ်ကောင်းမလဲ၊ ကြစရာ မကောင်းတော့ဘူးပေါ့၊ ကျုပ်တို့လည်း ကြားထဲကနေ စိတ် ကတယ်၊ ကဲ . . . ပြော . . . အဲဒါ ဘာဖြစ်ကြတာလဲ၊ ဘာကိစ္စပဲ ဖြစ် . . . ဒီတစ်ခါတော့ ရှင်တို့နှစ်ယောက်လုံးအတွက် ဖော်တော် ကြီးမားတဲ့ ပြဿနာပဲဖြစ်မယ်၊ ပြောစမ်းပါ . . . ကျွန်မတို့ ဝိုင်းပြီး ကြံပေးလို့ရအောင် . . ."

"မပြောချင်ဘူး၊ ရှင်တို့လည်း မသိချင်နဲ့၊ ပြီးတော့ ရှင်တို့ စ်ခါက ပြောခဲ့ဖူးတာပဲ၊ ကျွန်မကို သူနဲ့ ဝေးဝေးနေ၊ ခပ်မှန်မှန် ဆက်ဆံပါဆို၊ ရဝေက ကျွန်မ,ကိုချစ်နေတာဆို၊ သူ့ရဲ့ရည်းစားတွေ ကတစ်ယောက် ဖြစ်သွားမှာစိုးလို့ဆိုပြီး ရှင်တို့ပဲ ကျွန်မတို့ ယောက်ရဲ့ ရင်းနှီးမှုတွေကို တားမြစ်ခဲ့ကာပဲ၊ အခု . . . ရှင်တို့ စေချင်သလို ကျွန်မ နေပြနေပြီလေ . . . ကျေနပ်တော့ပေါ့"

လတ်လတ်က သူမ,စကားကြောင့် မျက်နှာကို အစွမ်းကုန် လိုက်သည်။

"ရှင် . . . ရွဲ့ပြောမနေနဲ့နော် . . . နှောင်း၊ ခပ်မှန်မှန် ဆက်ဆံပါဆိုတာ အခုလိုမျိုးကြီး မပြောနိုင်၊ မဆိုနိုင် တင်းမာသွားဖို့ ခိုင်းခဲ့တာ မဟုတ်ဘူး၊ သူငယ်ချင်းလိုပုံစံနဲ့ မှန်အတိုင်း ခင်မင် နီးမှုတော့ ရှိဦးမှပေါ့၊ စကားပြောစရာရှိ ပြော၊ အတူတူသွားစရာရှိ ရမှာပဲ၊ အခုဟာက ရှင်တို့မှာ တစ်ယောက်ဟိုတစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



ရှောင်တဲ့အထိတောင် ဖြစ်နေပြီ"

ရှီလာကလည်း လတ်လတ်စကားကို ထောက်ခံအားပေး သလို သူမ ကို အပြစ်တင်တော့သည်။

"ဟုတ်တယ် . . . ရှင်နဲ့ရဝေက အဲဒီလိုဖြစ်နေကြတော့ ကျုပ်တို့လည်း အနေရကြပ်တယ်၊ ပြီးတော့ အခု နောက်ဆုံးနှစ်အပိုင်း (က) မှာ ရှင်သိတဲ့အတိုင်းပဲ၊ ပီအက်စ်အမ် ( PSM )က လွှတ်တဲ့ထရစ် ( Trip ) လည်း ထွက်ရဦးမှာနော် . . . နှောင်း၊ အဲဒီကွင်းဆင်း လေ့လာ ရေးခရီးက မိန်းကလေးချည်းပဲ ထွက်လို့ရတာ မဟုတ်ဘူး၊ အုပ်စု တိုင်းမှာ ယောကျ်ားလေးနှစ်ယောက်က အနည်းဆုံးပါရမယ်လို့ ဌာန က သတ်မှတ်ထားတာ၊ ကျုပ်တို့အဖွဲ့မှာ ယုဒါနဲ့ ရဝေပဲ ယောကျ်ား လေး ရှိတာ၊ သူတို့ပဲ ခေါ်သွင်းပြီး ခရီးထွက်ရမှာပဲ၊ ရှင်နဲ့ရဝေ ခရီး မထွက်ခင် အဆင်ပြေစေချင်တယ်၊ အဲဒါပါပဲ"

"ဘုရား . . . ဘုရား . . . ရဝေနဲ့ကျွန်မက ခရီးအတူတူ ထွက်ရမယ် . . . ဟုတ်လား"

ရှုပ်ပျက်ဆင်းပျက်နဲ့ ဘုရားတ,နေသော သူမ,ပုံစံကို မျက်စိ နောက်လာဟန်နှင့် ယမုံက စူပွပွမျက်နှာနဲ့ လာဟောက်တော့သည်။

"ဘာဖြစ်နေတာလဲ၊ အဲဒါ . . . ရှင်က . . . ရဝေနဲ့ခရီးအတူ ထွက်ရမှာကို တစ္ဆေသရဲနဲ့ ခရီးထွက်ရမှာကျနေတာပဲ"

"သူက . . . တစ္ဆေသရဲထက် ပိုကြောက်စရာ ကောင်းလို့ ပေါ့ဟဲ့"

သူမက ရှင်ဘတ်ကလေးဖိပြီး စိတ်ပျက်လက်ပျက် ပြော လိုက်ရာ သူငယ်ချင်းတွေအားလုံးက သူမ,ကို နားမလည်နိုင်သလို ဝိုင်းကြည့်နေကြသည်။



အဲဒါမှ ဒုက္ခ။ သူမ,တို့ဆေးကျောင်းမှာ နောက်ဆုံးနှစ်အပိုင်း (က) သို့ရောက်လာပြီဆိုရင် ကာကွယ်ရေးနဲ့ လူမှုရေးဆေးပညာ ဌာနက စေလွှတ်သော ကွင်းဆင်းလေ့လာရေးခရီးကို ကျောင်းသား အားလုံး မသွားမဖြစ် သွားရပါသည်။

ရန်ကုန်မြို့နှင့် ဝေးလံသော ဒေသအသီးသီးရှိ မြို့နယ်များကို အုပ်စုတစ်စုလျှင် တစ်မြို့ကျစီ ကျရောမဲနှိုက်၍ သွားကြရသည်။ အုပ်စုတစ်စုမှာ လူခုနစ်ယောက်မှ . . . ရှစ်ယောက် ကိုးယောက်ထိ ပါတတ်သည်။

အဲဒီလို ခရီးထွက်မည့်လူအုပ်စုကို ကိုယ်နှင့်နီးစပ်ရာ၊ ခင် မင်ရာ သူငယ်ချင်းများနှင့် အုပ်စုဖွဲ့ခွင့်ကို ဌာနက လွတ်လွတ်လပ်လပ် ခွင့်ပြုထားသည်။ ဒီလိုမျိုးစိတ်ကြိုက် လူရွေးချယ်အုပ်စုဖွဲ့ခွင့်ကို ဌာနက ပေးထားတာတောင် ခရီးက ပြန်ရောက်လာတာနှင့် သူငယ်ချင်းတွေ အချင်းချင်း ရန်ဖြစ်လာကြ၊ စိတ်ကောက်လာကြနှင့် တစ်ယောက် အကြောင်း တစ်ယောက်ပိုသိလာကာ မခေါ်နိုင်၊ မပြောနိုင် ဖြစ်သွား ကြတာတွေ ရှိသည်။

အရင်ကထက် ပိုမိုရင်းနှီးလာပြီး အုပ်စုလိုက် တရှန်းရှန်းလုပ် တဲ့ အဖွဲ့ထဲမှ ကျောင်းသားကျောင်းသူတွေ အချင်းချင်း ငြိတွယ်၍ ချစ်သူတွေ ဖြစ်ကုန်ကြတာလည်း တစ်ပုံတစ်ပင်။

ဒီထုံးစံအစဉ်အလာက ဆေးကျောင်းမှာ မထူးဆန်းတဲ့ အဖြစ် အပျက်။

လူတစ်ယောက်အကြောင်းကို သိချင်ရင် ခရီးအတူထွက် ကြည့်ပါ . . . ဆိုတဲ့ဆိုရိုးစကားကလည်း အရှိသားမဟုတ်လား။

ကိုယ့်နေအိမ်၊ မိဘနဲ့ဝေးတဲ့ တစ်နယ်တစ်ကျေးမှာ နေ့ရော၊

www.burmeseclassic.com

www.burmeseclassic.com



ညရော အတူ တည်းခိုရ၊ အတူ စားသောက်ရ၊ အတူတူ ကွင်းဆ[illegible]
လေ့လာပြီး စစ်တမ်းကောက်ယူရ၊ ကျေးလက်ကျန်းမာရေး စော[illegible]
ရှောက်မှုလုပ်ငန်းတွေ လုပ်ရန်၊ ပြန်ရောက်လာကြတော့လည်း ကို[illegible]
စစ်တမ်းကောက်ယူလာတာတွေကို စုပေါင်းပြီး အုပ်စုတစ်စုလျှ[illegible]
စာတမ်းတစ်ခုစီ ပြုစုတင်ပြဖို့ တာဝန်ပေးထားတာကြောင့် အ[illegible]
တတွဲတွဲ လုပ်နေကြရမည့် သူငယ်ချင်းများပင်။

ထို့ကြောင့် ခရီးမထွက်ခင် အုပ်စုဖွဲ့ကတည်းက ကို[illegible]
အုပ်စုမှာပါသည့် သူငယ်ချင်းအားလုံးကို ကိုယ်နှင့်အဆင်ပြေနိုင်ေ[illegible]
လူပဲ ခေါ်စေချင်ကြတာ မမှတ်ာ။

အခုတော့ သူမတို့အတူခရီးထွက်ရမည့်အဖွဲ့ထဲကို ရ[illegible]
အား ခေါ်လာမည်ဆိုတော့ ဘယ့်နှယ့်လုပ်မလဲ။ မမြင်ချင်တဲ့ မျက်[illegible]
ကို မြင်ရ၊ မပြောချင်တဲ့စကားတွေ ပြောရဦးတော့မယ်။

"အို . . . ရှင်တို့ ရဝေကို ခေါ်မယ်ဆိုရင် ကျွန်မ ရှင်တို့အ[illegible]
မှာ မလိုက်ဘူး"

"ဟော့တော် . . . ဒါက . . . ဘယ်လိုဖြစ်တာလဲ၊ အဲ[illegible]
လောက်တောင် ရှင်က ဘာကိစ္စ ရဝေကို ကြောက်နေရတာလဲ"

"အေးလေ . . . ရဝေနဲ့ယုဒါကို မခေါ်လို့ ဘယ်ယောက်[illegible]
လေးကို ကျွန်မတို့က ထပ်ခေါ်ရမှာလဲ၊ ကိုယ်နဲ့အရင်းနှီးဆုံး[illegible]
ယောကျ်ားလေးသူငယ်ချင်းက သူတို့ပဲရှိတဲ့ဥစ္စာကို၊ ရဝေက အ[illegible]
လည်း ကိုးရတယ်၊ ဘယ်နေရာမဆို နှံ့နှံ့စပ်စပ်ရှိတဲ့အပြင် ငါ[illegible]
အနွံတာလည်း ခံတယ်"

"ကျွန်မ ပြောတာ ပြတ်နေပြီ၊ ရှင်တို့ ရဝေကို သိပ်ခေါ်ချ[illegible]
နေရင် ခေါ်သွားကြ၊ ကျွန်မ စုစုတို့အဖွဲ့နဲ့ပဲ လိုက်သွားတော့မယ်[illegible]



[illegible]တို့အဖွဲ့က မိန်းကလေး လိုနေသေးတယ်၊ ကျွန်မက ရဝေနဲ့ ခရီး
[illegible]အတူ မထွက်နိုင်ဘူး၊ အတန်းထဲက ကျန်တဲ့ယောကျ်ားလေး ဘယ်
[illegible]ဆို ရှင်တို့ခေါ်၊ ကျွန်မ မငြင်းဘူး၊ ရဝေနဲ့တော့ မဖြစ်ဘူး"

[illegible] ရှိလာ သူမကို မျက်စောင်းနာနာထိုးပါသည်။

"စပြီ . . . ဇာတ်လမ်းက . . . ၊ ခရီးမှ မထွက်ရသေးဘူး၊
[illegible]တာနဲ့တင် အကွဲအပြဲတွေက လုပ်လာပြီ၊ ရှင်နဲ့ရဝေနဲ့ ဘာဖြစ်
[illegible]ကြတာလဲ . . . လို့ ကျုပ်တို့မေးတော့လည်း ရှင်က ရေငုံ နှုတ်
[illegible]နေတယ်၊ ဘာမှန်းကို မသိဘူး၊ အဲဒီ . . . မယ်နှောင်းဟာ . . ."

လတ်လတ်ကတော့ မျက်စိမျက်နှာ ခပ်ပျက်ပျက်ဖြစ်ကာ
[illegible]ကို လေပျော့လေးနဲ့ လာချော့ပြောပါသည်။

"ရှင်နှောင်းရယ် . . . ကျုပ်တို့သူငယ်ချင်းလေးယောက်
[illegible]စုက သူငယ်တန်းကတည်းက တတွဲတွဲလုပ်လာတဲ့ အုပ်စု၊
[illegible]ောက်ပျော်စရာကောင်းမယ့်ခရီးကျမှ ရှင်က ကျွန်မတို့အဖွဲ့က
[illegible]သွားပြီး တခြားလူတွေနဲ့ အတူသွားလို့ ဘယ်ဖြစ်မှာလဲ၊ ရှင်
[illegible] ကျွန်မတို့အဖွဲ့က မထွက်ရဘူး၊ ရဝေကို ခေါ်ဖို့မခေါ်ဖို့က ပြန်
[illegible]ားကြသေးတာပေါ့"

"ပြန်စဉ်းစားစရာကို မလိုဘူး၊ သူ့ကိုမခေါ်နဲ့ . . . ဒါပဲ"

သူမရဲ့ လေသံခပ်ပြတ်ပြတ်ကြောင့် ယမုံက ကြည့်မရတော့
[illegible]နှင့် ခုပ်အောင့်အောင့် လာပြောသည်။

"ဟဲ့ . . . မယ်နှောင်း၊ ရှင် ဇွတ်မပြောနဲ့၊ ယုဒါနဲ့ ရဝေ
[illegible] အရမ်းခင်နေကြတဲ့ သူငယ်ချင်းတွေ၊ ရဝေ့ကို အကြောင်းပြ
[illegible]ရှိဘဲ ကျုပ်တို့အဖွဲ့က ထွက်ခိုင်းရင် ယုဒါက ဘာပြောမလဲ၊
[illegible]ယောကျ်ားလေးအချင်းချင်း ရိုင်းပင်းပြီး ရဝေထွက်ရင် ငါလည်း

www.burmeseclassic.com

www.burmeseclassic.com



ထွက်မယ် လုပ်ကုန်မှာပေါ့၊ ယုဒါကိုခေါ်ရင် ရဝေလည်း ခေါ်ရမယ် ဖြစ်မှာပေါ့၊ ယုဒါကို ကျုပ်တို့မခေါ်ဘူးပဲ ထား၊ ရှီလာက သူ့လူနဲ့သူ့ အတူတူ ခရီးထွက်ချင်မှာပဲ၊ ရဝေရော ယုဒါရော ကျုပ်တို့အဖွဲ့က ထွက်ရင် ရှီလာလည်း ယုဒါနဲ့လိုက်သွားမှာပဲ၊ ဒါဆို ကျုပ်တို့အဖွဲ့က ပျက်ပြီ"

"မပျက်စေချင်ရင် လွယ်တယ်၊ ကျွန်မ,ပဲ တခြားအဖွဲ့နဲ့ လိုက် သွားမယ်လို့ ပြောပြီးပြီ၊ ရှင်တို့ဟာရှင်တို့ ရဝေနဲ့ပဲ ခရီးအတူတူ ထွက်ကြ၊ အဲဒီမှာ . . ."

"နှောင်း . . . ရှင့်ကို ကျုပ်တို့အဖွဲ့နဲ့ပဲ လိုက်စေချင်လို့ ဒီလောက် ရှင်းပြနေတာလေ၊ ရှင်လည်း အဖွဲ့က မထွက်ရဘူး၊ ရဝေ့ကို လည်း အကြောင်းပြချက်မရှိဘဲ အဖွဲ့က ထုတ်ပစ်လို့မရဘူး"

"အကြောင်းပြချက် ရှိတယ်"

"ဘာ . . ."

သူမရဲ့စကားကြောင့် အားလုံးက အံ့အားသင့် စိတ်ဝင်စား သွားကာ သူမမျက်နှာကို ဝိုင်း၍စိုက်ကြည့်ကြတော့သည်။

သူမ လေသံခပ်အေးအေးနဲ့ ရှင်းပြလိုက်သည်။

"ရဝေက . . . ကျွန်မကို ချစ်တယ်လို့ ပြောထားတယ်"

"ဒါများ . . . မိနှောင်းရယ်၊ ဘာများလဲလို့"

"အေးလေ . . . အဲဒါများ အဆန်းတကြယ်၊ သူက လန့် နေလိုက်တာ"

သူငယ်ချင်းတွေဆီက ဘာမှထူးခြားအံ့ဩပုံ မပြကြဘဲ သာမန်ဖြစ်ရိုးဖြစ်စဉ်တစ်ခုလို တုံ့ပြန်ကြတာကို သူမ . . . စိတ်ဆိုး သွားရသည်။



"အလို . . . ရှင်တို့က ဘာဖြစ်နေကြတာလဲ၊ ဒီကိစ္စက ခွင့် ...တ်နိုင်စရာကိစ္စ မဟုတ်ဘူးလား၊ ဒါ . . . ဘယ်လောက် ရုပ်ပျက် ...င်းပျက်နိုင်သလဲ၊ ရဝေ . . . ဒီလို ကျွန်မအပေါ် စည်းကျော်လာ ...ာ ကျွန်မ စိတ်မဆိုးသင့်ဘူးလား"

ရှီလာက ခပ်တိုးတိုး ရယ်မောနေပြန်ပါသည်။

"ဘာစိတ်ဆိုးစရာရှိလဲ . . . မိနှောင်း၊ ဒီကိစ္စက တစ်ချိန် ...တ်တစ်ချိန်မှာ ဖြစ်ပျက်တော့မယ်ဆိုတာ တို့အားလုံး ကြိုသိနေ ...ာပဲ"

"ဘာ . . . ရှင်တို့က ကြိုသိနေတယ်"

"ဟုတ်တယ်လေ၊ သူ . . . ရှင့်အပေါ် ညွတ်နေပါတယ်လို့ ...ပ်တို့ ကြိုပြောခဲ့သားပဲ၊ သူက ချစ်တယ်လို့ဖွင့်ပြောလိုက်တာ ဘာမှ ...ဩစရာ အကြောင်းမရှိဘူး၊ ရှင် . . . ဒါကို စိတ်ဆိုးစရာလည်း ...ဘူး၊ ရှင် . . . သူ့ကို ပြန်မချစ်နိုင်ဘူးဆို မချစ်နိုင်ဘူးလို့ ပြော ...်ရုံပဲ၊ ဒါဆို ကိစ္စပြတ်ပြီပဲ၊ အဲဒါကို ရှင်နဲ့ရဝေက ဘာကြောင့်များ ...ိပ်လျှို့ဝှက်ပြီး တစ်ယောက်ကိုတစ်ယောက် ရှောင်နေရမှာလဲ၊ ...ပြဿနာမှ မရှိတာ"

"အေးလေ . . . ပြန်ချစ်တယ် မချစ်ဘူးဆိုတာ ရှင့်ဘက်က ...ပြတ်သားသားပြောလိုက်ရင် ပြီးတာပဲ ရှင်နှောင်းရယ်၊ သူငယ်ချင်း ... ဆက်ပြီး ခင်မင်ကြမယ်ပေါ့၊ အဲဒါဆိုရင် ရဝေကရော မိုက်မိုက် ... အတင်းရှေ့ဆက်တိုးမယ့်လူစားမျိုးမှ မဟုတ်တာ၊ သူလည်း လူ ...ကျေးတစ်ယောက်ပဲ၊ ရှင့်မှာ ကိုမွန်ရှိပြီးသားဆိုတာ သူလည်း ...းတဲ့ဥစ္စာ၊ အဲဒါနဲ့များ ရှင်က သူ့အပေါ် ဘာဖြစ်လို့ တစ္ဆေသရဲ ...ကြောက်သလို ကြောက်နေရတာလဲ၊ မျက်နှာချင်းဆိုင် ဆုံတွေ့ပြီး

www.burmeseclassic.com

www.burmeseclassic.com



ဖြေရှင်းလိုက်လေ"

"အို . . . သူနဲ့မျက်နှာချင်းကို မဆိုင်ချင်တာ၊ စကားပြောဖို့ ဆိုတာ ဝေးသေး"

"အဲဒါ . . . ဘာဖြစ်နေတာလဲ . . . မယ်နှောင်း၊ သူနဲ့ မျက်နှာချင်း မဆိုင်ရဲစရာ ဘာအကြောင်းရှိသလဲ၊ ဖြစ်ခဲ့တဲ့ကိစ္စမှာ ရှင့် ဘက်က မမှားဘူးဆိုရင် ရှင် . . . သူနဲ့ ရင်ဆိုင် ဖြေရှင်းရဲရမယ်"

ယမုံကလည်း ရှိလာရဲ့စကားကို ထောက်ခံအားပေးပြီး သူမကို အပြစ်တင်ပြန်သည်။

"အေးလေ မိနှောင်း . . . ရှင် သူ့အပေါ် ရိုးသားဖြူစင် တယ်ဆိုရင် ရှင့်ဘက်က ဘာမှ သူ့အပေါ် ကြောက်ရွံ့နောက်တွန့် နေစရာ မလိုဘူး၊ ရှင် . . . သူနဲ့စကားပြောရဲရမှာပေါ့၊ ရှင့်ရင်ထဲမှာ ဘာမှမရှိတဲ့အကြောင်းကို သူ့ကို ထုတ်ပြောရမှာပေါ့၊ ဘာကိစ္စ ရှင် . . . ဒီလောက် ရှက်ကြောက်နေရတာလဲ၊ ဘာလဲ . . . ရှင် . . . ရှင် . . . သူ့အပေါ် ယိုင်သွားပြီလား . . . နှောင်း၊ ရှင်ကိုယ်တိုင် မရိုးသားနိုင်လို့ သူနဲ့ရင်ဆိုင်ရမှာ ကြောက်နေတာမို့လား"

"ဟာ . . . ဘာတွေလျှောက်ပြောနေတာလဲ၊ ကျွန်မဘက်က ရိုးသားတယ် . . . ယမုံ၊ လုံးဝ . . . ရိုးသားတယ်၊ ဘာမှ မဖြစ်ဘူး"

"ဘာမှမဖြစ်ရင် ဘာမှမဖြစ်သလိုပဲ ရှင် . . . နေလေ၊ ရဝေနဲ့ ခရီးတစ်ခုတည်းထွက်ရမှာကို ဘာဖြစ်လို့ ရှင်က အကြောက်အကန် ငြင်းနေရသလဲ၊ ရှင်သာ သူ့အပေါ် ရိုးသားဖြူစင်တဲ့စိတ် ထားနိုင် တယ်ဆိုရင် ခရီးအတူထွက်လည်း ဘာဖြစ်လဲ၊ သူငယ်ချင်းဟာ သူငယ်ချင်းပဲပေါ့၊ အရင်လိုပဲ သူငယ်ချင်းစိတ် ဆက်ထားပေါ့"

"အို . . . သူကမှ ကျွန်မ,အပေါ် သူငယ်ချင်းစိတ် မထား



. . ."

"ကဲ . . . ကောင်းပြီ၊ ဒါဆိုရင် ကျွန်မတို့အားလုံးက ရဝေ့ကို အတူ ထွက်နေစဉ်မှာ ရှင့်အပေါ် သူငယ်ချင်းလိုပဲ ဆက်ဆံစေဖို့ တိတောင်းထားမယ်၊ ရှင့်ကို . . . ချစ်တယ်ဆိုတဲ့စကား ထပ်မပြော ဘူး၊ မရိုးသားတဲ့ ပြုမူပြောဆိုပုံတွေ လုံးဝမလုပ်ရဘူး၊ သာမန် ငယ်ချင်းလို ဆက်ဆံပုံမျိုးထက် လုံးဝ မပိုစေရဘူး . . . လို့ ကတိ ောင်းပြီးမှ ကျွန်မတို့အဖွဲ့နဲ့အတူ ခရီးထွက်ဖို့ သူ့ကို ခေါ်ခဲ့မယ်၊ . . . ဘယ်လိုလဲ မိနှောင်း၊ သူက အဲဒီလို နေပြနိုင်ရင် . . . ရှင် လို့ သူနဲ့ ခရီးအတူ မထွက်ရဲရမှာလဲ၊ ရှင် . . . ရိုးသားတယ် ရင် . . . ခရီးအတူ ထွက်ရဲရမယ်"

"သူက . . . လမ်းခရီးမှာ သူငယ်ချင်းအဆင့်ထက် ပါဘူး . . . လို့ ရှင်တို့ အာမခံနိုင်လို့လား . . . ရှိ၊ တစ်ခုခု . . . သူ ပြီး ကြိုးစားခဲ့မယ်ဆိုရင် ဘယ်လိုလုပ် . . ."

"မယ်နှောင်း . . . သူ . . . အဲဒီလိုအဖြူရောင်စည်းမျဉ်းကို ်လာမယ်ဆိုရင် သူ့ကို ကျုပ်တို့အားလုံး သူငယ်ချင်းအဖွဲ့က ပစ်မယ် . . . လို့ အာမခံတယ်၊ ဒီခရီးမှာ . . . သူ ဘာမှ ်ကို အနှောင့်အယှက် မပေးနိုင်အောင် ကျုပ်တို့အားလုံး သူ့ ကတိတောင်းထားမယ်၊ ရှင့် ဘက်ကသာ . . . သူ့အပေါ် လုံးဝ ခတောက်နိုင်မယ် ဆိုရင်ပေါ့"

"အို . . . ပြတ်တယ်၊ ပြတ်ပြီးသား . . . အခုကတည်းက ကျွန်မ ဘာမှမှ မဟုတ်တာ"

"သေချာတယ်နော် . . . အခုထက်ထိ ရဝေ့အပေါ် ရှင်က ်ချင်းလိုပဲ သဘောထားတယ်နော်"

www.burmeseclassic.com

www.burmeseclassic.com



"အို . . . အခုချိန်မှာ သူက ကျွန်မရဲ့သူငယ်ချင်းတော်
မဟုတ်ဘူး၊ ကျွန်မ အမုန်းတီးဆုံး ယောကျ်ားဟာ သူပဲ . . . သိလား
ကျွန်မအမုန်းဆုံး လူတစ်ယောက်ပဲ"

သူငယ်ချင်းတွေအားလုံးက သူမရဲ့မျက်နှာကို ပြုံးစ,
အကြည့်တွေ နဲ့ ဝိုင်းကြည့်ကြလေသည်။

သူမ . . . ဘာစကားများ မှားပြောမိလို့လဲ။ သူမ, ပြောတာ
ရှင်းရှင်းကလေးပါ။ မှသားလည်း မပါ။

"ဘာလို့ . . . ကျုပ်ကို အဲလိုကြည့်နေကြတာလဲ၊ ကျွန်
. . . သူ့ကို အရမ်းမုန်းတီးနေတယ်ဆိုတာ ရှင်တို့ မယုံကြဘူးလား
ဘာလဲ . . ."

သူမ,စကားအဆုံးမှာ ဘယ်သူ့ဆီကမှ အဖြေပြန်မရပါ
အားလုံးရဲ့ အသံတွေသည် တိတ်ဆိတ်ငြိမ်သက်စွာ အေးစက်သွား
လေသည်။

မိနစ်တော်တော်ကြာသည့်အထိ တိတ်ဆိတ်မှု ရှည်ကြာသွား
ပြီးမှ ရှိလာ့ဆီက သက်ပြင်းရှိုက်သံကို သူမ ကြားသည်။ ရှိလာ
မျက်ဝန်းထဲက စူးစိုက်နစ်ဝင်သော အကြည့်နက်နက်ကို သူမ ...သည်

"ယောကျ်ားတစ်ယောက်က ချစ်တယ်လို့ ပြောမိတာလေး
သူ့အပေါ် အရမ်းမုန်းတီးသွားတယ်ဆိုတဲ့ အဖြစ်အပျက်ဟာ သိ
တော့ အဓိပ္ပာယ်မရှိဘူးနော် . . . နှောင်း၊ လူတွေဟာ တစ်ယောက်
တစ်ယောက် မုန်းတီးနာကြည်းဖို့ဆိုတာ ဒီထက် အကြောင်းပြချက်
ပိုခိုင်လုံရတယ်၊ ပြီးတော့ . . ."

"ပြီးတော့ . . . ဘာလဲ"

သူမက ခပ်ဆတ်ဆတ်ပြန်မေးလိုက်တော့ ရှိလာက တိုးဖွ



...ယ်လိုက်သေးသည်။

"ရှင့်ကို . . . ကျွန်မ အကြံတစ်ခုပေးမယ်နှောင်း၊ ယောကျ်ား
တစ်ယောက်ရဲ့အချစ်ကို ငြင်းဆန်ဖို့အတွက် မိန်းမတစ်ယောက်ဟာ
အမုန်းဆိုတာကို အသုံးပြုဖို့မလိုပါဘူး၊ အမုန်းကို လက်နက်လို အသုံး
ပြုကြရတဲ့ လူသားတချို့ရဲ့ နှလုံးသားကလည်း သူများတွေထက် ပိုပြီး
...ညံ့ထိရှ လွယ်တတ်တယ် . . . လို့ ကြားခဲ့ဖူးတယ်လေ"

...လမ်းခရီးတစ်လျှောက်လုံးမှာ သူမ . . . ရဝေ့ကို စကား
ပြောဖို့ ကြိုးစားသည်။ သူမ ဘယ်လောက်တောင် တင်းမာပြတ်သား
...င်သလဲဆိုတာ သူ သိစေရမည်။

သူမ . . . သူ့ကို ဘယ်လောက်မုန်းတီးနေတယ် ဆိုတာကို
...သည်း သူငယ်ချင်းတွေသိအောင် ပြရမည်ဟု သူမ, ဆုံးဖြတ်ထားခဲ့
...သည်။

သို့ပေမယ့် ကွင်းဆင်းလေ့လာရေးခရီးဆိုတာက သူငယ်ချင်း
...တွေအားလုံး ပူးပေါင်းပြီး ကျေးလက်ကျန်းမာရေးစစ်တမ်းကို အတူ
...တွ ကောက်ယူကြရတာဆိုတော့ ရဝေနဲ့သူမ ဘယ်လိုမှ ရှောင်လို့
...ပါ

တစ်နေရာမဟုတ် တစ်နေရာမှာ ရဝေနဲ့ သူမ ထိပ်တိုက်တွေ့
...သည်။ အဲဒီလိုထိပ်တိုက်တွေ့တဲ့အခါတိုင်း ရဝေက သူမကို
...မဖြစ်သလို ပုံမှန်စကားပြောဆိုဖို့ ကြိုးစားသော်လည်း သူမက

www.burmeseclassic.com

www.burmeseclassic.com



ရဝေ ဘာပြောပြော၊ မကြားချင်ယောင် ဆောင်နေလိုက်သည်။

သူမ့ဆီက ဘာဆိုဘာမှ တုံ့ပြန်မှုကို မရတော့လည်း သူ့မျက်နှာလေး အနည်းငယ် ပျက်ယွင်းကာ စိတ်မကောင်းသည့်ပုံစံမျိုးနဲ့ ပဲ တိတ်ဆိတ်သွားတတ်သည်။ ဘာကိုမှ သူမ့အပေါ် စိတ်ဆိုးဒေါသထွက်ခြင်းမျိုး သူ့မျက်နှာမှာ မပြ။ နောက်ထပ်လည်း စကားပြောဆိုဖို့ အတင်း လိုက်မကြိုးစား။

အဲဒီလို အေးတိအေးစက်၊ အရာရာကို အရှုံးပေးလွယ်လွန်းတဲ့ သူ့စိတ်ဓါတ်ကိုပဲ သူမ့က အားမလိုအားမရဖြစ်ကာ သူ့ကို ကိုင်ဆောင့်ပစ်ချင်တာ။

ကြည့်ပါလား ... သူ့မျက်နှာထားက အခုအချိန်ကျမှ ဘာလို့ ဒီလောက်တောင် ရိုးသားရှင်းလင်းလွန်းနေရသလဲ။ သူမနဲ့ သူ့အကြားမှာ ဘာဆိုဘာမှ မဖြစ်ပျက်ခဲ့လေသယောင် တည်ငြိမ်အေးဆေး ဟန်ဆောင်နေတတ်လိုက်တာ။

သာမန်အရိုးသားဆုံး အဖြူရောင် သူငယ်ချင်းလေးလို့ အခုမှ ငြိမ်ကုပ်ပြနေတာက ဘာသဘောလဲ။

အဲဒီ သူမရှေ့က မထုံတက်တေး ကျောက်ရုပ်လို အေးခဲနေတဲ့ ယောကျ်ားဟာ သူမကို သိပ်ချစ်မြတ်နိုးလှပါချည်ရဲ့ ... လို့ အော်ဟစ်မြည်ကြွေးခဲ့ဖူးတာ မယုံနိုင်စရာ။

ကဲ ... သူမ ဘယ်လိုယုံရမလဲ။ အဲဒါလား ... သူမ့ကို သိပ်ချစ်တဲ့ ယောကျ်ားဆိုတာ။ သူနဲ့ သူမကြားမှာ ပေါ်ပေါက်ခဲ့ဖူးတဲ့ အချစ်ဆိုတာ အဲဒီလိုပဲ ... လွယ်လွယ်နဲ့ မေ့ပစ်လို့ရရောလား။ လွယ်လွယ်နဲ့ပဲ သိမ်းဆည်းလျှို့ဝှက်လို့ ရရောလား။

အဲဒီလေ့လာရေးခရီးတစ်လျှောက်လုံး သူမ စိတ်ဆင်းရဲခြင်း



ကြီးစွာဖြင့် လိုက်ပါခဲ့ရသည်။ သူမဘက်က သူ့အပေါ် လှုပ်ရှားဒေါသထွက်နေသလောက် သူကတော့ အေးဆေးတည်ငြိမ်လွန်းနေသည်။

သူငယ်ချင်းတွေအားလုံးနဲ့ သူက ပျော်ရွှင်စွာ စ, နောက်ပြောဆိုလျက် သူမ့အပေါ် နည်းနည်းကလေးမှ မရိုးသားဟန်လည်း မပြ၊ လိုတာထက်ပို၍ ဂရုစိုက်ဟန်လည်း မပြ။

ဒါ ... သူ သက်သက်စိန်ခေါ်နေတာပဲ။ ကျွန်မဘက်က အင်းမာ ပြတ်သားနိုင်သလို သူ့ဘက်ကလည်း ပြတ်သားနိုင်ပါတယ် ... ဆိုတာ သက်သက်မဲ့ ထုတ်ပြနေတာပဲ။

တကယ်တော့ ရဝေဆိုတဲ့ယောကျ်ားဟာ သူကချစ်တယ်လို့ ပြောခဲ့ဖူးတဲ့ မိန်းမတစ်ယောက်အပေါ်တောင်မှ အနိုင်လိုချင်တဲ့ ယောကျ်ားမျိုး၊ သူ့အမှားကို ကျွန်မအမှားလုပ်ချင်နေတဲ့ အတ္တကြီးတဲ့ ယောကျ်ားမျိုး။

မိန်းမတစ်ယောက်ကို ချစ်တယ်လို့ပြောပြီး အဲဒီအဖြစ်ကို အလွယ်တကူ ဖျောက်ဖျက်ပစ်နိုင်တဲ့ သူ့ရဲ့စိတ်ဓါတ်ဟာ ဘာလဲ။ အဲဒါ ... ဘာသဘောလဲ။ နေနှင့်ဦး။ ဒင်း ... သိစေရမယ်။

ရှင်နှောင်းဆိုတဲ့ မိန်းမဟာ ... ဒင်းက ကြိုက်တဲ့အချိန် ကောက်ယူကြည့်ပြီး အလွယ်တကူ ပစ်ချထားခဲ့လို့ရတဲ့ ကျောက်ခဲ ခဲတစ်လုံး မဟုတ်ဘူးဆိုတာ ဒင်းသိစေရမယ်။

ရှင်နှောင်းဆိုတဲ့ မိန်းမတစ်ယောက်ကို လွယ်လွယ်ကူကူနဲ့ ချစ်မြတ်နိုးလို့ မရသလို အဲဒီအချစ်ကိုလည်း လွယ်လွယ်ကူကူနဲ့ ပြီးဆုံး စေချင်လို့ ဘယ်ရမလဲ ...။

www.burmeseclassic.com

www.burmeseclassic.com



သူမတို့ရဲ့ ကွင်းဆင်းလေ့လာရေးခရီးက ပြီးဆုံးခါနီးတစ်ရ
အလိုမှာ ယုဒါသည် သူ့သူငယ်ချင်းရဝေကို သူမက တစ်လမ်း
စကား မပြော၊ အဖက်မလုပ်ဘဲ နေလာတာနဲ့ ပတ်သက်၍ လာ
တွေ့သည်။

"ဟဲ့ . . . ရှင်နှောင်း၊ ခရီးကပြီးလို့ သန်ဘက်ခါပဲ ရန်ကု
ပြန်ရတော့မယ်၊ ရဝေ့ကို စကားလေး ဘာလေး ပြန်ပြောပါတော့
ခွင့်လွှတ်လိုက်ပါတော့"

"အို . . . ခွင့်လွှတ်စရာလား၊ နင့်သူငယ်ချင်း ဘာလုပ်ခဲ့တ
ဆိုတာ နင်သိလို့လား"

"သိသားပဲ၊ နင့်ကို ရည်းစားစကားပြောခဲ့တာဆို"

"အေးလေ . . . အဲဒါ ခွင့်လွှတ်ရမယ့်ကိစ္စလား ယုဒါ
သူ့မှာလည်း အိမ်က သဘောတူစေ့စပ်ထားတဲ့ မိန်းကလေးရှိတယ်
ငါ့မှာလည်း ချစ်သူရှိတယ်၊ အဲဒီလိုကြားထဲက သူငါ့ကို ဒီလိုစကာ
ပြောထွက်ခဲ့တာ၊ ဒါ . . . ငါ့ကို သူ အပျော်သက်သက် ရည်းစားထာ
ချင်တဲ့ သဘောပဲ၊ ငါ ခွင့်မလွှတ်နိုင်ဘူး"

"ခွင့်မလွှတ်နိုင်ရအောင် နင်ကလည်း . . . သူ့ကို သိပ်မုန်
တယ်လို့ . . . အဲဒီနေ့ကပဲ ပြောပစ်ခဲ့ပြီဆို . . ."

"အဲဒါ . . . နင့်ကို ဘယ်သူပြောလဲ"

"ရဝေကိုယ်တိုင် ပြောပြတာလေ၊ အဲဒါဆို နင်တို့ဇာတ်လမ်
က ပြတ်ပြီပဲဟာ၊ ရဝေက ချစ်တယ်လို့ပြောတယ်၊ နင်က မုန်းတယ်
လို့ပြောတယ်၊ ဒီတော့ ရှေ့ဆက်စရာ ဇာတ်လမ်းမှမရှိတော့တာ



လိုက်ပေါ့၊ ရှေ့လျှောက်ကို သူငယ်ချင်းတွေလိုပဲ ဆက်ပြီး စကား
ဆက်ဆံလို့ ရတာပဲ၊ နင်က ဘာဖြစ်လို့ မခေါ်နိုင်၊ မပြောနိုင်
နေရတာလဲ၊ နင်တို့ဇာတ်လမ်းက မစခင်ကတည်းက ပြီးနေပြီ"

"မပြီးဘူး၊ လုံးဝ မပြီးဘူး၊ ငါ့မျက်နှာကို စေ့စေ့ကြည့်ပြီး
တော် သိပ်ချစ်မြတ်နိုးခဲ့ရတဲ့ မိန်းမဟာ ခင်ဗျားပဲ . . . လို့
ကြီးဟစ်ကျယ် ပြောခဲ့ဖူးတဲ့ သူ့စကားကို ငါက လွယ်လွယ်နဲ့
လိုက်ရမှာလား၊ ဒီကိစ္စက စက္ကူပေါ်မှာ ခဲတံနဲ့ ရေးသလို ခဲဖျက်
ယ်လွယ်ဖျက်ပစ်လို့ရတဲ့ အမှားတစ်ခု မဟုတ်ဘူး၊ မိန်းမ
သောက်ကို ချစ်တယ်လို့ပြောလိုက်တဲ့ အဖြစ်အပျက်တစ်ခုမှာ
က်ဆက်တွဲ အကျိုးဆက်တွေ၊ အပြစ်ဒဏ်တွေ မြောက်မြားစွာ
နိုင်တယ်ဆိုတာ ယောက်ျားတွေ သိကိုသိသင့်တယ်၊ ဒီကိစ္စ
င် ပြီးလို့မရဘူး"

"မပြီးတော့ . . . နင်က သူ့ကို ဘာလုပ်စေချင်သေးလို့လဲ
ရှင်နှောင်း"

"သူ ငါ့ကို လာတောင်းပန်ရမှာပေါ့"

"ကောင်းပြီ . . . နင့်ကို လာတောင်းပန်ဖို့ ငါ သူ့ကို ပြော
မယ်၊ သူက လာတောင်းပန်ရင် နင်ကရော . . . သူ့ကို အရင်လို
ချင်းတွေ အဖြစ်နဲ့ ပြန်ခင်မင်ရင်းနှီးပေးမှာလား"

"ငါ . . . ကျေနပ်အောင် တောင်းပန်ရင်ပေါ့"

www.burmeseclassic.com

www.burmeseclassic.com

# ၁၃

သူမတို့အုပ်စု ကွင်းဆင်းလေ့လာရေးခရီးထွက်ခဲ့ရသော မြို့ကလေးမှာ ပြည်မြို့အောက်ဘက်နားမှ မြေလတ်ပိုင်းမြို့က တစ်မြို့ ဖြစ်သည်။

ခရီးထွက်လာရသော နိဝင်ဘာလ၏နောက်ဆုံးပတ်မှာ အဲ မြို့ကလေးရဲ့ အအေးချမ်းဆုံး ဆောင်းဥတု ဖြစ်နေလေသည်။ သူမ အုပ်စုရဲ့ လေ့လာစစ်တမ်းကောက်ယူမှုများ ပြီးဆုံး၍ မနက်ဖြန် ရန်ကုန်ပြန်ရမည့် ဒီနေ့လိုညမျိုးမှာ အဲဒီမြို့နယ် ပြည်သူ့ဆေးရုံကြီး ဆေးရုံအုပ်ကြီးအိမ်မှာ ထမင်းစားဖိတ်ထားတာကို သူမတို့ တစ်အုပ် လုံး သွားစားခဲ့ကြသည်။

ဆေးရုံအုပ်ကြီးအိမ်မှအပြန် ညရှစ်နာရီထိုးလုနီးပြီမို့ သူ သုံးပတ်တာမျှ နားခိုခဲ့ရာ ဒီမြို့ကလေးရဲ့ ညဘက်ရှုခင်းကို နောက် လမ်းလျှောက်ရင်း ငေးချင်ကြတာနှင့် ဆိုက်ကားငှားမစီးဘဲ ဆေးရုံ အားလုံး အတူ ပျော်ပျော်ပါးပါး လမ်းလျှောက်ပြန်လာကြသည်။

သူမတို့တည်းခိုဖို့ ဆေးရုံအုပ်ကြီးက ဆေးရုံမှ အဆော တစ်ခုကို ခေတ္တ နေခွင့်ပြုထားတာလေ။

ဆေးရုံနဲ့ ဆေးရုံအုပ်ကြီးအိမ်က ဆယ့်ငါးမိနစ်၊ မိ နှစ်ဆယ်ခန့် လမ်းလျှောက်ရသည်။ သို့ပေမယ့် ဘယ်သူမှ မညည်း ကြ။ ဆေးရုံအုပ်ကြီးအိမ်မှ ဆေးရုံအုပ်ကြီးဇနီး ချက်ကျွေးလိုက်သော



အချက်ဟင်းလျာကောင်းကောင်းတွေနဲ့ ညစာစားခဲ့ရတာမို့ တစ်ဖွဲ့လုံး ဗိုက်တွေလေးကာ အစာကြေအောင် လမ်းလျှောက်ချင်နေကြလေ၏။

ရာသီဥတုက ညရှစ်နာရီခန့်အချိန်မှာ ဆဲ၊ အကျီ၊ တွေ အဖျတ်ဖျတ်လွင့်အောင် လေအေးအေးတွေ တိုက်နေတာပဲ ရှိသည်။ ကောင်းကင်တစ်ခုလုံးကလည်း တိမ်ကင်းစင်ကာ ပြည့်လုပြည့်ခင် သရောင်ရဲ့ အလင်းကြောင့် ကတ္တရာလမ်းနက်နက်သည်ပင် ရောင်ပြန် ဟပ်၍ လင်းလက်နေသည်။

အဲဒီလမ်းပေါ်မှာ သူငယ်ချင်းတွေ တစ်စုတစ်ဝေးတည်း လမ်းလျှောက်ရင်း ယုဒါက ရွာတွေမှာ ကျန်းမာရေးစစ်တမ်း ကောက် တုန်းက တွေ့ခဲ့ရတဲ့ ဒုက္ခတွေ၊ ရယ်စရာ ကမောက်ကမတွေ ပြောပြ ဟားတိုက်ရင်း ဆူညံနေသည်။

အသံကောင်းသူ လတ်လတ်က လူသူရှင်းလင်းနေပြီ ဖြစ်သော လမ်းပေါ်မှာ ခပ်တည်တည်နှင့်ပင် "ကမ္ဘာကြီးရဲ့ ထိပ်ဆုံးမှာ" ဆိုတဲ့ အင်္ဂလိပ်သီချင်းဟောင်းတစ်ပုဒ်ကို ဆိုညည်းလာသည်။

ခံစားချက်တစ်ခု ... ဝင်ရောက်လာခဲ့တယ် ...
ကိုယ်ကြုံဖူးသမျှထဲကလာ၊ တကယ်ကို ထူးခြားမှုပဲ ...
ဗိုက်တွေမှာရှိတဲ့ ဒိုးကောင်းကောင် ...
ကျောက်စိမ်းမျှ နေတစ်စင်းလို
ဒါဟာ ... ကိုးတစ်ကျော်မြစ်လည်း ကို ... ဗဟိုဒဲ့ပြာပါ ...

လတ်လတ်ရဲ့သီချင်းကို နောက်က ဟာမိုနီလိုက်ပေးသူက လိုက်ပေး၊ လက်ခုပ်တီးသူကတီးနဲ့ ပျော်ရွှင်စွာ ဆူဆူညံညံ လျှောက် လာကြသော်လည်း တိတ်ဆိတ်နေသူနှစ်ယောက် ရှိသေးသည်။

သူနဲ့ ကျွန်မ။

www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းတွေကပဲ တမင်တကာ ထားခဲ့ကြသလား၊ သူတို့ဟာ သူတို့ပဲ စကားပြောဆိုအုပ်စုဖွဲ့ လျှောက်သွားရင်း သူမနဲ့ ရဝေကို မေ့ကျန်ခဲ့သလား။ သူငယ်ချင်းတွေအားလုံး ကတ္တရာလမ်းမပေါ်မှာ ရှေ့ကို စောကြိုလျှောက်သွားနှင့်ကြပြီး သူမနဲ့ရဝေပဲ ခြေလှမ်းဆယ်လှမ်းခန့် နောက်ကျကျန်ရစ်ခဲ့ရသည်။

လတ်လတ်ရဲ့သီချင်းသံကို သူမ အတွေးနဲ့သူမ ခေါင်းငုံ့နားထောင်ရင်း ခပ်နှေးနှေး လမ်းလျှောက်လာမိတာ . . . ဘေးနားကို ရဝေရောက်လာမှပဲ ပတ်ဝန်းကျင်ကို သတိထားတော့သည်။

သူမဘေးမှာ ရဝေကလွဲပြီး ဘယ်သူမှမရှိ။

သူမရဲ့ ရှေ့ဘက်မှာမှ . . . လက်ခုပ်တီး ယှမ်းခေါ်ပြီး ကြားနိုင်ကြမည့် သူမသူငယ်ချင်းအုပ်စု။

ရဝေနဲ့ သူမကို ဒီခရီးရဲ့နောက်ဆုံးနေ့မို့ စကားပြောဖြစ်အောင် တမင်နောက်ချန်ထားခဲ့မှန်း သူမ ရိပ်မိလိုက်ပြီး ရှက်လည်းရှက်၊ စိတ်လည်း တိုသွားမိသေးသည်။

ဘေးနားမှာ အတူတွဲမလျှောက်ရုံတမယ် နီးကပ်လာသော ရဝေ့ဆီက ( Denim after shave ) ရေမွှေးရနံ့ကြောင့် သူမ ပို စိတ်လှုပ်ရှားကာ သူငယ်ချင်းတွေဆီ ပြေးထွက်မယ်လုပ်တော့ . . .။

"နှောင်း . . . ခဏ နေပါဦး၊ ကျွန်တော်နဲ့ အတူတူ လမ်းမလျှောက်ချင်ဘူးလား"

"မလျှောက်ချင်ပါဘူး"

စကားမပြောတော့ဘူးဟု ဆုံးဖြတ်ထားပြီးမှ လွှတ်ခနဲ ပြန်ဖြေမိလိုက်၍ သူမနှုတ်ခမ်းတွေကိုပဲ သူမ ကိုက်ဆဲချင်သွားပါသည်။ ရဝေက သူမ့အဖြေကြောင့် မျက်နှာမပျက်ဘဲ ခပ်ဟဟ ရယ်မောနေ



[illegible]သေးသည်။

"ကျွန်တော့်ကို ခွင့်လွှတ်ပါ . . . နှောင်းရယ်၊ နှောင်းဘေးနား[illegible] ရပ်ပြီး အခုလို အတူတူတွဲလျှောက်ခွင့် ဒီတစ်ညလေးပဲ ပေးပါ၊ [illegible]ဖြစ်ဆိုရင် ကျွန်တော် . . . နှောင်းနဲ့ အနီးဆုံးမှာ ခုလိုနေခွင့်[illegible] မဟုတ်တော့ဘူးလေ"

"အဲဒီလိုနေခွင့်မရှိအောင် ဘယ်သူက တားထားလို့လဲ"

"နှောင်းရယ် . . . နှောင်းနဲ့ ကျွန်တော့်အကြားမှာ တားမြစ်[illegible]တဲ့အရာတွေက အများကြီးပါ . . . နှောင်း သိပါတယ်၊ [illegible]တော် တို့ရဲ့ မိဘမျိုးရိုးဆိုတာတွေကို ဘေးဖယ်ထားလိုက်ဦး၊ [illegible]ဝန်းကျင် ဆိုတာကို ခဏမေ့ထားလိုက်ဦး၊ နှောင်းမှာလည်း [illegible]ထပ်ဖို့ ရည်ရွယ်ထားတဲ့ ကိုမွန်မြတ် ရှိတယ်၊ ကျွန်တော့်မှာလည်း [illegible]တွေ စေ့စပ်ထားတဲ့ ဥဒြရှိတယ်၊ အဲဒီအရာတွေက နှောင်းဆီကို [illegible]တော် လှမ်းလာချင်တဲ့ ခြေလှမ်းတိုင်းမှာ တံတိုင်းတွေလို [illegible]သားတယ်၊ နှောင်းနဲ့အနီးဆုံးကို ကျွန်တော် လှမ်းလာချင်ပေမယ့် [illegible]လို့မရဘူး . . . နှောင်း"

"ဒီမှာ . . . ရဝေ . . . ရှင် . . . ကျွန်မနဲ့ အနီးဆုံးထိ လှမ်း[illegible]ဖို့ကိုလည်း ကျွန်မ မခိုင်းခဲ့ပါဘူး၊ ကျွန်မနဲ့ အဝေးဆုံးကို ထွက်[illegible]လည်း ရှင့်ကို ကျွန်မ မစေခိုင်းခဲ့ဘူး၊ အဲဒီခြေလှမ်းတွေကို [illegible]သဘောနဲ့ ရှင်ဆုံးဖြတ်ပြီး လှမ်းနေတာ၊ နောက်ဆုတ်နေတာ၊ [illegible]ရာဟာ ရှင့်ဆုံးဖြတ်ချက်အတိုင်း ရှင်လုပ်နေတာချည်းပဲ၊ ဒါ[illegible]ကြောင့် ရှင့်လုပ်ရပ်တွေနဲ့ ပတ်သက်ပြီး မဆိုင်တဲ့ တခြားလူတွေ[illegible]ကြောင်းကို ထည့်ထည့်ပြောနေတာ ရှင် . . ရပ်တန့်လိုက်[illegible]တော့"

သူ ရုတ်တရက် တိတ်ဆိတ် ဆွံ့အသွား၍ သူမ ကျေနပ်

www.burmeseclassic.com

www.burmeseclassic.com



သွားပါသည်။ တကယ်ဆို အဲဒီထက်ကို သူမ, ပိုပြောသင့်သေးတာ မဟုတ လား။

ရဝေက သူမကို ဖျတ်ခနဲ လှည့်ကြည့်ကာ . . .။

"ဒါဆို . . . နှောင်းရဲ့ဆုံးဖြတ်ချက်ကရော . . . ဘာလဲ နှောင်းက . . . ကျွန်တော့်ကို ဘာဖြစ်စေချင်နေတာလဲ"

ထောင်းခနဲ သူမ, ဒေါသထွက်သွားသည်။ သူမ . . . ဘာဖြစ်စေချင်နေတယ်ဆိုတာ သူ မသိတူးလား။ သိလျက်သားနဲ့ မသိချင်ယောင်ဆောင်နေတဲ့ အဲဒီလိုယောက်ျားမျိုးကို သူမ ခါးခါးသီးသီး မုန်းတီးပစ်လိုက်ဖို့ ကောင်းတာ။

သူမလိုချင်တာ သူ့ဆီက "သေချာမှု" တစ်ခုပါ။ အခုတော့ ကိုယ့်ဆုံးဖြတ်ချက်ကိုတောင် ပိုင်ပိုင်မချမှတ်နိုင်သေးတဲ့ ယောက်ျား တစ်ယောက်က သူမ,ဆီက ဆုံးဖြတ်ချက်တစ်ခုကို ပေးဖို့ တောင်းဆို ရဲသေးသည်။

သူမက ဘယ်လိုဆုံးဖြတ်ပေးရမှာလဲ။

ဘာတွေနဲ့ "သေချာမှု" ကို ထုတ်ပေးရမှာလဲ။

"ဒီမှာ . . . ရှင် . . . ကျွန်မ, မေးတာကို မှန်မှန်ဖြေစမ်းပါ . . . ရဝေ၊ ရှင်က . . . ရှင့်ကိုယ်ရှင်တောင် ကျွန်မ,ကို တကယ် ချစ်သလား၊ မချစ်ဘူးလားဆိုတာ သေချာတဲ့ယောက်ျား မဟုတ်ပါဘူး ရှင့်နှလုံးသားကို ရှင် ပြန်မေးကြည့်စမ်းပါ၊ ကျွန်မကို ချစ်တယ်ဆိုတာ . . . အဲဟိုမှာ . . . လှမ်းမြင်နေရတဲ့ မိုးပေါ်က လမင်းကြီးကို ကလေး တစ်ယောက်က မရနိုင်မှန်းသိလျက်နဲ့ တမ်းတနေသလိုမျိုး စိတ်ကူး ယဉ်နေတဲ့ အချစ်မျိုးနဲ့ ရှင်ချစ်နေတာပါ၊ ရှင့်ရဲ့အိပ်မက်ထဲကနေ ရှင် ချစ်နေတာ၊ တကယ်တော့ အချစ်ဆိုတာ ရှင် လိုချင်နေတဲ့ လမင်းကြီး



ရှင့်ဆီ ခုန်ဆင်းလာဖို့ မြေပြင်ပေါ်ကနေ ငိုကြွေးပြီး ဆုတောင်းနေ မရဘူး ရဝေ၊ ရှင်ကိုယ်တိုင်က လပေါ်ကို လှမ်းတက်နိုင်ဖို့ ကြိုးစားတတ်ရတယ်"

သူ ငြိမ်သက်စွာ သူမရဲ့စကားများအောက်တွင် နစ်ဝင် ဆုံးနေပါသည်။

"ကျွန်မ ... သိရသလောက်တော့ ရှင် အဲဒီလိုလှမ်းတက်ဖို့ ယ်တုန်းကမှ မကြိုးစားခဲ့ဘူး ရဝေ၊ ရှင်ဟာ . . အခုထက်ထိ မြေပြင် မှာ ရပ်နေဆဲပဲ၊ အဲဒါ . . . ရှင် ကျွန်မကို တကယ်မချစ်လို့ပေါ့"

"ကျွန်တော် . . . နှောင်းကို တကယ်ချစ်ခဲ့တယ်"

သူ့အသံက အကြောင်းမဲ့ အဖျားလေးခတ်၍ တုန်ယင်နေ ည်၊ သူ့ရဲ့မျက်လုံးတွေလည်း လှုပ်ခါတုန်ရီလို့နေပြန်သည်။

"ကျွန်တော်နဲ့ နှောင်း . . . ဘယ်အချိန်ကစ,ပြီး ဆုံတွေ့ ယ်ဆိုတာ နှောင်း . . . မှတ်မိရဲ့လား"

သူမ အနည်းငယ် မဲ့ပြုံးလေးပြုံးလိုက်မိပါသည်။

"အဲဒါ . . . မထူးဆန်းတဲ့ အဖြစ်ပါ၊ ရှင်နဲ့ ကျွန်မ ဆယ်တန်း င်ပြီး ဆေးတက္ကသိုလ်ပထမနှစ်ရောက်မှ စတင်မြင်ဖူးကြတာ ယုဒါက ကျွန်မတို့အဖွဲ့ဆီခေါ်လာပြီး မိတ်ဆက်ပေးတော့ ကျွန်မ ရှင်နဲ့ စ,တွေ့ခဲ့တာပေါ့"

"ကျွန်တော်က . . . နှောင်းကို အဲဒီထက်စောပြီး စ,တွေ့ဖူး ယ်"

သူမ, ဖျတ်ခနဲ တုန်လှုပ်သွားပါသည်။ ရဝေ့မျက်လုံးတွေကို ကြည့်မိလိုက်တော့ သူ့မျက်ဝန်းတွေက အဆမတန် ရီဝေမှိုင်းမှုန် သည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့စကားရဲ့ အဓိပ္ပာယ်က လေးမင်နက်ရှိုင်းလွန်းပါသည်။ သူမ . . . ထစ်ထစ်ငေါ့ငေါ့နဲ့ မေးဖို့ကြိုးစားလိုက်မိသေးသည်။

"ရဝေ . . . ရှင်ဆိုလိုတာ . . . ရှင်က ကျွန်မကို . . ."

"နှောင်းက အဲဒီအဖြစ်အပျက်ကို ဘယ်တော့မှ မှတ်မိနိုင် မဟုတ်ဘူး၊ ဒါပေမဲ့ ကျွန်တော့်ဘဝမှာ ရှင်နှောင်းဆိုတဲ့ နာမည် တစ်ခု စ, တင်ဝင်ရောက်လာခဲ့တဲ့ အဖြစ်အပျက်ဟာ တော်တော် ဖေါ်ခဲ့တယ်၊ အံ့သြစရာလည်း ကောင်းတယ်၊ ကျွန်တော်ဟာ နှော တို့ . . . ဟိုးငယ်ငယ်ကနေခဲ့တဲ့ကျောင်းမှာ သုံးတန်းအ နေဖူးတယ်၊ နှောင်းနဲ့ တစ်ခန်းတည်းပဲ၊ အဲဒါ နှောင်းမှတ်မိလား"

"အို . . ."

သူမ အံ့အားသင့်တွေဝေသွားစဉ်မှာ သူက စကားကို ဆ ပြောသည်။

"နှောင်း မှတ်မိမှာ မဟုတ်ပါဘူး၊ ကျွန်တော်ကိုယ်တိုင်လ နှောင်းကို လေးတန်းစ,တက်တဲ့နေ့မှာမှ သတိထားမိခဲ့တာ၊ ဖြစ်လို့လဲဆို တော့ အဲဒီနေ့က ကျောင်းကို ဖေဖေရော၊ မေမေ ကျွန်တော့်ကို လိုက်ပို့ခဲ့တယ်လေ၊ အဲဒီနေ့မှာပဲ . . . နှောင်းကို နှော ရဲ့မေမေက ကျောင်းအပ်ရင်းလာပို့ခဲ့တာ ကျွန်တော့်ဖေဖေနဲ့ မေ က မြင်သွားခဲ့တယ်"

သူမ သိလိုက်ပါပြီ။ အဖြစ်အပျက်တွေက ဘယ်လိုပုံ စတင်ခဲ့ကြတယ်ဆိုတာ သူမ . . . ရိပ်မိလိုက်ပြီ။

တကယ်တော့ အဲဒီအချိန်တုန်းက သုံးလေးတန်းအရွ ကလေးလေးတွေရဲ့ နှလုံးသားဟာ နုနယ်လွန်းပါသည်။ အမ ဆိုတဲ့အရာ ဝင်ရောက်နိုင်ဖို့ သိပ်ကို ငယ်ရွယ်သိမ်မွေ့လွန်းသေးသ



သို့ပေမယ့် သူမနဲ့ရဝေအကြားမှာ ကြီးမားလေးလံသော အမုန်းတွေနဲ့ စတင်ဝင်ရောက်လာခဲ့ပါပြီ။ သူမ,တို့ရဲ့ နှလုံးသား ထဲသို့ အဆိပ်နဲ့တူသော အမုန်းတွေ အတင်းထည့်ပေးခဲ့ခြင်း ခံခဲ့ရတာပါ။

ရဝေ . . .။ အို . . . ကျွန်မ . . . သူ့ကို ခွင့်လွှတ်ချင်နေပြီ။

"နှောင်းနဲ့ နှောင်းရဲ့မေမေ့ကို ရုတ်တရက် ပက်ပင်းတွေ့ ကြိုက်ရတာနဲ့ ဖေဖေရော၊ မေ့မေပါ မျက်နှာတော်တော်ပျက်သွားတာ ကျွန်တော် မှတ်မိနေတယ်၊ အဲဒီနေ့က ကျွန်တော့်ကို ကျောင်းက လာတော့ ကားပေါ်မှာ မေမေကမေးတယ်၊ အဲဒီကောင်မလေးနဲ့ င်းနဲ့ တစ်တန်းတည်းလား . . . သားတဲ့၊ ကျွန်တော်က ဟုတ်တယ် . . . လို့ဖြေလိုက်တော့ ဖေဖေက တစ်ခွန်းတည်းပဲ အမိန့်ပေးလိုက် ယ် မင်းသားကို အခုချက်ချင်း ကျောင်းထုတ်ပြီး တခြားကျောင်းမှာ ပြောင်းထားလိုက်တော့ . . . တဲ့"

"သူတို့က အဲဒီလောက်တောင် ကျွန်မတို့မိသားစုကို မုန်းတီး တယ်တဲ့လား . . ."

"ကျွန်တော်လည်း အဲဒီတုန်းက နားမလည်ခဲ့လို့ အရမ်း ည်းခဲ့ရတယ်၊ သူငယ်တန်းကနေ သုံးတန်းအထိ ပေါင်းလာတဲ့ ယ်ချင်းတွေကိုခွဲပြီး တခြားကျောင်းမှာ ပြောင်းတက်ရတော့ တော် စိတ်လည်း ညစ်တယ်၊ အံ့လည်း အံ့သြခဲ့ရတယ်၊ ဘာ . . . အဲဒီရှင်နှောင်းဆိုတဲ့ ကောင်မလေးနဲ့ ငါ . . . တစ်တန်း အတူဖြစ်နေတာနဲ့ ဖေဖေက ဘာလို့ ခွဲပစ်ချင်တာလဲ . . . အတွေးဟာ ကျွန်တော်နှလုံးသားထဲမှာ နစ်ဝင်စွဲမြဲသွားတယ် ခေါင်း၊ ကျွန်တော် တဖြည်းဖြည်းကြီးပြင်းလာတဲ့အထိ အဲဒီ

www.burmeseclassic.com

www.burmeseclassic.com



အဖြစ်ကို အမြဲသတိရနေတယ်၊ ရှင်နှောင်းဆိုတဲ့ နာမည်ဟာ အလွတ်
မကျက်ရဘဲ ကျွန်တော်နှလုံးသားမှာ အမြဲ မှတ်မိနေတော့တာ"

"ရဝေ . . . အဲဒီအချိန်တုန်းက ကျွန်မရဲ့ဘိုးဘိုးကို ရဝေ
ဖေဖေက ခွဲစိတ်ကုသပြီး သေဆုံးသွားခဲ့လို့ ကျွန်မတို့ဖေဖေက အရင်
နာကြည်းပြီး တိုင်စာတွေပို့၊ အမှုတွေဖွင့် လုပ်မယ်လို့ ဖြစ်နေတဲ့ အချိ
လေ"

"အဲဒါတွေ . . . ကျွန်တော် နောက်မှ တဖြည်းဖြည်း သိခဲ့
တယ် နှောင်း၊ မေမေက တစ်စွန်းတစ်စ ပြောခဲ့တာရော၊ နောက်တော့
ကျွန်တော့်မမဆီက သိခဲ့တာတွေရောပေါ့၊ အဖြစ်အပျက်က နှောင်း
သိတာတွေထက် ပိုဆိုးတယ် နှောင်း၊ အဲဒီဆုံးသွားတဲ့ နှောင်းရဲ့ဘိုးဘိုး
ဦးဘရှင်ဟာ တရားသူကြီးတစ်ယောက် ဖြစ်ခဲ့တယ်ဆိုတာ နှောင်း
မှတ်မိလား"

"နှောင်းသိတယ်လေ . . . အဲဒါ . . ."

"နှောင်းရဲ့ဘိုးဘိုးဟာ . . . တစ်ချိန်တုန်းက ကျွန်တော်
ဖေဖေရဲ့ အဖေ၊ ဘိုးဘိုးဦးအောင်ဝေကို တရားမဝင် သစ်ရောင်းဝယ်
ကိစ္စတွေ နဲ့ ထောင်ဒဏ် ဆယ်နှစ်ချမှတ်ခဲ့တဲ့ တရားသူကြီးဆိုတာ
နှောင်း သိလား"

"အို . . ."

"ဟုတ်တယ် . . . ဘိုးဘိုးတို့လက်ထက်ကတည်း
ပေါက်ခဲ့တဲ့ အမုန်းတွေကို ကျွန်တော်တို့လက်ထက်အထိ သယ်ဆော
လာခိုင်းခဲ့တာပဲ နှောင်း၊ ကျွန်တော့်ဘိုးဘိုးဟာ အဲဒီတုန်းက သိပ်
အောင်မြင်ထင်ရှားနေတဲ့ စီးပွားရေးလုပ်ငန်းရှင် ကုန်သည်ကြီး
တစ်ယောက်ပါ၊ အဲဒီထောင်ဒဏ်ကြောင့် သူ့ရဲ့ဂုဏ်သိက္ခာနဲ့ အရှက်



ကွဲ့ . . . ဟက်နဲ့လဲသွားခဲ့တယ်လို့ ဖေဖေက နောက်တော့ပြောပြခဲ့ဖူးတယ်"

"ဘုရား . . . ဘုရား . . . ရဝေ . . . အဲဒီအဖြစ်တွေဟာ
. . . တကယ်ပဲလား"

"တကယ်ပဲ နှောင်း၊ ဒါပေမဲ့ ကျွန်တော်ပြောရဲတာ ဖေဖေ
. . . မယ့် လူနာတွေထဲမှာ နှောင်းရဲ့ဘိုးဘိုး ဦးဘရှင် ပါဝင်လာတာ
. . . မတော်တဆမှုတစ်ခု ဖြစ်သလို ဖေဖေ့အတွက် ကံဆိုးမှုတစ်ခု
. . . တယ်၊ ဖေဖေဟာ ကိုယ့်ရဲ့လူနာကို . . . ခွဲစိတ်ခန်းခုတင်ပေါ်မှာ
. . . စ်ရလောက်အောင် ကောက်ကျစ်ယုတ်မာတဲ့သူ မဟုတ်ဘူး
. . . အဲဒါ . . . တကယ့်ကို မတော်မဆသေဆုံးမှု တစ်ခု"

သူမ . . . တဆတ်ဆတ်တုန်ခါနေသော ရဝေ့လက်မောင်း
. . . တ်ကို ဆုပ်ကိုင်ရင်း အားပေးမိလိုက်သည်။

"ကျွန်မ သိပါပြီ . . . ဝေရယ်၊ ကျွန်မ . . . အဲဒါတော့ နား
. . . ပေးနိုင်ပါပြီ"

"ဒါပေမဲ့ ဖေဖေဟာလည်း ဘိုးဘိုးလိုပဲ သူ့ရဲ့ဂုဏ်သိက္ခာနဲ့
. . . ကို သိပ်တန်ဖိုးထားတဲ့လူပါ . . . နှောင်း၊ သူဟာ သူ့ရဲ့
. . . က်မွေးဝမ်းကျောင်းဖြစ်တဲ့ ဒီဆရာဝန်အလုပ်ကို သိပ်ကို နာကြည်း
. . . အရှက်ရသွားတယ်၊ သူ . . . ဒီပတ်ဝန်းကျင်ကနေ နာမည်
. . . ထွက်ပြေးခဲ့ရတယ်၊ ဖေဖေဟာ ကျွန်တော် အဲဒီကျောင်းပြောင်း
. . . တဲ့ လေးတန်းနှစ်မှာပဲ မလေးရှားကို အပြီးထွက်သွားခဲ့တာ၊
. . . ်ထိ ပြန်မလာပါဘူး . . . နှောင်း"

ယခုအချိန်မှစ၍ ရဝေ့အား "ဝေ" ဟူသော နာမ်စား
. . . သုံးစွဲမိခြင်းအတွက် သူမကိုယ်သူမ အပြစ်မတင်ပါ။

"ဝေ . . . ဝေ့ရဲ့ဖေဖေကို ဝေ ထပ်မတွေ့ရတော့ဘူးပေါ့နော်"

www.burmeseclassic.com

www.burmeseclassic.com



"ဆယ်တန်းဖြေပြီးတော့ မလေးရှားကို ကျွန်တော် သွား လောက် အလည်သွားတယ်၊ ဖေဖေ့ကို အဲဒီအချိန်ကျမှ ကျွန် ပြန်တွေ့ခဲ့ရတယ်၊ ကျွန်တော့်ဘဝမှာ အဲဒီသုံးလတာဟာ အပျော် အချိန်ပါပဲ နှောင်း၊ ဒါပေမဲ့ . . . ဒါပေမဲ့ . . ."

သူမ အံ့သြစရာကောင်းသော အရာတချို့ကို စ,တင် ရှေ ရလေသည်။ ရဝေ့မျက်ဝန်းမှာ မျက်ရည်စ,တွေ . . .။

"ဖေဖေက ကျွန်တော့်ကို လေဆိပ်မှာ လာဆင်းကြို ကျွန်တော့်ကို တွေ့တွေ့ချင်း တအားဖက်ပြီး ငိုခဲ့တယ် . . . နှော သူ . . . မျက်ရည်ကျခဲ့တယ်၊ ပြီးတော့ ကျွန်တော့်ကို ပြော ဖေဖေ့ကို ခွင့်လွှတ်ပါ . . . တဲ့၊ သားကိုထားပြီး အဝေးကြီးကို . . . ဖေဖေ . . . ထွက်လာခဲ့ရတဲ့အတွက် ဖေဖေ့ကို ခွင့်လွှတ် လေ၊ ဖေဖေ့ရဲ့မျက်ရည်နဲ့ အဲဒီစကားလုံးတွေအတွက် ကျွန် ဘယ်သူ့ကို နာကြည်းရမလဲဟင်၊ လောကကြီးကိုလား . . ."

အေးစိမ့်စွာ တိုက်ခတ်လာသော လေထုရဲ့အောက် ရဝေ နဲ့သူမ . . . တစ်ယောက်ကိုတစ်ယောက် တင်းကျ ွေ လက်ချင်း ဆုပ်ကိုင်လျက် တွဲလျှောက်လာမိကြတာ . . . ဘယ် များ ထိခိုက်နေပါသလဲ။

ဘယ်သူတွေကရော တားမြစ်ချင်ကြပါသလဲ။

ကျွန်မ . . . သူ့နှလုံးသားကို အစ,မှအဆုံး နားလည် နေမိပါပြီ။

ဘုရားသခင် . . .။ ဖခင်တစ်ယောက်ရှိနေလျက်နဲ့ ဖခင်နဲ့ နှစ်ပေါင်းများစွာ ခွဲခွာနေခဲ့ရမယ့် ကလေးတစ်ယောက်ရဲ့ သားဟာ ဘယ်လောက် အကျည်းတန် ရုပ်ဆိုးလိုက်ပါသလဲ၊



လောကကြီးရဲ့ အမုန်းတွေက ဘာဖြစ်လို့များ . . . ကလေး တစ်ယောက်နဲ့ သူ့ဖခင်တို့ကို ရှင်ကွဲ, ကွဲစေချင်ရပါသလဲ။

"ဝေ . . . ရှင် . . . ကျွန်မ,တို့မိသားစုကို အရမ်းမုန်းခဲ့ သလား . . . ဟင်၊ ပြီးတော့ . . . ကျွန်မ . . . ကျွန်မကိုလည်း . . ."

"ကျွန်တော် ဒိုင်ယာရီကို ခြောက်တန်းလောက်ကတည်းက ရေးခဲ့တယ်၊ အဲဒီဒိုင်ယာရီရဲ့ ပထမဆုံးစာမျက်နှာမှာ လက်ရေး ကြီးကြီးနဲ့ ရေးထားတဲ့ နာမည်တစ်ခု ရှိတယ်၊ အဲဒါ . . . ရှင် . . . နှောင်း . . . တဲ့"

"အို . . ."

"ဟုတ်တယ် . . . ကျွန်တော် ကိုးတန်းနှအောင် ဆယ်တန်းနှစ် လောက်မှာ ကျွန်တော်နေခဲ့ဖူးတဲ့ နှောင်းတို့ရဲ့ အထက်တန်းကျောင်း က ကျောင်းသား တွေဆီမှာ နှောင်းအကြောင်းကို စ,တင်စုံစမ်းခဲ့တယ်၊ နှောင်း . . . အဲဒီကျောင်းမှာ တက်နေတုန်းပဲ၊ ဘယ်ကျူရှင်တွေ က်နေတယ်၊ ဘယ်မှာ နေတယ်၊ ဘယ်လိုပုံစံမျိုး ရှိတယ် ဆိုတာက အစ . . . ကျွန်တော် သိလာတယ်"

"နှောင်းကို . . . ဘာဖြစ်လို့ ဒီလောက်တောင် စိတ်ဝင်စား တာလဲ . . . ဝေရယ်"

"ကျွန်တော် မြင်ဖူးချင်တယ်လေ၊ ကျွန်တော့်ဖေဖေ သိပ်ကို န်းတီးခဲ့တဲ့ မိသားစုတစ်ခုရဲ့ နောက်ဆုံးမျိုးဆက်ဖြစ်တဲ့ နှောင်းဟာ န်းကလေးတစ်ယောက်ဖြစ်တဲ့အပြင် ကျွန်တော်နဲ့လည်း တစ်တ ည်း ဖြစ်နေတော့တာကိုး၊ လောကမှာ ငါ . . . မုန်းတီးနာကြည်း ယ့် ရန်သူ့အသိုင်းအဝိုင်းက ကောင်မလေးတစ်ယောက်ဆိုပြီး င်ဖူးအောင် လာကြည့်ချင်ခဲ့တယ်၊ အဲဒါကြောင့် ကျွန်တော် တစ်ရက်

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းကလစ်ပြီး နှောင်းတို့ ကျောင်းအဆင်းမှာ နှောင်းကို လ
ချောင်းကြည့်ခဲ့ဖူးတယ်"

"ဟယ် . . . တကယ် . . ."

"ဟုတ်တယ် အဲဒီကတည်းက နှောင်းတို့ကျောင်းက ယု
တို့၊ ဝေယံတို့နဲ့ ကျူရှင်အတူတက်ခဲ့ဖူးလို့ ရင်းနှီးနေတယ်၊ ယုဒါ
ကျောင်းဆင်းတော့ ကျွန်တော့်ကိုပြတယ်၊ အဲ့ဒါလေ . . . မင်း လို
စုံစမ်းနေတဲ့ ရှင်နှောင်းဆိုတာ၊ စာလည်းတော်သလို မာနလည်း အရမ်း
ကြီးတယ်တဲ့၊ စိန်ဩဂုတ်စတင်းမှာတော့ စတားပဲတဲ့၊ အနားကပ်
ဖို့တော့ မကြိုးစားနဲ့ . . တဲ့၊ ကျွန်တော့်ကို ယုဒါက လှောင်သွားတယ်"

"အဲဒီအချိန်မှာ ကျွန်မကို ရှင် အရမ်းမုန်းသွားမှာပေါ့ ဝေ"

"ဟင့်အင်း . . . ကျွန်တော် . . . အရမ်း ချစ်သွားခဲ့တယ်"

"အို . . ."

သူမရဲ့လက်ချောင်းလေးတွေ ဆတ်ခနဲ တုန်ယင်စွာ သူ့
လက်ဖဝါးထဲကလွတ်ဖို့ ရုန်းကန်မိလိုက်သည်။ သူက တင်းကျပ်စွာ
ပြန်ဆွဲဆုပ်ထားသည်။

"ဝေ . . . လွှတ်ပါ"

"မငြင်းပါနဲ့တော့ နှောင်းရယ်၊ ကျွန်တော် နှောင်းကို ဘယ်
အချိန်ကတည်းက စ,တင်ချစ်မြတ်နိုးခဲ့တယ်ဆိုတာ . . . နှောင်း သိပြီ
မဟုတ်လား . . .၊ အဲ့ဩစရာ အရမ်းကောင်းတယ်၊ ကိုယ်မုန်းတီး
နာကြည်းသင့်တဲ့ ရန်သူတစ်ယောက်ကို ချစ်ခဲ့မိတယ် . . . လို့ ကိုယ့်
နှလုံးသားကိုယ် တောက်လျှောက် ကျွန်တော်အပြစ်တွေ တင်နေခဲ့
မိတယ်၊ နှောင်းကို ပထမဆုံးအကြိမ် တွေ့ပြီးကတည်းက နောက်ထပ်
ကျွန်တော် ဘယ်လောက်အကြိမ်ပေါင်းများစွာ နှောင်းကို နှောင်



ချောင်းခဲ့လိုက်ကြည့်ဖူးတယ်ဆိုတာ နှောင်း . . မသိဘူး မဟုတ်လား"

"မသိဘူး၊ မသိဘူး၊ သိလည်း မသိချင်ဘူး၊ မပြောပါနဲ့တော့
. . ဝေ"

သို့သော် သူမ . . . ဘယ်အရာကိုမှ တားမြစ်၍မရတော့ပါ။

"နှောင်းတက်တဲ့ ကျူရှင်တွေကိုလည်း ခဏခဏ လာစောင့်
ကြည့်ဖူးတယ်၊ နှောင်းရဲ့ အိမ်ဘေးနားမှာလည်း တစ်နေကုန် လာ
ထိုင်စောင့်ပြီး ငေးဖူးတယ်၊ ဒါပေမဲ့ ကျွန်တော့်စိတ်ထဲမှာ နှောင်း ပြော
သလိုပဲ၊ အဲဒီမိန်းမဟာ ငါနဲ့အဝေးဆုံးမှာ၊ ငါ လက်လှမ်းမမီနိုင်တဲ့
ကောင်းကင်က လ,တစ်စင်းလိုပဲ၊ သူနဲ့ငါ့အကြားမှာ တားဆီး ပိတ်ပင်
ထားတဲ့အရာတွေ အများကြီး၊ သူ့ကို ငါချစ်တယ်ဆိုတာ ငါ ဘယ်တော့မှ
ဖွင့်မပြောဘူးလို့ ကျွန်တော် သစ္စာဆိုခဲ့ဖူးတယ် . . . နှောင်း"

သူမ ငြိမ်သက်စွာ ရပ်တန့်နေရသော်လည်း သူမရင်တွေ
ဘယ်လောက်တောင် လှုပ်ရှားခုန်ပေါက်နေတယ်ဆိုတာ သူမ, သာ
သိလေသည်။

"ဆေးကျောင်းကို အတူတက်လာရတော့ ပထမနှစ်ကတည်း
က နှောင်းမှာ ချစ်သူရှိပြီးသားလို့ သိလိုက်ရတဲ့အချိန်မှာ ကျွန်တော့်
စိတ်ဖြတ်ချက်တွေ ပိုခိုင်မာသွားခဲ့တယ်၊ ငါချစ်တယ်ဆိုတာ ဘယ်တော့
မှ သူ မသိစေရဘူးလို့ ကျွန်တော် ဆုံးဖြတ်ဟန်ဆောင်ခဲ့ပေမယ့် . . .
ကျွန်တော် ဟန်ဆောင်မကောင်းဘူး ထင်တယ်နော်၊ နှောင်းက . . .
အားလုံးလိမ္မာစွာ သိနှင့်နေခဲ့တယ်"

"အို . . . မသိပါဘူး၊ နှောင်း . . . ဘာမှ မသိခဲ့ဘူး"

"ဒါပေမဲ့ . . . အခု နှောင်းသိနေပြီလေ၊ နှောင်း သိသွားခဲ့ပြီ၊
ကျွန်တော် ဘာဆက်လုပ်ရမှာလဲ . . . နှောင်း၊ နှောင်းသိက အချစ်ကို

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် မရ၊ ရအောင် ဆက်ပြီးတောင်းခံရမှာလား၊ ဒါမှမဟုတ်
. . . နှောင်းပြောသလို ခပ်ညံ့ညံ့ယောကျာ်းတစ်ယောက်အဖြစ်
ကျွန်တော် မချစ်တဲ့ မိန်းမတစ်ယောက်ကို ကျွန်တော် လက်ထပ်လို
ရမှာလား . . .၊ ကျွန်တော့်ဘဝကို ဘယ်သူတွေက ဆုံးဖြတ်ပေး
တာလဲ၊ ကျွန်တော်ဖြစ်ချင်တာ . . . ကျွန်တော်လုပ်ချင်တာကို
လုပ်ခွင့်ရှိရဲ့လား၊ ကျွန်တော့်ကိုယ်ကျွန်တော်ရော ပိုင်ရဲ့လား . . .
နှောင်းရယ်"

"ရှင်က . . . ဘာဖြစ်ချင်လို့လဲ . . . ဝေ"

"ကျွန်တော် မသိဘူး၊ ကျွန်တော်သိတာ နှောင်းကိုချစ်တာ
တစ်ခုပဲ သိတယ်"

သူမ ရယ်မောလိုက်ပါသည်။ နာနာကျင်ကျင်နဲ့ပါ။

"မိန်းမတစ်ယောက်ကို အချစ်ချည်းပဲ ပေးလို့မရဘူး . . .
ဝေ၊ အချစ်ဆိုတာ ပါးစပ်ပါရင် လူတိုင်းပြောလို့ရတဲ့ စကား
တစ်ခွန်းပဲ၊ ရှင် . . . ကျွန်မကို လက်ထပ်မှာလား . . . ဝေ"

"နှောင်း . . ."

သူ . . . ကျွန်မကို အံ့အားသင့်တုန်လှုပ်စွာ မျက်လုံးများ
ဝိုင်းစက်လျက် ငေးကြောင်ကြည့်ပါသည်။ မမျှော်လင့်ဆုံးစကား
ကြားရ၍ ထင်သည်။ သူ့နှုတ်ခမ်းတွေ ပွင့်ဟကုန်ကြသည်။

သူမ . . . ယခုတစ်ကြိမ်ကျမှ သူ့ရဲ့အားငယ်ထိတ်လန့်
လှုပ်ခါနေသော မျက်ဝန်းတွေထဲသို့ ခပ်နက်နက် စိုက်ကြည့်ပစ်လိုက်
သည်။

"ကျွန်မမေးတာကို ဖြေလေ . . . ဝေ၊ မိန်းမတစ်ယောက်
ရှင် တကယ်ချစ်တယ်ဆိုရင် လက်ထပ်ဖို့သတ္တိလည်း ရှိရမယ်၊ ကျွန်



ရှင်လက်ထပ်ရဲမှာလား . . .၊ ရှင့်ဖေဖေရဲ့ အမုန်းတီးဆုံး ရန်သူ
ယောက်ရဲ့ တစ်ဦးတည်းသောသမီးကိုလေ၊ ရှင့်အနေနဲ့ ကျွန်မကို
ထပ်တဲ့အခါ ဘယ်အရာကိုစွန့်လွှတ်ရမယ်ဆိုတာ ရှင်သိပါတယ်၊
ဖက်က ရှင့်ရဲ့မိသားစုမျိုးရိုး၊ မိဘမေတ္တာ၊ တစ်ဖက်ကတော့
တစ်ယောက်တည်း၊ ဘယ်ဟာကို ရှင် . . . စွန့်လွှတ်မှာလဲ၊
လုံးတော့ တစ်ပြိုင်တည်း မရဘူးလေ . . . ဝေ"

သူမ လောကကြီးကို နာကြည်းစွာ ခပ်အက်အက် ဟားတိုက်
မောပစ်လိုက်ပါသည်။ သူမ၊ ဘေးနားမှာ သူလည်း ငြိမ်သက်စွာ
တန့်၍ ကြေကွဲနေခဲ့သည်။ အို . . . နားလည်ပါတော့ကွယ်။
မတို့နှစ်ဦးစလုံးမှာ . . . ကျွန်မတို့ကိုယ်တိုင် မရှာဖွေဘဲနဲ့ အဖြေ
ရှိနေပြီးသားပဲ။

"ဖြေပါဦး ဝေ၊ ရှင်က . . . ကျွန်မကို လက်ထပ်ရဲမှာလား၊
ယ် . . . တကယ်လက်မထပ်ချင်တဲ့ မိန်းမတစ်ယောက်ကို
တယ် . . . ချစ်တယ်လို့ ခဏခဏ မပြောပါနဲ့လားဟင်၊ အဲဒါ
. ကျွန်မ နှလုံးသားကို အနှိပ်စက်နိုင်ဆုံး နည်းမို့လို့ပါ"

သူ ငိုနေသည်။

လရောင်၊ ကြယ်ရောင်တွေရဲ့အောက်မှာ ယောကျာ်း တစ်
ယောက်ရဲ့မျက်ရည်ကို ပြိုးပြက်စွာ သူမ၊ ပထမဆုံး တွေ့ရှိခဲ့ပါသည်။
မှာ ချော့မော့ဖို့ စိတ်ကူးမရှိတော့ပါ။ ချော့လည်း မချော့တတ်ခဲ့ပါ။

သူသည် သူ့မျက်ရည်တွေကို သူမ၊ မြင်တွေ့မှာ ရှက်ရွံ့စွာ
ခနဲ တစ်ဖက်သို့ လှည့်သွားသည်။ သူ့မျက်ရည်တွေကို သူ သုတ်
ပါသည်။ သူ့ရဲ့ရယ်သံတိုးဖွဖွကို သူမ၊ စတင်ကြားလိုက်ရသည်။

သူမရင်မှာလည်း ကြေကွဲစွာ ပြုံးနင့်လျက်ပါ။

www.burmeseclassic.com

www.burmeseclassic.com



"နှောင်းက . . . ကျွန်တော့်ကို စိန်ခေါ်တတ်တယ် နှောင်း . . . အဲဒါ ကျွန်တော့်ကို ရက်ရက်စက်စက် စိန်ခေါ်လိုက်တာ မဟုတ်လား၊ ကဲ . . . ပြောပါဦး နှောင်း၊ ကျွန်တော်က လက်ထပ်ခွင့် တောင်းခံခဲ့မယ် ဆိုရင်ကော . . . နှောင်းက ကျွန်တော့်ကို လက် ထပ်မှာမို့လို့လား၊ နှောင်းကိုယ်တိုင်ရော . . . အရာရာကို စွန့်လွှတ် ပြီး ကျွန်တော့်ကို လက်ထပ်နိုင်လို့လား . . . ဟင်"

အံ့သြစရာကောင်းလွန်းစွာ သူနဲ့ကျွန်မရဲ့အချစ်သည် ယနေ့ ထက်ထိ စိန်ခေါ်မှုများစွာနဲ့ အနိုင်လိုချင်နေကြတုန်း ရှိသေးသည်။

သူသည် ကြေမွနာကျင်နေသော မျက်လုံးများကို အဝေး သို့ လွှင့်လျက် ထိုစကားကို ပြောလေသည်။

"ကျွန်တော်တို့နှစ်ယောက် အဲဒီလောက် အရာရာကို စွန့် လွှတ်ပြီးမှ ရယူလောက်အောင် အဲဒီအရာကရော တန်ဖိုးရှိရဲ့လား . . . နှောင်း"

သူမ အေးစက်စွာ ဖြေလိုက်သည်။

"လောကကြီးမှာ ဘယ်အရာမှ အလကားမရဘူး . . . တစ်ခုခုကို လိုချင်ရင် တစ်ခုခုကို စွန့်လွှတ်ရတတ်တယ်၊ အချစ်ဆိုတာ ကို လိုချင်ရင်တော့ ရှင်မျှော်လင့်ထားတာထက် ပိုပြီး များများစားစား ပေးဆပ်ရတတ်တယ်၊ အဲဒါပါပဲ"

"နှောင်းက . . . ကျွန်တော့်ကို ချစ်သလား . . ."

သူ့မေးခွန်းကို သူမ လှောင်ပြောင်ရယ်မောပစ်လိုက်သည်။

"အဆင့်မကျော်ပါနဲ့ . . . ဇေရယ်၊ မိန်းမတွေဟာ သူတို့ လက်ထပ်ချင်တဲ့ ယောကျ်ားကိုမှ ချစ်တယ် . . . လို့ ပြောတတ်ကြ တယ်၊ ရှင် . . . ကျွန်မကို လက်ထပ်ခွင့်တောင်းပြီးပြီလား . . ."



သူ့မျက်နှာ အနည်းငယ် ပျက်ယွင်းသွားပါသည်။

"နှောင်း . . . အဲဒါ ဘာကိုဆိုလိုတာလဲ"

သူ့ရဲ့မေးခွန်းသည် တိုတောင်းစွာ မာဆတ်နေခဲ့သည်။

သူမ ကျေနပ်စွာ ပြုံးလိုက်မိပါသည်။

လျှို့ဝှက်သိပ်သည်းသော အပြုံးတစ်ခုဖြစ်၏။

"ရှင်းရှင်းလေးပါ . . . ရေ၊ မိန်းမတွေဟာ ယောကျ်ားတွေ ကိုယ် လက်မထပ်ချင်တဲ့သူကို ချစ်တယ်လို့ လွယ်လွယ်ပြောတတ် တဲ့ လူသားတွေမဟုတ်ဘူး ဆိုတာလေ. . .၊ ကျွန်မတို့မိန်းမတွေက ယ်လက်ထပ်ဖို့ ရည်စူးထားတဲ့သူကိုပဲ ချစ်တယ်လို့ ပြောချင်တယ်၊ း်မတွေရဲ့ အချစ်က လက်ထပ်ခြင်းနဲ့ တစ်ထပ်တည်းကျတယ်၊ ရှင် နှ်မကို လက်ထပ်ပါ့မယ်လို့ မပြောဘဲနဲ့ ကျွန်မဆီက တယ်ဆိုတဲ့ စကားကို ကြားရဖို့ မမျှော်လင့်နဲ့ . . ."

သူမ, ချာခနဲ သူ့ရှေ့က လှည့်ထွက်လာခဲ့သည်။ သူ . . . သြစွာ ရပ်တန့်ရင်း ကျန်ရစ်ခဲ့သော်လည်း ချက်ချင်းပင် သူမနောက် ပြေးလိုက်လာသည်။ သူမ,လက်တစ်ဖက်ကို သူ ကြမ်းတမ်းစွာ တိုင်ရင်း သူ့ဘက်သို့ လှည့်ခိုင်းစေသည်။

"နှောင်း . . . နှောင်းကို ကျွန်တော် လက်ထပ်မယ်"

သူမ ရယ်မောလိုက်ရသည်။

"ခဏတာ စိတ်လှုပ်ရှားမှုနဲ့ ရူးသွပ်မှုကြောင့် ရှင် . . . ယ်လွယ်နဲ့ ဒီစကားကို မပြောစမ်းပါနဲ့ဝေ၊ ရှင် . . . သေသေချာ စဉ်းစားဖို့ ကျွန်မ အချိန်ပေးနိုင်ပါတယ်၊ ပြန်စဉ်းစားပြီးမှ ပြောပါ"

"ဒီစကားကို နှောင်း . . . မယုံဘူးပေါ့၊ ကောင်းပြီ . . . နှောင်း ယုံကြည်နိုင်လောက်မယ့် အချိန်ကျမှ ကျွန်တော် ဒီစကားကို

www.burmeseclassic.com

www.burmeseclassic.com



ထပ်ပြောမယ်၊ နှောင်း ဘယ်လိုမှ ငြင်းဆန်လို့မရမယ့်နေ့ကျမှ ကျွန်တော် ပြောပါ့မယ်၊ အဲဒီနေ့ကျရင် ကျွန်တော်က လက်ထပ်ခွင့် တောင်းတဲ့အခါ . . . ကျွန်တော်လိုချင်တဲ့အချစ်ကိုသာ နှောင်းဆီမှာ ရှိနေအောင် ကြိုးစားပါ”

ကြည့်စမ်း . . .။

အဲဒီရဝေဆိုတဲ့ ယောကျ်ားတစ်ယောက်ဟာ . . .။

အဲဒါ . . . မိန်းမတစ်ယောက်ဆီက လက်ထပ်ခွင့် တောင်း နေတဲ့ ယောကျ်ားတစ်ယောက် ပြောသင့်တဲ့စကားမျိုးလား . . .။

ဘယ်လောက်တောင် အတ္တကြီးမားပြီး အနိုင်လိုချင်တဲ့ လူစားမျိုးလဲ . . .။

အဲဒီလိုလူစားမျိုးကိုမှ သူမရဲ့အသည်းနှလုံးနဲ့ အနီးဆုံး နေရာကို ရောက်လာခွင့်ပြုခဲ့တာ သူမ, မှားပြီထင်ပါရဲ့။

အဲဒီလောက် မာကျောပြီး ရိုင်းစိုင်းတဲ့ လူတစ်ယောက်ကို သူမကလည်း ပို၍အနိုင်လိုချင်မိပြန်သည်။

“ဒီမှာ . . . ဝေရဲ့ . . . လောကကြီးမှာ လူတွေဟာ ကိုယ် လိုချင်တာတွေချည်းပဲ ရတတ်ကြတာ မဟုတ်ဘူး၊ မလိုချင်တာတွေ လည်း ရချင်ရတတ်တာပဲဆို . . . ရှင် တစ်ခါက ပြောခဲ့ဖူးတာလေ ရှင် . . . မက်မက်မောမော တောင်းခံနေတဲ့ ကျွန်မရဲ့အချစ်ဟာ ရှင့် အတွက် လိုအပ်မှုတစ်ခု ဖြစ်ချင်မှဖြစ်မှာပေါ့၊ ရှင့်အတွက် မလိုအပ်တဲ့ ချစ်ခြင်းတရားကို ကျွန်မက ပေးမိတယ်ဆိုရင်လည်း အဲဒီအချိန်မှာ ရှင် လက်ခံနိုင်အောင် ကြိုးစားပါ . . . ဝေ”

“နှောင်းရဲ့အချစ်ကို ကျွန်တော် အမြဲတမ်း လိုအပ်တယ် နှောင်း”



သူမ, ဆတ်ခနဲ ခေါင်းကိုခါပစ်လိုက်ပါသည်။ ပြီးတော့ ရဝေ့ ...နှာကို အနည်းငယ်သနားစွာ ငေးကြည့်လျက်က ထိုစကားကို ... ပြောပစ်လိုက်သည်။

အဲဒါ အမှန်တရားတစ်ခုပါ . . . ဝေ။

“လောကကြီးမှာ ဘယ်အရာမှ မရှိမဖြစ် အမြဲတမ်းလိုအပ် ...ဘယ်ဆိုတာ မရှိပါဘူး . . . ဝေရယ်၊ အဲဒီ မရှိမဖြစ်လိုအပ်တဲ့ . . . ...ရာတွေ ( Essential ) ဆိုတဲ့ အရာတွေအားလုံးဟာ အချိန်ကာလ ...ိုင်းအခြားတစ်ခုအတွင်းမှာပဲ အသုံးဝင်ကြတာပါ၊ တစ်ချိန်ချိန် ...တော့ သူတို့ကို မလိုအပ်တော့တဲ့အချိန်တွေ ရှိလာကြတာပဲ၊ ...တော့ မရှိရင်မဖြစ်ဘူးလို့ ကျွန်မတို့ ထင်ခဲ့ကြတဲ့အရာတွေ မရှိဘဲ ...ည်း ကျွန်မတို့ အသက်ဆက်ရှင်လာရတယ်၊ သူတို့မရှိဘဲနဲ့လည်း ...န်မတို့ဘဝကို ဆက်လက် ဖြတ်သန်းရဦးမယ်ဆိုတာ . . . ...နေ့နေ့တော့ ဝေ . . . သိလာမှာပါ၊ သိလာပါစေလို့လည်း . . . ...န်မ . . . ဆုတောင်းပါတယ်”

❦ ❦ ❦

www.burmeseclassic.com

www.burmeseclassic.com

"အချစ်ဆိုတာ ...

အောက်စီဂျင်ဓါတ်ငွေ့နဲ့ တူတယ်၊

သူ့ရဲ့ဂုဏ်သတ္တိက

လူတွေ အသက်ရှင်ဖို့အတွက်

ရှူရှိုက်ရမယ့် လေထုထဲမှာ

မရှိမဖြစ်ပါဝင်ဖို့ လိုအပ်သလို ...

မီးတောက်တွေ လောင်ကျွမ်းဖို့ကိုလည်း

ကူညီအားပေးတဲ့

ပစ္စည်းဖြစ်တယ် ..."

www.burmeseclassic.com

www.burmeseclassic.com

# သုံး

နောက်ဆုံးတော့ သူမ, ထိတ်လန့်တုန်လှုပ်စွာ စောင့်စား
မတွေ့ချင်ဆုံးသောတစ်နေ့သို့ ရောက်ရှိလာခဲ့သည်။

ကိုမွန့်ကို ဘယ်လိုစကားမျိုးနဲ့များ နှုတ်ဆက်ခွဲခွာရင် .. သူ့အတွက် အသက်သာဆုံးဖြစ်နိုင်မလဲဟု သူမ ခပ်ကြောင်ကြော စဉ်းစားခဲ့သမျှ အဲဒီနေ့မှာတော့ သူမ,နှုတ်က ထွက်သမျှ စကား တွေကို သူမ,ကိုယ်တိုင်ပင် မမှတ်မိနိုင်တော့ပါ။

တကယ်ကတော့ ချစ်သူတစ်ယောက်ရဲ့ လမ်းခွဲစကား တာ ဘယ်တုန်းကများ သက်သာပေါ့လျော့သွားစေမယ့် အသုံးအနှုန်း မျိုး ရှိခဲ့လို့လဲနော်။ ခံစားရတာချင်းတော့ အတူတူပဲနေမှာပါ။

အဲဒီလိုစဉ်းစားမိတိုင်း ကိုမွန့်လိုလူမျိုးကို ဘာလို့ သူ ဖေါက်မိသလဲဟုတွေးရင်း အဖြေရှာမရဖြစ်ကာ ကိုယ့်ကိုယ်ကို ထုရိုက်သေဆုံးချင်လာတာပဲ အဖတ်တင်သည်။

ကိုမွန့်မှာ အပြစ်ရှိသလား ...။

နေပါဦး ...။လူတစ်ယောက်မှာ အပြစ်ရှိမှပဲ ထားရစ် ဆုံးဖြတ်ရမှာလား။ အပြစ်မရှိဘဲနဲ့လည်း တစ်သက်တာ လက်တွဲ ချင်မှ ဖြစ်မှာပေါ့။

သေချာတာကတော့ ဒီလိုမျိုး သူမ,ဘက်က ဖေါက်ပြ နေသည့် နှလုံးသားတစ်ခုနဲ့ ကိုမွန့်အပေါ် လိမ်ညာနေရမှာမျိုး သူ



လုပ်ချင်တော့တာ ဖြစ်သည်။ ရင်ထဲက တကယ်မချစ်တော့ပါဘဲ (အချစ်လျော့သွားတာ သိသိကြီးနဲ့) "ကိုမွန် ... ကိုမွန့်ကို နှောင်း အရမ်းချစ်ပါတယ် ..." ဟု လိမ်ညာစကား သူမ လုံးဝ မပြောနိုင် တော့ပါ။

စိတ်ထဲကမပါဘဲ သူမက ကိုမွန့်ဆီ တဖွဲ့တနွဲ့ စာရေး လွမ်း ပြနေဖို့ မလိုအပ်တော့ဘူး ထင်ပါသည်။

သူမက သူမဘက်ကနေ၍ စဉ်းစားကာ ကိုမွန့်ကို ဇာတိ ဘွေကျငြင်းဆန်ဖို့ ဆုံးဖြတ်ခဲ့တာဖြစ်သည်။

မဟုတ်ဘူးလား ...။ ကိုမွန့်ကို သူမဆီက ဆက်ပြီး လိမ်ညာ ဟန်ဆောင်မှုတွေပေးဖို့ မလိုတော့ဘူး မဟုတ်လား။ ကိုမွန့် ကို အမှန်အတိုင်း ဖွင့်ပြောပြရတော့မှာ။ သူမ ... ရိုးသားစွာ ခန့်ခံလိုက်သင့်တာ ...။

သူမ, သာဆိုလျှင်လည်း ... ချစ်သူတစ်ယောက်ဆီက ဟန်ဆောင် ယုယ, မှုမျိုးထက် ရိုးသားပွင့်လင်းသော လမ်းခွဲစကားကိုပဲ ကြားလိုပါသည်။

သူမ ... ပြောရမည်။

ကိုမွန်က တစ်လတစ်ခါတော့ စာရေးပါဟု မှာထားခဲ့သော် လည်း သူမ ကိုမွန့်ဆီ စာတစ်စောင်မှ မရေးဖြစ်၊ ကတ်တစ်ခုမှ မပို့ ဖြစ်ခဲ့တာပင် လပေါင်းများစွာ ကြာလှပြီ။

ပထမဆုံး ရေးသင့်တာ ...

"ကိုမွန် ... ကျွန်မကို ခွင့်မလွှတ်ပါနဲ့၊ ကျွန်မ ကိုမွန့်ကို သစ္စာဖောက်မိပါပြီ၊ ကျွန်မ ..."

အို ... အဲဒီလိုအစချီတဲ့ စာမျိုးတစ်စောင်ကိုပဲ သတ္တိရှိရှိ

www.burmeseclassic.com

www.burmeseclassic.com



ဒေးလိုက်သင့်တာလေ။

ဒါပေမဲ့ . . . အဲဒီလိုစာတစ်စောင်နဲ့ ကိုမွန့်ကို နှုတ်ဆက် လိုက်ရမှာကိုကျ မတရားဘူးဟု သူမ, ထင်ပြန်သည်။ ကိုမွန့် "ချစ်တယ် . . ." ဟု ပြောခဲ့စဉ်က မျက်နှာချင်း ခေ့စေ့ကြည့်၍ သူ ပြောခဲ့ဖူးသလို အခု "မချစ်တော့ဘူး . . ." လို့ ပြောရမယ့် စကား လည်း မျက်ချင်းဆိုင်၍ ပြောထွက်ရဲရမည်ဟု သူမကိုယ်သူမ အပြ တန်မိသည်။

အဲဒီလောက်တော့ သူမ, မျက်နှာပူဖို့သင့်တာပေါ့။ သစ္စာ ခဲ့သူက ကျွန်မပဲ။ ဖောက်ပြန်ခဲ့သူက ကျွန်မပဲ။ ကိုမွန် အပြစ်တင်သမျှ ကိုမွန် အော်ဟစ်ပေါက်ကွဲသမျှ သူမ, ခေါင်းငုံ့ခံဖို့ သူမဘက် တာဝန်ရှိပါသည်။ (ကိုမွန် ဘယ်တော့မှ သူမ,ကို နာကျင်အောင် ရိုက် လိမ့်မည်မဟုတ်တာ သူမ . . . သေချာစွာ သိထားသည်။)

သူမ လုပ်ခဲ့သမျှ အပြစ်အတွက် သူမ . . . အပြစ်ဒဏ် ခံ သင့်ပါသည်။

ဘာဖြစ်လို့လဲဆိုတော့ မှားယွင်းနေမှန်းသိလျက်နဲ့ တည် တည့်ကြီး ဝင်တိုးခဲ့သူက သူမ, မဟုတ်လား။ ဘာလို့ သစ္စာဖေါက်ခဲ့ တာလဲ . . . နှောင်းရယ်ဟု မေးလာလျှင် သူမဘက်က အဖြေ အခ သင့် မရှိပါ။

သူမကိုယ်တိုင်လည်း သူမရဲ့နှလုံးသားကို ထိန်းချုပ်နိုင်စွမ်း မရှိပါ။ တစ်ဘက်က ကိုမွန့်ကို စွန့်လွှတ်ရမှာ၊ ကိုမွန်က နာကြည်း မုန်းတီးမှာ၊ လူတွေက အပြောင်းအလဲမြန်တဲ့မိန်းမလို့ စွပ်စွဲမှာ၊ အဲဒါ တွေနဲ့ယှဉ်လျှင် မောင့်ကိုစွန့်လွှတ်ရမှာက ဘယ်လိုမှ မဖြစ်နိုင်သော ဆုံးရှုံးမှုကြီး ဖြစ်နေသည်။



ဘုရား . . . ဘုရား . . .။ မောင့်ကို သူမ ဘယ်လိုမှ ဆုံးရှုံး ခံပါ။

ကျန်သော အပြစ်ဒဏ်များ၊ ရှုတ်ချမှုများ သူမ, ခံနိုင်သည်။ သိုင်းအဝိုင်းတွေ စိတ်ဆင်းရဲမှာ၊ နှစ်ဘက်မိသားစုက စွန့်ပစ် ကြမှာ . . . အဲဒါတွေကို မကြောက်ရွံ့ဘဲနဲ့တောင် မောင့်ကို သူမ ဆုံးဖြတ်ခဲ့ရတာလေ . . .။

ကိုမွန့်ကို နှုတ်ဆက်လမ်းခွဲရမယ့်အဖြစ်ဟာ မောင့်ကို ဆုံးရှုံး လောက် မကြီးကျယ်တော့ပါ။

မောင်နဲ့ ဝေးရင် . . .။

ဟင့်အင်း . . . ဝေးလို့ကို မဖြစ်ပါဘူး။

သူ့ရဲ့ တုန်လှုပ်အားငယ်နေတဲ့ မျက်ဝန်းတွေကို အမြဲသတိရ ပေါ့။ အေးစက်တုန်ရီနေတဲ့ သူ့လက်ချောင်းတွေကို ကျွန်မက ဆုပ်ကိုင် အားပေးချင်တာ။ သူသုံးနေကျ GUCCI ရဲ့ RUSH နံ့က အိပ်မက်ထဲထိ လိုက်နှောင့်ယှက်တော့မှာ။

သူ့မျက်ရည်တွေကို ရယ်သံအဖြစ်ပြောင်းလဲဖို့ ကျွန်မကို သူ နေတယ်လေ . . .။ အဲဒီမာကျောကျော ကျွတ်ဆတ်ဆတ် အနိုင်လိုချင်နေတဲ့ ကောင်ကလေးကို အရှုံးပေးဖို့ ကျွန်မ လူ ဘာပါ . . . ကိုမွန်။

သူနဲ့ ကျွန်မ အချိန်အများကြီးနောက်ကျပြီး တွေ့ခဲ့ရတာ အတွက် ရင်နာစရာကိစ္စ ဖြစ်ခဲ့ရတာ။ ကျွန်မ အဲဒီလို မရည်ရွယ်

ကိုမွန့်ကို လှည့်စားဖို့ . . .။ ကိုမွန့်အသည်းကို ခွဲဖို့ . . .။

ကိုမွန့်ကို ဘယ်လိုအလှပဆုံး စကားလုံးတွေနဲ့ ပြောပြရ

www.burmeseclassic.com

www.burmeseclassic.com



မလဲဟု တွေးတောမိစဉ်မှာပင် သူမ ငိုချင်လာသည်။

ဘယ်သူ့ကို အပြစ်တင်ရမလဲဟင် . . . ။ သူမနှလုံးသား ဘယ်သူ့ကို လိုအပ်နေပြီး၊ ဘယ်သူ့ကို မလိုချင်တော့ဘူးဆိုတာ ကျကျ သိရှိနေတဲ့အဖြစ်ဟာ . . . ။

အမှန်တော့ ဘယ်လိုလုပ်ကြမလဲ။

ယခုလိုအချိန်မျိုးမှာ ကိုမွန်သည် သူမနဲ့ မိုင်ပေါင်းထော ချီ၍ ဝေးလံသောနေရာ၌ ရောက်ရှိနေခြင်းအတွက် ကံကြမ္မာအ သူမ ကျေးဇူးအရမ်းတင်လိုက်မိသည်။

အနည်းဆုံးတော့ . . . ကိုမွန် . . . ကိုမွန် ငိုမည်ဆို အဲဒီမျက်ရည်ကို သူမ မမြင်ရတော့ဘူးပေါ့။

သို့ပေမယ့် မျက်ရည်များထက် အဆပေါင်းများစွာ သူမ နှလုံးသားအပေါ် ခြောက်လှန့်စိုးမိုးနိုင်သည့် စကားလုံးတွေ ကို ပြောပြခဲ့ပါသည်။

အဲဒီနေ့မှာလေ . . . ။

တယ်လီဖုန်းထဲကနေ ကိုမွန် ပြောပြခဲ့တာပေါ့။

❦ ❦ ❦

"နှောင်းလေး . . . ဘာလို့ စာမရေးတာလဲကွာ၊ နှောင်း လေး . . . ကိုယ့်ဆီ စာမရေးတာ ရှစ်လရှိသွားပြီ၊ ကိုယ် ဖုန်းဆက်တာ လည်း သုံးခါရှိပြီ၊ နှောင်းလေးအိမ်က ပြောမပြကြဘူးလား၊ နှောင်း လေး . . . ဘာဖြစ်လို့လဲဟင်၊ နှောင်းလေး . . . အဆင်မပြေ



ဘာများဖြစ်နေလဲ၊ ကိုယ့်ကို ပြောပါဦး"

မေးခွန်းတွေ ဆက်တိုက်မေးနေသော ကိုမွန့်စကားတွေ ကြားထဲက သူမ ဘာကို စ,ပြောရမှန်းလည်း မသိ။ အကြိမ်ကြိမ်အခါခါ ကြိုတင်စဉ်းစားထားပြီးဖြစ်ပါလျက် တကယ်တမ်း ပြောရမည်ဆိုသော အခါ နှုတ်က ဆွံ့အနေပြန်သည်။

"ကိုမွန် . . ."

သူမ တုန်လှုပ်စွာ ပြန်ထူးလိုက်မိသည်။

"နှောင်းလေး . . . ကိုယ့်ကို စိတ်ကောက်နေတာလား၊ စိတ်ဆိုးနေတာလား"

"ဟင့်အင်း . . ."

"ဒါဖြင့် . . . ဘာဖြစ်လို့ စကားမပြောဘဲ တိတ်ဆိတ်နေတာ လဲကွာ၊ ဒီမှာ ကိုယ်က . . . နှောင်းလေးရဲ့အသံကို ကြားချင်လွန်းလို့ မိုင်ပေါင်း ထောင်ချီဝေးတဲ့နေရာကနေ လှမ်းဆက်နေရတာ၊ ဒီမှာ ညသန်းခေါင်ကျော်နေပြီ . . . နှောင်းလေးရဲ့ ကိုယ့်ကို အရင်ကလို စကားတွေ ဆူညံအောင် ပြောဦးလေ . . . ဘာတွေ စိတ်ဆိုးနေ တာလဲ"

"ကိုမွန် . . . အခု . . . ကိုမွန့်အိမ်ခန်းက ဆက်နေတာ လား"

"ဟုတ်တယ်လေ"

"ဒါဆိုရင် . . . စကားအေးအေးဆေးဆေး ပြောလို့ရလား"

"ရတာပေါ့ . . . နှောင်းရဲ့၊ ဘာပြောမလို့လဲ . . . ကဲ . . . ပြော"

"နှောင်း ပြောတာ . . . ကိုမွန် သေသေချာချာ နားထောင်

www.burmeseclassic.com

www.burmeseclassic.com



ပေးပါ။ နှောင်းကို . . . နှောင်းကို ခွင့်မလွှတ်ပါနဲ့ . . . ကိုမွန်၊ ပြီးတော့ . . . မုန်းချင်လည်း မုန်းပါ၊ နာကြည်းချင်လည်း နာကြည်းပါ၊ နှောင်း . . . ကျေနပ်ပါတယ်၊ နှောင်း . . . အမှားတစ်ခု . . . အမှားတစ်ခု လုပ်ခဲ့မိပြီ . . . ကိုမွန်"

"အမှား တစ်ခု . . ."

ကိုမွန်ရဲ့ရေရွတ်သံကို သူမ, မကြားမိရင် သိပ်ကောင်းမှာပဲ။ စက္ကန့်ပေါင်းများစွာ တိတ်ဆိတ်သွားကြလျက် ကိုမွန်က သူမ, စကားရဲ့ အဓိပ္ပာယ်ကို နားလည်အောင် ကြိုးစားနေပုံရသည်။

ဘာစကားမှ မပြောတော့။ သူမ,ပါ ဘယ်လိုစကားနဲ့ ရှေ့ဆက်ပြောရမှန်းလည်း မသိတော့။ နှစ်ယောက်စလုံး ငြိမ်သက်သွားမိတာ တော်တော်ကြာကြာ။

"နှောင်း . . . အဲဒါ . . . အမှားတစ်ခုဆိုတာ သေချာရဲ့လား"

"ကိုမွန်ရယ် . . . မှနှောင်းလေ . . ."

"နှောင်းဟာ . . . အမှားတစ်ခုမှန်းသိလျက်နဲ့ ဘယ်. . . ဖွတ်ဝင်တိုးမယ့် မိန်းကလေး မဟုတ်ပါဘူး၊ ကိုမွန် သိပါတယ်၊ နှောင်း လုပ်ခဲ့တာ . . . အနည်းဆုံး တစ်စုံတစ်ယောက်အတွက်တော့ မှန်လိမ့်မယ်ဆိုတာ ကိုမွန် ခန့်မှန်းရဲတယ်၊ နှောင်းက ကိုယ့်ဆုံးဖြတ်ချက်ကိုယ် သိပ်ယုံကြည်တဲ့ မိန်းကလေးပဲ၊ ကဲ . . . ပြော . . . နှောင်း . . . ဘာအမှားပဲ လုပ်ခဲ့ လုပ်ခဲ့ . . . ကိုမွန် နားလည်ပေးနိုင်တယ်"

"ကိုမွန် . . . နားလည်မပေးပါနဲ့၊ နှောင်းလုပ်ခဲ့တာ တစ်စုံတစ်ယောက်အတွက် မှန်ကန်ခဲ့တယ်ဆိုရင် အဲဒီတစ်စုံတစ်ယောက်ဟာ . . . နှောင်းတစ်ယောက်တည်းပါပဲ၊ ကျန်တဲ့တခြားလူတွေအတွက်



တော့ မှားယွင်းနေခဲ့တယ်၊ အထူးသဖြင့် . . . ကိုမွန့်အပေါ် . . ."

"ကိုယ့်အပေါ် . . . ဟုတ်လား"

အခုထက်ထိ ဖြူစင်စွာ ဘာမှမရိပ်မိသေးသော ကိုမွန့်အေးခွန်းကြောင့် သူမရင်ထဲမှာ စူးနစ်နာကျင်သွားသေးသည်။

ကျွန်မ ဒီ့ထက်မက နာကျင်သင့်တယ်။

"ကိုမွန့်အပေါ်မှာ . . . ကျွန်မ . . . ကျွန်မ သစ္စာဖောက်ခဲ့မိပြီ ကိုမွန်"

ဖုန်းထဲမှာ ကိုမွန့်အသံတွေ ရုတ်တရက် တိတ်ဆိတ်သွားခဲ့လေသည်။ အသက်ရှူသံတောင် မကြားရလောက်အောင် ကိုမွန့်ဘက်က ငြိမ်သက်ဆွံ့အသွားခြင်းကို သူမ, မတန်တဆ . . . ဆို့နင့်ကြေကွဲသွားရပါသည်။

သူမ, မျက်ဝန်းတွေ ပူနွေးစွတ်စိုလာသည်။

"ကိုမွန် . . . နှောင်း . . နှောင်းပြောတာ ကြားရဲ့လားဟင်"

ကိုမွန့်ဆီက စကားပြန်မရပါ။ သူ . . . တိတ်ဆိတ်နေဆဲပဲသေးသည်။ မျက်ရည်များကို သူမ, သုတ်သင်ပစ်ရင်း ငိုရှိုက်သံမထွက်မိအောင် သူမ, ကြိုးစားသည်။ ကိုမွန့်အပေါ်မှာ မျက်ရည်နဲ့ အသနားခံ တာမျိုး မဖြစ်သင့်ဘူး မဟုတ်လား။

"ကျွန်မလေ . . . ကိုမွန်မဟုတ်တဲ့ တခြားယောက်ျားတစ်ယောက်ကို ချစ်နေခဲ့တယ် . . . ကိုမွန်၊ ကျွန်မ . . . အဲဒီလို မဖြစ်ချင်ပါဘူး၊ ဒါပေမဲ့ . . ."

"တော်ပါတော့ . . . နှောင်း၊ ကိုမွန်နားလည်အောင် ဘာမှ ဆင်ပြီးရှင်းပြဖို့ မကြိုးစားပါနဲ့တော့၊ တစ်ချိန်ချိန်မှာ နှောင်းလေး အဲဒီလိုစကားမျိုး ပြောလာလိမ့်မယ်လို့ ကိုမွန် သိပြီးသားပါ ကလေး

www.burmeseclassic.com

www.burmeseclassic.com



ရယ်"

"ကိုမွန် . . ."

သူမဟာ သိပ်ကို ယုတ်ညံ့ရိုင်းစိုင်းတဲ့ ချစ်သူတစ်ယောက် ဖြစ်သွားခဲ့ပါပြီ။ သူမရဲ့ခြေလှမ်းတွေကို ကိုမွန်က ကြိုတင်သိနေခဲ့တယ် . . . တဲ့လား။

ဒါဖြင့် . . . ဘာဖြစ်လို့များ ကိုမွန်က စောင့်ကြည့်ခွင့်လွှတ် ပေးခဲ့ရတာလဲ . . . ကိုမွန်ရယ်။

"နှောင်းဟာ . . . ကိုမွန့်ကို သိပ်ကိုတိကျပြတ်သားတဲ့ ဦးနှောက်ရဲ့ ဆုံးဖြတ်ချက်နဲ့ ချစ်သူအဖြစ် ရွေးချယ်ခဲ့တယ်ဆိုတာ ကိုမွန် သိပါတယ်၊ တစ်ချိန်ချိန်မှာ . . . နှောင်းလေးရဲ့ နှလုံးသားက တကယ်ချစ်မြတ်နိုးနိုင်တဲ့ ယောကျ်ားတစ်ယောက်နဲ့တွေ့ပြီး ကိုမွန့်ကို စွန့်ပစ်သွားလိမ့်မယ်လို့ ကိုမွန် မထင်စကောင်း ထင်ခဲ့မိတယ်၊ အခု တော့ ကိုမွန်ထင်ထားတဲ့ အဆိုးဝါးဆုံးနေ့တစ်နေ့ဟာ ရောက်လာ ခဲ့ပြီပေါ့"

"အဲဒါ ဘယ်သူလဲလို့ မမေးတော့ဘူးလား ကိုမွန်ရယ်"

"မေးဖို့လိုသေးလို့လား . . . ဟင်"

ကိုမွန့်လေသံက လုံးဝ ဒေါသသံ မပါ။ နာကျင်ရိုထွေးသံ မပါ။ အရွဲ့တိုက်ဟန် အနည်းငယ်မျှ မရှိ။ ပကတိ ငြိမ်သက်အေး ချမ်းစွာ။

"နှောင်းရဲ့ဝိညာဉ်ကို ကိုယ့်ဝိညာဉ်လို သဘောထားပြီး ချစ်မြတ် နိုးခဲ့တဲ့ ယောကျ်ားတစ်ယောက်ပါ နှောင်းလေး၊ နှောင်း . . . ဘယ်လူ့ အတွက်နဲ့ ကိုယ့်ကို စွန့်လွှတ်လိုက်ပြီဆိုတာ . . . ကိုယ်မသိဘဲ နေပါ့ မလား"



သူမ မငိုရှိုက်မိအောင် နှုတ်ခမ်းတွေကို ဖိကိုက်လိုက်မိသည်။ အားလုံး မှားယွင်းကုန်ပြီ ထင်ပါရဲ့။ အဲဒီလောက် သူမ [illegible] ပေးဆပ်နိုင်စွမ်းသော ယောကျ်ားတစ်ယောက်ကို သူမ, နာ [illegible]မိလို့လေ။

"ကိုမွန် . . . နှောင်းကို စကားနာထိုးပါဦးလားဟင်၊ ကိုယ် [illegible]တာ . . . မမှန်ဘူးလား . . . လို့ ပြောပါဦး၊ သူဟာ တစ်ချိန်ချိန် [illegible]မွန့်လက်ထဲကနေ နှောင်းကို လုယူသွားလိမ့်မယ် ဆိုတာလေ၊ [illegible]ော့ ကိုယ်ပြောတဲ့အတိုင်း ဖြစ်လာပြီမဟုတ်လားလို့ . . . မေးပါ . . . ကိုမွန်ရယ်"

"မေးခွန်းဆိုတာ နေရာတိုင်းမှာ မေးလို့မကောင်းဘူး၊ ပြီး [illegible]ကိုယ်တို့ရဲ့နှလုံးသားဆိုတာ အဖြေမရှိတဲ့ပုစ္ဆာတွေ အများကြီးပဲ [illegible]ကိုယ် မမေးပါဘူးကွယ်"

"ဟင့်အင်း . . . ကိုမွန် . . . အဲဒီလို နှောင်းကို [illegible]သိမ့်ပါနဲ့၊ နှောင်းကို အနစ်နာဆုံးစကားလုံးတွေနဲ့ ပြောခဲ့ပါ၊ [illegible]ကို နာနာ ကြည်းကြည်း အော်ဟစ်လိုက်ပါ . . . ကိုမွန်၊ [illegible]ကို မာယာများတဲ့၊ လှည့်စားတတ်တဲ့ မိန်းမလို့ ပြောခဲ့စမ်းပါ၊ [illegible] . . . အဲဒီထက်မက ခံသင့်ပါတယ်"

"ကိုယ် . . . ဘယ်တော့မှ အဲဒီလိုပြောမှာ မဟုတ်ဘူးဆိုတာ [illegible] သိပါတယ်"

"ကိုမွန် . . ."

သူမ, ငိုရှိုက်မိပါသည်။ တယ်လီဖုန်းထဲမှာ ကျယ်လောင်လာ [illegible] သူမငိုရှိုက်သံကို သူမ တားမြစ်၍ မရတော့ပါ။

"ကျွန်မ . . . ကိုမွန်နဲ့ထိုက်တန်တဲ့ မိန်းကလေး မဟုတ်

www.burmeseclassic.com

www.burmeseclassic.com



ပါဘူး၊ ကျွန်မလို . . . မှားယွင်းမှုတွေထဲမှာ ပျော်နေတဲ့ မိန်းက
တစ်ယောက်နဲ့ ကိုမွန်လို ဖြူစင်မြင့်မြတ်လွန်းပြီး အပြစ် အရှမ်း
စင်တဲ့ ယောကျ်ားတစ်ယောက်ဟာ . . . ဘယ်လိုမှ . . ."

"တော်တော့ . . . ဆက်မပြောနဲ့"

ကိုမွန့်ဆီက တစ်ခါမှ သူမ, မကြားဖူးခဲ့သော ဒေါသ
ပေါက်ကွဲစွာ ကြားလိုက်ရ၍ အံ့အားသင့်တုန်လှုပ်ကာ တွေဝေသွ
ပါသည်။

ကိုမွန့်ရဲ့လေသံက အေးစက်ခြောက်သွေ့စွာ ပေါ်ထွက်
သည်။

"ကိုယ်ဟာ . . . အပြစ်ကင်းစင်တဲ့ ယောကျ်ားတစ်ယော
. . . မဟုတ်ဘူး"

"အို . . . ဟင့်အင်း၊ ကိုမွန့်မှာ . . . ဘာအပြစ်မှ မရှိပါ

"သိပ်ရှိတာပေါ့၊ နှောင်းကို . . . မိုင်ပေါင်းများစွာ ကို
ကွာလှမ်းတဲ့ အဲဒီနေရာမှာ တစ်ယောက်တည်း ချန်ထားရစ်ခဲ့တဲ့ အ
လေ၊ ချစ်သူတစ်ယောက်အဖြစ်နဲ့ နှောင်းဘေးနားမှာ ကိုယ်က မ
မတ်မတ် ရပ်တည်ရမယ့်အစား အဝေးဆုံးမှာ ကိုယ်ရောက်နေခဲ
အပြစ်ပေါ့၊ နှောင်းက . . . နှောင်းဘေးနားက အနီးဆုံးယော
တစ်ယောက်ကို ချစ်သူအဖြစ် လက်ခံလိုက်မိတာ နှောင်းအ
မဟုတ် ပါဘူးကွယ်၊ ကိုယ့်အပြစ်သက်သက်ပါ၊ သူ့လက်
နှောင်းရောက် အောင် ကိုယ်ကိုယ်တိုင်ပဲ လုပ်ခဲ့မိတာပါ"

"အို . . . မဟုတ်ဘူး၊ အဲဒါ . . . ကိုမွန့်အပြစ် မဟုတ်
အနေနီးစပ်မှုနဲ့ ဘာမှမဆိုင်ဘူး၊ အဲဒါ နှောင်းတို့ရဲ့ မိုက်မဲမှုသက်သ
ပါ၊ နှောင်းနဲ့ ရမေတို့သာ အပြစ်ရှိသူတွေပါ"



"ဒီမှာ . . နှောင်း၊ ဒီကိစ္စမှာ အပြစ်ရှိသူက ကိုယ်တစ်ယောက်တည်းပဲလို့ အခု ကိုယ်သတ်မှတ်တယ်၊ နှောင်း . . . ဘာမှ ထပ်မပြောနဲ့ ကိုယ်က နှောင်းတို့ထက်စာရင် ကြီးပြင်းရင့်ကျက်သူပဲ၊ ဒါကို ကိုယ်ကြိုသိခဲ့ရမယ်၊ အသက်နှစ်ဆယ့်သုံးနှစ်အရွယ် မိန်းကလေးတစ်ယောက်က ချစ်သူတစ်ယောက်ကို လိုချင်တယ်ဆိုရင် အဲဒီချစ်သူဟာ ကိုယ့်လက်ဖဝါးနှစ်ဖက်ကို ဆုပ်ကိုင်ပြီး ကိုယ့်ဘေးနားမှာ ထာဝရ ရပ်တည်ယုယပေးနိုင်မယ့်သူမျိုးကိုပဲ လိုချင်မှာပေါ့၊ မိုင်ပေါင်းများစွာဝေးတဲ့အရပ်မှာ ငွေကြေးတစ်ခုတည်းအတွက် စီးပွားရှာသွားနေပြီး စာကလေး တစ်စောင်နဲ့၊ ဖုန်းထဲက လျှပ်စစ်အသံလှိုင်းနဲ့ပဲ ဆက်သွယ်လို့ရမယ့် ချစ်သူမျိုးကို ဘယ်လိုချင်ပါ့မလဲ၊ နှောင်းလုပ်ခဲ့သမျှဟာ အခုထက်ထိ မှန်တယ်၊ မှားတာက ကိုယ်ပဲ၊ နှောင်းကို အနေဝေးတော့ သွေးအေးသွားအောင်လုပ်ခဲ့တဲ့ ကိုယ်သာ မှားတာ၊ အပြစ်အရှိဆုံးလူက ကိုယ်ပါ"

"မဟုတ်ဘူး . . ."

သွေးရူးသွေးတမ်း သူမ, အော်ဟစ်တားမြစ်မိသော်လည်း ကိုမွန့်စကားလုံးတွေက သူမ,ကို ညပေါင်းများစွာ ခြောက်လှန့်နေတော့ မည်ဆိုတာ သူမ သိရှိလိုက်ပါပြီ။

ကိုမွန့်စကားသံတွေကို ဆက်လက်နားထောင်နိုင်ဖို့ သူမမှာ လုံးဝခွန်အားမရှိတော့ပေမယ့် ကိုမွန့်ရဲ့ သိမ်မွေ့နူးညံ့သော စကားလုံးတိုင်းသည် သူမအသည်းနှလုံး၏နေရာတိုင်းကို တစ်စ, မကျန် ခြစ်ခြဲကြေမွအောင် တတ်နိုင်ခဲ့လေသည်။

အမုန်းဆိုတာ ကြောက်စရာကောင်းတယ်လို့ . . ဘယ်သူတွေ ပြောခဲ့တာလဲ။ အမုန်းထက် အဆပေါင်းများစွာ ပြင်းထန်တဲ့

www.burmeseclassic.com

www.burmeseclassic.com



လက်နက်တစ်ခုရှိတာ လူတွေ မသိကြဘူးလား။

အဲဒါ . . . အချစ်လေ။

"ဒီမှာ . . . နှောင်းလေး . . . အခုကိစ္စတစ်ခုလုံးမှာ အပြစ်အရှိဆုံးလူက ကိုယ်ပဲ၊ ဒါကြောင့် ကိုယ့်အတွက် သိပ်ကို တိကျ ပြတ်သားတဲ့ အပြစ်ဒဏ်တစ်ခု ကိုယ့်ဟာကိုယ် စီရင်မယ်၊ နှောင်း . . . မတားပါနဲ့"

သူမ၊ ရသွားပျက်ထိတ်လန့်စွာ ဖုန်းထဲမှာ ကိုမွန့်ကို အော်ဟစ်တားဆီးမိလိုက်သည်။

"အို . . . မဟုတ်ဘူး၊ ကိုမွန် . . . အဲဒီလို မလုပ်ရဘူး၊ မလုပ်ပါနဲ့၊ နှောင်း တောင်းပန်ပါတယ်၊ အဲဒီလို မလုပ်ပါနဲ့ ကိုမွန်ရယ်"

သူမ . . . ရှိုက်ကြီးတငင် ငိုချမိလိုက်ပါသည်။

ကိုမွန်က သူမရဲ့ ငိုရှိုက်သံတွေကြားမှာ အေးဆေးတည်ငြိမ်စွာ အဲဒီစီရင်ချက်တစ်ခုအကြောင်းကို ပြောပြသွားခဲ့သည်။

"မတားပါနဲ့တော့ . . . နှောင်းရယ်၊ နှောင်းတို့လည်း ကိုယ်လုပ်ချင်ရာကို လုပ်ခဲ့ကြပြီးပြီပဲ၊ ကိုယ့်ကိုလည်း ကိုယ်လုပ်ချင်တာလုပ်ခွင့်ပြုပါ။ ကိုယ့်ကို ဒီတစ်ခါတော့ မိုက်မဲခွင့်ပြုစမ်းပါ။ ကိုယ့်အတွက်ကျရောက်သင့်တဲ့ အပြစ်ဒဏ်က ကိုယ် အခုချက်ချင်း ဒီမှာလုပ်နေတဲ့အလုပ်က ထွက်မယ်၊ မြန်မာပြည်ကို အစောဆုံးပြန်လာနိုင်တဲ့အချိန်မှာ ပြန်လာပြီး အဲဒီမှာ ကိုယ် တစ်သက်လုံးနေမယ်၊ စိတ်မပူပါနဲ့ နှောင်း၊ ဂျပန်မှာ ငါးနှစ်ကျော် ခြောက်နှစ်နီးပါး ကိုယ်အလုပ်လုပ်လို့ ရလာတဲ့ငွေကြေးဟာ စီးပွားရေးလုပ်ငန်းကြီးတစ်ခု ထူထောင်နိုင်လောက်အောင် များပြားပါတယ်၊ ကိုယ် ပြန်လာတော့မယ်"

"ဟင့်အင်း . . . ဟင့်အင်း၊ ကိုမွန် . . . အဲဒီလို မလုပ်ပါနဲ့၊



အတွက်နဲ့ ကိုမွန့်အနာဂတ်တွေ . . . ဘဝတွေကို မဖျက်ဆီး
ိုမွန် ပြန်မလာပါနဲ့ . . . ကိုမွန်ရယ်"

သူမ . . . ရှိုက်ကြီးတငင် တောင်းပန်သော်လည်း နောက်ကျ

"ကိုယ့်ဘဝဟာ . . . နှောင်းပဲဆိုတာ နှောင်း အခု သိစေ
ကိုမွန် မြန်မာနိုင်ငံကိုပြန်လာပြီး နှောင်းနဲ့ အနီးဆုံးနေရာမှာ
အမြဲနေပါ့မယ်၊ အဲဒီနည်းနဲ့ ကိုယ့်အပြစ်ကိုယ် ဆေးကြောချင်
ကလေး၊ ကိုယ် . . . မင်းတို့နှစ်ယောက်ကို မနှောင့်ယှက်ပါ
. . . စိတ်ချပါ၊ မင်း စိတ်ချမ်းသာသလို ဖြစ်စေရမယ်၊ မင်းဘဝမှာ
ပထမလူဆိုတဲ့ ဂုဏ်ပုဒ်တစ်ခုနဲ့ မင်းတို့နှစ်ယောက်ကြားမှာ
တော့မှ အနိုင်ယူ စွက်ဖက်မှာ မဟုတ်ဘူးဆိုတာ မင်း မြဲမြဲမှတ်
. . . နှောင်း၊ ပြီးတော့ . . . "

အို . . . သူ့စကားတွေ တုန်ယင်ထစ်ငေါ့သွားပါပြီ။
ယ့် သူမအတွက် ကျိန်စာတစ်ခုလို နှောင်ဖွဲ့သော စကားများ
ဆက်ပြောခဲ့သည်။

"ပြီးတော့ . . . နှောင်း . . . မင်း . . . မြဲမြဲမှတ်ထားစမ်းပါ၊
. . . မင်း ဘာလုပ်လုပ် ခွင့်လွှတ်မယ့်သူပါ၊ အခုအချိန်မှာ
စိတ်ကစားမှုနဲ့ မင်း . . . ကိုယ့်ရင်ခွင်ထဲက ထွက်ခွာချင်
ခွာသွားပါ၊ ဘယ်သူ့ရင်ခွင်မှာ မင်း . . . ခိုလှုံ ခိုလှုံ ကိုယ် ဘာမှ
ပြောပါဘူး၊ မင်း စိတ်ကျေနပ်တဲ့အခါ . . . အဆုံးစွန်ပြောရရင်
. . . တခြားရင်ခွင်တွေအပေါ် ငြီးငွေ့သွားပြီဆိုတဲ့အခါ . . .
ဆီကို ပြန်လာပါ . . . နှောင်း၊ ကိုယ် . . . စောင့်နေပါ့မယ်၊
ပဲဖြစ်ခဲ့ . . . ဖြစ်ခဲ့ . . . မင်းကို သူတို့က ချနင်းပြီးတော့ပဲ

www.burmeseclassic.com

www.burmeseclassic.com



စွန့်ပစ်ခဲ့ . . . စွန့်ပစ်ခဲ့၊ ကိုယ်ကတော့ မင်းကို မြတ်နိုးစွာ ချစ်နေ
. . . ဆိုတာ မင်း ဘယ်တော့မှ မမေ့သွားပါနဲ့ ကလေးရယ်"

"ကိုမွန် . . . တော်ပါတော့ ကိုမွန်ရယ်"

"အဲဒါ မိုက်မဲတယ်လို့ ပြောကြရင်လည်း . . . ကိုယ် ဒီတ
မိုက်ပါရစေတော့ . . . နှောင်း၊ ပင်လယ်ထဲမှာ ပျံသန်းရင်း အတော
ညောင်းလာတဲ့အခါ မင်း . . . အချိန်မရွေး ပြန်နားလို့ရမယ့် ကျော
ခေါင်တစ်ခု ကိုယ်ဖြစ်ပါရစေ . . . နှောင်းရယ်၊ ဖြစ်ခွင့်ပြုပါ"

# လေး

သူမက ငှေအား "မောင်" ဆိုသော နာမ်စားလေး တရားဝင်
ခေါ်ဝေါ်ခွင့်ရရှိခဲ့သော နေ့ကလေးသည် သူမ၏သူငယ်ချင်းများ
တွင် တအံ့တသြ ရောက်ရှိလာခဲ့ပါသည်။

ဘယ်လိုမှ သူငယ်ချင်းများ မထင်မှတ်ထားသော အဖြစ်မို့၍
လုံးဝ အငိုက်မိကာ အားလုံးအံ့အားသင့်မှင်တက်သွားကြခြင်း
ည်။

တကယ်ကတော့ အဲဒီနေ့က သူမ,မွေးနေ့။

သူမက မွေးနေ့ဆိုပြီး သူငယ်ချင်းများအားလုံးကို လေဆိပ်
အစစ်စားသောက်ဆိုင်မှာ ကျွေးမည်ဟု ချိန်းလိုက်သည်။ သူငယ်
အားလုံးပေါင်းကလည်း သူမနဲ့မှ ဆယ်ယောက်တည်းပါ။ မိန်း
လေး ငါးယောက်၊ ယောကျ်ားလေး ငါးယောက်။

မိန်းကလေးငါးယောက်မှာ သူမ,တို့ တွဲနေကျလေးယောက်
အငြင် အထက်တန်းကျောင်းကတည်းက အရမ်းခင်ခဲ့သော စုစုပဲ
သည်။ ယောကျ်ားလေး ငါးယောက်ကတော့ ယုဒါ၊ ရဝေ၊ နောက်
ယ်နဲ့ သူငယ်ချင်းနှစ်ယောက်။ အားလုံးက သူမ,အတွက် မွေးနေ့
ဆောင်အသီးသီးနဲ့ စားသောက်ဆိုင်ကို ရောက်လာကြပေမယ့်
ကာ 'သူမအတွက် ဘာမွေးနေ့လက်ဆောင်ထုပ်မှ မယူရ'။

သို့ပေမယ့် ဒီနှစ်မွေးနေ့မှာ ရဝေက သူမ,ကို ဘာလက်ဆောင်

www.burmeseclassic.com

www.burmeseclassic.com



ပေးတော့မည်ဆိုတာ သူမက ထုံးစံအတိုင်း ကြိုတင်ခန့်မှန်းမိနေ
တိတ်တဆိတ် ရင်ခုန်နေခဲ့ရသည်။ သူမ, ထင်သည့်အတိုင်းပင် သူ
ချင်းတွေက သူတို့မွေးနေ့လက်ဆောင်တွေ သူမအား ပေးကာ (Bir
day Wish) တွေ အသီးသီးအသက ဆုတောင်းပေးကြပြီးမှ အား
ထဲမှာ ရဝေတစ်ယောက်ပဲ သူမ,ကို မွေးနေ့လက်ဆောင်မပေးရ
တာ သတိထားမိသွားကြသည်။

အားလုံးကလည်း ရဝေ့ကို . . .

"ဟော့ကောင် . . . ဘာ လက်ဆောင်မှ မပါဘူးလား"

"ရှင်နှောင်း . . . ရဝေ့ကို မကျွေးနဲ့၊ မောင်းထုတ်ပစ်"

"ကိုရဝေ . . . ဘယ်တုန်းက ဘာပရဲဆင့်ပေးလိုက်
ကျွန်မတို့တောင် မသိလိုက်ဘူး"

. . . ဟု အသံတွေ ဆူညံကာ အော်ဟစ်ကုန်ကြသည်

အဲဒီအခါကျတော့ ရဝေက ပြုံးပြုံးကလေးလုပ်ကာ ထိုင်
ရာမှ ထ,သည်။

"ကျွန်တော်က . . . အခုမှ နှောင်းကို လက်ဆောင်တ
ပေးမှာ . . ."

ဟုဖြေရှင်းလိုက်ပြီး သူမနှင့်မျက်နှာချင်းဆိုင်မှာလာရပ်သည

ရုတ်တရက် သူက သူမ,ရှေ့မှာပင် ဒူးထောက်ထိုင်ချလို
ကာ သူမလက်နှစ်ဖက်စလုံးကို ဆွဲယူဆုပ်ကိုင်လိုက်တော့ သူငယ်ချ
တွေအားလုံး မျက်လုံးများ ဝိုင်းစက်လျက် အံ့အားသင့် ငြိမ်သ
သွားကြတော့သည်။

အဲဒီလောက် ငြိမ်သက်တိတ်ဆိတ်သွားချိန်ကျမှ သူက သူ
ရဲ့မျက်နှာကိုမော့၍ ရွှန်းရွှန်းလဲ့လဲ့စိုက်ငေးကာ ထိုစကားကို ပြော



သည်။

"ဝေလ်ယူ မဲရီးမီ . . ."

(မင်း . . . ကိုယ့်ကို လက်ထပ်မလား) ဆိုတဲ့ အဲဒီအင်္ဂလိပ်
စကားလေးတစ်ခွန်းက အားလုံးကြားနိုင်လောက်အောင် ကျယ်လောင်
လှသဖြင့် ယောကျ်ားလေးတွေ အားလုံးက တအံ့တဩ . . .

"ဟေး . . ." ခနဲ အော်သူက အော်၊ လက်ခုပ်ထ,တီးသူက
တီး၊ ဖန်ခွက်တွေကို တူနှစ်ချောင်းနဲ့ တတောင်တောင်မြည်အောင်
ခေါက်သူက ခေါက် လုပ်ကုန်သည်။

သူမ,ရဲ့ သူငယ်ချင်းမိန်းကလေးတွေကတော့ ဘာမှကြိုမသိ
ထားတာမို့ "ဟော့တော် . . ."၊ "ဟယ် . . ."၊ "ဟင် . . . ဘာတွေ
ဖြစ်ကုန်တာလဲ" နဲ့ အာမေဋိတ်သံအမျိုးမျိုး ပြုကြပါတော့သည်။

သူမမှာ အဲဒီလောက်ဆူညံနေတဲ့ကြားထဲက ရဝေ . . . သူမ
၏လက်နှစ်ဖက်ကို ဆွဲယူဆုပ်ကိုင်ထားတာမှ ရုန်းမထွက်သေးဘဲ ရှက်
ပြုံးလေးတစ်ခုနဲ့ ခေါင်းညိတ်ပြလိုက်ရပါသည်။

ယောကျ်ားလေးတွေဘက်က "ဟေး . . ." ခနဲ ဝမ်းသာ
အားရ လက်ခုပ်တွေတီးလိုက်တာတောင် ရဝေက မကျေနပ်နိုင်သေး
ဘဲ . . . "ခေါင်းညိတ်ရုံနဲ့ မရဘူး၊ ပါးစပ်က ဖြေလေ၊ ကိုယ့်ကို
လက်ထပ်မှာလား" လို့ ထပ်မေးနေပြန်သည်။

"ဘယ်လို ဖြေရမှာလဲ"

"ရက်စ် . . . လို့ ဖြေ"

သူမ,မှာ ရဝေ့ဆီက လက်ထပ်ချင်တယ်ဆိုတဲ့ စေ့စပ်မှု
တစ်ခုကို အားလုံးရှေ့မှာ ထုတ်ပြောလိုက်တာအတွက် ကျေနပ်ကြည်
နူးခြင်း တစ်ဝက်၊ ရှက်ရွံ့နေတာက တစ်ဝက်နဲ့ပဲ ခပ်မြန်မြန် ဖြေဖြစ်

www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။

"အင်းပါကွာ . . . ရက်စ် . . . ရက်စ်"

သူမရှေ့မှာ ဒူးထောက်နေတဲ့ ရဝေက ဝုန်းခနဲ ထ,ခုန်သည်။ သူမ,သူငယ်ချင်းမိန်းကလေးတွေက အံ့အားသင့်စွာနဲ့ပဲ "ဟယ် . . . မယ်နှောင်း . . ." ဟု အထိတ်တလန့်အော်ဟစ်ကြသည်။

အဲဒီအချိန်မှာ ယုဒါက ဘယ်အချိန်ကတည်းက ဖွက်ယူလာခဲ့မှန်းမသိသည့် ရှန်ပိန်အစိမ်းရောင်ပုလင်းကြီးတစ်ပုလင်းကို ဆွဲထုတ်လာကာ ပိတ်ထားသည့် ဖော့ဆို့ကို ဖောက်ခနဲမြည်အောင် တွန်းထုတ်၍ ပုလင်းထဲက ရှန်ပိန်အမြှုပ်တွေက ဘွားခနဲ လွင့်စင်ကျလာသည်။

တော်တော်နဲ့ မရပ်တဲ့ အဲဒီအမြှုပ်ရည်တွေနဲ့ မိန်းကလေးတွေဘက်ကိုလည်း လှည့်ဖြန်းလိုက်ရာ သူမ,သူငယ်ချင်းတွေက အားခနဲ အော်ဟစ်ပြီး ထွက်ပြေးကြလေသည်။

တစ်ခဏအတွင်း သူမ,တို့ စားသောက်ဝိုင်းလေးမှာ အားလုံးပျော်ရွှင်ဆူညံကုန်ကြတော့သည်။

အဲဒီနေ့က သူမ,ရဲ့မွေးနေ့ပွဲမှာ ကျေနပ်ပျော်ရွှင်ခဲ့ရသော်လည်း အဲဒီကအပြန် အားလုံးလမ်းခွဲ အိမ်ပြန်လာကြတော့မှ သူမ,၏ကားပေါ်တွင် သူမ,၏သူငယ်ချင်းများက မကျေမနပ် ဝိုင်းဝန်းမေးမြန်းကြတော့သည်။

"ဟဲ့ . . . မယ်နှောင်း၊ ဒါက ဘယ်လိုဖြစ်ကုန်တာလဲ၊ ရှင်တို့နှစ်ယောက် ဘယ်တုန်းက ချစ်သူတွေ ဖြစ်ကုန်တာလဲ"

"အေးလေ . . ရှင်ပြောတော့ ကိုမွန့်လိုလူမျိုးကို ပစ်ပြီး ရဝေကို ချစ်သွားရလောက်အောင် ရှင်က မရူးသေးပါဘူးဆို၊ အခုတော့"

သူမ ခပ်ပြုံးပြုံးလေးလုပ်၍ ဖြေလိုက်သည်။



"ဒါဆိုလည်း ကျွန်မ ရူးသွားပြီပဲ ထားလိုက်ပါတော့ကွယ်"

အားလုံးက သူမ,ကို ဝိုင်း၍ မျက်စောင်းထိုးကြသည်။ ...င်းနီးဆုံးသူငယ်ချင်းဖြစ်သူ ရှီလာကတော့ လေးလေးနက်နက် ...သံမျိုး နဲ့ အကြံတစ်ခုလာပေးသည်။

"ဘာပဲဖြစ်ဖြစ် . . . အဲဒါ ရှင့်ဆုံးဖြတ်ချက်နဲ့ရှင်ပဲနော် . . . ...င်း အဲဒီဆုံးဖြတ်ချက်နဲ့ ကောင်းကျိုးဆိုးကျိုးကို ရှင် ခံစားရမယ်၊ ...သတိပေးချင်တာက အနေနီးတဲ့ ရဝေ့အပေါ်မှာ ခဏတာ သာ...မြီး စိတ်ကစားမိတာမျိုး မဖြစ်စေချင်ဘူး၊ ရှင့်ကို အပြောတ်းအလဲ ...စေချင်လို့ ပြောတာ၊ ရှင်က . . . စိတ်သိပ်မြန်လွန်းတော့လေ"

"ကျွန်မ . . . ရဝေ့ကို သေသေချာချာ စဉ်းစားပြီးမှ ရွေးချယ် ...တာပါ"

"ဟုတ်ရဲ့လားဟယ်၊ ကိုမွန်မြက်ကြီးကိုရော . . ."

"ငါ သူ့ကို လမ်းခွဲစကားပြောလိုက်တာ တော်တော်တောင် ...ခဲ့ပါပြီ"

"အို . . . ဟုတ်လား၊ သူ တော်တော်ခံစားသွားရမှာပဲဟယ်"

"ကျွန်မလည်း အဲဒီလိုမျိုး မလုပ်ချင်ပါဘူး ယမုံရယ်၊ ဒါပေမဲ့ ... ကိုမွန့်ကို တကယ်မချစ်ခဲ့မှန်း အချိန်ကြာလာတာနဲ့အမျှ သိ...တယ်၊ ပြီးတော့ ရဝေနဲ့ကျွန်မဟာ ကိုယ့်ကိုယ်တောင် သတိ...ခင် တစ်ယောက်နဲ့တစ်ယောက် စွဲစွဲလမ်းလမ်း 'ချစ်ခဲ့မိကြပြီး ...မြို ယုဒါပြောခဲ့ဖူးတဲ့စကား မှန်တယ် . . . သိလား၊ ကျွန်မတို့ ...ဘက်စလုံး တစ်ယောက်ရဲ့စိတ်ကို တစ်ယောက်က ကြိုသိနေ... တစ်ယောက်ရဲ့နှလုံးသားကိုလည်း တစ်ယောက်က အမြဲ...င်နေရတယ်၊ ကျွန်မတို့ . . . ဘယ်လိုမှ ခွဲလို့မရတော့ဘူး၊ ကျွန်မ

www.burmeseclassic.com

www.burmeseclassic.com



တို့နှစ်ယောက်ဟာ ချစ်သူတွေဖြစ်ဖို့ မွေးဖွားလာခဲ့ကြတာပါ"

အားလုံးက သူမ့စကားကို ငြိမ်သက်တိတ်ဆိတ်စွာ နား
ထောင်နေခဲ့ကြသည်။ သူမတို့နှစ်ယောက်ရဲ့ အနာဂတ်ကို ကြိုတင်
စားရင်း တွေဝေသွားကြတာလည်း ဖြစ်နိုင်သည်။

တိတ်ဆိတ်မှုကို လတ်လတ်က စကားတစ်ခွန်းနဲ့ ဖြိုခွ
လိုက်ပါသည်။

"ဒါပေမဲ့ ရှင်တို့နှစ်ယောက်ဟာ မာနသိပ်ကြီးကြတာချ
လည်း တူနေကြပြီး တစ်ယောက်ကိုတစ်ယောက် အနိုင်သိပ်လိုချင်
တာချင်းလည်း တူနေကြပြန်တယ်၊ "ကိုယ်ကြားဖူးသလောက်တော
အချစ်ဆိုတာ အမြဲတမ်းအနိုင်ရတတ်တာ မဟုတ်ဘူးနော်၊ တစ်
တလေ ရှုံးနိမ့်ချင် ရှုံးနိမ့်တတ်တာမျိုး၊ မင်း . . . လူတစ်ယောက်
ချစ်မိပြီဆိုရင် သူ့အတွက် ရှုံးနိမ့်ပေးဖို့ ပြင်ဆင်ပြီးသား ဖြစ်နေရမယ
မင်း . . . ရဝေ့အတွက် ရှုံးနိမ့်ဖို့ အဆင်သင့်ဖြစ်ရဲ့လား . . . နှော

သူမ့နှုတ်ဖျားမှ ဖြေစရာစကားလုံး ချက်ချင်းရှာမတွေ့
ဆွံ့အ တိတ်ဆိတ်သွားခဲ့ပါသည်။

ရှင်နှောင်း . . . ဆိုတဲ့ မိန်းမတစ်ယောက်ရဲ့ဘဝမှာ အရှုံ
ဆိုတဲ့ စကားလုံးကိုလည်း သိပ်များများစားစား မကြားခဲ့ဖူးပါ။ မဟု
ဘူး။ လုံးဝ . . . ကို မကြားခဲ့ဖူးတာ။ သူမ . . . ဘယ်တုန်းက
မရှုံးနိမ့် ခဲ့ဘူးလေ။

လောကကြီးမှာ သူမ့ လိုချင်တာတွေကို လိုချင်တဲ့အချိန်
ရခဲ့ဖူးသည်ချည်း။ ဘာကြောင့် အခုအချိန်မှာမှ အရှုံးဆိုတာကို သူ
လက်ခံရမည်လဲ။ ဘာကြောင့် သူမ့ ရှုံးနိမ့်ရမှာလဲ . . . ။ မဖြစ်နိုင်တာ

ရဝေ့ကို သူမ့ ချစ်ခဲ့တာ စွန့်လွှတ်ဖို့ မဟုတ်။ ပိုင်ဆိုင်ရ



ဖြစ်သည်။ လူတွေအားလုံး၊ ပတ်ဝန်းကျင်တစ်ခုလုံး၊ သူမ့၏
စုတွေကပါ ရဝေ့ကို မချစ်မိရန်၊ မပတ်သက်ရန် တားမြစ်ခဲ့
သည်။ ကာဆီးခဲ့ကြသည်။

ကဲ . . . အခု သူမရဲ့အချစ်ကို ဘယ်သူက တားဆီးပိတ်ပင်
သေးသလဲ။ လောကကြီးမှာ အရာတစ်ခုကို သူမ့ဘယ်တော့မှ
နိုင်ပါလို့ . . . ဘယ်သူက လာပြောချင်ကြသေးလဲ။ အရာဝတ္ထု
ခုကို သူမ ပိုင်ဆိုင်တပ်မက်လာလျှင် အဲဒီအရာကို သူမလက်ထဲ
က်ကိုရောက်လာရမည်ပေါ့။

အချစ်ဆိုတာ ဒီကမ္ဘာပေါ်က အပြင်းထန်ဆုံး စွမ်းအားတစ်ခု
ဘာဖြစ်လို့ အချစ်မှာ "ရှုံးနိမ့်ခြင်း" ဆိုတာ ရှိရမှာလဲ။ မရှိနိုင်ပါဘူး။

"ကျွန်မ . . . မရှုံးနိုင်ပါဘူး"

သူမ့ခေါင်းကို ဆတ်ခနဲ ခါထုတ်ရင်း လတ်လတ်စကားကို
ပစ်လိုက်သည်။

"တကယ်လို့ ရှုံးခဲ့မယ်ဆိုရင်တောင် တစ်ချိန်တည်းမှာ ရဝေ
ရှုံးနိမ့်သွားမှာပဲ၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မတို့နှစ်ယောက်ရဲ့
သားဟာ အမြဲထပ်တူကျနေခဲ့လို့ပဲ"

ကြည်နူးချမ်းမြေ့ဖွယ်ရာ ကောင်းလိမ့်မည်ဟု သူမ တွေးခဲ့
တွေးထင်ယူဆခဲ့သမျှ မောင်နဲ့သူမတို့ရဲ့ ချစ်သူဘဝမှာ အနိုင်ယူ
မှုများနဲ့သာ စတင်ခဲ့ရလေသည်။

BURMESE CLASSIC .com
www.burmeseclassic.com

တစ်ယောက်ကိုတစ်ယောက် စွဲလမ်းစွာ ချစ်မြတ်နိုးနေကြတာချင်းအတူတူ တစ်ယောက်နဲ့တစ်ယောက် သံသယတွေပွားကာ သဝန်တိုကြတာချင်းလည်း တူညီကြပြန်သည်။

မောင်နဲ့သူမတို့ရဲ့ရန်ပွဲလေးတစ်ခုကို မောင်ကပဲ စ,တင်ခဲ့တာဖြစ်သည်။

အဲဒီအဖြစ်အပျက်ကို ပြန်ပြောဖြစ်ကြလျှင် မောင်က သူမသာ ရန်ပွဲကို စတင်ခဲ့သူ . . . ဟု အနိုင်ယူ စွပ်စွဲဦးမည်။

အမှန်ကတော့ အဲဒီနေ့က မောင်သာလျှင် ခပ်တိုးဖွဖွလေးနဲ့ သူမကို စ,တင်မေးခွန်းထုတ်ခဲ့တာ ဖြစ်သည်။

"ချစ်နှောင်း . . . မောင်နဲ့ ချစ်သူတွေဖြစ်သွားကြတာကို ချစ်နှောင်း သူ့ကို ဖွင့်ပြောပြီးပြီလား . . .ဟင်"

မောင့်မေးခွန်းကို စိတ်တိုသွားသော သူမ,က အမှန်အတိုင်း မဖြေဖြစ်ဖို့ ဆုံးဖြတ်လိုက်ပြန်သည်။

"ဘယ်သူ့ကို ဖွင့်ပြောရမှာလဲ၊ သူ . . . ဆိုတာ ဘယ်သူလဲ"

"ချစ်နှောင်းရယ် . . . မောင် . . . ဘယ်သူ့ကို ပြောနေတယ်ဆိုတာ ချစ်နှောင်း သိပါတယ်၊ စကား မကပ်စမ်းပါနဲ့၊ ချစ်နှောင်းရဲ့ အရင်လူကို မောင်ပြောနေတာ"

"ကိုမွန့်ကို ပြောတာလား"

"အင်း . . ."

မောင်က သူမမျက်နှာဆီမှ အကြည့်ကိုလွှဲ၍ နှုတ်ခမ်းကို တင်းတင်းစေ့ထားသည်။ သူမ, မောင့်ပုံစံကိုကြည့်၍ အရွဲ့တိုက်ဖြေချင်[illegible]သည်။

"ဒီမှာ . . . မောင်၊ သူ့ကိုဖွင့်ပြောတယ် မပြောဘူးဆိုတာ



ကျွန်မဘက်က ကိစ္စပါ၊ မောင်နဲ့ ဘာမှ မသက်ဆိုင်ပါဘူး၊ ကျွန်မသူ့ကို ဖွင့်ပြောသည်ပဲဖြစ်စေ . . . မပြောသည်ပဲဖြစ်စေ၊ အဲဒီကိစ္စကို မောင် ဘာမှ သိစရာမလိုဘူး"

"ဘာဖြစ်လို့ မလိုရမှာလဲ၊ သိဖို့လိုတာပေါ့၊ ဒီမှာနှောင်း . . . မောင်က ချစ်တယ်လို့ ပြောခဲ့တဲ့ မိန်းမတစ်ယောက်ဟာ လွတ်လပ်ပြီး အနှောင်အဖွဲ့ကင်းတဲ့ မိန်းမတစ်ယောက်မဟုတ်ဘူးလို့ မောင်သိနေတယ်၊ နှောင်းဟာ သူနဲ့ လူသိရှင်ကြားချစ်သူတွေ၊ မောင်က နှောင်းကို သူ့ရဲ့ပိုင်ဆိုင်ခွင့်ထဲက အတင်းလုယူခဲ့တာ၊ မောင့်မှာ အပြစ်ရှိတယ်၊ ခံတယ်၊ ဒါပေမဲ့ . . . အဲဒီအပြစ်ကို ဆက်ပြီး ကြီးထွားအောင် မောင် လုပ်နိုင်ဘူး၊ သူနောက်ကွယ်မှာ သူ မသိဘဲ မောင်တို့ ဖောက်ပြန်စွာ ချစ်နေကြတယ်လို့ အပြောမခံနိုင်ဘူး၊ နှောင်း . . . သူ့ကို ဖွင့်ပြောရမယ်၊ အသိပေးကိုပေးပြီး . . . လမ်းခွဲရမယ်၊ ဒါပဲ"

"မောင် . . . ကျွန်မကို လာအမိန့်မပေးနဲ့၊ ဒီကိစ္စက ကျွန်မရဲ့ လွတ်လပ်ခွင့်ပဲ၊ ကျွန်မက ပြောဖို့လိုအပ်တယ်ထင်မှ ပြောမယ်"

"နှောင်း . . . ဘယ်လိုဖြစ်နေတာလဲ၊ ဒီကိစ္စက နှောင်းနဲ့ မောင်တို့နှစ်ယောက်စလုံးရဲ့ ဂုဏ်သိက္ခာအတွက် ပြောနေတာကွ၊ သူ့နောက်ကွယ်မှာ သူ မသိအောင် မောင်က နှောင်းကို လုယူခဲ့တာ မောင် ဘယ်လောက်ယုတ်ညံ့တဲ့ ယောကျ်ားတစ်ယောက် ဖြစ်နေပြီလဲ၊ နှောင်းလည်း ဘယ်လောက်ဂုဏ်သိက္ခာကျနေပြီလဲ၊ ဒီကိစ္စ နှောင်း . . . သူ့ကို ပြောကိုပြောရမယ်"

"ဂုဏ်သိက္ခာကျမှာကို မောင် အဲဒီလောက်ကြောက်နေရင် ဘာဖြစ်လို့ ကျွန်မ,ကို သူ့လက်ထဲက လုယူခဲ့သေးလဲ၊ ချစ်တယ်လို့ ဘာကြောင့် ပြောခဲ့သေးသလဲ၊ ဂုဏ်သိက္ခာမရှိတဲ့အလုပ်ကို လုပ်ခဲ့ပြီးမှ

www.burmeseclassic.com

www.burmeseclassic.com



တော့ ဂုဏ်သိက္ခာမရှိဘူးလို့ အပြောခံရမှာပဲ၊ အဲဒါ ဘာကြောက်စ
လိုလဲ"

"နှောင်း . . ."

မောင့်မျက်လုံးများက စူးစူးရှရှ သူမ,ကို စိုက်ကြည့်သည်

"နှောင်း . . မောင့်ကို ဒေါသထွက်အောင်လုပ်နေတာလား

"မောင်ကသာ . . . ကျွန်မ,ကို ဒေါသထွက်အောင်လုပ်
တာ"

"နှောင်းက ဘာကိစ္စ ဒေါသထွက်နေရတာလဲ၊ နှောင်း . . .
သူ့ကို ဖွင့်ပြောရမယ့်အလုပ်ဟာ ဘာကိစ္စ ဒီလောက်ခက်ခဲနေရတာ
မောင့်ကို တကယ်ချစ်တယ်ဆိုရင် သူ့ကို လမ်းခွဲတဲ့စကား နှော
ပြောကိုပြောရမယ်၊ ဘာလဲ . . . နှောင်းက သူ့ကို မပြတ်တဲ့သဘော
လား၊ မောင်နဲ့သူ နှစ်ယောက်စလုံးကို နှောင်းက ချစ်သူတွေအဖြ
ကြိုးရှည်ရှည်နဲ့ လှန်ထားပြီး ခေါင်းခေါက်ရွေးမလို့လား . . ဟုတ်လား

သူမ, ဆက်လက်သည်းမခံနိုင်တော့ဘဲ အသံကျယ်ကျယ်
မောင့်ကို အော်ထုတ်မိလိုက်သည်။

"မောင် . . . ကျွန်မကို မစော်ကားနဲ့"

"နှောင်းကသာ မောင့်ကို အကြိမ်ကြိမ်စော်ကားနေတာ"

"မောင် . . . ဘာဖြစ်လို့ အခုမှ သိပ်ဂုဏ်သိက္ခာရှိ
ယောက်ျား ဖြစ်ချင်နေရလဲ၊ မောင်ရော ကျွန်မရော ဂုဏ်သိက္ခာမဲ့
ကိုယ့်ရဲ့ချစ်သူ အိမ်ထောင်ဖက်အသီးသီးအပေါ် သစ္စာဖောက်ခဲ့ကြပြီး
ဘာဖြစ်လို့ အမြှစ်ကင်းစင်စွာ ဖြူစင်နေသယောင် ဟန်ဆောင်ပြကြဦး
မှာလဲ၊ အပြစ်တစ်ခုဟာ အပြစ်တစ်ခုပဲ၊ ဘာမှ ပြန်လည်ပြင်ဆင်
ရတော့တာလည်း မဟုတ်ဘူး၊ အမည်းစက်ဆိုတာကို ဒီအတိုင်း ထ



ထိုက်စမ်းပါ မောင် . . .၊ ဖုံးကွယ်ဖို့ မကြိုးစားစမ်းပါနဲ့၊ အမည်းစက်
ရှိနေတဲ့လူထက် အဲဒီအမည်းစက်ကို ဖုံးကွယ်ဖျောက်ဖျက်ဖို့ ကြိုးစား
နေတဲ့လူကသာ ပိုကြောက်စရာကောင်းတာပါ"

"မောင်က အမည်းစက်ကို ဖျောက်ဖျက်ဖို့ ကြိုးစားနေတာ
မဟုတ်ဘူး၊ မောင်နဲ့နှောင်းတို့ ချစ်သူဘဝမှာ လိပ်ပြာသန့်သန့်နဲ့ ရှေ့
ဆက်ခရီးလျှောက်နိုင်ဖို့ မောင်က ပြောနေတာ။ အဲဒီလမ်းခွဲတဲ့စကားကို
နှောင်းကရော ဘာဖြစ်လို့ သူ့ကို ဖွင့်မပြောနိုင်လောက်အောင် ခက်ခဲ
နေရတာလဲ၊ ဘာကိစ္စ ဒီလောက်ပြောရခက်နေတာလဲ၊ ဘာမှ ခက်ခဲ
စရာမရှိတဲ့ အကြောင်းကို . . ."

သူမ ခပ်လျှောင်လျှောင်ရယ်သံနဲ့ မောင့်ကို ကြည့်ပစ်လိုက်ပါ
သည်။

"ဟုတ်လား . . . မခက်ခဲဘူးလား၊ ကဲ . . . ဒါဖြင့် ပြောပါဦး
. . . မောင်၊ မောင်ကရော မောင့်ဘက်က ဥဩဆိုတဲ့မိန်းကလေးကို
မောင်နဲ့ကျွန်မချစ်သူတွေ ဖြစ်သွားပြီဆိုတဲ့ . . . အကြောင်း၊ သူ့ကို
လက်မထပ်နိုင်တော့ဘူးဆိုတဲ့အကြောင်း ဖွင့်ပြောပြီးသွားပြီလား၊ အဲဒီ
ကိစ္စကိုရော . . . မောင် လွယ်လွယ်ကူကူပဲ လုပ်လိုက်နိုင်ပြီလား"

မောင့်ရဲ့မျက်လုံးများက ရုတ်တရက် ငြိမ်သက်အေးစက်သွား
လေသည်။ သူမမျက်နှာကို စိုက်ကြည့်နေသော မောင့်အကြည့်တွေ
သည် ချက်ချင်းစူးရှကြေမွသွားဟန် ရှိသည်။

မောင့်ကို နာကျင်အောင် လုပ်လိုက်မိပြီ။ အို . . . ဒါပေမဲ့
မောင်ဟာ အဲဒီလို နာကျင်မှုမျိုးနဲ့ ထိုက်တန်တယ်။

"လတ်စသတ်တော့ နှောင်းက အဲဒါကို မကျေနပ်နေတာ
ကိုး"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဟာ မကျေနပ်မှုတစ်ခုဆိုရင် ဒီအကြောင်းအရာ ဘယ်သူက စတင်လာတာလဲ . . . မောင်"

"ဒီမှာနှောင်း . . . မောင်နဲ့ ဥဩဟာ နှောင်းနဲ့ကိုမြတ်မွန် ရဲ့ အခြေအနေနဲ့ တူညီတဲ့ကိစ္စ မဟုတ်ဘူး၊ ဒါကို တန်းတူသဘောထ ပြီး လိုက်ယှဉ်ပြောနေလို့ မရဘူး၊ မောင်နဲ့ဥဩက လူကြီးမိဘ အားလုံးက သဘောတူစေ့စပ်ထားခဲ့တာ၊ လူကြီးတွေအားလုံး စီ ထားတဲ့ကိစ္စကို မောင်က ဖုန်းတစ်ချက်ကောက်ဆက်လိုက်ရုံနဲ့ ပျက်သွားမှာ မဟုတ်ဘူး၊ ဥဩ ဒီအကြောင်းပြောဖို့က မောင် အချိန်အများကြီး စောင့်ရဦးမယ်"

"ကဲ . . . ဒါဖြင့် မပြတ်သားတဲ့သူက ဘယ်သူလဲ မော နှောင်းလား . . . မောင်လား"

မောင်က ခေါင်းကို ဆတ်ခနဲ ခါသည်။

"ဟာကွာ . . ဥဩကို မောင်နဲ့နှောင်းအကြောင်း ပြောလိုက် ရင် အကုန်ရှုပ်ကုန်မယ်၊ ဥဩဆီကနေ သူ့မိဘတွေ သိမယ်၊ မောင့်မိဘ တွေ သိမယ်၊ မောင်တို့ ကျောင်းမပြီးသေးခင် အနာဂတ်အတွက် ဘာ အဆင်သင့်မဖြစ်သေးခင် မောင်တို့နှစ်ယောက်ကို သူတို့ခွဲဖို့ ကြိုးစာ လိမ့်မယ်၊ နှောင်း . . . အဲဒီလောက်လေးမှ ကြိုမတွေးတတ်ဘူးလား"

"ဒါဖြင့် မောင်က ဥဩကို စေ့စပ်ထားတဲ့ မိန်းကလေးတ ယောက်အနေနဲ့ ဆက်ပြီးလက်တွဲထားဦးမယ်၊ တစ်ချိန်တည်းမှာ ကျွန်မ ကိုလည်း ချစ်သူတစ်ယောက်အဖြစ်နဲ့ ဘေးနားမှာထားပြီး သာ ယာမှု ရှာဦးမယ် . . . ဒီလိုလား"

"နှောင်း . . မောင်ပြောတာ ခ ကို နားမလည်သေးဘူးလား"

"နားလည်တာပေါ့၊ နားလည် မောင်နဲ့ဥဩကြားမှာ



ဘာမှဝင်မပြောဘဲ နေခဲ့တာပါမောင်၊ မောင်လည်း ဘာမှမသက်ဆိုင် တဲ့ ကိုမွန်ကို ရန်လုပ်မနေပါနဲ့"

"ဒါ . . . ရန်လုပ်တာ မဟုတ်ဘူး၊ နှောင်းက ကိုမွန်ကို လမ်း ကား ပြောလိုက်တာ ဘာမြဲသနာမှ ရှိမလာနိုင်ပေမယ့် ဥဩကို မောင်က အဲဒီလို လွယ်လွယ်လေးနဲ့ ဖြတ်ပစ်လို့ လုံးဝမရဘူး၊ မောင်နဲ့ ဥဩက လူသိရှင်ကြား စေ့စပ်ထားတာ၊ ပြီးတော့ . . . ပြီးတော့ . . . သူက မောင့်ကို အရမ်းချစ်နေတယ်"

"ဩော် . . . ဟော့"

သူမ . . . ခါးသီးစွာ ခပ်မဲ့မဲ့ပြုံးရင်း မောင့်ကို စိုက်ကြည့် လိုက်ပါသည်။

"ဒါဖြင့် မောင်က ကိုမွန်ကိုတော့ လွယ်လွယ်တလေးနဲ့ ဖယ် ထုတ်ပစ်လို့ ရမယ်လို့ ထင်နေတာပေါ့လေ"

"မောင် . . . ဒီလိုသဘောနဲ့ ပြောတာ မဟုတ်ပါဘူး"

"ဒီသဘောပါပဲ၊ မောင်ပြောတာ ဒီအဓိပ္ပာယ်နဲ့ပြောနေတာပါ မောင်ဟာ ဘယ်တော့မှ သူများဘက်ကို လှည့်မကြည့်တတ်ဘူး၊ အမြဲတမ်း ကိုယ့်အတွက်သာကြည့်တဲ့ တစ်ယူသန် အတ္တသမားပဲ၊ မောင်နဲ့ဥဩကြားမှာ ရုတ်တရက် ဖြတ်တောက်ပစ်လို့ မရနိုင်တဲ့ကြိုး တွေ ရှိသလို ကျွန်မနဲ့ကိုမွန့်ကြားမှာလည်း ရှိတာပဲမောင်၊ မောင့်ကို ဥဩက သိပ်ချစ်သလို ကျွန်မကိုလည်း ကိုမွန်က သိပ်ချစ်တာပါပဲ၊ ကိုမွန့်ကို ကျွန်မက ဘယ်လိုစကားလုံးနဲ့ပဲပြောပြော၊ ဘယ်လို အချိုသာ ဆုံးနည်းပဲ နှုတ်ဆက်နှုတ်ဆက် . . . သူ ဘယ်လိုခံစားသွားရမယ် သူ့ ဘယ်လောက် နာကျင်ထိခိုက်သွားမယ်ဆိုတာ မောင် မတွေးတတ်ဘူး၊ ကိစ္စကို စတိုးဆိုင်မှာ ပစ္စည်းတစ်ခုကောက်ယူကြည့်ပြီး မဝယ်ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



ရင်မြန်ချထားလို့ရတဲ့ အဖြစ်အပျက်လို မောင်သဘောထားနေတယ်"

"ဒါဖြင့် . . . နှောင်းက သူ့ကို သနားနေသေးတယ်ပေါ့"

"သနားသင့်ရင် သနားရမှာပဲ . . ."

"နှောင်းက . . . သူ့ကို ဘယ်အချိန်ထိ သနားနေမှာလဲ"

"တစ်သက်လုံးပဲ သနား . . . သနား . . . အဲဒါမောင့်ကိ

မဟုတ်ဘူး"

"ဘာကွ . . . ဒါ . . . ဘာမှ သနားစရာကောင်းတဲ့ အပြ

မဟုတ်ဘူး . . . နှောင်း၊ ကိုယ်မချစ်နိုင်တဲ့လူကို မချစ်တော့ဘူးလို့ ပြေ

ပြီး လမ်းခွဲတဲ့နောက်မှာ ဘာမှ လှည့်ကြည့်စရာမလိုဘူး၊ သနားစ

လည်း မလိုဘူး၊ မောင် . . . ဥဩကို အခု မပြတ်နိုင်သေးဘူးဆို

မိဘအသိုင်းအဝိုင်းကြောင့်၊ ထောက်ထားစရာ မျက်နှာတွေကြော

နှောင်း . . . သူ့ကို မပြတ်နိုင်သေးတာက နှောင်းရင်ထဲကကို မပြ

သေးတာ၊ နှောင်းနှလုံးသားတစ်နေရာမှာကိုက သူ ကျန်နေသေးတာ

"ကျစ် . . ."

သူမ စိတ်ကုန်စွာ မောင့်ကို ကျောခိုင်းမိလိုက်သည်။

"တော်ပြီ . . . မောင်၊ မောင်ဟာ အသေးအဖွဲလေးတွေ

စ,ပြီး အထ,အန ကောက်နေတယ်၊ အလကားနေရင်း သဘောထ

သေးနေတယ်၊ ဒီကိစ္စကို ကျွန်မဆက်ပြောရင်လည်း မောင် ဘာ

နားလည်မှာမဟုတ်ဘူး၊ ကျွန်မတို့ အခု ဒီအကြောင်းကို မပြော

နေကြရအောင်"

မတ်တုပ်ထ,ရပ်စပြုနေသော သူမ,လက်ကို မောင်က ဖမ်း

သည်။

"နေဦး . . . အဲဒီလိုစကားကို အနိုင်ပိုင်ပြီး ထွက်မသွား



. . . နှောင်း၊ မောင်သိချင်တာ . . . နှောင်း . . . သူ့ကို အဲဒီလမ်းခွဲ

တား ဘယ်တော့ပြောမှာလဲဆိုတာပဲ . . . မောင် သိချင်တယ်"

"နေပါဦး . . . အဲဒီစကား သူ့ကိုမပြောဘဲနဲ့ မောင်နဲ့ကျွန်မ

တို့ ချစ်သူတွေဖြစ်လို့ မရဘူးလား"

"မရဘူး"

"ဘာဖြစ်လို့ မရတာလဲ မောင်၊ အကြောင်းပြချက်က . . ."

"အကြောင်းပြချက်က မောင့်ဂုဏ်သိက္ခာအတွက်ပဲ"

"အဲဒီဂုဏ်သိက္ခာဆိုတာက အချစ်ထက်ပိုအရေးကြီးသလား

ဟင်"

"နှောင်းအတွက် အရေးမကြီးပေမယ့် မောင့်အတွက် အရေး

ကြီးတယ်၊ လူ့ဘဝမှာ မောင်တန်ဖိုးအထားဆုံးက သိက္ခာတရားပဲ၊

ကိုယ်ကျင့်သိက္ခာဆိုတာ မရှိခဲ့ရင် လူတွေဟာ တိရစ္ဆာန်နဲ့ ဘာမှကွာခြား

မှာ မဟုတ်ဘူး၊ ဒါကြောင့် တစ်ခါတစ်ရံမှာ အချစ်ဆိုတာကို ဂုဏ်

သိက္ခာရဲ့ နောက်မှာ ထားသင့်ရင်လည်း ထားရမယ်"

သူမ ဟက်ဟက်ပက်ပက်ရယ်မောလိုက်တော့ မောင်က

မျက် မှောင်ကျုံ့၍ ကြည့်သည်။ သူမ, ရယ်သံတွေကြားကပဲ မောင့်ကို

ပြန် ပက်လိုက်ပါသည်။

"ဒါဖြင့် . . . ချစ်သူရှိပြီးသား ကျွန်မ,လို မိန်းမတစ်ယောက်

ကို မောင့်နှလုံးသားက စွဲစွဲလမ်းလမ်း ချစ်နေပါတယ်ဆိုတဲ့ ကိစ္စက

ရော ဂုဏ်သိက္ခာရှိတဲ့ကိစ္စတစ်ခုပဲလားဟင်၊ အဲဒီမိန်းမကို မောင်က

ဆက်ထပ်ဦးမယ်ဆိုတာကရော . . . ဂုဏ်သိက္ခာတွေ သိပ်ရှိတာပဲလား"

"နှောင်း . . ."

သူ့မျက်နှာတစ်ခုလုံး ချက်ချင်းနီမြန်းဆူပွက်သွားလျက် စူးရှ

www.burmeseclassic.com

www.burmeseclassic.com



စွာအော်ဟစ်ပါသည်။ သူမပခုံးနှစ်ဖက်ကို တင်းကျပ်စွာ သူ လာရောက် ဆုပ်ကိုင်ပြီး သူမ တစ်ကိုယ်လုံးလှုပ်ခါနေတဲ့အထိ ခပ်ကြမ်းကြမ်း ယမ်းလိုက်သည်မှာ သူမအမြင်တွေ မူးဝေနောက်ကျိသွားစေအောင်ပ

"နှောင်း . . . ဘာဖြစ်နေတာလဲ၊ မောင့်ကို နှောင်း နာကျင် စေချင်တာလား၊ မောင့်ဆီက နှောင်း ဘာလိုချင်နေတာလဲ၊ ပြောစမ်း ပြောစမ်း . . . မောင့်ဆီက အရှုံးကိုလိုချင်တာလား၊ နှောင်းရဲ့ ခြေဖဝါး အောက်မှာ မောင့်ကိုထားချင်တာလား . . . ပြောစမ်းပါကွ"

သူမ, မောင့်ကို ဆောင့်တွန်းပစ်လိုက်သည်။

"မောင် . . . ကျွန်မ,ကို အဲဒီလို မဆက်ဆံနဲ့၊ ကျွန်မ မောင့် ဆီက ဘာမှမလိုချင်ဘူး၊ ကျွန်မ လိုချင်ခဲ့တာ မောင့်ဆီကအချစ်တစ် ခုတည်းပဲ၊ ဒါပေမဲ့ မောင်က ကျွန်မကို အချစ်နဲ့အတူ သံသယတွေ စွပ်စွဲမှုတွေ၊ ဝန်တိုမှုတွေ နာကျင်စေမှုတွေ . . အားလုံးကို ရောယှက် ပေးနေတယ်၊ မောင် . . . ဘာဖြစ်လို့ ကျွန်မရဲ့အတိတ်ကို ခဏခဏ ခလုတ်တိုက်နေရသလဲ၊ ဘာကိစ္စ . . . အဲဒီ ကိုမွန့်အကြောင်း မောင့်ခေါင်းထဲမှာ ထည့်ထားရသလဲ၊ အခုအချိန်မှာ ကျွန်မ မကြားချင် ဆုံး နာမည်တစ်ခုဟာ အဲဒီမွန်မြတ်ဆိုတဲ့ ယောက်ျားတစ်ယောက် အမည်ပဲ၊ ကျွန်မတို့ သူ့ကို မေ့ထားလို့ မရဘူးလား၊ ကျွန်မနဲ့မောင် ဖြစ်ခဲ့သမျှတွေ ထားခဲ့ပြီး အခုအချိန်ကစလို့ အပျော်ရွှင်ဆုံးဘဝနဲ့ ဆက်သွားလို့ မရဘူးလား၊ ကျွန်မတို့နှစ်ယောက်စလုံး အဲဒီမွန်မြတ် ဥသြဆိုတဲ့နာမည်နှစ်ခုကိုမေ့ထားပြီး ပျော်ရွှင်လို့မရတော့ဘူးလား . . မောင်၊ ဟင် . . . ပြောစမ်းပါဦး"

သူမ, တုန်လှုပ်စွာ အော်ဟစ်ပြောဆိုရင်း မျက်ရည်တွေ အလိုလို စီးဆင်းကျလာသည်။ သူမ တိတ်ဆိတ်စွာ ငိုကြွေးတာ



ောင်က အံ့အားသင့်စွာ ကြောင်အ,လျက် ငေးကြည့်နေသည်။

မောင့်ဆီက စကားသံ တော်တော်နဲ့ထွက်မလာ။ မောင့်အ က်ရှုသံတွေ ပြင်းထန်နေတာကိုတော့ သူမ, ကြားရသည်။

ရုတ်တရက် မောင်က သူမ,ဆီ ပြေးလာပြီး တင်းတင်းကျပ် ပ် ပွေ့ဖက်လိုက်ပါသည်။ မောင့်ရင်ခုန်သံတွေ အဆ,မတန် လှုပ်ရှား ပေါက်နေတာကိုလည်း မောင့်ရင်ခွင်မှာ သူမ,ပါးအပ်၍ ကြားလိုက် ပြီ။

သူမ တစ်ချက်ရှိုက်လိုက်မိသည်။ မျက်ရည်တစ်စက်က ောင့်ရင်အုံဘယ်ဘက်အပေါ်ပိုင်းပေါ် စိမ့်ဝင်နစ်မြုပ်သွားသည်။

သူမအသံတွေ တုန်ယင်လှိုက်ခါစွာ ဆက်ပြောလိုက်မိ၏။

"ကျွန်မတို့ အားလုံးကို မေ့ထားခဲ့လို့မရဘူးလား မောင်ရယ်"

မောင့်ဆီက နက်ရှိုင်းသော သက်ပြင်းချသံသဲ့သဲ့ သူမ ကြား ည်။ အဲဒီလို နွေးထွေးလုံခြုံတဲ့ မောင့်ရင်ခွင်ထဲမှာ သူမတစ်သက်တာ ခိုင်လို့ မရဘူးလားဟင် . .။ အားလုံးကို မေ့ထားပြီး တစ်လောက မှာ သူမနဲ့မောင် နှစ်ယောက်တည်းလေ။

မောင့်ဆီက အက်ကွဲနာကျင်သော ဖြေဆိုသံကို သူမ, စ းသည်။

"မောင်တို့ မေ့လို့ဘယ်ရမလဲ . . . နှောင်းရယ်"

"ဘာဖြစ်လို့လဲ"

"ဘာဖြစ်လို့လဲဆိုတော့ . . . အဲဒါ မောင်တို့ရဲ့ အတိတ်တွေ အတိတ်ဆိုတာ တစ်ချိန်မှာ သမိုင်းဖြစ်သွားလိမ့်မယ်၊ လူတစ် ောက်ရဲ့ သမိုင်းဆိုတာ ဘယ်တော့မှ ဖျောက်ဖျက်ပစ်လို့မရဘူး ား၊ လူတစ်ယောက်ဟာ ကောင်းတာလုပ်ခဲ့သည်ဖြစ်စေ၊ ဆိုးတာ

BURMESE CLASSIC .com

www.burmeseclassic.com

လုပ်ခဲ့သည်ဖြစ်စေ အားလုံးသူ့ရဲ့သမိုင်းမှာ ကျန်ရစ်ခဲ့လိမ့်မယ်၊ သမိုင်းဆိုတာ အမှန်တွေချည်းရေးပြီး အမှားတွေကို ဖျောက်ဖျက်ဖုံးကွယ်ပစ်လို့ရတဲ့ အရာတစ်ခု မဟုတ်ဘူးလေ၊ ကိုယ်လုပ်ခဲ့တဲ့ အမှားတွေကို ကိုယ့်သမိုင်းမှာ မကျန်ရစ်အောင်၊ လူတွေ မေ့လျော့သွားအောင် ဖျောက်ဖျက်ပစ်နိုင်မယ်ဆိုရင်တောင် အဲဒီအမှားတွေကို . . ."

မောင့်လေသံသည် ကြေကွဲစရာကောင်းလောက်အောင် ဖိုန်ရီမောပန်းစွာ ထစ်ငေါ့သွားပါသည်။

"အဲဒီအမှားတွေကို ကိုယ်တို့နှလုံးသားထဲက ဘယ်တော့မှ မေ့လို့ရမှာ မဟုတ်ဘူး နှောင်း၊ ကိုယ်မှားခဲ့မှန်း ကိုယ့်ဟာကိုယ် အမြဲ သတိရနေလိမ့်မယ်၊ အဲဒါကို . . ."

မောင်က သူမတစ်ကိုယ်လုံးကို သူ့ရင်ခွင်ထဲမှ လွှင့်ထွက်သွားမှာစိုးရိမ်သည့်အလား တင်းကျပ်စွာထွေးပိုက်ထားရင်း ထိုစကားကို ဆက်ပြောသည်။

"အဲဒါကို . . အဲဒါကို . . နှောင်တ . . လို့ ခေါ်တယ်လေ"

သူမ, မောင့်ကို မော့ကြည့်လိုက်သည်။ မောင့်မျက်ရည်ကို မြင်ရသည်။

"ကျွန်မတို့ ချစ်ခဲ့တာ အမှားတစ်ခုဖြစ်ခဲ့သလား . . . ဟင်"

အပြုံးငွေ့ငွေ့ကို မောင့်မျက်နှာပေါ်မှာ ဖျတ်ခနဲမြင်လိုက်ရ၏။

"တစ်ခါတလေကျတော့ လူတချို့ဟာ အဲဒီအမှားတွေထဲမှာပဲ တစ်သက်လုံး နေထိုင်သွားတတ်ကြပါတယ်"

# ထထိယယအမုန်း

www.burmeseclassic.com

"အချစ်ဆိုတာ. . . .

မင်းရဲ့နောက်ကျောကို

ထိုးစိုက်မယ့် ဓါးတစ်လက်ပဲ . . . ၊

ရှောင်တိမ်းဖို့အတွက်

စက္ကန့်အနည်းငယ်လောက်သာ

နောက်ကျသွားခဲ့ရင် . . .

မင်းနှလုံးသားရဲ့

အလယ်ဗဟိုတည့်တည့်မှာ

နစ်ဝင်သွားလိမ့်မယ် . . ."

# တစ်

"ကျွီ . . ."

ကားမောင်းနေသော သူမရော ဘေးမှာထိုင်လိုက်လာသော ါ ဘရိတ်ကို ဆောင့်အုပ်လိုက်၍ ရှေ့သို့ ငိုက်ကျသွားကြသည်။

ဒေါသတကြီး သူမ တောက်ခေါက်မိလိုက်သည်။

"တောက် . . . ကြည့်စမ်း . . . ကြည့်စမ်း၊ အဲ့ဒါ ဘာဖြစ်

သူမ၏မျက်လုံးများကလည်း သူမရဲ့ကားရှေ့က အတင်း ကျော်တက်ကာ ပိတ်ရပ်လိုက်သော အဲဒီဟွန်ဒါအိုဒက်ဆီ အနီ းလေးကို စူးစူးဝါးဝါး စိုက်ကြည့်ပစ်လိုက်၏။

ရှိလာကတောင် နှုတ်က ထုတ်ညည်းသည်။

"ဟ . . . ဒီကားက ဘာလဲကွ၊ ဘာလို့ ကျုပ်တို့ကို အတင်း တာလဲ၊ တိုက်မိတော့မှာပဲ"

သူမ,က ပို၍ဒေါသထွက်သည်။ သူမ,က အခုမှ ကိုယ့်ကားကို င်းတတ်ခါစ။ နောက်ဆုံးနှစ်အပိုင်း (ခ) လို့ခေါ်တဲ့ ( Fi- , II ) ကို ရောက်တော့မှ ဆေးရုံတွေ တစ်ခုကတစ်ခု ၍ သင်တန်းများ ခဏခဏ အပြေးအလွှားတက်ရတော့ မှာ ရှိတဲ့ ဒီအဖြူရောင်လီမိတက်ကို ကိုယ်တိုင်မောင်းယူလာဖို့ ၍ မွေးခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ယူလာခါစ,ဆို မြို့ထဲလမ်းရှုပ်ရှုပ်တွေမှာတောင် မောင်းက မရှိလို့ မမောင်းရဲခဲ့။ အခုလည်း စိတ်ရောဂါဆေးရုံကနေ မနက်အ ပိုင်း သင်တန်းပြီးလို့ သူမနဲ့ရှီလာ အတူကားကို ဖြည်းဖြည်းမောင် ပြန်လာတဲ့လမ်းမှာ နဝဒေးရုပ်ရှင်ရုံမီးပွိုင့်အကျော် ကမ္ဘာအေးဘု လမ်းမပေါ် အရောက်မှာ နောက်က ဟွန်ဒါအိုဒက်ဆီ အဲဒီအနီ ကားလေးက အတင်းဖြတ်ကျော်ပိတ်ရပ်လိုက်ခြင်း ဖြစ်သည်။

"ဟဲ့ . . . အဲဒီကားက ကျုပ်တို့ ဆေးရုံကထွက်လာကတ က ကပ်လိုက်လာတဲ့ကားပဲ၊ ဘာလဲ မသိဘူး . . . မယ်နှောင်း၊ လမ်းလား"

သူမနဲ့ရှီလာတို့နှစ်ယောက် စိတ်ရှုပ်ရှုပ်နဲ့ အဲဒီရှေ့က ကာ ပဲ ဝိုင်းကြည့်နေစဉ် ကားတံခါးပွင့်လာပြီး ဆင်းချလာတဲ့သူကို လိုက်တော့ နှစ်ယောက်စလုံး အံ့သြသွားရပါသည်။

ဆင်းလာတဲ့သူက မိန်းကလေး။

"ဟ . . . ဒီမိန်းမက ဘာလဲကွ၊ ကားမောင်းတာ ကြ ချည်လား၊ တော်တော်ရမ်းတဲ့ ငနဲမပဲ"

ရှီလာ့ရဲ့အပြစ်တင်နေသံကြားမှာ သူမလည်း ဒေါသ ဆူပွက်လာသည်။

"အေးလေ . . . ဒီမှာ . . . ကားစ,မောင်းခါစ,မို့ ဖြည်း လေး မောင်းနေလို့ပေါ့၊ နို့မို့ဆို တိုက်မိတယ်၊ ဒီမိန်းမက ဘာ တာလဲ"

သူမတို့ စကားပြောနေစဉ်မှာပင် အဲဒီမိန်းမက သူမ,တို့ ဆီ ကြွကြွလေး လှမ်းလာသည်။

အဲဒီလှမ်းလာတဲ့ မိန်းမရဲ့ပုံစံကို . . . ကြည့်ဦး။



တစ်စက်ကလေးမှလည်း ထောင့်မကျိုး။ ဆံပင်တွေက အနက်ရောင်မဟုတ်ဘဲ နီညိုရောင် သမ်းနေတဲ့အထဲမှာ ဖွဲလန်ကြဲပြီး ခုံးကျော်အောင် ရှည်လျားကောက်ကွေးနေသည်။ ခပ်ကြွမ်းကြွမ်း ိုက်နေတဲ့ လေပြင်းများအောက်မှာ အဲဒီမိန်းမရဲ့ဆံပင်တွေရော ည်တိုင်မှာချည်ထားတဲ့ ခရမ်းရောင်ပုဝါစ,ကရော တဖျတ်ဖျတ် လွင့် ျာနေ၏။

အဲဒီမိန်းမမျက်နှာပေါ်က (D & G) နေကာမျက်မှန်ကလည်း ရမ်းရောင်။ နှုတ်ခမ်းတွေကလည်း ခရမ်းရောင်စိုစို (Moisture ay)။

ဝတ်ထားတာက တစ်ကိုယ်လုံး အနက်ရောင်ဖြစ်သည်။ သို့ မယ့် လုံးဝ မြန်မာမဆန်။ ခန္ဓာကိုယ်နဲ့ ချပ်ရပ်နေတဲ့ အကျီအောက် ာ စတိုင်လ်ဘောင်းဘီပျော့အိအိပုံကျကျက အဲဒီမိန်းမရဲ့ ပိန်သွယ် ည်လျားနေတဲ့အရပ်နဲ့ လိုက်ဖက်သလိုရှိပေမယ့် စီးထားတဲ့ ရှူးဖိနပ် သေးသေးက လေးလက်မလောက် မြင့်နေတာကတော့ တစ်ဆိတ် န်လွန်းသည်။

အဲဒီမိန်းမက ပလက်ဖောင်းပေါ်မှာ ဒေါက်ဖိနပ်သံ ,တ ာက်ထောက်မြည်အောင်လှမ်းရင်း သူမတို့ကားဆီ တန်းတန်းမတ် ်လျှောက်လာတော့ သူမရော ရှီလာပါ အံ့အားသင့် မှင်တက်မိနေ ပါသည်။

ကားမောင်းသူ သူမရဲ့ဘေးဖက်ပြတင်းပေါက်မှာ လာရပ်ပြီး ်ကို ငုံ့ကိုင်းကာ အဲဒီမိန်းမက စတင်စကားပြောသည်။

"ယူက . . . ရှင်နှောင်းဆိုတာလား . . ."

ရုတ်တရက်မို့ သူမ . . . အရမ်းအံ့သြသွားသည်။ အဲဒီမိန်းမ

www.burmeseclassic.com

www.burmeseclassic.com



ရဲ့ ခရမ်းရောင်မျက်မှန်ကြည်ကြည်လေးနောက်က စူးရှရှမျက်လုံးအစုံကို သူမ ဖျတ်ခနဲ မော့ကြည့်လိုက်ရင်း . . ။

"မှာတ်တယ် . . ."

"ယူ့ကို အိုင် . . . စကားနည်းနည်းလောက် ပြောစရာရှိလို့"

"ဒါပေမဲ့ . . . ရှင့်ကို ကျွန်မ . . . မသိပါလား"

အဲဒီမိန်းမက ဟက်ခနဲ ရယ်ရယ်ရယ်သည်။

"ဟုတ်သားပဲ၊ အိုင်က အင်ထရိုဂျူ့စ် (Introduce) လုပ်ဖို့ မေ့နေလိုက်တာ၊ အိုင့်နာမည်က . . . ဥညြဆိုရင် ယူ သိမလား"

သူမ, နားထဲမှာ ဝုန်းခနဲ ပေါက်ကွဲသွားသည်။

အဲဒီနာမည်တစ်ခုကို သူမ,ဘဝထဲမှာ မေ့လျော့ဖျောက်ဖျက်ပစ်ဖို့ ကြိုးစားနေတာ ကြာလှပြီ။ ယခုမှပင် . . . ဘွားခနဲ သူမရှေ့မှာ လူကိုယ်တိုင် ဘာကြောင့် ပေါ်လာရသလဲ။ အဲဒီလောက်ကြီး မြန်ဆန်လိမ့်မယ်လည်း ထင်မထားတာမို့ သူမ,မျက်နှာ ဟန်မဆောင်နိုင်လောက်အောင် ထိတ်လန့်ပျက်ယွင်းသွားပါလိမ့်မည်။

ဘေးမှာထိုင်နေတဲ့ ရှီလာတောင် မျက်နှာခပ်ပျက်ပျက် ဖြစ်လာသည်။ အဲဒီ ဥညြဆိုတဲ့မိန်းမ . . . ဘယ်တုန်းက မြန်မာပြည်ပြန်ရောက်လာတာလဲ၊ မောင် . . . ။ မောင် . . . သူမ,ကို ဘာမှကြိုတင်ပြောမပြခဲ့ပါလား . . . ။

မျိုသိပ်လျှို့ဝှက်လွန်းသော မောင့်ကို သူမ, အခုမှ ဒေါသအကြီးအကျယ်ထွက်လာသည်။ အဲဒီမိန်းမက သူမ,နာမည်ကို သိနေတယ်။ ပြီးတော့ သူမ ကားနံပါတ်ကိုတောင် သိနေပုံရတယ်။ ဘယ်လိုသိနေတာလဲ။

ဘာပဲဖြစ်ဖြစ် . . . သူ . . . ငါ့ကို ဒီလိုမျိုး လာဆုံတွေ့



လိုအပ်မှာပါဘူး။ သူမ,ခေါင်းထဲမှာ မေးခွန်းများစွာနဲ့ နောက်ကျိရှုပ်ထွေးသွားပြီး အဲဒီ "ဥညြ . . . "ဆိုတဲ့ မိန်းမရဲ့ မျက်နှာကို ခပ်တည်တည် ပြန်စိုက်ကြည့်လိုက်သည်။

"ကျွန်မတို့နှစ်ယောက်ကြားမှာ ပြောစရာစကား မရှိဘူးထင်တယ်"

"ယူ့ဖက်ကတော့ . . . ဟုတ်မှာပေါ့၊ အိုင့်ဖက်က ရှိတာ"

"ဘာကိစ္စလဲ . . . "

"တစ်နေရာရာမှာ အေးအေးဆေးဆေး သွားပြောရအောင်၊ ပြီးတော့ . . . "

ဥညြက သူမရဲ့ဘေးမှာထိုင်နေတဲ့ ရှီလာကို ဖျတ်ခနဲ လှမ်းကြည့်သည်။

"နှစ်ယောက်ချင်းမှ ပြောလို့ကောင်းမယ့် စကားတွေ . . . "

သူမ,မျက်နှာကို ခပ်တင်းတင်းစေ့ပစ်လိုက်၏။

"ဒါ . . . ကျွန်မရဲ့အချစ်ဆုံးသူငယ်ချင်း ရှီလာပါ၊ ကျွန်မတို့ဟာ ဟိုးငယ်ငယ်ကလေးကတည်းက တွဲလာတာ၊ ကျွန်မရဲ့ကိုယ်ရေးကိုယ်တာကိစ္စအားလုံး သူ သိတယ်၊ ရှင်ပြောချင်သမျှ စကားအားလုံးကိုလည်း သူ့ရှေ့မှာ ကျွန်မကို ပြောလို့ရပါတယ် . . . ဥညြ"

ဥညြရဲ့ ခရမ်းရောင်နှုတ်ခမ်းတွေက စိုလက်တောက်ပစွာ ပြုံးလိုက်လေသည်။ အဲဒီမိန်းမအပြုံးက တော်တော်ဆွဲဆောင်အားကောင်းသားပဲ။

ဘုရားရေ . . . ။ ဒီမိန်းမက မောင်နဲ့စေ့စပ်ထားတဲ့ မိန်းမနော်။

မောင် . . . အဲဒီလိုမိန်းမမျိုးဆီက စွန့်ခွာပြေးရတဲ့သတ္တိ ရှိ

www.burmeseclassic.com

www.burmeseclassic.com



ပါမလား။ သူမ့ရင်တွေ အဆမတန် ပူလောင်လာလေသည်။ ဒီမိန်းမ
ကို မောင် . . . လုံးဝမချစ်ခဲ့ဘူးဆိုတာ ဖြစ်နိုင်ချေရှိရဲ့လား။

ဉညြကတော့ အပြုံးလေးတစ်ခုနဲ့ စကားကိုဆက်ပြောနေပြ
သည်။

"ကောင်းပြီလေ . . . ဒါဆိုလည်း စားသောက်ဆိုင်တစ်ခုခု
. . ."

"ဟင့်အင်း . . ."

သူမ့က ဉညြစကားကို ဖြတ်၍ ခပ်မာမာငြင်းချပစ်လိုက်
သည်။

"ကျွန်မတို့မှာ အချိန်လုံးဝမရှိဘူး . . . ဉညြ၊ အခု ဆေး
တစ်ခုကနေ နောက်ဆေးရုံတစ်ခုကိုကူးပြီး စာသွားသင်ရမှာ၊ ဒီနေရာ
မှာပဲ ပြောလိုက်ရင် မပြီးဘူးလား၊ ဒါနဲ့ . . . ရှင့်ကိစ္စကရော . . .
ဘယ်လောက် အရေးကြီးသလဲ၊ ပြီးတော့ . . ."

သူမ့ရဲ့နှုတ်ခမ်းထောင့်လေးကို အနည်းငယ်ကွေးညွတ်ပြ
၍ မေးလိုက်မိသည်။

"ပြီးတော့ . . . ဘယ်သူ့အတွက် အရေးကြီးတာလဲ၊ ရှ
အတွက်လား . . . ကျွန်မအတွက်လား . . ."

ဉညြရဲ့သေးမျှင်စွာ ဆိုးထားသော မျက်ခုံးတွေ မြင့်တ
သွားလေသည်။ "အိုး . . . ဟိုး . . . ဟိုး . . ." ဟု နှုတ်ခမ်းထဲ
ကပင် ထုတ်ရယ်လိုက်သေးသည်။ ပြီးတော့ ရယ်သံတစ်ဝက်နှင့်ပင်

"ယူက . . . အိုင့်ဆီမှာရော အချိန်တွေ အရမ်းပိုနေတ
လို့ ထင်ထားသလား၊ အိုင် . . . မြန်မာပြည်ပြန်ရောက်တာ နှစ်ရက်
ရှိသေးတယ်၊ အိုင့်မှာ လုပ်စရာတွေ အများကြီး ရှိသေးတယ်၊ ဒါပေ



အိုင်လုပ်ရမယ့်အလုပ်တွေထဲမှာ ယူနဲ့တွေ့ဆုံဖို့ကိစ္စကို နံပါတ်တစ်ထား
တာပါ။ အခုလည်း ယူ့ကို တမင်တကာလာတွေ့ဖို့ အိုင် မကြိုးစားရ
သေးပါဘူး၊ မြို့ငပဲဟောဝန်မှာ ဈေးလာဝယ်ပြီးအပြန် ယူ့ရဲ့ကားနံပါတ်နဲ့
ကားကို လမ်းပေါ်မှာ ဖျတ်ခနဲတွေ့တာနဲ့ အတော်ပဲဆိုပြီး အတင်း
နောက်ကလိုက်လာတာ၊ ယူ့အတွက်နဲ့လည်း အိုင်က အချိန်ဒီလောက်
ကြီး များများပေးမှာ မဟုတ်ပါဘူး၊ အခုဟာက . . . ကြုံလို့"

သူမစိတ်ထဲက ဒေါသထွက်သွားသည်။ ကြည့်စမ်း . . . ။
ဒါ . . . ငါ့ကိုစော်ကားနေတာပဲ။ အဲဒီမိန်းမက . . . ရှင်နှောင်းဆိုတဲ့
ကျွန်မဟာ မောင့်ရဲ့ဘဝမှာ ဒုတိယနေရာမှာပါဆိုတဲ့ ပုံစံမျိုးနဲ့ ငါ့ကို
စကားပြောနေတာ။

ဒင်း . . . သိစေရမယ်။ ဒါဟာ ပြိုင်ပွဲတစ်ခုဆိုရင် အရှုံးဟာ
သူ့အတွက်ပဲ ဖြစ်စေရမယ်ဆိုတာ။

"ကဲ . . . ဒါဆိုရင်လည်း ရှင့်ကိစ္စကို ဒီမှာပဲ မြန်မြန်ပြော
လိုက်လေ . . . ဉညြ၊ ကျွန်မ . . . ကူညီနိုင်တာဆို ကူညီပေးမှာပေါ့"

သူမက ကားထဲကနေမဆင်းဘဲ ခပ်လျှောင်လျှောင်လေး
ပြောလိုက်သည်။ ဉညြက နေကာမျက်မှန်ကိုချွတ်၍ ရင်ဘတ်အင်္ကျီစ
မှာ ချိတ်နေစဉ် အံ့အားသင့်သော မျက်နှာထား ဖြစ်သွားလေသည်။

"ဩော် . . . ယူက အိုင့်ကို အထင်မှားနေတာကိုး၊ ယူနဲ့အိုင့်
ဒါလင် . . . ဟိုလေ . . . အိုင်က သူ့ကို ဒါလင်လို့ပဲ ခေါ်တယ်၊ အဲ
. . . အဲဒီကိစ္စကို သိပြီးသွားလို့ ယူ့ကို နောက်ဆုတ်ခိုင်းဖို့ လာပြော
တယ် ထင်နေတာလား၊ မဟုတ်ဘူးကွ၊ ယူ မှားနေပြီ"

"အဲဒီကိစ္စ မဟုတ်ရင် ဘာလဲ . . . ဉညြ၊ ရှင်နဲ့ မောင်တို့
. . . အဲ . . . အဲ . . . ကျွန်မကလည်း . . . သူ့ကို မောင် . . . လို့

www.burmeseclassic.com

www.burmeseclassic.com



ခေါ်တယ်၊ အဲဒီမောင်နဲ့ ရှင်တို့မိဘတွေ သဘောတူစေ့စပ်ထားတ
ကို ကျွန်မက သိပြီးသားပဲ၊ ရှင်လာပြီ ကျွန်မ,ကို မကျွပ်တိုင်တယ်
နေတာဆိုရင်တော့ လက်လျှော့လိုက်ပါ . . . ဉညြ"

ဉညြက ဟက်ဟက်ပက်ပက် ရယ်လေသည်။ အဲဒီမိန်းမ
ရယ်သံတွေကိုက အနှောင့်အသွားမလွတ်အောင် ရယ်လည်းရယ်တ
ပါပေသည်။ ဉညြရဲ့ပခုံးနှစ်ဖက်က ဟန်ပါပါတစ်ချက်တွန့်လိုက်သေ
သည်။ ပြီးမှ . . .။

"ယူက . . . မာနတော်တော်ကြီးပုံရတယ်နော် . . .
ရှင်နှောင်း၊ ဟုတ်မှာပါ၊ ဒါကြောင့်မို့လည်း . . . ဒါလင်က . . ."

ဉညြရဲ့စကားတွေက ရယ်သံစွက်နေရာကနေ ခပ်တွေးသေ
ဖြစ်ကာ ရမ်တန့်သွားလေသည်။ ပြီးတော့ လေသံက ချက်ချင်းကို
လေးနက်တည်ငြိမ်သော အတည်အတန့်ပုံစံသို့ ကူးပြောင်းသွား

"ဒီမှာ . . . ရှင်နှောင်း၊ အိုင် မြန်မာပြည်ကနေ ထွက်မသွ
ခင်ကတည်းက ဒါလင့်ဆီမှာ တိတ်တိတ်ပုန်းရည်းစားတွေ မှိုလိုပေါ
အောင် ရှိနေတယ်ဆိုတာ အိုင်သိပြီးသားကွ၊ အိုင် . . . ဘယ်တုန်း
မှ . . . ဘယ်သူ့ဆီမှ လိုက်ပြီး မကျွပ်တိုင်တက်မပြခဲ့ပါဘူး၊ အိုင်
. . . ဒါလင့်ကို ခွင့်လွှတ်ပြီးသား၊ ယောကျာ်းဆိုတာ သူတို့နားမှာ မိန်း
တစ်ယောက်မရှိဘဲ နေတတ်ကြတဲ့သူတွေမှမဟုတ်တာ၊ အိုင်ကလည်
ဟိုက အမ်ဘီအေ (MBA) ဘွဲ့ကို အရမ်းလိုချင်နေတော့လေ၊
အနားမှာလည်း အမြဲရှိမပေးနိုင်ဘူး၊ ဒီတော့ . . . သူ့ဆီက အ
အပေးအယူတစ်ခုနဲ့ ကတိတောင်းပြီး ထွက်သွားခဲ့တာ၊ ဒါလင်
. . . ဒါလင် ဘယ်လောက်ရှုပ်ရှုပ် အိုင်ခွင့်လွှတ်မယ် . . . လို့ နော
ဆုံးတစ်နေ့ကျ၊ ဒါလင်လက်ထပ်မယ့်သူမှာ အိုင်ပဲ . . . ဖြစ်ပါစေ



ဒါလင်က . . . အိုင့်ကို ကတိပေးပြီးသားကွ၊ သူ့ကို အိုင် . . . စိတ်မချ
စရာ ဘာအကြောင်းမှမရှိဘူး"

သူမ . . . မျက်နှာကို အစွမ်းကုန်မဲ့ပစ်လိုက်သည်။

"ဒါဆိုလည်း . . . ရှင် . . . ဘာကိစ္စ ကျွန်မ,ကို စကားလာ
ပြောနေဖို့လိုသလဲ ဉညြ၊ ရှင့်ရဲ့ ဒါလင်ကို ရှင်စိတ်ချတတ်တယ်ဆိုရင်
အိမ်ပေါက်ဝ,မှာ ထိုင်ပြီး သူနဲ့လက်ထပ်မယ့်နေ့ကို ငုတ်တုတ်ထိုင်စောင့်
နေလိုက်ပေါ့၊ ဒါပဲရှိတယ် မဟုတ်လား"

"မဟုတ်ဘူး၊ အခု ယူ့ဆီလာတာ အိုင့်အကျိုးအတွက်လို့
ယူထင်နေတယ် မဟုတ်လား ရှင်နှောင်း၊ တကယ်က ယူ့အကျိုး
အတွက် အိုင် တမင်လာပြောပေးနေတာ၊ လာသတိပေးတာ"

"ကျွန်မ အကျိုးအတွက် . . . ဟုတ်လား"

သူမ, အံ့အားသင့်စွာပဲ ပြန်မေးလိုက်မိသည်။

"ဟုတ်တယ်"

ဉညြရဲ့ မျက်နှာက ယခုမှ တကယ်လေးနက်သွားဟန်ရှိ ပြတ်သား
သည့် မျက်နှာထားနဲ့ ခေါင်းကို ဆတ်ခနဲ ညိတ်ပြလေသည်။

"အိုင်က အပေါင်းအသင်းဆန့်တယ်ကွ၊ ဟိုမှာ သွားနေနေ
ပေမယ့်လို့ မြန်မာပြည်ကအကြောင်းတွေ အိုင် အကုန်သိတယ်၊ အထူး
သဖြင့် ဒီက အိုင့်သူငယ်ချင်းတွေ ဒါလင့်အကြောင်းဆို ပိုစုံစမ်းထောက်
လှမ်းပေးတယ်၊ ဒါလင် . . . ဘယ်မိန်းကလေးနဲ့ တွဲနေပြန်ပြီ၊ အဲဒီ
မိန်းကလေးနာမည်က ဘယ်သူ၊ ဘယ်ကျောင်းမှာ တက်နေတာ၊ ဘယ်
လို ရုပ်မျိုးရှိတာ၊ ဘယ်မှာ နေတာကအစ အိုင် . . . အကုန်သိတယ်၊
ဘယ်သူနဲ့ ဖြတ်လိုက်ပြီး ဘယ်သူနဲ့ အသစ်တွဲနေပြန်ပြီဆိုတာလည်း
သတင်းအမြဲရောက်တယ်၊ ယူနဲ့ ဒါလင့်အကြောင်းကို အိုင် . . . ဟိုမှာ

www.burmeseclassic.com

www.burmeseclassic.com



ကာတည်းက . . . သိနေတာ၊ ယူ့အကြောင်းကိုလည်း အိုင်က စုံစမ်း ခိုင်းလို့ သူငယ်ချင်းတွေက အကုန်ပြောပြထားပြီးသား၊ ဒါကြောင့် ယူ့ရဲ့ ကားနံပါတ်က အစ . . . သိနေတာကြည့်လေ"

သူမ . . . စိတ်မရှည်တော့ပါ။

"ကဲ . . . ဦးသြ၊ ကျွန်မရဲ့အကျိုးအတွက်ဆိုတဲ့ ရှင့်ရဲ့စကား ကို အဓိကအကြောင်းရောက်အောင် ပြောပါ၊ မလိုတာတွေ မပြောပါနဲ့ တော့၊ ကျွန်မတို့မှာ အချိန်မရှိဘူး"

"အိုင် ပြောမှာပါ၊ တစ်ခုတော့ ရှိတယ်၊ မင်းနဲ့ဒါလင်က အခု အချိန်မှာ အပျော်သက်သက်တွဲပြီး သာယာမှုရှာနေကြတဲ့ ချစ်သူတွေ လား၊ ဒါမှမဟုတ် ယူ့ဘက်က တကယ့်ကို အချစ်စစ်စစ်နဲ့ မြတ်နိုးစွာ ချစ်နေခဲ့တဲ့ ချစ်သူတွေလား . . . အိုင် မသိဘူး၊ အဲဒါ ယူတို့ဘက် ကိစ္စ၊ အိုင်နဲ့ မဆိုင်ဘူး၊ အိုင်သိတာကတော့ ယူ . . . ဒါလင့်ကို သိပ် မယုံနဲ့ . . . သိလား၊ မင်းရဲ့မောင် . . . ဆိုတဲ့လူက မင်းကို လှည့်စား နေတယ်"

"ဘာ . . ."

ဒေါသတကြီး သူမ, ကုန်းအော်လိုက်မိသည်။ ဘေးနားက ရှိလာပင် ထိတ်လန့်တုန်လှုပ်စွာ မျက်နှာတွေ ပျက်ယွင်းသွားသည်။

သူမ စူးရှခက်ထန်စွာ ဦးသြကို မော့ကြည့်ရင်း ပြန်မေးလိုက် ရသည်။

"မင်း . . . ဘာကိုဆိုလိုတာလဲ . . . ဦးသြ"

"အိုင် . . . မြန်မာပြည် ပြန်ရောက်ရောက်ချင်း ဒါလင့်ကို မေးလိုက်တယ်၊ ဒါလင့် . . . နောက်ဆုံးချစ်သူက ရှင်နှောင်းဆိုတာ ဟုတ်လား . . . လို့မေးတော့ . . . သူ မငြင်းဘူး၊ ဝန်ခံတယ်၊ ဟုတ်



ယ် . . . တဲ့၊ အိုင် . . . အရမ်းအံ့သြသွားတယ်၊ သူ့ကို ပြန်မေး က်တယ်၊ ဒါလင် . . . ရှင်နှောင်းဟာ ဘယ်သူ့သမီးလဲဆိုတာ လင် သိရဲ့လား၊ ဒါလင်တို့ မိဘတွေနဲ့ သူ့မိဘတွေဟာ တကယ့်ကို ပြိုး ရန်ဘက်တွေ၊ အမုန်းတီးဆုံး လူသားတွေ မဟုတ်လား၊ ဒါလင် . . . ဘာလုပ်တာလဲ . . . လို့ အိုင် မေးလိုက်တယ်"

သူမ, မျက်နှာတွေ ပူနွေးနီမြန်းသွားရသည်။ ကြည့်စမ်း . . . တိစ္စကိုပါ ဒီမိန်းမက သိနေရပြန်သတဲ့။ ဘယ်လိုမိန်းမလဲ . . .။ သူတစ်ပါးရဲ့ အတွင်းရေးတွေ၊ ပုဂ္ဂလိက လွတ်လပ်ခွင့်တွေကို ချိုး ာက် ဝင်ရောက်ပြီး စုံစမ်းထားလိုက်တာ။

သူမ . . . ဦးသြကိုစိတ်နာနာနဲ့ လှမ်း၍ ငေါ့ထေ့လိုက်သည်။

"မင်း . . . သူများအကြောင်းတွေကို စပ်စုတာ တော်တော် ါသနာပါသလား ဦးသြ၊ တကယ်တော့ ကျွန်မနဲ့မောင်ရဲ့မိဘတွေ ာယ်လိုရန်ငြိုးပဲ ရှိရှိ . . . အဲဒါ ရှင့်ကိစ္စ မဟုတ်ဘူး၊ ရှင်နဲ့ဘာမှ မသက် ိုင်ပါဘူး"

"အို . . . ဆိုင်တာပေါ့၊ မင်းရဲ့ချစ်သူမောင်က အိုင်နဲ့စေ့စပ် ားတဲ့ ယောကျ်ားလေ၊ သူ ဘာပဲလုပ်လုပ် အိုင်က သိအောင် စုံစမ်း င့် ရှိတာပေါ့၊ အခု အိုင်က . . . အဲဒီအကြောင်း မေးလိုက်တော့ ူက ဘာပြန်ပြောတယ်မှတ်လဲ . . . ရှင်နှောင်း၊ ဟုတ်တယ်လေ . . ဲ့ ရှင့်နှောင်းဆိုတဲ့ မိန်းမဟာလည်း သူ . . . အမုန်းတီးဆုံးမိန်းမပဲ . . . တဲ့၊ အခု သူက သူ့မိဘအတွက်၊ သူ့အဖေအတွက် လက်စားချေ ချင်လို့ မင်းကို ချစ်ဟန်ဆောင်ပြနေတာ . . . တဲ့၊ တစ်ချိန်ကျရင် မင်း အသည်းကို ရက်ရက်စက်စက်ခွဲပြီး မင်းရဲ့မာနကိုချိုးချင်လို့ ဒီလိုလုပ် ာတဲ့"

www.burmeseclassic.com

www.burmeseclassic.com



သူမ့မျက်နှာတစ်ခုလုံး သွေးဆုတ်ဖြူဖျော့သွားပါလိမ့်မည်
သူမ ရင်ခုန်သံတွေ ရုတ်တရက် ရပ်တန့်သွားခဲ့သည်။
အေးစက်သွားသော သူမ့လက်ချောင်းတွေကို အေးနွေး
ရှိလာက နားလည်စာနာစွာ ချက်ချင်းလာရောက်ဆုပ်ကိုင်လေသည်
ဘာပြန်ပြောမှန်းလည်း မသိ။ နားထဲမှာ မယုံနိုင်လော
အောင် ဥဩရဲ့စကားတွေက ပဲ့တင်ထပ်နေသည်။ အဲဒါ . . .
တရွာယ်မဲလား။

အို . . . မဖြစ်နိုင်တာ၊ မောင်က သူမ့ကို လှည့်စားနေ
တဲ့လား။ မဟုတ်ပါဘူး။ မောင်က . . . နင့်ကိုလှည့်စားနေတာပဲ
မှာပေါ့ဟဲ့ . . . ဥဩရဲ့၊ နင့်ကိုပဲ လိမ်ပြောတာနေမှာပါ။ တော်းမ . . .
သူမ့ရင် ထဲမှ ရှုပ်ထွေးလာ
တင်းကျပ်ဆို့နင့်လာပြန်သည်။ နှုတ်ခမ်းကပြောဖို့ စကားလုံးတွေလ
ပျောက်ဆုံးဆွံ့အနေစဉ်မှာ အဲဒီဥဩဆိုတဲ့ မိန်းမကတော့ တကယ့်
ဘာမှနားမလည်၊ မသိသာ ဆိုးရွားစွာ စေတနာတွေ ပြည့်လျှမ်းနေ
လေသံမျိုးနဲ့ စကားဆက် ပြောနေခဲ့သည်။

"အဲဒါ . . . ယူ့ကို သတိပေးချင်လို့ အိုင်က တကူးတ
လာပြောနေတာပါ၊ ယူ သိမှာမဟုတ်ဘူး၊ ဒါလင်က . . . ယူ့ကို လှ
စားနေတာ၊ အဲဒါ ယူက . . . တကယ်နှလုံးသားပါ နစ်ဝင်ပြီး ကျွံ
မှာစိုးလို့၊ မိန်းကလေးအချင်းချင်း စာနာလို့ လာပြောတာနော် . . .
ရှင်နှောင်း၊ ယူ . . . ခကျွံစေနဲ့၊ ယောက်ျားတွေ့တာ မာယာများ
မိန်းမတွေထက် ပိုဆိုးတယ် . . . သိလား၊ အိုင်လည်း . . . တက
အံ့ဩတယ်ကွယ်၊ အိုင် . . . သိထားသလောက် ဒါလင်ဟာ
လောက်ယုတ်ညံ့တဲ့ ယောက်ျားမဟုတ်ပါဘူး၊ အခုတော့ . . .



. . . "

ကိစာတ်က . . .

သူမ . . . ဆတ်ခနဲခေါင်းကို ခါထုတ်ပစ်လိုက်သည်။

"မင်း . . . ပြောချင်တာ ဒီကိစ္စပဲ မဟုတ်လား ဥဩ၊ ကျွန်မ
သွားလို့ရပြီလား"

ဥဩက ကားရဲ့ပြတင်းပေါက်ပေါင်ပေါ်မှာ တင်ထားသော
ရဲ့လက်ကို တရင်းတနှီးဆုပ်ကိုင်လိုက်၍ သူမ အရမ်းအံ့ဩသွား
သည်။

"ရှင်နှောင်း . . . အိုင်ပြောတာကို . . . ယူ အလေးအနက်
ကြည်စေချင်တယ်၊ အိုင်က အိုင့်အကျိုး ဘာမှမပါဘဲ ပြောနေတာ
တာ ယူ့အပေါ် ဟန်ဆောင်ပြီးတော့ပဲ . . . ချစ်ခဲ့ ချစ်ခဲ့ တကယ်
တ်နိုးစွာ ချစ်နေတာပဲဖြစ်ခဲ့ဖြစ်ခဲ့ တစ်နေ့ကျရင် သူ . . . အိုင့်ကို
ကိုထပ်ရမှာက ရှောင်လွှဲလို့မရတဲ့ အဖြစ်တစ်ခုပဲ၊ ပြီးတော့ သေချာ
တာက အိုင် . . . သူ့ကို ဘယ်နည်းနဲ့မှ အဆုံးရှုံးမခံဘူး ရှင်နှောင်း၊
သိလား၊ အိုင်က . . . သူ့ကို အရမ်းချစ်တာ၊ ပြီးတော့လေ . . . "

လေအဝှေ့မှာ ဆံစတွေ တဖျတ်ဖျတ်လွင့်နေသော အဲဒီ
မ၏ မျက်လုံးများ မထင်မှတ်စွာ ရီဝေမှိုင်းမှုန်လျက် အဝေးသို့
ငေးမျှောသွားလေသည်။

"ပြီးတော့လေ . . . . . . ကိုယ်ချစ်တဲ့ယောက်ျား
ယောက်ကို စိတ်ဓာတ်အောက်တန်းကျပြီး ယုတ်ညံ့တဲ့ ယောက်ျား
မဖြစ်စေချင်ဘူး၊ မိန်းကလေးတစ်ယောက်ကို ကလဲ့စားချေဖို့
သက် ချစ်ဟန်ဆောင်ပြီး ကျောခိုင်းရုံကြဲသွားတဲ့သူမျိုး မဖြစ်စေ
ဘူး၊ အိုင်ပြောတာ နားလည်လား ရှင်နှောင်း၊ ယူ . . . အခု
ပြီး သူ့ကို မပေးဆပ်နဲ့နော် . . . သိလား၊ ယောက်ျားတွေဟာ

www.burmeseclassic.com

www.burmeseclassic.com



သတ်သတ်လွတ် မစားဘူး၊ ရှင့် . . . ဆိုတဲ့ ယောက်ျားလည်း မစား ဘူး၊ အဲဒါကို . . . မင်း . . . အိုင်ပြောတယ်ဆိုရင် ယုံစမ်းပါ"

"အို . . . "

သူမ့မျက်နှာပေါ်မှာ အပူလှိုင်းတွေ ဖြတ်ပြေးပြီး နွေးခ ရှက်ရွံ့သွားလေသည်။ အဲဒီမိန်းမဟာ ဘယ်လိုအစားမျိုးလဲ။ ရဲတင်း ပွင့်လင်းလွန်းလိုက်တာ။ သူနဲ့ မောင်ဟာ . . .။

ဘုရား . . . ဘုရား . . .။ မောင်ဟာ . . . အဲဒီလို ယောက်ျားမျိုး . . . တကယ်ပဲလား။

သူမ . . . ရှုးသွပ်လိုက်ချင်ပြီ။

"သူက ယူ့ဆီကနေ တစ်ဘဝလုံးရှုံးသွားမယ့် အရှုံးမျိုးကို ရပြီးရင် ထွက်ပြေးသွားတော့မှာ၊ နောက်မှ ယူ . . . နောင်တ ပါစေနဲ့ကွယ်၊ နော် . . . အိုင်ပြောတာ ယူ သဘောပေါက်ပါတယ် ယူ . . . အိုင်ကျူ ဒီလောက်မနိမ့်ပါဘူး"

"တောက် . . . "

သူမ . . . ကျယ်လောင်စွာ တောက်ခေါက်မိလိုက်သည်။ ဘယ်အရာကို နာကြည်းရမှန်းလည်း သူမ့ကိုယ်တိုင် မသိ။

ဘေးနားက ရှိလာမှာ ယခုမှ အသက်ဝင်လာသူလို သူမ၏ ပခုံးကို ခပ်ဖွဖွဆုပ်ကိုင်ရင်း စ,ပြောသည်။

"ကျုပ်တို့ . . . သွားရင်ကောင်းမယ် . . . နှောင်း"

သူမ့က ယခုထက်တိုင် သူမ့ကားဘေးနားမှာ ရပ်တန့်နေခဲ့ ဖြစ်သော ဥဩကို ခပ်စိမ်းစိမ်းစိုက်ကြည့်လိုက်ရင်း . . .။

"အမှန်အတိုင်းပြောရရင် . . . ကျွန်မကလည်း မောင့်ကို ဘယ်နည်းနဲ့မှ အဆုံးရှုံးမခံနိုင်ပါဘူး . . . ဥဩ၊ ဒီစကားကို ပြောရတာ



ကျွန်မ စိတ်မကောင်းပါဘူး၊ ဒီတော့ ကျွန်မတို့နှစ်ယောက်မှာ တစ် ယောက်ယောက်ကတော့ ရှုံးနိမ့်မှာသေချာနေပြီ၊ ဘယ်သူက ဘယ်လို ပုံစံမျိုးနဲ့ နောင်တရမလဲဆိုတာတော့ စောင့်ကြည့်ကြသေးတာ ပေါ့ကွယ်နော်၊ တို့ . . . သွားမယ်၊ ဂွတ်ဒ်လပ်ခ် (Good Luck) ဥဩ . . . "

အဲဒီမိန်းမရဲ့ လှပစွာ ပွင့်ဟသွားသော ခရမ်းရောင်နှုတ်ခမ်း နှစ်လွှာရှေ့မှ သူမ လွတ်ကင်းအောင် ကြမ်းတမ်းစွာ ကားကို လီဗာဖိ နင်းပြီး ထွက်ပြေးလာပါသည်။

မောင်ရေ . . .။ တစ်စုံတစ်ယောက်ကိုတော့ ကျွန်မ စစ် ကြေငြာခဲ့ပြီ မောင်ရဲ့။ သူကိုလား . . . မောင့်ကိုလား . . . ကိုယ်ကိုယ် တိုင်လား။

ကျွန်မ မသိဘူး။

ဒါမှမဟုတ် . . . ကံကြမ္မာကိုများလား . . .။

ဆတ်ခနဲ မောင့်လက်ကို သူမခါထုတ်လိုက်တာကြောင့် မောင့်မျက်နှာက ချက်ချင်းရဲတက်လာသည်။

"နှောင်း . . . ဘာဖြစ်နေတာလဲ၊ မောင် . . . တောင်းပန်ခဲ့ နေ ဘယ်လေ"

မောင့်အသံက အခန်းထဲမှာ ခပ်အုပ်အုပ်ထွက်လာသည်။ ဘေးနားမှာ သူငယ်ချင်းတွေရှိနေတော့ သူမက မောင့်ကိုစိတ်ဆိုးပြီး

www.burmeseclassic.com

www.burmeseclassic.com



လုံးဝစကားပြန်မပြောဘဲနေတာကို မောင် ရှက်နေပုံရသည်။

သူငယ်ချင်းတွေဆိုတာလည်း တကယ်တော့ သူမတို့အုပ်စုပဲ ရှိတာပါ။ နေ့လယ်ဖက် ထမင်းချိန်မှာ ခွဲစိတ်ကုပညာဘာသာရပ် စာမေးပွဲအတွက် စပက်စီမင် ( Specimen ) လို့ခေါ်သည့် လူ့ခန္ဓာကိုယ်အစိတ်အပိုင်းတွေ ဆေးစိမ်သိုလှောင်ထားရာမြခန်းထဲ အားလုံးလာရောက်၍ စုပေါင်းစာကျက်နေကြခြင်း ဖြစ်သည်။

ကိုယ်အတွဲနှင့်ကိုယ် အဲဒီရောဂါဖြစ်ပွားနေသော ခန္ဓာကိုယ်အစိတ်အပိုင်းတွေ . . . ဆေးစိမ်သိုလှောင်ထားတဲ့ ဖန်အူးလေးထောင့် ကြီးငယ်များကြားမှာ လှေလာကျက်မှတ်နေကြတာဆိုတော့ သူမနှင့် မောင် စိတ်ဆိုးရန်ဖြစ်နေတာကို သူငယ်ချင်းတွေ မသိဟန်ဆောင်၊ တိုဘက်လှည့် ငြိမ်သက်နေကြသည်။

မောင်က သူမ့အနားကို ပိုတိုးကပ်လာသည်။ အသံကလည်း ပိုကျယ်လာသည်။

"နှောင်း . . . မောင် ဘယ်နှစ်ခါ တောင်းပန်ရမှာလဲ၊ ဥညြမြန်ရောက်နေတာကို မောင် ကြိုမပြောထားမိဘူး . . . မှာတ်တယ်၊ မောင် တောင်းပန်တယ်၊ အဲဒါ မကျေနပ်သေးဘူးလား၊ မောင်ဘာလုပ်ပေးရဦးမှာလဲ"

"ငါ မကျေနပ်တာ အဲဒါမဟုတ်ဘူးဆိုတာ နင်သိတယ် . . . ဝေ"

သူမအသံက ဟိန်းထွက်လာသည်။ သူမစကားထဲက နင်နဲ့ငါစကားလုံးကလည်း မောင့်မျက်နှာကို အကြီးအကျယ် ပျက်ယွင်းသွားစေသည်။

ခပ်လှမ်းလှမ်းမှာ ရှိနေကြတဲ့ သူမ့ရဲ့သူငယ်ချင်းတွေ သူမ



မောင့်ကို ရှောင်ပေးကြဖို့ ခြေလှမ်းပြင်သည်။

ယုဒါနဲ့ ရှီလာက . . .

"ဗိုက်ဆာလို့ ကန်တင်း ခဏ သွားဦးမယ်"

ဟု ဆိုကာ နှစ်ယောက်တွဲ၍ ထွက်သွားသည်။ ယမုံနဲ့ ...လတ်ကလည်း . . .

"ဟဲ့ . . . ဆယ်သုံးဆယ့်လေးမှာ စာအုပ်ခဏ သွားငှား ..."

ဟု အကြောင်းပြကာ ထွက်သွားကြပြန်သည်။

အဲဒီရောဂါဗေဒမြတိုက်ထဲမှာ မောင်နဲ့သူမနှစ်ယောက်တည်း ...ကျန်ခဲ့ပါသည်။ ထိုအခါကျမှ မောင့်ရဲ့ဒေါသကို သူမ ထင်ထင်ရှား ...မြင်ရတော့သည်။

"နှောင်း . . . သူငယ်ချင်းတွေရှေ့မှာ မောင့်အရှက်ကို ခွဲ...တာလား၊ နှောင်း . . . အမြဲတမ်း မောင့်အပေါ်မှာ အနိုင်ယူချင်... မောင့်ကို ဒီလောက်ရိုင်းရိုင်းစိုင်းစိုင်း အော်စရာမလိုဘူး၊ နှောင်း ...ဘာကို မကျေနပ်နေတာလဲ . . . မောင် တကယ်မသိဘူး၊ ...ှင်းလင်းလင်း ပြော၊ အဲဒီလို လုပ်မနေနဲ့"

"ငါပြောမှ နင် သိမှာလား၊ နင်လုပ်ခဲ့တာ နင် မသိဘူးလား၊ . . . ဥညြကို ဘာပြောခဲ့လဲ၊ ဥညြက နင်နဲ့ငါ အကြောင်းမေးတော့ ... ငါ့အသည်းကို ခွဲချင်လို့၊ ငါ့မာနကို ချိုးချင်လို့ တမင်သက် ...လှည့်စားပြီး တွဲနေတာလို့ ပြောခဲ့တယ်ဆို၊ အဲဒါ . . . ဘာ ...ဘာလဲ၊ နင် တကယ်ပဲ အဲဒီလို ပြောခဲ့သလား . . . ဟုတ်လား"

"နှောင်း . . . မအော်နဲ့၊ ဒီကိစ္စက အေးအေးဆေးဆေး ...လည်း ရတယ်၊ ဘာလို့ ဒီလောက် ရိုင်းစိုင်းချင်နေတာလဲ . . .

www.burmeseclassic.com

www.burmeseclassic.com



နှောင်း၊ ယဉ်ယဉ်ကျေးကျေး ပြောစမ်းပါ"
"လဲသေလိုက်ပါလား၊ ရိုင်းတော့ ဘာဖြစ်လဲ၊ ကျွန်မ ရှင့်
ဟောဒီအခန်းထဲက ဖန်ဘူးတစ်ခုနဲ့ကို ကောက်ထုချင်နေတာ၊ ဒီ
ဘာသဘောလဲ၊ ရှင် . . . ကျွန်မ ကျေနပ်အောင်ပြောစမ်း"
"အဲဒါ ဘာသဘောဖြစ်ရမှာလဲ၊ မောင် . . . သက်သ
သူ့ကို လီဆယ်လုပ်ကြံပြီး ပြောလိုက်ရတယ်ဆိုတာ နှောင်း သဘေ
ပေါက်သင့်တယ်၊ မောင် . . . အဲဒီလို လှည့်ပတ်ပြီး ညာမပြော
ရမလား၊ သူက . . . မောင်နဲ့နှောင်း အခုလိုချစ်သူတွေဖြစ်ပြီး ဆက်
နေတာကို ဒီအတိုင်း ထိုင်ကြည့်နေမယ် ထင်လို့လား၊ သူက လျှော
ပြောမှာ၊ မောင့်မိဘတွေ . . . နှောင်းမိဘတွေ အကုန်လိုက်ပြော
မောင်တို့နှစ်ယောက်ကို ခွဲတော့မှာ၊ နှောင်းကို အပျော်တွဲတာပါ
သူယုံအောင် မောင် ဒီလိုပဲ ပြောရမှာပေါ့၊ အဲဒါ . . . စိတ်ဆိုးစရာလ
မောင့်နှလုံးသားက တကယ်တမ်း ဘယ်သူ့ဆီမှာလဲဆိုတာ နှော
သိနေလျက်နဲ့ကွာ"
"အို . . . မသိဘူး၊ မသိဘူး၊ ကျွန်မ . . . ဘာမှမသိ
မောင် . . . ဘာမှ အဲဒီလိုလည်း လီဆယ်လုပ်ကြံပြောနေစရာ
ဘူး၊ သူမေးတဲ့အခါ အမှန်အတိုင်းပဲ ပြောပြလိုက်ပါလား . . . ဦး
ငါလက်ထပ်မှာ မင်းကိုမဟုတ်ဘူး . . . ရှင်နှောင်းကို၊ ကိုယ် တ
ချစ်တာ . . . လို့ ပြောပစ်လိုက်ပါလား၊ ဘာလဲ . . . မောင် . . .
မရှိဘူးလား၊ ဒီအဖြစ်မှန်ဟာ အခုမဟုတ်လည်း နောက်တော့
ပြောပြရမှာပဲ၊ တစ်ခါတည်း သူ့ကို ရှင်းပြလိုက်တော့ ပြီးသွား
ဥစ္စာ၊ မောင် . . . ဘာဖြစ်လို့ ကျွန်မတို့အကြောင်းကို ဖုံးကွယ်လို့
ချင်နေတာလဲ၊ မောင် . . လုံဝ ယောက်ျားမပီသဘူး၊ သတ္တိမရှိ



"အဲဒါ . . . သတ္တိမဟုတ်ဘူးကွ၊ မိုက်ရူးရဲဆန်တာ"
မောင်က သူမ,မျက်နှာကို တည့်တည့်လာစိုက်ကြည့်ပြီး
ာ် ဟစ်ပါသည်။
သူမကလည်း ဒေါသတကြီး ပြန်ပြောမိပြန်သည်။
"မောင် . . . ကျွန်မကို အဲဒီလို မအော်နဲ့"
"ရှင်နှောင်း . . . မင်း ဘာဖြစ်နေတာလဲ၊ အခုအချိန်မှာ
ောင်တို့ရဲ့အကြောင်းကို ဖုံးကွယ်လျှို့ဝှက်မထားလို့ မောင် ဘာလုပ်
မှာလဲ၊ နောက်သုံးလလောက်နေရင် မောင်တို့နောက်ဆုံးနှစ်စာမေးပွဲ
ည်း ဖြေရတော့မှာ . . . အရမ်းအရေးကြီးတဲ့အချိန်၊ ဒီအချိန်မှာ
ောင် . . . အိမ်နဲ့ ပြဿနာအတက်မခံနိုင်ဘူး၊ နှောင်းနဲ့မောင် ချစ်
ကြိုက်နေတယ်ဆိုတာ မောင့်အိမ်က အခုသိသွားရင် အကြီးအကျယ်
ပြဿနာ ရှာတော့မှာ၊ မောင့်ကို ဦးသြနဲ့ လက်ထပ်ပေးတော့မှာ၊ ဒီ
အကျိုးဆက်တွေကို မင်း . . . သိရဲ့သားနဲ့"
"ဘာဖြစ်လဲ . . . ဘာဖြစ်လဲ . . . အဲဒီအခါကျတော့ မောင်
ကျွန်မ တရားရုံးမှာ ပြေးပြီး လက်ထပ်လိုက်မယ်၊ သူတို့ ဘာတတ်
ိုင်မလဲ"
"နှောင်း . . . စကားကို လွယ်လွယ်မပြောနဲ့စမ်း၊ မောင်တို့
ဘာ မိဘသဘောမတူလို့ ခိုးပြေးပြီးလက်ထပ်ရလောက်အောင် ငယ်
ွယ်တဲ့သူတွေလည်း မဟုတ်ဘူး၊ ပြီးတော့ အခုအချိန်မှာ ကိုယ့်ခြေ
ောက်ပေါ် ကိုယ်ရပ်နိုင်တဲ့သူတွေလည်း မဖြစ်ကြသေးဘူး၊ မောင်တို့
က်ထပ်လို့ မရသေးဘူး"
"အဲဒါကိုက မောင်ကြောက်နေတာ၊ သတ္တိမရှိတာ"
"နှောင်း . . . ဘာဖြစ်နေတာလဲ၊ ဘာလို့ဒီလောက် သွေးဆူ

www.burmeseclassic.com

www.burmeseclassic.com



လွယ်နေရတာလဲ၊ မောင်တို့နှစ်ယောက် အလုပ်သင်ဆရာဝန်တစ်နှစ် ဆင်းပြီးမှ နှစ်ဦးသဘောတူ လက်ထပ်ကြမယ်လို့ စိတ်ကူးထားကြပြီးသား၊ ဘာဖြစ်လို့ အခုမှ စိတ်မြန်လက်မြန်လက်ထပ်ချင်စိတ် ဖြစ်သွားရတာလဲ . . . နှောင်း၊ မောင့်ကို ဘာတွေစိတ်မချနေတာလဲ၊ မောင် . . . နှောင်းကို ပစ်ပြေးသွားမှာ စိုးလို့လား"

"ဟုတ်တယ် . . . ဟုတ်တယ် . . . စိတ်မချဘူး၊ မောင့်ကို နှောင်း အဆုံးရှုံးမခံနိုင်ဘူး၊ ကျွန်မခေါင်းထဲက မောင့်ကို စိတ်မချနဲ့ဆိုတဲ့အတွေးကို ရိုက်သွင်းပေးသွားတာလည်း မောင့်ရဲ့ဉာဏ်ပဲ၊ ဉာဏ် ရောက်လာမှ မောင့်ကို ကျွန်မ ပိုပြီး ပိုင်ဆိုင်ချင်လာတာ၊ ဘာဖြစ်လဲ . . . အဲဒါ"

မောင်က ခပ်လျှောင်လျှောင်ရယ်လေသည်။ မောင့်ရယ်သံက တကယ့်ကို မခိုးမခန့်။

အို . . . အခုအချိန်မှာ သူ့အဲဒီလိုမျိုး ရယ်ဖို့ မကောင်း။

မောင်က သူမ့မျက်နှာကို စူးရှလေးနက်စွာ စိုက်ကြည့်ရင်း ထိုစကားကို အေးအေးစက်စက် ထုတ်ပြောလေသည်။

"နှောင်း . . . အဲဒါမောင့်ကို တကယ်ပိုင်ဆိုင်ချင်တာ မဟုတ်ဘူး၊ နှောင်းက အနိုင်လိုချင်နေတာပဲ၊ မောင် ပြောခဲ့ဖူးသားပဲ နှောင်းဟာ တကယ်တော့ အချစ်ကို လိုချင်တာ မဟုတ်ဘူး၊ အနိုင်ရတာပဲ အမြဲလိုချင်နေတဲ့ မိန်းမပါ၊ နှောင်းရဲ့စိတ်ဓာတ်ကို မောင် အသိဆုံးပဲ၊ ဒီမှာ နှောင်း . . . ပြိုင်ဖက်တစ်ယောက်ပေါ်လာမှ အရာဝတ္ထုတစ်ခုကို အသည်းအသန် ပိုင်ဆိုင်လုယူချင်တယ်ဆိုတာ . . . အချစ် မဟုတ်ဘူး၊ အချစ်ဆိုတာ ပြိုင်ပွဲတစ်ခုမှာ အနိုင်ရတဲ့သူကိုပဲ ပေးမယ့် ဆုလာဘ်မဟုတ်ဘူး၊ အဲဒါ . . . နှောင်း မြဲမြဲမှတ်ထားစမ်းပါ"



"ဘာ . . ."

ထိတ်လန့်တကြား သူမ အော်ဟစ်လိုက်တော့ မောင် . . . အံ့အားသင့်စွာ နောက်ဘက်သို့ ယိုင်နဲ့သွားသည်။

"ဘာပြောတယ် . . . မောင် ဘာပြောတယ်"

သူမတစ်ကိုယ်လုံးမှာရှိတဲ့ သွေးတွေ ဆူပွက်လောင်မြိုက်လာသလို ထင်ရသည်။

ဒေါသတကြီးနဲ့ မောင့်ရဲ့ရင်ဘတ်ကို သူမ ဆောင့်တွန်းပစ်လိုက်သည်။

"ပြိုင်ဖက် . . . ဟုတ်လား"

မောင်က မီးဝင်းဝင်းတောက်နေတဲ့ သူမမျက်လုံးတွေကို ကြောင်အအစွာ ငေးစိုက်ကြည့်နေသည်။ သူမနှုတ်ခမ်းတွေကို အစွမ်းကုန် မဲ့ရွဲ့လှောင်ရယ်လိုက်ရင်း မောင့်ကို နာနာကြည်းကြည်း ထုတ်ပြောလိုက်မိပါသည်။

"ကျွန်မမှာ ပြိုင်ဖက်တစ်ယောက်ရှိနေမှန်း အခုမှပဲ ကျွန်မ သိတော့တယ်၊ ပြိုင်ဖက်ဆိုတဲ့စကားလုံးကို မောင်ကိုယ်တိုင် ထုတ်သုံးလိုက်တာ . . . ဟုတ်လား၊ ကျွန်မနဲ့ဉာဏ်ဟာ တကယ်ပဲ ပြိုင်ဖက်တွေ …ဖြစ်နေကြပြီလား၊ အဲဒါနဲ့တောင် . . . မောင်က မောင့်ရဲ့နှလုံးသားဟာ ဘယ်သူ့ဆီမှာပါလို့ . . . စိတ်ချလက်ချ ထုတ်ပြောနေနိုင်တာလဲ . . . မောင်၊ မောင့်ရဲ့နှလုံးသားကိုယ်၌က စည်းမျဉ်းတစ်ခုပေါ်မှာ …တိုင်ပြီး ဘယ်ပြိုင်ဖက်နောက်ကို လိုက်ရမှန်းမသိ ဖြစ်နေတာ၊ မောင်က ကျွန်မတို့မိန်းမနှစ်ယောက်ကို မောင့်အတွက် အသေအလဲယှဉ်ပြိုင်…မည့် ပြိုင်ဖက်တွေ ဖြစ်စေချင်နေတာ . . . အခုမှပဲ ကျွန်မ သိရတော့တယ်"

www.burmeseclassic.com

www.burmeseclassic.com



"နှောင်း . . . အဲဒီလို စကားအထ,အန မကောက်နဲ့ မော
မကြိုက်ဘူး"

"မကြိုက်ရင် . . . အဲဒီမှာ လဲသေစမ်းပါ . . ဝေ၊ ငါက ည
ဆိုတဲ့ မိန်းမကို သနားစရာသတ္တဝါအဖြစ် ထင်ထားခဲ့တာ၊ အ
. . . ငါနဲ့လက်ရည်တူတဲ့ ကြောက်စရာအကောင်းဆုံး ပြိုင်ဖက်ဖြ
မှန်း သိတော့တယ်၊ တစ်ဆိတ်လောက် . . . ငါ . . . နင့်ကို အရင်
ပြီး၊ ကွက်ရှင်အောက် (Question Out) ပါရစေ၊ ဘယ်သူ့ကို
. . . အနိုင်ပေးမှာလဲ . . . ဟင်"

"တော်စမ်း . . . နှောင်း၊ မောင့်ကို ဒေါသထွက်အောင်
မနေနဲ့"

မောင်က သူမလက်တစ်ဖက်ကို လာဆောင့်ဆွဲတော့ သူ
တစ်ကိုယ်လုံး ဆတ်ခနဲ ခါသွားသည်။ သူမ စိတ်ဆိုးမာန်ဆိုးနဲ့
ရောဂါဗေဒပြတိုက်ထဲက လူခန္ဓာကိုယ်တစ်ခုမှ လှီးဖြတ်ထုတ်
သော ကျောက်ကပ်တစ်ခြမ်းထည့်ထားသည့် ဆေးရည်စိမ်ဖန်ဘူး
ခွက်ကို ကောက်ကိုင်လိုက်မိသည်။

"နင် . . . ငါ့ရှေ့က အခုထွက်သွားစမ်း . . . ဝေ"

မောင်က ခပ်စိမ်းစိမ်းမျက်ဝန်းများနဲ့ သူမ,မျက်နှာကို အ
ခတ်သလို စိုက်ကြည့်နေသည်။

"မောင့်ကို . . . နှောင်းက . . . အဲဒီဖန်ဘူးနဲ့ တကယ်
မှာလား"

"ထွက်သွား . . . လို့ ငါပြောနေတယ်"

အဲဒီအချိန်မှာပဲ သူမတို့နှစ်ယောက်သာရှိတဲ့ ပြတိုက်အ
ထဲမှာ မိုဘိုင်း (Mobile) ဖုန်း မြည်သံလေး တတီတီ ထွက်ပေါ်



ခြင်း ဖြစ်သည်။ မောင်ရော . . . သူမ,ပါ ကြောင်အ,လျက် တိတ်ဆိတ်
ငြိမ်သက်သွားသည်။

နောက်တော့ မောင်က သူ့အကျႌအိတ်ကပ်ထဲက ဖုန်းကို
ထုတ်ကြည့်သည်။ မောင့်ဖုန်းက မြည်ခြင်း မဟုတ်ပါ။

ဒါဆို . . . သူမ,ဖုန်းပေါ့။

သူမ,က ခုံတန်းရှည်ပေါ်ချထားတဲ့ သူမရဲ့ လက်ကိုင်အိတ်
ထဲမှ အဲဒီအနက်ရောင် လက်ကိုင်ဖုန်း မည်းမည်းလေးကို အမြန်သွား
ထုတ်ယူလိုက်သည်။ ဖုန်းရဲ့ ဒစ်ဂျစ်တယ် ဖန်သားပြင်မှာ ပေါ်နေသော
တစ်ဖက်ကဆက်သူရဲ့ ဖုန်းနံပါတ်ကို သူမ, မသိပါ။ ဖုန်းနံပါတ်က
အသစ်။

အံ့ဩစွာ ခလုတ်နှိပ်၍ သူမ, ပြန်ထူးလိုက်သည်။

"ဟဲလို . . ."

"နှောင်း . . . နှောင်းလေး . . . ကိုယ်ပါ ကိုမွန်ပါ နှောင်း"

ဘုရား . . . ဘုရား . . .။

သူမ . . . အသည်းနှလုံးတွေ ဝုန်းခနဲ လှုပ်ခါသွားကြသည်။
ဒီလိုအချိန်မျိုးကြီးမှာ ဘာဖြစ်လို့ ကိုမွန်က သူမဆီ ဖုန်းလှမ်းဆက်
နေရတာလဲ။

သူမ, မလုံမလဲနှင့်ပင် သူမရှေ့မှာ စူးစိုက်အကဲခတ်သည့်
မျက်ဝန်းများနှင့် စိုက်ကြည့်နေသော မောင့်ဆီ တစ်ချက်လှမ်းမော့ကြည့်
လိုက်မိသေးသည်။

"ကို . . . ကိုမွန် . . . ကိုမွန် . . . အခု ဘယ်ကဆက်နေ
တာလဲ . . . ဟင်"

ဘယ်လိုမှ ထိန်းမရသော သူမလေသံတွေက အဆမတန်

www.burmeseclassic.com

www.burmeseclassic.com



တုန်ရီကျန်ပါပြီ။ သူမ့နှုတ်ဖျားက ထွက်ပေါ်လာသော အဲဒီနာမည် တစ်ခုကြောင့် မောင့်မျက်နှာတစ်ခုလုံး မည်းခနဲ ဖြစ်သွားတာ ထိတ်လန့်ဖွယ်ရာ သူမ လှမ်းမြင်ရပြန်သည်။

ကိုမွန်ကတော့ ဒီဘက်က အခြေအနေကို ရိပ်မိနားလည် မရဘဲ အလွန်အမင်း ဝမ်းသာအားရ ပျော်ရွှင်တက်ကြွနေသော လေသံနဲ့ ဖုန်းထဲမှာ ပြောပြနေပါသည်။

"နှောင်းလေး . . . ကိုယ် အခု မင်္ဂလာဒုံလေဆိပ်က ဆ နေတာ၊ အခုပဲ လေယာဉ်ဆိုက်လို့၊ ကိုယ် . . . မြန်မာပြည်ကို အ ပြန်လာပြီ . . . နှောင်းလေးရဲ့ . . . သိလား၊ အဲဒါ . . . ရော ရောက်ချင်း လာကြိုတဲ့မာမီတာ ကိုယ့်အတွက် ကြိုဝယ်ထားတဲ့ ဒီ ဟ ဖုန်းလေး ပေးတယ်လေ၊ နှောင်းလေးကို ပထမဆုံး သွာတိရတာ ကောက်ဆက်လိုက်တာ၊ ကိုယ် . . . အမေ့ာပြေလိုက်တာ . . . နှော လေးရယ်"

"ကိုမွန် . . . ဒီ . . . ဒီဖုန်းနံပါတ် . . ဘယ်ကရလဲ"

"နှောင်းလေးအိမ်ကို ကိုယ် အရင်ဆက်မိတာပေါ့၊ နှောင် အိမ်က နှောင်းလေး ဟန်းဖုန်း ဆေးရုံကိုယူသွားတယ်၊ ဟန်းဖုန်းနံပါ ပေးလိုက်လို့ ချက်ချင်းကောက်ဆက်လိုက်တာ၊ အံ့သြသွားလား ဟ နှောင်းလေး . . . အခု ဆေးရုံမှာလား၊ ဘာလုပ်နေလဲ . . . တသ နေလား"

"ဟိုလေ . . . ကိုမွန် . . . နှောင်းလေ . . . "

သူမရဲ့ထွက်ပေါ်လာလုဆဲဆဲ စကားလုံးတွေ နှုတ်ခမ်းဖျား မှာတင် ပျောက်ကွယ်ကုန်ကြပြန်သည်။

သူမရှေ့မှာ တင်းမာခက်ထန်သော မျက်နှာနဲ့ ခါးထောက်ရ



ကြည့်နေသည့် မောင့်ကို သူမ အကြည့်ချင်းမဆိုင်လိုစွာ မျက်နှာလွှဲ ပစ်လိုက်ရသည်။

အမှန်တော့ မောင့်လို သဘောထားသေးနုပ်ပြီး အမြစ်ရှာ လိုတဲ့ ယောက်ျားတစ်ယောက်ရှေ့မှာ ကိုမွန်နဲ့ သူမ လုံးဝစကားမပြော ချင်ပါ။

မောင့်အကြည့်တွေကို သူမ သိသည်။ မောင့်မျက်နှာထားကို သူမ ဖတ်လို့ ရသည်။ မောင့်နှုတ်က ဘာမှထုတ်မပြောသေးပေမယ့် မောင့်ပုံစံက သူမ့ကို "အခု . . အဲဒီဖုန်းကို ပိတ်လိုက်စမ်း" . . လို့ အော်ဟစ်ပြောချင်နေတာ အရိပ်အမြွက်သိသာနေသည်လေ။

သူမ တုန်လှုပ်စွာနဲ့ ဖုန်းထဲမှာ ပြောချလိုက်သည်။

"ကိုမွန် . . . နှောင်း . . . နှောင်း . . . သူနဲ့ အတူတူ . . . ရှိနေတယ်"

"နှောင်းလေးရယ်"

ကိုမွန်ရဲ့ စိတ်ပျက်အားငယ်စွာ ရေရွတ်လိုက်တဲ့ ညည်းတွား သံကြောင့် သူမကိုယ်သူမ မုန်းတီးမိပါသည်။

ဖုန်းထဲမှာ စက္ကန့်ပေါင်းများစွာ သူမတို့ တိတ်ဆိတ်မိကြသည်။ ကိုမွန်ရဲ့ အသက်ရှူသံပြင်းပြင်းနောက်မှာ လေဆိပ်ဆီက ကားသံ၊ လူသံ၊ ဆူညံအော်ဟစ်သံတွေသဲ့သဲ့ပဲ ဖုန်းထဲမှာ သူမ ကြားနေရသည်။

သူမ စိတ်လှုပ်ရှားပေါက်ကွဲစွာ အော်ဟစ်လိုက်မိမှာစိုးလို့ အောက်နှုတ်ခမ်းတစ်ခုကို သွားဖြင့် ဖိကိုက်ထားမိသည်။

ကိုမွန့်ဆီက အက်ကွဲခြောက်သွေ့သော လေသံတစ်ခုကို သူမ စတင်ကြားလိုက်ရ၏။

"နှောင်းလေး . . . ကိုယ် . . . အခု မြန်မာပြည်ကို ပြန်လာ

www.burmeseclassic.com

www.burmeseclassic.com



တာ . . . နှောင်းလေးနဲ့ အနီးဆုံးမှာ နေချင်လို့ပါကွာ၊ ကိုယ့်ကို . . . အားတက်သွားစေမယ့် စကားတစ်ခုခုကိုတော့ နှောင်းလေး ပြော သင့်ပါတယ်၊ ဝမ်းသာလိုက်တာပဲဖြစ်ဖြစ်၊ ကိုမွန်နဲ့ကို တွေ့ချင်လိုက်တာ ဆိုတဲ့ စကားပဲဖြစ်ဖြစ် . . .”

သူမ ရင်ထဲမှာ နာကျင်စွာ တင်းကျပ်ဆို့နင့်လာတာ ဘယ်သူမှ မြင်ရမည်မဟုတ်ပါ။

မြင်ရလျှင်လည်း သူမကို ဘယ်သူမှ နားလည်မည် မဟုတ်ချေ။

ဟင့်အင်း . . .။ ကျွန်မ အမှားတွေကို ကျွန်မ ပြန်သတိမ ချင်ဘူး။

“ကိုမွန် . . . အခုအချိန်မှာ ကိုမွန်နဲ့ကျွန်မ မတွေ့ချင်သေး ဘူး”

“နှောင်း . . .”

“နှောင်းဆီကို ကိုမွန် မလာပါနဲ့နော်၊ နှောင်း . . . တောင်း ပါတယ်၊ ကိုမွန့်မျက်နှာကို စေ့စေ့ကြည့်ရဲတဲ့သတ္တိ နှောင်းမှာ မ သေးဘူး၊ နှောင်းကို သနားရင် . . . နှောင်းကို လာမတွေ့ပါနဲ့၊ တ ပေးပါ၊ တစ်နေ့နေ့ . . . တစ်ချိန်ချိန်ပေါ့”

“နှောင်းလေးရယ် . . .”

သူမ့မျက်လုံးမှာ မျက်ရည်စတွေ စ,တင်ဝေ့ဝဲလာချိန်မှာ ဒီဘက်မှာ ရှိနေသော မောင်သည် မသိသာဆိုးရွားစွာ တောက် . . . တစ်ချက် ကျယ်ကျယ်ခေါက်လိုက်သည်။

မောင့်ကို စိတ်ဆိုးရန် သူမမှာ ခွန်အားမရှိတော့ချေ။

“ကိုယ့်ကို ဖုန်းဆက်ခွင့်တော့ ပေးပါ . . . နှောင်း၊ ကိုယ့်မှာ



အဲဒီအခွင့်အရေးတော့ ရှိသင့်ပါတယ်”

ကိုမွန်ရဲ့ ဖုန်းထဲက လေသံဟာ အဆမတန် ဖျော့တော့နူးညံ့ လွန်းနေခဲ့တာ . . .။ သူမ့ဘယ်လို မာကျောပြတ်သားမှုမျိုးနဲ့ ကိုမွန့်ကို တားဆီးပိတ်ပင်လို့ရမှာလဲ။ သူမမျက်ဝန်းတွေ ပူနွေးစွာ စွတ်စိုလာ သည်။

“ကိုယ် . . . မင်းတို့နှစ်ယောက်ကို မနှောင့်ယှက်ပါဘူး၊ သူ့ အပေါ်မှာလည်း ကိုယ် အာဃာတ,မထားဘူး၊ ကိုယ့်နေရာကိုယ် နားလည်ပါတယ် . . . နှောင်း၊ ဒါပေမဲ့ ကိုယ် . . . ဒီလိုသဘောထား ကြီးကြီး ခွင့်လွှတ်ပေးခဲ့တာအတွက် ကိုယ့်ကို အဲ့ဒီအခွင့်အရေးတစ်ခု တော့ ပေးပါကွာ၊ ကိုယ် . . . သတိရတိုင်း မဆက်ပါဘူး၊ မင်းကို လွမ်းလွန်းလို့ . . . မင်းအသံကို သိပ်ကြားချင်လာမှပါ၊ ကိုယ့်ကို ဖုန်း တော့ ဆက်ခွင့်ပြုပါ”

သူမ, တုန်လှုပ်စွာ ပြန်ပြောလိုက်မိသည်။

“နေ့တိုင်းတော့ . . . နေ့တိုင်းတော့ မဆက်ပါနဲ့ . . နော်၊ . . . ကိုမွန်”

ကိုမွန်ရဲ့ နာနာကျင်ကျင် တိုးဖွဖွရယ်သံလေးကို ဖုန်းထဲမှာ သူမ ကြားရသည်။ ဒီဘက်မှာတော့ မောင်က အခုထက်တိုင် ဖုန်းနဲ့ စကားပြောနေသော သူမ့ကို စူးစူးရဲရဲ မျက်မှောင်ကျုံ့ကြည့်ကာ ဘေး နားက ခုံတန်းရှည်တစ်ခုကို ဆောင့်ကန်လိုက်၍ စုန်းခနဲ အသံထွက် လာသည်။

ကိုမွန်က မေးသည်။

“ကိုယ်နဲ့နှောင်း ဖုန်းပြောနေတာကို . . . ချာတိတ် အဲဒီမှာ စိတ်ဆိုးနေပြီနဲ့ တူတယ်နော် . . . ဟုတ်လား”

www.burmeseclassic.com

www.burmeseclassic.com



"နှောင်း . . . နှောင်း . . . ဖုန်းချလိုက်တော့မယ်"

"နှောင်းလေး . . . ကိုယ်ပြောတာ တစ်ခုနားထောင်ပြီး နှောင်းလေးကို . . . သူ စိတ်ညစ်အောင် တစ်ခုခုလုပ်ရင်၊ ဒါမှမဟုတ် . . . နှောင်းလေးကို ငိုအောင်သူလုပ်ရင်၊ နှောင်းလေးကို နာကျင်စေ တယ်ဆိုရင် . . . ကိုယ့်ကို အမြဲသတိရပါ . . . နှောင်း၊ ကိုယ့်ဆီ အချိန်မရွေး ဖုန်းလှမ်းဆက်လိုက်စမ်းပါ၊ ဆက်မယ်လို့ ကတိပေး . . . နှောင်းရယ်"

"ကိုမွန် . . . ဘာဖြစ်လို့ . . . ဒီလောက် . . နှောင်းအပေါ် . . . "

"နှောင်းလေး . . . ကိုမွန် ဖုန်းချလိုက်ပါတော့မယ်၊ ကိုမွန် ဟာ နှောင်းကို ဘယ်သောအခါမှ ငြိုငြင်မယ့်လူမဟုတ်ဘူးဆိုတာ နှောင်း သိပါတယ်၊ ဖုန်းဆက်နော်၊ ကိုယ်ဖုန်းချလိုက်တဲ့အခါ နှောင်းရဲ့ ဖုန်းမှာပေါ်နေတဲ့ ကိုမွန်ရဲ့ ဒီဟန်းဖုန်းနံပါတ်ကို မမ်မိုရီ (Memory) လုပ်ပြီး မှတ်ထားလိုက်နော်၊ နှောင်း . . . ကိုယ့်ကို လိုအပ်တယ်ဆိုတဲ့ အခါ အချိန်မရွေး ဆက်လိုက်ပါ . . . ဟုတ်လား"

"ဟုတ်ကဲ့ . . ."

ကိုမွန် ဖုန်းချသွားတော့ သူမရင်ထဲက လှပ်ခနဲ ဟာသွားချိန် မှာ မောင်က တင်းမာခက်ထန်သော မျက်နှာထားနဲ့ သူမနား ရောက် လာပြီး ခပ်စူးစူးကြည့်သည်။

"ဘာလဲ . . . ဟိုလူ ပြန်ရောက်လာတယ်ပေါ့၊ ဟုတ်လား . . . နှောင်း"

သူမရဲ့တင်းကျပ်ဆို့နင့်နေသော ရင်အစုံက မောင့်ကို ဘာ စကားမှ ပြန်မပြောဖို့ တားမြစ်ထားပြန်သည်။



သူမ, ခေါင်းကိုင့်၍ သူမရဲ့လက်ကိုင်ဖုန်းလေးပေါ်က ဖန် သားပြင်မှာပေါ်နေသော ကိုမွန်ဆက်သည့် ဖုန်းနံပါတ်ကို ရီကောလ် (Recall) ပြန်ခေါ်ကာ သူမ ဖုန်းရဲ့ ဒိုင်ယာရီမှာ စာရင်းသွင်း မမ်မိုရီ (Memory) လုပ်ဖို့ ခလုတ်တွေ ပြန်နှိပ်နေလိုက်သည်။

အဲဒီမှာ မထင်မှတ်သောအဖြစ်တစ်ခု ဖြစ်ပွားသွားသည်။ မောင်က သူမလက်ထဲက ဖုန်းကို ဒေါသတကြီးနဲ့ ခပ်ကြမ်း ကြမ်းလုယူလိုက်တာ ဖြစ်သည်။

"ဒါ . . . ဘာလုပ်တာလဲ . . . နှောင်း၊ မင်း . . . ဘာလုပ် နေတာလဲ"

ထောင်းခနဲ သူမ, ဒေါသထွက်သွားသည်။ ကြည့်စမ်း . . . မေးတာပဲ ပြန်မေးနေရသေး။

"ကျွန်မ ဘာလုပ်လို့လဲ . . . ၊ မောင် . . . ကျွန်မဖုန်းကို ပြန်ပေးပါ"

"မပေးဘူး၊ မင်း . . . ဟိုကောင့်ဖုန်းနံပါတ်ကို ဒေတာ (Data) ထဲ ထည့်ပြီး ဆေ့ဗ် (Save) လုပ်နေတာ မဟုတ်လား၊ ဒါ ဘာလုပ်တာလဲကွ၊ မင်း . . . မောင့်ကို သက်သက်အရွဲ့တိုက်နေတာ လား . . . နှောင်း"

"ဘာမှ အရွဲ့မတိုက်ဘူး၊ မောင် . . . သဘောထား မသေး စမ်းနဲ့၊ ကျွန်မ သူ့ဖုန်းနံပါတ်ကိုမှတ်တော့ ဘာဖြစ်လဲ၊ အဲဒါ . . . မောင်နဲ့ ဘာဆိုင်သလဲ၊ ဒါ ကျွန်မ . . . ကိုယ်ရေးကိုယ်တာကိစ္စပါ မောင် . . . တားပိုင်ခွင့် မရှိဘူး၊ ကျွန်မဖုန်းကို အခုပြန်ပေးစမ်း . . . မောင်"

အခုထက်ထိ ဖုန်းကိုလက်ထဲမှာကိုင်ပြီး နောက်သို့ဆုတ်သွား

www.burmeseclassic.com

www.burmeseclassic.com



သော မောင့်ထံ သူမ, ဒေါသနဲ့ ခုန်ထ,လိုက်ပြီး ကိုယ့်ဖုန်းကိုယ် ပြန်ယူဖို့ ကြိုးစားလိုက်သည်။

သို့သော် မောင်က သူမဖုန်းကို ကျစ်ကျစ်ပါအောင် ဆုပ်ထားပြီး အပေါ်မြှောက်ထားသည်။ မပေးပါ။

မောင်သည် နှုတ်ခမ်းကို တင်းတင်းစေ့ပြီး သူမ,ကို ခပ်ထန်ထန်စိုက်ကြည့်ကာ အော်လိုက်ပါသည်။

"မပေးဘူး၊ ချစ်သူတစ်ယောက်လုံးကို ရှေ့မှာထားပြီး ရည်းစားဟောင်းနဲ့ပြောမယ့် ဖုန်းနံပါတ်ကို မှတ်နေတယ်ဆိုတာ အရွဲ့တိုက်တဲ့အလုပ် မဟုတ်လို့ . . . ဘာလဲကွ ပြောစမ်းပါဦး၊ မင်း . . . ဒီဖုန်းနံပါတ်ကို မမ်မိုရီထဲက ဖျက်ပစ်ရမယ်၊ အခုဖျက်ပစ်စမ်း . . . နှောင်း"

"ဘာလို့ ဖျက်ရမှာလဲ၊ မဖျက်ဘူး"

"ဘာကွ . . . မင်း . . . သူနဲ့ ဖုန်းဆက်စကားပြောစရာ ဘာအကြောင်းရှိသလဲ၊ သူနဲ့မင်း . . . ဘာမှ ဆက်သွယ်စရာအကြောင်း မရှိတော့ဘူး၊ မင်း . . . သူ့ဆီ ဘာမှ ဆက်စရာမလိုဘူး၊ မင်း . . . ဒီဖုန်းနံပါတ်ကို ဖျက်မလား၊ မဖျက်ဘူးလား"

အခုမှ ဒေါသတကြီး ပေါက်ကွဲအော်ဟစ်နေသော မောင့်ကို သူမ,မျက်ခုံးကလေး ပင့်ချီလျက် ခပ်ထေ့ထေ့ အဖြေပေးလိုက်သည်။

"မဖျက်တော့ . . . ဘာလုပ်ချင်လဲ . . . မောင်"

"တောက် . . ."

မောင်က တောက်တစ်ချက်ကျယ်လောင်စွာ ခေါက်သည်နောက် သူမကိုကျောခိုင်းကာ သူမရဲ့ဖုန်းခလုတ်များကို မောင်ကိုယ်တိုင် နှိပ်နေပြီး ကိုမွန်ရဲ့ဖုန်းနံပါတ်အား အဲဒီ ဒစ်ဂျစ်တယ်ဖုန်းသားကွက်ထဲမှ ပျောက်ပျက်အောင် လုပ်နေသည်။ သူမ, ပေါက်ကွဲစွာ



အော်ဟစ်ရင်း မောင့်လက်ထဲက ဖုန်းကို ဆွဲလုရန် ကြိုးစားလိုက်သည်။

"မောင် . . . မတရားမလုပ်နဲ့၊ အဲဒီဖုန်းနံပါတ်ကို မဖျက်နဲ့"

အနားကပ်လာသော သူမ,ကို မောင်က ပခုံးမှနေ၍ ခပ်ကြမ်းကြမ်း တွန်းဖယ်ပစ်သည်။ သူမ တားမြစ်၍ မရတော့ပါ။ အဲဒီဖုန်းနံပါတ်ကို မောင် ဖျက်ပစ်လိုက်ပါပြီ။

သူမ နာနာကြည်းကြည်း မောင့်ကျောပြင်ကို ထုနှက် ကုတ်ခြစ်ပစ်လိုက်သည်။

ဘယ်တုန်းကမှ မောင့်ကိုသူမ အဲဒီလောက်မနာကြည်းဖူးပါ။

ဒဏ်ရာရ တိရစ္ဆာန်တစ်ကောင်လို သူမ, စူးရဲတောက်ပသော မျက်ဝန်းများနှင့် မောင့်အား အစိမ်းကားဆုံး ကြည့်ပစ်လိုက်သည်။ သူမရဲ့ ဖုန်းမည်းပြာပြာလေးကို မောင်က လက်ထဲမှာ ဆ၍ ဆ၍ကိုင်နေရင်း သဘောကျစွာ ရယ်နေသေးသည်။

သူမ အံကြိတ်လိုက်သည်။

"နင် . . . ငါ့ကို အနိုင်ကျင့်တယ်၊ နင် အရမ်းယုတ်မာတယ် . . . ဝေ၊ နင် မတရားဘူး၊ လုံးဝ မတရားဘူး၊ အဲဒီဖုန်းနံပါတ်ကို ဖျက်ပစ်တဲ့အတွက် နင် . . . နောင်တရစေရမယ်"

"အဲဒီဖုန်းနံပါတ်ကို မောင်မဖျက်ပစ်ရင် နောက်ရက်သတ္တပတ်အတွင်းမှာ မောင် လူသတ်ချင်စိတ် ပေါ်လာလိမ့်မယ် . . . နှောင်း"

သူမ . . . မောင့်စကားကို ဟက် . . . ခနဲ လှောင်ရယ်ပစ်လိုက်သည်။

"နင်ကများ . . . လူသတ်ချင်စိတ် ပေါ်ရသေးတယ် . . . ဟုတ်လား . . . ဝေ၊ သူက . . . နင့်ကို ဘာလုပ်နေလို့လဲ၊ နင့်ကို ဘာဒုက္ခပေးနေလို့လဲ၊ သတ်ချင်းသတ် . . . သူက နင့်ကို သတ်ချင်

www.burmeseclassic.com

www.burmeseclassic.com



ရမှာ . . . သိလား၊ အဲဒီစကားကို . . . သူက ပြောရမှာ"

"နှောင်း . . . အဲဒီလူဘက်က လိုက်မပြောနဲ့"

"ပြောတော့ ဘာဖြစ်လဲ၊ မောင့်လုပ်ရပ်တွေ တရားမျှတသလား၊ ကိုယ့်ဟာကိုယ် ပြန်စဉ်းစားကြည့်"

"တရားတယ်၊ အတိအလင်း ပြတ်စဲပြီးတဲ့ ရည်းစားဟောင်းနဲ့ နှောင်း ဘာမှ ဆက်သွယ်စကားပြောစရာ မလိုတော့ဘူး၊ ဒီကောင်တရော . . . ဘာလဲ၊ ဘာဖြစ်လို့များ . . . အခုထက်ထိ မင်းကို ဖုန်းဆက်ပြီး ချော့မြူခယနေရတာလဲ၊ မင်းကို အချိန်မရွေး ပြန်လာခဲ့ပါ သူ့တံခါးက အမြဲဖွင့်ထားပါတယ် . . . ဘာညာနဲ့ အပျော့ဆွဲ . . . ဆွဲနေတာ မဟုတ်လား၊ တော်တော်အောက်တန်းကျတဲ့ လူ၊ ယောက်ျားမာန မရှိတဲ့ လူ၊ လက်ရှိရည်းစားတစ်ယောက်လုံး ရှေ့မှာ ရှိနေတာတောင် ဖုန်းထဲကနေ မင်းကို သူ့ဘက်ပြန်ပါလာအောင် မြူဆွယ်နေရဲသေးတယ်၊ အဲဒါ . . . ဘာလူကြီးလူကောင်းလဲ၊ ကြောင်သူတော် . . . ကြွက်သူခိုး"

"မောင် . . . သူ့ကို မစော်ကားနဲ့"

သူမ မောင့်ရင်ဘတ်ကို ဆောင့်တွန်းပြီး အော်ဟစ်လိုက်မိသည်။ မောင်က သူမကို ပြန်အော်သည်။

"နှောင်းက . . . ဘာဖြစ်လို့ သူ့ဘက်က နာနေတာလဲ"

"နာတယ်၊ ကျွန်မကို သူ မြူဆွယ်ဖို့ ကြိုးစားတယ်ဆိုရင်တောင် သူ့မှာ မြူဆွယ်ပိုင်ခွင့်ရှိတာပေါ့ . . . မောင်ရဲ့၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မက သူ့ရဲ့ချစ်သူ ဖြစ်ခဲ့ဖူးတယ်လေ၊ သူ့လက်ထဲကနေသာ မောင်က ကျွန်မကို မောင့်ဘက်ပါအောင် ဖြားယောင်း သွေးဆောင်ခဲ့တာပဲ၊ အဲဒီလို ဖြားယောင်းတဲ့အလုပ်ဟာ လူကြီးလူကောင်း



သန်ဘူးဆို . . . မောင့်ကရော . . . ဘာလဲ . . . လူကြီးလူကောင်းသား ဟုတ်ရဲ့လား . . . ကျွန်မတော့ မထင်ဘူး"

"နှောင်း . . ."

သူ စူးဝါးစွာ အော်ဟစ်တော့ သူမ ပြုံးနေလိုက်သည်။

"နှောင်း . . . အခုလုပ်နေတဲ့အလုပ်က ဘာသဘောလဲ၊ မောင် နားမလည်ဘူး၊ မောင့်ကို နာကျင်စေချင်ပြီး သူ့ကို ပျော်ရွှင်အောင် လုပ်ပေးချင်နေတာလား၊ နှောင်းရဲ့ချစ်သူက မောင် . . . ဟုတ်ဘူးလား၊ နှောင်း . . . မောင့်ကို မချစ်ဘူးလား၊ ပြတ်ပြတ်သားသား ပြောစမ်း . . . နှောင်း၊ မောင် ဒေါသထွက်အောင် မလုပ်နဲ့"

သူမ ပြုံးစနှင့် မောင့်ကို မော့ကြည့်လိုက်မိ၏။ မောင့်မျက် . . . စူးရှရှ နက်မှောင်မှောင်ကို သူမအကြည့်ချင်း ရင်ဆိုင်နိုင်သွား ခဲ့၏။

"မောင့်မှာလည်း . . . ပြိုင်ဖက်တစ်ယောက် ရှိတယ်၊ အဲဒါ . . . မောင်သိလား"

သူမ၏စကားလုံးတွေက မောင့်မျက်နှာကို ပြတ်ရိုက်လိုက်သလို . . . တစ်ကိုယ်လုံး နောက်သို့ ယိုင်ကျသွားပါသည်။

သူမ ကျေနပ်သွား၏။ သူမတို့နှစ်ယောက် စကားလုံးမပြော . . . တစ်ယောက်ကိုတစ်ယောက် ရန်သူတွေလို ဆွဲအတိတ်ဆိတ် . . . နာကြည်းကြည်း စိုက်ကြည့်မိနေကြသည်။

တကယ်တော့ ကျွန်မတို့နှစ်ယောက်ဟာ တစ်ယောက်ကို . . . ယောက် သိပ်ချစ်ကြတဲ့ ချစ်သူတွေလည်း ဖြစ်နေပြန်ပါသည် . . . မောင်။

သီချင်းလေးတစ်ပုဒ်ကို သူမ ကြားမိသလိုပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



"သိပ်ချစ်ရင် . . . ခါးမယ်" . . .။

အခုတော့ သူမတို့နှစ်ယောက်လုံး ပြင်ဆင်လို့မရအော
ခါးသီးကုန်ပါပြီ။ မိနစ်ပေါင်းတော်တော်ကြာ ငြိမ်သက်အေးစက်သွ
သော တိတ်ဆိတ်မှုကို မောင်က ဖြိုခွင်းလိုက်သည်။

မောင့်ရဲ့ စကားလုံးတွေက အေးစက်မြောက်သွေ့စွာ ပါ
လှုပ်ကလေး။

"နောက်ဆုံးတော့ နှောင်းက မောင့်ကို ကလဲ့စားချေနေ
ကိုး . . ."

"အဲဒီလို အထင်ခံရတဲ့အတွက် ကျွန်မ စိတ်မကောင်းပါ
. . . မောင်၊ တကယ်တော့ ပြိုင်ဖက်ဆိုတာ ကိုယ့်ကို ဘယ်လော
စိတ်ဗူကွဲပေးနိုင်သလဲ . . . ဆိုတာပဲ မောင် သိစေချင်တာပါ"

"အဲဒီလို . . . တိတိကျကျ ဖွင့်ပြောလိုက်တဲ့အတွက် နှော
ကို မောင်က ကျေးဇူးတင်ရမှာပေါ့၊ ပြိုင်ဖက်ဆိုတော့လည်း တ
ချိန်မှာ မောင်တို့နှစ်ယောက် . . . သေနတ်ချင်းယှဉ်ပစ်လိုက်ရ
သွားမှာပဲလေ၊ ဟုတ်တယ် မဟုတ်လား"

သူမ မောင့်စကားကို ခပ်လျော့လျော့ရယ်မောပ
သည်။

"သေနတ်ချင်းယှဉ်စရာမလိုပါဘူး မောင်ရဲ့၊ လွယ်လွယ်
လေးပါ၊ ကျွန်မရဲ့ပြိုင်ဖက်ကိုလည်း အကြီးအကျယ် ရှုံးနိမ့်အော
မောင် လုပ်ပေးလိုက်လေ၊ မောင့်ဆီမှာလည်း ပြိုင်ဖက်ဆိုတာ ရှိမ
စေရဘူး၊ ဘယ်လိုလဲ . . အဲဒီအပေးအယူကို မောင် လက်ခံသလာ

"နှောင်းက . . . တော်တော်စိန်ခေါ်တတ်တာပဲ"

"အဲဒါ စိန်ခေါ်တာ မဟုတ်ဘူး . . . မောင်ရဲ့၊ မော



ကျွန်မက ခြိမ်းခြောက်နေတာ"

မောင်က သူမ့စကားကို သဘောကျစွာ ခစ်ခနဲရယ်သည်။

"ဥဒြဟာ . . . နှောင်းရဲ့ပြိုင်ဖက် မဟုတ်ပါဘူး . . . နှောင်းရယ်"

သူမ ဆတ်ခနဲ ခေါင်းကိုခါပစ်လိုက်သည်။

"ဒါပေမဲ့ . . . ကျွန်မရော၊ ဥဒြပါ မောင့်ရဲ့ရွေးချယ်မှုနှစ်ခု ဖြစ်နေဆဲပဲ၊ ကျွန်မ . . . မောင့်ရဲ့ရွေးချယ်ခွင့်တစ်ခု မဖြစ်ချင်ဘူး၊ ကျွန်မဟာ မောင်လှမ်းမယ့် လမ်းနှစ်သွယ်ထဲက လမ်းတစ်လမ်း မဖြစ်ချင်ဘူး၊ ကျွန်မဟာ . . . မောင်နေထိုင်မယ့် ကမ္ဘာပဲ ဖြစ်ချင်တယ်"

သူမ၊ မောင့်လက်ထဲက သူမရဲ့ဖုန်းကို ဆတ်ခနဲ ပြန်လုယူလိုက်သည်။ မောင်သည် နေရာမှာပင် ရပ်တန့်ကာ တွေဝေနေဆဲဖြစ်သည်။

သူမ၊ မောင့်ကို ပြောချလိုက်သည်။

"မောင် . . . ဥဒြကို နှုတ်ဆက်လိုက်ပါ၊ မောင်နဲ့ကျွန်မရဲ့ အဖြစ်မှန်ကို ရဲရဲဝံ့ဝံ့ သူ့ကို ပြောပြလိုက်ပါ၊ အဲဒါဆို ကျွန်မတို့မှာ ပြိုင်ဖက်တွေ မရှိကြတော့ဘူးပေါ့ . . . မောင်"

မောင်သည် သူမ့ကို တစ္ဆေတစ်ကောင်အား အခုမှ မြင်ဖူးသည့်အလား ငေးကြောင်လျက် တုန်လှုပ်သွေးပျက်စွာ စိုက်ကြည့်နေပါသည်။

သူမ့လက်ထဲက လက်ကိုင်ဖုန်းလေးကို မောင်မြင်အောင် သူမ၊ တစ်ချက်ထောင်ပြလိုက်မိသေးသည်။

"ဒီဖုန်းကို ကိုမွန့်က နောက်ထပ်အကြိမ်ပေါင်းများစွာ ဆက်နေဦးမှာ . . . မောင်၊ အဲဒီအခါကျတော့ ကျွန်မ ကိုမွန့်ဖုန်းနံပါတ်ကို

www.burmeseclassic.com

www.burmeseclassic.com



Memory ထဲ ပြန်သိမ်းထားလို့ ရတာပဲ"

မောင့်ရဲ့ အပေါ်နှုတ်ခမ်းပါးလေးက ခပ်ကျွေးကျွေးတွန့်ကာ သူမကို အနိုင်ယူလိုသည့် အပေါ်စီးက အပြုံးနဲ့ ပြုံးပါသည်။

မောင့်စကားသံက တည်ငြိမ်အေးဆေးစွာ ပေါ်ထွက်လာသည်။

"နှောင်းသိထားဖို့က ဥဩဟာ နှောင်းရဲ့ပြိုင်ဖက် မဟုတ်ခဲ့ဘူး။ ဘယ်တုန်းကမှ မဟုတ်ခဲ့ဘူး၊ ဒါပေမဲ့ မကြာခင်မှာ သူဟာ နှောင်းရဲ့ ပြိုင်ဖက်တောင် မဟုတ်ဘူး၊ ရန်သူပါ ဖြစ်လာလိမ့်မယ်၊ နှောင်း စောင့်ကြည့်နေ"

"အချစ်ဆိုတာ ...

ပိုးကိုက်ထားတဲ့ ပန်းသီးတစ်လုံးပဲ၊

တချို့က ...

ပိုးပါတဲ့ တစ်ခြမ်းကို

ခါးနဲ့လှီးထုတ်ပစ်ပြီး

ကျန်တာကို စားချင်ပေမယ့်

တချို့ကတော့ ...

ပန်းသီးတစ်ခုလုံးကို

လွှင့်ပစ်လိုက်တတ်တယ် ..."

www.burmeseclassic.com

www.burmeseclassic.com

# ၌

"ဘာများလဲလို့ . . . ဒါလင်ရယ်၊ ဒီစကားကို ပြောဖို့ ဒါလင် တော်တော် သတ္တိမွေးခဲ့ရတယ်နဲ့တူတယ် . . . ဟုတ်လား"

ရုတ်တရက် သူ အရမ်းအံ့ဩသွားသည်။ သူမက ထိုစကားကို လက်သည်းဆိုးဆေးဆိုးထားတာ ခြောက်သွေ့အောင် တဖူးဖူးလေနဲ့ မှုတ်နေရင်းက ပြန်ပြောလိုက်တာ ဖြစ်သည်။

သူ့မျက်နှာကိုလည်း သူမ မော့မကြည့်ပါ။ သူမ၏လက်ချောင်းများလောက် သူ့စကားက စိတ်ဝင်စားစရာ မကောင်းဘူးထင်သည်။

"ဥသြ . . . မင်း ကိုယ်ပြောတာ ကြားရဲ့လား၊ ကိုယ် နောက်နေတာ မဟုတ်ဘူး၊ အတည်ပြောနေတာ၊ ရှင်နှောင်းနဲ့ ကိုယ်နဲ့ဟာ တကယ့်ချစ်သူတွေ၊ ကိုယ် . . . သူ့ကိုပဲ လက်ထပ်မှာနော်"

သူမက ဖျတ်ခနဲ သူ့မျက်နှာကို မော့ကြည့်သည်။ သူမ့မျက်လုံးတွေက သူ့ကို လှောင်ပြောင်ရယ်မြူးဟန်ပါနေသည်။

အဲဒါ . . . ဘာအချိုးချိုးနေတာလဲ။

ဒီမိန်းမ . . . ငါ့စကားကို ဒေါသမထွက်ဘူးလား။

သူမက သူ့မျက်နှာဆီက အကြည့်ကိုခွာပြီး ညှော်ခန်းတံခါးပေါက်အနီးက ကိုယ်လုံးပေါ်မှန်ရှေ့သို့ ကြွကြွလေး လှမ်းသွားသည်။ ပြီးတော့ သူမ့ဆံပင်တွေကို ကြည့်ကောင်းအောင် ဖွနေသည်။



မှန်ထဲကနေ သူမ့က သူ့ကို အေးစက်စက် ပြန်ပြောလိုက်ခြင်း ဖြစ်၏။

"ဒါလင် . . အမှန်အတိုင်း ဝန်ခံမလား၊ အဲဒီစကားကို ဒါလင် . . . သူ ပြောခိုင်းလို့ လာပြောတာ မဟုတ်လားဟင် . . . ဒါလင့် စိတ်နဲ့ ဒါလင့်ကိုယ်သာဆို အိုင့်ကို ဘာမှ လာပြောနေမှာ မဟုတ်ဘူး မို့လား . . ."

သူ . . . စိတ်မရှည်တော့။

"ဘယ်သူကပဲ ပြောခိုင်း၊ မပြောခိုင်း အဲဒါ အရေးမကြီးပါဘူး ကိုယ် . . . မင်းကို အခု ပြောနေတာကတော့ အမှန်တရားပဲ၊ ကိုယ် . . . သူ့ကို တကယ်ချစ်တာ . . ."

"သိသားပဲ"

"ဘာ . . ."

တုန်လှုပ်စွာနဲ့ သူ အော်ဟစ်လိုက်မိသည်။ အဲဒီအမှန်တရား သူမ သိနေနှင့်တယ်။ မဖြစ်နိုင်တာ။

သူမနှင့် မျက်နှာချင်းဆိုင်ဖြစ်အောင် အဲဒီတိုက်ခန်းထဲက ကြမ်းပြင်ပေါ် သူ့ခြေသံ တဝုန်းဝုန်းမြည်တဲ့အထိ ခပ်ဆောင့်ဆောင့် လျှောက်သွားလိုက်မိသည်။

"မင်း . . . ဘာပြောတာလဲ . . . ဥသြ၊ သူ့ကို အပျော်သက်သက် တွဲနေတာ မဟုတ်ဘူး၊ တကယ်ချစ်နေတယ်ဆိုတာ . . . အခုမှ ကို ပြောတာ၊ မင်း ဘယ်လိုလုပ်ပြီး သိနေတာလဲ၊ အရင်တုန်းက ခဲ့တာတွေဟာ မင်းကို ညာခဲ့တာဆိုတာ မင်း သိနေသလား . . . မင်း"

သူမက ချာခနဲလှည့်ပြီး သူ့ကို စေ့စေ့ကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒါလင် ညာခနေတယ်ဆိုတာ အိုင် မသိရလောက်အော
အိုင်က ဦးနှောက်မပါတဲ့ ခပ်တုံးတုံးမိန်းမ မဟုတ်ဘူး၊ ဒါလ
မျက်လုံးတွေကို အမှန်အတိုင်းဖတ်တတ်လို့ ဒါလင်နဲ့စွဲစပ်ထား
မိန်းမ လုပ်နေတာ . . . သိလား . . ."

"ဒါဖြင့် . . ."

သူ့စကားတွေက နှုတ်ခမ်းဝ၌မှာ ပျောက်ဆုံးကာ ထစ်
ကုန်သည်။ သူမ၏မျက်နှာကို ထိတ်လန့်တကြား သူလှမ်းကြည့်မိလို
သည်။

သူမ၏က နှုတ်ခမ်းထောင့်လေးတစ်ဖက်တည်း ကွေးကွေ
ပြုံး နေသည်။ သူမရဲ့အကြည့်တွေက "ရခဲ" ဆို
သဘာဝတစ်ခုလုံးကို သူမကပဲ အစ၊အဆုံး ဖန်ဆင်းပေးထားတဲ့
ပိုင်စိုးပိုင်နင်းနိုင်လိုက် တာ။

သူ ခါးထောက်ကာ အော်လိုက်သည်။

"ဒါဖြင့် . . . မင်းက ဘာဖြစ်လို့ ကိုယ်လိမ်ညာခဲ့တာတွေ
အမှန်အတိုင်းပဲ ယုံလိုက်သယောင်နဲ့ ရှင်နှောင်းကို သွားသတိပေးလို
ရတာလဲကွ၊ မင်း . . . ဘာဖြစ်လို့ ကိုယ်တို့နှစ်ယောက်ကြားမှာ လာ
ရသလဲ၊ မင်းရဲ့ ရည်ရွယ်ချက်က ဘာလဲ"

သူမက ခေါင်းငုံ့ကာ ခပ်မျှင်းမျှင်းလေး ရယ်သည်၊
ရယ်သံက ပို၍ သူ့စိတ်တွေကို အနှောင့်အယှက်ပေးနေသည်။

"ဒါလင်ရော . . . သူရောက . . . အိုင်ရွှေ့လိုက်တဲ့ စ
ရင်ခုံပေါ်က နယ်ရုပ်ကလေးတွေပေါ့ . . . ဒါလင်ရယ်၊ အခုပဲ ဒါ
က . . . အမှန်အတိုင်း လာဝန်ခံလိုက်ပြီလေ အိုင်က အဲဒါကိုပဲ
တာ အချိန်ဆောင်နေရတာ ဒါလင် ပင်ပန်းပါတယ်ကွယ် . . .



"မဝင်း . . . တော်တော်ကြောက်စရာ ကောင်းတာပဲ ဥဩ"

"အိုင့်ကို ခပ်တည်တည်နဲ့ လိမ်ညာပြီး လှည့်စားဖို့ ဆုံးဖြတ်ခဲ့
တဲ့ ဒါလင်က . . . ပိုကြောက်စရာ မကောင်းဘူးလား၊ အိုင်တော့
. . . ကြောက်တယ်"

ပခုံးနှစ်ဖက်ကို ဆတ်ခနဲတွန့်၍ တကယ်မကြောက်ပါဘဲ
အိုက်တင်သက်သက်လုပ်ပြနေသော သူမပုံစံက ကိုင်ဆောင့်ပစ်ချင်
စရာ ကောင်းသည်။

သူ့ရင်ထဲက သူမ၏ကို နာကြည်းစိတ်နှင့် ဒေါသသံတွေ တုန်
ယင်ပွိုက်ခါ၍ ထွက်သွားသည်။

"တဲ . . . ဒါဖြင့် မင်း အခု . . . အမှန်အတိုင်း သိရတော့
ဘာဆက်လုပ်မလဲ . . . ပြောစမ်း . . . ဥဩ၊ မင်းလုပ်မှာ ကိုယ် သိ
တယ်၊ မင်းက စွဲစပ်ထားတာကို ဖျက်မပေးနိုင်ဘူး ပြောမယ်၊ ကိုယ့်
မိဘတွေဆီမှာ ကိုယ်နဲ့ရှင်နှောင်းအကြောင်း သွားဖွင့်ချမယ်၊ ကိုယ်တို့
နှစ်ယောက်ကို ခွဲခိုင်းမယ်၊ ပြီးတော့ မင်းကိုယ့်ကို မိဘတွေနဲ့ ခြိမ်း
ခြောက်ပြီး လက်ထပ်ဖို့ ကြိုးစားမယ်ပေါ့၊ ဒါပဲ မဟုတ်လား၊ မင်း
လိုချင်တာ ဒါပဲ မဟုတ်လား"

သူမ ဟားဟားဟားနဲ့အော်ရယ်တော့ သူ မျက်မှောင်ကျုံ့လိုက်
မိသည်။ အဲဒီတိုက်ခန်းကျဉ်းကျဉ်းလေးထဲမှာ သူမရယ်သံက ပဲ့တင်ထပ်
၍ ဆူညံသွား၏။ ဒီမိန်းမ . . . သွေးပျက်နေပြီ။ အဲဒါပဲ။

သို့ပေမယ့် သူ့အထင် မှားသွားပါသည်။

"ဒါလင် . . . သိပ်နိမ့်တာပဲ၊ . . . အိုင်က အဲဒီလောက်
ယုတ်ညံ့တဲ့မိန်းမ မဟုတ်သေးဘူး၊ ပြီးတော့ လူကြီးတွေကို အတူအညီ
တောင်းပြီး ယောကျာ်းတစ်ယောက်ကို ချောင်ပိတ်ဖမ်းမယ့်အလုပ်က

www.burmeseclassic.com

www.burmeseclassic.com



နည်းနည်းများ ဖျင်းစရာကောင်းသလားလို့ . . .၊ အိုင်ရဲ့ဦးနှောက်က ဒီထက် အများကြီး ပိုကစားလို့ ရသေးတယ်လေ၊ အိုင် ကစားနေတဲ့ စစ်တုရင်ခုံပေါ်မှာ နောက်ထပ်ရွှေ့ကွက်တွေ . . . အများကြီး ကျန်သေးတယ် . . . ဒါလင်ရဲ့"

"မင်း . . . မင်း ဘာတွေ ထပ်လုပ်ဦးမလို့လဲ ဥဩ၊ မင်း ဘာတွေ ဉာဏ်များဦးမှာလဲ"

သူမ,က သူ့မေးခွန်းကို မခိုးမခန့် လှောင်ရယ်ပစ်သည်။

"အိုင့်ခြေလှမ်းတွေကို ဒါလင့်ဆီမှာ ကြိုပြောပြထားဖို့ မလို ဘူး ထင်တယ်နော်၊ ဒါလင်က အိုင့်ရဲ့ရန်သူဖက်ကပဲ ဥစ္စာ"

"မင်း . . . တော်တော်ကောက်ကျစ်တဲ့ မိန်းမပဲ၊ မင်း . . . အဲဒီလောက် ကောက်ကျစ်ယုတ်မာတတ်လိမ့်မယ်လို့ ကိုယ် ထင်မထား ခဲ့တာ မှားတာပဲ"

သူ့စကားကြောင့် သူမ,မျက်လုံးတွေ ဝိုင်းစက်သွားသည်။ သူ့မျက်နှာကို ဟားတိုက်ရယ်မောချင်နေတဲ့ အကြည့်တွေနဲ့ ခပ်လှောင် လှောင် စိုက်ကြည့်လေသည်။

ရယ်သံဟ,ဟ,နဲ့ သူမ,က မေး၏။

"ကောက်ကျစ်တယ် . . . ဟုတ်လား"

သူမက ရင်ဘတ်ကိုဖိ၍ စကားဆက်ပြောသည်။

"ဘယ်လောက် အံ့သြစရာကောင်းတဲ့ စကားလုံးပါလိမ့်၊ ကိုယ်နဲ့စေ့စပ်ထားတဲ့ ယောကျ်ားတစ်ယောက်ကို ကိုယ်နဲ့လက်ထပ်ချင် လာအောင် နည်းမျိုးစုံနဲ့ ထိတ်လန့်တကြား ပြန်ဆွဲဆောင်နေရတဲ့ အလုပ်ကို ဒါလင်က ကောက်ကျစ်တယ် . . . လို့ နာမည်တပ်သတဲ့ လား၊ ဒါလင် . . . သိပ်တော်တာပဲ"



သူ . . . သူမ, ပခုံးနှစ်ဖက်ကို ကိုင်ဆွဲ၍ လှုပ်ခါပစ်လိုက် ည်၊

"ဒါပေမဲ့ မင်းလက်ထပ်ချင်နေတဲ့ ယောကျ်ားက မင်းကိုလုံးဝ ချစ်ဘူးကွ၊ အဲဒါ . . . မင်းသိရဲ့လား"

"ဟာ . . . ဟ . . ."

သူမက မျက်နှာကို အစွမ်းကုန်မဲ့ပြကာ သူ့အား လှောင်ရယ် က်ပါသည်။

"အချစ်ဆိုတာ ယောကျ်ားတွေ ခဏခဏ သစ္စာဖောက်တဲ့ ခါ အကြောင်းပြတဲ့ စကားလုံးတစ်ခုပါ ဒါလင်ရယ်၊ အိုင် . . . လုံးဝ ယုံအကြည်မရှိဘူး၊ အိုင် လိုချင်တာ . . . ဒါလင် အိုင့်ကိုပဲ က်ထပ် ရမယ်၊ ဒါလင့်ခန္ဓာကိုယ်ထဲမှာ အချစ်ဆိုတဲ့စကားလုံးကြီး ါ၊ မပါပါ . . . အိုင် . . . လုံးဝ ဂရုမစိုက်ဘူး . . . သိလား၊ ချစ်ဆိုတာ အိုင့် အတွက်တော့ သိပ်အသုံးမဝင်လှဘူး"

"မင်းအတွက် အသုံးမဝင်ပေမယ့် ငါ့အတွက် အသုံးဝင်တယ် ငါ . . . သူ့ကိုပဲချစ်တာ၊ ငါချစ်တဲ့သူကိုပဲ ငါ လက်ထပ်မှာ၊ မင်း . . ဘယ်လိုတားတား မရဘူး"

သူမကို သူ ဒေါသတကြီး ဆောင့်တွန်းပစ်လိုက်တော့ သူမ န္ဓာကိုယ်လေးက နံရံနှင့် ရိုက်ပြီး ယိုင်ထွက်သွားသည်။

သို့တိုင်အောင် သူမ အေးစက်စွာ ပြုံးနေဆဲ။ ဖရိုဖရဲ ဖြစ်သွား သော ဆံမျှင်တွေကို လက်ဖြင့် ဖိသပ်ရင်း သူ့ရှေ့တည့်တည့်မှာ လ ပ်သည်။ စူးရဲခက်ထန်သော မျက်ဝန်းများနဲ့ သူ့မျက်နှာကို တည့်တည့် က်ကြည့်ရင်း ပြောသည်။

"ဒါလင် . . . အိုင့်ကို သေသေချာချာ ကြည့်စမ်း"

www.burmeseclassic.com

www.burmeseclassic.com



သူမက ခြေဖျားလေးထောက်၍ သူ့ရှေ့မှာ အနည်းငယ် ယိမ်းနွဲ့ပြသည်။

"အိုင့်မှာ . . . သူ့ထက် တန်ဖိုးလျော့တာ ဘာရှိလဲ၊ သူက အိုင့်ထက် ဘယ်နေရာမှာ သာလို့လဲ . . . ဟင်"

သူ အံကို တင်းတင်းကြိတ်လိုက်မိသည်။ ပြတ်သားတင်းမာသော လေသံနဲ့ သူ့ရှေ့က အဲဒီမိန်းမကို စက်ဆုပ်ရွံရှာစွာ ကြည့်လိုက်ပါသည်။

"ဒီမှာ . . . ဉာဏ . . . အချစ်မှာ တန်ဖိုးနည်းတာ များတာနဲ့ လုံးဝ မသက်ဆိုင်ဘူး . . . သိလား၊ ယောက်ျားတွေဟာ လုံးဝတန်ဖိုးမဲ့နေတဲ့ မိန်းမဖြစ်ချင် ဖြစ်နေပစေ . . . ကိုယ် တကယ်ချစ်နေရင် လက်ထပ်ပစ်ကြတယ်၊ အဲဒါ . . . မင်း မြဲမြဲမှတ်ထား၊ အမှန်အတိုင်းပြောရရင် နှောင်းမှာ ကိုယ် မကြိုက်တဲ့ဖြစ်ချက်တွေ အများကြီးပဲ၊ အတ္တကြီးတယ်၊ သွေးဆူလွယ်တယ်၊ အရမ်း အနိုင်လိုချင်တယ်၊ ဒါပေမဲ့ ကိုယ်က . . . သူ့ကိုပဲ ချစ်တယ်၊ ရှင်းလား"

သူ့စကားအဆုံးမှာ သူမက ဟက်ခနဲ တစ်ချက်ထုတ်ရယ်သည်။ လျှို့ဝှက်နက်နဲသည့် သေချာမှုတစ်ခုက သူမ့မျက်လုံးတွေထဲမှာ ပေါ်လာသည်။ သူမက နှုတ်ခမ်းတွေကို သေသပ်လှပစွာ ပြုံးစ,စ လုပ်လိုက်ရင်း . . .။

"ကျေးဇူး အရမ်းတင်ပါတယ် . . . ဒါလင်၊ အိုင့်ရဲ့ ပြိုင်ဖက်ဆီက အဲဒီအားနည်းချက်တွေကို ထုတ်ပြောပေးလို့လေ၊ သူ့ကို ဘယ်လိုပုံစံမျိုးနဲ့ အနိုင်ယူသင့်သလဲ . . . ဆိုတာ အိုင် ကြံတွေးလို့ ရသွားတာပေါ့"

"မင်း . . . မင်း . . . အနိုင်ရမယ်လို့ မျှော်လင့်နေသေးသ



လား . . . ဉာဏ၊ မင်း . . . ဘယ်တော့မှ အနိုင်မရစေရဘူး၊ ဒီကမ္ဘာပေါ်မှာ ယောက်ျားတစ်ယောက်ရဲ့အချစ်ကို ဘယ်လောက်ခိုင်မာတဲ့ ကြိုးနဲ့ ဖြစ်ပစေ မိန်းမတွေချည်နှောင်လို့ မရခဲ့သေးဘူး၊ အဲဒါ . . . မင်း သိသလား"

သူမ့က သူ့မျက်နှာကို စေ့စေ့စိုက်ကြည့်ကာ တဟားဟား အော်ရယ်ချလိုက်သည်။

ရုတ်တရက် သူ ကြောင်အ,လျက် သူမ့ကို နားမလည်နိုင်စွာ ငြိမ်ငေးကြည့်နေမိစဉ် . . .။ သူ့မျက်နှာကို သူမက လက်နှစ်ဖက်နဲ့ ညှပ်ဆုပ်ကာ ရုတ်ချည်း နှိမ့်ချပစ်လိုက်သည်။

"ဉာဏ . . . မင်း . . ."

သူ့နှုတ်ခမ်းက စကားလုံးတွေကို သူမ . . . ဆွဲထုတ်ဖျောက်ဖျက်ပစ်ပုံက အရမ်းရိုင်းစိုင်းနေသည်။ သူမကို အားနဲ့အောင့်တွန်းလိုက်တော့ သူ့နှုတ်ခမ်းတွေမှာ ဒဏ်ရာရသွားသလို နီမြန်းဆူပွက်လျက် ကျန်ရစ်ခဲ့၏။

"မင်း . . . ဒါဘာလုပ်တာလဲ"

"ဒါလင်က . . . စိတ်ဆိုးတဲ့အခါ အစာရှာနေတဲ့ ဝက်ဝံလေးလိုပဲ၊ . . . အိုင် သိပ်အသည်းယားတာပဲ"

"မင်း . . . အဲဒီလိုပုံစံမျိုးနဲ့ ကိုယ့်ကို လာမချည်နှောင်စမ်းပါနဲ့ . . . ဉာဏ၊ မင်းချည်နှောင်တဲ့ ကြိုးမျိုးကို ကိုယ်အရွံမုန်းဆုံးပဲ၊ မင်း . . . ငါနဲ့ ဝေးဝေးနေစမ်းပါ"

သူမက သူ့စကားအဆုံးမှာ ပြက်လုံးတစ်ခုကို သဘောကျသလို ထပ်မံရယ်မောနေပြန်သည်။ ဒီမိန်းမကို ငါ သတ်မိတော့မယ်။

"ဒါလင့်ကို ဘယ်သူကမှ . . . ဘယ်ကြိုးနဲ့မှ မချည်နှောင်

www.burmeseclassic.com

www.burmeseclassic.com



ဘူး . . . သိလား၊ ဒီပွဲမှာ ကျွန်မ အနိုင်ရဖို့က ကြိုးတစ်ချောင်းကို ချည်ရမှာ မဟုတ်ဘူး၊ ကြိုးတစ်ချောင်းကို ဖြတ်ရမှာ"

သူ . . . ထိတ်လန့်တကြား သူမကို ချာခနဲ လှည့်ကြည့်လိုက်သည်။

"ဒါလင်နဲ့ အဲဒီမိန်းမရဲ့ကြားက ကြိုးကို ဖြတ်ပစ်မှာ . . ."

ဒေါသတွေ ပေါက်ကွဲကာ တုန်တုန်ရီရီဖြစ်နေသော သူမကို ရှီလာက ဖျောင်းဖျသည်။

"နှောင်း . . . ရှင် သိပ်စိတ်မလှုပ်ရှားနဲ့ကွာ၊ ဒီကိစ္စက ဘာမှ အရေးကြီးတာလည်း မဟုတ်ဘူး၊ ဖုန်းလှမ်းဆက်မနေပါနဲ့တော့ နောက်မှ ရဝေနဲ့တွေ့ရင် မေးလိုက်၊ ပြီးတာပဲ ဟာကို . . ."

သူမ ဆတ်ခနဲ ခေါင်းခါလိုက်သည်။

ပြီးတော့ တယ်လီဖုန်းခလုတ်တွေကို တမင်ဆောင့်ဆောင့်အောင့်အောင့်နဲ့ အတင်းဖိနှိပ်နေမိရင်း ရှီလာ့ကို ပြန်ပြောလိုက်မိသည်။

"မပြီးဘူး၊ ဒီကိစ္စကို ကျွန်မ လုံးဝမကျေနပ်ဘူး၊ အခုကို ဝေ့ဆီ ဆက်ပြီး ကျွန်မမေးမယ်၊ ကျွန်မကို အဲဒီကိစ္စ သူ လုံးဝမပြောဘဲ ထားတာ ကျွန်မ ခံရအခက်ဆုံးပဲ၊ အဲဒါ . . . သူ မရိုးသားတာ၊ သူ . . . လုံးဝ မရိုးသားလို့ပေါ့"

ပြောရင်းနဲ့ပဲ ရင်ထဲက နာကျင်ခံခက်လာကာ ငိုရှိုက်အောင် လာသည်။ မောင့်ကို ဆုံးရှုံးရမှာ စိုးရိမ်တကြီး ပူပန်မှုနှင့်အတူ သူမ



တစ်ကိုယ်လုံး လောင်မြိုက်လာသည်။

သူမ ငိုချလိုက်ချင်ပြီ။ ဒါပေမဲ့ ငိုလို့ မရသေး။

ဒီကိစ္စ မောင်နဲ့ကို ရှင်းမှဖြစ်မည်။

"ခက်တော့တာပဲ မယ်နှောင်းရယ်၊ ရှင်ဟာလေ . . . သိပ်စိတ်မြန်တာပဲ၊ ရဝေ့ကို မရိုးသားဘူးလို့ အခုစွပ်စွဲလို့ ဘယ်ရဦးမလဲ ဟဲ့၊ ဒီကိစ္စက မလိုအပ်လို့ ရှင့်ကို မပြောဘဲထားတာလည်း ဖြစ်ချင်ဖြစ်မှာပေါ့၊ ရှင်သိချင်ရင်လည်း . . . အခုလိုပဲ ယုန်ထင်ကြောင်ထင် ဖြစ်ပြီး စိတ်ဆင်းရဲမှာကို တွေးမိလို့နေမှာပေါ့၊ ရှင့်ကို မပြောဘဲထားတာ"

ရှီလာက လေပြည်ထိုးနေသော်လည်း သူမ့ဒေါသကို ထိန်းချုပ်လို့ မရသေးပါ။ အရေးထဲမှာ မောင့်ရဲ့ လက်ကိုင်ဖုန်းကလည်း စက်ပိတ်ထားသည်ဟုပဲ အကြောင်းပြန်နေသည်။

သူမ တယ်လီဖုန်းစကားပြောခွက်ကို ဆောင့်ချပစ်လိုက်သည်။

"ဘာဖြစ်လို့ . . . သူ့ဖုန်းက အခုပိတ်ထားရတာလဲ . . . ကဲ . . ."

"နှောင်း . . . ရှင် ကိစ္စတစ်ခုကို အလောသုံးဆယ် မဆုံးဖြတ်နဲ့၊ ဖြေးဖြေးအေးအေးထားပြီး စဉ်းစားဦး"

"ဘာမှ စဉ်းစားစရာ မလိုဘူး . . . ရှီ၊ ကျွန်မက . . . သူ့ချစ်သူ၊ သူက ချစ်လှပါချည်ရဲ့ . . . လို့ ပြောခဲ့တဲ့ ချစ်သူ၊ အဲဒီချစ်သူ တစ်ယောက်လုံးကို သူက ဒီကိစ္စ ဖွင့်မပြောထားဘူးဆိုရင် ဘယ်သူ့ကို သူက ပြောပြဦးမှာလဲ၊ အခု ကြည့်စမ်း . . . ယူဒါတို့ . . . ဝေယံတို့ အားလုံး ဒီကိစ္စကို သိပြီးတော့မှ သူ့ရဲ့ချစ်သူ ကျွန်မက သိလိုက်ရတယ်

www.burmeseclassic.com

www.burmeseclassic.com



ဆိုတော့ ဘယ်လောက်အောက်သလဲ၊ သူ လုပ်တာ၊ သိမယ် . . . မောင်နဲ့ ဒီကိစ္စက မျက်နှာချင်းဆိုင်ကို ရှင်းရမယ်"

ရှီလာက မျက်နှာတော်တော် ပျက်နေသည်။ စိတ်ရှုပ်ယှာ ဟန်နှင့် ခေါင်းကို ကုတ်သည်။

"နှောင်း . . . ယုဒါတို့လည်း ရှင်းပြလိုက်သားပဲကွယ်၊ ဉာဏ ရဲ့ မိဘတွေက ဒီမှာရှိတဲ့အိမ်ကို ဖော်ရိန်နာတွေငှားပြီး တစ်အိမ်လုံး ဩစ်ရေးလျာကို ထွက်သွားတာ၊ အခု ဉာဏပြန်လာတော့ နေစရာ တည်းခိုစရာ အိမ်မရှိလို့ . . . ဆိုတာ၊ ဉာဏက သူနေဖို့ တိုက်ခန်းငယ် မရှာခင်စပ်ကြား အဲဒီမှာ ခဏတည်းနေတာပါကွယ်၊ မင်း . . . ဘာဖြစ် လို့ ဒီလောက် သဝန်တိုနေတာလဲ"

"တိုတာပေါ့၊ မတိုလို့ ရမလား၊ ဒီမိန်းမက မောင့်အပေါ်မှာ ဘယ်လိုသဘောထားသလဲ . . . ရှင်မှ မသိတာ၊ သူက မောင့်ကို ပိုင်ဆိုင်တဲ့ အရုပ်ကလေးတစ်ရုပ်လို သဘောထားနေတာ၊ သူ ဟိုတ နေ့က ပြောတာကို မင်းလည်း ကြားသားပဲ . . . ရှီ၊ သူနဲ့ . . . မောင် နဲ့က . . . အို . . . မဖြစ်ပါဘူး၊ ကျွန်မ မောင့်ဖုန်းကို လှမ်းဆက် ဖြစ်မယ်"

သူမ တယ်လီဖုန်းခလုတ်တွေကို ထပ်နှိပ်ပြန်သည်။ မောင့် ဖုန်းသည် အခုထက်တိုင် စက်ပိတ်ထားဆဲ။

"တောက် . . ."

ဒေါသတကြီး သူမ တောက်ခေါက်လိုက်မိသည်။ အခု . . . မောင် ဘယ်ရောက်နေသလဲ . . . ကဲ၊ မောင့်အိမ်မှာလည်း မောင် မရှိဘူး။ ယုဒါတို့ . . . ဝေယံတို့ စာစုပြီး ကျက်နေကြတဲ့ ဝေယံ့အိမ် လည်း မောင်မရှိဘူး။ အဲဒီတာကျက်တဲ့ ဝေယံ့အိမ်ကနေ မောင့်



ဉာဏက ဖုန်းဆက်ခေါ်လို့ မောင်ထွက်သွားတာ ဆယ့်ငါးမိနစ်ရှိပြီ . . . တဲ့။

ဒါဆို . . . မောင်က အဲဒီတိုက်ခန်းကို သွားတာပေါ့။ ဘာလို့ သွားရတာလဲ။ ဉာဏက ဖုန်းလေးတစ်ချက် ဆက်လိုက်တာနဲ့ မောင်က အောက်ခါငင်ခါ ထလိုက်သွားရတာပဲလား။

"နှောင်း . . . ဉာဏနဲ့ ရဝေက မိဘသဘောတူ စေ့စပ်ထားတဲ့ သူတွေဆိုတာ ရှင် နားလည်ထားဦးလေ၊ ရဝေ့အနေနဲ့ အဲဒီမိန်းမကို ဘယ်လို ယတိပြတ်ကြီး အဆက်အသွယ်ဖြတ်လို့ ရဦးမလဲ၊ အလိုက် အထိုက် ဆက်ဆံနေရတာတော့ ရှိမှာပေါ့"

"အို . . . အဲဒီအလိုက်အထိုက်ဆိုတဲ့ စကားကြီးတစ်ခုလုံး ထဲမှာ မောင်က အဲဒီမိန်းမကို ဒီလောက်ပေးဆပ်နေဖို့ မလိုပါဘူး၊ အခုတော့ မောင်တစ်ယောက်တည်း နေခဲ့ဖူးတဲ့ အဲဒီတိုက်ခန်းမှာ အဲဒီ မိန်းမကို နေထိုင်ခွင့်ပေးထားတယ်ဆိုတော့ . . ."

"နှောင်းရာ . . . သူတို့နှစ်ယောက် အတူတူနေတာမှ မဟုတ် ဉာဏကို တစ်ယောက်တည်း ခဏနေဖို့ ပေးထားတာလေ၊ ရဝေက သူ့မိဘတွေ အိမ်မှာပဲဟာ . . ."

"အတူတူ နေ၊ နေကြတယ်ဆိုရင် ကျွန်မ . . . သူတို့နှစ် ယောက်ထဲက တစ်ယောက်ယောက်ကို သတ်မှာ . . ."

"မဟုတ်တာကွာ . . ."

အဖြစ်ကလည်း ဒီနေ့ကျမှ သူမ, သိလိုက်ရခြင်း ဖြစ်သည်။ သူတို့၏ နောက်ဆုံးနှစ်အပိုင်း (ခ) စာမေးပွဲအတွက် စာကျက်ရန် အချက်ချိန် ( Private Study ) နှစ်ပတ်ပေးလိုက်တဲ့အခါ ထုံးစံ အတိုင်း မိန်းကလေးသူငယ်ချင်းများ သတ်သတ်၊ ယောကျာ်းလေး

www.burmeseclassic.com

www.burmeseclassic.com



များက သတ်သတ် တစ်အိမ်စီ စာစုကျက်ကြပါသည်။

အချင်းချင်းလည်း နားမလည်သည့်စာများ မေးရန်၊ အ... ကြီးသောစပေ့များ ဝေငှရန် ဖုန်းအဆက်အသွယ် ...ကြသည်။

ဒီနှစ်မှာ ထုံးစံအတိုင်း မိန်းကလေးတွေက သူမရဲ့အိမ်မှာ... စာလာကျက်ဖြစ်သော်လည်း ယောကျ်ားလေးအုပ်စုက အိမ်ပြော... သွားသည်။ အရင်နှစ်တွေဆိုလျှင် မောင့်ရဲ့မိဘတွေ က သူတို့သ... စာ ကျက်ဖို့ဆိုပြီး ဝယ်ပေးထားတဲ့ အဲဒီ ဆယ့်ရှစ်လ...တိုက်ခန်း... အကုန် စုကျက်ကြသည်။

ဒီနှစ်တော့ ယုဒါက ဖုန်းဆက်လာသည်။ အဲ...တိုက်ခန်း... ယောကျ်ားလေးတွေ စာသွားမကျက်ဖြစ်တော့။ ဝေယံတို့အိမ်... ကျက်ကြမည် . . . တဲ့။ ဝေယံ့အိမ်ကိုပဲ ဖုန်းဆက်ပါဟု ပြော...သ...

သူမ အံ့ဩသွားသည်။ "မောင်ကရော . . . ဘာ... မှာလဲ၊ သူ့တိုက်ခန်းက မြို့ထဲမှာဆိုတော့ ကျောင်းနဲ့လည်း နီး၊ လူ... လည်းလွတ်လပ်တဲ့ဥစ္စာ၊ ဒီနှစ် ဘာဖြစ်လို့ အဲဒီမှာ မကျက်တာ... . . ." ဟု သူမ နားမလည်ပါးမလည် ယုဒါကို မေးတော့ ... ရယ်လေသည်။

"နင် မသိဘူးလား . . . နှောင်း၊ သူ့တိုက်ခန်းမှာ ... ဟာမကို တင်ထားတယ်လေဟာ၊ နှစ်လတောင် ကျော်ပြီ... ပြန်ရောက်ကတည်းကပဲကို၊ နင့်ကို ရဝေ ပြောမပြဘူးလား၊ သူလ... ဝေယံ့အိမ်မှာပဲ လာစာကျက်ရတော့မှာပေါ့၊ ဟိုအိမ်မှာတော့ ... ဖြစ်မလဲ . . . ဟဲ . . . ဟဲ"

ယုဒါက ခပ်နောက်နောက်နဲ့ ပေါ့ပါးမြူးရွှင်စွာ ထုတ်... လိုက်သော်လည်း သူမရင်ထဲမှာ ဗုံးတစ်လုံးပေါက်ကွဲသလို ဆူညံ...



...ည်ဟည်းသွားရ၏။

အဲဒီကိစ္စ ...ာင် . . . ဘာဖြစ်လို့ ကျွန်မ,ကို မပြောဘဲ ထား... ...ာလဲ။

အဲဒီတိုက်ခန်းဟာ တစ်ခါတလေ စာမေးပွဲတွေနီးလျှင် မောင်... ... တစ်ယောက်တည်း စိတ်လွတ်ကိုယ်လွတ် သွားသွားနေတတ်တဲ့ ...တိုက်ခန်း။ မောင် . . . အမြဲတမ်း ဝင်နေထွက်နေကျ။

ယောကျ်ားတစ်ယောက် လွတ်လပ်စွာ နေထိုင်ခဲ့ဖူးတဲ့ အဲဒီ ...တိုက်ခန်းမှာမှ . . . အဲဒီမိန်းမက . . .။

ဒါ . . . ဘာသဘောလဲ။ အခုဆို . . . အဲဒီဥဩဆိုတဲ့ မိန်းမ ... ပြန်ရောက်နေတာ နှစ်လကျော်ရှိပြီ . . .။ ဘာဖြစ်လို့ ကိုယ်နေ... ...င်မယ့်အိမ်ကို ရှာမဝယ်ရသေးတာလဲ။ ဘာလို့ အဲဒီတိုက်ခန်းက ...ပြောင်းရွှေ့မသွားရသေးတာလဲ။

အဲဒီမိန်းမ,မှာ ဘာရည်ရွယ်ချက် ရှိသလဲ။

သူမ ရင်တွေ အတိုင်းအဆ,မသိ ပူလောင်လာသည်။

အခုဆို . . . ကြည့်စမ်း။ မောင့်ကို ဒီလောက်စာမေးပွဲနီး၊ ...စုကျက်နေတဲ့ ခဏမှာကို ဒီမိန်းမက ဖုန်းဆက်ပြီး ဘာလို့လှမ်းခေါ် ...တာလဲ။ မောင်ကရော . . . အဲဒီတိုက်ခန်းကို ရောက်၊ ရောက် . . . ...နေကျလား . . .။

အတွေးတွေက မဆုံးတမ်း သူမနှလုံးသားကို နှိပ်စက်လာ ...ည်။ သူမ . . . မျက်ရည်တွေ ဝဲတက်လာတာမြင်တော့ ရှိလာက ...ပျာကယာ နှစ်သိမ့်ပြန်သည်။

နှောင်း . . . စိတ်အေးအေးထားစမ်းပါကွာ၊ ဥဩက ရဝေ့... ဖုန်းဆက်ပြီးလှမ်းခေါ်တယ်ဆိုတာ သာမန်အကူအညီတစ်ခု

www.burmeseclassic.com

www.burmeseclassic.com



တောင်းလို့ ဒါမှမဟုတ် ပစ္စည်းတစ်ခုခုပေးချင်လို့ . . . အဲဒီလို သာ
ဖြစ်ရိုးဖြစ်စဉ်တွေ အများကြီး ဖြစ်နိုင်တာပဲ၊ ရှင် . . . ဘာဖြစ်လို့ စိတ်
နေတာလဲ"

"အို . . . အဲဒီလို ဖြစ်ရိုးဖြစ်စဉ်ဆိုတာကို မဖြစ်ရဘူး၊ မော
. . . အဲဒီမိန်းမတစ်ယောက်တည်း ရှိနေမယ့်တိုက်ခန်းကို သွား
မသွားသင့်ဘူး၊ အဲဒီလို . . . မောင်သာ အမြဲတမ်းသွားနေရင် . . .

"နှောင်း . . . သူတို့နှစ်ယောက်က စေ့စပ်ထားပြီးသာ
လူနှစ် ယောက်လေ၊ ရဝေ့အနေနဲ့ အဲဒီမိန်းမကို အခုချက်ချင်းပြ
သူ့ဘဝထဲ က ပစ်ပစ်ခါခါ ခွာထုတ်လို့ရမှာ မဟုတ်ဘူး၊ နှ
. . . နားလည်ပေးရ မယ်"

"နားမလည်ဘူး၊ ဒါ . . . တမင်သက်သက် လုပ်နေတာ
အဲဒီ မိန်းမ . . . မောင့်ကို နည်းမျိုးစုံနဲ့ ဆွဲဆောင်ဖို့လုပ်နေတာ ကျွန်
သိတယ်"

သူမသည် စားပွဲပေါ်က တယ်လီဖုန်းကို စူးစိုက်ကြည့်
စိတ်ပျက်လက်ပျက် ရေရွတ်လိုက်မိသည်။

"ခုချိန်ဆို . . . မောင် အဲဒီတိုက်ခန်းကို ရောက်နေလော
ပြီ၊ ကျွန်မ မနေနိုင်တော့ဘူး၊ အဲဒီအခန်းဖုန်းကိုပဲ ခေါ်လိုက်တော့
မယ်"

တယ်လီဖုန်းစကားပြောခွက်ကို မ,လိုက်ချိန်မှာ ရှီလာ
သူမ ကို လှမ်းဆွဲပြီး တားမြစ်သည်။

"အဲဒီအခန်းကို ရဝေ မရောက်သေးဘူးဆိုရင် . . . မ
. . . ဥဩနဲ့ပဲ ဖုန်းထဲမှာ တွေ့လိမ့်မယ်"

"တွေ့ . . . တွေ့ကွာ"



တယ်လီဖုန်းနံပါတ်တွေကို ခပ်ဆောင့်ဆောင့် နှိပ်မိပြန်သည်။
းလိုင်းက တစ်ခါတည်းဝင်သွားသည်။ ဟိုဘက်မှာ သုံးကြိမ်ခန့်
ည် ပြီးမှ လာကိုင်သည်။

"ဟဲလို . . ."

ထူးတဲ့အသံက ချွဲနွဲ့ချိုမြသော ဥဩရဲ့အသံမှန်း သူမ ချက်
င်း ကျက်မိပါသည်။ ရုတ်တရက် ဘာစကားက စ,ပြောရမှန်းမသိဘဲ
ထဲမှ ကြောင်အ . . . နေသည်။

"ဟဲလို . . ."

ဥဩက ထပ်ထူးသံအဆုံးမှာ သူမ,အသက်ရှူသံတွေ ပြန်
လာပြီး တယ်လီဖုန်းစကားပြောခွက်ကို ရှမ်ခနဲ ပြန်ဆောင့်ချလိုက်
သည်။

"နှောင်းကလည်း . . ."

ရှီလာက သူမ,အပြုအမူကြောင့် မျက်မှောင်ကျုံ့ကြည့်ကာ
ညည်းညည်းပြောသည်။

"အဲဒါ . . . ဥဩပဲ မဟုတ်လား နှောင်း၊ ရှင် . . . သူနဲ့သွား
တော့ ဘာပြောမှာလဲ . . . နှောင်းရဲ့၊ အဲဒီမှာ ရဝေရောက်နေ
ဆိုရင်ကော ရှင် . . . ဘာဖြတ်နိုင်မှာလဲ၊ ဘာလုပ်နိုင်မှာမို့လို့လဲ"

သူမနှုတ်ခမ်းတွေကို ဖြတ်ထွက်လုမတတ် ဖိကိုက်ထားမိပြီး
ခန်းအိမ်မှာ ပူနွေးစွာ စွတ်စိုလာသည်။

အို . . . ကျွန်မ . . . ကျွန်မ . . . မောင့်ကို ပိုင်ဆိုင်ချင်
မောင့်ကို ပိုင်ဆိုင်တာ . . . သူ မဟုတ်ဘူး။

အဲဒီမိန်းမ . . . မောင့်ကို မပိုင်ရဘူး။

"နှောင်း . . . မိန်းမတစ်ယောက်ရဲ့ ပိုင်ဆိုင်ခွင့် အတိုင်း

www.burmeseclassic.com

www.burmeseclassic.com



အတာဟာ ယောက်ျားတစ်ယောက်ရဲ့ နှလုံးသားမဲ့ရှိတယ်၊ ယော... တစ်ယောက်ရဲ့ဘဝကို မိန်းမတွေ ဘယ်တော့မှ မပိုင်ဆိုင်ဘူး၊ သူ... သူတို့ဘဝ . . . သူတို့ သိပ်ပိုင်ချင်တာ၊ ဟယ်သူမှ ပေးတာမ... ဘူး"

"ဒါပေမဲ့ . . . အခု . . . ခောင့်ဘဝကို ဟိုမိန်းမက ပိုင်... မယ်"

"အဲဒါ . . . မင်းထင်နေတာ နှောင်း၊ အဲဒီမိန်းမလည်း မ... ချစ်သူကို ပိုင်ဆိုင်နိုင်မှာ မဟုတ်ဘူး၊ တကယ်ကတော့ အခုအချိ... ရဝေကော မင်းတို့နှစ်ယောက်ရဲ့ဘဝကို ပိုင်ဆိုင်နေတာ၊ မင်းတို့... ယောက်စလုံးကို ရှုံးနိမ့်နေစေတာ"

"မဟုတ်ဘူး . . ."

သူမ နာကျင်စူးရှစွာ အော်ဟစ်...က်မိသည်။

ကျွန်မ မရှုံးပါဘူး။ မရှုံးနိမ့်စေရဘူး။

သူမ တယ်လီဖုန်းကို ကောက်ကိုင်ပြီး ခုနက ခလုတ်တွေ... ပဲ ထပ်မံနှိပ်၍ ခေါ်လိုက်မိပြန်သည်။ ရှိလာက အံ့အားသင့်စွာနဲ့ . . .

"မင်း . . . ဘာလုပ်ဦးမလို့လဲ . . . နှောင်း"

သူမ တုန်လှုပ်လှိုက်မောစွာနဲ့ အဖြေတစ်ခုကိုတော့ ... ပြောလိုက်မိသေးသည်။

"ကျွန်မ . . အဲဒီမချင့်မရဲ စောင့်ဆိုင်းနေမှုတွေထဲမှာ ထိုင်... ရတဲ့ ခေါက်ရိုးကျိုးမိန်းမတစ်ယောက် မဖြစ်ချင်ဘူး၊ လောကကြီး... မိန်းမတွေ အမြဲတမ်းရှုံးနေလို့ မရဘူး၊ ဉာဉ်နဲ့ ကျွန်မဟာ တစ်ယော... က ရှုံးရင် တစ်ယောက်က နိုင်ရမယ်၊ အဲဒီဖြတ်သားတဲ့ အဖြေ... အောင် ကျွန်မ . . . အခုလုပ်မယ်"



သူမ ဆက်နေသော ဖုန်းက ခုနကလိုပင် သုံးခါဆက်တိုက် ...ခေါ်သံအဆုံးမှာ ပြန်ထူးသံကြားရသည်။

"ဟဲလို . . ."

အဲဒီမိန်းမအသံက ခုနကလောက် မချိုမြတော့။ စိတ်တိုပုံရ...။

"ဉာဉ် . . . ကျွန်မ . . . ရှင်နှောင်းပါ"

တစ်ဖက်က ခေတ္တခဏမျှ တိတ်ဆိတ်သွားသေးသည်။ ပြီးမှ ...။

"ခုနက ဖုန်းခေါ်ပြီး ဘာမှမပြောဘဲ ပြန်ချသွားတာ ယူပဲ ...တ်လား . . . ရှင်နှောင်း"

သူမ . . . ရုတ်တရက် ဘာပြန်ပြောရမှန်းမသိခင်မှာ ငြိမ်... ...တ်သွားတာကို ဉာဉ်က ဝန်ခံသည်ဟု ဆုံးဖြတ်လိုက်ပုံရပြီး နင်းပြော... ...သည်။

"ယူ . . . ဘာလို့ အခုမှ သွေးရူးသွေးတမ်းနဲ့ လာကောက်... ...တ်နေရတာလဲ . . . ရှင်နှောင်း၊ အိုင့်ဆီက ယူ ဘာလိုချင်လို့လဲ"

လေသံက တင်းမာပြတ်ရှနေရုံမက . . . ဒေါသကို ဖိနှိပ်ဖုံး... ...ယ်ထားတဲ့ဟန် အထင်းသား ပေါ်နေသည်။

သူမ,ကလည်း ခပ်မာမာ ပြန်ပြောပစ်လိုက်သည်။

"ကျွန်မ . . . ရှင့်ဆီဆက်တာ မဟုတ်ဘူး . . . ဉာဉ်၊ မောင့်... ဆက်တာ၊ ရှင်က . . . မောင့်ရဲ့တိုက်ခန်းမှာ ဘာလာလုပ်နေတာ... ..."

သူမ . . . သိသိကြီးနဲ့ ဉာဉ်ရဲ့ဒေါသကို ထပ်မံတွေးတိုးစမိး ...တ်သည်။ ဉာဉ်ဆီမှ ခပ်လှောင်လှောင်စကားသံက ချက်ချင်းပြန်

www.burmeseclassic.com

www.burmeseclassic.com



ထွက်လာသည်။

"အို . . . ယူ မသိဘူးလား၊ ဒီတိုက်ခန်းမှာ အိုင်နေနေတာ နှစ်လကျော်နေပြီ၊ သနားစရာပဲ၊ ဒါလင်က ယူ့အပေါ်မှာ အကုန်ပြော မပြဘူး ထင်တယ်နော်"

"နှစ်လကျော်နေပြီဆိုရင်လည်း ရှင် အဲဒီနေရာကနေ ပြောင်း ရွှေ့သွားဖို့ မစဉ်းစားသေးဘူးလားဟင်၊ ရှင့်မှာ နေစရာ အဲဒီလောက် ရှားပါးနေသလား၊ ရှင့်ကိုယ်ပိုင်အခန်းတစ်ခန်းတောင် မဝယ်နိုင် လောက်အောင် ဆင်းရဲနေသလား"

"နေပါဦး . . . ဒီတိုက်ခန်းရဲ့ပိုင်ရှင်က ယူ မဟုတ်ပါဘူး ဒါလင်ပါ၊ အိုင့်ကို ယူ ဘာမှမောင်းထုတ်စရာ မလိုပါဘူး၊ ဒါလင် ဒီတိုက်ခန်းမှာ နေခွင့်ပြုနေသေးသမျှ အိုင် နေနိုင်တယ်၊ တစ်သက် လုံးလည်း ဖြစ်ချင်ဖြစ်မယ်၊ ဒါလင်နဲ့အိုင် လက်ထပ်ပြီးတဲ့အခါ ကျတော့လည်း ဒီမှာပဲ ဆက်နေဖြစ်ချင်ဖြစ်မှာပေါ့တွယ်"

သူမ့ရဲ့ သည်းခံနိုင်စိတ်ကို အဆုံးသတ်ပစ်လိုက်သော ဥညြရဲ့ စကားဖြစ်သည်။ တယ်လီဖုန်းစကားပြောခွက်ကို ကျစ်ကျစ်ပါအောင် ဆုပ်ရင်း သူမ့နှုတ်ခမ်းကို တင်းတင်းစေ့ပစ်လိုက်သည်။

"မောင်က . . . ရှင့်ကို လက်ထပ်မယ်လို့ ပြောထားလို့လား . . . ဟင်"

သူမရဲ့ လှောင်ပြောင်ငေါ်ထေ့လိုက်သော လေသံနဲ့စကားလုံး တွေကို ဥညြ အဓိပ္ပာယ်ပေါက်အောင် နားလည်ပါလိမ့်မည်။

ဥညြဘက်က တီတီဆိတ်သွားသော စက္ကန့်ပိုင်းကလေးမှာ အရသာရှိစွာ သူမ စောင့်ဆိုင်းနေလိုက်သည်။

မမျှော်လင့်စွာ ဥညြဆီက ရယ်သံခပ်တိုးတိုးကို သူမ စ,တင်



ကြားလိုက်ရတော့ အံ့အားသင့်သွားသည်။

အဲဒီလိုရယ်သံကို သူမ မုန်းသည်။ ဥညြက ရယ်သံပါးပါးနှင့် ဖုန်းထဲမှာ သူမကို သရော်တော်တော်ပြန်ပြော၏။

"လက်ထပ်တယ်ဆိုတာ သူနဲ့အိုင့်အကြားမှာ ဘာမှတော့ ပြီး သိပ်ထူးခြားလာစရာအကြောင်း မရှိပါဘူး၊ ဒါကြောင့် လက်ထပ်ဖို့ တိစ္စကို ဘယ်သူမှ သိပ်အလေးတကြီး မပြောကြဘူး၊ အခုအတိုင်း လည်း ဒါလင့်ကို အိုင် . . . ပိုင်ဆိုင်နေနိုင်သားပဲလေ . . ."

သူမ တစ်ကိုယ်လုံး နတ်ကျသလို တုန်ယင်လှိုက်ခါသွား သည်။ ဖုန်းထဲမှာ သူမ နာနာကျင်ကျင် အော်ဟစ်လိုက်သည်။

"မဟုတ်ဘူး . . . ရှင် . . . ညာပြောနေတာ၊ ဘယ်တုန်းကမှ မောင့်ကို ရှင် မပိုင်ဘူး၊ နောက်လည်း မပိုင်ဆိုင်စေရဘူး၊ ရှင် . . . သွေး ရူးပြီး လျှောက်ပြောနေတာ၊ ရှင် . . . မောင့်ကို ဆုံးရှုံးရမှာ ကြောက် နေတယ် . . . မဟုတ်လား"

ဥညြရဲ့ မခိုးမခန့်ရယ်သံကို သူမ ကြားနေရတုန်း။ အဲဒီရယ် သံက သူမရင်ထဲမှာ ယားကျိကျိဖြစ်အောင် လုပ်နိုင်နေသည်။

"ဟင်း . . . ဟင်း . . . ဆုံးရှုံးရမှာ ကြောက်နေတယ်ဆိုရင် အဲဒါ အိုင် . . . မဟုတ်ဘူး ယူပဲဖြစ်မှာ၊ ဒီမှာ . . . ရှင်နှောင်း . . . မင်းရဲ့ချစ်သူကို အိုင်က အတင်းမမှုပိုင်ဆိုင်ထားတာ မဟုတ်ဘူး၊ ယူ . . . သူ့ကို သိပ်ပြီး ချစ်မြတ်နိုးတယ်ဆိုရင် . . . လက်ထပ်နိုင်အောင် . . . ကြိုးစားလိုက်လေ၊ အိုင် . . . သူ့ကို တာကြိုးနဲ့မှ ချည်ထားတာ မဟုတ်ဘူး"

"ဒါ . . . ရှင်သက်သက်မဲ့ စိန်ခေါ်တာပဲ ဥညြ"

"အရှမ်းရယ်စရာကောင်းတာပဲ၊ ယူကသာ . . . အိုင့်ကို စတင်

www.burmeseclassic.com

www.burmeseclassic.com



စိန်ခေါ်ခဲ့တာပါကွာ၊ ပြန်စဉ်းစားပါဦး၊ အိုင်တလေ . . . ယူ့ကို သနား တယ် . . . သိလား၊ ယူ . . . သိပ်အထင်ကြီးပြီး . . . သိပ်စွဲလန်း နေတဲ့ ယောက်ျားက ယူ့ကိုလှည့်စားနေတယ်ဆိုတာ ယူ မသိလို့"

"မဟုတ်ဘူး၊ ရှင် . . . ဘာမှ ကျွန်မကို လာသွေးထိုးမနေနဲ့ ဥသြ၊ ရှင်ပြောတာ ကျွန်မ မယုံဘူး"

"မယုံဘူး . . . ဟုတ်လား၊ မင်းသိပ်ချစ်နေတဲ့ . . . ယောက်ျားက အခု အိုင်ဖုန်းဆက်လိုက်တာနဲ့ . . . အိုင့်ဆီကို ကမန်း ကတန်း ထ, လာနေတာနော်၊ နောက် . . . ဆယ့်ငါးမိနစ်နေရင် ဒီတိုက်ခန်းမှာ ယူ . . . သူ့ကို စကားပြောလို့ရတယ်"

"မယုံဘူး၊ ရှင် . . . ဘာမှလျှောက်ပြောမနေနဲ့ ဥသြ၊ မောင် ဟာ ရှင့်ဆီကို လာတယ်ဆိုရင် ရိုးသားစွာနဲ့ အကြောင်းကိစ္စတစ်ခုခု ကြောင့်ပဲ လာတာ၊ ရှင် . . . ညာမပြောနဲ့၊ မောင်နဲ့ရှင်ဟာ စေ့စပ်ထား တာကလွဲလို့ ဘာမှမဟုတ်ဘူး၊ မောင် . . ရှင့်ကို မချစ်ဘူး . . သိလား မောင်က ရှင့်ကို လုံးဝမချစ်ဘူး"

"အချစ် . . ."

ဥသြရဲ့လေသံက . . . တမင်တကာ အံ့သြနေဟန် လုပ်ပြ နေသည်။ ရယ်သံသဲ့သဲ့သည် ဥသြရဲ့ ရိထေ့ထေ့စကားတွေနဲ့အတူ သူမ နားစည်ထဲကို ထိုးခွဲဝင်ရောက်လာသည်။

"ဟင်း . . . ဟင်း . . . အချစ်တဲ့လား . . . ရှင်နှောင်း ယူတို့ . . . အဲဒီအချစ်ဆိုတာကို မြင်ရတာလည်း မဟုတ်ဘဲနဲ့ ဘာလို့ ခဏ . . . ခဏ ထုတ်ပြောနေကြတာလဲ . . . ဟင်၊ လောကကြီးမှာ . . . အဲဒီမမြင်ရတဲ့အရာတစ်ခုအတွက်နဲ့ လူတွေ ဘယ်လောက်များ များ ကျရှုံးသွားပြီလည်းတောင် မသိတော့ဘူး၊ အိုင်ကတော့ မမြင်ရတဲ့



အရာတွေကို မကိုးကွယ်ဘူး . . . သိလား၊ အိုင်က . . . ကိုယ့်ရှေ့မှာ မြင်တွေ့ရတဲ့အရာတွေကိုပဲ တပ်မက်တယ်၊ အိုင်မြင်နေရတဲ့အရာက . . . ဒါလင့်ရဲ့ . . . "

ဥသြရဲ့ ရယ်သံက မိန်းမပျက်တစ်ယောက်လို ခိုးခိုးခစ်ခစ် ထွက်လာသည်။

"ဒါလင့်ရဲ့ ကြင်နာယုယမှုတွေပေါ့၊ ဒါလင်ကလေ . . . တစ်ခါတလေ အံ့သြစရာကောင်းအောင် နူးညံ့သိမ်မွေ့တယ်၊ တစ်ခါ တလေကျတော့ . . . သူ့ရဲ့အကြင်နာတွေ သိပ်ပြီး ခပ်ကြမ်းကြမ်းနိုင် ဘာပဲကွာ၊ ယူ့ကို မြင်ဖူးစေချင်လိုက်တာ . . . ၊ နှစ်ယောက်တည်းကျ ရင် သူ . . . အိုင့်အပေါ် ဘယ်လောက်ကြင်နာယုယမြတ်တယ်ဆို တာ . . . "

"ရှင်ဟာ . . . လျာအရိုးမရှိတဲ့ . . မြွေဟောက်မတစ်ကောင် ပဲ . . . သိလား၊ အဲဒါ . . . ရှင့်ကိုယ်ရှင် သိရဲ့လား . . . ဥသြ"

ပထမတော့ တစ်ဖက်ကဖုန်းမှာ တိတ်ဆိတ်ငြိမ်သက်သွား သေးသည်။ သူမ,ရဲ့ အပြင်းထန်၊ အရိုင်းစိုင်းဆုံး ထိုးနှက်သော စကား လုံးအောက်မှာ အဲဒီမိန်းမ ထိခိုက်နာကျင်သွားပြီဟု သူမ ဝမ်းသာသွား သေးသည်။

သို့သော် အဲဒီမိန်းမနဲ့ ပတ်သက်လျှင် သူမ,၏ထင်မြင်ချက် တွေ အားလုံးမှားယွင်းခဲ့ပါသည်။

နာကျင်ဖို့ဝေးစွ . . . အဲဒီစော်ကားမှုကိုပင် ကျေနပ်ပျော်ရွှင် နေတဲ့ လေသံမျိုးနဲ့ အရှက်မဲ့စွာ အဲဒီမိန်းမ ဟဟားဟားအော်ရယ်ခဲ့ သည်။

"ဟာ . . . ဟား . . . ဟား၊ ယူပြောတဲ့ စကားကို အိုင်သိပ်

www.burmeseclassic.com

www.burmeseclassic.com



သဘောကျတာပဲ . . . သိလား၊ ဒါပေမဲ့ ဝမ်းနည်းပါတယ်၊ အိုင် . . . အခု ယူနဲ့ဆက်ပြီး ဖုန်းပြောဖို့ အချိန်မရှိတော့ဘူး၊ အိုင်သာ မြွေပေါက်မတစ်ကောင်ဆိုရင်လေ . . . အခု . . . အိုင့်အခန်းတံခါးဝမှာ မြွေအလမ္မာယ်ဆရာလေး ရောက်လာပြီ . . . ရှင်နှောင်းရဲ့၊ အိုင် ဖုန်းချလိုက်တော့မယ်၊ ယူ . . . အိုင်ပြောတာတွေ မယုံရင် အခု အိုင့်အခန်းကို လာကြည့်လှည့်ပါလား . . . ဟင်၊ နောက်နာရီဝက်တစ်နာရီ အထိ မြွေအလိမ္မာယ်ဆရာလေး ဒီအခန်းက ပြန်မှာမဟုတ်သေးဘူး . . . သိလား"

သူမ့မျက်လုံးတွေ ပြာဝေမှုံမိုက်သွားစဉ်မှာ ခပ်မျှင်းမျှင်းရယ်နေသော ဥသြ၏ လေသံပါးပါးလေးသည် သူမ့နှလုံးသားကို စူးရှစွာ ထိုးခွဲပိုင်းဖြတ်နေခဲ့သည်။

"ဟေ့ . . . ယူ၊ ဒီကို လိုက်လာတဲ့အခါ . . . အဲ့ဒီသြစရာ သိပ်ကောင်းတဲ့ မြွေအလမ္မာယ်ဆရာလေးရဲ့ မျက်လှည့်တွေကို မြင်ရရင် လန့်ပြီး ထွက်ပြေးမသွားနဲ့ဦး၊ ဆရာလေးက သူနောက်ထပ် အစွယ်ချိုးမယ့် မြွေမလေးတစ်ကောင် ထွက်ပြေးသွားတယ်ဆိုပြီး အိုင့်ကို ရန်လုပ်နေလိမ့်မယ်"

❦ ❦ ❦

ဝုန်းခနဲ တိုင်ရာမှ ရုတ်တရက်ခုန်ထကာ တံခါးပေါက်ဆီသို့ ပြေးထွက်သွားမိသော သူမကို ရှီလာက လှန်းပြီး မေးလေသည်။

"အို . . . ဟဲ့ . . . အဲဒါ ဘယ်သွားမလို့လဲ၊ မယ်နှောင်း



. . . ရှင် . . . ဘာလုပ်ဦးမလို့လဲ၊ ဩော် . . . ဒုက္ခပါပဲ"

သူမက ကားသော့ကို လှမ်းဆွဲပြီး တံခါးဝမှ ပြေးထွက်ရန် ပြင်သည်။ ရှီလာက အပေါက်ဝမှာ ပိတ်ဆို့ပြီး တားသည်။

"နှောင်း . . . ရှင် . . . သူတို့ဆီ လိုက်သွားမလို့လား၊ ရှင် . . . စိတ်လိုက်မာန်ပါ . . . မလုပ်စမ်းပါနဲ့ကွာ၊ ဥသြဆိုတဲ့မိန်းမက ရှင့်ကို သက်သက်အနိုင်လိုချင်လို့ ပြောနေတာပါ၊ အဲ့ဒါ . . . မဖြစ်နိုင်ပါဘူး၊ ရှင် . . . စိတ်ထိန်းစမ်းပါဦး"

"ရှီ . . . ရှင် . . . ကျွန်မရှေ့က ဖယ်စမ်းပါ၊ ဒါ . . . ကျွန်မရဲ့ကိစ္စပါ၊ ကျွန်မကိစ္စ . . . ကျွန်မရှင်းမှ ဖြစ်မယ်၊ ရှင်နဲ့ . . . မဆိုင်ဘူး"

"အို . . . မဟုတ်ဘူး၊ ရှင် . . . တစ်ခုခု လက်လွန်ခြေလွန်တွေ လုပ်ကုန်လိမ့်မယ်၊ ကျွန်မ စိတ်မချဘူး၊ ရှင် . . . မသွားရဘူး"

"ဘာမှမဖြစ်စေရဘူးကွာ၊ ရှီ . . . စိတ်ချ၊ ကျွန်မ . . . အခု သွားမှာ စာရင်းရှင်းဖို့ တစ်ခုတည်းသက်သက်ပဲ"

ရှီလာက . . . သူမမျက်နှာကို လေးလေးနက်နက် စိုက်ကြည့်ကာ မေးသည်။

"ဘယ်သူနဲ့ . . . ရှင်းမှာလဲ"

"မောင်နဲ့ . . ."

မဆိုင်းမတွ ပြန်ဖြေလိုက်သော သူမအဖြေကြောင့် ရှီလာရဲ့ မျက်ခုံးများ မြင့်တက်သွားပါသည်။

"မောင်နဲ့ကျွန်မ . . . ဒီနေ့ စာရင်းရှင်းမယ် . . . ပြီး ကျွန်မ . . . အဖြေကတော့ ဒီနေ့ရမှာဖြစ်မယ်၊ ကျွန်မဟာ ယောက်ျားတစ်ယောက်ကို အခြားမိန်းမတစ်ယောက်နဲ့ ခွဲဝေပြီးမှ ပိုင်ဆိုင်ရမယ့် မိန်းမ

www.burmeseclassic.com

www.burmeseclassic.com



ဘားမျိုးမဟုတ်ဘူးဆိုတာ မောင် . . . ဒီနေ့သိစေရမယ်၊ ကျွန် . . . နိုင်မရဘူးဆိုရင်တောင် မြတ်မြတ်သားသား အရှုံးခံမယ်၊ ဒါပဲ . . . ရှို မင်း . . . ဘေးဖယ်စမ်းပါ"

ရှိုကို အတင်းတွန်းလွှတ်ပြီး ခြံထဲမှာ ရပ်ထားသော သူမရဲ့ ကားဆီပြေးထွက်လာတော့ ရှိုက သူမနောက်မှ လိုက်လာနေသေးသည်။

"ရှို . . . ကျွန်မကို မတားနဲ့တော့"

"မတားဘူး၊ ဒါပေမဲ့ ကျွန်မပါ လိုက်မယ်"

သူငယ်ချင်းတစ်ယောက်ရဲ့ စေတနာနဲ့ သံယောဇဉ်ကို သူမ မြင်ရ၍ ရင်ထဲမှာ လှုပ်ခနဲခါသည်။

❦ ❦ ❦

တိုက်ခန်းတံခါးကို ဆွဲဖွင့်ဖွင့်လိုက်ချင်း တွေ့လိုက်ရတဲ့ အဲဒီ မိန်းမပုံစံကြောင့် သူ့မျက်မှောင်တွေ ကျုံ့သွားမိသည်။

ဥဩဆိုတဲ့ အဲဒီမိန်းမဟာ အိမ်နေရင်း အဲဒီလိုရေချိုးခါနီး ဝတ်တဲ့ မွှေးပွဝတ်ရုံရှည် (Bath Robe) ကြီးနဲ့လည်း လှပနေခဲ ဖြစ်တယ်ဆိုတာ သူ အသိအမှတ် မပြုချင်ဘဲ ပြုလိုက်ရသည်။

ဒါ့ပေမယ့် တံခါးကို ခပ်ဟဲ့ဟထားပြီး မခို့တရို့ပြုံးနေတဲ့ သူမရဲ့အပြုံးကို သူ စက်ဆုပ်ရွံရှာသည်။

မနေနိုင်ဘဲ စကားတစ်ခွန်း လွှတ်ခနဲ ထွက်သွားရသည်။

"မင်း . . . ကိုယ်လာမယ်ဆိုတာ သိလျက်နဲ့ . . . အဲဒီလို



အဝတ်အစားကို လဲထားဖို့ သင့်တယ် ဥဩ"

သူမက သူဝင်သာအောင် တိုက်ခန်းတံခါးကို ခပ်ကျယ်ကျယ် ဆွဲဖွင့်လိုက်ရင်း သူ့အပြစ်တင်သံကို ပခုံးနှစ်ဖက် ဟန်မပါပါ တွန့်ပြီးဖြေ၏။

"အို . . . မိုးတွေပျက်သွားတော့ အဲယားကွန်း ရပ်နေတယ်လေ . . . ဒါလင်ရဲ့၊ အိုက်လွန်းလို့ ရေချိုးဖို့ပြင်နေတာ၊ နောက်မှ . . . ရေချိုးခန်းထဲ ရောက်နေရင် ဒါလင်လာတော့ ခေါ်တာမကြားဘဲနေမှာစိုးပြီး ဒါလင်ရောက်တဲ့အထိ . . . ဒီအတိုင်း ထိုင်စောင့်နေတာ၊ ဒါ . . . ဝင်လေ . . . ဒါလင်ရဲ့ . . . ဘာဖြစ်နေတာလဲ"

ဒီတိုက်ခန်းမှာ . . . အခု . . . အဲဒီမိန်းမက တစ်ယောက်တည်းနေနေတာ။ အရင်က ဒီနေရာဟာ သူပိုင်ဆိုင်ခဲ့တာဆိုပေမယ့် အခုလိုမျိုး ဒီမိန်းမပုံစံနဲ့ သူ . . . စွတ်ဝင်သွားဖို့ မသင့်။

"မင်း . . . အကျီဖြန့်လဲစမ်း . . . ဥဩ"

"ကျွတ် . . . ဒါလင်ကလည်း . . ."

သူမ့မျက်နှာက စိတ်တိုသွားဟန်ပေါ်လာသည်။

"ဒါလင်က . . . ကျွန်မနဲ့ စေ့စပ်ထားတဲ့ ယောက်ျားပါ ဒါလင်ရဲ့၊ ကျွန်မက ဘယ်သူ့ကို ရှက်ရမှာလဲ၊ ကျွန်မဝတ်စုံက တစ်ခုခုများ မလုံခြုံဖြစ်နေလို့လား၊ ဒါလင် . . . ဘာဖြစ်နေတာလဲ၊ ဒီမှာ မီး ပျက်သွားလို့ ကျွန်မ စိတ်တိုနေတာနော်၊ ဒါလင် . . . အခု ကျွန်မ အခန်းကို မီးပြင်ဖို့ လာတာဆို ဝင်မှာဖြင့်ဝင်တော့၊ ဒီတိုက်ခန်းအပေါက်မှာ ဒါလင် . . . အဲဒီလိုရပ်နေတာ ပိုသရုပ်ပျက်တယ်"

သူ စိတ်ပျက်လက်ပျက် သက်ပြင်းတစ်ချက် မှုတ်ထုတ်ရင်း အခန်းထဲ လှမ်းဝင်လိုက်ရသည်။

www.burmeseclassic.com

အခန်းထဲမှာတော့လည်း သူမ ပြောသလိုပင် တကယ်လှော်

ပိတ်အိုက်စပ်နေသည်။ ပိုဆိုးတာက အရင်ကလေအေးစက်အခန်းဆို

တော့ တံခါးတွေ အကုန်စေ့ပိတ်ထားရာမှ မီးက ပြတ်သွားရော . . .

မို့၍ မွန်းကျပ်မှောင်မိုက်နေခဲ့သည်။

"အခန်းကလည်း . . . မှောင်လိုက်တာ"

"မီးမျက်နေပါတယ်ဆိုမှ . . . မှောင်မှာပေါ့။ ဒါလင်ကလည်း

. . ."

အချိန်က ညခုနစ်နာရီကျော်။ ရှစ်နာရီ ထိုးခါနီးနေပြီ။ အပြင်

က အလင်းရောင် လုံးဝမရှိတော့။

ဒီလိုအချိန်မျိုးကြီးမှာ မီးမျက်နေတဲ့ တိုက်ခန်းတစ်ခုတည်

သူမနဲ့ သူ နှစ်ယောက်တည်း ရောက်နေရခြင်းဟာ တစ်ခုခုများယွင်းနေ

သလိုလိုပဲဟု သူ့စိတ်ထဲ သံသယ ဖြစ်မိသည်။

အမှန်တော့ ဒီနေရာကို သူ . . . စိတ်မြန်လက်မြန် ထ,လာ

လိုက်ဖို့ မသင့်သေးဘူး။ သူငယ်ချင်းတစ်ယောက်ယောက်ကို အဖော်

ခေါ်ခဲ့မိရင် အကောင်းသား။

ခုမှတော့ နောက်ကျသွားပြီ။

"အင်မာဂျန်စီလန့်ပ် (အရေးပေါ်မီးအိမ်) လေး . . . ဘာ

လေး . . . တစ်ခုခုတော့ မင်း . . . ထွန်းထားဖို့ သင့်တယ်"

ဉဩက အခုမှ အဲဒီစားပွဲပေါ် တင်ထားတဲ့ အနီရောင် မီးအိမ်

ခလုတ်ကို သွားဖွင့်သည်။

"ဒီမီးအိမ်လည်း ဘယ်နားထားထားမှန်းမသိလို့ ရှာလိုက်

တာ ခုမှတွေ့တယ် . . . ဒါလင်ရဲ့"

မီးချောင်းတိုတိုလေးနှစ်ချောင်းပါသော အရေးပေါ်မီးအိမ်



အလင်းက တိုက်ခန်းတစ်ခုလုံးကို အလင်းရောင်ပြည့်ပြည့်ဝဝ မပေး

င်သေး။

အမှောင်ရိပ်တွေ အများကြီး ကြီးစိုးနေသေးသည်။

ဉဩက တိုက်ခန်းရဲ့လှူဝင်ပေါက်တံခါးကို သွားရောက်စေ့

တ်ကာ ဂျက်ထိုးမည်လုပ်သည်။

သူ . . . ရုတ်တရက် အော်ဟစ်တားမြစ်လိုက်သည်။

"မပိတ်နဲ့ . . . အဲဒီတံခါးကို စေ့ရုံပဲစေ့ထားလိုက်"

"အို . . ."

သူမရဲ့မျက်ဝန်းတွေက တကယ်မအံ့ဩဘဲ ခပ်လှောင်လှောင်

ပြုံးနဲ့ အံ့ဩသွားသယောင် သူ့ကိုကြည့်သည်။

"ဘာဖြစ်လို့လဲ . . . ဒါလင်ရဲ့"

"မိန်းမတစ်ယောက်နဲ့ ယောကျ်ားတစ်ယောက် သော့ပိတ်

ထားတဲ့ အခန်းတစ်ခုထဲမှာ အတူရှိနေတာ မသင့်တော်ဘူး . . . ထင်

"ဒါလင် . . ."

"မင်း . . . ဘာမှဆက်မပြောစမ်းပါနဲ့၊ ဉဩ . . . မင်းနဲ့ကိုယ်

မထပ်ရသေးဘူး၊ ပြီးတော့ . . ."

သူမျက်နှာကို တမင်ခပ်တင်းတင်းစေ့ထားလိုက်သည်။

"မင်းနဲ့ကိုယ် လက်မထပ်နိုင်တော့ဘူးဆိုတာလည်း မင်းကို

ပြောပြီးပြီလို့ . . . ထင်တယ်"

သူ့စကားကို သူမ,က လုံးဝဂရုစိုက်ပုံမပြဘဲ လှောင်ရယ် ရယ်

တ်သည်။ ရယ်သံတွေက လေးနက်မှု ကင်းမဲ့ကာ ပေါ့ပျက်လွန်း

သည်။

www.burmeseclassic.com



သူ့ရှေ့က အဲဒီလို မထိတရီ ငယ်မောနေသော ဥဩကိုကြည့်၍ သူ ဆွဲဆောင့်ကိုဝ်လှုပ်ချင်လာသည်။

"ဒါလင်က . . . အဲဒါ အငြည်ပြောခဲ့တာလား . . .၊ အိုင်ကဖြင့် မေ့တောင် မေ့နေပြီ၊ ဒါလင် . . . ဘာလို့ အိုင်နဲ့လက်ထပ်ရမှာ အဲဒီလောက် ကြောက်နေတာလဲ . . . ဒါလင်ရယ်၊ အဲဒီလို ကြောက်နေရင်လည်း အခု အိုင်ဖုန်းဆက်ပြီး မီးပျက်သွားလို့ လာကြည့်ပေးပါဦး ပြောတော့ ဒါလင် ငြင်းလိုက်ပါလား၊ ဒီကို မလာချင်ရင် မလာနဲ့ပေါ့ ဒါလင်ရဲ့"

စိတ်ထဲက ထောင်းခနဲ ဒေါသထွက်သွားပေမယ့် သူ . . . စိတ်ကို ထိန်းထားလိုက်ရသည်။ ဒေါသမထွက်နဲ့ . . .။ ဒီမိန်းမက ငါ့ဒေါသကို ဆွနေတာ။ သူနဲ့ပတ်သက်ရင် ငါ . . . သွေးအေးပြီး ပြတ်သားမှ ဖြစ်မယ်။

ဥဩကို သူ ခပ်မာမာပြန်ဖြေဖြစ်လိုက်သည်။

"ကိုယ်အခုလာတာ ကိုယ့်မှာ တာဝန်ရှိတယ် ထင်လို့လာတာ ကိုယ့်တိုက်ခန်းမှာ မင်းနေနေတုန်း ရုတ်တရက်မီးပျက်သွား ဆိုတော့ လာကြည့်ပေးဖို့ တာဝန်ရှိတယ်ထင်လို့ ကိုယ်လာခဲ့တာ၊ မင်းဆီ သိပ်လာချင်တယ် . . . ထင်မနေနဲ့၊ နောက်နှစ်ပတ်ကြာရင် ကိုယ်ဖိုင်နယ် ဖြေရတော့မှာ၊ အချိန်လုံးဝမပိုဘူးဆိုတာ . . . မင်း သိထား"

သူမ, ပခုံးနှစ်ဖက်ကို တွန့်ပြန်သည်။

"ဒါဆို . . . ဒါလင့်ကို အိုင်ကျေးဇူးတင်ရမှာပေါ့နော်၊ သနိ ယူ . . . ဒါလင်၊ ဒါလင်ရဲ့ တန်ဖိုးရှိတဲ့အချိန်တွေ . . . အိုင့်ကို ခွဲပေးတဲ့အတွက်"

"အပိုတွေ ပြောမနေနဲ့ . . . ဥဩ၊ မင်းလည်း . . . ကိုယ်ပိုင်



တိုက်ခန်းတစ်ခု ရှာဝယ်သင့်ပြီ၊ မင်းကို . . . ဒီမှာ . . . တစ်သက်လုံး နေဖို့ ကိုယ် ခွင့်မပြုထားဘူး"

"ဟော့ . . . ဒီလိုမပြောနဲ့လေ၊ ဒီမှာလည်း အိုင်နေချင်လို့ နေတာ မဟုတ်ဘူး၊ ဒါလင့်မာမီက အတင်းနေခိုင်းလို့၊ ဒါလင့်မာမီ ကပဲ . . . လက်ထပ်ပြီးရင် ယူနဲ့အိုင် ဒီမှာပဲနေဖို့ အတင်းနားချထားလို့ အိုင်နေနေတာ၊ မနေစေချင်ရင် ဒါလင် . . . ယူ့မာမီသာ သွားပြော"

"မင်း . . . ကိုယ့်အမေနဲ့ ကိုင်ပြီး မခြိမ်းခြောက်စမ်းပါနဲ့"

"ဒါလင် . . . တော်ပြီ၊ အိုင်တို့ . . . ဒီလိုပဲ အမှောင်ထဲမှာ ဖြစ်နေကြမှာလား၊ ဒါလင် . . အိုင့်အခန်းကို မီးပြန်လာအောင် လုပ်မပေးတော့ဘူးဆိုရင် ဒါလင် ပြန်လို့ရတယ်၊ အိုင် . . . မီးပြင်သမားတစ်ယောက် လိုက်ရှာလိုက်မယ်"

သူ စိတ်လျှော့လိုက်ရသည်။ ဥဩကို ဘာစကားမှပြန်မပြောဖို့ စဉ်းစားတော့ဘဲ နံရံက မီးခလုတ်တွေသာ လျှောက်စမ်းဖွင့်ကြည့်နေလိုက်သည်။

"ဖြူးစ် ပြတ်သွားတာနေမှာပေါ့"

"အိုင် . . . ဘယ်သိမလဲ၊ ဟုတ်ချင်လည်း ဟုတ်မှာပေါ့၊ အိုင် . . . ဟော့တ်ပလိတ်နဲ့ စွတ်ပြုတ်တစ်ခွက် လုပ်နေတယ်၊ ရိုက်စ်ကွက်ကာလည်း ဖွင့်ထားတယ်၊ မနက်ဖြန်ဝတ်ဖို့ အင်္ကျီတစ်စုံ မီးပူတိုက်မလို့ ကြိုးခွေကို ပလပ်ပေါက်တပ်ပြီး ခလုတ်နှိပ်လိုက်တာနဲ့ ဝုန်းဆို မီးကျသွားတာ"

"သေချာတယ်၊ အဲဒါ ဖြူးစ်ပဲ၊ အိုတာလုတ်ဒ် ဖြစ်သွားပြီ၊ ဘာလို့ ဟော့ပလိတ်နဲ့ ဟင်းချက်နေတာလဲ၊ ကိုယ်အရင်ဒီမှာ ဂက်စ်

www.burmeseclassic.com

www.burmeseclassic.com



မီးဖိုနဲ့ပဲ တည်နေတာ"

"ဒါလင့်ဂက်စ်အိုးက သွားကြည့်ပါဦး၊ စီးကရက်တောင် မီးညှိလို့ မရတော့ဘူး၊ ကုန်နေပြီ"

သူ . . . မယုံသင်္ကာစိတ်နဲ့ နောက်ဖေးမီးဖိုချောင်ဖက် ခြေလှမ်းကျဲကြီးများနဲ့ လျှောက်သွားလိုက်မိသည်။ ပြီးတော့ ဂက်စ်မီးဖိုကို ခလုတ်ဖွင့်ကြည့်လိုက်သည်။ ထောက်ခနဲပဲ မြည်လာပြီး မီးတောက်ကလုံးဝ တက်မလာပါ။

မီးဖိုတံခါးဝမှာ သူမက ခပ်နွဲ့နွဲ့လေး လာမှီရပ်ရင် ရိသဲ့သဲ့စကားကို ပြောပြန်သည်။

"ဒါလင် . . . အိုင်ပြောတာ မယုံဘူးနဲ့တူတယ်၊ အိုင်က . . . မီးပျက်အောင် တမင်များ လုပ်လိုက်သလား . . . လို့ ဒါလင်ထင်နေတယ်ပေါ့၊ ဒါလင်ရယ် . . . ဒါလင့်ကို အိုင့်ဆီလာစေချင်ရင် ဒီလိုနည်းနဲ့ မဆွဲဆောင်ဘူး . . . သိလား၊ ဒီ့ထက် ပိုပြီး ရင်ခုန်စရာကောင်းတဲ့နည်းနဲ့ . . ."

"မင်း . . . ပါးစပ်ပိတ်ထားစမ်း . . . ဉာဩ"

သူ့ရဲ့အသံက ဒေါသနဲ့ စူးရှစွာထွက်သွားတော့ သူမ,ခပ်မျှင်းမျှင်း ကျိတ်ရယ်ရင်း အသံတိတ်သွားသည်။

သို့သော်လည်း ဖြူးစ်ပြတ်သွားတာကို ပြန်ဆက်ဖို့ အလုပ်ရှုပ်နေသော သူ့အား စူးစိုက်ငေးကြည့်နေသော သူမ,မျက်လုံးတွေကပိုကြောက်စရာ ကောင်းနေပြန်သည်။

အဲဒီမိန်းမရဲ့ မျက်လုံးတွေဟာ ဒီနေ့ည အရောင်တစ်မျိုးပြောင်းလဲနေတယ်။ အို . . . အဲဒါ ငါနဲ့မဆိုင်ဘူး။ မသိချင်စမ်းနဲ့။

ဒီတိုက်ခန်းက သူအရင်နေထိုင်ခဲ့တဲ့ အခန်းမို့ လျှပ်စစ်ပစ္စည်းအပြောင်းတွေ ထားတဲ့နေရာ သူပဲသိသည်။ အဲဒီနေရာက ဝက်အူလှည့်၊ ဝါယာကြိုး စတဲ့ လိုအပ်တာတွေ သူ ရှာယူလိုက်သည်။ ဝါယာကြိုးထဲက ကြေးနန်းကြိုးမျှင်မျှင်လေးတွေကို ဖြူးစ်အဖြစ် ပြန်ဆက်ရန် သူဆွဲထုတ်လိမ်ကျစ်နေစဉ် အဲဒီမိန်းမရဲ့မျက်လုံးတွေ သူ့ခန္ဓာကိုယ်အား ထိုးဖောက်သွားတော့မတတ် စိုက်ကြည့်နေဆဲ။

သူ . . . တိတ်ဆိတ်နေသော အခန်းထဲမှာ သရိုးသရီ ဖြစ်လာသည်။ တမင်စကားစ,ရှာ၍ တိတ်ဆိတ်အေးစက်မှုကို ဖြိုခွင်းလိုက်သည်။

"ဖြူးစ်ဘောက်စ်က ထပ်ခိုးပေါ်ရောက်နေပြီ၊ စိတ်ညစ်လိုက်တာ၊ အဲဒီထပ်ခိုးပေါ် တက်ရဦးမယ်၊ နောက်မှ မီးသမားခေါ်ပြီး ဖြူးစ်ဘောက်စ်အောက်ပြန်ရွှေ့ခိုင်းရမယ်"

သူက လိုအပ်သော ပစ္စည်းတွေယူပြီး ထပ်ခိုးပေါ်တက်ရန် လှေကားခြေရင်းဆီလျှောက်သွားတော့ သူမ,နောက်က မီးအိမ်ဆွဲ၍ ဘပ်လိုက်လာသည်။

"မင်း . . . ဘာလိုက်ရှုပ်မလို့လဲ၊ နေခဲ့ . . . အောက်မှာ . ."

"ဩော် . . . အပေါ်မှာ ဒါလင် ကြိုးပြန်ဆက်နေတုန်း အိုင် . . . မီးလိုက်ပြပေးမလို့လေ"

"မလိုဘူး၊ အဲဒီထပ်ခိုးက လေးပေပဲမြင့်တာ၊ ကိုယ်တောင်လေးဘက်ထောင့်သွားရမှာ၊ ရှုပ်ရှုပ်ယှက်ယှက် . . .၊ ပေး . . . အဲဒီမီးအိမ်"

သူမက တခစ်ခစ်ရယ်မောရင်း မီးအိမ်ကို သူ့လက်ထဲလှမ်းပေးသည်။ သူ . . . ချာခနဲလှည့်ကာ အဲဒီထပ်ခိုးပေါ်တက်ရန် လှေကားကျဉ်းကျဉ်းလေးရဲ့ လက်ကိုင်ကိုဆွဲပြီး တစ်ထစ်ချင်းနင်းလိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။

အဲဒီမှာ သူမရဲ့အသံထွက်လာသည်။

"ဒါလင် . . . ဒါလင့် အင်္ကျီချွတ်ပြီး အိုင့်ကို ပေးခဲ့ပါ

"ဘာ . . ."

လှေကားပေါ်ကနေ စူးဝါးစွာ သူပြန်မေးလိုက်မိသည်။ သူ

ရဲ့ နှုတ်ခမ်းတွေက သူ့ကို ရယ်စရာ သတ္တဝါလေးတစ်ကောင်လို

နေတဲ့ဟန်နဲ့ ခပ်လှောင်လှောင် ကွေးတွန့်ပြနေသည်။

"ဒါလင်ကလည်း . . ဒါလင့်အင်္ကျီက ဂိုင်းလရှိုချ် အ

စား စပို့ရှပ်ကြီး၊ အဲဒီထပ်ခိုးပေါ်မှာက ဒါလင်တို့ အနှစ်နှစ် အလ

ပစ်ထားတဲ့ ဖုန်ပေါင်းတစ်သောင်းလောက်နဲ့ ပင့်ကူအိမ်တွေနဲ့ အ

ပေကုန်လိမ့်မယ်၊ ကဲ . . . ပေးပါ။ ချွတ်ထားခဲ့ပါ"

ရှုတ်တရက် သူ တွေဝေသွားသည်။

ဟင့်အင်း . . .။ အဲဒီမိန်းမနဲ့ သူ တကယ်တော့

လောက် မရင်းနှီးသေးပါ။ ပြီးတော့ အဲဒီလိုမျိုး အရောင်တလက်

တောက်ပနေတဲ့ သူမ၊ မျက်လုံးတွေရှေ့မှာ သူ အင်္ကျီမချွတ်ချင်

သူ ဝတ်လာတာ အဲဒီစပို့ရှပ် တစ်ထပ်တည်းလေ။

သူ ဆတ်ခနဲ ခေါင်းခါပြီး ထပ်ခိုးလှေကားကို ဆော

တက်လာလိုက်သည်။ နှုတ်ကတော့ သူမကို တစ်ခွန်းပြန်

လိုက်သည်။

"မချွတ်ဘူး၊ ပေချင် ပေပစေ"

လှေကားခြေရင်းမှာ သူမရဲ့ ကန့်ကလျ ရယ်မောသံကို

ပြင်းကပ်ချင်စရာ သူကြားလိုက်ရသည်။

ထပ်ခိုးပေါ်မှာက သူမပြောသည့်အတိုင်း တကယ် ဖုန်



အမှိုက်တွေ ပုံထပ်နေပါသည်။ တိုက်ခန်းကို ဝယ်စဉ်က ထပ်ခိုးမလုပ်ရသေးဘဲ၊ အဲဒီ မိန်းဆွစ်ချ် ( Main Switch )၊ ဖြူးစ်ဘောက်ခ်စ် (Fuse box) ခလုတ်ခုံတွေက အမိုးနဲ့ကပ်ပြီး ရိုက်ထားတော့၊ နောက်ပိုင်း ထပ်ခိုးလည်း ဆောက်ပြီးရော၊ ထပ်ခိုးပေါ် အဲဒီခလုတ်တွေ ရောက်သွားခြင်း ဖြစ်သည်။

ထပ်ခိုးကလည်း ပစ္စည်းထားရုံပဲ ဆောက်ထားတာမို့လို့ လေးပေပဲမြင့်ကာ လူတစ်ရပ် မလွတ်။ ထုတ်တန်းများရှိသည့်နေရာဆိုလျှင် သူ လေးဖက်ထောက် တွားသွားရသည်။

ဖုန်မှုန့်တွေက . . . သူ့အင်္ကျီ၊ ဘောင်းဘီတွေမှာ အကုန်ပေကျံကုန်ပါပြီ။ လေဝင်လေထွက်ကလည်း မကောင်းတာမို့ ပြတ်သွားတဲ့ ဖြူးစ်ကြိုးကို ခက်ခက်ခဲခဲပြန်ဆက်နေစဉ် သူ ချွေးပြန်လာသည်။

အဲဒါကို အောက်ထပ်မှ သူမ,က သူကြားအောင် ခပ်မြူးမြူးလေး အော်ဟစ်ပြောနေပြန်သေးသည်။

"ဟေး . . . ဒါလင်၊ ယူ . . . အဲဒီမှာ လေးဖက်ထောက်သွားရင် . . . ကြမ်းပေါ်ကဖုန်တွေကလည်း ဒါလင့်ဘောင်းဘီကို ပေကုန်မှာ၊ ဒါလင့်ဘောင်းဘီကလည်း ဖိုက်အိုဝမ်းကြီးနော်၊ နမြောစရာကြီး"

စိတ်တိုတိုနဲ့ သူပြန်အော်လိုက်သည်။

"လဲသေလိုက် . . ."

www.burmeseclassic.com

www.burmeseclassic.com



"ဘုရား . . . ဘုရား . . ."

ကားစက်ကို သူမ,က သော့ပိတ်ရပ်လိုက်စဉ်မှာ ဘေးခုံ ထိုင်နေသော ရှီလာက ရင်ဘတ်ကလေးကိုဖိရင်း ဘုရားတ ခဲ့သည်။

"ကျေးဇူးတင်ပါတယ် . . . မယ်မင်းကြီးမ၊ ဆယ့်ရှစ်လ ကို ကျွန်မ . . . ဘေးမသီရန်မခဘဲ ရောက်လာခဲ့လို့"

သူမ ဘာစကားမှ ပြန်မပြောဖြစ်။ ရင်ခုန်လှုပ်ရှားနေသော စိတ်နဲ့ အဲဒီလမ်းပေါ်က ရပ်ထားတဲ့ကားတွေထဲမှာ မောင့်ရဲ့ ဘော် ရောင်ကမ်မရီ ( CAMRY ) ကားကြီးကို အသည်းအသန် လိုက် လိုက်မိသည်။

ဟော . . . တွေ့ပြီ။ မောင်ရောက်နေပြီပေါ့ . . . ဒါဆို

သို့ပေမယ့် . . . သိသော မောင့်ရဲ့ တိုက်ခန်းကလေးရှိ အဲဒီခြောက်ထပ်တိုက်ကြီးရဲ့ သုံးလွှာမြောက်အခန်းဆီသို့ မော့ကြည့် တော့ အခန်းတစ်ခန်းလုံးက မှောင်မည်းတိတ်ဆိတ်နေလေသည်။

တခြားအခန်းတွေဆီမှာက လင်းထိန်ဆူညံလို့။

အဲဒီတိုက်ခန်းထဲမှာ မောင် . . . ရှိနေသလား။ ဟိုမိန်းမ . . . မောင်နဲ့ အတူရှိနေသလား။ ဘာလို့ မီးတွေပိတ်ထားသလဲ။

သူတို့ အပြင်ထွက်သွားကြပြီလား။ သူမရင်ထဲမှာ မီးလျှံ မျိုချထားရသလို ပူလောင်ဆူပွက်လာသည်။

ဘေးနားက ရှီလာလည်း မောင့်ရဲ့ကားကိုမြင်ပြီး နားမလည် ဟန် မေးလာသည်။

"ဟဲ့ . . . မယ်နှောင်း ဟိုဟာ . . . ရဝေ့ကား မဟုတ်လား"

"သေချာတာပေါ့"



"ဒါပေမဲ့ . . . သူ့အခန်းက မီးမှောင်နေတယ်၊ သူတို့ မရှိကြ ဘူးနဲ့တူတယ်"

"ဒါပေမဲ့ . . . ကျွန်မ စောင့်ကြည့်ရမယ်"

"ရှင် . . . ဘယ်အချိန်ထိ စောင့်မှာလဲ . . . နှောင်းရယ်"

"သူတို့ ဘယ်ကိုပဲသွားသွား . . . မောင်ကတော့ သူ့ကား ဆီကို တစ်ချိန်ချိန် ပြန်လာမှာပဲ၊ အဲဒီအထိ ကျွန်မစောင့်မယ်၊ ဒါမှမ ဟုတ် အဲဒီအခန်းထဲမှာပဲ . . . မောင် . . . ရှိချင်ရှိနေလိမ့်မယ်"

"အို . . . အဲဒီ မီးပိတ်ထားတဲ့ အခန်းထဲမှာ . . . ရဝေက . . . ဟိုမိန်းမနဲ့ အတူရှိနေမယ်၊ မဖြစ်နိုင်လိုက်တာ"

"သိပ် . . . ဖြစ်နိုင်တာပေါ့"

"အဲဒါဆိုရင်တော့ အဲဒီမိန်းမပြောခဲ့တာ . . . မှန်နေပြီပေါ့"

"မကြာခင် . . . ကျွန်မတို့ အဖြေရှာတွေ့တော့မယ် . . . ရှီ"

"နှောင်း . . . သူတို့ကို စောင့်ကြည့်မနေပါနဲ့တော့ကွယ်၊ ပြန်ကြရအောင်နော်၊ တို့တွေ ပြန်ကြရအောင်ပါ"

"ဟင့်အင်း . . ."

သူမ နာနာကျင်ကျင် ပြင်းဆန်ပစ်လိုက်သည်။

"နှောင်း . . . ရှင် . . . အဲဒီအဖြေကို သိရရင် ရှင့်အသည်း တွေ ကွဲချင်ကွဲသွားနိုင်တယ်၊ သူ့ကို ဥပေက္ခာပဲ ပြုထားခဲ့စမ်းပါ၊ အဲဒီ အဖြေကို ရှင် . . . မရှာပါနဲ့တော့၊ ကျွန်မ တောင်းပန်ပါတယ်၊ နော် . . . ပြန်ကြရအောင်"

ကားစတီယာရင်ကို သူမ တင်းကျပ်စွာ ဆုပ်ကိုင်ထားရင်း ကားထဲမှာ သူမ တောင့်တောင့်တင်းတင်းကလေး ထက်ထိုင်နေမိ သည်။ အဆမတန် လှုပ်ရှားခုန်ပေါက်နေသော နှလုံးခုန်သံကို သူမ

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တိုင် ပြန်ကြားနေရသည်။

အောက်နှုတ်ခမ်းတွေကို သွားနဲ့ဖိကိုက်ထားရင်း အက်ကွဲစွာ သူမ ပြန်ဖြေလိုက်သည်။

"အဲဒီအဖြေကို . . . ကျွန်မ ရှာမှဖြစ်မယ် . . . ရှိ၊ ကျွန်မ အတွက် . . . ရှင် ဘာမှ စိတ်မပူစမ်းပါနဲ့၊ ကျွန်မ . . . ဘယ်လောက် မာကျောပြီး ပြတ်သားနိုင်တယ်ဆိုတာ ရှင် သိပါတယ်၊ ကျွန်မ . . . တော်ရုံတန်ရုံနဲ့တော့ အသည်းမကွဲပါဘူး၊ အထူးသဖြင့် . . . ကျွန်မ အပေါ် သစ္စာမဲ့တဲ့ ယောကျ်ားတစ်ယောက်အတွက် အသည်းကွဲစရာ မဟုတ်ဘူး"

ရှီလာက သူမ,မျက်နှာကို စေ့စေ့စိုက်ကြည့်ရင်း ဖြည်းညင်းစွာ ခေါင်းကို ခါယမ်းလိုက်သည်။ ပြီးတော့ တုန်လှုပ်မောပန်းသော လေသံနဲ့ ညည်းတွားနေပါသည်။

"တစ်ခုခုတော့ . . . မှားနေပြီ . . . နှောင်း၊ ဒီကိစ္စမှာ တစ်ခုခုတော့ သေချာစွာ မှားယွင်းနေပြီ"

သူမ ခြောက်ကပ်အက်ကွဲစွာ ရယ်မောပစ်လိုက်သည်။

"သေချာတာပေါ့ . . . ရှီရယ်၊ ဒီကိစ္စမှာ တစ်ခုခု မှားယွင်းနေတယ်ဆိုတာ၊ ဒါပေမဲ့ ဘယ်သူမှားသလဲဆိုတာတော့ . . . ခဏနေရင် သိရတော့မယ်လေ"

❦ ❦ ❦

"ဪ . . ."



"ဒါား . . ."

အသံနှစ်ခုက တစ်ပြိုင်တည်းလိုလို ထွက်သွားသည်။ သူ့စိတ်ထဲကလည်း "သွားပြီ . . ." ဟု စိတ်ပျက်လက်ပျက် ကျိတ်၍ညည်းတွားလိုက်မိသည်။

ပြတ်သွားတဲ့ ဖြူးစ်ဝါယာကြိုးက တပ်လို့ မပြီးသေး။ အဲဒီ ကျဉ်းကျပ်နေတဲ့ ထပ်ခိုးနိမ့်နိမ့်လေးပေါ် သူ ကုန်းကုန်းကွကွ ရွေ့လျားနေစဉ် ကျောဘက်မှ အင်္ကျီစသည် မျက်နှာကြက်မှ အစွန်းထွက်နေသော သံချောင်းတစ်ချောင်းနှင့် ခြစ်မိသွားခြင်း ဖြစ်သည်။

သံချောင်းက အရိုင်မျက်နှာကြက်မှာကပ်၍ မီးချောင်းချိတ်ရန် စွဲရိုက်ထားခြင်း ဖြစ်ပုံရပြီး ယခု မီးချောင်းဖြုတ်ထား၍ သံချောင်းချည်းပဲ ကျန်နေခဲ့တာ ဖြစ်၏။

သံချောင်းရဲ့ ထိပ်ဖျားက အင်္ကျီစကို တော်တော်ရှည်လျားတဲ့ အထိ ငြိစုတ်သွားစေပြီး သူ့ပခုံးစွန်းမှာပါ ဒဏ်ရာရသွားစေသည်။

လေးထက်ထောက်၍ တွားသွားနေတာမို့ ဒဏ်ရာက ကျောဘက်မှာဖြစ်ဏာ မမြင်ရ။ နာကျင်စူးရှလာခြင်းကိုထောက်၍ အသားထဲထိ အနည်းငယ် စူးဝင်ခြစ်မိသွားပုံရသည်။

အခုမှ ခုနက ဥညြပြောသလို အင်္ကျီကို ချွတ်ထားခဲ့ရ အကောင်းသားဟု နောင်တရသည်။ ချွေးစက်တွေကလည်း စို့ရွှဲကာ အင်္ကျီပေါ်တွင် ဖုန်နှင့်ချွေး၊ ရွှဲအိနေတော့ သူ စိတ်တိုတိုနဲ့ အင်္ကျီကို ချွတ်ပစ်မိလိုက်သည်။

ဖုန်တွေနဲ့ ရှုပ်ပွနေသော ထပ်ခိုးပေါ်မှာ အင်္ကျီကို ချထားစရာ ဘာမတွေ့တာနှင့် ထပ်ခိုးလှေကားရင်းမှာ စောင့်နေသော သူမဆီ အင်္ကျီကို လှမ်းပစ်ချလိုက်ရင်း ပါးစပ်ကလည်း အော်ပြောလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟေး . . . အဲဒီမှာ ကိုယ့်အကျီ ခဏသိမ်းထားလိုက်တော့ မျက်နှာကျက်က သံနဲ့ငြိလို့ တော်တော်တော့ စုတ်သွားပြီ"

သူမဆီက သဘောကျစွာ ခိုးခိုးခစ်ခစ်ရယ်သံတွေ ထွက်ပေါ် လာ၏။

"အိုင်ပြောတာ . . . ယူမှ နားမထောင်ဘဲ၊ ခုတော့ . . . ထိပြီ၊ ဟယ် . . . ဟုတ်ပ၊ စုတ်သွားတာ များတယ်တော့၊ နှမြော စရာကြီး၊ ဟင် . . . ပြီးတော့လည်း ကြည့်ပါဦး၊ ဖုန်တွေနဲ့ မည်းမှော နေလိုက်တာ၊ ရစရာကို မရှိတော့ဘူး၊ ဒါလင် . . . ယူ တော်တော် ဆိုးတယ်"

သူမ, ဗျစ်တောက် ဗျစ်တောက်ပြောရင်း လှေကားရင်းက ပျောက်ကွယ်သွားပါသည်။

သူကတော့ အပေါ်ထပ်ခိုးထဲမှာ ချွေးတလုံးလုံးနဲ့ ပြတ် သွားတဲ့ ဖျူးစ်ကို ပြန်ဆက်ပေးနေရသည်။

မလွယ်ဘူး။ နောက်ဆိုရင် အလိုအလျောက် ဖျူးစ်ကို ဖြတ် ပြီး အလွယ်တကူ ပြန်တင်လိုက်လို့ရတဲ့ (Auto Circuit Breaker) တွေ ဒီတိုက်ခန်းမှာ ပြောင်းတပ်မှ ဖြစ်မယ်။

စိတ်ထဲက စဉ်းစားရင်း ဖျူးစ်ကိုတပ်ပြီးသွားမှ မိန်းဆွစ်ခ ခလုတ်ကို ပြန်တင်လိုက်တော့ တစ်အိမ်လုံး မီးတွေ ပြန်ထိန်လင်းသွား ရသည်။

အောက်ထပ်မှာ သူမက ဝမ်းသာအားရ "ဟေး . . . မီးပြန် လာပြီ" ဟု အော်နေသည်။ သူ ထပ်ခိုးပေါ်ကနေ ကျောကုန်း သံနဲ့ မခြစ်မိအောင် သတိထားပြီး ပြန်တွားသွား၍ ဆင်းလာရသည်။

လေအေးစက်လည်း ပြန်ပွင့်နေပြီမို့ အောက်ထပ်ဧည့်ခန်း



မှာ ပြန်အေးစိမ့်စပြုနေပါပြီ။

ယခုမှ သူ့ခန္ဓာကိုယ်ပေါ်မှာ အကျီမရှိတာကို သတိရသွား ပြီး သူမ,ကို လှမ်းအော်မေးရသည်။

"ဥဩ . . . ခုနက ကိုယ်ပစ်ပေးလိုက်တဲ့ အကျီရော၊ ဘယ်မှာ သွားထားလဲ"

မီးဖိုထဲကနေ သူမက ပြန်ဖြေသည်။

"အဝတ်လျှော်စက်ထဲမှာ . . . ဒါလင်"

"ဘာ . . ."

သူ အံ့အားသင့်စွာ ကြောင်အ,သွားစဉ် သူမ,က မီးဖိုခန်းထဲမှ ဧည့်ခန်းဆီသို့ ပြန်ထွက်လာသည်။

သူမလက်ထဲမှာ စပိုင်ဝိုင်နီ ပုလင်းလေးနှစ်လုံးနဲ့ ဖန်ခွက် နှစ်ခု။ သူ . . . စိတ်ရှုပ်ထွေးစွာနဲ့ သူမကို အော်ငေါက်ပစ်လိုက်သည်။

"ကိုယ့်အကျီကို ဘာလို့ အဝတ်လျှော်စက်ထဲ သွားထည့်တာ လဲကွ၊ အဲဒီအကျီကို သွားလျှော်လိုက်တော့ ကိုယ်က ဘယ်အချိန်ထိ စောင့်ရမှာလဲ၊ မင်း . . . ဘာလုပ်တာလဲ . . . ဥဩ"

"ချွော် . . ဒါလင်ကလည်း . . ခဏလေး၊ ဘာမှမကြာဘူး၊ လျှော်ပြီးလို့ စပင် ( Spin ) ထဲ ထည့်မွှေ့လိုက်ရင် ငါးမိနစ်အတွင်း ခြောက်သွေ့သွားစေရမယ် . . . စိတ်ချ၊ အဲဒါမှ မခြောက်သေးဘူးဆို ရင် ဒါလင့်အကျီကို အိုင် ဟဲဒရိုင်ယာ ( Hair Drier ) နဲ့ မှုတ်ပေးမယ် လေ၊ ကဲ . . . စိတ်တိုမနေနဲ့၊ ဒီမှာ ဝိုင်အေးအေးလေး သောက်ရင်း စောင့်၊ မီးပြင်သမားကြီးကို အိုင် . . . ဒီလောက်တော့ ဧည့်ခံပါရစေဦး"

"မသောက်နိုင်ဘူး၊ ကိုယ့်မှာ အချိန်မရပါဘူးဆိုနေ . . . ဟိုမှာ သူငယ်ချင်းတွေနဲ့ စာကျက်နေတာကွ၊ မင်း . . . တော်တော်

www.burmeseclassic.com

www.burmeseclassic.com



အလှုပ်ရှုပ်တာပဲ ဥဩ . . .၊ ဒုက္ခပါပဲကွာ"

"ဒါလင်ရယ် . . . ဒါလင့်အင်္ကျီက မည်းတူးပေရေသွားတဲ့ ဥစ္စာ၊ ဒီအတိုင်းကြီး ဝတ်ပြန်သွားတော့ ဘယ်ကောင်းပါ့မလဲ၊ လျှော် လိုက်ရင် ခဏလေးဟာကို၊ နာရီဝက် မကြာပါဘူး၊ ကဲ . . . သောက်ပါ ရှင် . . . စပိုင်တစ်ပုလင်းမကုန်ခင် . . . အင်္ကျီခြောက်သွားစေရမယ်"

သူမက အတင်းချော့မော့ပြောကာ အဲဒီဝိုင်နီညိုညိုတွေကို ဖန်ခွက်ထဲထည့်၍ သူ့ဆီ အတင်းကမ်းပေးနေပြန်သည်။

ထပ်ခိုးပေါ်မှာ ပူလောင်လာတာအပြင် အဲဒီဝိုင်ချိုဖန်ခွက် ကလေးကလည်း အေးစက်ခဲသီးနေကာ သောက်ချင်စရာဖြစ်နေတာ မို့ စိတ်တိုတိုနှင့်ပဲ ဖန်ခွက်ကို ယူမော့ပစ်လိုက်သည်။

အဲဒီတော့ သူမက သူ့ကို မချိုမချဉ်စိုက်ငေးကြည့်ရင် ရယ် မောနေပြန်သည်။ သူမနဲ့အတူ နှစ်ယောက်သား အဲဒီထိုင်ခုံဆိုဖာဆက် တီကြီးပေါ်မှာ တွဲထိုင်ရင်း စိတ်မလုံသလို ဖြစ်လာမိတာမို့ ဆတ်ခနဲ ထ,ရပ်ပြီး ပြောလိုက်ရသည်။

"ကိုယ် . . . ခြေတွေလက်တွေ သွားဆေးဦးမယ်၊ အရမ်း ညစ်ပတ်လာတယ်"

နောက်ဖေးလှမ်းဝင်သွားသော သူ့ကို သူမက ရယ်ရင်းနဲ့ လှမ်းအော်ပြောလိုက်သည်။

"ရေချိုးသွားချင်လည်း ရတယ်နော် . . .၊ ဒါလင် . . ."

သခုထက်ထိ ကိုယ်ပေါ်မှာ ဝတ်ရုံရှည်ကိုပဲ ဝတ်ထားတဲ့ သူမ ပုံစံကို ချက်ချင်းသတိရသွားမိတာမို့ ကမန်းကတန်း ကောက်ငြင်း လိုက်ရသည်။

"မချိုးပါဘူး၊ ဘာလို့ ချိုးရမှာလဲ"



နူတ်က ငြင်းဆိုလိုက်ပေမယ့် စိတ်ထဲကတော့ အိုက်စပ်ညစ် နေတဲ့ တစ်ကိုယ်လုံးကို ရေနဲ့ နာနာလောင်းချပစ်ချင်နေတာ။

အဲဒါကြောင့် ခြေတွေလက်တွေဆေးကြောသန့်စင်နေတာနဲ့ မရဘဲ ကိုယ်အထက်ပိုင်းက ဖုန်တွေပါ သန့်အောင် အနည်းငယ် သပ်ဆေးချပစ်လိုက်သည်။ ခေါင်းပေါ်က ဖုန်တွေပါကင်းအောင် ပင်ကို ရေနဲ့သပ်ပြီး အနည်းငယ်ယမ်းခါပွတ်တိုက်ပစ်လိုက်မိသည်။

ရေချိုးခန်းထဲက ထွက်လာတော့ သူမ,က သူ့ကို တဘက် စ်ထည် အသင့်ကမ်းပေးသည်။

သူက ကိုယ်ပေါ်က ရေစက်တွေ ပြောင်အောင်တဘက်နဲ့ တိုက်နေစဉ် သူမက သူ့ဆံပင်တွေ အခြောက်ခံဖို့ပါ ဆံပင်လေ စက် ( Hair Drier ) ကလေး လာပေးသည်။

"ဒါလင် . . . အအေးမိမယ်၊ ဆံပင်ကို ဒါနဲ့ မှုတ်လိုက်၊ အိုင် . . . ကိုယ်တိုင်မှုတ်ပေးရဦးမလား . . ."

သူ . . . ဖျတ်ခနဲ သူမ,ကို ခပ်ထ န်စိုက်ကြည့် လိုက် အဲဒီ ဒရိုင်ယာအနက်ရောင်လေးကို ခပ်ဆောင့်ဆောင့် ဆွဲယူ ်မိသည်။

"မလိုပါဘူး၊ ကိုယ့်ဟာကိုယ် မှုတ်မယ် မင်း . . . ကိုယ့်အင်္ကျီ လျှော်ပြီး ယူလာခဲ့"

"ဒါလင်ကလည်း အင်္ကျီက အိုင့်တာဝန်ထား၊ ဒါလင့်ဆံပင်ကို ခြောက်အောင်လုပ်စမ်းပါ"

"ဒါဆိုလည်း မင်း ကိုယ့်အနားမှာ လာရပ်မနေနဲ့ . . . ဥဩ မယ်ဆို . . . မင်း သွားချိုးတော့လေ"

သူမက တခစ်ခစ်နဲ့ အကြောင်းမဲ့ ရယ်မောနေပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒါလင့်ကို အိုင် . . . သုံးပေအကွာလောက်ကတောင် ဧေ ကြည့်လို့ မရဘူးလားကွယ်၊ ဘာဖြစ်နေတာလဲ"

သူ စိတ်တိုတိုနဲ့ အော်ဟစ်မောင်းထုတ်မိတော့မလို့။

သို့ပေမယ့် မောင်းထုတ်လိုက်ကာမှ သူမဘက်က ပို၍ကဲသဲ လာမှာကို သူက ပြန်စိုးရိမ်နေရသည်။

ဒုက္ခပါပဲ . . .။ ဒီမိန်းမနဲ့ . . . ငါနဲ့တော့။

သူ စိတ်ရှုပ်စွာဖြင့် သူမ,ကို ကျောခိုင်းကာ ကိုယ့်ဆံပင်ကိုယ် မြန်မြန်ခြောက်သွေ့အောင်ပဲ လေမှုတ်စက်နှင့် အပူပေးကာ ကုတ်ဖွ နေလိုက်သည်။

❦ ❦ ❦

ကားတံခါးကို ဝုန်းခနဲ သူမ တွန်းဖွင့်ပြီး အပြင်ဘက်ထွက် လိုက်တော့ ရှိလာက ကမန်းကတန်း လှမ်းတားသည်။

"နှောင်း . . . နှောင်း . . . နေပါဦး၊ မင်း ဘာလုပ်ဦးမလို့လဲ"

"ကျွန်မ မနေနိုင်ဘူး . . . ရှို၊ ဒီအတိုင်း . . . သူတို့ဆင်းလာ မှာကို ကျွန်မ ထိုင်စောင့်မနေနိုင်တော့ဘူး၊ ရှင် . . . ရှင်လည်း တွေ့ လိုက်သားပဲ၊ အဲဒီအခန်းထဲမှာ အခုမှ မီးလင်းလာတာ၊ ခုနက . . . ကတည်းက သူတို့ ရှိနေတယ်၊ ဒင်း . . . နဲ့ . . . ဟိုဟာမ . . . အတူ တူရှိနေတာကွ"

"နှောင်း . . . မင်းလိုက်သွားရင် အကုန်လုံး ရှုပ်ကုန်မယ် နှောင်းရဲ့၊ အဲဒီလို စိတ်လိုက်မာန်ပါ မလုပ်စမ်းပါနဲ့"



သူမ . . . ခေါင်းကို ပြတ်သားစွာ ခါယမ်းပစ်လိုက်သည်။

"ကျွန်မ . . . ဘာမှမလုပ်ပါဘူး၊ ဒင်းတို့ကို ကျွန်မ လက်ပူး တ်ကြပ် ဖမ်းမိသွားတယ်ဆိုတာ သိရုံလောက်လေ . . . ကျွန်မ ယ်ထင်သွားပြီမှာ၊ ဒါပဲ . . . ရှို၊ စိတ်မပူနဲ့"

"အို . . . ပူတယ်၊ နှောင်း . . . ကျွန်မပါ လိုက်ခဲ့မယ်"

သူမ လက်ကာပြလိုက်သည်။

"ဟင့်အင်း . . . ရှို . . . မင်း နေခဲ့စမ်းပါ၊ ကျွန်မ . . . ဘာမှ ပ်ဘူး၊ အာမခံတယ်၊ အခုအချိန်မှာ ကျွန်မအလုပ်ချင်ဆုံး အလုပ် စ်ခုက ရဝေဆိုတဲ့ကောင်ရဲ့ လှည့်စားမှုကို အဆုံးသတ်ပြီး . . . တော့တော့ လုပ်ဖို့ပဲ၊ ဒီကိစ္စ ကျွန်မဘာသာ လုပ်ပါရစေ"

သူမ လှစ်ခနဲ အဲဒီတိုက်ခန်းလှေကားပေါက်ဆီ ပြေးထွက် တော့ ရှိလာခမျာ သူမကို ငေးကြောင်ကြည့်လျက် ကားထဲမှာ န်ရစ်ခဲ့ပါသည်။

သူမ အဲဒီလှေကားအချိုးအကွေ့တွေကို ဒေါသတကြီး င့်နင်းတက်လာမိသည်။ ပူလောင်ဆူဝေသော နှလုံးသားတစ်ခုက က်ကွဲအော်ဟစ်ချင်နေတာ ထိန်းမရတော့။

အသား တဆတ်ဆတ် တုန်ရီလှိုက်ခါစွာနဲ့ အဲဒီသုံးလွှာ က် အခန်းတံခါးရှေ့ ရောက်လာသည်။

နင် . . . နင် . . . ငါ့ကို လိမ်တယ် . . . ဝေ။ နင် . . . ငါ့ကို တယ်လို့ လိမ်ရက်တယ်။ အခု နင်က . . . အဲဒီတိုက်ခန်းထဲမှာ ာင်ချထားတဲ့ အဲဒီတိုက်ခန်းထဲမှာ နင်က . . . အဲဒီမိန်းမနဲ့ပေါ့ ဘတ်လား။

ဘုရား . . . ဘုရား။ အခန်းထဲမှာ မောင် မရှိပါဘူး။ မောင်

www.burmeseclassic.com

www.burmeseclassic.com



ရှိမနေဘူး မဟုတ်လားဟင် . . .။ သူမ ထင်ယောင်ထင်မှားဖြစ်နေ တာနေမှာပါ။ မောင်က သစ္စာရှိပါတယ်။ ကျွန်မကို ချစ်ပါတယ်။

မောင် . . . ဒီအခန်းထဲမှာ မရှိဘဲ . . . ဘုရားသိကြားမ အခြားတစ်နေရာရာ . . . ရောက်နေပါစေ။ နော် . . .။ မောင့် ကျွန်မ . . . မမြင်ချင်ဘူး။ ဒီနေရာမှာ မမြင်ချင်ဘူး။

❦ ❦ ❦

"ဟယ် . . . ကြည့်စမ်း၊ ဒါလင့်ပခုံးမှာ အစင်းရာကြီး၊ အဲ ခုနက သံနဲ့ခြစ်မိသွားတာ မဟုတ်လား၊ ဒီအတိုင်းထားလို့ ဘယ်ရမ ဒါလင် ဆေးထည့်ရမယ်"

သူ့ရဲ့နောက်ကျောဘက်မှာ ထိုင်ရင်း သူမက သူ့ပခုံး ကြည့်ကာ ဒဏ်ရာကိုမြင်တွေ့သွားသည်။

ဆတ်ခနဲ ထိုင်ရာမှထ,ကာ နောက်ဘက်သို့ဝင်ပြီး ဆေးထည့် ဖို့ သွားယူရန်ပြင်သည်။

"ထားလိုက်စမ်းပါ . . . ဥဩ၊ ဒါလောက်လေးနဲ့ ဘာမှမဖြ ဘူး"

"အို . . . ဘာလို့မဖြစ်ရမှာလဲ၊ ဒါလင် . . . ဆေးကျောင်း သားလုပ်ပြီး ဒီလောက်ပေါ့ရသလား၊ ဟိုမှာ သွေးတောင်စို့နေတာ"

သူမက ချာခနဲလှည့်ကာ ဆေးပုလင်းတွေ သွားယူသည် မီးဖိုနောက်ဘက်က ပြန်ထွက်လာတော့ သူမလက်ထဲမှာ ဘန်နီခင် ဆေးပုလင်းလေးနဲ့အတူ ပလာစတာတွေ၊ ဂွမ်းတွေပါ ပါလာသည်



သူ ခေါင်းကုတ်လိုက်မိသည်။

"အလုပ်ကို ရှုပ်တယ်ကွာ . . . ဒီဒဏ်ရာသေးသေးလေးကို"

သူမ,က ရယ်သည်။

"ဒါလင် . . . ဒါလင့်ကျောဘက်က ဒဏ်ရာကို မြင်လည်း မမြင်ရဘဲနဲ့၊ ဒီမှာ ဒဏ်ရာက သုံးလက်မလောက် ရှည်တယ်၊ ဟန်ဒီး ပလပ်စ်တစ်ခုနဲ့တောင် လောက်တာမဟုတ်ဘူး၊ ငြိမ်ငြိမ်နေစမ်းပါ၊ အိုင် လုပ်ပေးတာခံ၊ ဒဏ်ရာက သွေးထွက်နေရင် ဒါလင့်အကျႌပြန်ဝတ်တော့ အကျႌမှာပါ သွေးတွေ စွန်းကုန်လိမ့်မယ် . . . သိလား"

သူ မငြင်းနိုင်တော့။

သူမကလည်း စိတ်ပါလက်ပါနဲ့ ဒဏ်ရာကို ဆေးထည့်ပေး တော့ရာ သူမကို ကျောခိုင်းပြီး သူ ငြိမ်သက်နေလိုက်သည်။

စိတ်ထဲကတော့ သိပ်မကျေနပ်။ မျက်နှာကို ခပ်တင်းတင်း ထားကာ စူပုပ်နေလိုက်မိသည်။

သူ့နောက်ကျောပြင်မှာ ဆေးထည့်ပေးနေသော သူမရဲ့ခန္ဓာ ကိုယ်က သူနဲ့သိပ်နီးကပ်လွန်းနေသည်။ သူ့ပခုံးအောက်ဖက်နားသို့ သူမရဲ့ လက်ချောင်းတွေ ထိတွေ့နေပုံကလည်း အင်မတန်ရှည်ကြာ လွန်းနေ၏။

"မပြီးသေးဘူးလား"

"ခဏနေပါဦး ဒါလင်ရယ်၊ ဆေးတို့ပြီးတော့ ခြောက်အောင် ခဏနဲ့ မှုတ်နေရတယ်၊ အဲဒါမှ ပလာစတာကပ်တော့ မြဲမှာပေါ့" ●

သူ့ရဲ့အဲပတ်အစားကင်းမဲ့သော အဲဒီကျောပြင်ကို သူမရဲ့ လေနွေးနွေးတွေ လာရောက်ထိခတ်နေမှုက သူ့စိတ်ကို ... သောင် ချောက်ချား ဖြစ်သွားစေသည်။ ဒဏ်ရာပေါ်က ဆေးတွေ ... ဘက်

www.burmeseclassic.com

www.burmeseclassic.com



ခအောင် လေနဲ့မှုတ်ပေးဖို့ဆိုတာ သူမနှုတ်ခမ်းတွေက သူ့နောက်ကျောနဲ့ မတရားနီးကပ်နေမှာပေါ့။

အို . . . အဲဒါဘာဖြစ်လဲ။ ဒီမိန်းမဟာ . . . ။

သူ့ဒဏ်ရာပေါ်မှာ သူမက ဂွမ်းစဖြင့်အုပ်၍ ပလာစတာတွေ ကပ်နေသည်။ သူမရဲ့ လက်သည်းရှည်လေးတွေက သူ့ကျောပြင်အနှံ့ လှုပ်ရှားထိခတ်သွားတာက လိုတာထက် ပိုနေသလိုပင်။

ပလာစတာနဲ့ သုံးလက်မလောက်ရှည်တဲ့ ဒဏ်ရာတစ်ခုကို ဖုံးအုပ်တဲ့ကိစ္စဟာ ဒီလောက်တောင်ပဲ ကြာမြင့်ရသလား။

"ဟေ့ . . . ပလာစတာကို ဘာလို့ ပြန်ခွာလိုက်၊ ကပ်လိုက် လုပ်နေတာလဲ"

"ဒါလင် . . . ခဏလေး၊ ပလာစတာက တွန့်ပြီးစောင်းနေလို့၊ အသစ်ပြန်ကပ်နေတာ"

"စောင်းစောင်း . . . ကွာ"

စိတ်တိုတိုနဲ့ သူအော်တော့ သူမက တခစ်ခစ်နဲ့ ရယ်နေသေးသည်။ သူ့ကျောပြင်ကိုလည်း သူမ,ရဲ့ လက်သီးဆုပ်ကလေးက ဒုတ်ခနဲ ခပ်ဖွဖွ လာထုသည်။

"ဒါလင် . . . ဒါလင်စိတ်တိုနေတဲ့အခါ ဝက်ဝံကလေးတစ်ကောင်နဲ့ တူတယ်လို့ ကျွန်မ ပြောတာ မှတ်မိလား"

"မင်း . . . ပါးစပ်ပိတ်ထားစမ်း၊ ဥသြ . . ."

သူမရဲ့ တိုးတိုးညှင်းညှင်းရယ်သံတွေက ပိုကျယ်လောင်သောရယ်သံတွေ ဖြစ်သွားသည်။



အခန်းထဲက ရယ်သံတစ်ခုနှင့်အတူ စကားပြောသံ မသဲမကွဲကိုပါ သူမ ကြားလိုက်ရသည်။

စိတ်က ထောင်းခနဲ ပေါက်ကွဲသွားသည်။

တိုက်ခန်းတံခါးပေါက်က လက်ကိုင်ဘုလုံးကို ကျစ်ကျစ်ပါအောင် သူမ သွားရောက်ဆုပ်ကိုင်မိတော့ တံခါးကို သော့မပိတ်ထားမှန်း ရိပ်မိလိုက်သည်။

လက်ကိုင်ဘုလုံးကို ခပ်ဖြည်းဖြည်းလှည့်ဖွင့်လိုက်ရာ တံခါးက . . . ကလစ်ခနဲ အသံတိုးတိုးသာမြည်ပြီး ပွင့်သွားသည်။

အဲဒီမှာ အထဲက ယောက်ျားနဲ့မိန်းမတို့ရဲ့ စကားသံတချို့ကို သူမ, ပီသစွာ ကြားလိုက်ရခြင်း ဖြစ်လေသည်။

"ဒါလင် . . . ဒါလင် . . . ကျောကုန်းပေါ်က ဒဏ်ရာကို ဒါလင့်သူငယ်ချင်းတွေ မတွေ့စေနဲ့နော်"

"ဘာဖြစ်လို့လဲ"

ခိုးခိုးခစ်ခစ်ရယ်သံနဲ့အတူ ဥသြက ဖြေသည်။

"အဲဒါကို သံနဲ့ခြစ်မိတဲ့ ဒဏ်ရာလို့ ဒါလင်ပြောရင် ဘယ်သူမှ ... မှာ မဟုတ်လို့ပေါ့။ အိုင့်ရဲ့ လက်သည်းဒဏ်လို့ပဲ ... တို့ စွပ်စွဲမှာ အသေအချာကြီး . . ."

www.burmeseclassic.com

www.burmeseclassic.com



"ဘာကွ . . ."

အဲဒီအချိန်မှာပဲ တိုက်ခန်းတံခါးပေါက်က ဝုန်းခနဲ ပွင့်သွားခြင်း ဖြစ်လေသည်။ ဘယ်သူမှ မထင်မှတ်ထားသော အဖြစ်မို့ သူရော ဉာဏ်ပါ ထ,ခုန်မိမတတ် ထိတ်လန့်သွားကြသည်။

တံခါးဝမှ စူးရှနီမြန်းသော မျက်နှာတစ်ခုနဲ့ တုန်လှုပ်ပေါက်ကွဲစွာ ပေါ်လာသူက . . . နှောင်း။ ရှင်နှောင်း . . .။

သွားပြီ။ အဖြစ်အပျက်က အရမ်းကိုဆိုးဝါးသည်။ မထင်မှတ်သောအချိန်၊ မထင်မှတ်သောနေရာမို့ သူဘယ်လိုမှ ရှင်းပြလို့မရတော့ မှန်း နှောင်းရဲ့မျက်လုံးတွေက သက်သေခံနေသည်။

နှောင်းရဲ့ မျက်လုံးတွေ . . .။

သူတို့နှစ်ယောက်စလုံးကို စူးစူးရဲရဲစိုက်ကြည့်နေတဲ့အကြည့်။

မုန်းတီးမှု . . .။

နာကြည်းမှု . . .။

ရွံရှာမှု . . .။ ပြီးတော့ ကြေကွဲစရာကောင်းလွန်းစွာ တုန်ရီလှုပ်ခါနေသည့် မျက်တောင်ဖျားတွင် ခိုတွဲလာသည့် မျက်ရည်စ,တွေ။

"နှောင်း . . ."

အက်ကွဲလှုပ်ခါစွာ ခေါ်လိုက်သည့် သူ့အသံသည် တိတ်ဆိတ်အေးစက်နေသော တိုက်ခန်းထဲတွင် ချောက်ချားဖွယ်ရာ ပေါ်လာ သည်။

နှောင်းက အခုမှ သတိပြန်လည်လာသူကို ဆတ်ခနဲ နောက်သို့ ယိုင်သွား၏။



မီးမှောင်ချထားတဲ့ အခန်းတစ်ခု . . .။

မကြာခင်ကလေးကမှ မီးရောင်တွေ လင်းလက်ပြီး အသက်ပြန်ဝင်လာတဲ့ . . . အခန်း။

သုံးယောက်ထိုင် (Couch) ဆိုဖာခုံရှည်ကြီးပေါ်မှာ နီးကပ်စွာ အတူရှိနေကြတဲ့ ယောကျ်ားနဲ့ မိန်းမ။

ရေချိုးပြီးကာစ,ပုံစံလို ဆံပင်တွေ စိုရွဲဖွာရရာကျဲနေပြီး ကိုယ်အထက်ပိုင်းမှာ ရေစက်တွေ သီးနေဆဲ . . . မောင်။

ရေချိုးခန်းဝတ် မွေးပွဝတ်စုံရှည်နဲ့ မောင့်တစ်ကိုယ်လုံး ရင်ခွင်ထဲ ဆွဲသွင်းထားမတတ် နီးကပ်စွာထိုင်နေတဲ့ ဉာဏ်။

မောင့်ဘေးမှာ . . . ဆံပင်အခြောက်ခံစက် (Hair Drier) လေး ခလုတ်တပ်လျက်သား။ ဉာဏ်ရဲ့ဘေးမှာ သောက်လက်စ, ဝိုင်လင်းအလွတ်နဲ့ ဖန်ခွက်တွေ ပြိုလဲလို့။

အဲဒီလောက် ရှင်းလင်းသေချာနေတဲ့ မြင်ကွင်းမျိုးကို ဘယ်သူက ဘယ်လောက် ဖြေရှင်းချက်ပေးပေး . . . သူမ,ယုံမှာ မဟုတ်ဘော့။ ဘယ်သူကရော . . . အဲဒါ . . ဂုဏ်သိက္ခာရှိစွာ ရိုးသားနေပါ ဘယ်လို ငြင်းရဲဦးမှာလဲ။

"နှောင်း . . . နှောင်း . . . ဘာလို့ ဒီနေရာကို . . . ဒီနေ့ မှာ . . . မှာ"

မောင့်စကားလုံးတွေကို သူမရဲ့ ခက်ထန်သောအကြည့်တွေ ဖြတ်ချပစ်လိုက်သည်။

သူမ,တံခါးကို ဆောင့်ဖွင့်လိုက်မှလား၊ ခုနကတည်းကလား

www.burmeseclassic.com

www.burmeseclassic.com



မသိ . . . တင်းကျပ်စွာ မောင့်ရဲ့ခန္ဓာကိုယ်ကို နောက်ဖက်မှ သိုင်းဖွေ့ထားသော ဉညြရဲ့လက်တွေက အခုထိ မောင့်ခါးအထက်မှာ ရှိနေတုန်း။

မောင်သည် ထိတ်လန့်တကြား မတ်တပ်ထ,ရပ်ရင်း ဉညြရဲ့လက်ချောင်းတွေကို ကြမ်းတမ်းစွာ ဆွဲခါဖယ်ထုတ်ပစ်လေသည်။

လုပ်မနေပါနဲ့ . . . မောင်။ သိပ်နောက်ကျသွားပါပြီ။ အဲဒီစကားကို သူမ, အံတင်းတင်းကျိတ်ရင်း စိတ်ထဲက ပြောလိုက်မိခြင်းဖြစ်သည်။

ကျလုဆဲဆဲ မျက်ရည်တွေကိုလည်း မောင်မမြင်အောင် သူမမျက်တောင်တဖျပ်ဖျပ်ခတ်၍ သိမ်းဆည်းပစ်လိုက်သည်။

ငါ . . . ဒင်းတို့ရှေ့မှာ ...လုံးဝ မငိုဘူး။

ရေခဲပြင်တစ်ခုလို မာကျောအေးစက်စွာ ဖျူဆုတ်သွားသည့် သူမမျက်နှာအမူအရာကို မောင် သဘောပေါက်ပုံရပါသည်။

ခြေလှမ်းအနည်းငယ်ရွှေ့ရင်း သူမ,အနား ကပ်လာသည်။

"နှောင်း . . . မောင် . . . မောင် ရှင်းပြမယ်"

"ဒါလင် . . ."

ချွဲချွဲနွဲ့နွဲ့ခေါ်လိုက်တဲ့ ဉညြကို မောင်က ရိုင်းစိုင်းစွာ ခပ်ကြမ်းကြမ်းတွန်းထုတ်ပစ်လိုက်ရာ ဉညြက ခုနကထိုင်နေသော ဆက်တီခုံပေါ် ပစ်လဲကျသွားသည်။ သို့ပေမယ့် အဲဒီမိန်းမက ကျေနပ်စွာ မဆီးမခန့် ရယ်မောနေနေတုန်း။

သူမ မောင့်ကို စကားတစ်ခွန်းမှ မပြောဘဲ ရယ်နေသော ဉညြဆီ စူးစူးရဲရဲ စိုက်ကြည့်နေလိုက်သည်။

ပြီးတော့ တည်ငြိမ်စွာ . . . သူမ, ထုတ်ပြောလိုက်သည်။



"ဉညြ . . . ဒီပွဲမှာ . . . မင်း နိုင်သွားပြီ . . . သိလား။ ငါ့နှမ . . . အရှုံးပေးခဲ့တယ်၊ ဒါပါပဲ"

အဲဒီနောက် . . . သူမ, ချာခနဲလှည့်ကာ အဲဒီအပြာရောင်တိုက်ခန်းကလေးမှ အဝေးဆုံး ပြေးထွက်လာခဲ့မိလေသည်။

❦ ❦ ❦

"နှောင်း . . ."

နာကျင်စူးရှစွာ သူ့ အော်ဟစ်တားမြစ်လိုက်သော်လည်း သူမ ဂရုမစိုက်ဘဲ ... ခန်းလှေကားတွေကို ပြေးဆင်းချသွားသည်။

သူ ပြေး... ...ရန်ပြင်တော့ နောက်ဘက်မှ ဉညြက . . . "ဒါလင် . . ." ဟု ...ခေါ်သည်။

သူ ဒေါသ...ကြီးနဲ့ အသားတဆတ်ဆတ်တုန်ယင်ကာ ဉညြကို အော်ဟစ်လိုက်မိသည်။

"မင်း . . . မင်း . . . ဒါ . . . တမင်လုပ်တာ မဟုတ်လား၊ ငါ သိတယ်၊ အဲဒါ . . . မင်း . . . တမင်ကြိုတင်ကြံစည်ထားတာ၊ အကြံပက်စက်လှ...လားကွ . . . ဉညြ၊ မင်း . . . ဟင်"

သူမ,က ...ခုံးနှစ်ဖက်ကို ဆတ်ခနဲတွန့်ပြပြီး နှုတ်ခမ်းကို ခပ်ကွေးကွေးတွန့်၍ လှောင်ပြုံးပြုံးပါသည်။

"အို . . . အဲဒါ . . . မတော်တဆ . . . ၊ တကယ့်မတော်တဆ အဖြစ်အပျက်တစ်ခုပါ . . . ဒါလင်ရဲ့"

ပြောရင်းနဲ့ ...သဘောကျစွာ သူမ, ရယ်မောသည်။

www.burmeseclassic.com

www.burmeseclassic.com



"တမင် ကြိုတင်ကြံစည်ခဲ့မယ်ဆိုရင်တောင် ဇာတ်သိမ်းလေးက အဲဒီလောက်လှမှာ မဟုတ်ဘူး ... သိလား ဒါလင်"

သူ ... တောက်တစ်ချက် ကျယ်လောင်စွာ ခေါက်ပစ်လိုက်သည်။ ပြီးတော့ အလျင်မြန်ဆုံးအရှိန်နဲ့ တိုက်ခန်းတံခါးပေါက်က ပြေးထွက်လိုက်ကာ နှောင်းဆီသို့ မိအောင် ဝရုန်းသုန်းကား ပြေးဆင်းလိုက်သွားမိသည်။

လှေကားထစ် ငါးထစ် ခြောက်ထစ်လောက်ကို သူ လွှားခနဲကျော်၍ ခုန်ဆင်းလိုက်မိသည်။

နှုတ်ကလည်း အော်ဟစ်၍ အသည်းအသန် တားမြစ်နေမိသည်။

"နှောင်း ... နှောင်း ... နေပါဦး ...၊ မောင် ... တောင်း[illegible]ပါတယ်၊ အဲဒီလိုကြီး ... မောင့်ကို မထားခဲ့ပါနဲ့၊ မောင် ရှင်းပြ[illegible] နားထောင်ပါဦး ...၊ နှောင်း ... မောင် ... ရှင်းပြ

သူ အော်ဟစ်တောင်းပန်ရင်း တိုက်ခန်းလှေကားကျဉ်းကျဉ်းကလေး[illegible]ကို ဖိနပ်မပါဘဲ ခုန်ဆင်းချလာလိုက်တာ သူမ,ကို ပထမထပ် [illegible]ကားထောင့်ချိုးမှာ မီသွားသည်။

ပထမထပ်ကနေ မြေညီထပ်ကို ဆင်းသွားသည့် လှေကား[illegible] သူမကို သူနောက်ဘက်မှ လှမ်း၍ ဖမ်းဆွဲလိုက်ရသည်။

"နှောင်း ..."

မထင်မှတ်စွာ ... အဆမတန် ခွန်အားပြင်းထန်နေသော [illegible]က်နှစ်ဖက်က သူ့ကို ဆောင့်တွန်းပစ်လိုက်၍ သူ ရုတ်တရက် [illegible]သို့ ယိုင်ဆင်းသွားရသည်။

လှေကားထောင့်ချိုး နံရံတစ်ဖက်ကိုပင် ခန္ဓာကိုယ်က သွား



[illegible]က်မိသည်။

❦ ❦ ❦

"နှင် ... ငါ့ကို မထိနဲ့"

သူမ ... ကျားရဲမလေးတစ်ကောင်လို စူးဝါးစွာ အာခေါင်ခြစ်၍ ငှ်အော်လိုက်မိသည်။

နံရံတစ်ဖက်ဆီ ယိုင်ယဲ့ပြိုဆင်းသွားသော သူ့ပုံစံကို သူမ, [illegible]နာကြည်းကြည်း စိုက်ကြည့်မိလိုက်ပါသည်။

ကြည့်စမ်း ...။ မျက်ရည်တွေဝိုင်းပြီး သူမ,ကို အံ့အားသင့်[illegible]ကြီး တောင်းပန်တိုးလျှိုးလိုစွာ ပြန်စိုက်ကြည့်နေတဲ့ သူ့အကြည့်တွေ[illegible] ...။ ဟင့်အင်း ... ငါ ... ဒင်းကို မသနားရဘူး။

သူမ အောက်နှုတ်ခမ်းတွေကို ဖိကိုက်ပစ်လိုက်သည်။

ခန္ဓာကိုယ်ပေါ် အဲဒီဂျင်းဘောင်းဘီလေးတစ်ထည်သာ ရှိနေ[illegible] ဖိနပ်တောင်မပါဘဲ ဗလာကျင်းနေတဲ့ သူ့ခြေထောက်တွေနဲ့ ဝရုန်း[illegible]န်းကား ပြေးဆင်းလာတဲ့ပုံစံက အခုထက်ထိတောင် သူမ,ရင်တွေကို [illegible]င်လှုပ်နိုင်စွမ်း ရှိပါသည်။

မောင့်ဆံပင်တွေက ရေစိုလ[illegible]စနဲ့ ဖွာရရာရှုပ်ပွလို့။ မောင့် [illegible]ယ်ပေါ်က ယောကျ်ားပီသစွာ ကျစ်[illegible]သန်မာနေတဲ့ ကြွက်သား[illegible]ပေါ်မှာ ရေစက်လေးတွေနဲ့ ပြော[illegible]က်ခိုသီးလို့ ...။ မောင့် [illegible] အထက်နားဆီမှာတော့ ...။

[illegible]တွေနဲ့ ကပ်ပြီး ဖုံးကွယ်ထားခဲ့တဲ့ ဒဏ်ရာရှည်

www.burmeseclassic.com

www.burmeseclassic.com



မျှော်မျှော် တစ်ချက် . . .။

သူမ အံကြိတ်လိုက်မိသည်။

"နင် . . . ငါ့အနားကို မကပ်နဲ့ . . . ဝေ . . ."

မကပ်နဲ့ဆိုမှ သူက အနားသို့ ပိုတိုးကပ်လာသည်။

သူမ,က လှေကားကို နောက်ပြန်တစ်ချက်ဆင်းကာ . . . သူ့ ကို တုန်တုန်ရီရီ စိုက်ကြည့်မိလိုက်သည်။ မောင် . . .။ မောင် . . . အဲဒီလိုပုံစံနဲ့ ကျွန်မအနားကို မကပ်ပါနဲ့ကွယ်။

ကျွန်မ . . . ဒီတစ်ခါ အရှုံးပေးလို့ မဖြစ်ဘူး။

"နှောင်း . . . မောင် . . . ရှင်းပြတာ နားထောင်ပေးပါ"

သူ့အသံက ငိုသံပါနေပါကလား။ ဘုရားရေ . . .။

သူမ, ခေါင်းကို ဆတ်ခနဲ ခါပစ်လိုက်သည်။

"ဘာမှ မပြောနဲ့၊ ငါ . . . နားမထောင်ဘူး"

သို့ပေမယ့် မောင်က သူမအနား တရွေ့ရွေ့ တိုးကပ်လာ တုန်း။

"နင် . . . ငါ့နောက်ကို လိုက်မလာနဲ့လို့ ပြောနေတယ်၊ ငါ . . . နင့်ကို သတ်မပစ်ဘူးလို့ . . . အာမ,မခံနိုင်ဘူး"

သူမရဲ့ အပြင်းထန်ဆုံး ခြိမ်းခြောက်မှုအောက်မှာ မောင့်ရဲ့ မျက်လုံးတွေက ပိုလို့တောင် ရဲတင်းစူးရှသွားသေးသည်။

မောင်က ဖျတ်ခနဲ ရှေ့သို့ ခုန်ထွက်လာသည်။

"သတ်လေ . . .၊ နှောင်း . . . မောင့်ကို သတ်ပါ၊ နှောင်းကို ဆုံးရှုံးရမှာထက်စာရင် . . . မောင် . . . သေသွားတာက ပိုကောင်း တယ်၊ သတ်ပစ်လိုက်"

မောင့်ရဲ့စကားလုံးတွေအောက်မှာ သူမ,တွေဝေစွာ



ကြောင်သွားတဲ့ စက္ကန့်ပိုင်းလောက်ကို အခွင့်ကောင်းယူပြီး . . . သူမ, ခုံးနှစ်ဖက်ကို မောင်က အတင်းလာရောက် ဆုတ်ကိုင်လိုက်သည်။

သူမ . . . ရုတ်တရက် အံ့သြတရားတွေ ကင်းလွတ်သွားပါ သည်။

လူချင်းပူးကပ်ပြီး ရုန်းထွက်မရအောင် ဖြစ်သွားလို့ ဒေါက်စိတ် ရော၊ ဒေါသနဲ့ပါ ပေါင်းကာ သူမ ပေါက်ကွဲသွားသည်။

လက်ဆယ်ချောင်းစလုံးနဲ့ မောင့်မျက်နှာကိုရော၊ မောင့်ရဲ့ င်အုပ်ကြွက်သားပေါ် အထိပါ သူမ၏ တအားဆွဲကုတ်ခြစ်ချပစ်လိုက် သည်။

"အား . . ."

မောင့်ရဲ့ နာကျင်ထိတ်လန့်စွာ စူးခနဲ အော်သံက အရင်ထွက် လာသည်။ သူမ,ပခုံးနှစ်ဖက်ကို ဆုတ်ကိုင်ထားသော မောင့်လက် ရ ေ . ပျော့သွားခဲ့သည်။

. . ဟာ သူ့မျက်နှာသူ လက်ဖဝါးနဲ့အုပ်၍ နောက်သို့ယိုင်ယဲ့ ခွာထွက်သွား၏။

သူမ . . . မောင့်ကို ထပ်မံဆောင့်တွန်းပစ်လိုက်ရသည်။

တုန်ယင်လှိုက်ခါနေသော သူမလက်ချောင်းတွေကိုလည်း မယုံကြည်စွာ ငုံ့ကြည့်ရင်း လိမ်ချိုးဆုပ်ကျစ်နေမိသည်။

မောင် . . .။ မောင့်မျက်နှာ ညာဘက်ခြမ်းမှာ မြင်မကောင်း င် လက်သည်းရာ အစင်းကြောင်းသုံးချက် . . .။

မောင့်ရင်ဘတ်နှစ်ခုစလုံးမှာလည်း သွေးချင်းချင်းနီသွားတဲ့ ကြောင်းတွေ များပြားစွာ။ သူမ,မျက်လုံးတွေ ဝေဝါးသွားသည်။ ငိုမိတော့မည်။

www.burmeseclassic.com

www.burmeseclassic.com



ဟင့်အင်း . . .။ ရှင်နှောင်း . . . မငိုနဲ့။ နင် . . . သူ့ကို သတ်တောင် သတ်ပစ်ရဦးမှာ။

သူမ ဆို့နင့်ကြေကွဲစွာ မောင့်ဆီမှ အကြည့်ကိုလွှဲရင်း အော်ဟစ်လိုက်မိသည်။

"နင့်ကို ငါပြောတယ်၊ နင် . . . ငါ့အသားကို မထိနဲ့ . . . လို့"

"နှောင်း . . . ကျေနပ်ပြီလား . . .၊ မောင့်ကို နာကျင်အောင် နှောင်း ဘာထပ်ပြီး လုပ်ချင်သေးလို့"

သူမ နှုတ်ခမ်းတွေကို တင်းတင်းစေ့ကာ မောင့်ကို မော့ကြည့်လိုက်ပါသည်။

ပြီးတော့ အရက်စက်ဆုံး သူမ ပြုံးရယ်ပစ်လိုက်သည်။

"နင် . . . အနာကျင်ဆုံးဖြစ်အောင် ငါ စကားတစ်ခွန်း ထပ်ပြောခဲ့မယ် . . . ဝေ၊ နင့်ကို ချစ်တဲ့အချစ်တွေ . . . အဲဒီသုံးထပ်က တိုက်ခန်းတံခါးဝမှာ ငါ ချထားခဲ့ပြီ၊ နင်လိုချင်ရင် . . . သွားပြန်ရှာပြီး ကောက်ယူချေ"

"နှောင်း . . . မောင့်ကို . . . မယုံဘူးလား၊ သူနဲ့မောင် ဘာမှ မဖြစ်ဘူး၊ အဲဒီအခန်းကို မောင်လာတာ . . . သူက . . . မောင့်ကို"

"အခုကိစ္စက . . . ယုံကြည်မှုရဲ့ အပြင်ဘက်ကို ရောက်သွားပြီ . . . ဝေ"

သူမက ဖြတ်တောက်ပစ်လိုက်သော စကားကြောင့် မောင် ရုတ်တရက် ဆွံ့အသွားရှိသွားပါသည်။ သူမတို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် အခုမှ မြင်ဖူးကြသော သူစိမ်းတွေလို စိုက်ကြည့်နေမိကြသည်။



တကယ်တော့ ကျွန်မနဲ့မောင့်အကြားမှာ နံရံထူထူကြီးတစ်ချပ် ခြားသွားပါပြီ . . . မောင်ရယ်။

"နှောင်း . . . ဘာကိုပြောနေတာလဲ"

သူမ . . . ဟက်ခနဲ ခြောက်ကပ်ကပ်ရယ်လိုက်သည်။

"နင့်ကို . . . ငါ မချစ်တော့ဘူးလို့ . . . ပြောနေတာ"

"မဟုတ်ဘူး"

တစ်စုံတစ်ရာနဲ့ ဖြတ်ရိုက်လိုက်သလို မောင် . . . နောက်သို့ ယိုင်နဲ့ ကျသွားပါသည်။ နှုတ်ခမ်းတွေကလည်း အရူးတစ်ယောက်လို အော်ဟစ်နေပြန်သည်။

"မဖြစ်နိုင်ဘူး၊ နှောင်း မညာနဲ့၊ မောင့်ကို ညာမပြောနဲ့"

"အဲဒါ . . . အမှန်တရားပဲ ဝေရဲ့၊ နင်ယုံကြည်တာ မယုံကြည်တာနဲ့ ဘာမှမသက်ဆိုင်ဘူးလေ"

သူတစ်ကိုယ်လုံး တုန်ရီလှုပ်ခါသွားတာ သူမ တွေ့ရသည်။ သူ . . . ရုပ်ချည်းရှေ့သို့ တိုးထွက်လာကာ သူမလက်တစ်ဖက်ကို ဖတ်ခနဲ ဆွဲယူဆုပ်ကိုင်လိုက်သည်။

"နှောင်း . . . နှောင်းနဲ့ ကျွန်တော် . . . အခု လက်ထပ်မယ်၊ အခုချက်ချင်း လက်ထပ်မယ်၊ အဲဒါဆို . . . နှောင်း ကျွန်တော့်ကို ယုံကြည်ပေးပါ"

သူ့လက်ထဲက ပွတ်အောင် သူမ . . . ဆောင့်ရုန်းလိုက်မိသည်။ သူ့မျက်နှာကို သူမ နောက်ဆုံးအကြိမ် စိုက်ကြည့်လိုက်ရသည်။

သူမက ခါးသက်စွာ စ,တင်ရယ်မောလိုက်ချိန်မှာ မောင့်ပါးပြင်ပေါ်က မျက်ရည်စက်တွေကို သူမ, မြင်နေရလေ၏။

ဩော် . . . အတ္တကြီးသော . . . ယောက်ျားတစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



ကို သူမ ချစ်ခဲ့မိပြီကိုး။ ဒါပေမဲ့ . . . ခွင့်လွှတ်ပါမောင်။ အချစ်ဆိုတာ ကျွန်မကို ချည်နှောင်မယ့် ကြိုးတစ်ချောင်း ဘယ်တော့မှ မဖြစ်စေရဘူး။

"အခုချိန်မှာ နင်အလုပ်သင့်ဆုံး အလုပ်တစ်ခု . . . ငါပြောလိုက်မယ်၊ နင် . . . သူ့ကိုပဲ လက်ထပ်လိုက်ပါဝေ . . .၊ ဥညကိုပဲ နင် လက်ထပ်လိုက်ပါ"

မောင့်ရဲ့မျက်နှာသည် ချက်ချင်းတင်းမာအေးစက်သွားပါသည်။ သူမ ထပ်ပြောလိုက်၏။

"နင် . . . ငါ့ကို အခုအချိန်မှာ ချစ်နေသေးတယ်ဆိုရင်လည်း နင် သူ့ကိုပဲ လက်ထပ်ရလိမ့်မယ် . . . သိလား၊ ဘာဖြစ်လို့လဲဆိုတော့ ငါက နင်တို့နှစ်ယောက်လုံးကို နိုင်ချင်တယ်လေ၊ နင်တို့နှစ်ယောက်စလုံး ပက်ပက်စက်စက် ရှုံးသွားတာကို ငါ မြင်ချင်တယ်၊ ဒီလောကကြီးမှာ အချစ်မပါဘဲ လက်ထပ်ကြရမယ့် မင်္ဂလာပွဲတစ်ခုလောက် . . . ရှုံးနိမ့်တာ ဘာမှမရှိဘူး၊ ဒါကြောင့် . . . နင် . . . သူ့ကိုပဲ လက်ထပ်ဖြစ် အောင် လက်ထပ်ရမယ်"

"နှောင်း . . . တကယ်ပြောနေတာလား"

တကယ်တော့ သူမ့နှလုံးသားတွေ အေးစက်ထုံကျင်နေပါပြီ။

သူမ, မောင့်ကို စေ့စေ့စိုက်ကြည့်လိုက်သည်။

ဒဏ်ရာများသည် နောင်တများကို သေသည်အထိ သိမ်းဆည်းထားနိုင်အောင် ဖုံးကွယ်ပေးလေသည်။

မောင်နဲ့ကျွန်မ . . . တစ်ယောက်ကိုတစ်ယောက် ခွင့်မလွှတ်နိုင်အောင် စိမ်းကားသွားစေသည်အထိ ကျွန်မ ထိုစကားကို ပြောခဲ့လိုက်သည်။



"ငါ ငိုနေတာကို . . . နင် . . . အခုတွေ့လို့လားဟင်၊ နင်နဲ့သူ . . . လက်ထပ်ဖြစ်တဲ့အခါကျ . . . ဖိတ်စာ ငါ့ဆီ ပို့လိုက်စမ်းပါ၊ ငါ သွားတာ့မယ် . . . ဝေ၊ နှုတ်ဆက်ခဲ့ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com

# အမှူဋ်းဏါ ဋိုပုံး

www.burmeseclassic.com

www.burmeseclassic.com

''အချစ်ဆိုတာ ... မာရ်နတ်ရဲ့ အပြုံးပေါ့၊

မမြင်ရတဲ့ အမုန်းတွေကို ...သူ ဖုံးထားတယ်''

# တစ်

ညဆယ့်နှစ်နာရီ စီပန် (C.Pen) ဆေးထိုးရန် လူနာခုတင်များ . . .။

ခုတင်အမှတ် ဆယ့်နှစ်။

ခုတင်အမှတ် ဆယ့်ငါး။

ခုတင်အမှတ် နှစ်ဆယ့်လေး . . .။ နှစ်ဆယ့်လေး . . .။

နှစ်ဆယ့်လေးဆိုသောဂဏန်းကို အလုပ်သင်ဆရာဝန် အခန်းထဲက သင်ပုန်းဖြူပေါ်တွင် ရေးမှတ်နေရင်းက သူမလက်တွေ တုံ့ဆိုင်းသွားပါပြီ။

ဪ . . . မောင့်ကို နောက်ဆုံးအကြိမ်အဖြစ် တွေ့ခဲ့တာ နှစ်ဆယ့်လေးရက် ရှိသွားပြီလေ။

သူမ တာဝန်ကျရာ ဆေးရုံကြီးရဲ့ ကားရပ်ကွက်လပ်ထဲမှာ မောင်က သူမဆီကို ဖိတ်စာလှလှလေးတစ်စောင် လာရောက်ပေးအပ်ခဲ့တာ ဒီနေ့ဆို နှစ်ဆယ့်လေးရက် . . .။

နှစ်ဆယ့်လေးရက်တိတိ . . . ရှိသွားပြီ။

မနက်ဖြန်ဆို . . .။

အို . . . ဘာဖြစ်လို့ ဒါတွေကို ငါ တွေးနေရတာလဲ . . .။

သူနဲ့ငါ . . . ဘာဆိုင်တော့လို့လဲ . . .။

www.burmeseclassic.com

www.burmeseclassic.com



မနက်ဖြန်ဆိုရင် . . . သူက . . . ငါမဟုတ်တဲ့ မိန်းမတစ်ယောက်ကို လက်ထပ်တော့မှာလေ . . .။

လူတွေမြောက်များစွာရဲ့ အလယ်မှာ ခမ်းနားကြီးကျယ်တဲ့ ဧည့်ခံပွဲတစ်ခုနဲ့ သူက ပျော်ရွှင်စွာ ကျင်းပနေတော့မှာ . . .။

ပျော်ရွှင်စွာ . . .။

ပျော်ရွှင်စွာ . . . ဆိုတဲ့ စကားလုံးတစ်ခုကို သူမ,ရင်ထဲက နင့်ခနဲ စူးနစ်နာကျင်စွာ ဖယ်ထုတ်ပစ်လိုက်သည်။

သူ . . . သူ . . . ပျော်ရွှင်နိုင်ပါ့မလား။

တိတ်ဆိတ်ငြိမ်သက်ကာ လူသူလုံးဝမရှိဘဲ ရှင်းလင်းနေသော အလုပ်သင်ဆရာဝန်များအခန်းထဲတွင် သူမတုန်လှုပ်ယိုင်နဲ့စွာ ကုလား ထိုင်တစ်လုံးပေါ် ထိုင်ချလိုက်ရသည်။

မျက်ဝန်းတွေ ပူနွေးစိုစွတ်လာတာကာ အံ့သြစရာကောင်းနေပြန်သည်။

အို . . . ငါ အခုငိုနေလို့လည်း ဘယ်သူက ချော့မှာလဲ။

သူငယ်ချင်းတွေအားလုံးက ဒီနေ့ညလိုညမျိုးမှာ နိုက်ဂျူတီဆင်းရမည်ဆိုသော သူမကို ဝိုင်းဝန်းသနားစာနာနေကြကာ . .

"အို . . . နှောင်း . . . အဲဒီည နိုက်မဆင်းပါနဲ့၊ ကျုပ်တို့ဆင်းပေးမယ်" ဟု တစ်မျိုး၊

"နှောင်းရေ . . . ဂျူတီချိန်းလိုက်ပါ၊ အဲဒီည . . . ရှင် . . . အိမ်မှာပဲ နေလိုက်ပါ" . . . ဟု တစ်ဖုံ ဝိုင်း၍ တားမြစ်ကြ၊ ကူညီဖေးမကြသော်လည်း သူမ ပြတ်သားမာကျောစွာ ငြင်းဆန်ပစ်ခဲ့သည်။

"ဘာဆိုင်လို့လဲ၊ ကျွန်မ . . . အဲဒီည . . . နိုက်ဂျူတီဆင်းရင်တို့ ဘာကိစ္စပူပင်နေရတာလဲ၊ ကျွန်မ . . . ဘာမှမဖြစ်ဘူး၊ ကျွန်မ . . . ဘဝထဲမှာ သူ . . . မရှိတော့ဘူး . . . သိလား"



အဲဒီလို ဟန်ဆောင်ငြင်းဆန်ကာ မာကျောပြခဲ့ရပေမယ့် တကယ့်တကယ်မှာတော့ သူမ နာကျင်ရှုံးနိမ့်စွာ သတိရနေမိပြီလေ။

ဒီနေ့ညကျမှ သူမ,တာဝန်ကျရာ လူနာဆောင်ပေါ်ဝယ် စောင့်ကြည့်ရမည့် လူနာတွေက နည်းပါးနေသည်။ လူနာအသစ်တင်သည့် ရက်လည်း မဟုတ်၍ အသည်းအသန်လူနာများမရှိဘဲ ပုံမှန်ဆေးထိုးချိန်၊ သွေးပေါင်တိုင်းချိန်များကလွဲပြီး လုပ်စရာအလုပ် ရှားပါးနေခဲ့သည်။

ညဆယ်နာရီကျော်လျှင် လူနာဆောင်တစ်ခုလုံးက အိပ်ကျသံ ကြားလောက်အောင် တိတ်ဆိတ်နေခဲ့ပြီး သူနာပြုဆရာမများအခန်းက တီဗွီဖွင့်သံတိုးတိုး၊ တစ်ဖက်ခန်းမှ အိပ်မည့် လက်ထောက်ဆရာဝန်လေးရဲ့ မအိပ်ခင်စာဖတ်နေသော စာရွက်လှန်သံများသာ သင်သာစွာ သူမ ကြားနေရသည်။

ဒီလို . . . အထီးကျန်တိတ်ဆိတ်နေတဲ့ အခန်းမှာ တစ်ယောက်တည်း ထိုင်နေရမယ့် အဖြစ်မျိုးကို သူမ, တိကျပြတ်သားစွာ ရွေးချယ်မိခဲ့တာ မှားပြီထင်ပါရဲ့ မောင်ရယ် . . .။

အို . . . ငါ သူ့ကို မောင်လို့ ခေါ်သင့်သေးရဲ့လား။

နောက်ထပ် နာရီပေါင်းနှစ်ဆယ်တောင် မပြည့်တော့တဲ့ အချိန်အတွင်းမှာ လက်ထပ်တော့မယ့် ယောကျ်ားတစ်ယောက်ကိုလေ . . .။

ဘုရား . . . ဘုရား။ ကျွန်မ တကယ်ရူးသွားပြီပဲ။

အဲဒါ အိပ်မက်ဆိုးများလား။

သူမ, ဆတ်ခနဲ ခေါင်းထဲကအတွေးတွေ လွင့်စင်သွားလိုပြား

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းကို ခါပစ်လိုက်မိသည်။

လုပ်စရာအလုပ်မရှိဘဲ ညဆယ့်နှစ်နာရီကျမှ ဆေးတွေလိုက်ထိုးဖို့ အလုပ်ကို ထိုင်စောင့်ရင်း သူ့ကို ကျွန်မ လွမ်းနေရတော့မလား။

မဟုတ်သေးပါဘူး။ အကြောင်းမဲ့ သူမ, မတ်တပ်ထ,ရပ်ကာ အလုပ်သင်ဆရာဝန်အခန်းထဲက ဆေးဗီရိုကို ရှင်းလင်းနေမိသည်။ ပြီးတော့ ကြွေကန်မှာ လက်သွားဆေးမိပြန်သည်။

ဒီနေ့ည လက်ဆေးမိတာ ဘယ်နှစ်ခါရှိပြီလဲ။

သူမ အိပ်စက်ရမည့် ခုတင်စောင်းပေါ် တုန်လှုပ်စွာ ထိုင်နေမိပြန်သည်။ ပြီးတော့ ယူလာသည့် ခြင်းတောင်းထဲက သူမ၏ကျောင်းစာအုပ်တွေ ထုတ်မိသည်။

အောက်စဖို့ဒ် မက်ဒီဆင် . . .။

နေပါဦး . . . အခုနေ စာဖတ်ဖို့ ကြိုးစားနေတော့ ခေါင်းထဲကို ဘယ်လိုလုပ် စာတွေဝင်လာ နိုင်မှာလဲ . . .။

မဖြစ်သေးဘူး။ ခြင်းတောင်းထဲက ဆရာတော် အရှင် ဆန္ဒာဓိက၏ မြင့်မြတ်သူတို့၏စံအိမ်ဆိုသော စာအုပ်ထုတ်၍ ဖွင့်ဖတ်ရန် သူမ, ကြိုးစားလိုက်သည်။

ကျွန်မ ပြောင်းလဲသွားပြီ မောင်ရဲ့ . . .။ သိလား . . .။

သိပ်ကို ပြောင်းလဲသွားပြီ။ ကောင်းသောပြောင်းလဲခြင်းမို့ မောင် . . . သာဓုခေါ်စမ်းပါ။

"သက်မဲ့အာရုံတစ်ခုခုကို . . . နှစ်သက်ရင်
အဲဒီသက်မဲ့အာရုံဟာ
ကိုယ့်ရဲ့ကြွေးရှင်ပဲ . . .။



သက်ရှိအာရုံတစ်ဦးဦးကို . . . တပ်မက်ရင်
အဲဒီသက်ရှိအာရုံဟာ
ကိုယ့်ရဲ့ကြွေးရှင်ပဲ
ကြွေးယူထားပြီဆိုမှုင်တော့
ကြွေးရှင်ကို . . . အောက်ကျို့ ခ,ယ,ရတော့မှာပါပဲ"

ဖျတ်ခနဲ စာအုပ်ကို သူမ ဖိပိတ်လိုက်မိပြန်သည်။

ဘုရား . . . ဘုရား။

ကျွန်မ . . . မောင့်ကို ဘယ်အချိန်ထိ ကြွေးတွေ ပြန်ဆပ်နေရဦးမှာလဲ . . .။ အဲဒီဝဋ်ကြွေးတွေဟာ ဒီဘဝနဲ့တောင် ပြန်ဆပ်လို့ တုန်နိုင်ပါ့မလား။

သူမ . . . မျက်ရည်တွေ စ,တင်ဝေ့ဝဲလာပါပြီ။

အဲဒီအချိန်မှာ ကံကောင်းထောက်မ,လွန်းစွာ သူမ,အပေါ် ကံကြမ္မာက မျက်နှာသာပေးခဲ့သည်။

"ဟေ့ . . . မိနှောင်း၊ အဲဒီမှာ . . . ဘာငုံးစိစိကြီး ထိုင်ငေါင်နေတာလဲ၊ လာ . . . ထ . . . ဒီမှာ . . . ကျုပ်တို့လာပြီ"

အလုပ်သင်ဆရာဝန်အခန်းရဲ့ တံခါးပေါက်ဝမှာ ဘွားခနဲ ပေါ်လာကြတဲ့ သူမရဲ့ သူငယ်ချင်းတွေ . . .။ သိပ်ကိုချစ်စရာကောင်းတဲ့ သူမရဲ့ သူငယ်ချင်းအစစ်တွေပဲပေါ့။

ရှီလာ . . . ယမုံနဲ့ . . . လတ်လတ် . . .။

သူမ . . . ဝမ်းသာအားရ ထ,ခုန်လိုက်မိသည်။

"ဟယ် . . . ညကြီးမိုးချုပ်မှ . . . ရှင်တို့ ဆေးရုံကို ဘာလာလုပ်တာတုန်း၊ လူလည်း စုံလို့ပါလား"

www.burmeseclassic.com

www.burmeseclassic.com



ရှီလာက တဟဲဟဲ ရယ်သည်။

"ရှင်တစ်ယောက်တည်း ပျင်းနေမှာစိုးလို့ ဆေးရုံကို ပျော်ပွဲစား လာထွက်တာ၊ ဘယ်လိုလဲ . . . စားမှာလား၊ ဒီမှာ ကျုပ်က လက်ဖက်သုတ်ယူလာတယ်"

သူမရဲ့ ခုတင်ဘေးက စားပွဲတစ်လုံးမှာ သူငယ်ချင်းတွေက ဆူဆူညံညံ လာဝင်ထိုင်ကြသည်။ ယမုံကလည်း ဆွဲလာသည့် စတီးချိုင့်ကို စားပွဲပေါ် သေသေချာချာတင်ရင်း . . .။

"ဟော့ . . . ကျုပ်ကတော့ ကြက်ဟင်းခါးနဲ့ ရောက်သီးသုတ် . . . ဆရာ၊ စပါယ်ရှယ် ချက်လာတာ၊ ရှင်တို့တော့ လျှာလည်သွားမှာ မြင်ယောင်သေး"

လတ်လတ်ကလည်း အားကျမခံ။

"ကျုပ်ကလည်း အချိုပွဲ အစုံဟော့၊ သစ်တော်သီး နွယ်ချိုနှင့်ရယ်၊ စိန်တံဆိပ်နေကြာစေ့ အထုပ်ကြီးတစ်ထုပ်ရယ်၊ တော့ဘ်လရှမ်းချော့ကလက်ကတော့ တစ်တောင့်ပဲ ပါတယ်ကွယ်၊ ဝေစားကြမယ်နော်၊ မလုနဲ့"

သူငယ်ချင်းတွေက "ဟေး . . ." ခနဲ ပျော်ရွှင်စွာ ရယ်မောကြတော့ သူမပါ . . . တကယ်ကို ပျော်ရွှင်ကျေနပ်စွာ ပြုံးရယ်မိပါသည်။

စောစောက နာကျင်လွမ်းဆွတ်မှုများ၊ ဆို့နင့်ကြေကွဲမှုတွေက အဝေးသို့ ခေတ္တခဏတော့ လွင့်စင်ကုန်ပြီလေ။

တကယ့်ကို လိုအပ်သည့်အချိန်မှာ ရောက်လာဖော်ရသည့် . . . သူငယ်ချင်းတွေ။

ဒီလိုညမျိုးမှာ . . . သူမတစ်ယောက်တည်း ချောက်ချားစွာ ကောင်းလောက်အောင် အတင်းအိပ်စက်ဖို့ကြိုးစားရင်း မိုးလင်းတဲ့အထိရောက်အောင် မနည်းဖြတ်သန်းနေရတာထက် . . . သူငယ်ချင်းတွေနဲ့ ရယ်ပွဲဖွဲ့ စားသောက်နေရတာက အဓိပ္ပာယ်ပိုရှိတယ် . . . မဟုတ်လား။



သူမ, ကျေနပ်ရပါပြီ။

"ဟယ် . . . ရှင်တို့ အရမ်းတော်တာပဲ၊ ရှင်တို့ နိုက်ဂျူတီဆင်းတဲ့အလှည့်ကျရင် ကျွန်မ . . . အဲဒီလောက်စုံအောင် ပြန်လုပ်ကျွေးနိုင်ပါ့မလား . . . မသိဘူး"

"အံမယ် . . . ဒီလို ဘယ်ရမလဲ၊ လုပ်မကျွေးတတ်ရင် ဝယ်ကျွေးပေါ့၊ ကျုပ်တို့ နိုက်ဂျူတီမှာ ရှင်က . . . ဆီဒိုးနားက ဘူဖေးလောက်တော့ ပြန်ဝယ်ကျွေးပေါ့"

ဝါးခနဲ ရယ်သံတွေထွက်လာ၍ သူမက အိပ်စက်နေကြပြီဖြစ်သော လူနာဆောင်က လူနာတွေ အနှောင့်အယှက်ဖြစ်မှာစိုးကာ . . .

"ဟဲ့ . . . တိုးတိုး" ဟု မာန်လိုက်ရသေးသည်။

အားလုံးက စားဖို့သောက်ဖို့ ပြင်နေကြစဉ် သူမက တကယ်ပဲ စိတ်ထဲက လှိုက်လှိုက်လှဲလှဲနှင့် ပြောပြမိလိုက်သည်။

"ရှင်တို့ကို . . . ကျွန်မ . . . ကျေးဇူးအရမ်းတင်ပါတယ်၊ တကယ် ပြောတာပါ။ ရှင့်တို့သာ နောက်ထပ် ဆယ့်ငါးမိနစ်လောက် နောက်ကျပြီးမှ ဒီကို ရောက်လာရင် . . . ဟောဒီအခန်းထဲမှာ ကျွန်မ တစ်ယောက်တည်း ထိုင်ငိုနေတာကို ရှင်တို့မြင်ကြရတော့မှာ . . .

သူငယ်ချင်းတွေအားလုံးရဲ့ အမူအရာတွေက ရုတ်ချည်းပျက်ယွင်းကာ တည်ငြိမ်အေးစက်သွားကြပါသည်။ ယမုံနဲ့လတ်လတ်က ဘာမှမပြော။ ရှီလာကတော့ သူမ,ရဲ့ လက်ဖဝါးတစ်ဖက်ကို လာ

www.burmeseclassic.com

www.burmeseclassic.com



ရောက်ဆုပ်ကိုင်ကာ . . .

"ဩော် . . . နှောင်းရယ် . . . မဟုတ်တာကွာ . . ." ဟု လျော တိလျော့ရဲလေသံလေးနဲ့ အားပေးရှာသေးသည်။

သူမ, ခပ်ယဲ့ယဲ့ပြုံးပြနိုင်ဖို့ ကြိုးစားရသည်။

"ဒါပေမဲ့ . . . ကျွန်မ နားလည်ပြီးသားပါ ရှို့ ဒါဟာ . . . ရှောင်လွဲလို့ မရတော့တဲ့ အဖြစ်တစ်ခုပဲလေ၊ ကျွန်မ . . . ကျွန်မ . . . ရင်ဆိုင်ဖြတ်သန်းနိုင်ဖို့ အားမွေးထားပါတယ်၊ အထူးသဖြင့် မနက်ဖြန် မနက်၊ ဆယ်နာရီ . . . ဆိုတဲ့ သူ . . . သူ . . . လက်ထပ်မယ့်အချိန် မှာ . . . ကျွန်မ . . . မငိုကြွေးမိဖို့ အားတင်းထားပါတယ်"

လတ်လတ်သည် စာနာနားလည်ပေးနေသော အကြည့်စူးစူး တွေနဲ့ သူမ,ကို ငေးကြည့်နေလေသည်။

ယမုံကတော့ စိတ်မရှည်သလို ခေါင်းကို ဆတ်ခနဲ ခါသည်။

"ဟာကွာ . . . နှောင်း . . . အဲဒါတွေ . . . မစဉ်းစားနဲ့တော့ မေ့လိုက်ပါတော့နော်၊ ကျုပ်တို့လည်း အကုန်မေ့ထားမယ်၊ လာ . . . ဒီမှာ ပျော်ပျော်ရွှင်ရွှင်နဲ့ ဝိုင်းစားသောက်ကြရအောင်၊ မပြော . . . အဲဒါတွေ"

စားပွဲပေါ်က သူငယ်ချင်းတွေ တည်ခင်းဧည့်ခံထားသော လက်ဖက်သုတ်ပန်းကန်၊ ကြာဇံချက်ပန်းကန်တွေကို သူမ, အသက်မဲ့ တော့သလို ငေးတွေကြည့်နေမိသေးသည်။

ပြီးတော့ ခပ်တိုးတိုးထုတ်မေးမိလိုက်သည်။

"မနက်ဖြန် . . . အဲဒီပွဲကို . . . ရှင်တို့သွားကြမယ် မဟုတ် လားဟင်၊ ရှင်တို့အားလုံးကိုလည်း . . . သူ ဖိတ်မှာပါ"

သူငယ်ချင်းသုံးယောက်ဆီက တစ်ပြိုင်တည်း မတိုင်ပင်ဘဲ



တညီစွာ အော်ဟစ်သံထွက်လာသည်။

"အို . . . ဘာလို့ သွားရမှာလဲ"

ပြီးတော့ အားလုံး ဝိုင်းရယ်မိကြပါသည်။

ရယ်သံတွေကြားမှာ ရှိလာက သူမ,ရဲ့ ပခုံးတွေကို နွေးနွေးထွေး ထွေးနှီးစွာ လာရောက်ပွေ့ဖက်၏။

"ကျုပ်တို့အားလုံးက ရှင့် . . . သူငယ်ချင်းအစစ်တွေပါ . . . နှောင်းရယ်၊ ဘယ်သူမှ . . . အဲဒီဧည့်ခံပွဲကို မသွားဖို့ ဆုံးဖြတ်ထားကြ ပါတယ်"

လတ်လတ်ကလည်း ရယ်ကျဲကျဲနှင့် သူမ, ကျေနပ်အောင် ပြောပြသည်။

"ဟုတ်တယ် . . . ကျုပ်တို့အားလုံး ရဝေ့ကို သပိတ်မှောက် ထားတယ်၊ လက်ဖွဲ့တောင် မပို့ဘူး၊ ဟဲ . . . ဟဲ . . . အကုန်အကျ သည်း သက်သာသွားတာပေါ့"

လတ်လတ်ကို ယမုံက တံတောင်နဲ့တွက်၏။ ပြီးတော့ ယမုံ့ မျက်နှာက ခပ်မဲ့မဲ့လေး တမင်ဖြစ်သွားပြီး လေးလေးနက်နက် ဆပ်ပြော ပါသည်။

"မနက်ဖြန်တင် မဟုတ်ပါဘူး၊ နောင်ကိုလည်း . . . ရဝေဆို တဲ့ နာမည်ဟာ ကျုပ်တို့ အပေါင်းအသင်းတွေရဲ့စာရင်းမှာ ပျောက် ကွယ်သွားတော့မှာ၊ သူငယ်ချင်းစာရင်းကနေ ကျုပ်တို့ ပယ်ဖျက်ပစ် တော့မှာ"

သူမရဲ့နှလုံးသားတွေ စူးရှနင့်သည်းစွာ နာကျင်သွားတာကို သူငယ်ချင်းတွေ မသိနိုင်တော့။

သူမ, ခေါင်းကို ငုံ့ထားမိသည်။

www.burmeseclassic.com

www.burmeseclassic.com



လေသံတိုးဖွဖွနဲ့ သူမ, ဘယ်သူ့ကို တိုင်တည်မိမှန်းမသိ တစ်ယောက်တည်း ရေရွတ်လိုက်မိသည်။

"အဲဒီလို . . . ဝိုင်းပယ်လိုက်ကြရင် . . . သူ . . . သူ . . . သိပ်အားငယ်သွားလိမ့်မယ် . . . ထင်တယ်"

"နှောင်း . . ."

ရှီလာ့ဆီက ထိတ်လန့်တကြား အော်ဟစ်သံက ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

ယမုံကလည်း "ကျစ် . . ." ခနဲ စုတ်သပ်ပြီး သူမ,ကို စိတ်ပျက်သွားဟန်ကြည့်သည်။

လတ်လတ်က သူမ, လက်တစ်ဖက်ကို လာရောက်ဆုပ်ကိုင်ပြန်၏။ ပြီးတော့ ပြောသည်။

"နှောင်း . . . ဘာလို့ ဒီလောက်တောင် . . . သူ့အတွက် စဉ်းစားနေရသေးတာလဲ၊ နှောင်း . . . အဲဒါ ဘာမှအကျိုးမရှိဘူးနော် နှောင်း . . . သူ့ကို မုန်းသင့်နေပြီ၊ အခုအချိန်မှာ . . . နှောင်း သူ့နာကြည်းသင့်နေပြီ"

ရှီလာကလည်း "ဟုတ်တယ် . . ." ဟု ထောက်ခံသည်။

ယမုံကလည်း တအံ့တသြ သူမ,မျက်နှာကို လာရောက်ကြည့်သည်။ ပြီးတော့ ခပ်တည်တည်မေးလိုက်သည်။

"ကျွန်မတို့ သိသလောက် . . . ရှင် အရင်က အဲဒီလောက် ပျော့ညံ့တဲ့မိန်းမ မဟုတ်ဘူး . . . နှောင်း၊ အခု . . . ဘာဖြစ်သွားတာလဲ၊ ရှင် . . . ပြတ်သားလိုက်တော့လေ၊ ရှင် . . . သူ့ကို သံယောဇဉ်ဖြတ်လိုက်တော့ . . . နှောင်းရဲ့ . . . နော် . . ."

သူငယ်ချင်းတွေ ကျေနပ်အောင် သူမ, ဖြည်းညင်းစွာ



ခေါင်းတော့ ညိတ်ပြလိုက်မိသေးသည်။

ရှီလာကတော့ သူမဘေးမှာ ကပ်လျက်ထိုင်နေရင်း ခပ်တွေတွေလေး ပြောပြနေပါသည်။

"ကျွန်မလည်း ယုဒါကို ရဝေနဲ့ အပေါင်းအသင်းမလုပ်ပါနဲ့လို့တောင် ပြောထားတာ . . . နှောင်း၊ ဒီနေ့ည . . . ရဝေက ဘက်ချလာနိုက်လုပ်တယ်၊ မြရိပ်ညိုမှာ . . . တဲ့၊ အဲဒါ ယုဒါက မသွားဘူးဆိုပြီးနေတာ၊ ခုနကပဲ ယုဒါတို့အိမ်ကို ကျူပ် ဖုန်းလှမ်းဆက်တော့ ယုဒါအဖေက ပြောတယ်၊ ရဝေကိုယ်တိုင် ယုဒါကို ကားနဲ့ အတင်းခေါ်သွားတယ် . . . တဲ့၊ ယုဒါက ငြင်းတာလည်း မရဘူးဆိုပဲ၊ သူ့ရဲ့လူပျိုည . . . နောက်ဆုံးနှုတ်ဆက်ပွဲမှာ ယုဒါမပါလို့ မဖြစ်ဘူးဆိုပြီး အတင်းဆွဲခေါ်သွားတာပဲ . . . တဲ့၊ ကိုယုလည်း အားနာလို့ ထင်ပါတယ်၊ လိုက်သွားရှာတယ်၊ ယောကျ်ားလေးသူငယ်ချင်းတော်တော်များများကလည်း . . . ရှင့်ဘက်ကနာပြီး အဲဒီ ဧည့်ခံပွဲတွေကို မသွားကြဘူး . . . တဲ့ နှောင်းရဲ့"

သူမ, ဝမ်းသာရမှာလား။ ပျော်ရွှင်စွာ ဟက်ဟက်ပက်ပက် ရယ်မောလိုက်ရမလား။

သေချာတာကတော့ သူမရင်ထဲမှာ ဆို့နင့်မွန်းကြပ်မှုတွေ ပြည့်လျှမ်းလာပြီဆိုတာပင်။

အို . . . ဟုတ်တယ်။ ကျွန်မ . . . ပြောင်းလဲသွားပါပြီ။ ကျွန်မ . . . အရင်က ရှင်နှောင်း မဟုတ်တော့ဘူးနော်။

ဘယ်လိုစကားလုံးမျိုးနဲ့ပဲဖြစ်ဖြစ် နာကျင်ထိခိုက်နေတော့ ဘာ . . .။

သူငယ်ချင်းတွေကတော့ သူမ,ဘေးနားမှာ အားလုံး ဝိုင်းစု

www.burmeseclassic.com

www.burmeseclassic.com



ထိုင်ရင်း ကြေကွဲစရာတွေ မေ့ဖျောက်နိုင်ဖို့ အပြောင်အပျက်တွေ စ,ပြောကြတော့သည်။

ယမုံက ဦးစွာ . . . ရှီလာကို တိုက်ခိုက်လိုက်သည်။

"အံမယ်လေး . . . ရှီရယ်၊ ရှင့်လူဘက်က ရှင်လိုက်ပြောမနေပါနဲ့၊ ဒီနေ့ည ရဝေရဲ့ ဘယ်ချလာနိုက်ကို ယုဒါက မသွားချင်ဘဲ အတင်းလာဆွဲခေါ်လို့ သွားရတယ်ဆိုတာ . . . ဘယ်လိုမှ မဖြစ်နိုင်ဘူး၊ သူ့အဖေရှေ့မှာမို့ ယုဒါက ဟန်လုပ်ပြီး မူနေတာနေမှာ . . . အဲဒီလောက် ရေကုန်ရေခန်းတရားဝင် အရက်သောက်ခွင့်ရမယ့်ပွဲကို ယုဒါလား . . . လက်လွှတ်ခံမှာ၊ ရှင့်လူကြီးအကြောင်း . . . မသိတာ လိုက်လို့"

ရှီလာက "ဟဲ့ . . . ကောင်မစုတ် . . ." ဟု ရှက်ရှက်နဲ့ ယမုံ့ကျောကို လိုက်ထုသည်။ ပြီးတော့ . . .

"ကိုယုက . . အဲဒီလောက်ကြီးတော့လည်း အရက်မကြိုက်သေးပါဘူးနော်၊ ကျုပ်ချစ်ချစ်ကို ပြောလိုက်တာ အရက်သမားကြီး ကျနေတာပဲ" ဟု စူပွပွနဲ့ ဖြေရင်း နေလေသည်။

လတ်လတ်က ရှီလာရဲ့စကားကြောင့် တခစ်ခစ်နဲ့ ထုတ်ရယ်သည်။ ရှီလာက "ဘာရယ်တာလဲ . . . ဟိုတစ်ယောက်" ဟု ဆောင့်အောင့်မေးရင်း မျက်စောင်းထိုးသည်။

လတ်လတ်က ရယ်သံတွေကြားမှပင် . . .။

"ဩော် . . . ယုဒါက အရက်မကြိုက်ဘူးဆိုလို့ ရယ်တာပေါ့ ဟဲ့ မိန်းမ၊ ပေါင်းလာတာပဲ နှစ်ချို့နေပြီ၊ ရှင့်ချစ်ချစ်ကလေ . . . ခရစ္စမတ်လည်း သောက်၊ နယူးရီးယားဆိုလည်း သောက်၊ သင်္ကြန် ကျတော့လည်း . . . သောက်၊ လွတ်လပ်ရေးနေ့ဆိုလည်း သောက်၊



ဘယ်လင်တိုင်းဒေးဆိုလည်း သောက်၊ နောက်ဆိုရင် ဖားသားစ်ဒေး (Fathers' Day)၊ မားသားစ်ဒေး (Mothers' Day) တွေမှာပါ အမှတ်တရ သောက်ဦးမလား မသိဘူး"

လတ်လတ်စကားကျမှပင် အားလုံးက မပြုံးဘဲ ဝါးလုံးကွဲရယ် ဖြစ်ကြလေသည်။

ယမုံကလည်း ထပ်ပြောသည်။

"အေးလေ . . . ရှီ . . . ရှင့်လူ ရှင် ကြည့်ထိန်းဦးနော်၊ ခု သောက်ရှိ ရဝေတို့ပွဲက တိုက်တဲ့အရက်တွေ အလကားရတာနဲ့ အံဖတ်ဆို့အောင် သောက်ပြီး ဘယ်နား ပက်လက်လန်နေမလဲမဲ၊ ယုဒါရဲ့ သောက်ကျင့်ကို ငါ သိတယ် . . . ငါ သိတယ်"

အားလုံးက ရယ်သံတွေ အတောမသတ်နိုင်ဘဲ ဖြစ်နေကြစဉ် ရုတ်တရက် သူမ,တို့ နောက်ကျောက အသံနက်ကြီး ဘွားခနဲ ထွက်လာသည်။

"ဘယ်နားမှာမှ ပက်လက်မလန်ဘူး၊ အခု . . . ငါ လာနေတာ မတ်တပ်ကြီး"

မထင်မှတ်စွာ သူမတို့ရဲ့ အခန်းလေးထဲမှာ ရုတ်တရက်ပေါ်လာသော ယုဒါကိုမြင်လိုက်ရ၍ မိန်းကလေးလေးယောက်စလုံး . . .

"အမလေး . . . ဘလေး . . ." တ,ကာ "အူး . . ." နဲ့ "အား . . ." ခနဲ ထိတ်လန့်တကြား အော်မိကြတော့သည်။

ပြီးတော့ ရှက်ရှက်နဲ့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်၍ ရယ်မောဖြစ်ကြပြန်သည်။ ပွဲကို အခုမှ ပိုစည်သွားတော့၏။

ယုဒါကလည်း ဘယ်ကနေ ဘယ်လို သူမ တာဝန်ကျရာ ဆေးရုံကြီးလူနာဆောင်ထဲအထိ ပေါက်ချလာမှန်း မသိ။

www.burmeseclassic.com

www.burmeseclassic.com



ဆိုက်ဆိုက်မြိုက်မြိုက်ကို သူ့အကြောင်းပြောနေချိန်ကျမှ ရောက်လာတာဆိုတော့ သူ့အတင်းပြောနေတာ လူမိသွားပြီး မိန်းကလေးတွေရဲ့ မျက်နှာတွေမှာ အိုးတိုးအမ်းတမ်းတွေ ဖြစ်ကုန်ကြတော့သည်။

ယမုံကလည်း ရှက်ရယ်ရယ်ရင်း မချိသွားဖြဲ ယုဒါကို ဟန်လုပ်နှုတ်ဆက်လိုက်သည်။

"ဟဲ့ . . . ယုဒါ . . . ဘယ်လိုဖြစ်ပြီး ဒီကိုရောက်လာတာလဲ နင်တော့ အသက်ရှည်ဦးမှာပဲ . . . သိလား၊ နင့်အကြောင်းပြောနေလို့ လေ၊ အမှန်ကတော့ နင် . . . အသက်တိုမယ့်အကြောင်းကို ငါတို့ ပြောနေတာဟ၊ နင် . . . အဲဒီလောက် အရက်သောက်ရင် အသက်တိုလိမ့်မယ်ဆိုတဲ့ အကြောင်းပေါ့"

ယုဒါက မျက်လုံးများပြူးထွက်ပြပြီး . . .။

"အောင်မာ . . . ငါ . . . အဲဒီလောက် မသောက်ပါဘူး . . . အရက်ကို"

လတ်လတ်က ခပ်မဲ့မဲ့ပြုံး၍ ဝင်ပြောလေသည်။

"မသောက်လို့ဘဲ တော်တော့တယ်၊ အခု နင်ရောက်လာတာ ဆယ်ပေအကွာကနေ . . . အနံ့ရနေပြီ၊ ဟယ် . . . သွား . . . သွားဆေးရုံပေါ်ကို အရက်သမား မတက်ရဘူး"

"နင့်ကြီးဒေါ်ကြီး . . . အရက်သမား ဖြစ်ရမှာလား"

"ငါ့ကြီးဒေါ်ကြီးက အရက်မပြောနဲ့၊ ရာရှန်ဒီတောင် မသောက်ဘူး"

လတ်လတ်နဲ့ ယုဒါရဲ့ ရန်စကားတွေကို ဘေးကသူငယ်ချင်းတွေအားလုံး တဟားဟားနဲ့ ပွဲကျရယ်မောနေရပါတော့သည်။



အဲဒီအချိန်မှာ ယုဒါရဲ့မျက်လုံးတွေက ရုတ်တရက် တည်ငြိမ်လေးနက်တဲ့ ဟန်အပြည့်နဲ့ သူမတစ်ယောက်တည်းကိုပဲ စူးစိုက်ကြည့်လေသည်။

ယုဒါ တစ်စုံတစ်ခုကို သူမအတွက် ပြောဖို့ သယ်ဆောင်လာပြီဆိုတာ အားလုံးက သိလိုက်ကြပြီး ငြိမ်သက်သွားကြတော့သည်။

ယုဒါက လေသံခပ်အေးအေးနဲ့ ရှင်းပြသည်။

"ဟုတ်တယ်ဟ . . . ငါ့ကိုယ်က အရက်နံ့ထွက်နေတာ ငါ သောက်လို့ မဟုတ်ဘူး၊ ဟိုကောင်ကွာ . . .၊ ငါတို့တွဲထားတုန်း အန်ချတာ . . နှစ်ခါတောင်၊ ဒါကြောင့် ငါ့အကျီင်္က အရက်နံ့ စွဲနေတာ"

"ဟဲ့ . . . ဘယ်သူလဲ"

ရှီလာရဲ့ မေးခွန်းအဆုံးမှာ ယုဒါက ဖျတ်ခနဲ သူမ့ကို ကြည့် သည်။

"ရဝေ . . . လေ"

"အို . . ."

အားလုံးရဲ့ တိတ်ဆိတ်အေးစက်သွားတဲ့ အခြေအနေထဲမှာ ယုဒါက မျက်နှာခပ်ပျက်ပျက်နဲ့ ဆက်ပြောနေပြန်သည်။

"ရဝေကွာ . . . သူက ငါတို့ကို ဧည့်ခံဖို့လုပ်တဲ့ ဘက်ချလာ ပါတီက်လည်း ဆိုသေးတယ်၊ သူ . . . ချည်းပဲ သောက်နေတာ၊ ထိန်းလို့တောင် မရဘူး၊ ငါ့ကို လာခေါ်ကတည်းက သူ . . . နည်းနည်းတောင် သောက်ထားပြီးပြီဟ . . .၊ အဲဒါကွာ . . . အလွန်အကျွံတွေ ဖြစ်ကုန် မှာစိုးလို့၊ တော်ပါတော့လို့ ပြောပြီး အတင်းမခေါ်ရ . . . အိမ်ပြန်ပို့ဖို့ လုပ်တော့ . . . လမ်းမှာ . . ."

"လမ်းမှာ . . . ဘာဖြစ်လို့လဲ . . . ယုဒါ"

www.burmeseclassic.com

www.burmeseclassic.com



သူမ, စိုးရိမ်ပူပန်စွာ ယုဒါစကားကို ဖြတ်၍ ကမန်းကတန်း မေးလိုက်မိသည်။

ယုဒါကလည်း အဲဒီစကားကိုထုတ်ပြောဖို့ တကယ်ကို စိတ်ကျဉ်းကြပ်ခက်ခဲနေဟန်နှင့် . . .။

"လမ်းမှာ . . . ရဝေက . . . နင်နဲ့တွေ့ချင်တယ်လို့ ပြောတာပဲ . . . ရှင်နှောင်း၊ နင်နဲ့နောက်ဆုံးတစ်ကြိမ်တော့ တွေ့ချင်တယ်တဲ့ ဖြစ်ခဲ့သမျှအတွက် သူက နင့်ကို တောင်းပန်စကား တစ်ခွန်းလောက်တော့ ပြောချင်တယ် . . . တဲ့၊ ငါ . . . ဘယ်လိုတားတား မရပါဘူးဟာ၊ ဒီနေ့ည . . . နင် . . . ဆေးရုံကြီးမှာ နိုက်ဂျူတီကျနေတယ် သွားတွေ့လို့ မဖြစ်ဘူး ဆိုတာကို . . . ဒီကောင် ထိန်းလို့ကို မရဘူး ရှင်နှောင်း၊ လမ်းမှာ အသားကုန်အော်ဟစ်ဆဲဆိုပြီး ရမ်းကားနေတာ"

"အခု . . . သူဘယ်မှာလဲ . . ."

"သူ . . . အခု ဆေးရုံအောက်က ကားရပ်ကွက်လင်းထဲမှာ"

"အို . . ."

ဒီတစ်ခါတော့ သူမရင်တွေ အကိုင်းအဆ,မရှိ လှုပ်ခတ်လာပါပြီ။ သူမ, နှုတ်ခမ်းတွေ ခြောက်သွေ့ဆွံ့အ,ကာ ဘာစကားပြန်ပြောရမှန်းလည်း မသိတော့။

သူငယ်ချင်းတွေအားလုံးရှေ့မှာ ဣန္ဒြေပျက်၊ တုန်ရီသွားသော မျက်ဝန်းတွေကို မပြချင်စွာ ခေါင်းကို ငုံ့ထားလိုက်ရသည်။

"ရှင်နှောင်း . . . သူ့ကို . . . ဒီအထိ ငါခေါ်လာခဲ့မိတဲ့အတွက် ငါ နင့်ကို အရင်ဆုံး တောင်းပန်ချင်ပါတယ်၊ ငါ . . . ဘယ်လိုတားတားမရတော့လို့ပါ၊ ပြီးတော့ နောက်ထပ်တောင်းပန်ချင်တာက သူ့ကို . . . နောက်ဆုံးတစ်ကြိမ်ပဲဖြစ်ဖြစ် နင် . . . ဆင်းတွေ့ပေးပါ



. . . ရှင်နှောင်းရယ် . . . နော်၊ နင် . . . သူ့ကို ဘာစကားပဲဖြစ်ဖြစ် သွားပြောပေးစမ်းပါ၊ နို့မို့ဆို ဒီကောင် မလွယ်ဘူး . . . နှောင်း၊ အရမ်းသောင်းကျန်နေတာ၊ အရက်ကလည်း အရမ်းမူးနေတာ၊ အခုပဲ ညဆယ့်တစ်နာရီထိုးနေပြီ၊ မနက်ဖြန်လည်း သူ . . . မင်္ဂလာပွဲကို တက်ရဦးမှာ၊ နင် . . . တစ်ခုခု သူ့ကို သွားပြောလိုက်ပါ နှောင်းရာ . . နော်"

သူမ, ခေါင်းငုံ့၍ ငြိမ်သက်နေစဉ် သူမရဲ့သူငယ်ချင်းမ, အားလုံးက တစ်ယောက်တစ်ပေါက် ဝိုင်း၍ ယုဒါကို ရန်တွေ့ငြင်းဆန်ကြတော့သည်။

"အို . . . ဘာလို့ဆင်းတွေ့ရမှာလဲ . . . ၊ အဓိပ္ပာယ်မရှိတာ . . . ဒီကောင်က"

"အေးလေ . . . နင်ကလည်း ရှုပ်ရှုပ်ယှက်ယှက် သူ့ကို ဒီအထိများ ခေါ်လာရလား၊ ရှင်နှောင်း သူ့ကို ဘယ်လောက်နာကြည်းနေတယ်ဆိုတာ နင် . . . သိရဲ့သားနဲ့ . . . ယုဒါရယ်"

"ဘာမှဆင်းပြီးတွေ့စရာ မလိုဘူးဟေ့၊ သစ္စာဖောက်သွားတာက ဒီကောင်၊ သူ့ထိုက်နဲ့သူ့ကံ . . . ဘာဖြစ်ဖြစ် . . . ဆင်းမတွေ့နဲ့ နှောင်း"

အားလုံးရဲ့စကားတွေကြားမှာ သူမ,မျက်ရည်တွေ စတင်ဝေ့ဝဲလာသည်။ ဒီအချိန်မှာ သူမ ဘယ်လိုဆုံးဖြတ်ရမှန်းလည်း . . မသိ။

မောင်ရယ် . . . မောင် . . . ကျွန်မ,ကို . . . ကျွန်မ,ကို . . နှိပ်စက်လွန်းတယ်။

တည်ငြိမ်နေဖို့ မနည်းကြိုးစားနေရတဲ့ ဒီရေပြင်ကို မှောင်မိုက်လာလာပြီး ဂယက်ထ, ဆူပွက်အောင် လုပ်တတ်လွန်းသည်။

သူမ . . . မျက်စိစုံမှိတ်ပြီး မောင့်ကို ဆင်းမတွေ့ပါဘူး . . .

www.burmeseclassic.com

www.burmeseclassic.com



ဟု ဆုံးဖြတ်လိုက်စဉ်မှာ ယုဒါရဲ့ သွေးပျက်တုန်လှုပ်နေသော တောင်းပန်သံကို သူမ, ကြားလိုက်ရလေသည်။

"ရှင်နှောင်း . . . ငါပြောတာ နားထောင်စမ်းပါဟာ၊ နှင် . . . အောက်ကို ရောက်တော့ သူ့အခြေအနေ ဘယ်လိုဖြစ်နေတယ် ဆိုတာ နှင်ကိုယ်တိုင်မြင်လိမ့်မယ်၊ ပြီးတော့ နှင်ဆင်းမတွေ့ရင် မဖြစ် တဲ့အကြောင်းတစ်ခုကို သူက ပြောလိုက်သေးတယ်"

"ဘာအကြောင်းလဲ . . ."

"ဒီနေ့ည . . . နှင့်ကို သူ . . . လုံးဝတွေ့ခွင့်မရရင် မနက်ဖြန် မင်္ဂလာပွဲကို သူ . . . လုံးဝ မတက်တော့ဘူး . . . တဲ့ မင်္ဂလာပွဲ ဖျက် ပစ်မယ် . . . တဲ့"

"ဘာ . . ."

အားလုံးရဲ့ အာမေဋိတ်သံတွေကြားမှာ သူမ,နှလုံးသားတွေ ဝုန်းခနဲ လှုပ်ခါပေါက်ကွဲသွားပါသည်။

အို . . . ဟင့်အင်း။ အဲဒီလို မဖြစ်ရဘူး။ အဲဒီနည်းနဲ့ သူနဲ့ တို့ ဇာတ်လမ်းက အဆုံးသတ်လို့ မဖြစ်ပါဘူး။

သူမ, ထိုင်နေရာမှ ရုတ်ချည်း ထ,ရပ်လိုက်မိသည်။ ရှိလာသော စိုးရိမ်တကြီး သူမလက်ကို ဖမ်းဆွဲ၍ တားသည်။

"နှောင်း . . . ရှင် . . . တကယ်သူ့ကို သွားတွေ့မလို့လား မတွေ့ပါနဲ့ . . . နှောင်းရယ်၊ ဇာတ်လမ်းက ပြီးဆုံးနေပြီပဲ၊ ရှင့်ကို . . . ကျွန်မ စိတ်ပူတယ်"

အားလုံးက သူမ,ရဲ့မျက်နှာကို ဝိုင်း၍ စိုးရိမ်ပူပန်စွာ စိုက် ကြည့်နေကြသည်။ ယုဒါရဲ့ မျက်လုံးတွေကလည်း သူ့သူငယ်ချင်း ဘက်ကနေ အဆ,မတန် နှိမ့်ချတောင်းပန်လိုဟန်နဲ့ . . .။



"နှောင်း . . . နှင်တစ်ခေါက်ပဲ . . . ဒီနေ့ညမှာ သူ့ကို ထိန်း နိုင်မယ့်လူရှိလို့ ငါတောင်းပန်နေတာပါ။အမှန်အတိုင်း ငါ ပြောရရင် ရဝေဟာ . . . နှင့်ကို . . . နှင့်ကို တကယ်ချစ်ခဲ့ပါတယ် . . . နှောင်း၊ အဲဒါ ငါ အသိဆုံးပါ၊ နှင် ယုံမှားသံသယ မရှိပါနဲ့နော်"

သူမ, ကြေကွဲရှုံးနိမ့်စွာ အားလုံးကို ပြုံးပြလိုက်မိသည်။

"ကဲ . . . အားလုံးပဲ ကျွန်မကို စိတ်မပူကြပါနဲ့၊ ကျွန်မကိုယ် တိုင်လည်း သူ့ကို နောက်ဆုံးအနေနဲ့ ပြောချင်တဲ့စကားတွေ ရှိနေပါ သေးတယ်၊ ကျွန်မ သွားတွေ့မယ်"

သူမက ဖျတ်ခနဲ အခန်းပေါက်ဝ,ဆီ အပြေးမှာ ရှိလာသည် စိုးရိမ်တကြီး သူမနဲ့အတူ ကပ်လိုက်လာပါသည်။

"ဖြစ်ပါ့မလား . . . နှောင်း၊ ကျုပ် လိုက်ခဲ့မယ်၊ နှစ်ယောက် ဆင်းတွေ့မယ်လေ"

သူမ ခေါင်းခါပြလိုက်သည်။

"မလိုဘူး . . . ရှို ကျွန်မ . . . ရှင်တို့အားလုံးကို အရမ်း အားနာနေပါပြီ၊ တောင်းလည်း တောင်းပန်ချင်ပါတယ်၊ ကျွန်မ အတွက်နဲ့ ရှင်တို့ရော . . . ယုဒါရောပါ . . . အလုပ်ရှုပ်ခံ၊ စိတ်ညစ်ခံ ပေးနေကြတာ၊ တကယ်တော့ ဒီကိစ္စတွေအားလုံးရဲ့ တရားခံဟာ ကျွန်မတစ်ယောက်ပါ . . . ရှို၊ ဒီကိစ္စကို အခု . . . ကျွန်မပဲ အဆုံး သတ်ပါရစေ တော့၊ ကျွန်မတစ်ယောက်ပဲ ဒီကိစ္စကို အပြတ်ရှင်း[illegible] ကျွန်မကို သွားခွင့်ပြုပါ"

သူအခန်းထဲက လှည့်ထွက်ခါနီးမှာ ယမုံက အလ[illegible] အားပေးနှုတ်ဆက်လေသည်။

"နှောင်း . . . ရဝေနဲ့ အေးအေးဆေးဆေး [illegible]

www.burmeseclassic.com

www.burmeseclassic.com



နှုတ်ဆက်ခဲ့ပါ၊ ဆေးရုံပေါ်က နှောင်းဂျူတီကို ကိုယ်တို့ ခဏလဲယူပြီး အားလုံး စိုင်းလုပ်ပေးထားမယ်၊ စိတ်ချလက်ချ သွားနော်"

သူမ, ယမုံနဲ့ သူငယ်ချင်းအားလုံးကို ကျေးဇူးတင်စွာ စိုက်ကြည့်လိုက်ပြီး ခေါင်းတစ်ချက်ညိတ်ကာ ဆေးရုံအောက်ဘက်ဆီသို့ ပြေးဆင်းလာခဲ့မိပါသည်။

❦ ❦ ❦

# နှစ်

ညဆယ့်တစ်နာရီအချိန်တွင် ဆေးရုံကြီးရဲ့ရှေ့ ကားရပ်ကွက်လပ်ထဲမှာ လူနာရှင်အချို့ရဲ့ ကားတစ်စီးတလေသာတွေ့ရပြီး အရာအားလုံးငြိမ်သက်တိတ်ဆိတ်နေလေသည်။

ဆေးရုံရဲ့ ပင်မဝင်ပေါက်ထဲကနေ အပြင်သို့ ထွက်လိုက်တော့ ဆေးရုံရဲ့ ညစောင့်က အိပ်ငိုက်နေတဲ့ မျက်လုံးတွေနဲ့ တစ်ချက်သာ မော့ကြည့်လေ၏။ သူမ,ကို ဒီဆေးရုံမှ တာဝန်ကျ ဆရာဝန်တစ်ဦးမှန်း မှတ်မိနေပုံရပြီး ဘာမှမပြောခဲ့။

ဘူမက ဆေးရုံပေါ်က အလင်းတွေ ...၊ ကွက်လပ်ထဲမှ မီးတိုင်အလင်းတွေနဲ့ ခြောက်သွေ့တိတ်ဆိတ်နေသော ကွန်ကရစ်လမ်း ပေါ်ဖိနပ်သံတထောက်ထောက်မြည်အောင် တစ်လှမ်းချင်း လျှောက် လာခဲ့မိသည်။

သူမ, မှတ်မိနေသော မောင့်ရဲ့ ငွေရောင်တလက်လက် ကားကြီးက စက်မသတ်ထားဘဲ လေအေးစက်ဖွင့်သံ တဒီးဒီးမြည်ကာ ငြိမ်သက်ရပ်တန့်ထားခဲ့ပါသည်။

သူမ ... အဲဒီကားကြီးအနီးသို့ တရွေ့ရွေ့နီးကပ်လာရင်း ကိုယ့်ရင်ခုန်သံကိုယ် ပြန်ကြားလာရ၏။

အေးစက်စွာ တဟူးဟူးတိုက်ခတ်နေသော နှိုဝင်ဘာလလယ်ရဲ့ အအေးဒဏ်ကြောင့်လား ...၊ ဒါမှမဟုတ် အခြားတစ်စုံတစ်ရာ

www.burmeseclassic.com

www.burmeseclassic.com



ကြောင့်ပဲလား . . . သူမရဲ့ အရေပြားပေါ်ရှိ ကြက်သီးမွေးညင်းလေးတွေ ထ,လာတဲ့အထိ သူမ . . . တုန်ရီအေးစက်နေပါပြီ။

ကျွန်မ . . . ဘာကြောင့် မောင့်ဆီ လာနေမိတာလဲ။ အဲဒါ . . . အမှားယွင်းဆုံး အလုပ်တစ်ခုများလား . . .။ ကျွန်မစိတ်တွေ အရမ်းလေးလံနေခဲ့တာ . . . ဘာဖြစ်လို့လဲ။

နောက်ဆုံးတော့ အဲဒီကားရဲ့ဘေးနားမှာ သူမ ခြေစုံရပ်တန့်နေခဲ့မိပါပြီ။

အထဲမှာ မောင်က . . . ကားမောင်းသူနေရာ ကားကုလားထိုင်ခုံနောက်မှီကို အဆုံးထိလှဲချ၍ အိပ်စက်နေသလို မျက်လုံးတွေ အကုန်စေ့ပိတ်ထားပါသည်။ သူမ,ရောက်ရှိလာပြီဆိုတာ မောင် မသိသေး။

ကားထဲက မောင့်ရုပ်သွင်ကို သူမ . . . ကားမှန်များကို ဖောက်ထွင်းပြီး အကဲခတ်လိုက်ရတဲ့ ခဏ . . .။

သူမ . . . ကြေကွဲစွာ တုန်လှုပ်မိလေသည်။

အဲဒါတစ်ချိန်က သူမ, မြတ်နိုးယုယစွာ ချစ်ခဲ့ဖူးသော ရဝေဆိုတဲ့ ကောင်ကလေး . . . တဲ့။

အို . . . သူ့ရဲ့မျက်နှာက ပြောင်းလဲသွားလိုက်တာ။

သူမနဲ့မတွေ့တော့တဲ့ နှစ်ဆယ့်လေးရက်အတွင်း သူ ဘယ်နှစ်ညတောင် အိပ်ရေးတွေ ပျက်ခဲ့ရသလဲ။ မျက်နှာတစ်ခုလုံး ချောင်ကျ ညစ်ထေးလျက် ဆံမျှင်ရှည်တွေက ရှုပ်ပွလို့ . . .။

သူမ စွဲလမ်းခဲ့ဖူးသော နှုတ်ခမ်းထူထူလေးတစ်စုံပေါ်က စိမ်းမြရှင်းသန်နေသည့် နေရာကလေးသည် ယခုအခါ ကျိုးတိုးကျဲတဲ နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးတွေနဲ့။



အကျီတွေကလည်း တွန့်ကျေညစ်ပတ်လို့။ ဘုရား . . . ဘုရား။ အဲဒါ . . . နောက်ထပ် နာရီပိုင်းအတွင်းမှာ လက်ထပ်ရတော့မယ့် . . . သတို့သားလောင်းတစ်ယောက်ဆိုရင် ဘယ်သူက ယုံနိုင်ကြမှာလဲ။

မောင့်ရဲ့ပုံရိပ်ကို သူမ . . . အဲဒီကားအပြင်ဘက်က တိတ်ဆိတ်ဆွံ့အစွာ ငေးတွေစိုက်ကြည့်နေရင်း မျက်ဝန်းတွေ ပူနွေးစိုစွတ်လာခဲ့လေသည်။ ကျွန်မ . . . သူ့ကို . . . အဲဒီလိုပုံစံမျိုးဖြစ်သွားအောင် လုပ်ခဲ့မိပြီလား . . .။ ဟုတ်လား . . .။ ကျွန်မဟာ . . . အင်မတန် ရက်စက်ခဲ့သူပေပဲ။

ကျွန်မနဲ့မောင်ဟာ စိတ်ချင်းဆက်သွယ်နေသူတွေဆိုတာ သိပ်ကိုမှန်ကန်လွန်းပါသည်။

ကျွန်မ . . . သူ့ကို ငေးစိုက်ကြည့်နေမှန်း မောင် သိသွားပါပြီ။ မောင့်မျက်လုံးတွေ ဖျတ်ခနဲပွင့်ကာ သူမ,ကို အံ့သြတကြီး ပြန်စိုက်ကြည့်ခဲ့သည်။

"နှောင်း . . ."

မောင့်နှုတ်ခမ်းတွေ ပွင့်ဟ,ကာ ဝမ်းသာအားရ တီးတိုးရေရွတ်သည်။

"နှောင်း . . . မောင့်ကို လာတွေ့တယ် . . . နော်"

သူ့အသံက ထင်သလောက် မူးယစ်ရီဝေခြင်းမျိုးမရှိ၍ သူမ ကျေနပ်စွာ ဝမ်းသာမိပါသည်။ သို့ပေမယ့် သူမ,မှာ မောင့်ကို ပြုံးပြဖို့ ခွန်အားမရှိတော့ပါ။

သူမ တိတ်ငြိမ်အေးစက်စွာ ခေါင်းကို ငုံ့ထားသော် . . .။

"နှောင်း . . . ကားပေါ်တက်လေ" . . . မောင်က ဖိတ်ခေါ်

www.burmeseclassic.com

www.burmeseclassic.com



သည်။

သူမ . . . ခေါင်းခါပြနေမိပါသည်။

"ကျွန်မတို့မှာ ပြောစရာစကားရှိသေးလို့လား . . . ဝေ"

သူ . . . ဘာမှပြန်မဖြေဘဲ ဆေးရုံဝင်းအပြင်ဘက်က မှောင်မည်းရှင်းလင်းနေတဲ့ ဗိုလ်ချုပ်လမ်းမ,ကို ငေးကြည့်နေသေးသည်။

သူ့နှုတ်ခမ်းတွေ တဆတ်ဆတ်တုန်ရီနေတာ သူမ, မမြင်ချင်ဘဲ မြင်လိုက်ရပါသည်။

"ကျွန်တော့်ကိုတော့ နောက်ဆုံးစကားတစ်ခွန်းလောက်ပဲ ပြောခွင့်ပြုပါ . . . နှောင်း"

ထို့နောက် သူမ,ရပ်နေသောအခြမ်းက ကားတံခါးကို သူက ငုံ့ကိုင်း၍ တွန်းဖွင့်ပေးလိုက်၏။ သူမ နှုတ်ခမ်းတွေကို ဖိကိုက်ထားရင်း တွေနေဝနေမိဆဲ . . .။ သူက ထပ်ပြောသည်။

"နှောင်းရဲ့ အလုပ်ချိန်ကို မထိခိုက်စေရပါဘူး၊ ကျွန်တော့်ကို စကားနည်းနည်းပဲပြောခွင့်ပြုပါ၊ ကားပေါ် တက်ထိုင်လိုက်ပါ . . . နှောင်း၊ အပြင်မှာရပ်ပြီး စကားပြောနေရင် နှောင်းရဲ့ဂုဏ်သိက္ခာကို ပိုထိခိုက်ပါတယ်၊ နှောင်းကို ဒီဆေးရုံရဲ့ ဆရာဝန်လို့ သိတဲ့သူတွေ မြင်ရင် မကောင်းဘူးလေ . . ."

သူမ ကားထဲကို ဖြည်းညင်းစွာ ထိုင်ချမိလိုက်သည်။

ဒီလောက်အေးစိမ့်တဲ့ ဆောင်းရာသီအလယ်မှာ သူ . . ကားထဲက လေအေးစက်ကို ဖွင့်ထားတယ်။ သူ့ရင်ထဲမှာ ဘယ်လောက်များ ပူလောင်နေပြီလဲ . . .။ အို . . . အဲဒါ . . . ငါနဲ့ မဆိုင်ပါဘူး။

ကားတံခါးကို အမှတ်မထင် သူမ,ဆွဲပိတ်လိုက်တော့ မောင်က သူမ,ကို အက်ကွဲကြေမွသော အကြည့်တွေနဲ့ စိုက်ကြည့်နေပါ



သည်။ ဘာစကားမှ မစ . . .။

"ကဲ . . . ဘာပြောမှာလဲ . . . ဝေ"

သူမ, စိတ်မရှည်စွာ မေးလိုက်သည်အထိ သူ့ထံက ဘာစကားသံမှ ပြန်မရတော့ပါ။

ရုတ်တရက် သူကားသော့ကို ဆတ်ခနဲလှည့်ပြီး စက်နှိုးလိုက်သည်။

"ကားမထွက်နဲ့ . . .၊ ကျွန်မ . . . ဘယ်ကိုမှ မလိုက်နိုင်ဘူး၊ ဒီမှာပဲ . . . ပြော"

သူမ အော်ဟစ်လိုက်စဉ်မှာ မောင့်ရဲ့မျက်လုံးများသည် ကြောက်စရာကောင်းသော အရောင်တစ်မျိုးအဖြစ် ချက်ချင်းပြောင်းလဲသွားလေသည်။ သူမ . . . မသိစိတ်က ထင့်ခနဲ။

တုန်လှုပ်ထိတ်လန့်စွာ ကားတံခါးကို ပြန်ဖွင့်ဆင်းမည်လုပ်တော့ မောင်က ကားတံခါးလေးပေါက်စလုံးကို အလိုအလျောက်သော့ (Auto Lock) ချလိုက်သည်။

"ဟင် . . ."

သူမရဲ့ အံ့အားသင့်တကြီး အာမေဍိတ်သံအဆုံး မောင့်ရဲ့ ပါးလှပ်ကောက်ကျစ်သော အပြုံးသေးသေးလေးတစ်ခုကို သူမ လှစ်ခနဲ လှမ်းမြင်လိုက်ရလေသည်။

"မောင် . . . ဒါဘာလုပ်တာလဲ . . ."

အဲဒီမေးခွန်းကိုမေးဖို့ သူမ,သိပ်ကို နောက်ကျခဲ့ပါသည်။ ဘာကြောင့်ဆိုတော့ သူမသည် လောက၌ အမိုက်မဲဆုံး မိန်းမတစ်ယောက် ဖြစ်၏။

ဂီယာကို ဆောင့်ထိုးပြီး အဲဒီနေရာကနေ ရှိန်းခနဲ ခုန်ထွက်

www.burmeseclassic.com

www.burmeseclassic.com



လိုက်သလို မောင်က ကားကို မောင်းချသွားပါသည်။ တိတ်ဆိတ်နေသော ညအလယ်မှာ ကားစက်အရှိန်ပြင်းပြင်းနဲ့ အိပ်ဇောကို မှုတ်ထုတ်လိုက်ပုံက ဝေါခနဲ ဆူညံပွက်လောရိုက်သွားသည်။

ဆေးရုံဝင်းထဲက ထွက်ပေါက်ဆီသို့ရောက်အောင် မောင်က ကားကို ခပ်ကြမ်းကြမ်းဆွဲကွေ့လိုက်သေးရာ . . . တာယာနဲ့ ကတ္တရာလမ်းတို့ ကျိတ်ချေပွတ်တိုက်သံများ ကျယ်လောင်စူးရှစွာ ပေါ်ထွက်လာ လေသည်။

"မောင် . . . မောင် . . . ဒါဘာလုပ်တာလဲ၊ ကျွန်မ . . . မလိုက်ဘူး၊ မောင့်နောက်ကို ကျွန်မ, မလိုက်ဘူး"

စူးစူးဝါးဝါး အသံကုန်ခြစ်၍ အော်လိုက်သံသည် မောင့်ရဲ့ အဆူညံဆုံး ကားစက်သံများအောက်မှာ လုံးဝပျောက်ကွယ်သွားပါသည်။

သူမ, ရင်ခုန်သံတွေရပ်တန့်ကာ မျက်လုံးများ ဝိုင်းစက်လာသည်။ ကားစတီယာရင်ကို အရှိန်ပြင်းပြင်းဆွဲကွေ့မောင်းနှင်နေတဲ့ မောင့်ရဲ့လက်တွေကို သူမ, အတင်းဆောင့်ဆွဲသည်။

မောင်က ပြန်ရုန်းသည်။ သူမ . . . မောင့်လက်တွေကို ထုရိုက်သည်။ မောင့်ကျောကုန်းကို ထုသည်။

အခုထိ ဘာစကားကိုမှ မောင် ပြန်မပြောတော့ပါ။ နှုတ်ခမ်းကို တင်းတင်းစေ့၍ ကားရဲ့လီဗာကိုသာ ဖိနင်းအရှိန်မြှင့်နေသော မောင့်မျက်နှာက တစ္ဆေသရဲတစ်ကောင် ဝင်ပူးသလို ဖြစ်နေသည်။

သူမ, သွေးပျက်တုန်လှုပ်စွာ မျက်ရည်တွေ စတင်ဝေ့ဝဲလာသည်။ မောင့်ကို အော်ဟစ်နေသော အသံမှာ ငိုရှိုက်သံတွေ ပါလာ



"မောင် . . . ကျွန်မကို ပြန်ပို့ပေး၊ မောင် . . . အဲဒီလို မလုပ်နဲ့ ကျွန်မ ကြောက်တယ်၊ မောင် . . . အဲဒီလောက် မြန်မြန် မမောင်းနဲ့ မောင် . . . ဘယ်သွားနေတာလဲ၊ အဲဒါ . . . ဘာလုပ်တာလဲ"

သူမ,၏ မေးခွန်းတွေကို မောင် လုံးဝ ဂရုမစိုက်ပါချေ။

ဗိုလ်ချုပ်လမ်းပေါ်ကနေ ဘုရားလမ်းဘက်ကို ဆွဲကွေ့ချလိုက်တော့လည်း အသည်းအေးစရာ . . .။ ကျွီခနဲ မြည်သံရှည်များ ထွက်သာကာ ကားတစ်စီးမှမရှိသော မီးပွိုင့်ရဲ့မီးနီကို မောင် . . . အတင်းဖြတ်ချလာခဲ့သည်။

ပြီးတော့ ကားက ဦးဝိစာရလမ်းပေါ်မှာ မြားတစ်စင်းလို ပြေးနေသည်။ မှောင်မည်းတိတ်ဆိတ်နေသော ညအလယ်မှာ တရိပ်ရိပ်ကျန်ရစ်ခဲ့သော လမ်းဘေးဝဲယာ သစ်ပင်တွေကို ကြည့်ရင်း သူမ, ငိုချိုက်မိသည်။ သူမ,မျက်ရည်တွေ အလိုလို စီးကျလာပါပြီ။

"မောင် . . . အဲဒါ . . . ဘာလုပ်တာလဲ၊ ကျွန်မ . . . မေးနေတယ်လေ၊ မောင်က စကားပြောမယ်ဆိုလို့ ကျွန်မ ဆင်းလာတာ၊ မောင် . . . အဲဒီလို မလုပ်ပါနဲ့၊ ကျွန်မကို ပြန်ပို့ပေးပါ၊ ကျွန်မ . . . ကြောက်တယ်၊ မောင် . . . ဘယ်ကိုသွားနေတာလဲ"

မောင့်ရဲ့မျက်လုံးတွေ ဖျတ်ခနဲ သူမ,ကို လှည့်ကြည့်လေသည်။

"ခွင့်လွှတ်ပါ နှောင်း . . . ၊ မောင် . . . နှောင်းကို အဆုံးရှုံးခံနိုင်လို့ပါ။ မောင်တို့ ပြေးကြမယ်၊ အဝေးဆုံးကို ပြေးကြမယ်လေ"

"ဘာ . . ."

မျက်ရည်များဖုံးလွှမ်းနေသော သူမ,မျက်လုံးတွေ ဝိုက်ခနဲ ပြာဝေသွား၏။

www.burmeseclassic.com

www.burmeseclassic.com



သူမ . . . အံ့အားသင့်လွန်းစွာ ကြက်သေသေနေခဲ့သည်။

မောင် . . . ငိုနေပါသည်။ မောင့်မျက်လုံးထဲက တလက်လက်တောက်ပစွာ စီးကျလာသော မျက်ရည်တွေကိုလည်း သူမ နာကျင်ကြေမွစွာ လှမ်းမြင်လိုက်ရလေသည်။

မောင့်လေသံတွေ အဖျားခတ်၍ တုန်ရီကာ ပေါ်ထွက်လာခဲ့သည်။

"နှောင်းကို . . . နှောင်းကို . . . အခု . . . မောင်ကားတင်ပြေးလာခဲ့တာနှောင်း၊ မောင် . . . ယုဒါကို အရက်မူးချင်ဟန်ဆောင်ပြီး အယုံသွင်းခဲ့တာပါ၊ တကယ်က . . . နှောင်း ဒီကားပေါ်ရောက်လာအောင် မောင့်တမင် စီစဉ်လိုက်တာ၊ မငြင်းနဲ့တော့ . . . ဒီတစ်ခါ မောင် လုံးဝနောက်မဆုတ်တော့ဘူး . . . နှောင်း၊ ဘာပြောပြော . . . မောင် ကားကို လုံးဝရပ်ပေးမှာမဟုတ်တော့ဘူး"

"နင် . . . နင် . . . အရူးပဲ . . . ဝေ၊ အရူးပဲ၊ နင် . . . ဘာလို့ ငါ့ကို ဒီလောက် နှိပ်စက်ရတာလဲ၊ အခုအချိန်ကျမှ ဘာလို့ နင် . . . မိုက်ရူးရဲဆန်ချင်ရတာလဲ . . . ဟဲ့ . . . ဝေရဲ့"

သူမ, မောင့်မျက်နှာတွေ၊ ပခုံးတွေ . . . မီးရာကို ထုရိုက်မောင်းပုတ်ရင်း ငိုကြွေးအော်ဟစ်နေမိသည်။

မောင် . . . တုတ်တုတ်မျှ မလှုပ်ပါ။ ငြိမ်သက်စွာ တောင့်ခံနေပါသည်။

"အခုချိန်ကျမှ နှောင်းကို အဆုံးရှုံးမခံနိုင်ဘူးဆိုတာ မောင်သိလိုက်ရလို့လေ၊ မောင် . . . နှောင်းကလွဲပြီး ဘယ်သူ့ကိုမှ လက်မထပ်နိုင်ဘူး၊ နှောင်းနဲ့ဝေးရင် မောင်ရူးလိမ့်မယ် . . . သိလား"

ကားက တရိပ်ရိပ်နဲ့ပြေးရင်း ဦးဝိစာရအဝိုင်းကို ကျော်လာသည်။ အံ့ရှိန်ကလည်း ခုနကထက် ပိုမြင့်လာသည်။



သူမရဲ့ ရင်တွေ ပေါက်ကွဲမတတ် ငိုရှိုက်မိရင်း မောင့်ကိုယ်ပေါ်က အကျႌစကို ဆွဲလှုပ်ခါယမ်းမိပြန်သည်။

"ကားကိုရပ်ပေးပါ . . . ဝေရဲ့၊ ကျွန်မ . . . တောင်းပန်ပါတယ်၊ အဲဒီလို မလုပ်ပါနဲ့၊ ကျွန်မကို . . . ကျွန်မကို . . . ဝေ . . . မသနားဘူးလား"

"မရပ်ပေးဘူး၊ နှောင်း . . . ကျွန်တော့်ကို အဲဒီလို ထုရိုက်မနေနဲ့၊ ကျွန်တော် ကားမောင်းလို့ မရတော့ဘူး"

"အခုရပ်ပေး . . . ဝေ၊ ကားကိုအခုရပ်ပေး"

"မရပ်ဘူး၊ နှောင်း . . . ကျွန်တော့်ကို သတ်မယ်ဆိုရင်တောင် မရပ်ဘူး"

"ငါ ခုန်ချမယ်၊ ခုန်ချလိုက်တော့မယ်"

"တံခါးလော့ခ်ချထားတယ်"

"ငါ . . . ကားမှန်ကို ရိုက်ခွဲပစ်လိုက်မှာ၊ ဝေ . . . ကားကို အခုရပ်စမ်း"

"နှောင်း . . . အခု ကားမှန်ကို ခွဲမယ်ဆိုရင် ကျွန်တော် တစ်ခုခုကို အရှင်ဝင်တိုက်ပြီး နှစ်ယောက်လုံး အသေခံပစ်လိုက်မယ်"

"ဝေ . . ."

သူမ . . . စူးဝါးစွာ အော်ဟစ်လိုက်မိပါသည်။

မောင့်ရဲ့ မျက်လုံးတွေသည် မျက်ရည်များဖုံးလွှမ်းနေတာတောင် အေးစက်မာကျောနေပြီဆိုတာကို သူမ, မြင်လိုက်ရပါသည်။

မောင် . . . သူမ,ကို ခြိမ်းခြောက်တာမဟုတ်ဘဲ တကယ်လုပ်တော့မည်ဆိုတာ သူမ နားလည်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူမ . . . မှားခဲ့ပြီ။ အကြီးကျယ်ဆုံး မှားယွင်းခဲ့ပါပြီ။

ယောကျ်ားတွေကို ဘဝတစ်သက်တာ သူမ,အနိုင်ယူစေခိုင်းနိုင်သည်ဟု ထင်ခဲ့သမျှ အခုတော့ အားလုံးမှားယွင်းကုန်ပြီလေ။ ယောကျ်ားဆိုတာ အဲဒီလောက် ကြောက်စရာကောင်းအောင် ပြင်းထန်ရက်စက်တတ်မှန်း အခုမှ သူမ, သိလိုက်ရသည်။

သူမ သိလိုက်ရသည့်အချိန်မှာ အများကြီးနောက်ကျသွားခဲ့ပါပြီ။

သူမ . . . ကားစက်ကို တဝေါဝေါမြည်အောင် မောင်းနေသော မောင့်ရဲ့ ဘေးမှာထိုင်ရင်း မျက်နှာကို လက်ဖဝါးနှင့်အုပ်ကာ ငိုချလိုက်မိပါသည်။ သူမ ငိုသည်။ ရှိုက်ကြီးတငင်ကို ငိုတော့ မောင်က ငေးကြည့်ရုံ ကြည့်နေခဲ့၏။ ဘာမှ မပြောတော့ပါ။

သူမ, ငိုရှိုက်ရင်း မောင့်ဆံပင်ကိုလည်း ဆွဲမိသည်။ အကျႌကိုလည်း လှုပ်ခါပစ်သည်။ မောင့်လက်မောင်းကို ကုတ်ခြစ်ထုဖွဲနေမိသည်။

ငိုသံတွေကြားကပဲ ဝမ်းပန်းတနည်း သူမ, ပြောပြလိုက်မိ၏။

"နင် . . . အရူးပဲ . . . ဝေါနင် အရူးပဲ၊ ဘာဖြစ်လို့ ငါ့ကို မစွန့်လွှတ်နိုင်ဘူးဆိုတာ ဒီနေ့မှ သိရတာလဲ . . . ဟင်၊ နင် . . . ဘာလို့ အခုမှ ဒါတွေလာပြောနေရတာလဲ၊ ဘာလို့ အခုမှ ငါ့ဆီ ရောက်လာရသလဲ၊ လွန်ကုန်ပြီဟဲ့ . . . ၊ သိရဲ့လား၊ အားလုံးလွန်ကုန်ပါပြီ"

"ဘာမှမလွန်ဘူး၊မောင် ဘယ်သူနဲ့မှ လက်မထပ်ရသေးဘူး"

"အဲဒါ . . . ဘာအရေးလဲ၊ ဝေ . . . နင်ဟာ သိပ်တစ်ကိုယ်ကောင်းဆန်တယ်၊ နင့်အတွက်ပဲ နင်ကြည့်တယ်၊ နင် . . . အဲဒီလို . . . ငါ့ကို အစောကြီးကတည်းက လာတောင်းပန်သင့်တယ်၊ နင့်ကို



ငါက စောင့်နေခဲ့တာပါဟဲ့ . . . သိရဲ့လား၊ ရှင့်ကို ကျွန်မက စောင့်နေခဲ့တာ"

"ဘာ . . . ဘာပြောတယ် . . . နှောင်း"

"ဟုတ်တယ်၊ ကျွန်မက . . . မောင့်ကို အဲဒီတိုက်ခန်းလေးရဲ့အောက်မှာ . . . ရန်ဖြစ်ကုတ်ခြစ်ပြီး ထွက်လာတဲ့နေ့ကတည်းက စောင့်နေခဲ့ရတာ၊ ဘာလို့ ကျွန်မ,ဆီ မောင် မရောက်လာသလဲ၊ ရှင် . . . ဘာလို့ လာမတောင်းပန်သလဲ၊ ဟုတ်တယ် . . . ကျွန်မ အဲဒီနေ့က ဒေါသနဲ့ ပြောမိပြောရာ ပြောခဲ့မိတယ်၊ အနိုင်ယူလိုစိတ်နဲ့ ပြောခဲ့တယ်၊ ဒါပေမဲ့ ရှင်သာ ကျွန်မဆီလာပြီး အခုလို ကိုယ် . . . မင်းနဲ့ဝေးလို့ မဖြစ်ပါဘူးလို့ ပြောရင် ကျွန်မ အရှုံးပေး အညံ့ခံလိုက်မှာကို ရှင် မတွေးမိဘူးလား . . . ဟင်၊ ကျွန်မက အဲဒီနေ့ကတည်းက ရှင့်ကို ဆုံးရှုံးလို့ မဖြစ်ဘူးဆိုတာ သိခဲ့တာ"

"နှောင်း . . . နှောင်းရယ် . . . "

သူ့အသံတွေ ဖြေမွနာကျင်စွာ ရေရွတ်လိုက်စဉ်မှာ သူမကတော့ ငိုကြွေးရှိုက်ငင်ရင်း ဆက်လက်အော်ဟစ်နေမိသည်။

"ရှင် . . . ဘာလို့ ကျွန်မဆီ မလာခဲ့သလဲ၊ အဲဒီကတည်းက ဘာလို့ လာမတောင်းပန်ရသလဲ . . . ဝေ၊ ရှင် . . . ရှင် . . . သိပ်ယောကျ်ားပီသတယ်၊ ရှင်က မှားခဲ့တဲ့လူ၊ ရှင်က မှားခဲ့တာကိုတောင် လာပြီး အောက်ကျို့ဝန်ခံအရှုံးပေးရမှာ ဝန်လေးနေခဲ့တာ၊ ကျွန်မက ရှင့်ကို ရက်ပေါင်းများစွာ စောင့်ဆိုင်းနေတဲ့အချိန်မှာ ရှင်က ဖိတ်စာလေးတစ်စောင်နဲ့ ကျွန်မရှေ့ ရောက်လာခဲ့တယ်၊ ရှင် . . . သိပ်တော်တယ် . . . ဝေ၊ သိပ်တော်တယ်၊ ကျွန်မ . . . ဘာလုပ်ရမှာလဲ"

သူမ . . . မောင့်ပခုံးကို သိမ့်သိမ့်ခါအောင် ကိုင်ဆောင့်လှုပ်

www.burmeseclassic.com

www.burmeseclassic.com



ပစ်လိုက်သည်။

"ငါ . . . ဘာလုပ်နိုင်မှာလဲ၊ ပြောပါဦး . . . ဟဲ့၊ နင်က ဖိတ်စာလာပေးတဲ့အချိန်မှာ . . . ငါက နင့်ကို ရှိခိုးဦးချမတတ်၊ ခြေသလုံးဖက် တောင်းပန်ပြီး ဥဩကို လက်မထပ်ပါနဲ့၊ ငါ့ကိုပဲ လက်ထပ်ပါ၊ ငါ့ကို မထားခဲ့ပါနဲ့လို့ ငိုယိုတောင်းပန်ရမှာလား . . . ဟုတ်လား အားလုံးကို နင့်ဟာနင်ဆုံးဖြတ်၊ နင့်အတ္တနဲ့နင် ရှင်သန်၊ နင့်အချစ်နဲ့ နင်ရူးသွပ်ပြီး . . . အားလုံးပြီးဆုံးသွားတော့မှ ငါ့ကို လိုအပ်နေတယ် ငါ့ကိုသာ တကယ်ချစ်ပါတယ်ဆိုပြီး အခု နင်ရောက်လာတော့ ငါ ဘာပြောရမှာလဲ . . . ဟဲ့"

မောင့်ရဲ့နှုတ်ခမ်းတွေသည် သူမရဲ့စကားတွေကို အံ့အားသင့်ကြီးစွာ ပွင့်ဟတုန်ရီနေလေသည်။

မျက်ရည်တွေ ပြည့်လျှမ်းလာသော သူ့မျက်လုံးတွေက ကားရှေ့ကတ္တရာလမ်းမြင်ကွင်းတွေကိုလည်း မြင်နိုင်ပုံမရပါ။

မောင်က . . . ကားစက်ကို တဖြည်းဖြည်းချင်း အရှိန်လျှော့၍ လမ်းဘေးပလက်ဖောင်းအနီးမှာ ထိုးရပ်လိုက်လေသည်။ သူမတို့ကား ရပ်တန့်လိုက်သော ဟံသာဝတီအဝိုင်းအလွန်လေးက ပလက်ဖောင်းသည် လူသူရှင်းလင်းခြောက်သွေ့လျက် တိတ်ဆိတ်လွန်းနေသည်။

မလှမ်းမကမ်းက အသံလွှင့်ဌာနအဆောက်အအုံကိုပဲ မီးရောင်တွေလင်းထိန်စွာ လှမ်းမြင်နေရသည်။

သူမ . . . စကားတွေပြောနေရင်း ထိန်းချုပ်မရတော့ဘဲ ငိုကြွေးချနေခဲ့တော့ ကားထဲမှာ သူမရှိုက်သံတွေသာ လွှင့်ပျံ့နေပါသည်။ ကားစက်သံ ဆူဆူညံညံကလည်း ငြိမ်သက်ရပ်တန့်သွားပြီဆိုတော့



သူမ ရှိုက်သံတွေက ပိုသိသာထင်ရှားလာသည်။

မောင်သည် သူမပခုံးနှစ်ဖက်ကို ညင်သာစွာ သူ့ဘက် ဆွဲလှည့်ပါသည်။ မောင့်မျက်ရည်တွေကို မမြင်လိုစွာ သူမ ခေါင်းငုံ့ထားပေမယ့် မောင်က သူမ မေးဖျားကို ဆွဲယူကိုင်မော့စေသည်။

သူမ တစ်ချက်ရှိုက်လိုက်မိစဉ် မောင်သည် နာကျင်စွာပင် မျက်ရည်များကြားထဲက ရယ်မောခဲ့လေသည်။

"နှောင်း . . . အခု မောင် . . . သိသွားပြီလေ၊ နှောင်းရော . . . မောင်ရော တစ်ယောက်ကိုတစ်ယောက် ဘယ်လိုမှ မစွန့်လွှတ်နိုင်အောင် ချစ်ခဲ့ကြတယ်ဆိုတာ၊ အခု . . . မောင်တို့သိသွားပြီ၊ ဒီတော့ . . . ဘယ်သူတွေလာတားတား . . . ဘယ်လိုအခြေအနေတွေကပဲ နှောင့်ယှက်ယှက် . . . မောင်တို့ မခွဲတော့ဘူး၊ မောင့်ကို . . . နှောင်း . . . နှောင်း လက်ထပ်ပါ့မယ်လို့ ကတိပေးစမ်းပါ၊ အခု ကတိပေးစမ်းပါ . . . နှောင်းရယ် . . . နော်၊ မောင့်နောက်ကို အခု လိုက်ခဲ့မယ် မဟုတ်လား . . . ဟင်"

မောင့်ရဲ့ မျှော်လင့်တကြီး တောင်းပန်တိုးလျှိုးနေသော အဲဒီမျက်လုံးနက်မှောင်မှောင်တွေရဲ့အောက်မှာ သူမ ဘာပြန်ပြောရမှာတဲ့လဲ . . .။

အခု . . . သူမရှေ့က . . . မျက်ရည်တွေစို့ရွှဲနေတဲ့ အသားဖြူဖြူ မျက်နှာဝိုင်းဝိုင်းကောင်ကလေးဟာ သူမ သိပ်ချစ်ရတဲ့ ချစ်သူပဲ မဟုတ်လား။ ဘာတွေကို သူမ ဂရုစိုက်နေရဦးမှာလဲ။ သူ့ကို ပိုင်ဆိုင်ချင်လွန်းလို့ သူမ ရူးမတတ်တောင် ခံစားခဲ့ရတာပဲ . . .။

သူ့နောက်ကို လိုက်ဖို့ ဘာဖြစ်လို့များ သူမ နောက်ထပ်တွေ ခေတ္တဆိုင်းရဦးမှာလဲ။ ဖြေလိုက်လေ . . .။ အခု အဲဒီအဖြေကို ဖြေ

www.burmeseclassic.com

www.burmeseclassic.com



လိုက်တော့။

ဟဲ့ . . . မိရှင်နှောင်း . . ဒါ . . နောက်ဆုံးတစ်ကြိမ်ပဲနော်။ ကံကြမ္မာက နင့်ကို အခွင့်အရေးပေးနေတာ။ သူ့ကို အခုတစ်ကြိမ်မှာ အဆုံးရှုံးခံလိုက်ရင် . . .။ ဘုရား . . . ဘုရား . . .။ သူ့ကို . . . ကျွန်မ ငြင်းဆန်လိုက်ရင် . . .။

ကျွန်မတို့ တစ်သက်တာ . . . ဝေးကြရမှာတဲ့ . . .။ ဟုတ်တယ် မဟုတ်လား။

"မောင် . . ."

သူမ . . . ဆို့နင့်ကြေကွဲစွာ ခပ်တိမ်တိမ် ခေါ်လိုက်သည်။

အဲဒီအချိန်မှာပဲ . . .။

ဝုန်းခနဲ သူမ,နောက်ဖက်က ကားတံခါးက အရှိန်ပြင်းပြင်းဖွင့်သွားပါသည်။ သူမ,ရော . . သူပါ ထိတ်လန့်တကြား ဆတ်ခနဲတောင် ခုန်ထ,မိလိုက်ကြတော့ . . .။

"ဟင် . . ."

မောင့်ရဲ့ မျက်နှာတစ်ခုလုံး စူးရဲခက်ထန်ကာ အာမေဍိတ်သံ လွတ်ခနဲ ထွက်သွားသည်။

သူမကတော့ မျက်ရည်တွေကြားမှပင် တုန်လှုပ်စွာ ခေါ် လိုက်မိပါသည်။

"ကိုမွန် . . ."

တကယ်ပဲ . . . အဲဒါ ကိုမွန် ဖြစ်ခဲ့သည်။

ကိုမွန်ရဲ့ မျက်လုံးများသည် ကားထဲမှ သူမနဲ့မောင့်ကို မီးဝင်းဝင်းတောက်နေသော အကြည့်တွေနဲ့ တစ်ချက်စိုက်ကြည့်သေးသည်။ ပြီးတော့ ဒေါသတကြီးလေသံနဲ့။



"နှောင်း . . . ကိုယ်နဲ့ လိုက်ခဲ့စမ်း"

ကိုမွန့်ဆီက အဲဒီလောက် မာကျောပြတ်သားပြီး အမိန့်ပေးသံဆန်သော စကားမျိုးကို သူမ တစ်ခါမှ မကြားဖူးခဲ့၍ အံ့အားသင့်မှင်တက်မိကာ ဆွံ့အ ငိုင်တွေသွားရသည်။

ကိုမွန် . . . ဘယ်လိုဖြစ်ပြီး . . . သူမတို့ဆီ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာရတာလဲ။

ဒီလောက် လူသူရှင်းလင်းပြတ်လတ်ပြီး တိတ်ဆိတ်နေတဲ့ ကတ္တရာလမ်းရဲ့ ဘေး၊ ညလယ်ခေါင်အချိန်မျိုးမှာ . . . သူမတို့ရဲ့ကားကို . . . ကိုမွန် ဘယ်လိုတွေ့သွားတာလဲ။

သူမ ကိုမွန့်မျက်နှာကို ငေးရင် ကျောက်ရုပ်တစ်ရုပ်လို သေဆုံးနေခဲ့ရာ ကိုမွန် ပို၍ ဒေါသထွက်သွားပုံရပါသည်။

"လာ . . . လိုက်ခဲ့စမ်း . . . နှောင်း"

သူမရဲ့လက်မောင်းတစ်ဖက်ကို ပိုင်စိုးပိုင်နင်းတင်းကျပ်စွာ ဆုပ်ကိုင်ပြီး ကားထဲမှထွက်လာအောင် ကိုမွန်က ဆွဲခေါ် သည်။ ကိုမွန်ရဲ့လက်တွေ သန်မာနေလိုက်တာ။

သူမ အရုပ်ကလေးတစ်ရုပ်လို ကိုမွန်ဆွဲခေါ် သည့်အတိုင်း ကားအောက်ကို ရုပ်ပျက်ဆင်းပျက် ရောက်ရှိသွားသည်။ ကားထဲမှ မောင်သည် ချက်ချင်းနီမြန်းလာတဲ့ မျက်နှာနဲ့ ကားတံခါးကိုပါ ဖွင့်ဆင်း၍ သူမ,တို့နောက်ကို လိုက်လာသည်။

ကြေကွဲစူးရှနေတဲ့အသံနဲ့လည်း မောင်က အော်ဟစ်သည်။

"ဟေ့ လူကြီး . . . ခင်ဗျားနဲ့ ဘာမှမဆိုင်ဘူး၊ ဝင်မ[illegible]

ကတ္တရာလမ်းပေါ်မှာ သူမကို လက်တစ်ဖက်မှ[illegible] ခေါ်ရင်း ကိုမွန်က ဆတ်ခနဲ မောင့်ကိုလှည့်ကြည့်[illegible]၊

www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့ . . . မဆိုင်ရမှာလဲ၊ နှောင်းဟာ . . . ငါချစ်သူ ငါ့ဘဝမှာ အချစ်ရဆုံးချစ်သူကွ၊ မင်း သိလား . . ."

"ခင်ဗျားကြီး . . . သူ့ကို လွှတ်ပေးလိုက်စမ်းပါ"

ကိုမွန်သည် မောင့်စကားကြောင့် စူးရှတောက်ပနေသော အကြည့်တွေနဲ့ မောင့်ကို ဒေါသတကြီးစိုက်ကြည့်သည်။ ကိုမွန် ဒီတစ်ခါလောက် ဒေါသထွက်ကြမ်းတမ်းနေတာကို သူမတစ်ခါမှ မမြင်ဖူးပါ။

တစ်ယောက်ကိုတစ်ယောက် နာကြည်းခက်ထန်စွာ စိုက်ကြည့်နေကြသော အဲဒီယောကျ်ားနှစ်ယောက်စလုံးရဲ့ မျက်လုံးတွေမှာ ဘယ်သူက မုန်းတီးမှုတွေနဲ့ ပိုတောက်လောင်နေသလဲ . . .။ ကျွန်မ မသိပါ။

ကိုမွန်သည် မောင့်ကို လက်ညှိုးငေါက်ငေါက်ထိုး၍ အသံကုန်ဟစ်အော်လိုက်သည်။

"မင်း . . . ငါတို့နောက်ကို လိုက်မလာနဲ့ . . . ဟေ့ကောင်၊ မင်းကို ငါ . . . ဘယ်အချိန်တည်းက သတ်ချင်နေတယ်ဆိုတာ မင်းသိတယ်"

သူမတို့နောက်ကို လိုက်လာဖို့ပြင်နေသော မောင့်ခြေလှမ်းတွေ တုံ့ခနဲ ရပ်တန့်သွားပါသည်။ ကိုမွန်ရဲ့ လေသံမာကျောကျောထဲက ပြတ်သားရက်စက်တော့မည့် အရိပ်အယောင်ကို သူ လှမ်းတွေ့လိုက်ပုံရသည်။

ဘယ်တုန်းကမှ ဒီလောက် မရိုင်းစိုင်းဖူးသော ကိုမွန့်စကားလုံးတွေ ပွဲတင်ထပ်ကျယ်လောင်နေပြီဆိုမှတော့ သူ သဘောပေါက်သင့်ပါပြီ။

ကိုမွန်ဆွဲခေါ်ရာနောက်သို့ သူမ . . . ဖရိုဖရဲ ဒရွတ်တိုက်ပါ



လာရင်း အဲဒီကတ္တရာလမ်းနက်နက်ပေါ်မှာ ခြေသံတဖတ်ဖတ်တွေဆည်သွားရ၏။ ကိုမွန်က သူမ၏လက်ကို လုံးဝလွှတ်မပေးဘဲ မောင့်ရဲ့ ကားနဲ့ ဝေးရာ . . . ဟိုးနောက်ဘက်နားကျကျမှာ ရပ်ထားသည့် ကိုမွန့် ကားဖြစ်ဟန်တူသော ဘင်အဖြူရောင်လေးတစ်စီးနားအထိ သူမ့ကို ဆွဲခေါ်သွားသည်။

သူမရင်ထဲက တုန်လှုပ်မောပန်းလာစိတ်နဲ့အတူ ကိုမွန့်ကို မဝံ့မရဲ ထုတ်မေးလိုက်မိသေးသည်။

"ကိုမွန် . . . ကိုမွန် . . . ဘယ်လိုလုပ်ပြီး ကျွန်မတို့ကို . . . တွေ့ . . . တွေ့ . . ."

သူမ့၏မေးခွန်းက ကိုမွန်ရဲ့ စူးရဲရဲအကြည့်ဒဏ်အောက်မှာ သစ်ငေါ့ရပ်တန့်သွားရသည်။ ကိုမွန်ရဲ့ အကြည့်တွေက . . . သူမ့နားလည်ဖို့ လွယ်ကူလောက်အောင် ကြေမွနာကျင်နေပြန်သည်။

ကိုမွန် . . . မျက်ရည်တွေ ဝေ့ဝဲလို့ပါလား။ သူမ့ရင်ထဲမှာ စူးခနဲ အောင့်တက်သွားသည်။

"ကိုယ် . . . မင်းတို့ကားနောက်ကို အဲဒီဆေးရုံကြီးထွက်ပေါက်မှာကတည်းက နောက်ယောင်ခံလိုက်လာတာ . . . နှောင်း၊ ကိုယ် . . . သိတယ်၊ မနက်ဖြန်မှာ . . . အဲဒီကောင်ဟာ ဥဩဆိုတဲ့ မိန်းမတစ်ယောက်နဲ့ လက်တပ်တော့မယ်ဆိုတာ ကိုယ်သိပြီးသား၊ သူ့ ဖိတ်စာတစ်စောင်ကို မိတ်ဆွေတစ်ယောက်အိမ်မှာ ဖတ်ခဲ့ရတယ်၊ ဒါကြောင့် ဒီနေ့ညမှာ မင်းအနားမှာ ကိုယ်ရှိနေပေးချင်လို့ မင်းနောက်ကို လိုက်လာတာ၊ မင်းရဲ့အိမ်က ဆေးရုံကြီးမှာ ညတာဝန်ကျတယ်ဆိုလို့ ဆေးရုံကိုပါ ကိုယ်လိုက်လာတယ်၊ အဲဒီမှာ ဆေးရုံထဲက ထွက်လာမောင်းလာတဲ့ မင်းတို့ကားနဲ့ ကိုယ့်ကားတိုက်မိမလိုတောင် ဖြစ်ခဲ့တာ၊ မင်းအို့

www.burmeseclassic.com

www.burmeseclassic.com



က မွန်နေတဲ့အချိန်ဆိုတော့ ကိုယ့်ကိုကားပေါ်မှာ ဘယ်တွေ့မလဲ ကိုယ်ကသာ မင်းတို့နှစ်ယောက်စလုံးကို လှမ်းမြင်လိုက်တာ၊ ဒီလောက် ဒလမန်ကြမ်း ခပ်ရိုင်းရိုင်းမောင်းသွားတဲ့ ဒီကောင့်ကားကို ကိုယ်တွေ့ လိုက်ကတည်းက စိတ်အရမ်းပူသွားပြီ၊ တစ်ခုခုတော့ ဖြစ်ပြီဆိုတာ ကိုယ် သိလိုက်တယ်၊ မင်းကို . . . အရမ်းစိုးရိမ်သွားတယ် နှောင်း ဒါကြောင့် ကိုယ်လိုက်လာတာ၊ အခု . . . ဒီနေရာမှာ ကားရပ်ထားတာ တွေ့တော့ မင်းတို့နှစ်ယောက် အပြိုင်အဆိုင် ငိုကြွေးရင်း အလွမ်းသယ် နေတာ တွေ့ရတော့တာပဲ၊ မင်းကို ဒီကောင်က ဘယ်လိုနည်းတွေသုံး ပြီး ဆွဲဆောင်သိမ်းသွင်းနေပြီလဲ . . . ဟင်"

ကိုမွန်က သူမ, ခန္ဓာကိုယ်လေးကို ပခုံးမှကိုင်ကာ ဆွဲဆောင့် လှုပ်ခါရင်း ကြမ်းကြမ်းတမ်းတမ်း အော်ဟစ်မေးနေသည်။

"နှောင်း . . . မင်း . . . ဘာဖြစ်လို့ ဒီလောက်မိုက်မဲရတာ လဲ . . ဟင်၊ နှောင်းလေးရယ် . . . မင်း . . . သူ့နောက်ကို အခုအချိန် မှာ မလိုက်သင့်ဘူး၊ လုံးဝ လိုက်မလာသင့်ဘူးဆိုတာ မင်းမသိဘူးလား အဲဒီကောင်က မနက်ဖြန် လက်ထပ်တော့မှာကွ . . . သိရဲ့လား"

သူမ, ကိုမွန့်ရဲ့လက်ချောင်းများအောက်မှာ တစ်ကိုယ်လုံးနာ ကျင်စွာ လှုပ်ခါနေသလို အသည်းနှလုံးများကလည်း ပူလောင်စွာ ပေါက်ကွဲကုန်ပါပြီ။ သူမ,၏မျက်ဝန်းမှ မျက်ရည်စတွေ ပိုးပိုးပေါက် ပေါက်စီးကျလာရင်း ကိုမွန့်ကို ဆို့နင့်ကြေကွဲစွာ အော်ခေါ်လိုက်မိ သည်။

"ကိုကို . . ."

အဲဒီနာမ်စားလေးကို ထိုအချိန်မှစ၍ ကိုမွန်အား သူမ အမြတ်တနိုး စတင်ခေါ်ဝေါ်ခဲ့တာ ဖြစ်သည်။



"ကိုကို . . ."

ရှိုက်သံတွေကြားက သူမ, ထပ်ခေါ်တော့ ကိုမွန်ကလည်း မျက်ရည်တွေဝိုင်းနေသော မျက်ဝန်းအစုံနဲ့ သူမ,ကို ကြင်နာစွာ ငုံ့ကြည့် ခဲ့ပါသည်။

သူမ . . ဘယ်လိုမှ ဟန်ဆောင် ထိန်းချုပ်မထားနိုင်တော့ပါ။

အသံကျယ်လောင်စွာ ချုံးပွဲချငိုကြွေးလိုက်မိရင်း ကိုမွန်ရဲ့ လုံခြုံနွေးထွေးသော ရင်ခွင်ကျယ်ဆီ ပြေးဝင်ပါးအပ်၍ တင်းတင်းကျပ် ကျပ် ဖက်ထားလိုက်မိ၏။

ပြီးတော့ ရှိုက်သံတစ်ဝက်နှင့် စကားတွေကို ဗလုံးဗထွေး ပြောချလိုက်မိသည်။

"ကိုကို . . . ကိုကိုရယ် . . . ကျွန်မလေ . . . သူ့ကို မခွဲနိုင် ဘူး၊ သူ့ကို လုံးဝမခွဲနိုင်ပါဘူး၊ သူနဲ့ဝေးရရင် . . . ကျွန်မ ရူးရလိမ့်မယ် ထင်တယ်၊ ကျွန်မ . . . ဘယ်လိုလုပ်ရမလဲ . . . ကိုကို၊ ကျွန်မ ဘာ လုပ်ရမှာလဲ"

သူမ၏မျက်ရည်စက်များစွာက ကိုကို့ရင်ဘတ်အင်္ကျီစပေါ် စီးဆင်းနစ်ဝင်ကာ စိုရွှဲသွားပါသည်။ ကိုကိုက သိမ့်သိမ့်ခါအောင် ငိုရှိုက် နေသည့် သူမ,ကို လွှတ်ထွက်သွားမှာ စိုးသည့်အလား တင်းတင်းကျပ် ကျပ် ပြန်ဖက်ပွေ့ထားရင်း "ကလေးရယ် . . ." ဟု နာနာကျင်ကျင် ညည်းလေသည်။

ကဲ . . . သူမ,ကို ဘယ်သူများ နားလည်ပေးနိုင်သလဲ။ ယောကျ်ားတစ်ယောက်ရဲ့ ရင်ခွင်မှာ မျက်နှာအပ်ရှိုက်ငိုရင်း အခြား ယောကျ်ားတစ်ယောက်ကို ချစ်မြတ်နိုးနေမိပါတယ်လို့ နင့်နင့်သည်း သည်း ထုတ်ပြောပြရတဲ့အဖြစ်မျိုးဟာ . . .။

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လောက်များ အံ့ဩဆန်းကျယ်ဖို့ ကောင်းလိုက်သလဲ။ အမှန်အတိုင်းပြောရရင် သူမ,ရဲ့ နှလုံးသားကို သူမကိုယ်တိုင် နားမလည်ခဲ့တာပါ။

ကျွန်မ . . . ရှုံးသွားပြီ ထင်ပါရဲ့။

ကိုမွန်သည် မျက်ရည်တွေစိုရွှဲနေသော သူမ,ပါးပြင်ကို ပွတ်သပ်၍ မျက်ရည်တွေ ခြောက်သွားအောင် ယုယစွာသုတ်ပေးသည်။

သူမ,၏ ဦးရေထိပ်ဖျားက ဆံမျှင်နွယ်တွေကို တယုတယ ခပ်ဖွဖွ နမ်းရှိုက်သည်။ တဆတ်ဆတ်တုန်ယင်လှိုက်ခါနေသော သူမ လက်ချောင်းလေးများအား သူ့လက်ဖဝါးပြင်ကျယ်ကြီးနဲ့ အုပ်ကိုင်ဆုပ်ဖိလိုက်ရင်း . . . တည်ငြိမ်စွာ ထိုစကားကို . . . စ,ပြောသည်။

"နှောင်း . . . ကိုယ်ပြောတာ သေသေချာချာ နားထောင်စမ်း၊ အခု . . . နှောင်းလေးလုပ်ရမယ့်အလုပ်ကို . . . ကိုယ်ပြောပြမယ်၊ နှောင်းလေး သူ့ကို သွားနှုတ်ဆက်ရမယ်၊ ထာဝရအတွက် . . . သွားနှုတ်ဆက်ရမယ်"

"ကိုကို . . ."

"ကိုယ်ပြောတာ ဆုံးအောင် နားထောင်ပါ . . . ကလေးမင်းနဲ့ သူ ဘဝမှာ ပေါင်းစည်းဖို့ ဘယ်လိုမှ မဖြစ်နိုင်တော့ဘူး၊ မင်း . . . အခု သူ့ခေါ်ရာနောက် လိုက်သွားမယ်ဆိုရင် မင်း . . . ဘာဖြစ်သွားမလဲ . . . မင်းတွေးမိရဲ့လား ကလေးရယ်၊ မင်းဟာ . . . သူတို့မိသားစု၊ မိဘအသိုင်းအဝိုင်းရဲ့ အရှက်ကိုခွဲတဲ့သူ၊ သူတို့အမုန်းတီးဆုံးရန်သူ ဖြစ်သွားမှာပဲ . . . နှောင်း၊ သူတို့ရဲ့ ဂုဏ်သရေရှိ မင်္ဂလာပွဲကို ဖျက်ဆီးခဲ့တဲ့သူအဖြစ် မင်း . . . တစ်သက်လုံး အမည်းစက်ထင်ပြီး ဗီလိန်တစ်ယောက် ဖြစ်သွားလိမ့်မယ်၊ ကိုယ် . . . မင်းကို . . . ဘယ်



တော့မှ အဲဒီလိုအဖြစ်မခံဘူး၊ မင်းကို ကိုယ်သိပ်ချစ်တယ် . . . သိလား။ မင်းကို ချစ်ခဲ့မိလို့ မင်းလုပ်သမျှ အရာရာကို အလိုလိုက်၊ ခွင့်လွှတ်ပေး မင်းလုပ်သမျှကို ဝင်ခံစားနားလည်ပေးခဲ့တာ၊ အခု . . . အဲဒီလို ဘေးက ထိုင်ကြည့်ပေးရမယ့် အချိန်တွေ ကုန်ဆုံးသွားခဲ့ပြီ၊ အချစ်ဆိုတာ . . . ကိုယ်ချစ်တဲ့သူကို မိုက်မဲတဲ့ အမှောင်ထုထဲ ခုန်ဆင်းမသွားနိုင်ဖို့ကိုလည်း တားမြစ်တတ်ရမယ်လို့ . . . ကိုယ် အခုသိသွားပြီ ကလေး၊ မင်းကို ကိုယ် သူ့ဆီ ဘယ်တော့မှပြန်မထည့်နိုင်တော့ဘူး အဲဒါ မြဲမြဲမှတ်ထားတော့"

သူမ ငိုချလိုက်ပါသည်။ ကိုကို့ရင်ခွင်ထဲမှာ ရှိုက်သံတွေ တိုးဘိမ်နစ်ဝင်ရင်း သူမ ငိုရှိုက်ခဲ့မိသည်။

"ကိုကို . . . သူ့ကို . . . ချစ်တယ်၊ နှောင်း . . . သူ့ကို သိပ်ချစ်တယ်"

"ဒီမှာ နှောင်း . . . နှောင်း . . . သူ့ကို ချစ်ပါ၊ ကျေနပ်တဲ့အထိ ချစ်စမ်းပါ၊ ကိုယ် မတားပါဘူး၊ ဒါပေမဲ့ . . . နှောင်းတို့ရဲ့အချစ်ဟာ နှောင်းတို့ရဲ့ဘဝနှစ်ခုလုံးကို ဖျက်ဆီးခြေမွနေတယ်ဆိုတာ နှောင်းလေး အခု နားလည်ရမယ်၊ နှောင်း . . . အခု သူနဲ့ လက်ထပ်မယ်ဆိုရင် ပျော်မယ်လို့ထင်သလား . . . ဟုတ်လား၊ နှောင်းတို့နှစ်ယောက်မိဘအသိုင်းအဝိုင်းရဲ့ စွန့်ပစ်ခြင်း ခံရမယ်၊ လူ့တကာရဲ့ မေးငေါ့ ရှုတ်ချခြင်း ခံရမယ်၊ နှောင်းတို့ရဲ့ မိဘမျိုးရိုးမှာ လွှမ်းခဲ့တဲ့ နှစ်ပေါင်းများစွာကတည်းက ကြီးထွားလာတဲ့ အမုန်းတွေဟာ ဆက်ပြီး ရင့်သန်ကြီးထွားလာဦးမယ်ဆိုတာ နှောင်း တွေးမိရဲ့လား . . . အနည်းဆုံး အဲဒါတွေကို နှောင်းတို့ ဂရုမစိုက်ဘူး ဆိုရင်တောင် နှောင်းတို့ချစ်လှစွာသော သူငယ်ချင်းတွေက နှောင်းတို့ကို ရွံရှာစွာနဲ့ ပစ်ပယ်လာလိမ့်မယ်

www.burmeseclassic.com

www.burmeseclassic.com



နှောင်းလေးတို့ ကိုယ်၌တောင် ကိုယ့်ကိုယ်ကိုယ် မုန်းတီးရွံရှာတဲ့သူတွေ တစ်နေ့ ဖြစ်လာကြလိမ့်မယ်၊ ကိုယ့်ကိုယ်ကိုယ် မိုက်မဲလိုက်မိတာ . . . လို့ တစ်နေ့မှာ နောင်တရ အပြစ်တင်ရင်း မုန်းတီးနေလိမ့်မယ်"

ကိုကိုက သူမ,မျက်နှာကို ပါးနှစ်ဖက်မှ အုပ်ကိုင်၍ ဆွဲယူမော့စေသည်။ မျက်ရည်စ,တွေကို ပြည့်နှက်နေသော မျက်ဝန်းနှစ်ခု အကြည့်ချင်း ဆုံမိကြသည်။

ကိုကို့လေသံတွေ အတိုင်းအဆ,မရှိ တုန်ယင်နေပါပြီ။

"ဒီမှာ . . . ကလေး၊ ကိုယ့်မျက်နှာကို သေသေချာချာကြည့်စမ်းပါ၊ ကိုယ့်မျက်လုံးထဲက အချစ်တွေကို မင်းမြင်ရတယ် မဟုတ်လား . . . ကလေးရယ် . . . ဟင်၊ အဲဒီအချစ်တွေဟာ ပိုင်ဆိုင်ခြင်းကင်းတဲ့ အတ္တမဲ့အချစ်တွေလေ၊ လူတစ်ယောက်ကို ပိုင်ဆိုင်လိုစိတ်ကင်းစွာ သန့်သန့်ရှင်းရှင်း ကိုယ်ချစ်ပြခဲ့ဖူးပါတယ် ကလေးရယ်၊ မင်း . . သူ့ကို . . . အဲဒီအချစ်နဲ့ ချစ်လိုက်စမ်းပါနော်၊ ကိုယ်ပြောတာ နားထောင်စမ်းပါ၊ ချစ်သူကို မပိုင်ဆိုင်ရပေမယ့် ကိုယ်တို့ ချစ်လို့ရပါသေးတယ်ကွာ"

သူမ နှလုံးသားတွေ ကိုကို့ရဲ့ အဲဒီစကားတစ်ခွန်းအောက်မှာ အဆုံးအစမဲ့ လေဟာနယ်ထဲသို့ လွင့်မျောစီးဝင်သွားလေသည်။ သူမ တစ်ကိုယ်လုံး လှိုက်ခနဲ အေးစက်၍ တုန်ရီသွားသည်။

သူမ, ခေါင်းကိုငုံ့၍ တစ်ချက်ရှိုက်နေစဉ် . . .။

ဆွေးမြည့်နာကျင်နေသော ကိုကို့ရဲ့ လေသံတိုးတိုးလေးသည် အက်ကွဲခြောက်ကပ်စွာ ပေါ်ထွက်လာပါသည်။

"တကယ်တော့ . . . နှောင်း၊ ကိုယ်တို့ဟာ . . . ကိုယ့်ရဲ့ချစ်သူတွေကို ကိုယ့်အတ္တထက်တောင် ပိုပြီးချစ်မြတ်နိုးခဲ့ကြတာပါ၊ အဲဒါ



. . . မှားတယ်၊ သိလား . . . ၊ လူဆိုတာ ဘယ်တော့မှ ကိုယ့်ကိုယ်ကိုယ်ထက် တခြားတစ်ဦးတစ်ယောက်ကို ပိုမချစ်ရဘူး၊ ကိုယ့်ဘဝကိုယ် အနစ်မွန်းခံ၊ အပျက်စီးခံပြီး မိုက်မဲစွာ မချစ်ပြရဘူး၊ ကိုယ်တို့အားလုံးဟာ ကိုယ့်အသည်းနှလုံးကိုယ်တောင် မုန်းတီးရွံရှာစက်ဆုပ်လာကဲ့အထိ ကိုယ့်ရဲ့ချစ်သူတွေကို ချစ်နေမိကြတယ်၊ ကိုယ့်နှလုံးသားကိုယ် ဖျက်ဆီးခြေမွပြီး သူတို့ကို ချစ်ခဲ့ကြတယ်လေ"

သူမ . . . တုန်လှုပ်ရိဝေစွာ ကိုကို့ကို မေးလိုက်မိလေသည်။

"ကျွန်မ . . . ကျွန်မ ဘာလုပ်ရမလဲ . . . ကိုကို၊ နှောင်း ဘာလုပ်ရမလဲ"

ကိုကို့အပြုံးက အားလုံးပြီးဆုံးသွားသည့်အပြုံး။

"ကိုယ်တို့အားလုံး အခုအချိန်ကစပြီး . . တစ်စုံတစ်ယောက်ကို ချစ်မြတ်နိုးဖို့အတွက် ကိုယ့်ရဲ့ဘဝကို . . . ကိုယ်ပြန်ပြီး စတင်ချစ်မြတ်နိုးတတ်အောင် လုပ်ရမယ်လေ . . . နှောင်း"

သူမ, ခေါင်းညိတ်လိုက်ပါသည်။ ကိုကိုကျေနပ်အောင် မဟုတ်ပါ။ သူမရင်ထဲမှာ ပြတ်သားခိုင်မာသော ဆုံးဖြတ်ချက်တွေ ရောက်ရှိလာတာမို့ပင်။ ကိုကို့မျက်နှာကို တစ်ချက်မော့ကြည့်စဉ် . . . ကိုကို သူမ,ပခုံးကို ဖွဖွကိုင်ကာ တွန်းလွှတ်သည်။

"သွားလေ . . . နှောင်း၊ သူ့ကားဆီ ပြန်သွားလိုက်ပါ၊ နှောင်း . . . သူ့ကို နောက်ဆုံးစကားတစ်ခွန်းနဲ့တော့ နှုတ်ဆက်ချင်သေးတယ်ဆိုတာ . . . ကိုယ် သိပါတယ်၊ ကိုယ် ခွင့်ပြုပါတယ်"

ရုတ်တရက် သူမ, တကယ့်ကို ဝမ်းပန်းတနည်း မျက်ရည်များ တောင်အိုင်ထွန်းလာပါသည်။ ကိုကို . . . ကိုကို့ကို . . ဘာကြောင့် ကျွန်မ . . . ထားခဲ့ရပါသလဲ . . .။ ကိုကို့အပေါ်မှာ သူမ ဘာလို့

www.burmeseclassic.com

www.burmeseclassic.com



ရက်စက်စွာ ပြုမူခဲ့တာပါလဲ။

သူမ . . . ကိုယ့်ကိုယ်ကိုယ် မသိတော့ပါ။

သူမ . . . စိတ်ထဲက ပေါ့ပါးစွာ ကြည်နူးပျက်ရယ်လိုစိတ်နဲ့ ကိုကို့ကို ခပ်တိုးတိုးမေးလိုက်မိသည်။

"တကယ်လို့ . . . နှောင်း . . . သူ့ကားပေါ် ရောက်သွားတဲ့အခါ ရဝေက နှောင်းကိုခေါ်ပြီး မောင်းပြေးသွားရင် . . . ဘယ်လိုလုပ်ကြမလဲ . . . ကိုကို"

ကိုကို့နှုတ်ခမ်းပါးလေးတွေ တင်းတင်းစေ့သွားပါသည်။

"အဲဒီအခါကျရင် မင်းတို့ကားနောက်က မီအောင်လိုက်ပြီး ကိုယ့်ကားနဲ့ မင်းတို့ကားကို ခေါင်းချင်းဆိုင်တိုက်ပစ်လိုက်မယ် . . . မင်းတို့နှစ်ယောက်လုံး သေအောင် ကိုယ့်ကားနဲ့ တိုက်သတ်ပစ်မယ်လို့ ကတိပေးတယ်"

သူမ ကြေကွဲစွာ ရယ်မောပစ်လိုက်သည်။

"အဲဒီစကားကို ကျွန်မ . . . ယုံပါတယ် ကိုကို . . ."

အဲဒီနောက် သူမ,တစ်ယောက်တည်း ချာခနဲလှည့်ကာ ကိုကို့ကို ကျောခိုင်းလိုက်ပါသည်။ ညအမှောင် လမ်းမာတ်မီးတိုင်တွေရဲ့ အလင်းရောင်အောက်မှာ ဖရိုဖရဲနဲ့ မသွေးပျက်နေပုံရသော မိန်းမတစ်ယောက် . . . ခြေသံကျယ်ကျယ်ဖြင့် ကတ္တရာလမ်းနက်နက်ပေါ် ဖြတ်လျှောက်လာသည်။

ယောကျ်ားတစ်ယောက်ရဲ့ ကားတစ်စီးအနားကနေ အခြားယောကျ်ားတစ်ယောက်ရဲ့ ကားတစ်စီးပေါ် အဲဒီမိန်းမ ပြတ်သားစွာ ဖြတ်လျှောက်ဝင်ထိုင်ချလိုက်ပါသည်။

ဘာပဲဖြစ်ဖြစ် . . . ဒီတစ်ခါ နောက်ဆုံးပဲ မဟုတ်လား။



မောင့်ရဲ့ကားထဲမှာ သူမ ဝင်ထိုင်ချလိုက်တော့ ချောက်ချားဖွယ်ရာကောင်းလောက်အောင် ညသည် တိတ်ဆိတ်မှောင်မိုက်နေပါသည်။

မောင်က ပထမ,တော့ . . . သူမ၏မျက်ရည်စ,တွေမရှိဘဲ ရှင်းလင်းခြောက်သွေ့နေပြီဖြစ်သော မျက်နှာတစ်ခုကို ငေးမောကြည့်နေလေသည်။ ကားထဲမှာ သူမတို့နှစ်ယောက်၏ အသက်ရှူသံပြင်းပြင်းတွေမှတစ်ပါး . . . အခြား ဘာသံမှမရှိ။

အားလုံး တိတ်ဆိတ်ငြိမ်သက်လျက်။

သူမ,က တိတ်ဆိတ်မှုကို ဖောက်ခွဲပစ်လိုက်သည်။

"မောင့်ကို . . . ကျွန်မ . . . လာနှုတ်ဆက်တာပါ"

မောင်က ခပ်မျှင်းမျှင်းရယ်သံနဲ့ သူမ,ကို စတင်လှောင်ရယ်သည်။

"မင်းကို . . . သူက ဆွဲဆောင်သိမ်းပိုက်ပြန်ပြီပေါ့။ ဟုတ်လား . . ."

သူမ . . . ကြေကွဲစွာ မောင့်ကို ခေါင်းခါပြလိုက်သည်။

"အဲဒါကို ဆွဲဆောင်တယ်လို့ စွပ်စွဲရင်လည်း ကျွန်မ မငြင်းချင်ပါဘူး၊ ဒါပေမဲ့ . . . သိမ်းပိုက်တယ်ဆိုတဲ့ စကားကတော့ လုံးဝမှားယွင်းပါတယ်မောင်"

"ဒါပေမဲ့ . . . မင်းကတော့ အခု မောင့်ကိုနှုတ်ဆက်နေပြီ မဟုတ်လား"

သူမ တိတ်ဆိတ်စွာ ခေါင်းကိုငုံ့လျက် မျက်ရည်တွေကို သုတ်ပစ်လိုက်မိသည်။ ပြီးတော့ တစ်ချက်ရှိုက်သည်။

ထို့နောက် . . . သူမသည် ဘယ်သောအခါမှ အခုလို ရွှန်း

www.burmeseclassic.com

www.burmeseclassic.com



ရွှန်းစားစား ကြည့်ခွင့်မရတော့မည့် မောင့်မျက်နှာအား ငေးကြည့်လိုက်ပါသည်။

ဒါ . . . နောက်ဆုံးပါပဲ . . . မောင်ရယ် . . .။ မောင့်ရဲ့ ဘေးနားက မောင့်ကိုယ်ငွေ့ကို ခံစားရင်း ထိုင်နားခိုခွင့်ရခဲ့တဲ့ ခဏတာလေး . . .။

ကျွန်မ နှုတ်ဆက်ရတော့မယ် . . .။

"ကျွန်မ . . . သွားတော့မယ် . . ."

သူမ၏လေသံသည် အဖျားခတ်၍ တုန်ရီတိုးတိမ်သွားပါသည်။ အောက်နှုတ်ခမ်းကို ဖိကိုက်လျက် သူမ . . . မောင့်မျက်နှာကို ငေးကြည့်နေရာမှ မျက်နှာလွှဲလိုက်သည်။

ပြီးတော့ မောင့်ကားပေါ်က ဆင်းဖို့ ခြေထောက်များအရွေ့။

မောင့်ဆီက နာနာကျင်ကျင် မေးခွန်းတစ်ခု ပေါ်ထွက်လာခဲ့၏။

"မင်း . . . တကယ်တော့ . . . ကိုယ့်ကို မချစ်ခဲ့ဘူး မဟုတ်လား . . . ဟင်"

သူမ့ပါးပြင်ပေါ်သို့ မျက်ရည်တစ်ပေါက် လိမ့်ကျဆင်းကျသွားသည်။

သူမရဲ့မျက်လုံးတွေ ဘာကိုမှ မမြင်ရတော့ပါ။ မောင့်ကို ဆတ်ခနဲ လှည့်အကြည့်မှာ မောင့်ခနဲ့တဲ့တဲ့ အပြုံးမျက်နှာကို မျက်ရည်များကြားမှာ ဝေဝါးတွန့်ခေါက်စွာ မြင်ရသည်။

သူမ ဖြေလိုက်သည်။

"အဲဒီလို ယုံလိုက်မယ်ဆိုရင် မောင် စိတ်ချမ်းသာမယ် . . . မဟုတ်လားဟင်၊ အဲဒါဆို ယုံလိုက်ပါ၊ ကျွန်မ . . . ကျွန်မ . . . မောင့်ကို မချစ်ခဲ့ဘူးလို့ပဲ ယုံလိုက်ပါတော့မောင်"



မောင် ရယ်မောလေသည်။ မောင့်ရယ်သံတွေက ခပ်တိုးတိုး ပေါ်ထွက်လာရာကနေ ပိုပိုကျယ်လောင်စူးရှလာသည်။

မောင်လည်း မျက်ရည်တွေကြားမှာ ရယ်မောနေခြင်းပါ။

"နှောင်းရယ် . . ."

မောင့်လေသံသည် သူမ့ကို စိတ်ဆိုး ဒေါသထွက်နေခြင်းများ မပါ။ နာကြည်း မုန်းတီးလိုက်ခြင်းများ မပါ။ ပကတိ တည်ငြိမ်ရှင်းလင်းလို့ရယ်ပါ။

မောင့်ရဲ့အပြုံးသည် သူမ့ရဲ့အဖြေစကားအပေါ် လုံးဝ ခွင့်လွှတ်နားလည်လိုက်ပါပြီဆိုတဲ့ အပြုံးမျိုး။

"နှောင်းရယ် . . . မညာပါနဲ့တော့၊ နှောင်းနဲ့မောင်ဟာ တစ်ယောက်စိတ်ကို တစ်ယောက်က အလိုလိုသိနေခဲ့ကြတဲ့ ချစ်သူတွေလေ၊ နှောင်းကို မောင် . . . ဘယ်လောက်ချစ်ခဲ့တယ်ဆိုတာ နှောင်းသိနေသလို၊ နှောင်း . . . မောင့်ကို ဘယ်လောက်ချစ်ခဲ့တယ်ဆိုတာလည်း မောင်သိနေပါတယ်၊ နှောင်း ဘယ်လောက်ပဲ . . . ညာညာ . . . နှောင်းမျက်လုံးကို မောင် . . . အမြဲတမ်း ဖတ်ရှုတတ်ပါတယ်၊ နေက မောင်ပြောလိုက်တာ နှောင်းကို နောက်ဆုံးအနေနဲ့ တမင် . . . စိတ်ထိခိုက်အောင် သက်သက်မေးလိုက်မိတာပါ၊ တကယ်တော့ မောင် သိပြီးသားပဲ . . .၊ မောင်တို့ရဲ့အချစ်တွေ . . ."

သူ့အသံတွေ တုန်ရီတိုးဖွကာ ထစ်ငေါ့သွားလေသည်။

ဘုရား . . . ဘုရား . . .။ မငိုပါနဲ့ မောင်ရယ်၊ မောင်ရဲ့မျက်ရည်တွေကြောင့် ကျွန်မ ဒုက္ခရောက်ရပါလိမ့်မယ်။

"မောင်တို့ အချစ်တွေ ဘယ်တော့မှ ပျက်ပြယ်မယ် မဟုတ်

www.burmeseclassic.com

www.burmeseclassic.com



ဘူးဆိုတာ မောင်တို့ . . . မောင်တို့နှစ်ယောက်စလုံး သိပြီးထားပြီပဲ နော် . . . နော်း"

သူမ, ကားတံခါးကိုဖွင့်၍ ခြေလှမ်းတွေ ယိုင်နဲ့စွာ ကတ္တရာလမ်းပေါ် မတ်တပ်ရပ်လိုက်မိသည်။ မောင့်မျက်ရည်တွေကို မကြည့်ရဲစွာ . . . သူမ ကျောခိုင်းလိုက်သည်။

မောင်က ကားစက်ကို နှိုးနေသည်။ မောင် . . . သွားတော့မည်။ မောင် . . . သူမရှေ့က ထွက်ခွာသွားတော့မည်။

သူမ ရင်တွေ ဝုန်းခနဲ လှုပ်ခါသွားပါသည်။

"မောင် . . ."

သူမ, ဆို့နင့်ကြေကွဲစွာ အော်ဟစ်ရင်း ထွက်ခွာလုဆဲ ကားတံခါးကို ဖမ်းတားဆုပ်ကိုင်လိုက်မိသည်။

"မောင် . . . ခဏနေပါဦး"

မောင်က အံ့ဩမှင်တက်စွာ သူမ,ကို မျက်ရည်ဝိုင်းသည့် မျက်ဝန်းအစုံနဲ့ ပြန်ငေးကြည့်နေ၏။ သူမ, ပြောလိုက်ရသည်။

"ကျွန်မ ပြောတာကို မောင် သေသေချာချာ နားထောင်သွားပါဦး မောင်ရယ်၊ မောင်နဲ့ကျွန်မ အဲဒီလို စိတ်ချင်းဆက်သွယ်နေလို့ ယုဒါက ကျွန်မတို့နှစ်ယောက်ဟာ အရင်ဘဝကတည်းက ချစ်သူဖြစ်ခဲ့မယ် . . . လို့ ပြောခဲ့ဖူးတာ မောင် . . . မောင်မှတ်မိလား . . . ဟင်"

သူ တုန်လှုပ်စွာ ခေါင်းညိတ်နေသည်။

"တကယ်ပဲ . . . ကျွန်မနဲ့မောင် . . . စိတ်ချင်းဆက်သွယ်နေကြတာပဲနော်၊ အခုဘဝမှာလည်း သိပ်ချစ်ကြတဲ့ ချစ်သူတွေ ဖြစ်ခဲ့ကြပြီလေ၊ ဒီတော့ . . . မောင်နဲ့ကျွန်မဟာ . . . နောက်ဘဝမှာ . . . နောက်ဘဝမှာလည်း . . ."



မောင့်ရဲ့ကားဘေးနားမှာ သူမ, ယိုင်နဲ့ရီဝေစွာ ရပ်ရင်း အိခနဲ ငိုချလိုက်မိလေသည်။ မောင်က . . . အံ့အားသင့်စွာ နှုတ်ခမ်းတွေဟင့် ဟလျက်။

"နှောင်း . . ." . . ဟု ထိခိုက်ကြေကွဲစွာ အော်ဟစ်သည်။

"ကျွန်မစကားကို ဆုံးအောင် နားထောင်ပါဦး မောင်ရယ်၊ ကျေးဇူးပြုပြီး . . . မောင် နားထောင်ပါ၊ ကျွန်မတို့နှစ်ယောက် နောက်ဘဝမှာလည်း ချစ်သူတွေဖြစ်ကြဖို့ ဆုတောင်းမယ်၊ နောက်ဘဝကျရင် ကျွန်မတို့ ထပ်ဆုံစည်းကြမယ်လေ၊ အဲဒီဘဝ . . . အဲဒီဘဝမှာ အခုလိုမျိုး ရန်ငြိုးဖွဲ့ မုန်းတီးနေကြမယ့် မိဘဆွေမျိုးတွေ ရှိမှာမဟုတ်ဘူး၊ ပြီးတော့ . . . ပြီးတော့ ကျွန်မတို့နှစ်ယောက်ကို ပိုင်ဆိုင်ခွက်ဖက်နိုင်မယ့် အရင်ဦးနှင့်သူတွေလည်း ရှိမှာမဟုတ်ဘူး၊ ဒါကြောင့် . . ."

ရှိုက်သံတွေနဲ့ သူမအသံများ ဆို့နင့်သွားသော်လည်း အားယူ၍ သူမ . . . နောက်ဆုံးပြောချလိုက်သည်။

"ဒါကြောင့် ကျွန်မတို့ နောက်ဘဝတစ်ခုမှာ ပြန်လည်ဆုံတွေ့ပါရစေလို့ အတူတူဆုတောင်းကြမယ် . . . မောင်၊ ဆုတောင်းပေးစမ်းပါ၊ ဆုတောင်းပေးမယ်လို့ . . . ကျွန်မကို ကတိပေးပါ မောင်ရယ်၊ ကျွန်မကို ကတိပေးခဲ့ပါ"

မောင့်ရဲ့မျက်ဝန်းတွေထဲမှာ ရှင်သန်ခြင်းဆိုတဲ့ အဓိပ္ပာယ်လုံးဝမရှိတော့ဘဲ ရီဝေမှိုင်းမှုန်လျက် ကြေမွသေဆုံးသွားပါသည်။

မောင်သည် ငိုရှိုက်နေသော သူမ,အား ကားထဲမှ ငေးကြည့်နေခဲ့သည်။ အတန်ကြာတိတ်ဆိတ်နေပြီးမှ မောင် . . . ခေါင်းညိတ်ပြလိုက်၏။

"မောင် . . . ကတိ . . . ပေးပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ မောင်ချာခနဲလှည့်ကာ ကားကို မောင်းထွက်သွားပါ သည်။ မောင့်ရဲ့ကားနောက်တက်က မီးရောင်နီနီအလင်းစက်နှစ်ခု ကို သူမ . . . ငေးကြည့်နေစဉ်မှာ နှလုံးသားတွေ လှုပ်ခနဲ အေးစက် ပေါ့ပါးသွားလေသည်။

ယိုင်နဲ့ကွေးညွတ်သွားသော ခြေထောက်တွေကြောင့် သူမ တစ်ကိုယ်လုံး ပုံလျက်သားလဲကျမသွားခင်မှာ ကိုကိုက သူမ့အား ထွေးပွေ့ခဲ့ရ၏။

❦ ❦ ❦

# သုံး

ဒီကနေ့မှာတော့ ကိုကို့ရင်ခွင်ထဲတွင် သူမ ဖျော့တော့စွာ မှီလှဲ၍ မှေးအိပ်နေပါသည်။

မြက်ခင်းပြင်ကျယ်ကို ဖြတ်သန်းတိုက်ခတ်လာသော လေ ပြင်းညင်းကလေးများသည် မြက်ပင်ထိပ်ဖျားကိုသာမက သူမ၏ ဆံ နွယ်တွေကိုရော၊ သူမတို့အပေါ်က အုပ်မိုးထားသည့် စိန်ပန်းပင်ကြီးရဲ့ သစ်ရွက်လေးများကိုရော လှုပ်ခတ်ဆော့ကစားသွားပါသည်။

နီရဲရဲစိန်ပန်းပွင့်များသည် တဖြုတ်ဖြုတ်နဲ့ ဝဲခနဲ သူမနဲ့ကိုကို ၏ ခြေရင်းဆီနားမှာ ကြွေကျလာကြသည်။ ကောက်မည့်သူ မရှိပါ။ သူမနဲ့ ကိုကို စိန်ပန်းပင်ကြီး၏အောက်ဘက် ကွန်ကရစ်ခုံတန်းလေး တစ်ခုမှာ ထိုင်နေကြခြင်း ဖြစ်သည်။

ဒီကနေ့မနက် ဆေးရုံကနေ ညတာဝန်ပြီးဆုံးလို့ သူမထွက် လာတော့ ကိုကိုက ဆေးရုံအောက်မှ လာစောင့်နေပါသည်။ သူမရဲ့ ကားကို ကိုယ်တိုင်မမောင်းစေဘဲ ကိုကိုက အစားဝင်မောင်းပေးကာ သူမ့ကို မောင်းပို့ပေးမည်ဟု ပြောသည်။

သူမရင်ထဲမှာ ေ ်ဆီကို ဖျတ်ခနဲ သတိရသွားမှန်း ဒါကို မသိစေချင်ပါ။ အရင်က အဲဒီလို သူမ့ကားကို မောင်းခွင့်ရှိခဲ့တဲ့သူဟာ မောင် . . . တစ်ယောက်တည်းပါ။

ဒါပေမဲ့ အခုအချိန်မှာတော့ တစ်ညလုံး ပင်ပန်းနွမ်းလျခဲ့တာ

www.burmeseclassic.com

www.burmeseclassic.com



မို့ ကိုကိုမောင်းပို့ပေးမှာကို ကြည်ဖြူစွာ သူမ လက်ခံလိုက်ပါသည်။

ကိုကိုက လမ်းမှာမေးသည်။

"နှောင်းလေး . . . အိမ်ကို ပြန်ပြီး အိပ်ပဲအိပ်ချင်နေမလား ဒါမှမဟုတ် တစ်နေရာရာကို သွားချင်သေးလား၊ ကိုယ် လိုက်ပို့ပေးပါ့မယ်"

သူမတွေဝေ ငေးငိုင်စွာ တိတ်ဆိတ်နေမိခဲ့သေးသည်။

အဲဒီနောက်တော့ ဒီနေ့မှာ အိပ်စက်လို့ မပျော်မယ့်အတူတူ ကိုကို့ကို ဒီနေရာပဲ မောင်းပို့ခိုင်းခဲ့မိသည်။

"ကိုကို . . . နှောင်းတို့ ငယ်ငယ်တုန်းက တက်ခဲ့တဲ့ ပြည်လမ်းက အရင်လိပ်ခုံးဆေးကျောင်းကို သွားချင်တယ်၊ လိုက်ပို့ပေးမလား . . . ဟင်"

ကိုကိုက ဘာမှပြန်မပြောဘဲ ကားကို တန်းတန်းမတ်မတ် မောင်းချလာ၍ ယခု ဒီနေရာမှာ သူမတို့နှစ်ဦး ငြိမ်သက်ငေးရီစွာ ထိုင်နေကြခြင်း ဖြစ်ပါသည်။

ကျောင်းဝင်းထဲမှာ အတန်းတက်ချိန်၊ စာသင်ချိန်ဖြစ်၍ ကျောင်းသူကျောင်းသားများ လုံးဝနီးပါး ရှင်းလင်းနေသည်။ ဖြတ်သွား ဖြတ်လာ တစ်ယောက်စ၊ နှစ်ယောက်စ,ကတော့ သူမနဲ့ကိုကို ဒီစိန်ပန်းပင်ကြီးအောက်မှာ ထိုင်နေကြခြင်းကို ဂရုမပြုမိကြပါ။

သူမနဲ့ကိုကိုသည် . . . ကွန်ကရစ်ခုံပြာလေးမှာထိုင်ရင်း အဲဟိုက မြင်နေရသော ခွဲစိတ်ခန်း (Dissecting Room) လို့ ဆိုင်းဘုတ်ချိတ်ထားသည့် စာသင်ဆောင်ကို ငေးကြည့်နေကြသည်။

ဒီနေရာကို ဘာဖြစ်လို့ သူမ, ဒီကနေ့ ရောက်လာချင်ရသလဲ ဆိုတာ ကိုကို တစ်ခွန်းမှ မမေးပါ။ ကိုကို သိပါသည်။



သို့ပေမယ့် သူမ . . . ကိုကိုရှေ့မှာ လိပ်ပြာသန့်စင်လိုစွာ ဝန်ခံချင်စိတ်တွေ ပေါ်ပေါက်လာမိသည်။

"ဒီနေရာကို . . . ဘာဖြစ်လို့ ဒီနေ့မှ လာရတာလဲလို့ နှောင်းကို မေးပါဦးလား . . . ကိုကို"

ကိုကို့သက်ပြင်းချသံကို သူမနားနဲ့ အနီးကပ်ဆုံးနေရာမှာ ကြားရသည်။

"ကိုကို . . . သိပါတယ် . . . ကလေးရယ်"

ကိုကို ငြိမ်သက်နေသေးသည်။ ပြီးမှ . . .

"ဒီနေရာမှာ . . . မင်းနဲ့သူ စ,တင်ဆုံတွေ့ခဲ့ကြတယ် . . . မဟုတ်လား"

ကိုကို့မေးခွန်းကို သူမ, ဖြေဖို့ မလိုတော့ပါ။ ဒါပေမဲ့ ကိုကိုက နူးညံ့သိမ်မွေ့စွာ ထပ်၍ မေးမြန်းခဲ့ပါသည်။

"ဒီကျောင်းထဲက ဘယ်နေရာမှာ မင်းနဲ့သူ . . . စတွေ့ခဲ့ကြလဲဆိုတာရော . . . ကိုယ့်ကို ပြောပြချင်သေးရဲ့လား . . . ကလေး"

သူမရဲ့ အသည်းနှလုံးအနက်ရှိုင်းဆုံး တစ်နေရာမှာ စူးရှစွာ အောင့်တက်လာသည်။ သို့ပေမယ့် သူမ ဖြေလိုက်သည်။

"ဟိုး . . . ကျောင်းရှေ့ . . . ဝင်ပေါက်နားက ရာမသံမင်လိုတ်ခန်း ပန်းချီကားကြီးနားမှာပေါ့ ကိုကို၊ ယုဒါက . . . သူ့လက်ကို ဆွဲပြီး ကျွန်မတို့ မိန်းကလေးအုပ်စုရှေ့ ခေါ်လာတယ်၊ ဟော့ . . . ဒါ ဒါဘော်ဒါ၊ ရဝေ . . . လို့ခေါ်တယ်၊ မှတ်ထားကြလို့ . . . စ,မိတ်ဆက်ပေးတော့ ကျွန်မ သူ့ကို စ,မြင်ဖူးခဲ့တယ်လေ"

သူမရဲ့ လက်ချောင်းလေးတွေကို . . . ကိုကိုက နွေးထွေး ဖျစ်ညှစ်ဆုပ်ကိုင်ပေးထားရင်း . . . ထပ်မံမေးမြန်းသည်။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



"သူ့အကြောင်းတွေ . . . ကိုယ့်ကို ပြောပြချင်စိတ်ရှိသေးရဲ့လား . . . ဟင် . . . နှောင်းလေး"

သူမ, ဆတ်ခနဲ ခေါင်းခါလိုက်သည်။

"ဟင့်အင်း . . ."

"ဘာဖြစ်လို့လဲ . . ."

"ကျွန်မ . . . ကျွန်မ သတိမရချင်တော့ဘူး"

ကိုကို ကြေကွဲစွာ ပြုံးနေမှန်း သူမ, သိပါသည်။ သို့ပေမယ့် ကိုကို့မျက်နှာကို သူမ, မော့ကြည့်ဖို့ မလိုအပ်ပါ။ ကိုကိုလည်း ဒီအချိန်မှာ တိတ်ဆိတ်စွာ ကြေကွဲချင် ကြေကွဲပါစေလေ။

ကိုကို့ဆီက ပြတ်သားသော အမိန့်စကားကို သူမကြားရ၏။

"သတိရလိုက်ပါ . . . နှောင်း၊ ဒီကနေ့ . . . သူ့ကို နှောင်း . . . လွတ်လွတ်လပ်လပ် သတိရလိုက်စမ်းပါ၊ လွမ်းလိုက်စမ်းပါ၊ ဘာဖြစ်လို့လဲဆိုတော့ မနက်ဖြန်ကစပြီး နှောင်းနဲ့ကိုကို . . . သူ့ကို မေ့ဖို့ စတင်ကြိုးစားရမယ်လေ . . ."

ကိုကို့စကားအဆုံးမှာ သူမ,မျက်လုံးတွေ စိုစွတ်ဝေဝါးလာသည်။ တုန်ရီလိုက်ခါသော အသံကို ထိန်းမရဘဲ သူမ, ကိုကို့ကို ပြောချလိုက်ပါသည်။

"အဲဒါဆို . . . သူ့အကြောင်းကို . . ကိုကိုပဲ . . ကျွန်မကို ပြောပြနေပါ . . ကိုကိုရယ်၊ အခုအချိန်ဆို . . . သူ . . . သူ . . . ဘာလုပ်နေမယ် . . . ကိုကိုထင်လဲ . . . ဟင်"

ကိုကိုက လက်ပတ်နာရီတစ်ချက်ငုံ့ကြည့်သည်။ ပြီးတော့ . . .

"အဲဒီအဖြေကို နှောင်းလေး ပျော်ရွှင်ကျေနပ်အောင် ကိုယ်ဖြေရမှာလား . . . ၊ ဒါမှမဟုတ် စိတ်ထိခိုက်ကြေကွဲအောင် ဖြေပြရမှာလား . . ."



သူမ . . . ရှိုက်သံများနှင့် ရယ်မောလိုက်၏။

"နှစ်မျိုးလုံး ဖြေပြပါလား . . . ဟင်"

"ဘယ်ဟာကို အရင်ပြောရမှာလဲ . . . နှောင်း"

"နှောင်း . . . ပျော်ရွှင်သွားအောင် ဖြေမယ့်အဖြေကို အရင်ပြောပါလား ကိုကို"

"ဒါဆို . . . ခုအချိန် ဆယ်နာရီခွဲလောက်မှာ . . . သူဟာ . . . ဥဩရဲ့လက်ကို ဆွဲပြီး အဲဒီပန်းကြဲထားတဲ့ ကော်ဇောနီတစ်ခုပေါ်မှာ လမ်းလျှောက်နေပြီပေါ့ . . . နှောင်း၊ မင်္ဂလာအခါတော်ပေးသီချင်းသံအောက်မှာ သူ့မျက်နှာက နည်းနည်းတော့ တည်နေပါလိမ့်မယ်၊ ဒါပေမဲ့ မကြာခင်မှာ အပေါင်းအသင်းမိတ်ဆွေတွေကို ဟန်ဆောင်ပြုံးပြ နှုတ်ဆက်ရလွန်းလို့ အသားသေနေတဲ့ အပြုံးတုတစ်ခု သူ့မျက်နှာမှာ ပေါ်လာလိမ့်မယ်၊ ဓာတ်ပုံဆရာတွေက ခိုင်းလို့ သူဟာ ရေခဲမုန့်ဘိစ်ဂွန်းကို သတို့သမီးစားဖို့ ခွံ့ကျွေးရလိမ့်ဦးမယ်၊ တဖျတ်ဖျတ်လင်းသက်နေတဲ့ ကင်မရာမီးအလင်းတွေ၊ ဆူညံနေတဲ့ နှုတ်ဆက်သံ၊ ဇွန်းသံပန်းကန်သံတွေကြားမှာ . . . မကြာခင် . . . သူ . . မင်းကို မေ့လျော့သွားတော့မှာပေါ့ . . . နှောင်း၊ အဲဒါဆို . . . မင်းကျေနပ်ရောပေါ့"

မျက်ရည်တွေကို သူမ သုတ်ပစ်လိုက်၏။

"ဒါဆို . . . ကျွန်မ စိတ်ထိခိုက် ကြေကွဲစေမယ့် အဖြေကရော ဘာလဲဟင် . . ."

ကိုကို့လက်ချောင်းတွေ၊ လက်ဖျံတွေ တင်းကျပ်စွာ သူမ,ကို ဖိထွေးပိုက်လိုက်ပါသည်။

"သူ . . . အခုအချိန်မှာ သတို့သမီးရဲ့လက်ကိုဆွဲပြီး အဲဒီ

www.burmeseclassic.com

မင်္ဂလာလမ်းပေါ်မှာ စက်ရုပ်တစ်ရုပ်လို လျှောက်နေတယ်၊ သူ့မျက်လုံးတွေက ဘယ်သူ့ကိုမှ မမြင်တဲ့အကြည့်နဲ့ ရှေ့တည့်တည့်မှာ၊ သူ့မျက်နှာထားက လိုတာထက် ပိုပြီး တင်းစေ့နေလိမ့်မယ်၊ တကယ်ကတော့ ဒီမင်္ဂလာဧည့်ခံပွဲခန်းမထဲကနေ သူ ထွက်ပြေးချင်နေတာပါ၊ ပြီးတော့ သူတွဲထားရတဲ့ သတို့သမီးရဲ့ လက်ကလေးဟာ မင်းရဲ့လက်တစ်ဖက်သာ ဖြစ်နေမယ်ဆိုရင်ဆိုတဲ့ . . . မိုက်မဲတဲ့အတွေးတစ်ခုကို သူတွေးနေလိမ့်မယ်၊ ပြီးတော့ စားပွဲဝိုင်းတွေကြားက ဖြတ်လျှောက်တဲ့အခါ . . . မင်းနဲ့မင်းသူငယ်ချင်းတွေ မလာလို့ လွတ်ဟာနေတဲ့ စားပွဲတစ်လုံးမြင်ရရင် . . . သူ . . . မျက်ရည်တွေ စ,တင်ဝေ့ဝဲလာလိမ့်မယ်၊ ပြီးတော့ . . ."

"တော်ပါပြီ . . . ကိုကို၊ ဆက်မပြောနဲ့တော့ . . . "

တင်းကျပ်စွာ ဆို့နင့်လာသော စိတ်တစ်ခုကြောင့် သူမ, ကိုကို့ကို တားမြစ်မိလိုက်သည်။

ကိုကို့ပါးပေါ်က မျက်ရည်တစ်စက်သည်လည်း သူမ,ပခုံးပေါ် ပေါက်ခနဲ ဖိတ်စင်ကျလာသည်။ အဲဒီမျက်ရည်ကို သူမ, မမြင်အောင် ကိုကို . . . ဖုံးကွယ်ဖို့ အချိန်မရခဲ့ဘူး ထင်ပါသည်။

သူမ, ကိုကို့ရင်ခွင်ထဲတွင် မျက်လုံးများ ပိတ်ချ၍ မေးအိပ်လိုက်စဉ် ကိုကိုက မေးပါသည်။

"ဒါဆို . . . ကိုယ်တို့ . . . အခု ဘာအကြောင်း ပြောကြမှာလဲ . . . ရှနောင်း"

"ကိုကိုနဲ့ ကျွန်မရဲ့ အကြောင်းပဲ ပြောကြရအောင်လေ"

"ဒါဆို . . . နှောင်းပြော၊ ကိုယ်နဲ့နှောင်း . . . ရှေ့ဆက်ပြီး ဘာတွေဖြစ်ကြမှာလဲ၊ ဘာတွေဖြစ်လာနိုင်သလဲဆိုတာပေါ့"



သူမဲ . . . ငိုရှိုက်သံမပါစေရဘဲ ကိုကို့မေးခွန်းကို ဖြေဖို့ကြိုးစားလိုက်ပါသည်။

"နောက်တစ်ပတ်ကြာရင် . . . ကိုကို့ကို ကျွန်မ လက်ထပ်မယ်"

ကိုကိုက သိမ့်ခနဲ ရယ်မောလိုက်သည်။

"ပြီးတော့ရော . . . ကလေး . . . "

"ပြီးတော့ . . . ကျွန်မတို့အားလုံး . . ကိုယ့်နှလုံးသားကိုယ် ချစ်မြတ်နိုးဖို့ . . . စတင်ကြိုးစားရတော့မှာပေါ့ . . . ကိုကိုရယ်"

သူမတို့နှစ်ယောက်စလုံး ပြိုင်တူရယ်မောပစ်လိုက်ကြပါသည် ။ ။

မြိုးနိုကျွဲ

စွန်းလွဲ (၁၂) နာရီ (၄၄) မိနစ်၊

ဩဂုတ် (၈) ရက်၊ ၂၀၀၂ ခုနှစ်၊

www.burmeseclassic.com

www.burmeseclassic.com

## စာရေးသူ၏ ထုတ်ဝေပြီး လုံးချင်းဝတ္ထုများ


၁။ ခရမ်းလွန်ရောင်ခြည်အနမ်း

၂။ သူ့ရဲကောင်းရဲ့ ချစ်သူ

၃။ မှန်တိုင်းတွေလည်းငို

၄။ သူငယ်ချင်းရဲ့ လက်ထပ်မင်္ဂလာ

၅။ နှင်းကျွမ်းသစ်ပင်

၆။ ကွက်လပ်ဖြည့်သူ

၇။ ဤရင်ခွင်မှတစ်ပါး

၈။ တိတ်တိတ်ကလေးကြွေ

**ယခု**

၉။ ကိုယ့်နှလုံးသားကို မုန်းသူများ

**ဆက်လက်၍**

၁၀။ ဖြတ်သန်းသွားလာခွင့်မရှိ


# မိုးနီလွင်

(၁၀) အုပ်မြောက် အမှတ်တရ လုံးချင်းဝတ္ထုသစ်

## ဖြတ်သန်းသွားလာခွင့် မရှိ

"ခင်ဗျားတို့ကို ကျွန်တော်
အစ,ကတည်းက ပြောထားမယ်၊
ဒီစာအုပ်ကို လုံးဝ မဖတ်ပါနဲ့."

အင်ပါယာစာပေမှ ဖြန့်ချိပါမည်။

www.burmeseclassic.com